


# မိုက်ကယ်အိန်ဂျယ်လို

## ခင်မျိုးချစ်

A Biographical Novel Of
MICHELANGELO

“ငါဟာ ကျောက်ဖြူတုံးသားကို ချစ်မြတ်နိုးခဲ့တယ်။
ပန်းချီဆေးကိုလည်း နှစ်သက်ခဲ့တယ်။ ဗိသုကာ အတတ်ပညာကိုလည်း
သဘောကျခဲ့တာပဲ။ ကဗျာနဲ့လည်း ပျော်ပိုက်ခဲ့တယ်။
ငါ့ရဲ့ ဆွေမျိုးမိတ်ဆွေတွေကိုလည်း ချစ်တာပဲ။ ဘုရားသခင်ကိုလည်း
ချစ်ကြည်ညိုခဲ့တယ်။ ဘုရားသခင် ဖန်ဆင်းသမျှ လူ့လောကကိုလည်း
မေတ္တာပွားခဲ့တယ်။ ငါဟာ လူ့ဘဝကြီးကို အစွမ်းကုန်
ချစ်မြတ်နိုးခဲ့တယ်။ သေခြင်းတရားဆိုတာလည်း
လူ့ဘဝ ဇာတ်သိမ်းခန်းတစ်ခု အနေနဲ့ နှစ်သက်တာပဲ”

ကမ္ဘာကျော် အတ္တုပ္ပတ္တိ စာရေးဆရာကြီး အိုင်ဗင်စတုန်း၏ လက်ရာ။
ကမ္ဘာသိ အနုပညာရှင်တစ်ဦး၏ ဘဝ၊ ခံစားမှု၊ အောင်မြင်မှုနှင့် အနုပညာ
ရှုံးသွပ်မှုတို့ကို ဝတ္ထုပုံစံ ရေးသားထားချက်။

# ခင်မျိုးချစ် (၁၉၁၅–၁၉၉၉)

စစ်ကိုင်းမြို့တွင် အဖ ရာဇဝတ်ဝန်ထောက် ဦးတင်၊ အမိ ဒေါ်သန်းတင်တို့က ၁၉၁၅ ခု မေ ၁ ရက် နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ မခင်မြ ဖြစ်သည်။

၁၉၂၉ တွင် သရက်မြို့ အစိုးရ အထက်တန်းကျောင်းမှ သတ္တမတန်း၊ ၁၉၃၂ တွင် မိတ္ထီလာ အမျိုးသားကျောင်းမှ ဒသမတန်းတို့ အောင်မြင်ခဲ့သည်။ ၁၉၃၂ တွင် တက္ကသိုလ်သို့ ရောက်သည်။ ၁၉၃၃ တွင် တက္ကသိုလ်မှ ထွက်သည်။ ၁၉၃၉ တွင် ဦးခင်မောင်လတ်နှင့် လက်ထပ်သည်။ ၁၉၅၂ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ အဓိက) ရရှိသည်။

တိုးတက်ရေးနှင့် ဘားမားဂျာနယ်တို့တွင် အယ်ဒီတာအဖွဲ့ဝင်နှင့် ပင်တိုင်ဆောင်းပါးရှင် (၁၉၃၇)၊ ဘီဒီအေ စစ်ရုံး ဘာသာပြန်ဌာန အမှုထမ်း(၁၉၄၁–၄၅)၊ အိုးဝေသတင်းစာ အယ်ဒီတာအဖွဲ့ဝင်(၁၉၄၇)၊ တိုင်းရင်းသူဂျာနယ် အယ်ဒီတာအဖွဲ့ဝင်(၁၉၄၈)၊ စာပေဗိမာန် စာပြု(၁၉၄၉–၅၂)၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန နည်းပြ(၁၉၅၂–၅၃)၊ ဂါးဒီးယန်းသတင်းစာ လက်ထောက်အယ်ဒီတာ(၁၉၅၈–၆၂)၊ လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)သတင်းစာ လက်ထောက်အယ်ဒီတာ (၁၉၆၃–၆၈)၊ မိသားစုအတွက် 'ပျော်တော်ဆက်' ဟာသစာစောင် တွဲဖက် ထုတ်ဝေသူနှင့် တာဝန်ခံအယ်ဒီတာ(၁၉၇၁)၊ 'သောင်းပြောင်းထွေလာ ရယ်စရာ' စာစောင်တွင် ပင်တိုင်ဆောင်းပါးရှင်(၁၉၈၀–၈၅) စသည် တာဝန်ယူခဲ့သည်။

၁၉၃၂–၃၃ တက္ကသိုလ်မဂ္ဂဇင်း ဝသန္တ စာစောင်တွင် ဆာဝေါလတာစကော့၏ ကဗျာတစ်ပုဒ်ကို မှီး၍ ကဗျာရေးရာ မဂ္ဂဇင်းအယ်ဒီတာက 'ခင်မျိုးချစ်' ဟူသော ကလောင်အမည် ပေးခဲ့ရာမှ အစပြုပြီး ခင်မျိုးချစ် အမည် တွင်ခဲ့သည်။ ထင်ရှားသော စာအုပ်အချို့မှာ **ကောလိပ်ကျောင်းသူ**(၁၉၃၆)၊ **မောင်တို့ယောကျ်ား**(၁၉၄၈)၊ **သတင်းစာလောက** (၁၉၅၂)၊ **အပျင်းပြေနည်း**(၁၉၅၃)၊ **ကမ္ဘာကျော်ကြား စာနှင့်စကား**(၁၉၅၄)၊ **ဥရောပစာပေနိဒါန်း** (ရှေးခေတ်၊ အလယ်ခေတ်)(၁၉၇၀)၊ **တို့လူလေးများ ဆိုသလေ**(၁၉၇၀)၊ **နှစ်လောကတိုက်ပွဲ** (၁၉၇၀)၊ **ဥရောပ ယဉ်ကျေးမှု အနုပညာ မိတ်ဆက်**(၁၉၇၆)၊ **စွန့်ခဲ့ရ ကျွန်မဘဝပါရှင်၊ ကိုင်း... ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ**(၁၉၉၉)၊ **အင်္ဂလိပ်စာ အင်္ဂလိပ်စကား**(၂၀၀၁) တို့ ဖြစ်ကြသည်။

၁၉၅၆ ခု မေလထုတ် ဂါးဒီးယန်းမဂ္ဂဇင်းတွင် ပါဝင်သော *The 13 Carat Diamond* သည် ပထမဆုံး ဖော်ပြခံရသော ဝတ္ထုတို ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ပြုစုခဲ့သော စာအုပ်အချို့မှာ *Anawrahta of Burma (Myanmar)[King Among Men](1970), Burmese (Myanmar) Scenes and Sketches(1977), Flowers and Festivals Round the Burmese(Myanmar) Year (1980), Colourful Burma(Myanmar), The 13 Carat Diamond and Other Stories, A Wonderland of Pagoda Legends, Gift of Laughter(1995)* တို့ ဖြစ်ကြသည်။

၁၉၉၉ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ရာပြည့်စာအုပ် ၁၄၅

ခင်မျိုးချစ်

(မြန်မာပြန်)

# မိုင်ကယ်အိန်ဂျယ်လို

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

[ ၁၊ ဇွန်၊ ၂၀၀၁ ]

စာမူခွင့်ပြုချက်အမှတ် [ ၅၀၈ / ၂၀၀၀ (၇) ]

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၃၇၆ / ၂၀၀၁ (၅) ]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် -(၁၉၇၄) စာပေဗိမာန်

ဒုတိယအကြိမ်-(၂၀၀၁) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၁၀၀၀]

❑

**မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ**

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်

အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ

အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊

ရန်ကုန်မြို့။

❑

**အတွင်းဖလင်**

အေဇက်

❑

**စာအုပ်ချုပ်**

ကိုမြင့်နှင့် ညီဝင်းမြင့်

❑

**မျက်နှာဖုံး ပန်းချီ**

စံတိုး

❑

**တန်ဖိုး**

၇၀၀ကျပ်



JEHOVAH. 1511. Sistine Chapel Ceiling.







THE DELPHIC SIBYL. 1509. Sitine Chapel Ceiling.




JEREMIAH. 1511. Sistine Chapel Ceiling.



MICHELANGELO'S SELF-PORTRAIT AT THE AGE OF ABOUT EIGHTY.



-DONNA DONI. about 1504. Florence, Uffizi.



MOSES. 1513–1516. Rome, San Pietro in Vincoli



ZECHARIAH. 1509. Sistine Chapel Ceiling.



THE LAST JUDGEMENT. (1536-1541). Rome; Sistine Chapel Ceiling.



ANGEL WITH CANDLESTICK. 1494–1495. Bologna, San Domenico

# မာတိကာ


| | |
|---|---|
| ၁။ ဆရာကြီး၏ ပန်းချီ စတူဒီယိုခန်း | ၉ |
| ၂။ ပန်းပု ဥယျာဉ်တော် | ၄၀ |
| ၃။ အိမ်တော်ကြီးဝယ် | ၆၀ |
| ၄။ ထွက်ပြေး တိမ်းရှောင်ရခြင်း | ၉၆ |
| ၅။ ရောမမြို့တော် | ၁၃၁ |
| ၆။ ယောကျ်ားအာဇာနည်၏ အရုပ် | ၁၄၉ |
| ၇။ ပုပ် ရဟန်းမင်းကြီး | ၁၇၄ |
| ၈။ မိဒိချီ အမျိုးအနွယ်များ | ၂၁၁ |
| ၉။ စစ်မက်အရေး | ၂၂၇ |
| ၁၀။ အချစ်ဟူသည် | ၂၃၃ |
| ၁၁။ စိန့်ပီတာအတွက် ခေါင်မိုး | ၂၄၈ |




မိုင်ကယ်အိန်ဂျယ်လို (၁၄၇၅–၁၅၆၄)

## အခန်း ၁

# ဆရာကြီး၏ ပန်းချီစတူဒီယိုခန်း

"ငါ့ဦးခေါင်းကြီးကိုက ပုံပန်းမကျလိုက်တာ။ နဖူးကြီးက ငါ့ပါးစပ်နဲ့ မေးစေ့ပေါ်မှာ တအားဖိနေသလိုပဲ၊ စရွေးလေးများကိုက်ပြီး လုပ်မပေးကြဘူး ထင်ပါရဲ့" ဟု ညည်းလိုက်သည်။

သူ၏ သေးသွယ်သော ကိုယ်ခန္ဓာကို အသာ ရွေ့လိုက်သည်။ သူ့ညီအစ်ကိုလေးယောက်မှာ အိပ်နေကြဆဲ ဖြစ်၍ မနိုးအောင် ဂရုစိုက်ရသည်။ ရပ်ပုံထဲက သူ့မျက်နှာပုံကို ခဲတံနှင့် ခပ်မြန်မြန်လေး ရေးဆွဲပြီး ပြုပြင်လိုက်သည်။

"အင်း မျက်နှာကို အခုလို ပြန်ပြင်လို့ မဖြစ်တာ ခက်တယ်" ဟု ရေရွတ်လိုက်သည်။ သူသည် ပါးပြင်ကို ကျယ်လာအောင် ချဲ့ပေးလိုက်သည်။ နှုတ်ခမ်းကို ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်အောင် ပြုပြင်လိုက်သည်။

ငှက်တေးသံကလေးတစ်ခု ပြတင်းပေါက်ကြီးထဲက သီကျူးဝင်လာသည်။ အသံရှင်မှာ သူ့သူငယ်ချင်း ဃရာဏာချီ ဖြစ်ရပေမည်။

သူသည် ပုံဆွဲစက္ကူကို အိပ်ရာအောက်သို့ ထိုးဝှက်လိုက်ပြီး ခြေသံ မကြားရအောင် အသာလေး လှေကားမှ လမ်းပေါ်သို့ ဆင်းလာခဲ့သည်။

ဖရန်နက်စကို ဃရာဏာချီသည် ၁၉ နှစ်အရွယ် ထောင်ထောင်မောင်းမောင်း လုလင်ပျိုလေး ဖြစ်သည်။ ဝါကြန့်ကြန့် ဆံပင်နှင့် ဖျတ်လတ်ပြာလဲ့သော မျက်လုံးများ ရှိသည်။ သူသည် ပန်းချီဆရာကြီး ဃာလန်ဒါအီယိုထံ ပညာသင်နေသော တပည့်တစ်ဦး ဖြစ်သည်။ သူ့ဆရာ၏ စတူဒီယိုခန်းမှ ခဲတံ၊ စက္ကူ အစရှိသော ပန်းချီပစ္စည်းများကို မသိမသာ "လစ်" ၍ မိုင်ကယ် အိန်ဂျယ်လိုအား ထောက်ပံ့နေသူ ဖြစ်သည်။

'ဒီတစ်ခါ ငါနဲ့ လိုက်ခဲ့မယ် မဟုတ်လား' ဟု ဃရာဏာချီက မေးသည်။

'အေး .... အဲဒါ ငါ့အတွက် ငါ့ဘာသာ ပြန်ပေးတဲ့ မွေးနေ့ လက်ဆောင်ပဲ'

'ကောင်းပြီ၊ ငါပြောတာ မှတ်ထားနော်။ ဃာလန်ဒါအီယို ဆိုတဲ့ ပန်းချီဆရာကြီးက တပည့်တွေကို ကျိုးနွံမှ ကြိုက်တယ်'

သူတို့နှစ်ယောက် ဈေးကြီးဟောင်း လဟာပြင်ကွင်းကို ဖြတ်လာခဲ့ကြသည်။ အမဲသားဆိုင်များရှေ့တွင် အသားတုံး လတ်လတ်ဆတ်ဆတ်တွေ ဆွဲချိတ်ထားသည်။ မိုင်ကယ်အိန်ဂျယ်လိုသည် ခဏရပ်ပြီး ဆင်မိုင်ကီးလ် ခရစ်ယန်ဘုရားရှိခိုးကျောင်းဆောင်း ဝတ်ပြုဆုတောင်းစင် ခပ်မြင့်မြင့်တွင်ရှိသော စိန့်မတ်၏ ရုပ်တော်မှုပုံကို စိုက်ကြည့်နေသည်။

'ပန်းပုပညာဟာ အနုပညာထဲမှာ အထွတ်အထိပ်ပဲ' ဟု ရင်ထဲကပင် တက်လာသည့် အသံနှင့် ပြောလိုက်သည်။

ဃရာဏာချီက 'ဟေ့ ငေးမနေနဲ့ .... လာကွ၊ အလုပ်ရှိသေးတယ်' ဟု ပြောသည်။

သူတို့နှစ်ယောက်သည် ဃာလန်ဒါအီယို၏ ပန်းချီ စတူဒီယိုခန်းထဲသို့ ဝင်လာခဲ့ကြသည်။ အခန်းမှာ မျက်နှာကြက် အမြင့်ကြီးနှင့် ဖြစ်သည်။ ဝင်လာလိုက်သည်နှင့် ဆေးနံ့၊ မီးသွေးနံ့ ရသည်။ အလယ်ဆောင်တွင် သစ်သားစားပွဲခုံကြီး ရှိသည်။ စားပွဲပတ်လည်တွင် အလုပ်သင် တပည့် လေးငါးခြောက်ယောက်တို့သည် ကိုယ်စီ ထိုင်ခုံပေါ်မှာ အိပ်ချင်မူးတူးနှင့် သူတို့ကိုယ်ကို ရှေ့ စားပွဲပေါ်မှာ မှီချလျက် ထိုင်နေကြသည်။ ထောင့်တစ်ထောင့်တွင် လူတစ်ယောက် ဆေးအရောင်များကို ဆုံထဲတွင် ကျည်ပွေ့နှင့် ထောင်းနေသည်။ ဆွဲလက်စ ပုံများကို အခန်းနံရံ တစ်လျှောက်ကို မှီလျက်၊ ထောင်လျက် ထားသည်ကို တွေ့ရသည်။ မြင့်ထားသည့် ကြမ်းပြင်အဆင့်ပေါ်တွင် အသက် ၄၀ အရွယ်ခန့် လူကြီးတစ်ယောက် ထိုင်နေသည်။ သူ၏ စားပွဲပေါ်မှာ ကလောင်တံ၊ ခဲတံ၊ စုတ်တံ၊ ပုံဆွဲစာအုပ်များ သပ်သပ်ရပ်ရပ် သူ့နေရာနှင့်သူ ချိတ်များဖြင့် ချိတ်ဆွဲထားသည်။

ဃရာဏာချီသည် သူ့ဆရာ၏ စားပွဲရှေ့ အောက်နားမှ ရပ်၍ 'ဆရာကြီး၊ သူပဲ .... ကျွန်တော်ပြောတဲ့ မိုင်ကယ်အိန်ဂျယ်လို ဆိုတာ' ဟု ပြောသည်။

မိုင်ကယ်အိန်ဂျယ်လိုသည် သူ့ကို ဆရာကြီး၏ မျက်လုံးအစုံဖြင့် ငုံထွေးခံရသလို ခံစားရသည်။ ထိုမျက်လုံးအစုံမှာ အီတလီရှိ အနုပညာသည်များတွင် သူမတူအောင် စူးရှ မြင်တတ်သည့် မျက်လုံးများ ဖြစ်သည်ဟု နာမည်ကြီးသည်။ မိုင်ကယ်အိန်ဂျယ်လိုကလည်း သူ့မျက်လုံးတွေကို အအား မထားဘဲ အစွမ်းကုန် အသုံးချလိုက်သည်။ ဆရာကြီး၏ မျက်နှာသည် သိမ်မွေ့သည်။ မေးရိုး ခိုင်မာသည်။ ဆံပင် မည်းမှောင်၍ ရှည်သည်။ လက်ချောင်းများ ရှည်သွယ်ပျော့ပျောင်းသည်။

ဆရာကြီးသည် မိုင်ကယ်အိန်ဂျယ်လို၏ မိဘအမည်ကို မေးသည်။ သည်နာမည်ကို ကြားဖူးသည်ဟု ဆိုသည်။ အသက် ဘယ်လောက်ရှိပြီလဲဟု မေးသည်။

'၁၃ နှစ် ရှိပါပြီ' ဟု မိုင်ကယ်အိန်ဂျယ်လိုက ဖြေသည်။

'ဒီမှာ ၁၀ နှစ်သားက စပြီး သင်ရတယ်၊ သုံးနှစ်လုံးလုံး ဘယ်ရောက်နေသလဲ'

'ကျောင်းမှာ အချိန်ဖြုန်းနေတာပေါ့၊ လက်တင်နဲ့ ဂရိစာတွေ သင်နေရပါတယ်'

ဆရာကြီး၏ နှုတ်ခမ်းထောင့်လေးများသည် မသိမသာ တွန့်သွားသည်။ အဖြေကို သဘောကျဟန် တူသည်။

'ဒါဖြင့် ပုံဆွဲတတ်သလား'

'ကြိုးစားပြီး သင်ယူပါ့မယ်'

ထိုအခါ ဃရာဏာချီက ဝင်၍ 'သူ့လက်ရာ ကောင်းပါတယ်၊ သူ့အဖေအိမ်နံရံပေါ်မှာ ဆွဲတာတွေ ကျွန်တော် မြင်ခဲ့ပါတယ်' ဟု ပြောသည်။

'အေး.... နံရံပန်းချီဆရာ ဆိုပါတော့ကွာ' ဟု ဆရာကြီးက ရယ်သွမ်းသွေးလိုက်သည်။

မိုင်ကယ်အိန်ဂျယ်လိုက ခလောက် ရယ်စရာလေး ပြောသည်ကိုပင် မခံနိုင်ချေ။

'အို ဒါတော့ ဆေးရောင်နဲ့ တစ်ခါမှ စမ်းပြီး မကြည့်ဖူးသေးပါဘူး' ဟု ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'အင်း .... တခြား ဘာအရည်အချင်းတွေများ ရှိသလဲ မသိဘူး။ ကိုယ့်ဂုဏ်ကို ကိုယ်ဖော်တဲ့ အရည်အချင်းတော့ မင်းမှာ ရှိတာပဲ။ ကဲ ဒါဖြင့် ငါ့ကို ပုံတစ်ပုံလောက် ဆွဲပြစမ်း၊ ဘာကို ဆွဲမလဲ'

မိုင်ကယ်အိန်ဂျယ်လိုသည် စတူဒီယိုခန်းကြီးကို သူ့မျက်လုံးနှင့် လျှောက်ကြည့်လိုက်သည်။ ဆောင်းဦးရာသီ စပျစ်သီးပွဲတော်အခါတွင် လူငယ်လေးတွေ စပျစ်သီးတွေကို အလုံးလိုက် အခိုင်မှ ပါးစပ်နှင့် ချွေယူ မျိုချသကဲ့သို့ သူ့မျက်လုံးနှင့် မြင်သမျှကို သိမ်းကျုံး မျိုချယူလိုက်သည်။

'စတူဒီယိုထဲက ဟာတွေကို ဆွဲပြပါမယ်'

ဆရာကြီးသည် တစ်ချက်ရယ်လိုက်ပြီး 'စက္ကူနဲ့ မီးသွေးခဲ ပေးလိုက်' ဟု သူ့သူငယ်ချင်း ဃရာဏာချီကို ပြောလိုက်သည်။

မိုင်ကယ်သည် ခုံတစ်ခုံပေါ်၌ ထိုင်ချလိုက်ပြီး အလုပ် စ သည်။ သူ၏မျက်လုံးက မြင်သလောက် လက်က လိုက်နိုင်သည်။ အပေးအယူ မျှသဖြင့်

အလုပ် တွင်သည်။ မကြာမီပင် သူ့ပခုံးထက် စီးပြီး တစ်ယောက်က ကြည့်နေသည်ကို သတိပြုသည်။

'ပြီးမှ မပြီးသေးဘူး' ဟု သူက ဆိုသည်။

ဆရာကြီးသည် ပုံဆွဲစက္ကူကို ယူကြည့်သည်။

'တော်လောက်ပါပြီ၊ ဃရာဏာချို ပြောတာ ဟုတ်တယ်။ မင်း လက်ကိုင်း သန်သားပဲ'

မိုင်ကယ်သည် သူ့လက်ကို ရှေ့မှာ မြှောက်ပြပြီး–

'ဒါတော့ ကျောက်ဆစ်သမား လက်ပဲ' ဟု ဂုဏ်ယူကာ ဆိုလိုက်သည်။

'ဒီမှာ ကျောက်ဆစ်သမားတော့ မသုံးဘူး။ ကဲ ဒါဖြင့် ငါ့ဆီမှာ အလုပ်သင်အဖြစ် လက်ခံမယ်၊ ပထမနှစ်မှာ ငါ့ကို ခြောက်ဖလော်ရင် ပေးရမယ်'

'ကျွန်တော် ဘယ်လောက်မှ မပေးနိုင်ဘူး'

ဆရာကြီးသည် မိုင်ကယ်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

'မင်းအဖေဟာ မဆင်းရဲပါဘူး၊ သူက မင်းကို ငါ့ဆီမှာ အလုပ်သင်စေချင်ရင်တော့'

'ကျွန်တော့်အဖေကလား၊ ပန်းချီအကြောင်း ပြောတာနဲ့ ကျွန်တော့်ကို ရိုက်တာပဲ'

'ဒါဖြင့် ငါက မင်းကို အလုပ်သင်အဖြစ် လက်ခံရင်တော့ကော သူက မင်းကို မရိုက်တော့ဘူးတဲ့လား'

'အို ဒါတော့ မရိုက်အောင် ပြောရမှာပေါ့။ ပထမနှစ်မှာ ဆရာကြီးက သူ့ကို ခြောက်ဖလော်ရင် ပေးမယ်၊ ဒုတိယနှစ်မှာ ရှစ်ဖလော်ရင် ပေးပြီး တတိယနှစ်ကျတော့ ဆယ်ဖလော်ရင် ပေးမယ်။ ဒီလိုဆိုတော့ ဘယ်ရိုက်တော့မလဲ'

'ဟ .... ဒါမျိုးက ဘယ်တုန်းကမှ မကြားစဖူးပါလား'

'ဒီလို မဟုတ်ရင်တော့ ကျွန်တော် ဒီမှာ လာမလုပ်နိုင်ဘူး'

ထိုအချိန်၌ကား အခန်းထဲရှိ အလုပ်သင် ပန်းချီကျောင်းသားများသည် သူတို့လက်ထဲက အလုပ်ကို ခပ်ပြောင်ပြောင်ပင် ချထားပြီး ငေးကြည့်နေကြသည်။ မိုင်ကယ်သည် ဆရာ့ရှေ့မှာ ရိုရိုသေသေပင် ရပ်နေသည်။ သို့ရာတွင် အလျှော့တော့ မပေးချေ။ ဆရာ့မျက်နှာကို စိုက်ကြည့်နေသည်။ "ကျွန်တော် ဒါလောက်တော့ အဖိုးတန်ပါတယ်" ဟု နှုတ်က မဆိုသော်လည်း သူ့မျက်လုံးက ပြောနေသည်။ ဆရာကြီးသည် စိတ်ထဲ ခပ်အောင့်အောင့်နှင့်ပင် သူငယ်လေးကို လေးစားချင်လာသည်။

'ကဲ ဒါဖြင့် မင်းအဖေကို ခေါ်ခဲ့' ဟု ပြောလိုက်သည်။

မိုင်ကယ်တို့ သူငယ်ချင်းနှစ်ယောက် ပြန်ထွက်လာကြသည်။ ဃရာဏာချီက မိုင်ကယ်၏ ပခုံးကိုဖက်ပြီး 'မင်းဟာ စည်းကမ်း ဥပဒေ ရှိသမျှကို ချိုးဖောက်တာပဲ။ ဒါတောင် ဝင်ခွင့်ရလိုက်သေးတယ်ကွာ'

မိုင်ကယ်သည် စာဆိုတော်ကြီး ဒန်တေ နေခဲ့သော အိမ်နှင့် ဘာဒီးယားခရစ်ယာန်ဘုရားရှိခိုးကျောင်းကို လမ်းတစ်လျှောက် ဖြတ်သွားသည်။ သူ့အဖို့မှာ ပြတိုက်ကြီးထဲ ဖြတ်လျှောက်ရသည်နှင့် အတူတူ ဖြစ်သည်။ တပ်စကင် နယ်သားများသည် ကျောက်သားကိုင်ရာတွင် လက်မြောက်ကြသည်။ သူတို့သည် ကျောက်သားကို ကိုင်တွယ်ရာတွင် ချစ်သူရည်းစားကို ယုယပိုက်ထွေးသလို ကိုင်ကြသည်။ သူတို့ ဘိုးဘေးအစဉ်အဆက် ကျောက်တောင်များမှ ကျောက်တုံးများကို ခွဲယူလုပ်ကိုင်ခဲ့ကြသည်။ ကျောက်တုံးများကို နွားများဖြင့် ဆွဲပြီး သယ်ယူကြသည်။ အိမ်ရောက်လျှင် ကျောက်များကို ဖြတ်တောက်၊ အနားသတ် ပုံသွင်းပြီး အိမ်၊ နန်းတော်၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း သာလာယံ အဆောင်များ၊ မြို့ရိုးများ၊ ခံတပ်များ ဆောက်လုပ်ကြသည်။

တပ်စကင် နယ်သားများသည် ငယ်စဉ်ကပင် ကျောက်တုံးများ၏ သဘာဝကို အတွေ့အထိ အနံ့ဖြင့် သိနားလည်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ လောက်ကစ၍ သူတို့၏ ဘိုးဘေးများသည် သူတို့နယ်ထွက် "ငြိမ်းချမ်းသာကြည်" ကျောက်များကို ကိုင်တွယ်လုပ်ကိုင်ခဲ့ကြသည်။ ထိုကျောက်များဖြင့် တည်ဆောက်ခဲ့သော မြို့တော်ကြီးများ တင့်တယ်လှပပုံမှာ မြင်သူတိုင်း အသက်ရှူမှားမတတ် ဖြစ်သည်။ သို့ဖြစ်၍ ဖလော်ရင့် မြို့တော်သားတိုင်းပင် သူတို့မြို့က ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးကို မခွဲနိုင် မခွာရက်အောင် ရှိကြသည်။

မိုင်ကယ်သည် သူ့အိမ်နံဘေး အပေါက်ကဝင်၍ မီးဖိုခန်းထဲသို့ တန်းဝင်သွားသည်။ သူ့မိထွေး လူကရီဇီယာသည် တော်တာမုန့် ဖုတ်နေသည်။ တော်တာကို ဤသို့ ပြုပြင်ရသည်။ ကြက်သားဆီနှင့် ကြော်ပြီး ကြက်သွန်၊ နနွင်း၊ ကြက်ဥ၊ အမွှေးအကြိုင် အရွက်များနှင့် ညက်နေအောင် ထောင်းသည်။ ထိုနောက် ဝက်ပေါင်ခြောက်နှင့် ဝက်သားအစိုကို ဒိန်ခဲ၊ ဂျုံမှုန့်၊ သစ်ကြမ်းပိုး၊ ချင်းနှင့် ရောပြီး အလုံးကလေးများ လုံးသည်။ ၎င်းတို့ကို ဂျုံမှုန့်နှင့် ဖက်ထုပ်လေးများ လုပ်ရသည်။ ထိုဖက်ထုပ်လေးများကို ယခင်က ပြုပြင်ထားသည့် ကြက်သားထောင်းနှင့် တစ်ထပ်စီ ဇလုံပန်းကန်ထဲ ထည့်သည်။ စွန်ပလွန်သီး၊ အယ်လမွန်သီးများကိုလည်း ဘေးက ခြံရံထည့်သည်။ ထိုနောက် အပေါ်က ဂျုံမှုန့်နှစ်များနှင့် ဖုံးအုပ်သည်။ ပြီးမှ မီးသွေးပြာပူနှင့် ဖုတ်သည်။

မိုင်ကယ်သည် မိထွေးကို နှုတ်ဆက်သည်။

လူကရီဇီယာက 'မိုင်ကယ်ရေ၊ မင်းအတွက် ဒီကနေ့ စပယ်ရှယ် အထူးလုပ်ထားတယ်၊ မင်း လျှာလည်သွားမယ့် လက်သုပ်ကွယ့်' ဟု ပြောကာ ဆီးကြိုသည်။

လူကရီဇီယာသည် နံနက်တိုင်း ၄ နာရီခွဲ ဈေးသို့ ထ သွားသည်။ ထိုအချိန်တွင် တောက ယာတောဈေးသည်တွေ လှည်းနှင့် ကျောက်လမ်းမပေါ်တွင် မောင်းလာကြတုန်းပင် ရှိသေးသည်။ လှည်းများပေါ်တွင် ကြက်ဥ၊ ဒိန်ခဲ၊ အသားတွေ လတ်လတ်ဆတ်ဆတ် ပါလာသည်။ လူကရီဇီယာသည် အကောင်းဆုံး အသီးအပွင့်တွေကို စိတ်ကြိုက်ရွေးဝယ်သည်။

လူကရီဇီယာသည် သိမ်မွေ့ သဘောကောင်းသည်။ သို့ဖြစ်၍ သားငါးယောက်အဖေ မုဆိုးဖိုကို ယူခဲ့သည်။ သားငါးယောက်သာမက အစ်ကိုတစ်ယောက်၊ ယောက်မတစ်ယောက်၊ အမေတစ်ယောက် နောက်ထပ် အဆစ်ပါလိုက်သေးသည်။ သူတို့တစ်တွေကို ချက်ပြုတ်ကျွေးရသည်။ သို့ရာတွင် မီးဖိုခန်းဆောင်ထဲမှာတော့ လူကရီဇီယာသည် တောသုံးထောင် အစိုးရသည့် ခြင်္သေ့မင်းကဲ့သို့ တန်ခိုးအာဏာ ရှိသည်။ မိုင်ကယ်သည် သူ့မိဘများ အိပ်ခန်းနှင့် ကပ်လျက်အခန်းမှာ အိပ်သဖြင့် နံနက် အရုဏ်မကျင်းမီ အချိန်တွင် သူ့အဖေနှင့် ဈေးသွားဖို့ ပြင်နေသော သူ့မိထွေးတို့ အချီအချ အရေးဆိုသော စကားများကို ကြားရသည်။

'ငါးတွေ၊ လိမ္မော်သီးတွေကလည်း ဝယ်လိုက်ရတာ နေ့တိုင်းပါပဲလား'

'အို ရှင်ဟာ ပိုက်ဆံတွေ အိတ်ထဲ အပြည့်ထည့်ပြီး ဗိုက်တော့ ဟောင်းလောင်း ထားမယ့် လူစားမျိုးပဲ'

'ဘာကွ၊ တို့အမျိုးထဲမှာ ဟို ရှေးပဝေသဏီက စပြီး အစာငတ်ခံခဲ့တဲ့လူမရှိခဲ့ပါဘူး'

မိုင်ကယ်သည် မီးဖိုခန်းထဲက ဖြတ်ပြီး အိမ်ခန်းမထဲ ဝင်လာခဲ့သည်။ ဝက်သစ်ချသား ထိုင်ခုံကြီးတစ်ခုကို မီးလင်းဖို မျက်နှာမူလျက် ချထားသည်။ သားရေခင်းထားသော ကုလားထိုင်များ နံရံကိုကပ်လျက် စီထားသည်။ တစ်ဖက်ခန်းမှာ သူ့အဖေ၏ စာကြည့်ခန်း ဖြစ်သည်။ သူ့အဖေ လိုဒိုဗီကိုသည် စာရင်းစာအုပ်များနှင့် အလုပ်ရှုပ်နေသည်။

လိုဒိုဗီကိုသည် သူ့သား ဝင်လာသည်နှင့် မော့ကြည့်လိုက်သည်။ သူ၏နှုတ်ခမ်းမွေးကြီးမှာ ထည်ဝါလှသည်။ မုတ်ဆိတ်နှင့် တစ်သားတည်း ကျနေသည်။ မုတ်ဆိတ်မှာ မေးစေ့အောက်တွင် လေးလက်မခန့် အရှည်ထားသည်။ သူ့ဆံပင်ထဲတွင် အဖြူတွေ ရောနေသည်။ သူ၏ ညိုမှောင်သော မျက်လုံးများသည် စိတ်

သောကအပြည့် ရှိနေသည်။ သူတို့၏ မျိုးရိုး အစဉ်အဆက်ပိုင် ဥစ္စာပစ္စည်း လယ်မြေများသည် တဖြည်းဖြည်း လျော့ပါးလာခဲ့သည်။ ရှေးကဆိုလျှင် လယ်ယာ အိမ် တိုက်တာ ရွှေငွေတွေ ပေါခဲ့သည်ကို စာချုပ်စာတမ်းများဖြင့် မှတ်တမ်း တင်ထားခဲ့သည်။ သူကိုယ်တိုင်လည်း မီလိုက်သေးသည်။

'တို့ အမျိုးက မိဒီချီအမျိုးနဲ့ တန်းတူ ရှေးကျတဲ့အမျိုး' ဟု သူ့သားတွေကို ပြောဖူးသည်။

တစ်ချိန်တစ်ခါက သူတို့ ဗြူရိုနာရိုတီ မျိုးရိုးသည် အစိုးရအဖွဲ့တွင် မြို့တော်ဝန် အရာရှိကြီးများအဖြစ် အမှုထမ်းခဲ့ရဖူးသည်။ လွန်ခဲ့သော ၁၄ နှစ်ခန့် ၁၄၇၄ ခုနှစ်က လိုဒိုဗီကို ကိုယ်တိုင် တောင်ပေါ်ကျေးရွာ နှစ်ရွာအတွက် အဝေးရောက် မြို့တော်ဝန်ရာထူး ရခဲ့ဖူးသည်။ ဤသည်ပင် သူတို့ အမျိုးထဲက မင်းချီးမြှင့်ခံရသည်မှာ နောက်ဆုံးဖြစ်သည်။

မိုင်ကယ်သည် ပြတင်းပေါက်က ဝင်လာသည့် နေပူစာတွင် မတ်တတ်ရပ်နေသည်။ သူ့စိတ်ထဲတွင် သူ့အမေ ရှိစဉ်က နေခဲ့သည့်အိမ်ကို သတိရနေသည်။ ထိုအိမ်မှာ အာနို တောင်ကြား ဆက်တစ်နာနို မြို့ကလေးမှာ ဖြစ်သည်။ ထိုအခါက သူတို့မိသားစုမှာ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် ရှိကြသည်။ သူ့အမေဆုံးသွားသောအခါ အဖေသည် သူ့အလုပ်ခန်းထဲမှာ ထိုင်ပြီး မှိုင်ငေးလို့သာ နေတော့သည်။ ဒေါ်ဒေါ် ကပ်ဆင်ဒရာက အိမ်မှုရေးရာတွေကို ကြည့်ရှုသည်။ မိုင်ကယ်သည် အထီးကျန် ကောင်ကလေးတစ်ယောက် ဖြစ်နေသည်။ သူ့ကို သူ့အဘွား မွန်နာအလက်စန္ဒာနှင့် တိုပိုလီနို မိသားစုကလွဲ၍ ဘယ်သူကမှ ဂရုမစိုက်ကြချေ။ တောင်ကြားလမ်းတစ်ဖက်ရှိ ကျောက်ဆစ်သမား တိုပိုလီနို၏ဇနီး မွန်နာမာဂရီတာက မိုင်ကယ်ကို နို့တိုက်မွေးခဲ့ရသည်။

မိုင်ကယ်၏အဖေ နောက်အိမ်ထောင်ပြုပြီး ဖလော်ရင့်မြို့တော်သို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ သို့ရာတွင် မိုင်ကယ်သည် အခါအခွင့်ရတိုင်း တိုပိုလီနို မိသားစုတို့ဆီသို့ သွားလည်ပတ်သည်။ သူတို့ အိမ်ဝင်းခြံထဲတွင် ငြိမ်းချမ်းသာကြည် ကျောက်တုံးတွေကို နန်းတော်ဆောက်ဖို့ အုတ်ခဲပုံစံ ဖြစ်အောင် ဖြတ်ဖို့ ရှိသည်။ မိုင်ကယ်သည် သူ့စိတ်ထဲ ခံစားနေရသည့် ဝေဒနာကို ကျောက်တုံးများကို တိတိကျကျ ဖြတ်တောက်ရသည့် အလုပ်ထဲမှာ မြုပ်နှံလိုက်သည်။ သူ့ကို တိုပိုလီနို၏ သားများက ကျောက်တုံး တိတိကျကျ လှပနေအောင်၊ ဖြတ်တတ်အောင် သင်ပေးခဲ့သည်။

မိုင်ကယ်သည် သူ့အတိတ်သို့ ပြန်သည့်အတွေးကို ရပ်လိုက်သည်။ 'အဖေ၊ အခု ကျွန်တော် ဃာလန်ဒါအီယိုဆီက လာခဲ့တယ်။ ကျွန်တော့်ကို အလုပ်သင် အဖြစ် လက်ခံမယ်တဲ့'

လိုဒိုဗီကိုသည် မတ်တတ်ရပ်၍ သူ့သားအပေါ်ကို မိုးလျက် ကြည့်လိုက်သည်။ သူတို့မျိုးရိုး နိမ့်ကျနေသည့်အထဲ သူ့သားက လက်မှုပညာသည် လုပ်ချင်သည် ဆိုလျှင်တော့ နာလန်ထူတော့မည် မဟုတ်တော့။ အသူတစ်ရာ ချောက်ထဲ ကျဆင်းတော့မည်ဟု သူ အောက်မေ့သည်။

'ဒီမှာ မိုင်ကယ်၊ မင်းကို ငွေကြေး ဒါလောက် အကုန်အကျခံပြီး ကျောင်းထားတာ ဘာလုပ်ဖို့လဲ သိရဲ့လား။ သိုးမွေးကုန်သည် အသင်းမှာ ဝင်ပြီး တစ်နေ့ လူချမ်းသာ ကုန်သည်ကြီး ဖြစ်အောင်လို့ သိရဲ့လား။ ဒီ ဖလော်ရင့် မြို့တော်မှာ လူတွေဟာ ဒီလိုနဲ့ စပြီး ချမ်းသာကြတာချည်းပဲ။ မိဒီချီ အမျိုးလည်း ဒီက စတာပဲ။ ဒီတော့ မင်းက ပန်းချီဆရာလုပ်ပြီး အချိန်ဖြုန်း၊ ဘဝတစ်ခုလုံး အဆုံးခံ၊ အမျိုးဂုဏ်ဖျက်မယ် ဆိုတာကို ငါ ခွင့်မပေးဘူးဟေ့။ ဒီမှာကြည့်စမ်း၊ တို့အမျိုးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ အတွင်းမှာ လက်အပွန်းတီးခံပြီး တစ်ခါမှ လုပ်မစားခဲ့ရဘူးကွ'

'ဟုတ်တာပေါ့၊ ငွေအတိုးကြီး စားလာခဲ့ကြတာပဲ' ဟု မိုင်ကယ်က ပြန်ပြောသည်။

'တို့အမျိုးဟာ ငွေလဲလှယ်ရေး အသင်းဝင်တွေ ဖြစ်တယ်။ ဖလော်ရင့် မြို့တော်မှာ ဂုဏ်သိက္ခာရှိတဲ့ အသင်းတစ်ခုပဲ။ ငွေချေးတဲ့ အလုပ်ကလည်း ကောင်းရောင်းကောင်းဝယ် အလုပ်ပဲ'

မိုင်ကယ်သည် သူ့အဖေကို ရယ်သွမ်း သွေး၍ ချော့လိုက်သည်။

'ဟုတ်ပါတယ်၊ ဦးလေး ဖရန်ဆက်စကိုတို့များ မိုးရွာလာရင် ရွှေ ငွေဒင်္ဂါးတွေကို သိမ်း၊ စားပွဲခေါက်လိုက်တာ သိပ်မြန်တာပဲ။ သူ့လောက် လက်မြန်တဲ့ လူဖြင့် မရှိပါဘူး'

သူ့နာမည် ပြောသံကြားသည်နှင့် ဦးလေး ဖရန်ဆက်စကိုသည် အခန်းထဲ ပြေးဝင်လာသည်။ သူ့အသံပြာကြီးနှင့် ပြောသည်။

'မိုင်ကယ် မင်း မိုက်လှချည်လား၊ ဘာလို့များ တို့အမျိုးဂုဏ်ကို ဖျက်ဆီးချင်ရတာလဲ'

မိုင်ကယ်မှာ ဒေါမာန် ထ လာသည်။

'ကျွန်တော်လည်းပဲ မျိုးရိုးမာန် ရှိတာပဲ၊ တစ်နေ့ကျရင် ဖလော်ရင့် မြို့တော်ကြီး တစ်ခုလုံးက ဂုဏ်ယူရမယ့် အလုပ်မျိုး ကျွန်တော် လုပ်ချင်တယ်။ ဒိုနာတယ်လိုရဲ့ ပန်းပုမျိုးတွေ၊ ဃာလန်ဒါအီယိုရဲ့ ပန်းချီလက်ရာမျိုးတွေပေါ့။ အဲဒီအလုပ်မျိုး ကျွန်တော် လုပ်ပြနိုင်အောင် အခု ပညာသင်ချင်နေတာ ဘာပြုလို့ တားနေကြတာလဲ'

လိုဒိုဗီကိုသည် သူ့သား၏ ပခုံးပေါ် အသာလက်တင်၍ 'သားလေး မိုင်ကယ်' ဟု ခေါ်လိုက်သည်။ သူ့သား ငါးယောက်တွင် သူသည် မိုင်ကယ်ကို အချစ်ဆုံး ဖြစ်သည်။ သည်သားကလေးကို သူ အားအကိုးဆုံး ဖြစ်သည်။

'သားလေး မိုင်ကယ်၊ မင်းပြောတဲ့ ဒိုနာတယ်လို ဆိုတာ လက်လုပ်သမားနဲ့ စပြီး ဒီလိုနဲ့ တစ်သက်လုံး ပြီးသွားရတာပဲ။ အခု ဃာလန်ဒါအိုယိုလည်း ကြည့်ပါကွာ၊ ဒီလိုနဲ့ ပြီးရမှာပါပဲ' ဟု ပြောသည်။

ဦးလေး ဖရန်ဆက်စကိုသည် တပ်စကင် နယ်သားပီပီ စကားပုံနှင့် ပြောတတ်သည်။

'မင်း မကြားဖူးဘူးလားကွ၊ မြည်းခေါင်းကို ဆပ်ပြာရည်နဲ့ ဆေးလို့ ဆပ်ပြာကုန် လူပန်းပဲတဲ့'

'အို ကျွန်တော့်ကိုယ်ထဲက အနုပညာစိတ်ကို ညှစ်ထုတ်လိုက်ရင်တော့၊ တံတွေးတောင် ထွေးစရာ အရည်ကျန်တော့မှာ မဟုတ်ဘူး' ဟု မိုင်ကယ်က အော်ပြောလိုက်သည်။

လိုဒိုဗီကိုသည် 'ကဲ မိုက်ရိုင်းဦးကွ' ဟု အော်ပြီး မိုင်ကယ်ကို တအားဆက်ကာ ဆက်ကာ လက်သီးနှင့် ထုလေတော့သည်။ မိုင်ကယ်သည် လေမုန်တိုင်းတွင် မိခံရသော တိရစ္ဆာန်ကဲ့သို့ ခေါင်းကို ငုံ့ခံသည်။ နှုတ်ကတော့ အလျှော့မပေးသေးချေ။

'လူဆိုတာ မွေးလာကတည်းက သူလုပ်ချင်တဲ့ ဝါသနာ ကိုယ်စီ ပါလာတာ ချည်းပဲ' ဟု သူ့အဘွား ပြောလေ့ရှိသော စကားပုံကို ရေရွတ်နေသည်။

တံခါးဝတွင် သူ့အဒေါ် ကပ်ဆင်ဒရာ ရပ်နေသည်ကို သူ့မျက်လုံး ထောင့်နားက နေ၍ မြင်သည်။ ဒေါ်ဒေါ်ကလည်း ဘာတွေ ပြောမှန်းမသိ ဝင်ပြီး အော်ပြောနေသည်။ ထိုအခိုက် ရိုက်နှက်သံ၊ အော်သံ ဟစ်သံတွေ တစ်ခါတည်း ရပ်သွားသည်။ သူ့အဘွား အခန်းထဲ ဝင်လာသည်။ အဘွားသည် သူ့ဘာသာ အေးအေးနေတတ်သည်။ သို့သော်လည်း မိသားစုကိစ္စ အရေးကြီးလျှင်တော့ သူ ဝင်လာပါသည်။ လိုဒိုဗီကိုသည် ကုလားထိုင်ပေါ် ပစ်ထိုင်ချလိုက်သည်။

'ဒါပဲကွ၊ ပန်းချီပန်းပု ဆရာတွေဆီ သွားအလုပ်သင်မယ် ဆိုတဲ့ စကားနောက်ထပ် မကြားချင်ဘူး' ဟု အော်ပြောလိုက်သည်။

မွန်နာအလက်စန္ဒြာသည် သူ့သားဆီသို့ ဦးတည်လျက် ပြောချလိုက်သည်။

'ဒီကလေး "သိုးမွေးကုန်သည်အသင်း" ဝင်ပြီး သိုးမွေးကြိုး ကျစ်တာနဲ့ ပရဆေးဆရာတွေဆီ သွားပြီး ဆေးအရောင်တွေ စပ်တာနဲ့ ဘာများ ထူးဦးမှာ

လဲ။ မင်းအနေနဲ့ ဒီသားငါးယောက်အတွက် ဘာအမွေမှ ပေးနိုင်မှာလဲ မဟုတ်ဘူး။ မင်းရှိတဲ့ ဥစ္စာလေးဟာ သားငါးယောက် မပြောနဲ့၊ ကြက်ငါးကောင်တောင်မှ မဝဘူး။ သူတို့ ငါးယောက်စလုံး ကိုယ့်ထူးကိုယ်ချွန် အလုပ် လုပ်ကြရမှာပဲ။ ဒီတော့ မိုင်ကယ်လည်း သူကြိုက်ရာ သွားလုပ်ပေစေပေါ့'

'ဒါပေမဲ့ သူ အလုပ်သင်သွားဖို့ ပိုက်ဆံပေးစရာ တစ်ပြားမှ မရှိဘူး'

ထိုအခါ မိုင်ကယ်က ညင်သာစွာ ပြောလိုက်သည်။

'အဖေ ဒီအတွက် မပူပါနဲ့၊ ဃာလန်ဒါအီယိုက အဖေ့ကို ပိုက်ဆံ ပေးမှာပါ'

လိုဒိုဗီကိုသည် အဖဘုရားသခင်ကိုသာ တ ရာတော့သည်။

*

ဃာလန်ဒါအီယို၏ ပန်းချီ စတူဒီယိုသည် အီတလီပြည်တွင် အလုပ် အများဆုံး၊ လူစည်ကားဆုံး ဖြစ်သည်။ ဃာလန်ဒါအီယိုတို့ ညီအစ်ကိုအားလုံး ပန်းချီဆရာများ ဖြစ်ကြသည်။ သူတို့၏အဖေမှာ ရွှေပန်းထိမ် ဖြစ်၍ သူတို့၏ လက်ဦးဆရာ ဖြစ်သည်။ သူသည် ဖလော်ရင့် မြို့တော်သူများ နှစ်သက်သော ရွှေပန်းကုံး လုပ်ရာတွင် လက်မြောက်သည်။ သို့ဖြစ်၍ ဃာလန်ဒါ ဟူသော ပန်းကုန်သည် အမည် ရခဲ့သည်။

မိုင်ကယ်အဖို့ စတူဒီယို အခန်းကြီးမှာ လူစည်ကား အလုပ်များသလောက် ချစ်ချစ်ခင်ခင် ရှိကြသည်။ မေကာဒီ ဆိုသူသည် အလုပ်သင်များ၏ ခေါင်းသူကြီး ဖြစ်၍ မိုင်ကယ်ကို သိမ်းသွင်းယူသည်။

'ပန်းချီဆွဲတယ်ဆိုတာ အဆင်အယင် အလှအတွက်ပဲ။ ပြီးတော့ ရှေးက ပုံပြင်တွေကို အသက်ဝင်လာအောင် ဖန်တီးဖို့၊ လူတွေကို စိတ်ချမ်းသာစေဖို့လည်း ဖြစ်ရမယ်။ မိမိ ယုံကြည်ချက်အတွက် အသေခံသွားရတဲ့ သူတော်စင်တွေရဲ့ ပုံတွေကို ဆွဲပြရာမှာတောင် အဲဒီအချက်တွေနဲ့ ပြည့်စုံရမယ်။ မိုင်ကယ် မင်း ဒါတွေကို အမြဲသာ မှတ်ထား၊ အောင်မြင်တဲ့ ပန်းချီဆရာတစ်ယောက် ဖြစ်လာမှာပဲ'

သူတို့ စတူဒီယိုတွင် အစီအစဉ်နှင့် အပ်ကျမပ်ကျ သင်ကြားပေးသည် ဟူ၍ မရှိချေ။ သူတို့၏ အနုပညာခံယူချက်မှာ နံရံပေါ်မှာ ချိတ်ထားသည့် စာတန်း တွင် ဖော်ပြထားသည်။

"သဘာဝသည် အကောင်းဆုံးသော လမ်းပြဆရာ ဖြစ်သည်။ နေ့စဉ် နေ့တိုင်း တစ်ခုခုကို ရေးဆွဲဖြစ်အောင် ရေးဆွဲပါ။"

မိုင်ကယ်သည် သူတို့လူစု ကိုယ်စီကိုယ်င လုပ်နေကြသည့် လုပ်ငန်းများ

ကို လေ့လာရသည်။ ထိုအချိန်တွင် ယာလန်ဒါအိယိုသည် တော်ဏာ ပြုအိုနီ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နံရံပန်းချီများအတွက် အားလုံးခြုံပြီး ပုံစံတစ်ခု ရေးဆွဲထားသည်။ အရေးကြီး၍ လူမြင်ကွင်းကျမည့် အစိတ်အပိုင်းများနှင့် လူပုံတူများ ပါသည့် အပိုင်းများကို ဆရာကြီးကိုယ်တိုင် ရေးဆွဲသည်။ ကျန် အပိုင်းများကိုကား တပည့် ပန်းချီအလုပ်သင် ဝါရင့်သူများ ရေးဆွဲကြသည်။ အငယ်ဆုံး တပည့်များကို လ ခြမ်းပုံ အပြားများပေါ်တွင် လေ့ကျင့်နေစေသည်။ သူတို့ ရေးဆွဲနေသည်ကို ကောင်းကောင်း မမြင်ရချေ။

နှစ်ပတ်ကြာမျှသော အချိန်သည် ကုန်မှန်းမသိ ကုန်သွားသည်။ စာချုပ် လက်မှတ်ထိုးရ၍ ပထမအရစ် လစာငွေ ရမည့်နေ့သို့ ရောက်လာသည်။ မိုင်ကယ်၏ စိတ်ထဲတွင် လစာနှင့်တန်အောင် သူ ဘာမှ မလုပ်ပေးခဲ့ရသေးဟု ထင်မိသည်။ သူ့အလုပ်မှာ ပန်းချီဆေးသွားဝယ် အစရှိသည့် ဗာဟီရ အလုပ်များသာ ဖြစ်သည်။

ထိုနေ့နံနက် မိုင်ကယ်သည် ရောင်နီမလာမီ အိပ်ရာက နိုးသည်။ အဝတ်အစား လဲ၍ စတူဒီယိုသို့ ထွက်လာခဲ့သည်။ ဆရာကြီးသည် သူ့ကို သံပြတ်နှင့် တိုတိုပင် နှုတ်ခွန်းဆက်သည်။ သူ အလုပ်များနေသည်။ သူတော်စင် "စိန့်ဂျွန်" က "ယေရှု" ကို ဘာသာဝင် လူသစ်တစ်ဦးအဖြစ် လက်ခံ ကျမ်းစာဖတ်နေပုံ ရေးဆွဲနေသည်။ ဆရာကြီးသည် ယေရှု၏ အသွင်အပြင်ကို သူ့စိတ်ထဲမှာ ထင်မြင်လာသလို ပုံသွန်းဖန်တီး၍ မရနိုင်ဘဲ အခက်တွေ့နေသည်။ မိုင်ကယ်သည် သူ့ဆရာကြီးကို စိုက်ကြည့်ရင်း စိုးရိမ်လာသည်။

"အင်း ဒီလိုဆိုရင်တော့ ဒီနေ့ ပိုက်ဆံပေးရမယ့်နေ့ ဆိုတာ မေ့နေတော့မှာလား"

မိုင်ကယ်သည် ပိုက်ဆံကိုင် အလုပ်တာဝန်ယူသူ ဆရာကြီး၏ညီ ဒေးဗစ် အနီးသို့သွားပြီး နားနားကပ် တီးတိုးပြောသည်။ ဒေးဗစ်သည် သူ့ခါးပတ်မှာ ချိတ်ဆွဲထားသည့် ပိုက်ဆံအိတ်ထဲနှိုက်၍ ဒင်္ဂါးပြား နှစ်ပြား ထုတ်ယူပြီး မိုင်ကယ်ကို ပေးသည်။ ကန်ထရိုက် စာရင်းစာအုပ် ထိုးပေးရာ မိုင်ကယ်သည် သူ့ရှေ့ဦးပထမ လစာရငွေ စာရင်းဇယားတွင် သူ့အမည် လက်မှတ်ရေးထိုးပြီး ဧပြီ ၁၆ ရက် ၁၄၈၈ ခု ဟု ရက်စွဲတပ်လိုက်သည်။

---

မိုင်ကယ်အိန်ဂျယ်လို၏ လက်မှတ်



သည်ငွေစလေး သူ့အဖေလက်ထဲ အပ်လိုက်ရလျှင် ဘယ်လိုနေမလဲဟု စိတ်ကူးလိုက်သောအခါ တစ်ကိုယ်လုံး ရှိန်းဖိန်း စိမ့်တက်လာအောင် ပျော်သွားသည်။ သူသည် သူ၏ ပီတိထဲတွင် နစ်မျောနေသည်မှာ ဘယ်လောက်များ ကြာသွားသည် မသိချေ။ သူ့အနား စကားပြောသံတွေ ဆူညံလာသည့်ကြားထဲက အလုပ်သင်ကျောင်းသား ဂျက်ကိုပို၏ အသံကျယ်ကြီး ပေါ်လာသည်။ ဂျက်ကိုပိုမှာ ပေါင်မုန့်သည်သား လူရှုပ်ကလေး ဖြစ်၏။

'ဒါဖြင့် အားလုံး သဘောတူတယ်နော်၊ လမ်းကြီး နံရံပေါ်က တစ္ဆေရုပ်ကို မြင်ဖူးကြတယ် မဟုတ်လား၊ အဲဒီပုံကို စိတ်ထဲကမှန်းပြီး ပုံတူဆွဲကြရမယ်။ အတူဆုံး ဆွဲနိုင်တဲ့လူက တို့တစ်တွေကို ထမင်းကျွေးရမယ်၊ အရက်တိုက်ရမယ်။ ကဲ လာကြ၊ အားလုံး အဆင်သင့်ဖြစ်ပြီ မဟုတ်လား'

ဂျက်ကိုပို ခေါ်လိုက်သော နာမည်များထဲတွင် မိုင်ကယ် မပါချေ။ သူ့ရင်ထဲမှာ အောင့်သက် နာကျင်သွားရသည်။ သည်တစ်ခါမှာလည်း သူ့ကို ဝိုင်းပယ်ကြပြန်ပါပကော။ သူသည် ကလေးဘဝကစ၍ အထီးကျန် တစ်ကိုယ်တည်း နေခဲ့ရသည်။ သူငယ်ချင်းဆိုလို့ ဃရာဏာချီ တစ်ယောက်သာ ရှိသည်။ သူသည် အခြားကလေးများ ကစားသည့်ဝိုင်းထဲသို့ ဘယ်တော့မှ မပါရချေ။ ဘာကြောင့်ပါလိမ့်။ ညောင်နာနာ ပိန်သေးသေးမို့လေလား၊ မရယ်မပြုံး ငုံးတိတိမို့လေလား။ မိုင်ကယ်သည် အများတကာဝိုင်းထဲ ဝင်ချင်ရှာလှသည်။

ဂျက်ကိုပိုသည် အများကြားအောင် အော်ပြောနေပြန်သည်။

'အချိန် ဆယ်မိနစ် ပေးမယ်ဟေ့'

'ကျွန်တော် ဘာလို့ ဝင်မပြိုင်နိုင်ရတာလဲ' ဟု မိုင်ကယ်က မေးသည်။

ဂျက်ကိုပိုက မဲ့ရွဲ့ပြောလိုက်သည်။

'မင်းလား၊ ဝင်ပြိုင်လို့ကော နိုင်မှာလည်း မဟုတ်ဘဲနဲ့ကွာ'

'အို ဒါတော့ စမ်းကြည့်ချင်ပါတယ်။ ကြည့်ကြပါဦးလေ၊ ကျွန်တော်လည်း သိပ်တော့ မခေလှသေးပါဘူး'

'ကဲကွာ၊ ဒါဖြင့်လည်း လုပ်၊ ဟေ့ အားလုံး အဆင်သင့်နော်'

ဂျက်ကိုပိုက သဘောတူလိုက်သည်။

မိုင်ကယ်သည် ကတုန်ကယင်နှင့်ပင် စက္ကူနှင့် မီးသွေးခဲကို ဆွဲယူပြီး လမ်းမှာ သူ နေ့စဉ်လို မြင်ဖူးခဲ့သော တစ္ဆေမှင်စာရုပ်ပုံကို မှတ်မိသလောက် ရေးဆွဲချသည်။

'အချိန်စေ့ပြီ၊ မင်းတို့ ဆွဲထားတာတွေ ခုံပေါ်တင်ကြတော့' ဟု ဂျက်ကိုပိုက အမိန့်ပေးလိုက်သည်။

မိုင်ကယ်သည် သူ့ ပုံဆွဲစက္ကူချပ်ကို ခုံပေါ်မှာ လာတင်သည်။ ဂျက်ကိုပို သည် ပုံကို အံ့အားသင့်ကာ စိုက်ကြည့်မိသည်။

'ဟင် ငါတော့ မယုံနိုင်အောင်ပဲကွာ၊ လာကြည့်ကြစမ်းဟေ့၊ မိုင်ကယ် ဗိုလ်စွဲသွားပြီ' ဟု ဂျက်ကိုပိုက အော်ပြောလိုက်သည်။

သူတို့ အားရဝမ်းသာနှင့် မိုင်ကယ်ကို ဝိုင်း၍ ချီးကျူးကြသည်။ မိုင်ကယ် သည် ရွှင်လန်း ဝမ်းသာနေသည်။ သူသည် လူသစ်ကလေးမျှသာ ဖြစ်သည်။ သူ သည် ပညာသင် ဘက်တော်သားတွေကို ညစာဝယ်ကျွေးဖို့ အခွင့်အရေးကို ရခဲ့ သည်။ သူတို့အားလုံး ခုနစ်ယောက်တောင်မှပါလား။ အမယ်လေး... အသားဟင်း မျိုးစုံ၊ အချိုပွဲ သစ်သီး၊ ယမကာတွေပါ ဆိုရင်တော့ ကနေ့ရတဲ့ ရွှေစလေးတွေ တော့ အတော်ကို လျော့ပါးသွားတော့မှာပဲ။ မိုင်ကယ် စိတ်အားငယ်သွားပြန်သည်။

အစားအသောက်ဆိုင်ဆီသို့ သူတို့ လာခဲ့ကြသည်။ သူတို့ သူ့ထက်ငါ ဦးအောင် ရှေ့သို့ တက်ကြသည်။ ရယ်မောကြသည်။ မိုင်ကယ်သည် စိတ် မသိုး မသန့် ဖြစ်လာသည်။ သူ့မိတ်ဆွေ ဃရာဏာချီ အနားကပ်ပြီး–

'ငါ့ကို သက်သက်ညစ်ကြတာ မဟုတ်လား' ဟု မေးလိုက်သည်။

'အေး ဟုတ်တယ်၊ ဒီလိုမှန်း သိရင်ကော မင်း တမင် မကောင်းတရောင်း ပုံဆွဲပစ်မှာတဲ့လား'

မိုင်ကယ်သည် အပြုံးကျဲကျဲလေး ပြုံးလိုက်သည်။ သူသည် တမင်တကာ သူ့လက်ရာကို လျှော့ဆွဲမည့် လူမျိုး မဟုတ်ချေ။

'ဒီလိုဆိုတော့ သူတို့စားရဖို့ သေချာပြီးသား ဖြစ်နေတာပေါ့' ဟု ပြော လိုက်သည်။

*

နောက်တစ်နေ့တွင် မိုင်ကယ်သည် ဆရာကြီး ဃိုင်အိုဗန်နာ တော်နာဖြူအိုနီ၏ ရုပ်ပုံ ဆီဆေးပုံတူ အပြီးသတ်နေသည်ကို ကြည့်ရှုလေ့လာသည်။ ထိုပုံမှာ သတ် သတ် ဆွဲခိုင်းခြင်း ဖြစ်သည်။

'ဆီဆေးနဲ့ ဆွဲတာတွေဟာ မိန်းမတွေ အတွက်ပါကွာ' ဟု ဆရာကြီး က ခပ်ငေါ့ငေါ့ ပြောသည်။

'ဒါပေမဲ့ ဒီပုံပန်းမျိုးကို နံရံ ပန်းချီကားထဲမှာ ထည့်သုံးနိုင်တယ်။ လူပုံ ဆွဲရာမှာ စိတ်ကူးနဲ့ထွင်ပြီး ဘယ်တော့မှ မဆွဲနဲ့ မိုင်ကယ်၊ လူစင်စစ် သဘာဝထဲက ယူပြီး ဆွဲရတယ်' ဟု ပြောသည်။

သူတို့ သင်တန်းသားတပည့်ထဲက ဗင်နီဒက်တိုသည် ဘယ်တော့မှ လက် လွတ် ရေးဆွဲသည်ကို မိုင်ကယ် မတွေ့ရဖူးချေ။ သူက မိုင်ကယ်ကို ပြောသည်။

'လူရဲ့ မျက်နှာကို သုံးပိုင်းခွဲထားရတယ်။ ပထမ ဆံပင်နဲ့ နဖူး၊ ပြီးတော့ နှာတံ၊ ပြီးတော့ မေးစေ့နဲ့ ပါးစပ်။ ဟောဒီမှာကြည့်၊ ယောကျ်ား တစ်ယောက်ရဲ့ ကိုယ်နေကိုယ်ထား၊ မိန်းမတွေတော့ ထားလိုက်ပါလေ။ တစ်ယောက်မှ အချိုးအစား ကျတာ မဟုတ်ဘူး။ အဲ .... အဲ လက်က ပေါင် အလယ်ကောင်အထိ ရောက်ရတယ်။ လူရဲ့ အရပ်အမောင်းဟာ မျက်နှာရဲ့ ရှစ်ဆ ရှိရတယ်။ ပြီးတော့ လက်နှစ်ဖက် ဆန့်တန်းထားလိုက်တဲ့ အနေအထားဟာ သူ့အရပ်အမောင်းနဲ့ ညီရမယ်'

မိုင်ကယ်သည် ဂဲသြမေတြီနည်းနှင့် အကွက်ချထားသည့် ပုံစံထဲမှာ လူ၏ သဏ္ဌာန် ပေါ်လာအောင် ရေးဆွဲရသည်။ သူ ကြိုးစား၍တော့ လုပ်ပါသည်။ သို့သော် မသာခေါင်းထဲ လူသေတွေ သွင်းရသလို သူ့စိတ် ကျပ်တည်းနေလေသည်။

ဂျက်ကိုပိုထံမှလည်း ပညာ ရပါသည်။ အနုပညာတော့ မဟုတ်ချေ။ မြို့ထဲ အပ်ကျသည်ကိုပင် ဂျက်ကိုပိုက သိသည်။ သူ နေ့စဉ် ကျက်စားရာ အရပ်များမှာ အစားအသောက်ဆိုင်၊ တည်းခိုအိမ်၊ ဆံပင်ညှပ်ဆိုင်၊ အရက်ဆိုင်၊ ပြည့်တန်ဆာအိမ်တန်းနှင့် လမ်းလေးခွ ကျောက်ထိုင်ခုံတွေပေါ်မှာ ထိုင်နေကြသည့် အဘိုးကြီးများ စကားဝိုင်းတို့ ဖြစ်သည်။ သည်နေရာတွေ တစ်ပတ်လှည့်လိုက်လျှင် အတင်းသတင်း အဖျင်းတွေ အတော်စုံလာသည်။

ဃာလန်ဒါအီယိုတွင် ချင်နီဏီ ရေးသော ပန်းချီပညာ စာတမ်း စာအုပ်တစ်အုပ် ရှိသည်။ ဂျက်ကိုပိုသည် ထိုစာအုပ်ကြီးကို ဖွင့်လျက် ဖတ်သည်။ တကယ်တော့ သူ စာတစ်လုံးမှ ဖတ်တတ်သည် မဟုတ်ချေ။ သူ အလွတ်ရနေသော စာတွေကို ရွတ်ခြင်းသာ ဖြစ်သည်။

"သင်သည် အနုပညာသည်တစ်ဦး ဖြစ်လာလျှင် သင့်ဘဝကို စည်းကမ်းကလနား သတ်ရမည်။ ဘာသာရေး၊ စာပေ၊ ဒဿနိကပညာ၊ သိပ္ပံပညာတွေ လေ့လာသော ကျောင်းသားတစ်ဦးနှင့်မခြား သိပ်သည်းစွာ နေထိုင်ရမည်။ သင့်လက်ကို မထိခိုက်အောင် စောင့်ရှောက်သောအားဖြင့် အစားအသောက်ကို သင့်လျော် မျှတစေရမည်။ သင်၏လက်ကို လေတိုက်နေသော သစ်ရွက်ပမာ လှုပ်ရှားတုန်ချည့်စေတတ်သည့် အမှုတစ်ခု ရှိသည်။ ထိုအမှုကား အခြားမဟုတ်၊ မာတုဂါမများနှင့် အဖန်ဖန် နှီးနှောခြင်း ဖြစ်သည်။"

ဂျက်ကိုပိုသည် ဝါးလုံးခွဲသလို ရယ်ချလိုက်သည်။

'ကဲ ငါ အခုဆို ပန်းချီကို မဆွဲနိုင်တော့ဘူးဆိုတာ မင်းတို့ သိကြရောပေါ့ကွာ၊ ဟီး ဟီး၊ ဆရာကြီးရဲ့ နံရံပန်းချီကားတွေဟာလေ လေတိုက်နေတဲ့ သစ်ရွက်တွေလို ဆတ်ဆတ်ခါပြီး လှုပ်ရှားကုန်မှာ စိုးလို့ကွ'

တစ်ညတွင် မိုင်ကယ်သည် ဃရာဏာချီနှင့်အတူ မြို့တော်ကောင်စီ ရုံးရှေ့က ဖြတ်၍ လမ်းလျှောက်လာခဲ့ကြသည်။ ရုံးရှေ့ လဟာပြင်တွင် လူများ စုရုံးနေကြသည်။ နန်းတော်ကြီး၏ လသာဆောင် "လျှောင်းတော်ဦး" တွင်ကား တူရကီဘုရင်ထံမှ သံအမတ်ကြီးသည် မြို့တော်ကောင်စီဝင်များအား သစ်ကုလားအုတ်တစ်ကောင် လက်ဆောင်ပေးအပ်နေသည်။ သံအမတ်ကြီးသည် ဖောင်းထုပ်ကြီးနှင့် မြေကြီးအထိ ရှည်လျားသော ဝတ်ရုံကြီး ဝတ်ဆင်ထားသည်။ မိုင်ကယ်သည် ထို ပြကွင်းပြကွက်ကို ပန်းချီဆွဲချင်စိတ် ပေါက်လာလေသည်။ သို့ရာတွင် ထိုပြကွင်း၏ တစ်စိတ်တစ်ဒေသ အနည်းငယ်မျှသာ ဆွဲယူနိုင်မည်ကို သူ သိသည်။ စိတ်ပျက်လက်ပျက်နှင့် ဃရာဏာချီကို ညည်းညူပြောမိသည်။

'ငါ့စိတ်ထဲမှာ ကျားကစားတဲ့ ကားချပ်ကြီးနဲ့ တူနေတာပဲ။ မသိတာနဲ့ သိတာနဲ့ဟာ အဖြူတစ်ကွက်၊ အမည်းတစ်ကွက် သူ့အလှည့်ကျ လည်ပတ်နေတာပဲ'

နောက်တစ်နေ့တွင် မိုင်ကယ်သည် စတူဒီယိုသို့ စောစောရောက်လာသည်။ သူ့ဆရာကြီး ရေးဆွဲထားသည့် ပုံများကို လေ့လာမှ ဖြစ်တော့မည်ဟု သူ့စိတ်ထဲမှာ ဖြစ်လာသည်။ ဆရာကြီး၏ စားပွဲအောက်တွင် အထုပ်တစ်ခု တွေ့သည်။ အပေါ်က "အပြစ်မဲ့သူများကို ရက်စက်စွာသတ်ခြင်း" ဟူသော စာတန်းထိုးထားသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နံရံပန်းချီအတွက် အကြမ်းပုံများဖြစ်သည်။ မိုင်ကယ်သည် ထိုပုံများကို ခုံပေါ်မှာဖြန့်၍ ကြည့်သည်။ ဆရာကြီး၏ လက်ရာ အရေးအကြောင်းများသည် ရှင်းလင်းပြတ်သားသလောက် အားပြည့်ဝသည်။ မိုင်ကယ်သည် ထိုပုံများကို ကူးဆွဲနေသည်။ မကြာမီပင် ဆရာကြီး ရောက်လာ၍ 'မင်းကို ဒါတွေ ကိုင်ကြည့်ဖို့ ဘယ်သူက အခွင့်ပေးသလဲ' ဟု မေးသည်။

မိုင်ကယ်သည် ကြောက်ကြောက်လန့်လန့်နှင့် လက်ထဲက မီးသွေးခဲကို လွှတ်ချလိုက်သည်။

'ကျွန်တော် လေ့လာချင်လို့ပါ၊ လေ့လာမှ မြန်မြန်တတ်မယ်၊ တတ်မှလည်း ဆရာကြီးကို ပိုပြီး ကူညီနိုင်မယ်'

မိုင်ကယ်၏ ပြင်းထန်သော စိတ်ဇောများသည် သူ့မျက်လုံးထဲမှာ ပေါ်နေသည်။ ဆရာကြီးသည် စိတ်မဆိုးနိုင်တော့ဘဲ သူ့စားပွဲသို့ ခေါ်သွားပြီး အသွားတုံး ကလောင်တံတစ်ချောင်းကို ပေးလိုက်သည်။ ဆရာကြီးသည် အခြား ကလောင်တံတစ်ချောင်းကို ကောက်ယူလိုက်သည်။

'ကလောင်ကို ခုလို သုံးရတယ်။ မျက်လုံးတွေအတွက် စက်ဝိုင်းဆွဲ၊ နှာခေါင်းဆိုရင် ခုလို ထောင့်စွန်း ဆွဲလိုက်ပြီးတော့ ပါးစပ်နဲ့ အောက်နှုတ်ခမ်းကို ခုလို အသွားတိုလေးနဲ့ ခြစ်လိုက်'

မိုင်ကယ်သည် ဆရာကြီး၏ လက်သွားရာအတိုင်း လိုက်၍ ရေးဆွဲသည်။ ဆရာကြီးသည် ဒက်ခနဲ ဒက်ခနဲ လျင်မြန်စွာ ရေးခြစ်လိုက်သည်။ ဆရာကြီး၏ လက်ရာ အကောက်အကွေးကြောင်းများသည် ရေများ မြင့်ရာမှ နိမ့်ရာသို့ သာယာ ညင်းပျောင်းစွာ သက်ဆင်းလာသကဲ့သို့ ချောမွေ့စွာ ပေါ်လာပြီးလျှင် လူကိုယ်ခန္ဓာ ပုံသဏ္ဌာန်အဖြစ်သို့ ကူးပြောင်းလာသည်။ လူပုံသဏ္ဌာန်တွေ ဘယ်လောက် များများပင် ဆွဲစေကာမူ တစ်ခုနှင့်တစ်ခု မတူ၊ တစ်မူခြားလျက် ထွက်လာသည်။ မိုင်ကယ်၏ မျက်နှာမှာ ပီတိတွေ ဖြာဝင်းနေသည်။

'အဝတ် မပါတဲ့ လူကိုယ် ပုံသဏ္ဌာန်တွေ တစ်ခါတစ်ရံ ဆွဲရ မကောင်းဘူးလား' ဟု မေးသည်။

'အိုကွာ၊ ပန်းချီကားထဲမှာ လူတွေကို အဝတ်ဝတ်ထားတဲ့ ပုံပဲ ဆွဲရမှာပဲ။ ဘာပြုလို့ အဝတ်မပါတဲ့ပုံ ဆွဲတာကို လေ့ကျင့်နေရမှာလဲ။ ဟိုအရင် ဂရိတ်လူမျိုးတွေပဲ အဝတ်မပါတဲ့ ပုံတွေ ဆွဲခဲ့ ထုခဲ့ကြတာ၊ သူတို့က မိစ္ဆာတွေပဲ။ တို့က ခရစ်ယာန်တွေအတွက် လုပ်ပေးနေရတာ မဟုတ်လား။ ပြီးတော့လည်းကွာ လူ့ကိုယ်ခန္ဓာဆိုတာ အရုပ်ဆိုးလှပါတယ်။ ပန်းချီကား ဆိုတာ လှရမယ်၊ လူတွေရဲ့ စိတ်ကို ရွှင်လန်းစေရမယ်။ ငါတော့ လူတွေကို ရေးဆွဲရင် ဝတ်စုံအပြည့် ဝတ်ဆင်ပြီး ကြွကြွရွရွလေး လျှောက်နေပုံတွေပဲ ဆွဲချင်တယ်'

'ကျွန်တော်တော့ လူတွေကို ဘုရားသခင် ဖန်ဆင်းထားတဲ့ အတိုင်းပဲ ရေးဆွဲချင်တာပဲ'

*

ဆရာကြီးသည် ဆင်တာမာရီယာ နိုဗယ်လာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပန်းချီများကို အပြီးသတ် ရေးဆွဲမည့်နေ့သို့ ရောက်လာခဲ့သည်။ သူတို့တစ်တွေ အလုပ်ရှုပ်နေကြသည်။ ပုံကြမ်းများ၊ စုတ်တံများနှင့် ပစ္စည်းတွေကို ထုပ်ပိုးနေကြသည်။ ထိုနောက် ပစ္စည်းတွေကို မြည်းဆွဲသည့် လှည်းငယ်ပေါ်တွင် တင်ကြသည်။ ဆရာကြီးက ရှေ့ဆုံးကနေ၍၊ တပည့်တွေက နောက်က လမ်းလျှောက်လိုက်သွားကြသည်။ မိုင်ကယ်က လှည်းမောင်း၍ လိုက်လာသည်။

ခရစ်ယာန် ဘုရားရှိခိုးကျောင်းရှေ့ ရောက်လျှင် မိုင်ကယ်သည် လှည်းပေါ်မှဆင်း၍ ခရစ်ယာန် ဘုရားရှိခိုးကျောင်းထဲ ဝင်လာခဲ့သည်။ အတွင်းတွင် အမွှေးတိုင်နံ့များ သင်းလျက် ဆိတ်ငြိမ်နေသည်။ မိုင်ကယ်သည် သူ့ရှေ့တွင် ပေ သုံးရာမျှ ရှည်သော ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွင်း ခန်းမကြီးကို မျှော်ကြည့်သည်။ ပြီးမှ ခြေတစ်လှမ်းချင်း ဖြည်းဖြည်း လျှောက်လာသည်။ အီတလီပြည်၏ အနုပညာ ရတနာသိုက်ကြီးထဲ ဝင်လာရသည်နှင့် တူသည်။ ရှေး အနုပညာဆရာ

ကြီးများ၏ ပန်းချီ ပန်းပုလက်ရာများကို ဖြတ်သန်းလာခဲ့ရသည်။ ရူချီလေ ခရစ်ယာန် ဘုရားဆုတောင်းခန်းနားသို့ ရောက်လာခဲ့သည်။ လှပခမ်းနား လှပါပေသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာလောက်က မိုင်ကယ်၏မိခင်၏ ဘိုးဘေးများ ဆောက်လုပ် လှူဒါန်းခဲ့သည်။

မိုင်ကယ်သည် ထို ခရစ်ယာန် ဘုရားဆုတောင်းခန်းတွင်းသို့ တစ်ခါမှ မဝင်ခဲ့ဖူးချေ။ သူ့အမေ မရှိသည့်နောက် ဆွေမျိုးတွေ အဆက်ဖြတ်ခဲ့ကြသည်။ ယခု ဆင်တာမာရီယာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်း၌ အလုပ် လုပ်ရဦးမည် ဖြစ်၍ ထို ဝတ်ပြုဆုတောင်း ခန်းမထဲသို့ ဝင်ခွင့်ရခဲ့သည်။

မိုင်ကယ်သည် ခရစ်ယာန် ဝတ်ပြုဆုတောင်းခန်းအတွင်းသို့ ရောက်လျှင် ယေရှု၏မယ်တော် မာရီ၏ ပုံတော်ရှေ့တွင် ဒူးထောက်ချလိုက်သည်။ ဤနေရာတွင် သူ့အမေ၊ သူ့အဘွားတို့ ရှိခိုးဆုတောင်းခဲ့ကြသည်။ မိုင်ကယ်၏ မျက်လုံးများတွင် မျက်ရည်တွေ အိုင်ထွန်းပြီး တအားပြိုဆင်းလာတော့သည်။ သူ့နှုတ်ဖျားက ဆုတောင်းစကားတွေ အလိုလိုထွက်လာသည်။ မယ်တော် မာရီကို ရှိခိုးဆုတောင်းတာလား၊ သူ့အမေကို တိုင်တည်နေတာလေလား။

မိုင်ကယ်သည် နေရာမှ ထ၍ ခရစ်ယာန် ဝတ်ပြုဆုတောင်းခန်းထဲမှ ထွက်လာခဲ့သည်။ သူ့အမေဘက်က မျိုးရိုးနှင့် အဖေ့မျိုးရိုး ကွာခြားလှသည်။ အမေဘက်က အမျိုးများသည် ဤ ခရစ်ယာန် ဝတ်ပြုဆုတောင်းခန်း ဆောက်လုပ် လှူဒါန်းခဲ့သော အချိန်တွင် အဖေ့ဘက်က အမျိုးများမှာ ပိုက်ဆံ ချမ်းသာကြွယ်ဝနေကြပြီ ဖြစ်သည်။ သို့ရာတွင် အဖေဘက်က ဗြူရိုနာရိုတီ မျိုးရိုးက လူများသည် ဘုရားသခင်တည် ခရစ်ယာန်ကျောင်းဆောက် အလုပ်မျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ကြချေ။ ပိုက်ဆံကို တစ်ပြားကို နှစ်ပြားမှတ် ခွာကြသည်။ တိုက်တာနေအိမ် ဆောက်ကြသည်။

မိုင်ကယ်သည် သူ့အဖေအိမ်တွင် ပန်းချီကား ပန်းပုရုပ် ဆို၍ တစ်ခုတလေမှ မမြင်ခဲ့စဖူးချေ။ ကမ္ဘာ့ အနုပညာတက္ကသိုလ်ဟု ခေါ်လောက်သည့် ဖလော်ရင့်မြို့တော်ကြီးတွင် သူတို့ မျိုးရိုးအစဉ်အဆက် နှစ်ပေါင်း ၃၀၀ ကျော်မျှ နေလာခဲ့ကြပြီး ပန်းချီကားတစ်ချပ်၊ ပန်းပုရုပ်တစ်ခုမှ အိမ်မှာ မရှိသည်မှာ မိုင်ကယ် အံ့လို့မဆုံး ဖြစ်မိသည်။ ဖလော်ရင့်မြို့နေ လူလတ်တန်းစား နေအိမ်များမှာပင် မျိုးရိုးအစဉ်အဆက်က ရှိလာခဲ့သည့် ပန်းချီ ပန်းပု ပစ္စည်းများ အထိုက်အလျောက် ရှိကြသည်။ ဗြူရိုနာရိုတီ မျိုးရိုးက လူများမှာ ပိုက်ဆံ စေးနဲ နှမြောကြရုံသာ မဟုတ်သေး၊ အနုပညာ၏ ရန်သူများ ဖြစ်ကြသည်။ အနုပညာ ဖန်တီးသူတွေကို သူတို့က ရွံရှာမုန်းတီးကြသည်။

မိုင်ကယ်သည် ဆရာကြီး အလုပ်ခွင်မှာ အနားကနေ၍ စောင့်ကြည့်နေသည်။ ဆရာကြီးသည် ဆေးများကို အိုးငယ်လေးတွေထဲထည့်၊ ရောစပ်ပြီး နံရံပေါ်တွင် စ၍ခြယ်တော့သည်။ သူသည် ခပ်မြန်မြန် လုပ်ရသည်။ တပည့်တစ်ဦးက နံရံကို ပလတ်စတာ ကိုင်ပေးရသည်။ ဆရာကြီးသည် ထိုပလတ်စတာ ကိုင်ထားသည့်နေရာ ခြောက်မသွားမီ ဆေးများ တင်ရသည်။ တစ်နေ့တာအဖို့ သူ ဘယ်လောက် နေရာများများ ဆေးတင်မည်ကို ကြိုတင် တွက်ထားရသည်။ သို့မဟုတ်လျှင် ခြောက်သွားသည့် ပလတ်စတာများကို ပြန်ခွာပစ်ရသဖြင့် ဆက်ကြောင်းကြီး ဖြစ်နေလိမ့်မည်။ ငှက်သွင်ပျံကြွ နိမ့်ချီမြင့်တုံ ပြေးနေသော ဆရာကြီး၏ စုတ်ချက်များ သွားမည့်လမ်းကို မိုင်ကယ်က ရှေ့က ကြို၍ ရေလောင်းပေးရသည်။

ထိုနံရံပန်းချီမှာ တော်ဏာဗြူအိုနီ မိသားစုက လှူဒါန်းသည်ဖြစ်ရာ သမ္မာကျမ်းစာဝင် သူတော်စင် ဂျွန် ဖွားမြင်သည့်အခန်းကို ရေးဆွဲနေခြင်းပင် ဖြစ်သည်။ ထိုပန်းချီကားတွင် ပါသော ဂျွန်၏မိခင်နှင့် မီးနေ လာမေးကြသူများ၏ ပုံများမှာ တော်ဏာဗြူအိုနီ အမျိုးမိသားစုမှ မိန်းမချော မိန်းမလှများ၏ ရုပ်ပုံများ ဖြစ်သည်။ အချောဆုံး အမျိုးသမီးမှာ ပိုးဖဲဝတ်စုံ စိန်ရွှေများ ညွတ်နေအောင် ဝတ်ဆင်ထားသည်။

မိုင်ကယ်သည် နံရံပန်းချီကို ရပ်၍ စိုက်ကြည့်နေသည်။ သမ္မာကျမ်းစာထဲက အတိုင်းဆိုလျှင် သူတော်စင် ဂျွန်ကို အလယ်အလတ်တန်းစား မရှိမရှား မိသားစုထဲတွင် မွေးဖွားခဲ့သည်။ အခု ပန်းချီကားအတိုင်းဆိုလျှင် ဖလော်ရင့်မြို့တော် ကုန်သည် သူဌေးကြီးအိမ်တွင် မီးနေ မေးလာကြသည့် လူကုံထံ အမျိုးသမီးစုကို သရုပ်ဖော်ထားသည်။ ဘာသာတရားနှင့် ယှဉ်သည့် သဒ္ဒါဓောပီတိ လုံးဝ မပါပါတကား။

သို့ပေမင့် ဆရာကြီးအဖို့ ဖလော်ရင့်မြို့တော်ပင်လျှင် သူ့အဖဘုရား ဖြစ်သည်။ သူ့ဘဝ တစ်သက်တာလုံးပင် ဖလော်ရင့်မြို့တော်ကြီး နေထိုင်သူ လူသူလေးပါး၊ နန်းတော် အိမ်တော်ကြီးများ၊ လမ်းများ၊ လမ်းပေါ် စီတန်း လှည့်လည်သည့် ပွဲလမ်းသဘင်များကို ပန်းချီဖြင့် သရုပ်ဖော်ခဲ့သည်။ မျက်စိကလည်း လျှင်ပါပေ့၊ မြင်တတ်ပါပေ့။ သို့ပေမဲ့ ဖလော်ရင့် မြို့တော်ကြီးကို ပန်းချီဆွဲပေးပါဟု ဘယ်သူကမှ မခိုင်းကြချေ။

သူ့ကို သမ္မာကျမ်းစာထဲက ပုံဝတ္ထုများကိုသာ သရုပ်ဖော် ဆွဲခိုင်းကြသည်။ သည်တော့ ဆရာကြီးသည် သမ္မာကျမ်းစာထဲက အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့် ဂျေရုဆလင်မြို့တော်၏ နေရာတွင် ဖလော်ရင့်မြို့တော် အစားသွင်းပြီး

ရေးဆွဲသည်။ သမ္မာကျမ်းစာထဲက လူများ၊ ဇာတ်ဆောင်များ နေရာတွင် ဖလော်ရင့်မြို့သူမြို့သားများကို ထည့်လိုက်သည်။

အရုပ်များမှာဖြင့် ချောမွေ့ပြီး အပြစ်ဆိုစရာ မရှိ၊ လှပါပေသည်။ သို့ရာတွင် ခံစားချက် အဓိပ္ပာယ်မပါဘဲ ရှိသည်။ မိုင်ကယ် စိတ်အားငယ်သွားသည်။ သူလည်း သူ မြင်သမျှကို ရေးဆွဲချင်သည်။ သို့သော် သူ မြင်ရသည့်အတွက် သူ့စိတ်ထဲ ဖြစ်ပေါ်လာသည့် ပီတိသုခ ဝေဒနာကို သရုပ်ဖော်ဖို့က သူ့အဖို့ ပို၍ အရေးကြီးနေသည်။

---

မိုင်ကယ်အိန်ဂျယ်လို (၁၄၇၅–၁၅၆၄)



ဆရာကြီး၏ တပည့်များသည် ခရစ်ယာန် ဘုရားရှိခိုးကျောင်း၏ ကျောက်သား လှေကားထစ်များပေါ်တွင် ထိုင်ကာ လမ်းပေါ်က ပွဲလှည့်လာသည်ကို ကြည့်နေကြသည်။ ဖလော်ရင့်မြို့တော်တွင် နေ့တိုင်းလိုပင် ပွဲရှိသည်။ မိန်းကလေးများ၏ သွယ်လျယဉ်ကျေးသည့် ဆံပင်ရောင်လေးတွေက နုလှသည်။ ခေါင်းပေါ်မှာ အရောင်လွင်သော ပဝါများ စည်းထားကြသည်။ ဂါဝန်များမှာ လည်ပင်းကော်လာ မြင့်မြင့် တပ်ထား၍၊ ခါးအောက်တွင် အတွန့်များ ဝေဆာသည်။ ရင်သားများ နေရာတွင် အထည်ပါးကလေးများနှင့် ပုံဖော်ထားသည်။ ယောကျ်ား လူငယ်များသည်လည်း ခြေအိတ်ရှည်ကြီးများပေါ်တွင် သူတို့ မျိုးရိုးအစဉ်အလာ တံဆိပ်များ ထိုးထားသည်။ လူအို လူမင်းများကမူ ညိုမှိုင်းမှိုင်း အဝတ်များ ဝတ်ဆင်ထားကြသည်။

ဂျက်ကိုပိုသည် ရှေးဟောင်း ရောမ သင်္ချိုင်းဂူထိပ်၌ ထိုင်ပြီး ရှေ့က ဖြတ်သွားသည့် အပျိုယမင်းလေးများကို ဝေဖန်နေသည်။ သူ စိတ်ကြိုက် သဘောအကျဆုံးကလေးတွေကို ချီးကျူးသော စကားမှာ–

“မွေ့ရာထက်မှာ ဖက်ချင်စရာလေး” ဟူသတည်း။

မိုင်ကယ်သည် ဂျက်ကိုပို၏ အနားမှာ ဝင်ထိုင်သည်။ သူတို့ ထိုင်နေသည့် ရှေးဟောင်း ရောမသင်္ချိုင်းဂူမှာ ခေါင်းပုံသဏ္ဍာန် ဖြစ်သည်။ ကျောက်သားဖြင့် လုပ်ထား၍ အပြင်ဘက်တွင် ကျောက်ဆစ်ပန်းပုများ ထုထားသည်။ မြင်း၊ ရထား၊ လူများ စီတန်းလျက် အသုဘ ချလာပုံကို သရုပ်ဖော်ထားသည်။ ကျောက်ဆစ်လက်ရာကို မိုင်ကယ်က သူ့လက်နှင့် ပွတ်သပ်ကြည့်သည်။

‘ကြည့်စမ်းပါကွာ၊ ဟောဒီ အရုပ်တွေဟာ ခုအထိ အသက်ရှင်နေတုန်းပဲ။ အသက်တောင် ရှူနေကြသေးတယ်’ ဟု ပြောလိုက်သည်။

မိုင်ကယ် ပြောလိုက်သောအသံမှာ အားရပါးရ ရှိလှသည်။ သူ့ မိတ်ဆွေများက အံ့အားသင့်ပြီး သူ့ကို စိုက်ကြည့်နေကြသည်။ မိုင်ကယ် ရင်ထဲတွင် ကျိတ်ခံစားနေရသည့် ဝေဒနာ၊ ကျောက်ဆစ်ထုချင်သည့် ဇောဆန္ဒ ဝေဒနာသည် ဤနေရာမှာ ပေါက်ကွဲလေတော့သည်။

‘ဘုရားသခင်ကိုယ်တိုင် လက်ဦးအစ ပန်းပုဆရာကြီးပဲ၊ လူ ပုံသဏ္ဍာန်ကို သူပဲ ဖန်တီးခဲ့တယ်။ ပြီးတော့ သူရဲ့ ပညတ်တော်တွေ ပေးတဲ့ အခါမှာ ဘယ်လို ပစ္စည်းကို သုံးသလဲ၊ ကျောက်ကိုပဲ သုံးတယ် မဟုတ်လား။ ကြည့်စမ်း၊ ငါတို့ ပန်းချီဆရာတွေ ခရစ်ယာန် ဘုရားရှိခိုးကျောင်း လှေကားပေါ်မှာ ပြည့်ကျပ်လို့။ ပန်းပုဆရာများ ဘယ်နှယောက် ဒီမြို့တော်ကြီးမှာ ကျန်ခဲ့သေးလဲ’

မိုင်ကယ်၏ မျက်လုံးများသည် ညနေဆည်းဆာ မလင်းမမှောင် အချိန်

တွင် တဖိတ်ဖိတ် တောက်ပနေသည်။ အဘယ်ကြောင့် ပန်းပုဆရာများ မရှိတော့သည်ကို သူ ဆက်ပြောသည်။

တူ တံစဉ်များကို ကိုင်၍ အလုပ်လုပ်ရသည်မှာ စိတ်ရော လူပါ ပင်ပန်းလှသည်။ ပန်းချီဆရာများမှာမူ စုတ်တံ ကလောင်များနှင့် သက်သက်သာသာ ရေးဆွဲကြရသည်။

ထိုအခါ ဂျက်ကိုပိုက သရော်လိုက်သည်။ ဃရာဏာချီက မိုင်ကယ်ကို အသာအယာ ဖျောင်းဖျပြောသည်။

'မောပန်းတာကို ချိန်ထိုးပြီး အနုပညာကို ဆုံးဖြတ်ကြစို့ဆိုရင် ကျောက်တွင်း တူးတဲ့လူက ပန်းပုဆရာထက် သာပြီး ပန်းပဲသမားက ပန်းထိမ်ဆရာထက် သာနေတော့မှာပေါ့'

မိုင်ကယ်က မလျှော့သေးဘဲ ထပ်ပြောပြန်သည်။

'အနုပညာကို ဘာနဲ့ချိန်ထိုးပြီး ဆုံးဖြတ်သလဲ။ လောကရဲ့ အမှန်တရားကို သရုပ်ဖော်နိုင်တာနဲ့ ဆုံးဖြတ်တယ် မဟုတ်လား။ ပန်းပုပညာနဲ့ ပုံသဏ္ဍာန်ကို အတိအကျဆုံး သရုပ်ဖော်နိုင်တယ်။ ပုံသဏ္ဍာန်ကို လေးဖက် လေးတန် အပြည့်အဝ ပြပေးနိုင်တယ်။ မျက်စိလျင်ရမယ့်နေရာ၊ လက်အချိန်အဆ ထားတဲ့ နေရာတွေမှာ တခြား အနုပညာတွေထက် အဆ ရာထောင် တိကျဖို့လိုတယ်'

ဂျက်ကိုပိုသည် သူ ထိုင်နေသည့် နေရာမှ အောက်သို့ ခုန်ဆင်းလိုက်သည်။

'အလကားပါကွာ၊ ပန်းပုပညာ ဆိုတာကိုက ပျင်းစရာကြီးပါ။ ဒီ ပညာနဲ့ ဘာများ သရုပ်ဖော်နိုင်လို့လဲ။ လူ ယောကျ်ား၊ မိန်းမ၊ ခြင်္သေ့၊ မြင်း ဒါတွေပဲ ထပ်တလဲလဲချည်း လုပ်နေကြတာပဲ။ ပန်းချီပညာနဲ့ဆိုရင် လောကကြီး တစ်ခုလုံး သရုပ်ဖော်လို့ မကုန်နိုင်ဘူး။ နေ လ နက္ခတ်တာရာ၊ တော တောင် ရေမြေ၊ မြစ် ချောင်း သမုဒ္ဒရာ တွေပေါ့။ ပန်းပုသမားတွေ မရှိတော့တာ ဘာမှ မဟုတ်ဘူး။ တစ်ခါလာ မဲပြာပုဆိုး၊ ထပ်ခါတလဲလဲ လုပ်ရတာနဲ့ ကြာတော့ ပျင်းပြီး ပျက်စီးကုန်တာပေါ့'

မိုင်ကယ်၏ မျက်လုံးများ မျက်ရည်တွေ ပြည့်လာသည်။

'ပန်းချီဆိုတာ ပျက်စီးလွယ်တယ်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်း မီးလောင်သွားမယ်၊ ဥတုရာသီ သိပ်အေးလွန်းမယ်ဆိုရင် ဆေးတွေ မှိန်ကုန်တာပဲ။ ကျောက်သားကမှ ကမ္ဘာတည်အောင် မြဲတာ။ ဟောကြည့်၊ ဒီသင်္ချိုင်းဂူပေါ်က အရုပ်တွေ ကြည့်စမ်း၊ သူတို့ကို ထုတဲ့နေ့ကအတိုင်း ဒီနေ့အထိ အသစ်စက်စက်ပဲ'

ထိုအခါ မေနာဒီဆိုသူ လူငယ်တစ်ဦးက ညင်သာစွာပင် ပြောလိုက်ပြန်သည်။

'မိုင်ကယ်၊ အခု ပန်းပုပညာသည်တွေ ရှားနေတာဟာ ကျောက်သားတွေ၊ ကြေးဝါတွေ ဈေးကြီးလို့ ဆိုတာကော မင်း စဉ်းစားမိရဲ့လား။ ပန်းချီဆေးက ဈေးပေါတယ်၊ ပိုက်ဆံပေးခိုင်းတဲ့ လူတွေလည်း ပေါတယ်။ မင်း ကျောက်ဆစ်က လေ့ကျင့်နေတုန်း ဘယ်သူက ကျွေးထားမှာလဲ။ ပြီးတော့ လေ့ကျင့်စရာ ကျောက်တုံးကော ဘယ်သူက ပေးမှာလဲ'

မိုင်ကယ် အဖြေမပေးနိုင်ဘဲ ငိုင်နေရှာတော့သည်။ ဘာမှ မပြောဘဲ ခရစ်ယာန် ဘုရားရှိခိုးကျောင်းထဲက ထွက်လာခဲ့သည်။

ထိုည၊ မိုင်ကယ်သည် တလူးလူး တလွန့်လွန့်နှင့် အိပ်၍ မပျော်ချေ။ အခန်းထဲတွင် ပူအိုက်လှသည်။ မိုင်ကယ်သည် အိပ်နေရာက ထ၊ အဝတ်အစားများ လဲလှယ်ပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။ မြို့ထဲ ဖြတ်သန်းခဲ့ပြီး အပြင်ဘက် တောလမ်းသို့လျှောက်ကာ ငယ်စဉ်က သူနေခဲ့သည့် ဆက်တီဂန်နို တောင်ခြေသို့ လာခဲ့သည်။ တပ်စကင်နီနယ် တောင်တွေ နံနက် အိပ်ရာက နိုးလာပုံကို သူ မြင်ချင်သည်။ အနားပတ်လည်ရှိ ဆိုင်ပရက်ပင်တွေ၊ ပေါ်ပီပန်းပင်တွေကို ပန်းချီဆရာတွေ အငမ်းမရ ရေးဆွဲကြသည်။

မိုင်ကယ်က သင်းမျိုးတွေ ဝါသနာ မပါချေ။ သူ့အဖို့မှာ အာနို တောင်ကြားကိုသာ မေတ္တာသက်ဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ထုထွင်းထားခဲ့သော ရှုမျှော်ခင်းကြီးကြောင့် ဖြစ်သည်။

မိုင်ကယ်သည် တောင်တွေဆီသို့ သွားသောလမ်းပေါ် တက်လာခဲ့သည်။ လမ်းတစ်ဖက်တစ်ချက်တွင် ၁၃ ပေအထိ မြင့်သော ကျောက်နံရံများ ဆောက်ထားသည်။ သားစဉ်မြေးဆက် တည်ဆောက်ထားခဲ့ကြသည်။ သူတို့ကို သဘာဝ ကျောက်တုံးတွေ ဖောဖောသီသီ ပေးထားခဲ့သည်။ မြင်မြင်သမျှတွင် ကျောက်တုံးတွေ တူးဖော်ချင်သလောက် တူး၍ ရနိုင်သည်။

မိုင်ကယ်သည် လမ်းတစ်လျှောက်တွင် ရှေးအခါက ဖလော်ရင့် မြို့သား ပန်းပုဆရာကြီးများ အသုံးပြုခဲ့ကြသည့် ကျောက်တုံးများထားရာ ကုန်းပြင်များကို တွေ့ရသည်။ သွားလေသူ ပညာသည်များ၏ အမည်ကို အမှတ်ရပြီး မိုင်ကယ်သည် စိတ်အားငယ်သွားသည်။ မှန်ပေသည်။ ပန်းပုပညာ ဆိတ်သုဉ်းခဲ့ပေပြီ။ သူ လူဖြစ် နောက်ကျခဲ့ပြီ။ မိုင်ကယ်သည် ရင်ထဲမှာ ဝေဒနာကြီးတစ်ခုရပြီး ရှေ့ဆက် လာခဲ့သည်။

ရှေးက မိုင်ကယ်တို့ မိဘများ နေခဲ့သော တိုက်အိမ်ကြီးသည် ငါးကေမျှ

ရှိသော ဥယျာဉ်ခြံမြေပေါ်တွင် ဆောက်ထားသည်။ ယခုတော့ လူစိမ်းတွေကို နှစ်ရှည်စီမံကိန်းနဲ့ ငှားထားသည်။ တိုက်အိမ်ကို ငြိမ်းချမ်းသာကြည် ကျောက်သားများဖြင့် ဆောက်လုပ်ထားသည်။ ရိုးရိုးနှင့် အလွန်လှသည်။ တံခါး၀ အမိုးခုံးတွေမှာ ကျယ်ပြန့်သည်။ တောင်ချောက်ကြားကို အထက်ကနေပြီး ဆီးထားသကဲ့သို့ ရှိသည်။ မိုင်ကယ်သည် လယ်ပြင်တွေဘက်ဆီ မြင်ရသော သူ့အခန်းကလေးကို သတိရသည်။ သူ အိပ်ရာဝင်ချိန် သူ့ အမေက နမ်းရှုပ်နှုတ်ဆက်သည်ကို တစ်ဖန်မြင်မိပြန်သည်။

မိုင်ကယ်သည် တောင်ခြေဆီသို့ ဆင်းလာခဲ့သည်။ လမ်းတစ်ဖက်တွင် ဂျုံစိုက် လယ်မြေများနှင့် အခြားတစ်ဖက်တွင် မှည့်ရွှမ်းသော စပျစ်ပင်များ ရှိသည်။ တောင်ရိုးလေးကို တက်လိုက်လျှင် တိုပိုလီနီ မိသားစုတို့ နေသည့် အိမ်ဝင်းထဲ ရောက်သွားသည်။ ဝင်းထဲ၌ကား ကျောက်တုံးတွေ ထားသည်။ မိုင်ကယ်သည် ခဏရပ်ပြီး သူ့ရှေ့က မြင်ကွင်းကို ကြည့်သည်။ ဤသည်ပင် သူ၏ ဘူမိနက်သန်နေရာ ဖြစ်တော့သည်။ ဤနေရာသည် သူ့အဖို့ မှီခိုလဲလျောင်းရာ ဖြစ်သည်။ အဖေကြီးက သံတံစဉ်များနှင့် ကျောက်တိုင်ကြီးတစ်ခုကို အချောကိုင်နေသည်။ သားအငယ်က လှေကားထစ်များ ပုံဖော်နေသည်။ သားအကြီးနှစ်ယောက်မှာ တစ်ယောက်က ပြတင်းပေါက်ပေါင် ထွင်းနေသည်။ တစ်ယောက်က တံခါးပေါက် ပေါင်ကို အကွက် ဖော်နေသည်။ အဘိုးအေကြီးက ကျောက်သားတစ်တုံးကို ချောအောင် ပွတ်နေသည်။

မိုင်ကယ်အဖို့ ကျောက်တုံးတွေ ဖြတ်သူမှာ ပန်းပုဆရာနှင့် ဘာမှ မခြားဘူးဟု ထင်သည်။ ဖလော်ရင့်မြို့ပေါ်ရှိ အိမ်တော် နန်းတော်ကြီးတွေ ဆောက်ဖို့အတွက် ကျောက်အုတ်တွေဖြတ်၊ အနားသတ်ပေးသည့်အခါတွင် ပန်းပုဆရာကဲ့သို့ပင် ကျောက်သားအရောင် ပေါ်လာအောင် တစ်တုံးစီ လုပ်ပေးကြသည်။ ထိုနယ်သားများသည် လမ်းခင်းရန် ကျောက်တုံးပင် ဖြစ်စေ ညီညီညာညာ ချောနေအောင် ဖြတ်ကြသည်ဟု ဂုဏ်ယူသည်။

သူတို့ လူစုထဲတွင် ပြောနေကျ ပြက်လုံးတစ်ခု ရှိသည်။ တစ်ခါက ရာဇဝတ်သား တစ်ယောက်ကို လှည်းနှင့်တင်၍ ကြိုးစင်ရှိရာသို့ ဆောင်ကြဉ်းလာသည်။ လှည်းသည် လမ်းပေါ်တွင် ခုန်ဆွ မောင်းနှင်လာရာ ရာဇဝတ်သားက–

'ဘယ်လို လူမိုက်မျိုးတွေလဲ မသိပါဘူး၊ လမ်းခင်းတဲ့ ကျောက်တုံးကိုမှ ညီညီညာညာ မဖြတ်တတ်ကြဘူး' ဟု ညည်းညူသော ဟူ၏။

မိုင်ကယ်ကို တိုပိုလီနီ မိသားစုက အားပါးတရ နှုတ်ဆက်ကြသည်။ သူတို့ စကား တိုတိုတုတ်တုတ် ပြောကြသည်။ လက်ထဲ ကိုင်ထုနေသည့် တူချက်

နှင့် စည်းချက်ကျ စကားလုံးများက ထွက်လာသည်။ ကျောက်ဆစ်နေချိန်တွင် စကားလုံးလုံး မပြောချေ။ တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ်၊ စကားတစ်လုံးမှ မထွက်ဘဲ ဆောက်ကို အချက်ကျ ချနေသည်။ စကားပြောချင်လျှင် တစ် နှစ် သုံး လေး အရေအတွက် အတွင်းမှာ ပြောရသည်။ လေး ဟု ဆိုသည်နှင့် စကား ဆုံးလျှင်ဆုံး၊ မဆုံးလျှင် ဆက်ပြောရန် မဖြစ်တော့ချေ။

သားယောကျ်ားကလေးတွေကို ခြောက်နှစ် အရွယ်ကပင် တူနှင့် ဆောက် ပေးထားသည်။ ဆယ်နှစ်သား ဆိုသည်နှင့် အချိန်ပြည့် လုပ်နေကြတော့သည်။ သားပေး၊ သမီးယူ ကိစ္စတွေလည်း ကျောက်ဆစ်လုပ်ငန်း အတွင်းထဲမှာပင် ပြုကြသည်။ အပြင်လူဆိုလျှင် သူတို့ အသိုင်းအဝန်းထဲ၌ အလုပ်အကိုင် မရနိုင်ချေ။

တိုပိုလီနီက မိုင်ကယ်ကို ‘ပန်းချီဆရာကြီးထံ ပညာသင်နေရတာ ပျော်ရဲ့ လား’ စသည်ဖြင့် မေးမြန်းသည်။ မိုင်ကယ်က မပျော်လှကြောင်း၊ ကျောက်ဆစ် ပန်းပုကိုသာ စိတ်ပါကြောင်း ပြောသည်။

‘ကျောက်သားဖြတ်သူ အလုပ်သမား လိုသည်၊ လုပ်ချင် လာခဲ့’ ဟု ခေါ်သည်။

မိုင်ကယ် အူမြူးသွားသည်။ သို့သော် ထိုအလုပ် ဝင်ရလျှင် ထိုမိသားစု ၏ ထမင်းလုပ်ကို ဝင်စားရသည်နှင့် တူသည်။ သို့ဖြစ်၍ မိုင်ကယ်က အဖေက ခွင့်ပြုမည် မဟုတ်ဟု ပြောလိုက်ရသည်။ သို့ပေမင့် မိုင်ကယ်သည် ရောက်လာ သည့်အခါ ကျောက်တုံး ဝင်ဖြတ်ရဦးမည်။

မိုင်ကယ်သည် ကျောက်တုံးအကြမ်း တစ်တုံးရှေ့မှ ထိုင်ပြီး လက်တစ်ဖက် က တူ၊ တစ်ဖက်က ဆောက်ကို ကိုင်၍ အလုပ်စ၏။ သူ့၌ ပင်ကို ပါရမီ ရှိသည်။ သူ့လက်ချက် ကျရာတွင် ကျောက်တုံးသည် မုန့်များ လှီးချသလို အလိုက် သင့် ပြတ်သွားသည်။ မိုင်ကယ်သည် ကျောက်သားနှင့်လက် တွေ့လိုက်ရသည်နှင့် လောကကြီး တစ်ခုလုံး ပြန်၍ သာယာသွားတော့သည်။

“ငြိမ်းချမ်းသာကြည်” ကျောက်တုံးများသည် ပြာလဲ့လဲ့ အရောင်နှင့် အသက်ဝင်သည်။ ခိုင်ခံ့သလောက် ပြုပြင်ရာ ခံသည်။ တိုပိုလီနီ မိသားစုက မိုင်ကယ်ကို ကျောက်တုံးအကြောင်း သိကောင်းစရာ ပညာပေးခဲ့သည်။ “ကျောက် တုံးများ၏ သဘာဝ အနေအထားကို ကိုင်မိအောင် ရှာယူရမည်။ လုပ်မရတိုင်း ကျောက်သားကို စိတ်မဆိုးနှင့်၊ အပြစ်မရှာနှင့်။ ကျောက်တုံးဟာ မင်းနှင့် လုပ်ဖော် ကိုင်ဖက်ပဲ၊ သူ့ရဲ့ အရည်အသွေးကို သူ့ဘာသာ ဖော်လိမ့်မည်။

“သို့ပေမဲ့ အထုအရိုက်ကတော့ လိမ္မာမှ၊ မှတ်ထားကွယ့်၊ ကျောက်တုံး တိုင်းမှာ သူ့သဘာဝနှင့် သူ တစ်မျိုးစီ ရှိကြတယ်။ ကျင်လည်တဲ့လက်နဲ့ မေတ္တာ ထားပြီး ထုမှ ကျောက်တုံးက ကိုယ့်အလိုကို လိုက်တာကွယ့်”

ကျောက်သား ကိုင်ရာတွင် ကျောက်သားက အရှင်သခင် ဖြစ်သည်။ ကျောက်ဆစ်ပန်းရန်က သူ့သခင် မဟုတ်ချေ။ ပန်းရန်က ကျောက်ကို အရမ်းရိုက်လျှင် ပညာမဲ့သည့် လယ်သမား နွားကို အရမ်းရိုက်သည်နှင့်သာ တူမည်။ အသက်ရှင်၍ ချစ်ခင်တတ်သော နွားတိရစ္ဆာန်သည် ရိုက်လွန်း၍ ပေကပ်သွားမည်။ လက်ထဲမှာပင် သေချင် သေသွားမည်။ မေတ္တာထားလျှင် သူက တုံ့ပြန်သည်။ မေတ္တာနှင့် ကိုင်သော လက်၏အောက်တွင် ကျောက်တုံးသည် အရောင်ပြောင်လက်လာသည်။ ကျောက်တုံးသည် နယ်နယ်ရရ မဟုတ်။ သူ့အတွင်းသဏ္ဌာန်တွင်းမှာ တန်ခိုးသတ္တိတွေ ကိန်းအောင်းနေသည်။ ညဥ့် သူ့ကို ဖုံးအုပ်ထားရသည်။ လပြည့်နေ့ လရောင်တွေများ ထိုးမိလျှင် ကွဲသွားတတ်သည်။ ကျောက်ကို ကျောက်ဆစ်သမားများက သူတို့ အလွန်နှစ်သက်၍ ရှားပါးသော အစားအစာကို အစွဲအမှတ်ပြုပြီး "အမဲသား" ဟု ခေါ်ကြသည်။

မိုင်ကယ် ငယ်စဉ်က နို့တိုက်မွေးခဲ့သော မွန်နာမာဂရီတာ ထွက်လာသည်။ မိုင်ကယ်ကို ချစ်ခင်စွာ နှုတ်ဆက်သည်။ မိုင်ကယ်၏ အဖေက ထိုမိန်းမအပေါ် မကျေမချမ်းနိုင် ရှိသည်။ သူ့သား မိုင်ကယ် ကျောက်ဆစ် ဝါသနာပါသည်မှာ သူ့နို့စို့ ကြီးခဲ့ရလို့ဟု ဆိုသည်။

မိုင်ကယ်သည် တိုပိုလီနို သားအဖတွေနှင့်အတူ ကျောက်တုံး တူးဖော်သည့်နေရာ တောင်ကြားသို့ လိုက်သွားသည်။ ဖြူဖွေးလှပသော နွားတစ်ရှဉ်းက သည့် လှည်းပေါ်တွင် အကျထိုင်လိုက်သွားကြသည်။ လယ်ပြင်များထဲတွင် သံလွင်သီး ခူးသူတွေ မြင်ရသည်။ သူတို့သည် ခြင်းတောင်းများကို ခါးတွင် ကြိုးနှင့်ချည်ပြီး သစ်ကိုင်းများနှင့် ခနော်ခနဲ့ လုပ်ထားသော လှေကားဖြင့် သံလွင်ပင်ကို ထောင်၍ တက်ကြသည်။ လက်ဝဲဘက်လက်ဖြင့် သစ်ကိုင်းကို ကိုင်ပြီး လက်ယာဘက် လက်ဖြင့် သံလွင်သီးများကို နို့ညှစ်သလို တောင်းထဲသို့ သပ်ချသည်။

လမ်းကို ကွေ့လိုက်လျှင် ကျောက်တုံးများ တူးနေသည့်နေရာသို့ ရောက်လာသည်။ တိုပိုလီနိုသည် ကျောက်တုံးများကို ကြည့်ပြီး–

'ဒီဟာက အဖုတွေ များတယ်၊ ဒါက သံခာတ်တွေ ပါတယ်၊ ဒီဥစ္စာအထဲမှာ အခေါင်းကြီး။ ဟောဒီမှာ ဒါမှ အမဲသားတုံးကြီးပဲ' ဟု ပြောပြီး ကျောက်တုံးကြီးကို လူတွေအားလုံး အားနှင့် မ တင်ပြီး လှည်းပေါ် တင်ခဲ့ကြသည်။

မိုင်ကယ်သည် နဖူးက ချွေးသုတ်ပြီး တိုပိုလီနို သားအဖတစ်တွေကို နှုတ်ဆက်သည်။ 'နက်ဖြန်ခါပေါ့နော်' ဟု ပြောကြသည်။ မိုင်ကယ်အဖို့ သူတို့ မိသားစုနှင့် နောက်တစ်ခါ တွေ့ရမည့်နေ့ပင် နက်ဖြန် ဖြစ်တော့သည်။ ဘယ်တော့ကြာမှပင် တွေ့ရပါစေ၊ တစ်ပတ်ပဲကြာကြာ၊ တစ်နှစ်ပဲကြာကြာ သူတို့အဖို့မှာ

ကား "နက်ဖြန်ခါ" ပင်ဖြစ်သည်။ မိုင်ကယ်သည် တောင်ပေါ်က ဆင်းလာခဲ့သည်။ သူ့စိတ်တွေ မိုးအထိ တက်ကြွနေသည်။

*

ဤသို့ အခွင့်မပန်ကြားဘဲ မိုင်ကယ်က တစ်နေ့လုံး လစ်ခဲ့သည်။ နောက်တစ်နေ့ စတူဒီယိုသို့ စောစောရောက်အောင် သွားသည်။ ဆရာကြီးသည် ညက တစ်ညလုံး ဖယောင်းတိုင် ထွန်း၍ ပုံဆွဲနေခဲ့၏။ မိုင်ကယ် ရောက်လာသောအခါ ဖယောင်းတိုင် မီးမှိတ်တုတ်အနီးတွင် မုတ်ဆိတ်မွေး ဗရပျစ်နှင့် ထိုင်နေသည်ကို တွေ့ရသည်။ သူ့လက်တွေ အပေါ်မြှောက်လိုက်၊ လက်ချောင်းတွေ ခါလိုက်နှင့် သောကများနေဟန် တူသည်။

မိုင်ကယ်သည် ဆရာကြီး ဆွဲလက်စ ပုံများကို စိုက်ကြည့်သည်။ သူတော်စင် ဂျွန် ကျမ်းစာဖတ် သိမ်းသွင်းရမည့် ယေရှု သူငယ်လေး ပုံများ ဖြစ်နေသည်။ တစ်ပိုင်းတစ်စတွေချည်း ဖြစ်သည်။

'ငါ ဆွဲရမယ့်ပုံရှင် ယေရှုက ငါ့ကို ပြန်ခြောက်နေတယ်' ဟု ဆရာကြီးက ညည်းလိုက်သည်။

မိုင်ကယ် ကိုယ်တိုင်ပင် ယေရှု၏ပုံကို စမ်းဆွဲကြည့်နေခဲ့သည်မှာ တစ်ပတ်ခန့် ရှိပြီ ဖြစ်သည်။ နောက်ဆုံး သူဆွဲသည့် ယေရှု၏ ပုံပန်းမှာ အားကောင်းသည့် ပခုံးကျယ်ကြီးနှင့် ထွားကျိုင်းသော ပေါင်တံ၊ ခြေထောက်များ ခွန်အားပြည့်သော လူငယ်တစ်ဦး၏ပုံ သရုပ်ဖော်ထားသည်။

ဆရာကြီးသည် မိုင်ကယ် ဆွဲသည့်ပုံကို ကြည့်ကာ လန့်ဖျပ်သွားတော့ မလို ဖြစ်သွားသည်။

'ဟင် မဖြစ်ဘူး၊ ယေရှုကို သာမန် အလုပ်သမား လူတန်းစားထဲကမျိုးလို ရေးဆွဲပေးလို့ ဒီမြို့တော်ကြီးက ဘယ်လက်ခံပါ့မလဲ' ဟု ပြောသည်။

မိုင်ကယ်သည် ပြုံးနေသည်။

'ယေရှုဟာလည်း လက်သမား တစ်ယောက်ပါပဲ'

ရက်အနည်းငယ် ကြာလျှင် စတူဒီယိုတွင် သူတို့ အလုပ်များနေကြသည်။ ဆရာကြီးသည် ရေးဆွဲသော ယေရှုရုပ်ပုံကို ပုံကြီးချဲ့ပြီး နံရံပန်းချီကားပေါ်သို့ ပြောင်းဆွဲဖို့ အသင့်ဖြစ်နေလေပြီ။ မိုင်ကယ်သည် ဆရာကြီး အပြီးသတ်ထားသော ယေရှု၏ ရုပ်ပုံကို ကြည့်လိုက်သောအခါ ကြက်သေ သေသွားသည်။ သူ ဆွဲပြခဲ့တဲ့ ပုံအတိုင်း ပါပဲလား။

မကြာမီပင် သူတို့လူစု ဆင်တာမာရီယာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ တစုတဝေးကြီး သွားကြရပြန်သည်။ မယ်တော်မေရီ ကွယ်လွန်သည့် အခန်းကို နံရံပန်းချီ ရေးဆွဲကြမည့်နေ့ ဖြစ်သည်။

မိုင်ကယ်သည် ငြမ်းတွေ ဆင်ထားသည့်အောက်တွင် မယောင်မလည် လျှောက်နေသည်။ ငြမ်းများ အဆင့်ဆင့် တက်နေသည့်အပေါ်တွင် ပန်းချီဆရာ တွေ အလုပ် လုပ်နေကြသည်။ ပလတ်စတာ၊ သဲ အစရှိသည့် ပစ္စည်းများကို ပျဉ်ပြားပေါ် တင်ထားသည်။ လူကလေးတွေ သေးသေးလေးသာ မြင်ရသည်။

မိုင်ကယ်သည် ခုံတစ်ခုံပေါ်၌ ထိုင်၍ သူ့အိတ်ထဲက မီးသွေးနှင့် စက္ကူကို ထုတ်ယူကာ သူ့မျက်စိရှေ့တွင် တွေ့ရသော မြင်ကွင်းကို ရေးဆွဲသည်။ မည်မျှ ကြာသွားသည် မသိ၊ သူ့နောက်က စူးရှသော မျက်လုံးအစုံတို့သည် သူ့ကို ထိုးထွင်း စိုက်ကြည့်နေသည်ဟု သူ့စိတ်ထဲက သိလိုက်သဖြင့် လှည့်ကြည့်သည်။

'ဆရာကြီးပါလား'

ဆရာကြီးသည် အသံပင် မထွက်နိုင်ဘဲ တိုးတိုးကလေး မိုင်ကယ်ကို ပြောသည်။

'အင်း တချို့နေရာတွေမှာ မင်းဟာ ငါ့ထက် ပိုသိနေပါပကောလား၊ ငါ ဒီအလုပ် လုပ်လာတာ နှစ်ပေါင်း သုံးဆယ်ရှိပြီ။ ကဲ နက်ဖြန်ကျရင် စတူဒီယိုကို စောစောလာခဲ့၊ မင်းအတွက် လုပ်ပေးစရာတွေ ရှိတယ်'

နောက်တစ်နေ့ နံနက်တွင် ဆရာကြီးသည် မိုင်ကယ်အား ဃရာဏာချီနှင့် အပ်ပြီး စတူဒီယို နောက်ဖေးခြံထဲက ဝင်းနံရံတွင် အလုပ် လုပ်စေသည်။

ဃရာဏာချီသည် ပလတ်စတာကိုင်ပုံ သင်ပေးသည်။ မဟုတ်လျှင် ကွာ ကျသွားပြီး ကိုယ်ဆွဲသည့် ပန်းချီကားပါ တစ်ခါတည်း ပါသွားမည်။ ပလတ်စတာ ကို ရေနှင့် ပက်ရိုက်ပေးပြီး ချောနေအောင် ညှိရသည်။ သို့မှသာ ထောပတ်သားပမာ နူးချောမွတ်နေမည်။ ပလတ်စတာကိုင်သည့် တူးရှင်းတိုလေးကို ကျင်လည်စွာ ကိုင်တတ်ဖို့ အရေးကြီးသည်။

'ဃရာဏာချီ၊ ဒီတူးရှင်းကို မကိုင်ချင်ဘူး၊ ကလောင်တံနဲ့ ဆွဲချင်တယ်'

ထိုအခါ ဃရာဏာချီက ငေါက်လိုက်သည်။

'အနုပညာသည်ဆိုတာ ညစ်ညစ်ပတ်ပတ် အလုပ်သော ဘာသော မရွေး ဘဲ လုပ်ရတယ်'

အင်္ဂတေ ရောစပ်ပြီးလျှင် ဃရာဏာချီသည် ကိုယ်လိုသလို လှည့်ပတ်၍ ရသော တူးရှင်းကော်လေးတစ်ခု မိုင်ကယ်၏လက်ထဲ ထည့်လိုက်သည်။ ခဏ အတွင်းမှာပင် မိုင်ကယ် လက်တွေ့သွားသည်။ ပလတ်စတာ ခြောက်သွားလျှင် ဃရာဏာချီက စတူဒီယိုထဲက ကားချပ်အဟောင်းတစ်ခုကို သူ့လက်နှင့်ကိုင်ပြီး ပလတ်စတာပေါ်မှာ ထပ်ပေးသည်။ မိုင်ကယ်က ဆင်စွယ် တုတ်ချွန်လေးနှင့် ထိုကားချပ်ပေါ် ဆွဲထားသည့် ပုံအရေးအကြောင်းအတိုင်း အပေါက်ကလေးတွေ

လိုက်ဖောက်ရသည်။ ထို့နောက် ထိုအပေါက်ကလေးတွေထဲသို့ မီးသွေးထည့်သည်။

ဃရာဏာချီက ကားချပ်ကြီးကို ပြန်ခွာလိုက်သောအခါ မိုင်ကယ်သည် ဆေးနီရောင်နှင့် မီးသွေး အမဲစက်ကလေးများကို လိုက်ဆက်ရသည်။ ဆေးခြောက်သောအခါ မီးသွေးမှုန့်များကို ကြက်တောင်လေးနှင့် အသာ ကော်ထုတ်ပစ်လိုက်သည်။ သည်လိုနှင့် နံရံပန်းချီကားအတွက် တစ်ကြောင်း ဆွဲပုံ ရသည်။ ပြီးလျှင် အရောင်သွင်းရမည်။

ထိုအခါ မေနာဒီက စတူဒီယိုထဲ ဝင်လာပြီး မိုင်ကယ်ကို သူ့ဆီ ဆွဲခေါ်ပြီး ပြောသည်။

'ဒီမှာ မှတ်ထားကွ၊ ပလတ်စတာက အလွန် အပြောင်းအလဲ မြန်တယ်။ မနက်ဆိုရင် မင်း ဆေးတွေကို ခပ်ကျဲကျဲ ဖျော်ရတယ်၊ သို့မဟုတ်ရင် ခဲကုန်ရော။ ညနေဘက်ကျတော့ ခပ်ပျစ်ပျစ်မှ၊ ပလတ်စတာက စုပ်အား သိပ်မရှိဘူး။ ဆေးရောင် သွင်းဖို့က ထားဦး၊ အရင်ဆုံး ဆေးထောင်းတတ်ဖို့က လိုသေးတယ်'

ရောင်စုံဆေးအတုံးများကို ပရဆေးဆိုင်က ဝယ်လာသည်။ တစ်တုံးတစ်တုံးမှာ သစ်ကြားသီးလုံးလောက် ကြီးသည်။ သူတို့ကို ကျောက်ဆုံမှာ ထည့်၍ ကျောက်ကျည်ပွေ့နှင့် ထောင်းရသည်။ တစ်တုံးကို နှစ်နာရီထက်မနည်း ကြာအောင် ထောင်းရသည်။

ထိုအခိုက် ဆရာကြီး ဝင်လာသည်။

'အနက်ရောင် လိုချင်ရင် ရော့၊ ဟောဒါကို နည်းနည်း လျော့စေချင်ရင် အစိမ်းရောင် ရောစပ်လိုက်'

ထိုအခါ ဃရာဏာချီက ဝင်ပြောလိုက်ပြန်သည်။

'အို အရောင်စပ်တာတွေ သင်ပေးနေလို့ မဖြစ်သေးပါဘူး၊ ကိုယ့် စုတ်တံကိုယ့်ဘာသာမှ မလုပ်တတ်သေးဘဲနဲ့။ ဒီမှာကြည့် မိုင်ကယ်၊ ဝက်အဖြူ ကိုယ်က အမွေးကို ယူလုပ်တာ သိရဲ့လား၊ အိမ်မှာမွေးတဲ့ ဝက်က ဟာမှ ယူရတယ်နော်။ ဝက်မွေး တစ်ပေါင်လောက်ဆိုရင် ....'

မိုင်ကယ်သည် ပြောင်ချော်ချော်နှင့် စိတ်ပျက်ဟန် အမူအရာမျိုး တမင် လုပ်ကာ လက်နှင့်ကာပြီး–

'ကယ်တော်မူကြပါဗျို့၊ သုံးနှစ်စာကို တစ်မနက်တည်းနဲ့ အတင်း ရိုက်သွင်း သင်နေကြပါပြီ ဗျို့' ဟု အော်လိုက်သည်။

*

ဆောင်းဦးပေါက်အချိန် ရောက်လာလျှင် မိုင်ကယ်သည် နံရံပန်းချီကား ရေးဆွဲခွင့်ရသည်။ မယ်တော်မာရီ ကွယ်လွန်ခန်းအတွက် ပုံတွေကို သူ ရေးဆွဲပြီးစီးခဲ့ပြီဖြစ်ရာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပန်းချီကားအဖြစ် တင်ရတော့မည်။ ဤသည်ပင် မိုင်ကယ်၏ ပွဲဦးထွက် နံရံပန်းချီလက်ရာ ဖြစ်သည်။

မိုင်ကယ်သည် ဃရာဏာချီနှင့် နှစ်ယောက်သား ပလတ်စတာ၊ ရေပုံး၊ ခုတ်တုံ၊ ကားချပ်များကို ငြမ်းပေါ်သို့ သယ်ယူလာခဲ့ကြသည်။ မိုင်ကယ်သည် မှတ်ဆိတ်ဖားနှင့် ယေရှု၏ တပည့်သား ရုပ်ပုံတစ်ချပ်ကို နံရံမှာ ကပ်လိုက်သည်။ တစ်ကြောင်းဆွဲ ပုံသဏ္ဍာန် ရပြီးသောအခါ ဆေးရောင်များစပ်ပြီး စုတ်တံကို ကိုင်လိုက်သည်။ မိုင်ကယ်သည် အရောင်မတင်သေးဘဲ သူ့မိတ်ဆွေ ဃရာဏာချီ၏ မျက်နှာကို မျက်လုံးရွဲကြီးနှင့် စိုက်ကြည့်လိုက်သည်။

'မိုင်ကယ်၊ မင်းကို ငါ မကူနိုင်တော့ဘူး။ ခုအချိန်ကစပြီး မင်းနဲ့ ဘုရားသခင်ပဲ အတူတူ နေခဲ့ကြတော့၊ အောင်မြင်ပါစေကွာ' ပြောပြောဆိုဆိုနှင့် ဃရာဏာချီသည် ငြမ်းပေါ်က အောက်သို့ ဆင်းသွားသည်။

မိုင်ကယ်သည် ငြမ်းပေါ်မှာ သူ့ချည်း ကျန်ခဲ့သည်။ ခဏအတွင်း မှုန်နောက်နောက် ဖြစ်လာသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး တစ်ခုလုံးသည် အလွန်ကျယ်ဝန်းပြီး ဟင်းလင်းကြီး ဖြစ်နေသည် ထင်သည်။ သူ့နှာခေါင်းထဲတွင် ပလတ်စတာနှင့် ဆေးနံ့များ စူးနေသည်။ သူသည် ဆေးအနည်းငယ်မျှ တို့ယူလိုက်ပြီး မေးစေ့၊ နှာခေါင်း၊ နှုတ်ခမ်းတွေက စပြီး အရောင်သွင်းတော့သည်။

တတိယမြောက်သော နေ့တွင်ကား မိုင်ကယ် အလုပ်လုပ်ရာတွင် ဥပဒေသ၊ နည်းကမ်းအတိုင်း မလုပ်ကြောင်း လူတိုင်းပင် သိကြသည်။ လူ၏ ပုံသဏ္ဍာန်ရေးဆွဲရာတွင် အပြင်ပန်းက အဝတ်အစား ခေါက်ရိုးကျပုံဖြင့် သရုပ်ဖော်သည့် ဥပဒေ ရှိသည်။ မိုင်ကယ်ကမူ ရှေးဦးစွာ အဝတ်မပါသော လူကိုယ်ခန္ဓာကို အရင်ရေးဆွဲပြီးမှ အပေါ်က အဝတ်ဖုံးပေးသည်။ သို့သော် ဆရာကြီးက တားမြစ်ပြောဆိုခြင်း မပြုချေ။

မိုင်ကယ် သူ့အလုပ်ပြီးသည့်နေ့ ငြမ်းပေါ်က ဆင်းလာသောအခါ သူ့အဖော်တွေက ဝိုင်အရက်ဝယ်ပြီး တိုက်ကြသည်။ ချီးကျူးကြသည်။

ညနေစောင်းအချိန်တွင် ဆရာကြီးက သူ့ကို ခေါ်ပြော၏။

'သူတို့က ပြောနေကြပြီ မောင်ရေ၊ ငါက မင်းကို မနာလို ဖြစ်နေသတဲ့။ မင်း အခုဆွဲပေးတဲ့ အရုပ်တွေကြောင့်တော့ ငါ မင်းကို မနာလို မဖြစ်ပါဘူး။ လက်ရာက မပြည့်စုံသေးဘူး၊ အကြမ်းထည်ပဲ ရှိသေးတယ်။ ဒါပေမဲ့ မင်း နောင်ခါမှာ ရေးဆွဲနိုင်မယ့် အရည်အသွေးကိုတော့ဖြင့် ငါ အားကျပြီး မနာလို ဖြစ်မိပါရဲ့'

ထိုနှစ်က အီတလီ ဆောင်းတွင်းဥတုရာသီ အတော်ပင် ကြမ်းလိုက်သည်။ တမိုးလုံး မှောင်ပိန်းနေသည်။ အေးလိုက်သည်မှာလည်း အသည်းထဲ အပ်နှင့် ဆွသလို စူးနေသည်။ စတူဒီယိုထဲတွင် သူတို့ မီးလင်းဖိုကို မျက်နှာမူ၍ ထိုင်ကာ အလုပ်လုပ်ကြသည်။ ကျောတွေ ချမ်းစိမ့်နေသော်လည်း အလုပ်လုပ်နိုင်အောင် လက်တွေကိုသာ အနွေးဓာတ်ပေးရသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်း အလုပ်ကမှ ပို၍ဆိုးသည်။ လေတိုက်သဖြင့် ငြမ်းတွေက ယိမ်းထိုးနေသည်။ သူတို့ လေတိုက်ထဲမှာပင် အလုပ် လုပ်ကြရသည်။

မတ်လ ရောက်လာလျှင် ကောင်းကင်၌ အပြာရောင် သမ်းလာသည်။ တစ်နေ့သော် ဃရာဏာချီက မိုင်ကယ်ကို တစ်နေရာသို့ ခေါ်သွားသည်။ ရှေးဦးစွာ မြင်လိုက်ရသည့်အရာမှာ ဥယျာဉ်ကြီးနှင့် တူသည်။ လမ်းသွယ်လေးကို လျှောက်ဝင်လာခဲ့ရသည်။ လမ်းအဆုံးတွင် ရေကန်နှင့် ရေပန်းစက် တဖွားဖွားကျနေသည်။ ခြေထောက်ထဲက ဆူးထွင်နေသည့် သူငယ်လေး ကျောက်ရုပ်ပုံတစ်ပုံ တွေ့ရသည်။ သာလာယံ ဇရပ်ကဲ့သို့ အကာမပါသည့် အဆောက်အအုံရှေ့နား အဝင်ဝတွင် လူငယ်တစ်စု ကျောက်ဆစ်နေကြသည်။ ဥယျာဉ်နံရံများ ရှေ့၌ကား အကာအရံ မပါသော လေသာဆောင်များ ရှိသည်။ ထိုအဆောင်များထဲတွင် ရောမဇကရာဇ် ဘုရင်၏ ရုပ်တုပုံများ ပြထားသည်။ ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးကို ဖြတ်သန်းထားသည့် လူသွားလမ်းဘေးတွင် ဆိုင်ပရပ်ပင်များ ညီညီညာညာ စိုက်ထားသည်။

ဇရပ်အဆောင်ထဲတွင် အသက် ၁၅ နှစ်မှ ၃၀ အရွယ် လူများ စားပွဲကိုယ်စီနှင့် အလုပ်လုပ်နေကြသည်။

မိုင်ကယ်သည်–

'ဒါက ဘာလဲ' ဟု အထစ်ထစ် အငေါ့ငေါ့နှင့် မေးသည်။

'ပန်းပုဥယျာဉ်၊ မဟာမင်းကြီး လော်ရင်ဇိုက ဒီမှာ ကျောင်းဖွင့်ထားတယ်။ နာမကျန်းဖြစ်နေတဲ့ ပန်းပုဆရာကြီး ဗာလ်တိုဒိုကို ထမ်းစင်နဲ့ တင်ခေါ်လာပြီး ဒီမှာထားတယ်။ ဖလော်ရင့် မြို့တော်ကြီးကို ရှေးကလို ခမ်းနား ကြီးကျယ်တဲ့ ပန်းပုပညာ လက်ရာတွေ ထွန်းကားစေရမတဲ့။ ဗာလ်တိုဒိုကလည်း ထမ်းစင်ပေါ်က ဆင်းပြီး မဟာမင်းကြီး အလိုအတိုင်း ဖြစ်ပါစေမယ်တဲ့။ ကဲ အဲဟိုမှာပဲ ဗာလ်တိုဒို၊ ငါတော့ သူ့ကို တစ်ခါပဲ တွေ့ဖူးတယ်'

ဗာလ်တိုဒိုမှာ အသက်နေ နည်းလှသည့်၊ အသွေးအသား မရှိ ပိန်ချည့်နေသော်လည်း စိတ်မာန်ကတော့ အပြည့်အဝ ရှိသည်။ တပည့်တွေကို သင်ပြပေးနေသည်ကို တွေ့ရသည်။

မိုင်ကယ်နှင့် ဃရာဏာချီတို့သည် ပန်းပုဆရာကြီးကို စကားမပြောတော့ဘဲ ဆက်လျှောက်လာခဲ့ကြသည်။ လေသာဇရပ်ဆောင် အတွင်းထဲတွင်ကား မဟာမင်းကြီး လော်ရင်ဇို စုဆောင်းထားသည့် အနုပညာပစ္စည်းများ တွေ့ရသည်။ ပန်းချီကားများ၊ ပိုက်ဆံပြား၊ တံဆိပ်များ စုံနေသည်။ မိုင်ကယ်မှာ အံ့သြလွန်း၍ စကားတောင် မဟနိုင်ဘဲ ရှိသည်။

အိမ်အပြန် လမ်းတွင် ထို 'ပန်းပုပညာသင်ကျောင်းကို ဘယ်လို ဝင်ရသနည်း' ဟု မိုင်ကယ်က ဃရာဏာချီကို မေးသည်။

'ပညာသင်တွေကို လော်ရင်ဇိုနဲ့ ဗာလ်တိုဒိုတို့ နှစ်ယောက်က ရွေးတာပဲ' ဟု ဖြေသည်။

မိုင်ကယ် စိတ်ပျက်စွာနှင့် ညည်းလိုက်သည်။

'ငါ ဆရာကြီးဆီမှာ နောက်ထပ် နှစ်နှစ် ဆက်နေရဦးမှာပါလား၊ ငါ့ဘဝတော့ ဆုံးပါပြီ'

'စိတ်ရှည်စမ်းပါကွာ၊ မင်း အဘိုးကြီး မဖြစ်သေးပါဘူး'

'အိုကွာ .... ဘာလို့ စိတ်ရှည်နေရမှာလဲ၊ ဒီ ပန်းပုပညာသင်ကျောင်း ငါ ဝင်ရမှ ဖြစ်မယ်။ ငါ ပန်းချီဆရာ မလုပ်ချင်ပါဘူး၊ ကျောက်ဆစ်ပန်းပုပဲ လုပ်ချင်တယ်။ ကဲ ဒီကျောင်းဝင်ချင်ရင် ဘယ်လိုလုပ်ရမလဲ'

'အဲဒါတော့ ငါ မသိဘူး'

'သေလိုက်ပါတော့'

မိုင်ကယ်၏ မျက်လုံးထဲ မျက်ရည်တွေ ရွဲလာသည်။

'သူငယ်ချင်း ဃရာဏာချီ၊ တစ်ခု မေးစမ်းပါရစေကွာ။ မင်းလေ မရရင်သေရတော့မလောက် လိုချင်တာများ တစ်ခါမှ မရှိဘူးလား'

'ဟင့်အင်း'

'မင်း ကံကောင်းတာပေါ့ကွာ'

ဃရာဏာချီသည် မိုင်ကယ်၏ မျက်နှာပေါ်တွင် ဖုံးကွယ်မရ အထင်းသား ပေါ်နေသည့် ဇောဆန္ဒကို စိုက်ကြည့်နေမိသည်။

'ငါ ကံကောင်းတယ်ဆိုလည်း ဟုတ်ပေမှာပေါ့ကွာ' ဟု ပြောလိုက်သည်။

# အခန်း ၂
# ပန်းပု ဥယျာဉ်တော်

ပန်းပုဥယျာဉ်တော်ကြီးအတွင်းက အရုပ်များသည် သံလိုက်ပမာ မိုင်ကယ်ကို ဆွဲငင်နေသည်။ တစ်ခါတစ်ရံ မိုင်ကယ်သည် သူ့ခြေထောက်များက အလိုလို သူ့ကိုယ်ကို သယ်ယူပြီး ထိုနေရာကို ပို့နေသကဲ့သို့ ရှိသည်။ ဘယ်လိုက ဘယ်လို ဥယျာဉ်တော်တွင်း ရောက်လာခဲ့သည် မသိ။ ရောက်လာပြီး ချောင်ကြိုချောင်ကြား တွင် မယောင်မလည် လုပ်နေသည်။ ဗာလ်တိုဒိုနှင့် တပည့်များ အလုပ်လုပ်နေ သည့် အဆောင်တွင်းကိုကား ဝင်မကြည့်ရဲသဖြင့် အပြင်ကနေပြီး မျှော်မှန်းနေ ရသည်။ သူ့ရင်ထဲက ဆာလောင်သည့် ဝေဒနာကလည်း ပြင်းလှသည်။

မိုင်ကယ်သည် ညတိုင်းတွင် သူတကာ အိပ်ပျော်သော်လည်း အိပ်၍ မရဘဲ အတွေးလွန်နေသည်။

'တစ်နည်းနည်းနဲ့တော့ ဖြစ်ရမယ်၊ ဆရာကြီး ဃာလန်ဒါအိယို ဆီမှာ နှစ်နှစ်တောင် ဆက်နေဖို့က ရှိနေသေးတယ်။ ဘယ်လိုလုပ်ပြီး ဒီဒုက္ခကို ဆက်ခံ ရပါ့မလဲ'

မိုင်ကယ် ဆရာကြီး ဃာလန်ဒါအိယိုထံတွင် အလုပ်သင်အဖြစ် တစ်နှစ် ပြည့်သော နေ့သို့ ရောက်လာခဲ့သည်။ စတူဒီယိုခန်းထဲတွင် ပြဿနာတစ်ခုခု ဖြစ်နေသည့်အသွင် ဆောင်နေသည်။ ဆရာကြီးသည် မျက်နှာထား ပုပ်သိုးကြီးနှင့် သူ့စားပွဲမှာ ထိုင်နေသည်။

'မဟာမင်းကြီး လော်ရင်ဇိုက ငါ့ကို ခေါ်ပြောတယ်။ ငါ့ဆီက အတော်ဆုံး အလုပ်သင်နှစ်ယောက် သူ့ကျောင်းကို ပို့မလားတဲ့'

မိုင်ကယ်သည် ကြမ်းနှင့် ခြေထောက် ဝက်အူစုပ်ထားသလို ရွှေ့လို့ မရတော့ဘဲ ငိုင်ငေးမြဲ ရပ်နေသည်။

'ငါ့ဆီက အတော်ဆုံး အလုပ်သင်နှစ်ယောက်ကို ငါ မပို့ချင်ဘူး။ ငါ့ အလုပ်ခန်းကို လာလာပြီး ဓားပြတိုက်တာပဲ။ ဒါပေမဲ့ မဟာမင်းကြီးကို ဘယ်သူ ငြင်းရဲမှာလဲ။ ဟေ့ မိုင်ကယ်အိန်ဂျယ်လို ဗြူရိုနာရိုတီရ၊ မင်း သွားချင်သလား'

'ကျွန်တော်ဖြင့် ပန်းပုဥယျာဉ်တော် အနားတစ်ဝိုက် ရစ်သီရစ်သီ လုပ်နေတာ ကြာပါပြီ။ ခွေးငတ် အမဲသားဆိုင်ကို မျှော်နေသလိုပါပဲ'

ဆရာကြီးက သူ့ကို 'အားတိုင်းမွေး' ဟု တစ်ခွန်းတည်း ဆဲလိုက်သည်။ ပြီးလျှင်–

'အင်း၊ ဒါဖြင့် မင်းနဲ့ ဃရာဏာချီ နှစ်ယောက်ကို ငါ့ဆီက လက်လွှတ်လိုက်ပြီ။ ကဲ အားလုံး ကိုယ့်အလုပ်ခွင် ကိုယ် ပြန်ဝင်ကြ' ဟု အမိန့်ချလိုက်သည်။

မိုင်ကယ်၏ တစ်ကိုယ်လုံး မိုးရေချိုးချလိုက်သလို ပီတိတွေ ဖြာစိမ့်နေသည်။ သူသည် ဆရာကြီး၏ စားပွဲနားသွား၍ ရပ်သည်။ ကျေးဇူးတင်စကားတော့ ပြောချင်သည်။ သို့ရာတွင် သူ့ကို စွန့်ခွာထွက်ခွင့် ပေးရှာသော ဆရာကြီးကို ဘယ်လို စကားမျိုး ပြောရပါမည်နည်း။

ဆရာကြီးသည် မိုင်ကယ် စိတ်တွင်း မည်သို့ဖြစ်နေသည်ကို ရိပ်မိသည်။ သင်သာစွာ ပြောသည်။

'မင်းပြောတာ မှန်တယ်၊ နံရံပန်းချီဟာ မင့်အလုပ် မဟုတ်ဘူး။ မင်းဆွဲတဲ့အရုပ်က ပန်းချီနဲ့ မတူဘူး၊ ကျောက်သား ထုထားသလိုပဲ၊ အကွက်ချတဲ့ ပညာမှာတော့ မင်းဗီဇကိုက တော်လာတာပဲ။ အဲဒီပညာကို ကျောက်သားပေါ်မှာ အသုံးချနိုင်လိမ့်မယ်။ အေးကွာ ဃာလန်ဒါအီယိုဟာ မင်းရဲ့ လက်ဦးဆရာ ဆိုတာတော့ မမေ့နဲ့'

ထိုနေ့ ညနေပိုင်းတွင် ဃရာဏာချီနှင့် မိုင်ကယ်တို့သည် မိုင်ကယ်၏ အဖေနှင့် အိမ်မှာ တွေ့ကြသည်။ မိုင်ကယ်က သတင်းကောင်းပေးသည်။

'အဖေ သတင်းတစ်ခု ပြောရဦးမယ်၊ ဃရာဏာချီနဲ့ ကျွန်တော်တို့ နှစ်ယောက် ဆရာကြီးဆီက ထွက်ပြီး မီဒီချီ ပန်းပုဥယျာဉ်တော်မှာ ပန်းပု သင်ကြရလိမ့်မယ်'

အဖေ လိုဒိုဗီကိုသည် လက်နှစ်ဖက်ကို ဦးထိပ်မြှောက်ပြီး–

'မိုင်ကယ်၊ မင်း ပန်းပုလုပ်မလို့ ဟုတ်လား' ဟု စိတ်ပျက်လက်ပျက် ညည်းလိုက်သည်။

'ပန်းပုဆိုတာ လက်လုပ်သမား၊ အလုပ်ကြမ်းသမားပဲ၊ ထင်းခွဲတဲ့ လူနဲ့ ဘာမှ မထူးဘူး။ မင်း အခကြေးငွေ ဘယ်လောက်ရမှာတဲ့လဲ'

'မသိဘူး၊ မမေးရသေးဘူး'

'အမယ်၊ မင်းက မေးတောင် မမေးဘူး ဟုတ်လား။ မင်း မိုက်မဲသမျှ ဘွေ ငါ စရိတ်ခံနေမယ်လို့များ မင်း ထင်သလား'

လိုဒိုဗီကိုသည် ကုလားထိုင်ပေါ်၌ ထိုင်ချပြီး မျက်ရည်တွေတွေကျနေသည်။ မိုင်ကယ်သည် ဥပေက္ခာစိတ်နှင့် ဤသို့ အောက်မေ့မိသည်။

"တို့ ဖလော်ရင့် မြို့သားတွေဟာ ဘာကိုမှ ရင်ထဲမှာ နက်နက်နဲနဲ ခံစားတတ်တဲ့ လူတွေ မဟုတ်ဘူး။ သို့ပေမဲ့ မျက်ရည်ကတော့ဖြင့် အလွန့်ကို လွယ်ကြတယ်"

မိုင်ကယ်သည် သူ့အဖေ ပခုံးပေါ်မှာ လက်အသာတင်၍ နှစ်သိမ့်သည်။

'ဒါတော့ စမ်းလုပ်ကြည့်ပါရစေ အဖေ' ဟု ပြောသည်။

လိုဒိုဗီကိုသည် 'ငါတော့ မင်းကို အခွင့်မပြုဘူး၊ ဘယ်တော့မှ အခွင့်မပြုဘူး' ဟု ပြောပြီး နေရာမှထကာ အခန်းတွင်းမှ ထွက်သွားသည်။

'ဒီအခွင့်အရေးတော့ မင်း လက်လွှတ်လို့ မဖြစ်ဘူး' ဟု ဃရာဏာချီက ပြောသည်။

*

မီဒီချီ၏ ပန်းပု ဥယျာဉ်တော်ကြီးသည် ဆရာကြီး ဃာလန်ဒါအီယို စတူဒီယိုခန်းကဲ့သို့ပင် လူတွေ ရေးကြီးသုတ်ပျာ အလုပ်များနေကြသည့် နေရာမျိုး မဟုတ်ချေ။ ဧပြီလ ပူအိုက်သော နေ့တစ်နေ့တွင် မိုင်ကယ်သည် ပန်းပု ဥယျာဉ်တော်သို့ အလုပ်ဝင်ခဲ့သည်။ နေရာ၏ အတွေ့အထိ အရသာကို ရှေးဦးစွာ ရရှိခဲ့သည်။

'ကိုယ့်အချိန်ကို ကိုယ် အေးအေးဆေးဆေးယူပြီး အလုပ်လုပ်ကြ၊ တို့မှာ အလုပ်လုပ်စရာ တစ်ခုပဲရှိတယ်၊ ပညာပေးဖို့ပဲ။ မင်းတို့က တို့ သင်တာကိုလိုက်ပြီး ရင့်ကျက် ကြီးထွားလာဖို့ပဲ တာဝန်ရှိတယ်။ စိတ် တည်ငြိမ်ကြပစေ၊ မင်းတို့ တစ်သက်တာလုံး ပန်းပုအလုပ်ကို ဇောက်ချ လုပ်ဖို့သာ အသင့်ပြင်ထားကြ'

ဤသည်ပင် ပန်းပုဥယျာဉ်တော်ကြီး၏ စည်းကမ်းဥပဒေ ဖြစ်သည်။

ဗာလ်တိုဒိုသည် ဖလော်ရင့် မြို့တော်တွင် တစ်ချိန်က အထွတ်အထိပ်ထိ ထွန်းကားပြောင်မြောက်ခဲ့သော ပန်းပုပညာကို အမွေခံယူလိုက်သူ ဖြစ်သည်။ သူ့ဆံပင်တွေ ဖွေးဖွေးလှုပ်နေသည်။ မျက်လုံးများမှာ ပြာလဲ့လဲ့ အရောင် တောက်နေသည်။ သူသည် ပန်းပုကလွဲလျှင် အချစ်ဆုံး အကြိုက်ဆုံး နှစ်ခုရှိသည်။ ရယ်မောခြင်းနှင့် အချက်အပြုတ် ဖြစ်သည်။ သူသည် ချက်ပြုတ်နည်း စာအုပ်တစ်အုပ် ရေးခဲ့သည်။ သူသည် ဟာသစိတ်ဓာတ်ခံ ရှိသည်။ သူ့ဟာသသည် သူ ချက်သော ကြက်သားကဲ့သို့ စပ်ရှိမ်းရှိမ်း ရှိလှသည်။

ဗာလ်တိုဒိုသည် အလုပ်သင်ရောက်လာသော သင်တန်းသားများနှင့် သူ၏ ပိန်သေးသော လက်မောင်းချင်း ချိတ်တွဲကာ ပါးစပ်က တတွတ်တွတ် ပြောသည်။

'ပညာဆိုတာ အကုန်လုံး ပုံပေးလို့ ရတာမျိုး မဟုတ်ဘူး။ ဒီနှာတယ်

သို့က ငါ့ကို သူ့ပညာ အမွေစားအမွေခံ ထားခဲ့တယ်။ သို့ပေမဲ့ ငါ့ကို သူ့လို ဖြစ်အောင်တော့ ဘယ်တော့မှ လုပ်မပေးနိုင်ဘူး။ ဒီတော့ မင်းတို့တစ်တွေ ဘယ်လောက် ပညာယူနိုင်တယ်ဆိုတဲ့ အရည်အချင်းပေါ်မှာ အများကြီး တည်တယ်။ ကဲ အဲဒါပဲ၊ အလုပ် စ ကြမယ်'

မိုင်ကယ် စိတ်ထဲ၌ကား–

"ခုနေ ငါ့လက်ထဲ တူနဲ့ ဆောက် ထည့်ပေးကြည့်စမ်းပါလား။ ကျောက်သားတွေ အလွှာလွှာနဲ့ ပျံနေစေမယ်" ဟု အောက်မေ့နေသည်။

သို့ရာတွင် ဆရာကြီး ဗာလ်တိုဒိုက လူသစ်ကလေး လက်တွင်းသို့ သည်လို ကိရိယာတွေ အပ်လိမ့်ဦးမည် မဟုတ်ချေ။ မိုင်ကယ်ကို အဝင်ဝ အဆောင်မှာ ဆွဲခုံတစ်လုံး ပေးထားသည်။ သူ့အနားတွင်ကား တော်ရီဂီယန်နီ ခေါ် ၁၇ နှစ်အရွယ် လူငယ်တစ်ဦး ထိုင်သည်။ မျက်လုံး စိမ်းပြာလဲ့လဲ့၊ ဆံပင်ရောင် ဖျော့ဖျော့နှင့် လူချောလေးတစ်ဦး ဖြစ်သည်။ ရဲတင်း သွက်လက်သည်။ ရန်လိုသည်။ သို့သော် မိုင်ကယ်အပေါ်တွင် ဖော်ရွေချစ်ခင် ရင်းနှီးစွာ ဆက်ဆံသည်။

မိုင်ကယ်သည် ဃရာဏာချီကို တော်ရီဂီယန်နီ၏အကြောင်း ပြောပြသည်။

'ချစ်စရာ မကောင်းဘူးလား' ဟု မေးသည်။

ဃရာဏာချီက ခပ်ဆိုင်းဆိုင်း ဖြေသည်။

'ငါ သူ့ကို တစ်သက်လုံး သိလာခဲ့တယ်။ သူနဲ့ မိတ်ဆွေဖြစ်မယ်ဆိုရင် ....'

ဃရာဏာချီသည် "ချင့်ချိန်ဦး" ဟူသော အဓိပ္ပာယ်ပါသည့် ရှေးဟောင်း ကားပုံလေးတစ်ခုနှင့် သူ့စကားကို အဆုံးသတ်လိုက်သည်။

မိုင်ကယ် ပန်းပုဥယျာဉ်တော်သို့ ရောက်ပြီး တစ်ပတ်လောက်ကြာလျှင် လော်ရင်ဇို မီဒီချီသည် သူငယ်မလေး တစ်ယောက်နှင့် ဥယျာဉ်ထဲ ဝင်လာသည်။ ထိုအခါမှ မိုင်ကယ်သည် မည်သည့်ရာထူးမှ မရှိဘဲနှင့် ဖလော်ရင့်မြို့တော်ကို အုပ်စိုးနေသည့် ပုဂ္ဂိုလ်ကြီးကို ပထမအကြိမ် မြင်ဖူးတော့သည်။

မဟာမီဒီချီသည် ဖလော်ရင့်မြို့တော်ကို သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ အရောင်းအဝယ် ရွှေငွေ ရတနာဖြင့် ပြည့်ဖြိုးစေသည်။ ထိုမျှမကသေး၊ အနုပညာများဖြင့်လည်း ကြွယ်ဝစေသည်။

မဟာမီဒီချီသည် ထိုအချိန်တွင် အသက် ၄၀ ခန့်ရှိပြီး မျက်နှာမှာ ညိုမှောင်သွေးရှိသော ကျောက်သားကို ထုထားသည်နှင့် တူသည်။ လူချောတစ်ဦး မဟုတ်ချေ။ မေးရိုးကြီး ငေါထွက်နေသည်။ နှာတံအဖျား အထက်လန်သည်။

မျက်လုံးကြီး၍ ညိုမှောင်သည်။ ဆံပင်သန်၍ မည်းမှောင်သည်။ အရပ်မှာ မနိမ့်မမြင့် ဖြစ်၍ ကိုယ်ခန္ဓာ တောင့်တင်းသည်။ အမြဲ မြင်းစီးနေသူ ဖြစ်သည်။

မဟာမိဒီချီသည် ဂရိ (လက်တင်) ဘာသာများကို ကောင်းစွာ ဖတ်တတ်သည်။ တတ်သလောက်လည်း ကျယ်ဝန်းသော ဖတ်ရှုလေ့လာမှု ရှိသည်။ သူကိုယ်တိုင် ကဗျာရေးသည်။ ဥရောပတိုက်တွင် လူအများ ဝင်ဖတ်နိုင်သည့် စာကြည့်တိုက်ကြီး တစ်ခုဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။ ပုံနှိပ်စာအုပ် လက်ရေးစာမူ မူပေါင်း တစ်သောင်းကျော် စုဆောင်းပေးခဲ့သည်။ အများကပင် သူ့ကို အနုပညာ အားပေးချီးမြှောက်သူ ပုဂ္ဂိုလ်ကြီးတစ်ဦးဟု အသိအမှတ် ပြုကြသည်။ သူ စုဆောင်းထားသည့် အနုပညာ ပစ္စည်းများကို ပညာရှာ လေ့လာသူတိုင်း ကြည့်ရှုနိုင်အောင် ဖွင့်ပေးထားခဲ့သည်။ သုတေသီ ပညာရှင်များအတွက် တိုက်တာအိမ်များ ဆောက်ပေးထားသည်။ "ပလေတို အကယ်ဒမီ" ဟု အမည်ပေးထားသော အဖွဲ့သည် ဖလော်ရင့် မြို့တော်ကြီး၏ အတတ်ပညာရှင်၊ အသိပညာရှင်တို့၏ စုဝေးရာ ဖြစ်သည်။ မဟာမိဒီချီသည် ကမ္ဘာပေါ်တွင် အကြွယ်ဝဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သော်လည်း ဖော်ရွေသည်။ နှစ်လိုဖွယ်သော အမူအရာ ရှိသည်။ နိုင်လိုမင်းထက် အထက်စီး ကိုယ်နှုတ် အမူအရာ လုံးဝ မရှိချေ။

သူသည် ဖလော်ရင့်မြို့တော် လမ်းမပေါ်တွင် အဖော်မပါဘဲ လျှောက်သွားပြီး အဆင့်အတန်းမရွေး တွေ့ရာလူနှင့် ရပ်ပြီး စကားပြောတတ်သည်။ ဖလော်ရင့် မြို့တော် အုပ်ချုပ်ရေးပေါ်လစီ ကိစ္စကိုဆိုလျှင် သူ့လက်တွင်းမှာ အာဏာကုန်ရှိသည်။ သို့သော် သူ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းမှာ တရားမျှတသည်။ ယဉ်ကျေးသိမ်မွေ့သည်။ ဣန္ဒြေသိက္ခာ ရှိသည်။ သို့ဖြစ်၍ သူနှင့် ရန်သူ ဖြစ်လိုသူများပင် သူနှင့်အတူ လက်တွဲ၍ အလုပ်လုပ်နိုင်ကြသည်။

မဟာမိဒီချီသည် ပန်းပုဆရာကြီး ဗာလ်တိုဒိုနှင့် ချစ်ခင်လေးစားစွာ စကားပြောနေသည်။ မိုင်ကယ်သည် ခပ်ဝေးဝေးက သူ့ကို အကဲခတ် ကြည့်နေသည်။ သူတို့သည် မကြာမီ အရှေ့မိုင်းနားမှ ရောက်လာသော ရှေးဟောင်း ပန်းပုပစ္စည်းများအကြောင်း ဆွေးနွေးနေကြသည်။ လော်ရင်ဇိုအဖို့ ပန်းပုပညာသည် အလွန်အရေးကြီးသည်။ သူပိုင်သော သင်္ဘောတပ်ကြီးနှင့် တကွသော သူ၏ ဘဏ်များနှင့် သူ၏ စည်းစိမ်ဥစ္စာများ ပေးရာဖြစ်သော သိုးမွေး၊ ဝိုင်အရက်၊ ရေမွှေး၊ အမွှေးအကြိုင်၊ ပရဆေး၊ ပိုးထည်ပစ္စည်း အရောင်းအဝယ် လုပ်ငန်းများ၊ ထိုရတနာများ အားလုံးပေါင်းနှင့် ထပ်တူထပ်မျှပင် ပန်းပုပညာကို လော်ရင်ဇိုက အလေးထားသည်။

လော်ရင်ဇိုသည် အလုပ်သင်များနှင့် ရပ် စကားပြောသည်။ မိုင်ကယ်

သည် နောက်က သူငယ်မကို ငေးကြည့်နေမိသည်။ ပိန်ပိန်သေးသေးနှင့် အသွေး အရောင် ဖြူဖန့်ဖန့် ရှိသည်။ သူ့ထက် အသက်ငယ်သည်။ မိုင်ကယ်၏ စားပွဲရှေ့ ဖြတ်သွားကြရာ မိုင်ကယ်သည် သူလုပ်နေသည့် အလုပ်ကို ရပ်လိုက်သည်။ သူငယ်မကလည်း ခြေလှမ်းတန့်သွားသည်။ မိုင်ကယ်သည် သူငယ်မ၏ ပေါ်လွင် ပြတ်သားသော မျက်နှာလေးမှ သူ့မျက်စိကို ခွာ၍ မရဘဲ ဖြစ်နေသည်။ သူတို့ နှစ်ယောက်စလုံး စိတ်ကို အိပ်ရာက လှုပ်နှိုးလိုက်သကဲ့သို့ ရှိသည်။ အသက်ရှူ မြန်သွားသည်။ သူငယ်မသည် နှုတ်ဆက်တော့မလိုလို မိုင်ကယ်၏ ရှေ့နား ရပ်လိုက်သည်။ သို့သော် လော်ရင်ဇိုသည် ကလေးမ၏ သေးသွယ်သောခါးကို ဖက်ပြီး အပြင်ဘက် ထွက်သွားကြသည်။

မိုင်ကယ်သည် တော်ရီဂီယန်နီဘက်သို့ လှည့်၍–

'ဒီသူငယ်မက ဘယ်သူလဲ' ဟု မေးလိုက်သည်။

'ကွန်တက်စီနာပေါ့၊ မဟာမင်းကြီး သမီးလေ၊ အိမ်တော်မှာ သူ တစ် ယောက်တည်းပဲ ကျန်တော့တယ်လေ'

လိုဒိုဗီကိုသည် သူ့သား မိုင်ကယ်ကို ပန်းပုဥယျာဉ်တော်သို့ဝင်ဖို့ ခွင့် မပြုခဲ့ချေ။ သူ့ကို ရှိသည်ဟု အသိအမှတ်မပြုဘဲ ထားသည်။ မိုင်ကယ်၏ မိသားစု များကလည်း သူနှင့် မျက်နှာချင်း မဆိုင်ဖြစ်ဘဲ ရှိနေကြသည်။ နံနက် မလင်းမီ မိုင်ကယ်သည် အိမ်က ထွက်ခဲ့သည်။ နေ့လယ်စာ ပြန်စားသည်။ ညနေ အိမ်အပြန် ဘိုဟိုဒီဒီ လျှောက်သွားပြီး အိမ်သားတွေ အိပ်ရာဝင်ချိန်မှ ရောက်သည်။ သူ့အသွား တစ်ယောက်သာ မီးဖိုထဲမှာ ထိုင်စောင့်နေ၏။ သူ့ကို စားစရာ လုပ်ပေးသည်။

ပန်းပု ဥယျာဉ်တော်တွင်း၌ကား မိုင်ကယ်သည် ကုပ်ပြီး ပုံဆွဲ၍သာ နေသည်။ ဖလော်ရင့်မြို့တော် အရပ်ရပ်က လူတွေကလည်း စည်ကားလှသည်။ ပုံတူကူးဆွဲဖို့ ပုဂ္ဂိုလ်တွေ လာကြသည်။ ပညာရှင်ကြီးတွေက ဝတ်ရုံ အနက်ကြီး ဝတ်ကာ ဣန္ဒြေကြီးမားကြသည်။ စစ်သားတွေနှင့် ကြွားကြွားရွားရွား ဗိုလ် မထားဟု ရမ်းကားစွန့်စားသည့် လူကြမ်းကြီးတွေကိုလည်း မြင်ရသည်။ တော သား၊ လယ်သမား၊ သာသနာဝန်တမ်း ခင်ကြီးများနှင့် ပိုးဖဲကတ္တီပါ အနီ၊ အဖြူ ဝတ်စုံများ ဆင်မြန်းထားသည့် မင်းစိုးရာဇာများလည်း လူစုထဲမှာ ပါသည်။ ပုံတူ ကြည့်ဆွဲဖို့ ဝဝတုတ်တုတ် ကလေးတွေလည်း တွေ့ရသည်။

မိုင်ကယ် ဆွဲထားသည့် လူကိုယ် အထက်ပိုင်းပုံကို ဆရာဗာလ်တိုဒိုက ဝေဖန်သည်။ မိုင်ကယ်က ညည်းလိုက်သည်။

'လူကိုယ်ပုံကို အပြင်က ကြည့်လို့ မြင်ရတာနဲ့ ဆွဲနေရလို့တော့ ဒီလို နေမှာပဲ။ အပြင်ကနေပြီး အသားကို ထိုးဖိနေတဲ့ပုံကိုပဲ မြင်ရတယ်။ တကယ်

ဆိုတော့ အဲဒီ အသားအရေကို အတွင်းထဲက ဘယ်လို တွန်းအား ဖိအားနဲ့ လုပ်ပေး နေတယ်ဆိုတာ မြင်ဖူးမှ ဖြစ်မှာပေါ့။ အသွေး အသား အရိုးတွေ ဘယ်လို နေသလဲ၊ ဘယ်လို လှုပ်ရှားသလဲ ဆိုတာတွေ နားမလည်ရင် ....'

ထိုအခါ ဆရာကြီး ဗာလ်တိုဒိုက သူ့စကားကို မဆုံးမီ ဖြတ်ပြောလိုက်သည်။

'ဆေးသမားတွေတောင် တစ်နှစ်မှာ တစ်နေ့တည်းပဲ လူသေအလောင်း တစ်လောင်းတည်း ခွဲစိတ်ခွင့်ရတယ်။ ဒါ့ထက် ပိုလုပ်ရင် ဖလော်ရင့် မြို့တော် ဥပဒေအရ ရာဇဝတ်ပြစ်မှုကြီးပဲ။ ဒီတော့ ဒီစကား ဒီတင်ရပ်၊ ဒီကိစ္စကိုလည်း စိတ်ထဲမှာ မထားနဲ့။ ဒါပဲ'

'ဒီစကား မပြောနဲ့ ဆိုရင်တော့ နောက် မပြောတော့ပါဘူး။ ဒါပေမဲ့ စိတ်ထဲမှာတော့ ရှိနေမှာပဲ။ လူ့ခန္ဓာကိုယ် ဘယ်လို လှုပ်ရှားတယ်ဆိုတာ မသိ မမြင်ဖူးရင်တော့ ကျွန်တော် တိတိကျကျ ပန်းပုထုနိုင်မှာ မဟုတ်ဘူး'

'ဟိုအရင် ရှေးက ခရစ်ယာန် မဟုတ်တဲ့ မိစ္ဆာ ဂရိလူမျိုးတွေတောင် လူကို ခွဲစိတ်မကြည့်ခဲ့ကြဘူး။ မင်းက ရှေးဂရိပန်းပုဆရာကြီး ဖီးဒီးယ ထက်များ သာချင်သေးသလား'

'သူ့ထက် မသာချင်ပါဘူး၊ ဒါပေမဲ့ တစ်မူတော့ ထူးခြားချင်တယ်'

မိုင်ကယ်သည် ပန်းပုဥယျာဉ်တော်တွင် အချိန်နှောက်ကျခံ၍ နေသည်။ သူတစ်ပါး မသိအောင် ဟိုနား သည်နား ပြန့်ကျဲနေသည့် ကျောက်တုံး အစအန များကို ကောက်ပြီး တွေ့ရာ ကိရိယာ တန်ဆာပလာနှင့် အလုပ် လုပ်နေသည်။ ရောမမြို့ကြီး အနီးအနားက လာသည့် ကျောက်တုံးတွေက ဖြူဝါဖန့်ဖန့် အရောင် ရှိသည်။ ပရာတိုနယ်က ကျောက်ကမူ အစိမ်းရင့်ရောင် ဖြစ်၍၊ ဆီးယန်းနားနယ်မှ ကျောက်မှာ အဝါရောင် အနီးသွေး သမ်းသည်။ တစ်နေ့သော် ကာရာရားနယ်ထွက် အဖိုးတန် ဖြူဖြူဆွတ်ဆွတ် ကျောက်တုံးတစ်တုံး တွေ့သည်။ မိုင်ကယ် ပျော်သွားလိုက်ပုံမှာ ဆိုဖွယ် မရှိတော့ချေ။

မိုင်ကယ်သည် စူး၊ ဆောက်များနှင့် ထိုကျောက်တုံး မျက်နှာပြင် အသားကို စ၍ ချောသည်။ ကျောက်ပန်းပု အရုပ်တွေနှင့် သူနှင့်ချည်း ဥယျာဉ်မှာ နေရသည့် အချိန်မှာ မိုင်ကယ်အဖို့ စိတ်အချမ်းသာဆုံးအချိန် ဖြစ်တော့သည်။

ဤသို့ ခိုးကြောင်ခိုးဝှက် လုပ်နေသည့်အမှုမှာ တစ်နေ့ ပေါ်ရမည်မှာ မလွဲ ဖြစ်တော့သည်။ သို့ရာတွင် သူ့ကို ဖမ်းမိသူမှာ သူမထင်သူတစ်ဦး ဖြစ်သော ကွန်တက်စီနာ–မီဒီချီ ဖြစ်သည်။

မီဒီချီ၏သမီးလေး ကွန်တက်စီနာသည် သူ့အဖေနှင့်၊ သို့မဟုတ်လျှင်

သည်။ ဆရာကြီးတစ်ဦးနှင့်အတူ ဥယျာဉ်တော်သို့ ထွက်လာလေ့ ရှိသည်။ အခြား ဘုန်းတော်သင်များနှင့် နှုတ်ဆက်စကား ပြောသည်။ သူတို့နှင့် သိကျွမ်းနေလာခဲ့သည်မှာလည်း အချိန်ကြာလာခဲ့ပြီ ဖြစ်၍ အကျွမ်းတဝင် ရှိသည်။ မိုင်ကယ်ကိုကား ကွန်တက်စီနာနှင့် ဘယ်သူကမှ မိတ်ဖွဲ့မပေးခဲ့ကြချေ။ သို့သော် သူငယ်မလေး ဥယျာဉ်တံခါးဝက ဝင်လာလျှင် မိုင်ကယ် အလိုလို သိသည်။

ကွန်တက်စီနာသည် တော်ရီဂီယန်နီ၏ စားပွဲရှေ့မှာ အမြဲရပ်သည်။ တော်ရီဂီယန်နီက ရယ်စရာ ပြောလိုက်လျှင် ကလေးမ၏ ရယ်မောသံကို မိုင်ကယ် ကြားရသည်။ သို့သော် ကလေးမသည် မိုင်ကယ်ကို တစ်ခါမှ လှည့်မကြည့်ချေ။

ကွန်တက်စီနာ ပြန်သွားလျှင် မိုင်ကယ်မှာ စိတ်ရောကိုယ်ပါ ပန်းကျ ကျန်ခဲ့သည်။ သူ့အသက် ၁၄ နှစ် ရှိလာခဲ့သော်လည်း မိန်းကလေးများနှင့် အကျွမ်းမဝင်ဖူးချေ။ သူကလည်း စိတ်မပါချေ။ ကွန်တက်စီနာနှင့် တော်ရီဂီယန်နီ ရယ်မောစကား ပြောနေသည်ကို မြင်လျှင် သူ့ရင်ထဲ အောင့်နေသည်။ အဘယ် ကြောင့်များပါလိမ့်။ မဟာသွေး မဟာနွယ် ကွန်တက်စီနာသည် သူနှင့် ဘာများ သက်ဆိုင်ပါသနည်း။ သည်သူငယ်မ အနားမလာဘဲနေလျှင် သူ စိတ်အေးမည်။ မိုင်ကယ်သည် အတော်ကြာမှ သဘောပေါက်သည်။ တကယ်ဆိုတော့ တော်ရီ ဂီယန်နီကို သူ မနာလို ဝန်တိုနေခြင်း ဖြစ်သည်။

မိုင်ကယ် စိတ်ချောက်ချားသွားသည်။ ယခု လာပြန်ချေသည်။ အခြား ဘုန်းတော်သင်တွေ ပြန်သွား၍ မိုင်ကယ်တစ်ယောက်တည်း ဥယျာဉ်ထဲ၌ ကျန် နေစဉ် ကွန်တက်စီနာနှင့်အတူ သူ့မောင်လေး ဖိုင်အိုဗန်နီ ရောက်လာသည်။ ဖိုင်အိုဗန်နီမှာ ထိုခေတ် ထိုအခါက အာဏာတန်ခိုးကို ထင်သလို သုံးကြသည် ဖြစ်၍ သူ့ကို သာသနာရေးဘက်ဆိုင်ရာ ရာထူး နှင်းအပ်ထားပြီး ဖြစ်သည်။ မကြာမီပင် ကာဒီနယ် ရာထူးကို ရတော့မည်။ သူတို့ မောင်နှမနှင့် အတူပါလာ သူမှာ ယူလီယို ဖြစ်သည်။

မဟာလော်ရင်ဇို မီဒီချီ၏ ညီ၏ အပျော်မယားမှရသော တရားမဝင် သည့် သား ဖြစ်သည်။ တစ်ချိန်တစ်ခါက မီဒီချီ မိသားစုကို ရန်သူများက ဖြုတ်ချရန် ကြံစည်ကြစဉ်က သူ့အဖေ ဓားထိုးခံရ၍ အသက်ဆုံးခဲ့ရသည်။

ယူလီယိုတို့ ညီအစ်ကို ဥယျာဉ်ထဲ လျှောက်ကြည့်ကြသည်။ ကွန်တက် စီနာသည် မိုင်ကယ်ထံလာ၍ နှုတ်ဆက်စကား ပြောသည်။ ဤသည်မှာ ပထမ ဦးဆုံး စကားပြောဖူးခြင်း ဖြစ်သည်။

မိုင်ကယ်သည် နှုတ်ဆက်စကား တုံ့ပြန်ပြီး သူ့လက်ထဲက ကျောက် ဆင်း အလုပ်ကို ဆက်လုပ်နေသည်။

'ကျောက်တုံးက အနံ့ နံ့တယ်နော်'

'ဟုတ်တယ်၊ ခူးလာခါစ တည်သီးအနံ့မျိုးပဲ'

ကွန်တက်စီနာသည် အနားက ကျောက်တုံး တစ်တုံးကို လက်ညှိုး ညွှန်၍ မေးလိုက်သည်။

'ဒီဥစ္စာကော၊ သူကတော့ ခူးလာခါစ ဆီးသီးနံ့မျိုးလား'

'ဟင့်အင်း၊ သူ့မှာ ဘာအနံ့မှ မရှိဘူး၊ နမ်းကြည့်ပါလား'

သူငယ်မသည် နှာခေါင်းလေးတွေကို တွန့်ပြီး ရယ်လိုက်သည်။ မိုင်ကယ်သည် ကျောက်တုံးပေါ်တွင် ဆောက်ချက်များများ ဆက်ကာ ဆက်ကာ ရိုက်ထည့်သည်။ ကျောက်စတွေက ပလူပျံနေသည်။

'ဒီလောက်ကြီး လုပ်နေတာ မောမှာပဲ၊ ကျွန်မ ဆိုရင်တော့ မောမှာပဲ'

သူငယ်မသည် ပျော့လှသည်။ သူ့အမေနှင့် သူ့အစ်မတို့မှာ လွန်ခဲ့သော နှစ်ကပင် အဆုတ်နာ ရောဂါနှင့် ကွယ်လွန်ခဲ့ကြသည်ကို မိုင်ကယ် သိသည်။ ကွန်တက်စီနာလေး အသက်ရှည်မည် မဟုတ်သဖြင့် သူ့အဖေ လော်ရင်ဇိုက ချစ်သည်ဟု လူတွေက ပြောကြသည်။

'မမောပါဘူး၊ ကျောက်ဆစ်တဲ့ အလုပ်ဟာ အားမကုန်ဘူး၊ အား ပြန်ဖြည့်ပေးတယ်။ ဟောဒီ ကျောက်ဖြူသားကို ထွင်းနေတယ်ဆိုရင် ကျောက်တုံးဟာ လက်ထဲမှာတင် အသက်ဝင်လာတာပဲ'

'မိုင်ကယ်ရဲ့ လက်ထဲမှာတော့ ကျောက်တုံးဟာ အသက်ဝင်လာပေမှာပဲ။ အဲဒီ ကျောက်ပေါ်မှာ ဆစ်နေတဲ့ပုံလေး ကျွန်မအတွက် ပြီးအောင် လုပ်ပေးပါလား၊ ကျွန်မ သိပ်သဘောကျတာပဲ'

မိုင်ကယ်သည် ကျောက်တုံးပေါ်မှာ ကုန်း၍ အလုပ်လုပ်နေသည်။ ကွန်တက်စီနာက သူ့အပေါ်မှာ မှီး၍ မတ်တတ်ရပ်နေသည်။

မိုင်ကယ်သည် လုပ်နေရင်း ကျောက်သား မာနေသည့်နေရာကို တွေ့နေသည်။ ဖျန်းဖို့ရေပုံး လိုက်ရှာရာ မတွေ့သဖြင့် သူလိုချင်သည့် နေရာကို တန်းတန်းမတ်မတ် တံတွေး ထွေးလိုက်၏။

ကွန်တက်စီနာ ရယ်ချင်သွားသည်။

'အာခြောက်သွားရင် ဘယ့်နှယ်လုပ်ပ' ဟု မေးလိုက်၏။

မိုင်ကယ် ရှက်သွားသည်။

'ကျောက်ဆစ်သမားကောင်းမှန်ရင် ဘယ်တော့မှ တံထွေး မခြောက်ဘူး'

*

ညသို့ ပူပြင်းလာသည်။ နေပူပြင်းလာသည်နှင့် ပန်းပုဥယျာဉ်တော်တွင်းက လူတွေ ထိုးနိုက်လာသည်။ ရှေးဦးစွာ ထိသူမှာ ဆော့ဂီခေါ် ပညာတော်သင် ဖြစ်သည်။ နေပူရှိန်နှင့် မြက်တွေ ခြောက်လာသလို၊ သူ့စိတ်ဓာတ်တွေ နွမ်းလျလာသည်။ တစ်နေ့သော် သူက ဤသို့ ဆိုသည်။

'ဟို အမဲသားဆိုင်မှာ အလုပ်သမား လိုနေတယ်တဲ့။ ဆောက် မကိုင် ဘဲ သားလှီးဓားပဲ ကိုင်တော့မယ်ကွာ၊ မထူးပါဘူး'

သို့နှင့် သူ့နေရာ နောက်တစ်ဦး ဝင်တော့သည်။

ဃရာဏာချီသည်လည်း ကျောက်တုံးနှင့် လက်မတွေ့နိုင်ဘဲ ဖြစ်ပြန် သည်။ လော်ရင်ဇိုက ပန်းပုဥယျာဉ်တော် အုပ်ချုပ်မှု တာဝန်ပေးထားသည်။ သူ့အလုပ်နှင့်သူ ပျော်နေသည်။ ပညာတော်သင်တွေအတွက် သံ၊ ကြေးဝါ၊ ကျောက်တုံး အစရှိသော အထည်ပစ္စည်းများ အချိန်မီ ရရှိရေး ကိစ္စများကို ကြည့်ရှု ရသည်။ ပညာတော်သင်များအတွက် ပြိုင်ပွဲများ စီစဉ်ရသည်။ သူ ပန်းချီဆွဲသည်။ တစ်နေ့သော် လော်ရင်ဇိုက ပွဲတော်တစ်ခုအတွက် အလံများ၊ မှခ်ဦးပုံစံများ ဆွဲခိုင်းသည်။ မိုင်ကယ်သည် ကြားက မခံမရပ်နိုင် ဖြစ်လာသည်။

'ဟေ့ ဃရာဏာချီ၊ ခင်ဗျားနှယ်ဗျာ သီချင်းတအေးအေးနဲ့ လုပ်နေ လိုက်တာ၊ ဒါတွေ ဘာအသုံးကျလို့လဲ၊ ပွဲပြီးရင် လွှင့်ပစ်မယ့်ဟာတွေများ ခင်ဗျားမို့'

'ဟ မိုင်ကယ်ရ၊ ကိုယ် လုပ်သမျှဟာတွေ ကမ္ဘာတည်ရမယ်၊ အမိပ္ပာယ် နက်နဲရမယ်ဆိုလည်း ဘယ်ဖြစ်မလဲကွ။ ပျော်ရွှင်မှုဆိုတာလည်း အစားအသောက် နဲ့ ထပ်တူ အရေးကြီးတာပဲ။ ပွဲလမ်းတွေဆိုတာ လူတွေကို ပျော်ရွှင်အောင် လုပ်တာမျိုးပဲကွာ'

မိုင်ကယ်ကတော့ စိတ်မကျေနိုင်ချေ။ ဖလော်ရင့် မြို့တော်သားမှန်လျှင် အနုပညာသည်ပဲ ဖြစ်ရမည်ဟု ယူဆသည်။

မိုင်ကယ်သည် အိမ်မှာ နေရသည်မှာ စိတ်မချမ်းသာချေ။ ပန်းပုဥယျာဉ် တော်ရှိ ပညာတော်သင်များ ဆုငွေများ ရကြ၏။ အပြင်က အပ်သည့် အလုပ်များ ရကြသည်ကို သူ့အဖေ လိုဒိုဗီကို ကြားသိသွားသည်။ တစ်နေ့သော် သူ့သားကို ခေါ်မေးသည်။

'မင်းကော ဘာလို့ မရသေးတာလဲ၊ အခု ရှစ်လ ရှိပြီ၊ ပိုက်ဆံဖြင့် တစ်ပြား မှ မရသေးဘူး၊ ဘာပြုလို့လဲ'

'မသိဘူး'

'လော်ရင်ဇိုက မင်းကို တစ်ခါမှ ဂရုတစိုက် မကြည့်ဘူးလား'

'တစ်ခါမှ မကြည့်ဖူးဘူး'

'နို့ ဆရာဗာလ်တိုဒိုကကော မင်းလုပ်တာကို မချီးမွမ်းဘူးလား'

'ကျွန်တော် သူများတွေထက် ကောင်းအောင် ပုံဆွဲတာပဲ၊ ဒါပေမဲ့ တစ်ခါမှ ကောင်းတယ် မပြောဖူးဘူး'

'ကဲ ဒါဖြင့် ပန်းပုဆရာ ဖြစ်ရမယ်ဆိုသေးပြီး ပန်းပုလည်း မထုရသေးတာက ဘာပြုလို့လဲ'

'ဆရာဗာလ်တိုဒိုက ပြောတယ်၊ ကျွန်တော် ပညာလိုသေးတယ်တဲ့'

'ဒါပေမဲ့ သူများတော့ ပန်းပုထုနေကြတာပဲ မဟုတ်လား။ ဒီတော့ မင်း သူတို့လောက်မှ မတော်လို့ပေါ့'

'ဒါတော့ ကျွန်တော့်လက်နဲ့ ကျောက်တုံးသားနဲ့ ထိတွေ့မှ ပြောနိုင်မှာပေါ့'

'ဒါဖြင့် ဘယ်တော့မှ မင်း လက်နဲ့ ကျောက်တုံးနဲ့ တွေ့မှာတဲ့လဲ'

'ဒါတော့ မသိဘူး'

'မင်း အခု ၁၅ နှစ် ရှိတော့မယ်။ ဘယ်တော့မှ ပိုက်ဆံရအောင် လုပ်မှာလဲ။ မင်း ငါ့တုတ်နဲ့ ရိုက်မိတော့မယ်။ မင်းရဲ့ ခေါင်းထဲမှာ ဘယ်တော့များမှ အသိဉာဏ် ဝင်မယ် မသိတော့ပါဘူး'

လိုဒိုဗီကိုသည် သူ့ကိုယ်သူ ကုလားထိုင်ပေါ် ပစ်ထိုင်လိုက်သည်။

သူ့သားတွေ တစ်ယောက်တလေမှ ဗြူရိုနာရိုတီ မျိုးရိုးဂုဏ်သိက္ခာ မစောင့်ဟု စိတ်ပျက်စွာ ညည်းညူလိုက်သည်။

'ဘယ့်နှယ်တုံးကွယ်တို့၊ လိုင်ယွန်နာဒိုကလည်း ခင်ကြီး လုပ်ချင်သတဲ့၊ တို့အမျိုးထဲ ခင်ကြီးလည်း မရှိပါဘူး။ မိုင်ကယ်ကလည်း ပန်းပု၊ ပန်းချီဆရာ လုပ်မတဲ့၊ လာပဲ လာချေသေး၊ တို့အမျိုးထဲ အနုပညာသည်လည်း တစ်ကောင် တစ်မြီးမှ မကြားဖူးဘူး။ ဟောဟို ဃီယိုဗန်စီမိုနီ ဆိုတဲ့ အကောင်ကတော့ လမ်းသရဲ။ မင်းတို့ အမျိုးထဲ လမ်းသရဲ တစ်ခါမှ မရှိခဲ့ပါလား။ ပြီးတော့ ဆီဂျီမိုတိုဆိုတဲ့ ငနဲလေးကလည်း စာကို သင်လို့မတတ်ဘူး။ တို့ အမျိုးထဲ စာမတတ်ဘူး ဆိုတာလည်း တစ်ဦးမှ မရှိပါဘူး'

မိုင်ကယ်သည် သူ့အဖေ ကြိမ်းမောင်းသမျှကို စိတ်ရှည်လက်ရှည် နားထောင်နေသည်။ ပြီးလျှင် သူ့အဖေ၏ ပခုံးထက်ကို အသာ လက်နှင့် ပုတ်ပြီး ပြောလိုက်သည်။

'ကျွန်တော့်အပေါ်တော့ ယုံပါ အဖေ၊ နွားဦးချို နို့ညစ်တဲ့လူစား မဟုတ်ပါဘူး'

*

သင်တန်းအလုပ်ခွင်မှာ မိုင်ကယ် မျက်နှာကောင်းရသည် မရှိချေ။ ဆရာကြီး ဘာလ်တိုဒိုက တစ်ခါမှ သူ့အပေါ်တွင် စိတ်တိုင်းကျသည်ဟု မရှိဘဲ 'မဟုတ်သေးဘူး၊ ဒါလောက်နဲ့ မရဘူး။ မင်း ဒါထက်ကောင်းကောင်း လုပ်နိုင်ရမယ်၊ ထပ်ပြီး ဆွဲဦး' ဟူ၍သာ ပြောနေသည်။

ညဘက် အိမ်အပြန်တွင် မိုင်ကယ် စိတ်မကျေမချမ်းဖြစ်ကာ သူ့ သူငယ်ချင်း ဃရာဏာချီကို ဖွင့်ပြောမိသည်။

'ကျွန်တော့်ကို အမြဲ ချန်ချန်ထား ခံနေရတာ ဘာပြုလို့လဲ။ ပြိုင်ပွဲတွေ ဆိုလည်း တစ်ခါမှ မဝင်ပါဘူး။ အပြင်က လာအပ်တဲ့ အလုပ်တွေကိုလည်း မလုပ်ရဘူး။ ပြီးတော့လည်း ရှိသေးတယ်။ အိမ်တော်ကြီးကိုလည်း တစ်ခါမှ သွားပြီး အနုပညာလက်ရာတွေ မလေ့လာရ မကြည့်ရဘူး။ ခင်ဗျားက ဒီမှာ ဇိမ်ကိန်း အုပ်ချုပ်နေရတဲ့ မန်နေဂျာပဲ၊ ဆရာကြီး ဗာလ်တိုဒိုကို ပြောပါဦး။ ကျွန်တော့် အတွက်လည်း ကူဦးမှပေါ့'

'အေးကွာ၊ ဆရာကြီး ဗာလ်တိုဒိုက မင်းဟာ ပြိုင်ပွဲဝင်ဖို့ တော်ပြီ ဆိုရင် သူ ပြောမှာပေါ့'

မိုင်ကယ် စိတ်ထဲမှာ ကျိတ်ပြီး မချမ်းသာနေသည့် ကိစ္စတစ်ခု ရှိနေသေးသည်။ ရာသီဥတုက စိုစွတ်လာသဖြင့် လော်ရင်ဇိုက သူ့သမီးလေး ကွန်တက်ဇီနာကို ဥယျာဉ်တော်ထဲ ထွက်ခွင့်မပြုဘဲ အိမ်တော်တွင်းမှာ နေစေသည်။ သည်ကတည်းက မိုင်ကယ်အဖို့ ဥယျာဉ်တော်ကြီးမှာ ဟာလာဟင်းလင်းကြီးလို ဖြစ်ပြီး နေ့တာတွေကလည်း ရှည်လွန်းနေသည်။

မိုင်ကယ်သည် အထီးတည်း ငြီးငွေ့လာလေလေ သူ့တော်ရီဂီယန်နီကို ခဲ့ဦးကပ် အဖော်လုပ်လေလေ ဖြစ်သည်။ သူတို့နှစ်ယောက်မှာ မခွဲဘဲ တတွဲတွဲ လုပ်နေကြသည်။ တစ်နေ့သော် ဆရာကြီး ဗာလ်တိုဒိုသည် မိုင်ကယ် ဆွဲထားသည့် ပုံကို ယူကြည့်သည်။ ထိုပုံမှာ တော်ရီဂီယန်နီ၏ဟန်ကို အတုယူ ဆွဲထားသောပုံ ဖြစ်သည်။ ဆရာကြီးသည် ထိုပုံကို အစိတ်စိတ်အမြွာမြွာ ဆုတ်ပစ်လိုက်သည်။

'အေး.... ခြေကျိုးတဲ့လူနဲ့ တွဲလမ်းလျှောက်တာ ကြာရင် မင်းပါ ထော့ကျိုး ဆော့ကျိုး ဖြစ်လိမ့်မယ်' ဟု မှတ်ချက်ချသည်။

*

တစ်နေ့တွင် ဆရာကြီး ဗာလ်တိုဒိုသည် မိုင်ကယ် စိတ်ထဲ မအောင့်နိုင် ဖြစ်နေသည်ကို ရိပ်မိသည်။ မိုင်ကယ်၏ ပခုံးထက် လက်တင်ပြီး ပြောလိုက်သည်။

'ဒါလောက် ဖြစ်နေရင် .... ကဲကွာ ပန်းပုပညာဆီ တက်ကြရအောင်'

မိုင်ကယ် ရင်တဆတ်ဆတ်ခုန်သည်။ နဖူးစတွင် ချွေးများ စို့လာသည်။

ဆရာကြီးက ဆက်ပြောသည်။

'ကဲ ဒီလိုဆိုရင် ပန်းပုပညာသည်ဆိုတာ ဘာလဲ၊ ထုလုပ်ရမယ့် ပစ္စည်းကုန်ရိုင်း အတုံးထဲက မလိုတဲ့ အပိုင်းတွေ ဖယ်ပစ်၊ တူနဲ့ဆောက် သုံးပြီး ပန်းပုဆရာရဲ့ စိတ်ကူးထဲက ပုံသဏ္ဌာန်မျိုး ဖြစ်လာအောင် လုပ်တဲ့ ပညာပေါ့။ ရွှံ့တို့ ဖယောင်းတို့နဲ့ လုပ်သလို ထပ်ဖြည့်တန်တာဖြည့်၊ ဆက်တန်လည်း ဆက်ရတယ်'

မိုင်ကယ် ခေါင်းခါသည်။

'ကျွန်တော်တော့ ဒီလို မလုပ်ချင်ဘူး။ ရှေးဂရိလူမျိုးတွေ လုပ်သလို ကျောက်သားကို ထွင်းယူချင်တယ်'

'အေး .... ဒီလို စိတ်ဆန္ဒမျိုးက ချီးမွမ်းစရာပါပဲ။ ဒါပေမဲ့ လက်ဦးအစမှာတော့ ရွှံ့နဲ့ ဖယောင်းနဲ့ လက်သင်ရလိမ့်မယ်'

ထို့နောက် ဆရာကြီးသည် သစ်သား တုတ်ချောင်းနှင့် သံကြေးနန်းကြိုးများကို အသုံးပြုကာ အတွင်းသား အမာခံ လုပ်ပြသည်။ မိုင်ကယ်က ဆရာကြီးပြသည့်အတိုင်း အမာခံပုံတစ်ခု ရှေးဦးစွာ တည်ဆောက်ရသည်။ ပြီးလျှင် ဖယောင်းပူပူနွေးနွေးနှင့် လိုက်၍ ပုံသွန်းရသည်။ အနံနှင့် အလျားသာရှိသော ပုံကားချပ်တစ်ခုကို ထုထည်ရှိသည့် ရုပ်လုံးတစ်ခု ဖြစ်အောင် ဖန်တီးယူလာသည်။

'ဘယ်ဘက်ကကြည့်ကြည့် ရုပ်လုံးဟာ အပြစ်အနာ မရှိရဘူး၊ စင်းဖြောင့်နေရမယ်။ ဒီတော့ ရုပ်လုံးရဲ့ အစိတ်အပိုင်းတွေကို တစ်ခါတည်း လုပ်ရုံနဲ့ မပြီးဘူး၊ အခါပေါင်း သုံးရာခြောက်ဆယ်လောက် ထပ်ထပ်ပြီး လုပ်ရမယ်'

မိုင်ကယ်၏စိတ်မှာ သိမ်းကျုံးဝင်စားသွားသည်။ ဖယောင်းများကို အမာခံပုံပေါ်မှာ စုတင်လိုက်ပြီး သံကိရိယာ တန်ဆာပလာများနှင့် ကော်ခြစ်သည်။ နောက်မှ သူ့လက်နှင့် အချောကိုင်သည်။ ဖြစ်လာသည့် ပုံသဏ္ဌာန်မှာ မှန်ကန်တိကျသည့် သဘောကို ဆောင်သည်။ အကြမ်းထည် သဘာဝ သတ္တိကို ပြသည်။

ဆရာကြီးက ဝေဖန်သည်။

'မျက်နှာပုံတူလည်း မဟုတ်ပါလား၊ ပြီးတော့ ပျောင်းနွဲ့တဲ့ သဘောလည်း မပါဘူး'

မိုင်ကယ်သည် မခံချင်စိတ် ပြင်းပြလာသည်။

'အခု ကျွန်တော်လုပ်တာ ပုံတူသွန်းနေတာ မဟုတ်ပါဘူး။ ပုံတူ သွန်းတာမျိုး မကြိုက်ပါဘူး၊ ဘယ်တော့မှ မလုပ်ဘူး' ဟု ခပ်ဆောင့်ဆောင့် ပြန်ပြောသည်။

'အေးကွယ် မင်းတို့အရွယ်မှာတော့ "ဘယ်တော့မှ မလုပ်ဘူး" ဆိုတဲ့ စကားလုံး ပြောနိုင်သေးတာပေါ့။ တစ်နေ့ ဗိုက်ဆာလာနေတဲ့အချိန်မှာ မီလန်မြို့စားကြီးလို လူမျိုးက သူ့ပုံတူ ထုပေးပါလို့ ပြောလာတဲ့အခါမျိုး ဆိုရင်'

မိုင်ကယ်က မလျှော့သေး၊ မျက်မှောင်ကြီးကြုတ်ကာ ပြန်ပြောလိုက်သည်။

'ကျွန်တော် ဒီအထိ မငတ်သေးပါဘူး'

*

ဒီသည်လိုနှင့် နွေဦးရာသီ ရောက်လာခဲ့ရပြန်သည်။ အိမ်က သူ့အဖေ လိုဒိုဗီကို ကလည်း မိုင်ကယ်ကို နားပူနေပြန်သည်။ ခုအထိ ပိုက်ဆံရတဲ့ အလုပ် မလုပ်ရ သေးဘူးလား၊ သည်လိုဆိုလျှင် ဧပြီလကျလျှင် ထွက်လာခဲ့ရမည်ဟု ဆိုပြန်သည်။ မိုင်ကယ်သည် သူ လုပ်ထားသည့် ရွှံ့ရုပ်များကို ကူးယူ၍ ကျောက်သားနှင့် လုပ်ခွင့် ဆရာကြီးထံ တောင်းသည်။ ဆရာကြီးက 'နေဦး၊ လိုသေးတယ်' ဟု ပြောသည်။

မိုင်ကယ်သည် အိမ်တော်ကြီး အနားကိုမှ မသီရသေးချေ။ ပညာသင် သားချင်းတူတူ "ဗူဂီယာဒီနီ" အား လောရင်ဇိုက အိမ်တော်သို့ ဖိတ်ကြား ခေါ်ယူသည်။ ထိုအခါ မိုင်ကယ် မပါရသဖြင့် သူ့ကိုယ်သူ အပယ်ခံရသကဲ့သို့ ခံစားငယ်မိသည်။

တစ်နေ့ မတ်လထဲတွင် ဆရာကြီး ဗာလ်တိုဒိုက–

'ဒီကနေ့ အိမ်တော်ကြီးမှာ မကြာခင်က တူးဖော်လာတဲ့ "ဖွန်း" အရုပ် ခေါင်းခု ရောက်လာတယ်။ ခရစ်မပေါ်ခင် နှစ်ပေါင်းငါးရာက ရှေး ဂရိလူမျိုးတွေ ထုခဲ့တဲ့ ကျောက်ရုပ်ပဲ။ မင်း ကြည့်ဖို့ကောင်းတယ်၊ လာ သွားမယ်'

မီဒီချီ၏ အိမ်တော်ကြီးမှာ လူအုပ်ကောင်းလှသော သူ၏မိသားစုများ နေထိုင်လောက်ရုံသာ မဟုတ်သေး၊ ဖလော်ရင့်မြို့တော် သမ္မတနိုင်ငံ အစိုးရ အုပ်ချုပ်ရေး ရုံးဌာနကြီးလည်း ဖြစ်သည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းလုံး အရောင်း အဝယ် ကိစ္စများ စီမံခန့်ခွဲသည့် ဗဟိုအချက်အချာလည်း ဖြစ်သည်။ တစ်ဖန် ထပ်ဆင့် တိုးလိုက်ပြန်သည်မှာ ကမ္ဘာ့အရုပ်ရုပ်က အသိပညာရှင်၊ အနုပညာရှင် များ စုဝေးရာလည်း ဖြစ်သည်။ အိမ်တော်ကြီးသည် ခံ့ညားသည်။ ကျယ်ဝန်းသည်။ သို့သော် အပိုအလျှံ ခြယ်လှယ်မွမ်းမံခြင်း မရှိဘဲ အရိုးခံ ဖြစ်သည်။

မိုင်ကယ်နှင့် ဆရာကြီး ဗာလ်တိုဒိုတို့သည် ထုထည်ကြီးလှသော တံခါး ပေါက်ဝကြီးမှ အတွင်းသို့ ဝင်လာသည်။ အိမ်တော်မျက်နှာစာ ရင်ပြင်တွင် ရှေးပန်းပုဆရာကြီးများ၏ ရုပ်တုများ တွေ့ရသည်။ မိုင်ကယ်သည် ဆရာကြီး နောက်သို့ ဖြောင့်ဖြောင့် မလိုက်သေးဘဲ ထိုရုပ်တုကြီးများဆီသို့ ပြေးကာ လက်နှင့် ကိုင်ကြည့်သည်။ သူတို့ ဝင်သွားသည့် အခန်းတိုင်းမှာပင် ကျောက်ရုပ်တွေ၊ ပန်းချီကားတွေ ပြည့်နေသည်။ နောက်ဆုံးတွင် လော်ရင်ဇို၏ ရုံးခန်းတွင်းသို့ ရောက်လာခဲ့သည်။

လော်ရင်ဇိုရဲ စားပွဲရှေ့ စင်များပေါ်တွင် အနုပညာ ရတနာပစ္စည်းများ ပြည့်နေသည်။ ဆရာကြီး ဗာလ်တိုဒိုက–

'အဲ ဟိုမှာပဲ "ဖွန်း" အရုပ်၊ အေးအေးဆေးဆေး လေ့လာပေတော့၊ ငါ သွားမယ်' ဟု ဆို၍ သူ့ချည်း ထားခဲ့သည်။

မိုင်ကယ်သည် "ဖွန်း" နတ်ရုပ်ကလေးအနားသို့ ချဉ်းကပ်ကာ ကြည့် သည်။ မျက်လုံးများထဲတွင် မိုက်ရူးရဲသတ္တိ အရောင်တွေ တောက်နေသည် ထင်ရသည်။ သူ၏ မုတ်ဆိတ်ရှည်ကြီးပေါ်တွင် အစွန်းအထင်းများ တွေ့ရသည်။ သေသောက်မူး အပျော်ကြူးရင်းများ သေရည်တွေ ဖိတ်ကျတာလေထင့်။

မိုင်ကယ်အဖို့ "ဖွန်း" နတ်ရုပ်လေးမှာ အသက်ဝင်နေသည်။ မိုင်ကယ် သည် သူ့ဦးခေါင်းကို နောက်မော့ကာ အားပါးတရ ရယ်လိုက်သည်။

ထို့နောက် မိုင်ကယ်သည် သူ့အိတ်ထဲမှ စက္ကူခဲတံကို ထုတ်ယူကာ ထိုနတ်ရုပ်ပုံလေးကို ကူးဆွဲသည်။ သူ့စိတ်ထဲတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ဂရိလူမျိုး ပန်းပုဆရာသည် ထိုနတ်ရုပ်ကို ဘယ်လိုစိတ်ကူးနှင့် အာရုံ ယူခဲ့သည်ကို တွေးဆ၍ နတ်ရုပ်ပုံကို ရေးဆွဲသည်။

ရေမွှေးနံ့ သင်းသင်းကလေး သူ့နှာဝကို ချူလာသည်။ ရုတ်တရက် လှည့်ကြည့်လိုက်သည်။ သူ မမြင်မတွေ့ရသည်မှာ အတော်ကြာခဲ့သော ကွန်တက် စီနာကလေးပါလား။

'မိုင်ကယ်' ဟု ခေါ်လိုက်သည်။

သည်လို သူ့အမည်ကို ခေါ်သံလေး ကြားရသည်နှင့် အဘယ်ကြောင့် ပျော်သွားရလေသနည်း။

'ဟင် ကွန်တက်စီနာပါလား၊ ကျွန်တော် တွေ့ရလိမ့်မယ်ကို မထင်ဘူး။ အခု ဆရာကြီး ခေါ်လာပြီး ဒီ ဖွန်းနတ်ရုပ်ကို လေ့လာရမယ်ဆိုလို့'

'ဘဘာဘုရားက နွေမပေါက်မချင်း ဥယျာဉ်တော်ထဲ မထွက်ရဘူး တဲ့။ ကျွန်မ အဆုတ်နာရပြီး မသေနိုင်ပါဘူးနော်'

'မသေပါဘူး၊ အသက်ရှည်ပြီး သားသမီးတွေ အများကြီး ရဦးမှာပါ'

ကွန်တက်စီနာ ရှက်သွေးဖြာသွားသည်။

'စိတ်ဆိုးသွားသလား ခင်ဗျာ' ဟု မိုင်ကယ်က တောင်းပန်သံနှင့် ပြော သည်။

ကွန်တက်စီနာ ခေါင်းခါသည်။

'လူတွေက ပြောကြတယ်၊ မိုင်ကယ်ဟာ စကားပြောရင် တုံးတိကြီး တဲ့'

ကွန်တက်စီနာသည် မိုင်ကယ်၏အနားသို့ တိုးလာသည်။

'ကျွန်မလေ ရှင့်အနားမှာ နေရရင် အားရှိတယ်၊ ဘာပြုလို့လဲ'

'ကျွန်တော်လည်း ခင်ဗျားအနားမှာ နေရရင် ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်း မသိဘူး၊ အဲဒါကော ဘာပြုလို့လဲ'

ကွန်တက်စီနာ၏ ရယ်သံကလေးမှာ သာယာညင်းပျောင်း ရှိလှသည်။ ချော်ရှင်မြူးကြွသည်။

'ဥယျာဉ်တော်ကြီးကို သိပ်လွမ်းတာပဲ'

'ဥယျာဉ်တော်ကြီးကလည်း လွမ်းတာပါပဲ'

'ဥယျာဉ်တော်ကြီးက ကျွန်မကို ရှိလေမှန်းမှ သိရဲ့လား'

'သိလိုက်တာမှ'

မိုင်ကယ်၏ အသံမှာ ပြင်းထန်လှသဖြင့် ကွန်တက်စီနာ နောက်ဆုတ်သွားသည်။

'အလုပ်လုပ်ရတာ ကောင်းရဲ့လား'

'မဆိုးပါဘူး'

'စကားလည်း သိပ်မပြောချင်ဘူး ထင်တယ်'

'စကားမှ မပြောတတ်ဘဲ၊ ပြောလည်း မပြောချင်ပါဘူး'

'ဒီလိုဆိုရင် ရှင့်မျက်လုံးကို အဝတ်ကာထားရင် ကောင်းမယ်။ ပါးစပ်က မပြောပေမဲ့ ရှင့်မျက်လုံးက ပြောတာတွေကို ကျွန်မ သဘောကျတယ်'

မိုင်ကယ်သည် သူ့စိတ်ထဲ ရှိတာတွေ ပေါ်လွင်နေသည်ကို ရှက်သွားသည်။ လက်ပူးလက်ကြပ် အမိခံရသလို စိတ်ညှိုးသွားသည်။ ပုံဆွဲစက္ကူကို ပြန်ကောက်ယူပြီး 'ကျွန်တော် အလုပ်လုပ်ရဦးမယ်' ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကွန်တက်စီနာ၏ မျက်လုံးထဲ၌ ဒေါသရောင် လွှမ်းသွားသည်။

'မဟာမီဒီချီရဲ့ သမီးတော်ကို ဒီလို "သွားတော့" လို့ ဘယ်သူမှ မပြောခဲ့ဘူး' ဟု ဆိုကာ ခြေထောက်နှင့် ကြမ်းကို ဆောင့်လိုက်သည်။

ပြီးလျှင် သူ့ဘာသာသူ ပြန်ပြီး စိတ်ပြေသွားသကဲ့သို့ အပြုံးကျဲကျဲလေး ပြုံးသည်။

'သွားတော့မယ် မိုင်ကယ်၊ အလုပ် ကောင်းကောင်းလုပ်နော်'

ထိုည မိုင်ကယ် အိပ်မပျော်ချေ။ ဥယျာဉ်တော် နောက်ဘက် ထောင့်စွန်းထောင့် မြက်တောထဲတွင် ပစ်ထားသော ကျောက်တုံးတစ်တုံးကို သူ့စိတ်ထဲက မထွက်နိုင် ဖြစ်နေသည်။ ထို ကျောက်တုံးကလေးမှာ သူ မြင်ခဲ့သည့်

"ဖွန်း" နတ်ရုပ်မျိုး ထုဖို့ အနေတော် ဖြစ်သည်။ ထိုနတ်ရုပ်ကို သူက တစ်မျိုး တီထွင်ပြီး ထုလိုက်ချင်သည်။

နံနက် အရုဏ်တက်လျှင် မိုင်ကယ်သည် ဥယျာဉ်တော်သို့ ပြေးပြီး ကျောက်တုံးကို မ ၍ ယူခဲ့သည်။ သူတို့ ပညာသင်သားများ အလုပ်လုပ်သည့် ဇရပ် နောက်ဖေးနားမှာ ချထားသည်။ သူသည် ထိုကျောက်တုံးကို ကိုင်တွယ်ခွင့် မရှိသည်ကို သိသည်။ ဆရာကြီး စကားကို မနာယူဘဲ ယခုလို လုပ်ကိုင်လျှင် သင်တန်းမှ အထုတ်ခံရမည်။ သို့ရာတွင် သူ့အဖေ ပြောနေသည့်အတိုင်းဆိုလျှင် သင်တန်းက ထွက်ရမည် ဖြစ်သည်။ သည်တော့ အကြောင်း မထူးတော့ပြီ။

မိုင်ကယ်သည် ကျောက်တုံးကို သူ့လက်နှင့် ယုယပိုက်ထွေး ကိုင်လိုက်သည်။ သူ့အဖို့ ကျောက်တုံးမှာ အသက်ရှင်နေလိုက်သည်မှာ ဖုတ်လှိုက် ဖုတ်လှိုက်နှင့် အသက်ရှူနေသည်ဟု ထင်သည်။

"ဘယ့်နှယ်ကြောင့်များ ငါ့စိတ်ထဲ ဒီလို ဖြစ်ရပါလိမ့်" ဟု မိုင်ကယ် သူ့ကိုယ်သူ မေးမိသည်။ သူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ကျောက်တုံးကို လက်နှင့် ယုယထိတွေ့ ကိုင်လိုက်ရမှ သူကိုယ်တိုင် ပြည့်ပြည့်ဝဝ အသက်ဝင်လာသည် ထင်သည်။

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ငါဟာ ကျောက်ဖြူသားကို ထွင်းရမယ့် ပန်းပုသမား တစ်ယောက် ဖြစ်ရမယ်။ ဒါကလွဲရင် ဘာမှ မဖြစ်ချင်ဘူး'

မိုင်ကယ်သည် ရှုး ဆောက် တန်ဆာပလာများကို ကောက်ယူကာ

---

**မိုင်ကယ်၏လက်ရာ**

**လောရင်စို မီဒီချီ (ဝဲ)နှင့် ဖလော်ရင့်မြို့တော်ရှိ မိုင်ကယ်၏ရုပ်တု (ယာ)**



ကျောက်သားပေါ်မှာ တစ်ချက်ရိုက်ချလိုက်သည်။ သူနှင့် ကျောက်သား၊ တူ၊ ဆောက် အားလုံး တစုတပေါင်း တစ်သားတည်း ဖြစ်သွားသည်။

*

နှိုး" နတ်ရုပ် ပြီးစီးသွားသည်။ သုံးရက် အဝတ်နှင့် အုပ်ဝှက်ထားပြီးမှ ထုတ် ပြီး သူ့အလုပ်စားပွဲပေါ်တွင် တင်ထားသည်။ ဆရာကြီး ဗာလ်တိုဒို မြင်ပါစေဟု ဆောင်းနေသည်။ သူ့ "ဖွန်း" နတ်ရုပ်က တစ်မူဆန်းထားသည်။ အိုမင်းရွတ်တွ သလောက် ကာမဂုဏ်ရမ္မက် ကြီးသည်။ ဘဝ အရသာကို မြိန်ရေရှက်ရေ သုံးသည့်အသွင်ကို ဆောင်သည်။ မိုင်ကယ်သည် အရုပ်ကို အရောင်တင်နေစဉ် လော်ရင်ဇို ရောက်လာသည်။

'ဩော် ငါ့ဆီက "ဖွန်း" အရုပ်မျိုးလေးပါလား၊ မှတ်ဆိတ်တော့ မပါဘူး' လော်ရင်ဇိုက ပြောသည်။

'ပန်းပုပညာသည်ဆိုတာ ပုံတူကူးတဲ့လူ မဟုတ်ပါဘူး။ ရှေးဟောင်း ဘွထဲက ထပ်ပြီး အသစ်ထွင်ရပါတယ်'

'အဲဒီ အသစ်တီထွင်ဖို့က ဘယ်က ရမှာလဲ'

'ဒါတော့ ပညာသည်ရဲ့ အသွင်သဏ္ဌာန်က ဖြစ်လာရမှာပေါ့။ အနုပညာ ၅ အဲဒီကပဲ လာတာပဲ'

လော်ရင်ဇို၏ မျက်လုံးထဲတွင် ရောင်ခြည်သမ်းသွားသည်ကို မိုင်ကယ် ကြည့်သည်။

---

ပန်းခွင်ထဲက
မိုင်ကယ်အိန်ဂျယ်လို



'မင်းရဲ့ "ဖွန်း" နတ်က သက်ကျားအိုကြီး ဆိုပြီး ဘာလို့ သွားတွေ ရှိနေရတာလဲ'

လော်ရင်ဇိုဲ ထွက်သွားလျှင် မိုင်ကယ်သည် ဆောက်ကိုယူပြီး "ဖွန်း"၏ ပါးစပ်ကို ပြင်ထုသည်။ နောက်တစ်နေ့ လော်ရင်ဇို လိုက်လာပြီး သူ့ အလုပ်စားပွဲ ရှေ့၌ ရပ်ကြည့်သည်။

'အင်း မင်းရဲ့ "ဖွန်း" က တစ်နေ့တည်းနဲ့ အနှစ် ၂၀ လောက် ပိုကြီး သွားပြီ'

လော်ရင်ဇို သဘောကျသွားပုံ ရသည်။

နောက်တစ်နေ့ နံနက်တွင် ဝတ်စုံအနီ ဝတ်ဆင်ထားသော အဆောင်ကိုင် သူငယ်တစ်ယောက် ရောက်လာသည်။ ဆရာကြီး ဗာလ်တိုဒိုက အော်ခေါ် လိုက်သည်။

'မိုင်ကယ် မင်းကို အိမ်တော်က ခေါ်နေတယ်'

ကျောက်တုံးကို ခိုးပြီးထုမှုနှင့် နှင်ထုတ်ခံရလေမလားဟု မိုင်ကယ် ရှိုသွား သည်။ ဆရာကြီး ဗာလ်တိုဒိုကို မျက်နှာရိပ် မျက်နှာကဲကို ကြည့်သော်လည်း ဘာမှ အရိပ်အမြွက် မထင်သဖြင့် မိုင်ကယ်မှာ အဆောင်ကိုင်သူ၏ နောက်က လိုက်ပါသွားရသည်။ မဟာလော်ရင်ဇို မီဒီချီ ထိုင်သည့် ရုံးခန်းတွင်းသို့ ရောက်ခဲ့ ရသည်။

'မင်း အသက် ဘယ်လောက်ရှိပြီလဲ မိုင်ကယ်'

'၁၅ နှစ်'

လော်ရင်ဇိုသည် သူ့စားပွဲအံကိုဖွင့်ပြီး ဖိုင်တွဲကြီးတစ်ခုကို ထုတ်လိုက် သည်။ ထိုဖိုင်တွဲထဲက ပုံကားချပ်များကို ယူ၍ စားပွဲပေါ်မှာ ဖြန့်ပြသည်။ မိုင်ကယ် သည် သူ့မျက်စိကိုပင် သူ မယုံနိုင်ဘဲ ဖြစ်သွားသည်။

'ဟင် ကျွန်တော် ဆွဲတဲ့ ပုံတွေပါလား'

'အေး ဟုတ်တယ်၊ မင်းရဲ့လမ်းမှာ တို့က တမင်တကာ အခက်အခဲတွေ ချပေးထားတာ။ ဆရာကြီး ဗာလ်တိုဒိုက မင်း လုပ်သမျှကို မချီးမွမ်းဘဲ ထားတယ်။ နောင်ကို ဘယ်လို ချီးမြှောက်မယ်ဆိုတာလည်း လုံးလုံးကို မပြောဘူး။ မင်းဟာ ပညာပါရမီတော့ ရှိတယ်ဆိုတာ တို့ သိတယ်။ ဒါပေမဲ့ မင်းရဲ့စိတ်ဓာတ်ကို စုံစမ်း ချင်သေးတာကိုး။ တကယ်လို့များသာ မင်း တို့ကို ပစ်ပြီး တကယ် ပိုက်ဆံရမှာ၊ နာမည်ကြီးမှာတွေ နောက်ကို လိုက်သွားမယ် ဆိုရင် ....'

မိုင်ကယ် စကားတစ်လုံးမျှ ပြန်မပြောနိုင်တော့ချေ။ လော်ရင်ဇိုသည် မိုင်ကယ် အနားလာ၍ ထပ်ပြောသည်။

'မိုင်ကယ်၊ မင်းမှာ ပန်းပုပညာသည် ဖြစ်နိုင်မယ့် အရည်အသွေး ရှိတယ်။ ဘာလ်တိုဒိုရော ငါပါ ယုံကြည်တာကတော့ မင်းဟာ ရှေးပန်းပု ဆရာကြီးတွေရဲ့ အနုပညာအမွေကို ခံနိုင်မယ့်လူပဲ။ ဒီတော့ မင်းကို ငါတို့ သားချင်းမိသားစု တစ်ယောက်လို အိမ်တော်မှာ လာနေစေချင်တယ်။ ဒီအချိန်ကစပြီး မင်းဟာ ပန်းပုပညာကိုပဲ လေ့လာဆည်းပူးရမယ်'

'ကျွန်တော်က ကျောက်သားကို ကိုင်ရတာကို ပိုကြိုက်တယ်'

လော်ရင်ဇိုက ရယ်လိုက်သည်။

'အင်း ဟုတ်ပေ့ကွာ၊ ငါ့လို မီဒီချီ မင်းသားအိမ်တော်ကြီးမှာ လာနေရမယ့် ဆိုတာကိုများ ပျော်စရာ ဂုဏ်ယူစရာလို့များ နည်းနည်းလေးမှ မထင်ဘူး ဟုတ်စ၊ ကျေးဇူးတင် စကားလေးများမှ ပြောဖော်မရဘူး။ မင်းမှာဖြင့် ကျောက်ဖြူသား သောက်ပဲ တွေးနေထင်ပါရဲ့။ ကဲကွာ၊ မင်းအဖေကို ငါ့ဆီ ခေါ်ခဲ့မလား'

'နက်ဖြန် ခေါ်ခဲ့ပါမယ်'

*

အိမ်တော်ကြီးတွင် မိုင်ကယ်၏အဖေသည် လော်ရင်ဇို၏ ရှေ့တွင် ရိုသေစွာ ရပ်နေသည်။ သူ့ ကြည့်ရတာ သနားစရာ ကောင်းသေးတော့သည် ဟု မိုင်ကယ် ထင်မိသည်။

မိုင်ကယ်ကို အိမ်တော်ကြီးမှာ ခေါ်ယူထားလိုကြောင်း လော်ရင်ဇိုက ပြောသည်။ အဝတ်အစား လိုလေသေး မရှိအောင် တာဝန်ယူမည်။ မိုင်ကယ်၏ အဖေမှာ မဟာလော်ရင်ဇို မီဒီချီ၏ အလိုကို မငြင်းပယ်နိုင်ချေ။ ရိုသေစွာ 'အလို တော် အတိုင်းပါ' ဟု တင်လျှောက်ရသည်။

'ကဲ ဒါဖြင့် ဖလော်ရင့် မြို့တော်တွင်းမှာ မင်းအတွက် ဘာများ လိုချင် သလဲ'

'အကောက်ရုံးဌာနမှာ အလုပ်ကလေးများ ရှိခဲ့ရင် ....'

'အကောက်ရုံးဌာန ဟုတ်လား၊ ငါကဖြင့် ဒါထက် ကြီးကျယ်တဲ့ အလုပ် များ တောင်းမလားလို့ ထင်နေတာ။ ရပါတယ်၊ ရပါတယ်'

လော်ရင်ဇိုသည် မိုင်ကယ်ဘက်သို့ လှည့်၍ ပြုံးသည်။

'ဟို လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ လောက်ကပေါ့။ ငါရဲ့ ဘိုးတော်ကြီးက ဒီအိမ်တော်ကို ပန်းပုကျော် ဆရာကြီး ဒိုနာတယ်လိုကိုခေါ်ပြီး ဒေးဗစ်ရဲ့ အရုပ်ကြီး ထုခိုင်းခဲ့တာလေ'

## အခန်း ၃
## အိမ်တော်ကြီးဝယ်

အိမ်တော်ကြီး၏ အလယ်ဗဟိုကွင်း အထက်ရှိ အခန်းဆောင်တွင်းသို့ အဆောင်ကိုင် သူငယ်က မိုင်ကယ်ကို ခေါ်လာခဲ့သည်။ ဆရာကြီး ဗာလ်တိုဒို၏အဆောင်ဖြစ်သည်။ ဆရာကြီးသည် တံခါးဖွင့်ပေးပြီး မိုင်ကယ်ကို ခရီးဦးကြို ပြုသည်။

'လာခဲ့ မိုင်ကယ်၊ ဒါဟာ ငါနေတဲ့ နေရာအဆောင်ပဲ။ မင်းကို ပညာပေးဖို့ ငါ့မှာ အချိန်များများ မကျန်တော့ဘူးလို့ မဟာလော်ရင်ဇိုက ထင်လေသလား မသိဘူး။ ငါ အိပ်ရင်းတောင် မင်းကို သင်ပေးစေချင်တယ် ထင်ပါ့ကွာ'

အခန်းတွင်း၌ သစ်သားခုတင်နှစ်လုံး အိပ်ရာ ပြင်ထားသည်။ ခုတင်ခြေရင်းတွင် သေတ္တာတစ်လုံးစီ ရှိသည်။ အခန်းထောင့်တွင် ကန့်လန့်ကာ ချိတ်ဆွဲထားသည်။ ထောင့်တစ်ခုရှိ ဗီရိုတစ်လုံးထဲတွင် ဗာလ်တိုဒို၏လက်ရာ ပန်းပုရုပ်များ ထားသည်။

'ဆရာကြီး အရုပ်တွေက ဖယောင်းတိုင် မီးရောင်အောက်မှာ သိပ်လှတာပဲ' ဟု မိုင်ကယ်က ပြောသည်။

'အေးကွာ၊ ငါက ပုံသေးသေးလေးတွေပဲ ထုထားလို့ ပုံသေး ပန်းပုဆရာ၊ ပန်းပုဆရာ အသေးစားလို့တောင် ခေါ်ကြသေးတယ်။ မင်း အိပ်ရာပေါ်မှာ လှဲအိပ်နေရင်း ငါ တစ်သက်လုံးက ထုလာခဲ့တဲ့ အရုပ်တွေအားလုံးကို မြင်နိုင်တယ်ဆိုတော့ အဲဒါ သနားစရာ ဖြစ်မနေဘူးလား'

'ပန်းပုပညာဆိုတာ အလေးချိန်နဲ့ တွက်ဆလို့ ရတာမျိုး မဟုတ်ပါဘူး ဆရာ'

'အေးလေကွာ၊ ပန်းပုပညာအတွက် ငါ လုပ်ပေးခဲ့တာ များများစားစား ကြီးကြီးကျယ်ကျယ် မရှိလှပါဘူး။ ပညာပါရမီ ပါဖို့က လွယ်ပါတယ်။ အဲဒီ ပါရမီကို ဖြည့်စွမ်းဖို့ကျတော့ ကိုယ့်ဘဝတစ်ခုလုံးနဲ့ ရင်းနှီးပြီး ဖြည့်ရလိမ့်မယ်'

'အို ဒါတော့ ဘဝဆိုတာက ဘာလုပ်ဖို့ ထားတာတဲ့တုံး' ဟု မိုင်ကယ်က ပြတ်ပြတ်မေးလိုက်သည်။

'အစတုန်းကတော့ ဘဝဆိုတာ ကောင်းကောင်းစားမယ်၊ သောက်မယ် တောကစားထွက်မယ်၊ မဒီချောလေးတွေနဲ့ တွဲပျော်မယ်။ အဲဒီဟာတွေ အဘွက်ငြိ ငါ ထင်ခဲ့မိတယ်။ ဒါပေမဲ့ ပန်းပုပညာသည် ဆိုတာ ကိုယ့်ခန္ဓာကိုယ် တစ်ခုလုံးကို အလုပ် အတုံး အစိုင်အခဲကြီးဖြစ်အောင် ဖန်တီးရတယ်။ အဲဒီ အစိုင်အခဲဟာ လောကကြီး တစ်ခုလုံးကို ပြည့်လျှံသွားလောက်အောင် ကြီးမားရလိမ့်မယ်'

နောက်တစ်နေ့တွင် အိမ်တော်မှ အပ်ချုပ်သည်က မိုင်ကယ်အတွက် ဝတ်စုံအသစ်တစ်ခု ယူ၍ ရောက်လာသည်။ မိုင်ကယ်သည် ကြက်သွေးရောင် ဦးထုပ်အပျော့စားကို ဆောင်း၍ ခရမ်းရောင် ဝတ်စုံနှင့် ရွှေဝါရောင် ရှပ်အင်္ကျီများကို ဝတ်ဆင်ပြီး မှန်ထဲ သူ့ကိုယ်သူ ကြည့်သည်။ အလှဲ၊ သည်လိုဆိုတော့ သူ့ရုပ်က မခေလှဘဲ အတော်ချောသွားသည်။ အရုပ်ပိုမြင့်၍ ကိုယ်ခန္ဓာ ထွားကျိုင်းသာသည်။

မိုင်ကယ်သည် သူ့ကိုယ်သူ သဘောကျနေသဖြင့် ဆရာကြီး အခန်းထဲ ဝင်လာသည်ကိုပင် မသိလိုက်ဘဲ ရှိသည်။

'ဒီအဝတ်တွေနဲ့ မင်းကိုယ်မင်း အတော်ချောနေတယ်လို့ ထင်နေသလား၊ ဒါတွေက ပွဲလမ်းရှိမှ ဝတ်ဖို့။ ကဲ ဟောဒီအင်္ကျီ လဲလိုက်စမ်း'

မိုင်ကယ်သည် သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်လေ၊ ခိုင်းနွားကို ကကြိုးတန်ဆာပလာ ဆင်မပေးနဲ့ ဆိုတဲ့ စကား အရှိသားပဲ'

ထိုနေ့ညနေတွင် သူတို့ ဆရာတပည့် ထမင်းစားခန်းမကြီးထဲ ဝင်လာကြသည်။ ခန်းမကြီးထဲ၌ လူ ၆ဝ လောက် တစ်ကြိမ်တည်း ထိုင်နိုင်လောက်သည့် "ယူ" စာလုံးပုံ စားပွဲကြီးပေါ်တွင် ရွှေကပ်ထားသည့် သလင်း ဖန်ခွက်များ ချထားသည်။ ဖလော်ရင့်မြို့တော်၏ အမှတ်တံဆိပ်ဖြစ်သော ကြာပန်းပုံကို ရွှေပြားခတ် ငွေပန်းကန်များပေါ်တွင် ဖော်ထားသည်။

အိမ်တော်တီးဝိုင်းအဖွဲ့သည် သူတို့အတွက် သတ်မှတ်ထားသည့် နေရာ ဆောင့်က နေ၍ တီးမှုတ်ဖျော်ဖြေနေသည်။ မိုင်ကယ်သည် ထမင်းစားခန်းထဲသို့ အလျှိုအလျှို ဝင်လာကြသော မင်းစိုးပရိသတ်ကို ငေးကြည့်နေသည်။

လော်ရင်ဇို၏ သမီးကြီး လူကရီဇီယာနှင့် သူ့ခင်ပွန်း ဂျက်ကိုပို– ဆာလ်ဗီယာတီ၊ စပိန်ပြည်မှ ခင်ကြီး ဂိုဏ်းချုပ်ကြီးနှစ်ပါး၊ အနီးအနား မြို့တော်များမှ မင်းကြီးစိုးကြီးများ၊ ပါရစ်မြို့တော်၊ ဘာလင်မြို့တော်မှ ပညာရှိကြီးများ၊ ဖလော်ရင့် ဆိုဘော် အစိုးရအရာရှိကြီးများ၊ အာသင်မြို့တော် ပီကင်း၊ အယ်လက်ဇန်းဒရီးယားနှင့် လန်ဒန်မြို့တော်များမှ ကုန်သည် သူဌေးကြီးများတို့ကို တွေ့မြင်ရသည်။

ကွန်တက်စီနာက မိုင်ကယ်ကို သူ့နံဘေးနားက နေရာမှာ ထိုင်စေသည်။ လော်ရင်ဇို၏ သားအကြီးဆုံး ပိုင်ရိုဒီမိဒီချီနှင့် သူ့ဇနီး အယ်လ်ဖွန်စီနာတို့ နောက်ကျမှ ဝင်လာသည်။ အယ်လ်ဖွန်စီနာသည် ရောမမြို့တော် မင်းကြီးစိုးကြီး အမျိုးအနွယ်ထဲက ဖြစ်သည်။ သားသားနားနား ဝတ်ဆင်လာသည်။ သူတို့ ဇနီးမောင်နှံမှာ စားပွဲ လူပြည့်နေသဖြင့် အစွန်ဆုံးက ထိုင်ရသည်။ သူတို့ မျက်နှာ မသာမယာ ရှိသည်ကို မိုင်ကယ်က သတိပြုမိသည်။

'သူတို့က အခုလို အဆင့်အတန်းမရွေး စားပွဲမှာ ထိုင်ချင်သလို ထိုင်ကြတာကို သဘောမကျဘူး။ မိဒီချီ မိသားစုကသာ စားပွဲထိပ်က နေရမယ်လို့ သူတို့က ယူဆတယ်' ဟု ကွန်တက်စီနာက မိုင်ကယ်ကို တိုးတိုးလေး ပြောသည်။

နောက်ဆုံးမှ ဝင်လာသူများမှာ လော်ရင်ဇို၏ ဒုတိယသား ဃိုင်အိုဗန်နီနှင့် သူ့ညီတစ်ဝမ်းကွဲ ဃိုင်အူလီယိုတို့ ဖြစ်သည်။ ဃိုင်အိုဗန်နီမှာ သာသနာ့ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ စားဖွယ်သောက်ဖွယ်များကို အောက်ထပ် မီးဖိုမှနေ၍ (ယခုခေတ် ဓာတ်လှေကား အခန်းမျိုး) အခန်းငယ်လေးသို့ စက်သီးနှင့် ဆွဲတင်သည်။ ထမင်းစားခန်းမ အဆင့်သို့ ရောက်သောအခါမှ အစေအပါးများက စားသောက်ဖွယ်များကို သယ်ယူရသည်။ ထိုစက်သီးဆွဲ အခန်းငယ်လေးများမှ တက်ချည်ဆင်းချည် အခေါက်ပေါင်းများစွာ လုပ်နေရသည်။

အစေအပါးများသည် ငါးဟင်းများကို ငွေလင်ပန်းကြီးများနှင့် ထည့်၍ စားပွဲကို လှည့်ပတ်ကာ ဧည့်သည်များကို ပေးဆက်သည်။ ဖြူ နီ ကြောင်ကျားရှပ်အင်္ကျီဝတ်ထားသည့် လူငယ်တစ်ဦးသည် လင်ပန်းထဲက ငါးကလေး တစ်ကောင်ကို ကောက်ယူလိုက်သည်။ သူ့ပါးစပ်တွင်းသို့ ထည့်တော့မလိုနှင့် သူ၏ အနားကပ်ကာ စကားပြောသည်။ ထိုနောက် ချုံးပွဲချ ငိုလေတော့သည်။

မိုင်ကယ်သည် အံ့သြကာ ဘာဖြစ်ပါလိမ့်ဟု ကွန်တက်စီနာဘက်သို့ လှည့်ကြည့်သည်။

'သူက အိမ်တော်မှာ ပျော်တော်ဆက် လူရွှင်တော်ပဲ' ဟု ပြောသည်။ လော်ရင်ဇိုက 'ဘာပြုလို့ ငိုတာလဲ' ဟု မေးသည်။ ထိုအခါ လူရွှင်တော်က ပြန်ပြောသည်။

'ကျွန်တော့်အဖေဟာ မကြာခင်က ရေနစ်သေပါတယ်။ ဒါကြောင့် ဟောဒီ ငါးလေးကို မင်းများ မတွေ့လိုက်ဘူးလားလို့ မေးပါတယ်။ ဒီတော့ ငါးလေးက ပြန်ပြောတယ်။ ငါတော့ ငယ်သေးလို့ မသိဘူး၊ ဟောဟို လင်ပန်းပေါ်က ငါးအကြီးကြီးတွေ မေးပါတဲ့'

မိုင်ကယ်မှာ လော်ရင်ဇို၏ ထမင်းစားပွဲတွင် လူရွှင်တော် ရှိနေသည်ကို

အံ့ဩနေသဖြင့် ပြက်လုံးကိုပင် မရယ်နိုင်ရှိသည်။ ကွန်တက်စီနာက သူ့ကို ဂရုစိုက်ကြည့်နေသည်။

'မရယ်ချင်ဘူးလား'

'ရယ်တာ အလေ့အကျင့် မရှိဘူး၊ အိမ်မှာဆိုရင် ဘယ်သူမှ မရယ်ဘူး'

'ဖေဖေဟာလည်း ဣန္ဒြေကြီးတဲ့လူပဲ၊ ဒါပေမဲ့ သူ့အနားမှာ လူတွေ စကားဆူညံပြော ရယ်မောနေတာ ကြိုက်တယ်'

အစေအပါးများသည် နို့စို့အရွယ် ဝက်ငယ်လေး ကောင်လုံးကင်များကို သယ်ယူလာကြသည်။ စောင်းဆရာသည် မြို့တော်တွင်းက အတင်းအဖျင်း သတင်းများကို သီချင်းလုပ်ဆိုပြီး ပရိသတ်ကို ဖျော်ဖြေသည်။ သရော်သည့် အပျော်အပျက် ကဗျာများကို ရွတ်သည်။

စားသောက်ပြီးလျှင် ဧည့်သည်များ ထပြီး လမ်းလျှောက်ကြသည်။ ကွန်တက်စီနာသည် မိုင်ကယ်နှင့် လက်ချင်းချိတ်ပြီး ထ လာသည်။

'မိတ်ဆွေ ဖြစ်ရတယ်ဆိုတာ ဘယ်လောက် ပျော်စရာ မင်္ဂလာ ရှိတယ်ဆိုတာ သိရဲ့လား' ဟု မိုင်ကယ်ကို မေးသည်။

'ဃရာဏာချီက ကျွန်တော့်ကို သိအောင် သင်ပေးပါတယ်'

'လူတိုင်း လူတိုင်းဟာ မီဒီချီ မိသားစုရဲ့ မိတ်ဆွေပဲတဲ့။ ဒီတော့လဲ မီဒီချီရဲ့ မိသားစုမှာ မိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိဘူးပေါ့' ဟု ပဟေဠိဆန်ဆန် ကွန်တက်စီနာက ခပ်အေးအေး ပြောလိုက်သည်။

*

နောက်တစ်နေ့ နံနက်တွင် ဗာလ်တိုဒိုသည် ပန်းပု ဥယျာဉ်တော်တွင်းရှိ ကျောက်တုံးများ ဆီသို့ မိုင်ကယ်ကို ခေါ်သွားသည်။

'တကယ်တော့ ငါဟာ ပန်းပုဆရာတစ်ယောက် အဖြစ်နဲ့ ပြောပလောက်တဲ့ သူတစ်ဦး မဟုတ်ပါဘူး။ သို့ပေမဲ့ မင်းနဲ့ တွေ့ရတဲ့အတွက် ဆရာကောင်းကြီး တစ်ဦး ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်ပေါ့။ သေသေချာချာ မှတ်ထား၊ မင်းထုမယ့် ရုပ်ပုံဟာ ကျောက်သား၊ အထိုက်အလိုက်သင့် ထုသွားရမယ်။ ကဲ ရေလောင်းစမ်း၊ ကျောက်သားအကြောတွေ မြင်ရအောင်'

ဗာလ်တိုဒိုက ကျောက်တုံး အတွင်းသားထဲက နေရာများအကြောင်း ပြောပြသည်။ ရေ၊ နေ ထိဖန်များသဖြင့် ကျောက်တုံး အတွင်းသားများ အခေါင်း ဖြစ်နေသည်ကို လေပူစီဖောင်းဟု ခေါ်သည်။ ယင်းတို့ကို အပြင်က နေ၍ ဘယ်လိုမှ မမြင်နိုင်ချေ။ ထိုအခေါင်းများ ဘယ်နေရာမှာ ရှိမည်ကို သိတတ်သည့်ဉာဏ်မျိုး ရလာအောင် ပန်းပုပညာသည်တိုင်း လေ့ကျင့်ယူရ၏။

ထို့နောက် ဆရာကြီးသည် အချက်ကျ ရိုက်လျက် ကျောက်တုံး အသား တစ်ကြီးများကို ဖဲ့ထွင်းသည့်နည်းကို ပြသည်။ ကျောက်တုံးကို စက်ဝန်းသဏ္ဌာန် အရေးအကြောင်းများ ဦးစွာပေးပြီးမှ ထွင်းပစ်ရသည်။ ကျောက်တုံးတစ်ခုလုံး ဘယ်နေရာကပင် ထွင်းနေသည် ဖြစ်စေ၊ အခြား ကျန်နေရာများနှင့် ဆက်စပ် ထိပါးပုံကို အမြဲ သတိပြုကာ ကိုယ် လိုသလို ရအောင် ချိန်ဆတတ်ရ၏။

အလုပ်ရုံးခန်းမှာ ပန်းပဲဖိုလည်း ဖြစ်၍ လက်သမား အလုပ်ခန်း အမျိုးစုံ ပစ္စည်းများ ထုတ်လုပ်သော ဌာနလည်း ဖြစ်သည်။ ဃရာဏာချီသည် မိုင်ကယ် အတွက် ဆီွဒစ်သံချောင်းများ ဝယ်ထားသည်။ ထိုသံချောင်းများနှင့် ဆောက်အရွယ် အစားစား ကိုးချောင်း လုပ်ရမည်။

'ကိုယ် ကိုင်မယ့် ကိရိယာ တန်ဆာပလာကို ကိုယ့်ဘာသာ မလုပ်ရင် ပန်းပုဆရာ မဖြစ်ဘူး' ဟု ဆိုသည်။

နောက်တစ်နေ့ နံနက်တွင် မိုင်ကယ်သည် မိုးမလင်းမီ မှောင်ထဲ၌ အသာ အိပ်ရာက ထ၍ ဥယျာဉ်တွင်းသို့ ဆင်းလာခဲ့သည်။ ရောင်နီ ပျို့လာသည်နှင့် ကျောက်တုံးများ၏ သဘာဝကို အထင်းသား မြင်ရတော့သည်။ အလင်းရောင် သည် ကျောက်သားတွင်းသို့ ဝင်နေသည် ထင်ရသည်။ ကျောက်သား၏ အကြော များ၊ အနာများ၊ အတွင်းသားထဲက အခေါင်းများ အားလုံး ပေါ်ထင်နေသည်။

မိုင်ကယ်သည် ကျောက်တုံးများကို တစ်တုံးပြီးတစ်တုံး တူနှင့်ထု၍ စမ်း ကြည့်သည်။ အသားပိတ်သော ကျောက်တုံးများကို ထုလိုက်လျှင် ခေါင်းလောင်း သံမျိုး ထွက်လာသည်။ အတွင်းသား အနာများသော ကျောက်တုံးများ၏ အသံမှာ ဒင်္ဂါးအကြီးကဲ့သို့ လေးလေးတွဲ့တွဲ့ကြီး အသံမျိုး ထွက်သည်။ ကျောက်တုံးလေး တစ်တုံးမှာ နေ မိုး ခံရဖန်များ၍ အပြင်သားများ မာနေသည်ကို တွေ့ရသည်။ မိုင်ကယ်သည် တူနှင့် ဆောက်ကို သုံးကာ အပေါ်လွှာတွေ ခွာချလိုက်သည်။ အတွင်းက နွားနို့သဖွယ် ဖြူဖွေးသောအသား ပေါ်လာသည်။ ကျောက်သား အကြောများ သွားပုံကို တွေ့ရအောင် ထိပ်ပိုင်းက ထောင့်စွန်းတွေကို ညှိပစ်လိုက် သည်။ အတွင်းက ကျောက်သားကို မိုင်ကယ် သဘောကျသွားသည်။ မီးသွေးခဲ တစ်ခုကို ကောက်ယူ၍ ကျောက်တုံးပေါ်မှာ အဘိုးကြီးတစ်ဦး၏ ခေါင်းပုံတစ်ခု ရေးဆွဲလိုက်သည်။ ထိုနောက် ခုံတစ်ခု ဆွဲယူသည်။ ထိုနောက် ကျောက်တုံးကို ခွစီးပြီး ဒူးနှစ်ဖက်နှင့် ငြိမ်အောင်ဖိထားကာ တူနှင့် ဆောက်နှင့် အလုပ် စ တော့ သည်။

မိုင်ကယ်၏ စိတ်ရောကိုယ်ပါ ခန္ဓာ အစုအဝေးတို့သည် ကျောက်တုံးနှင့် တစ်သားတည်း ကျသွားသည်။ သူသည် ထိုအချိန်အခါကျမှသာ လူ့ဘဝ အပြည့်

အဝ ရတော့သည်။ သူ၏လက်မောင်းများသည် ပေါ့ပါး၍ သန်မာ လျင်မြန်လာသည်။ အချိန်ကြာလာလေ သူသည် ကျောက်သားကို ပိုင်နိုင်လာလေ ဖြစ်သည်။ မိုင်ကယ်သည် အချစ်၊ မေတ္တာ၊ အာရုံ အပြည့်အဝနှင့် အလုပ် လုပ်နေသည်။ အသက် သွေးရှင်ရှင် သွင်းထားသည့် အနုပညာ ပစ္စည်းတစ်ခုကို ဖန်တီးနေရသည်။ ထိုပီတိသုခသည် မိုင်ကယ်အဖို့ ဘာနှင့်မျှ မတူ၊ မန္တိုင်းယှဉ်သာအောင် အရသာထူးတစ်ရပ် ဖြစ်သည်။

ဆရာကြီး ဗာလ်တိုဒို ရောက်လာ၍ မိုင်ကယ် လုပ်နေပုံကို မြင်သော အခါ–

'ဟေ့ ဟေ့ ဘယ့်နှယ် လုပ်နေတာလဲ၊ ဒီလို မလုပ်ရဘူး။ နေဦး နေဦး' ဟု အော်ပြောသည်။

တောင်ကြီး ကွယ်ထားသည့်ပမာ မိုင်ကယ်မှာ နားမကြားတော့ချေ။ ဆရာကြီးသည် ရယ်သွမ်းသွေးပြီး လက်မြှောက် အရှုံးပေးလိုက်သည်။

'အင်း ပြောလို့ရမယ့်အကောင် မဟုတ်ပါဘူး။ ဗီးဆူးဗီးယ မီးတောင်ကြီးကို မပေါက်ကွဲပါနဲ့လို့ ပြောရင် ရချင်ရဦးမယ်'

လော်ရင်ဇို၏ "ပလေတိုအကယ်ဒမီ" သည် ဥရောပတိုက် ပညာရှင်များ နေထိုင်ရာ ဌာနတစ်ခု ဖြစ်သည်။ လော်ရင်ဇို၏ စိတ်ကူးမှာ သူ အုပ်ချုပ်သည့် ဖလော်ရင့် မြို့တော်ကြီးကို ရှေးခေတ် အေသင်မြို့တော်ကဲ့သို့ ကမ္ဘာ့တက္ကသိုလ် ဖြစ်အောင် လုပ်ပေးချင်သည်။

မိုင်ကယ် ဝင်လာသောအခါ ပညာရှင်ကြီးများအား ဒိန်ခဲ၊ သစ်သီး၊ ဆိုင်မုန့်များ ကျွေးမွေးဧည့်ခံနေသည်ကို တွေ့ရသည်။ သူတို့ ဆွေးနွေးနေကြသည့် အကြောင်းမှာ ထိုခေတ်က ခရစ်ယာန်ဘာသာဝင် ခင်ကြီးများ ကိုယ်ကျင့်တရား ပျက်စီးမှု ဖြစ်သည်။

သူတို့လူစုထဲ အငယ်ဆုံးဖြစ်သော မာရင်ဒိုလာက ပြောသည်။

'ဒီပြဿနာအတွက် အဖြေရှိပါတယ်။ အခု ဖာရာရာမြို့မှာ ဆာဗိုနာ ရိုလား ဆိုတဲ့ ဖုန်းကြီးတစ်ပါး ပေါ်နေပါတယ်။ သူ့ရည်ရွယ်ချက်က သာသနာတော်ကို သန့်စင်ဖို့ပဲ။ သူ တရားဟောတာ နာဖူးပါတယ်။ သူ့ တရားသံဟာ ခရစ်ယာန်ကျောင်းကြီးတစ်ခုလုံး ဟိန်းသွားတာပဲ'

'သူကသာ တို့နဲ့ လက်တွဲလုပ်မယ် ဆိုရင်တော့' ဟု လော်ရင်ဇိုက ပြောသည်။

'ဒါတော့ မဟာမင်းကြီးက သူ့ကို ဖလော်ရင့်မြို့ကို ပြောင်းရွှေ့ပေးဖို့ ပြောရင် ရပါတယ်'

'ဒီလိုဆိုရင် လုပ်ကြည့်မယ်'

ထိုကိစ္စ ပြတ်သွားလျှင် ပညာရှိကြီးများသည် မိုင်ကယ်ကို အရေးတယူ စကားပြောသည်။ သူ ဘယ်စာအုပ်တွေ ဖတ်သင့်သည်ကို အကြံပေးသည်။ ထို နောက် သူတို့ချင်းချင်း ဆက်ဆွေးနွေးကြသည်။ မိုင်ကယ်သည် နားစိုက်ထောင် နေသည်။ သူတို့ ပြောကြသည့် စကားများတွင် မိုင်ကယ် နားလည် မှတ်သား မိသည့် အချက်တစ်ခု ရှိသည်။ ထိုအချက်ကား ဘာသာတရားနှင့် လောကီပညာစု တို့သည် အေးချမ်းယှဉ်၍ ရပ်တည်နိုင်ကြရသည်။ သို့မှသာ တစ်ဦးကိုတစ်ဦး ကျေးဇူးပြု၍ ကြွယ်ဝပြည့်စုံသော အဖြစ်သို့ ရောက်စေနိုင်သည်။

ပညာရှင်များ ဆွေးနွေးကြသည်ကို ခြုံ၍ကြည့်လျှင် သူတို့သည် အတွေး အခေါ်သစ်တစ်ခု တီထွင်ရန် ကြိုးစားနေကြသည်။ ထိုအတွေးအခေါ်သစ်၏ ကြွေးကြော်သံကား မိုင်ကယ် တစ်ခါမှ မကြားဖူးသည့် စကားတစ်လုံး ဖြစ်သည်။ ၎င်းမှာ "လူဝါဒ" ဆိုသော စကား ဖြစ်သည်။

မိုင်ကယ်သည် စိတ်ဝင်စားစွာ နားထောင်ရင်း "လူဝါဒ" ၏ အဓိပ္ပာယ် ကို နားလည်လာသည်။

'ကျွန်ုပ်တို့သည် ကမ္ဘာကြီးကို လူတို့၏လက်သို့ ပြန်အပ်ကြရမည်။ လူလောကကိုလည်း လူတို့လက်တွင်းသို့ ပြန်ရောက်စေရမည်။ ခွန်အားနှင့် ပြည့်စုံ ၍ လွတ်လပ်သောစိတ် မရှိလျှင် လူသည် တိရစ္ဆာန်သာ ဖြစ်ချေမည်။ ကျွန်ုပ်တို့ သည် လူတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော အနုပညာ၊ စာပေ၊ သိပ္ပံပညာများကို သာမက လွတ်လပ်စွာ တွေးတောခံစားနိုင်ခွင့်ကိုပါ လူသတ္တဝါအား ပြန်အပ်ရ မည်။ လူတို့၏စိတ်ကို အယူသီးသော ဘာသာတရား အတွေးအခေါ်က ချုပ်ချယ် တားဆီးခြင်း မရှိစေရ'

မိုင်ကယ်သည် သူတို့စကားများကို နားထောင်ပြီး ပြန်လာခဲ့သည်။ သူ့ ဆရာကြီး ဗာလ်တိုဒီကို ပြောမိသည်။

'ပညာရှိတွေ ပြောတာ နားထောင်ရတာ ကျွန်တော်ဖြင့် နားထဲ ရှုပ်ထွေး နေတာပဲ'

ထိုအခါ ဆရာကြီးက ပြန်ပြောသည်။

'အေးကွာ၊ သူတို့စကားတွေက မင်းကို စဉ်းစားဖို့ အလုပ်ပေးတာပေါ့။ ဒါပေမဲ့ စိတ်မပျက်ပါနဲ့၊ သူတို့က မင်းလို ကျောက်သားကို မထွင်းတတ်ပါဘူး။ အဲဒီပညာက စကားလုံး ရာထောင်ထက် အဓိပ္ပာယ် ပြောင်မြောက်ပါတယ်'

*

နွေဦးရာသီ တနင်္ဂနွေနေ့သည်ကား နေခြည်ဖြာနွေးသောနေ့ ဖြစ်သည်။ သူ မျက်နှာ သစ်သည့် ခုံပေါ်တွင် ရွှေဒင်္ဂါးသုံးပြား တွေ့ရသည်။ အပတ်တိုင်း သူ့ လစာငွေ

ဆိုရွှေဒင်္ဂါး သုံးပြားကို ထိုနေရာမှာ လော်ရင်ဇို၏ အတွင်းဝန်က တင်ထားလိမ့် မည်ဟု ဆရာကြီးက ပြောထားသည်။

မိုင်ကယ်သည် ထိုရွှေစများကို သူ့မိသားစုအား သွားပြလိုက်ချင်သည်။ အိပ်ရာပေါ်တွင် ဝတ်စုံသစ်တစ်စုံ နောက်ထပ် ချုပ်ပေးထားသည်။ ပန်းပွင့်များ ထိုးထားသည့် အင်္ကျီ၊ ခြေအိတ်၊ အပေါ်ဝတ်အင်္ကျီများ အပြည့်အစုံ တွေ့ရသည်။

လမ်းပေါ် လျှောက်လာခဲ့ရာ တော်ရီဂီယန်နီနှင့် တွေ့သည်။ သူ့လက်ကို ဆွဲဆွဲပြီး–

'နေဦးကွ၊ မင်းနဲ့ နှစ်ယောက်ချင်း စကားပြောချင်တယ်' ဟု ပြောသည်။

'နှစ်ယောက်ချင်း ပြောနေစရာ မလိုပါဘူးကွာ၊ တို့အချင်းချင်း ဘာမှ ဖုံးဝှက်စရာ မရှိပါဘူး'

'အေး ဟုတ်တယ်၊ မင်း အိမ်တော်ကြီး မရောက်ခင်က ဆိုရင်တော့ တို့အချင်းချင်း ဘာမဆို ဖွင့်ပြောနေကြတာချည်းပဲ'

တော်ရီဂီယန်နီ၏ လေသံမှာ မိုင်ကယ်ကို အတော်ပင် မရှုဆိတ် ဖြစ်နေပုံ ပေါ်နေသည်။ မိုင်ကယ်သည် ညင်ညင်သာသာပင် သူ့ကို ချော့မော့ပြောသည်။

'မင်းဆိုရင် ကိုယ်ပိုင်အိမ်တော်ကြီးနဲ့ နေနေရတာပဲကွာ'

'ဟုတ်တယ်လေ၊ ငါတို့က မိဒီချီကို မျက်နှာရအောင် "ဖွန်း" နတ်ရုပ် ထုပြရတာမျိုး အောက်ကျ နောက်ကျ အလုပ်တွေ လုပ်နေစရာ မလိုဘူးကွ'

'မင်း ငါ့ကို မနာလိုလို့ ပြောတာပဲ'

'အမယ် မင်းများ ငါက မနာလိုနေ ရဦးမှာလား၊ မင်းလို အဆန်ဖြင့် ကိုဘဲ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနဲ့နေတဲ့ အကောင်မျိုးများ ငါက မနာလိုရဦး မှာလား။ မီးသွေးခဲကိုင်ပြီး အရုပ်ဆွဲနေရတဲ့ လက်ညစ်ပတ်ကြီးနဲ့ အကောင်'

'အေး ငါဆွဲတဲ့ မီးသွေးခဲကြောင်းက အနုပညာ ပါတယ်'

တော်ရီဂီယန်နီသည် မျက်နှာကြီး မည်းပုပ်သွားသည်။

'ငါဆွဲတဲ့ ခဲကြောင်းကတော့ အနုပညာ မပါဘူးလို့ ဆိုချင်သလား'

'သြော် ...ခက်ပါပြီ၊ ဘာပဲ ပြောလိုက် ပြောလိုက် မင်းကိုယ် မင်းဆီကိုပဲ ပြန်လှည့်ယူနေတာကိုး။ လောကကြီးမှာ မင်းကိုချည်းပဲ ရှေ့ဖျားတင်ရမယ်လို့ ထင်နေသလား'

'ဟို အရင်တုန်းကတော့ မင်း ငါ့ကို အမြဲ ရှေ့ဖျား တင်လာခဲ့တာပဲ မဟုတ်လား၊ ဘာလဲ ... အခုမှ လူပါးဝလို့'

မိုင်ကယ်သည် အံ့အားသင့်ကာ သူ့သူငယ်ချင်း၏ မျက်နှာကို စိုက်ကြည့် သည်။

'ဟင် မင်းကို ငါ ဘယ်တုန်းကမှ ရှေ့ဖျား မတင်ခဲ့ပါလား' ဟု ပြောပြော ဆိုဆိုနှင့် လှည့်ထွက်လာခဲ့သည်။

ဝတ်စုံသစ်နှင့် အကျ ဝတ်လာသော မိုင်ကယ်ကို သူ့အဖေက ကြည့်ပြီး မကျေမချမ်း ဖြစ်နေသည်။ သူက သည်လို ဆင်ပြင်မပေးနိုင်ခဲ့ပါတကား။ မိုင်ကယ် ပေးသော ရွှေဒင်္ဂါးကိုကြည့်ပြီး ဘာမှမပြောဘဲ ခပ်မဆိတ် နေသည်။ လူကရီဇီယာ ကမူ မိုင်ကယ်ကို အားရပါးရ ပွေ့ဖက်ချီးကျူးသည်။

လူကရီဇီယာအဖို့ သိချင်သည့် ကိစ္စမှာ အိမ်တော်ကြီး စားဖိုချောင်က အစားအစာများမှာ သူ ချက်သလို ကောင်းရဲ့လား၊ ချက်ပြုတ်ပုံ နည်းစနစ် ကျရဲ့ လားပင် ဖြစ်သည်။

မိုင်ကယ်၏အဖေက မိုင်ကယ် အိမ်တော်မှာ နေထိုင်ရပုံ မေးမြန်းသည်။ မီဒီချီ၏သား ဃိုင်အိုဗန်နီအကြောင်း၊ သားအကြီးဆုံး ပိုင်ရိုအကြောင်း မေးသည်။

'သားကြီး ပိုင်ရိုရဲ့ ဩဇာပဲ ညှောင်းမှာပါ။ မင်းလည်း အိမ်တော်မှာ အခစား အစေခံပါပဲ။ ဒီရွှေစက ဘာသဘောလဲ၊ အခကြေးငွေပဲ မဟုတ်လား'

'တစ်ပတ်တစ်ခါ သုံးစွဲဖို့ ငွေလို့ ဆရာကြီး ဗာလ်တိုဒိုက ပြောတာပဲ'

ဦးလေးကြီး ဖရန်ဆက်စကိုကတော့ ရွှေစကိုမြင်လျှင် အူမြူးသွားသည်။ မိုင်ကယ်၏အဖေက အတော်ရှက်သွားသည်။ မိုင်ကယ်ကလည်း စိတ်ဆိုးသည်။

'ဒီရွှေစဟာ အလကား အလှူငွေရတာ မဟုတ်ဘူး။ မိုးလင်းက မိုးချုပ် အလုပ်လုပ်လို့ ရတာပါ' ဟု ပြောလိုက်သည်။

မိုင်ကယ်၏အဖေသည် မီဒီချီ ကြွယ်ဝချမ်းသာလွန်း၍သာ တစ်ပတ် ရွှေဒင်္ဂါး သုံးပြား ပေးနိုင်ပေတာပဲဟု ပြောပြီး ရွှေစများကို သိမ်းယူလိုက်သည်။

ထိုအခါ မိုင်ကယ်၏အစ်ကို လိုင်ယွန်နာဒိုက သိက္ခာရ ဖာသာ လေသံနှင့် ပြောလိုက်သည်။

'အနုပညာဆိုတာ ယုတ်မာမှုပဲ'

'ဒါပေမဲ့ တို့ ဘုရားရှိခိုးကျောင်းတွေထဲမှာ အနုပညာတွေ အပြည့်ရှိနေတဲ့ ဥစ္စာပဲ' ဟု မိုင်ကယ်က ပြန်ပြောသည်။

'အေး အဲဒါပေါ့၊ တို့ဟာ မာရ်နတ် သွေးဆောင်ရာ လိုက်ပါနေတာပဲ။ ဘုရားရှိခိုးကျောင်းဆိုတာ ပွဲခင်း မဟုတ်ဘူး၊ လူတွေလာပြီး ဆုတောင်း ဝတ်ပြု တဲ့ နေရာ။ နံရံတွေပေါ်က ဇာတ်ရုပ်ပုံတွေကြည့်ဖို့ လာတာ မဟုတ်ဘူး'

ထိုအခါ သူတို့အဖေ လိုဒိုဗီကိုက ဝင်ပြောရင်း ညည်းလိုက်သည်။

'ဒုက္ခပါပဲ၊ တစ်ဖက်စွန်းသမား နှစ်ယောက် ငါ မွေးထားမိပါပကော'

ပြောပြောဆိုဆိုနှင့်ပင် အခန်းထဲက ထွက်သွားသည်။

အခန်းထဲမှာ အဘွားဖြစ်သူ မွန်နာအလက်စန္ဒာနှင့် လိုင်ယွန်နာဒို ကျန်ခဲ့သည်။ မိုင်ကယ်လည်း အပြင်ထွက်မည်ပြုရာ လိုင်ယွန်နာဒိုက ဆွဲထားသည်။ လော်ရင်ဇို လုပ်နေသည့် လုပ်ငန်းမှန်သမျှကို မိစ္ဆာအလုပ်တွေဟု ရှုတ်ချ ပြောဆိုသွားသည်။ လော်ရင်ဇို၏ ပလေတိုအကယ်ဒမီမှာလည်း မိစ္ဆာတွေ ဖြစ်သည်၊ သာသနာကို ဖျက်ဆီးမည့် အစည်းအရုံး ဖြစ်သည်ဟု ဆိုသည်။ သာသနာ၏ ရန်သူတွေ ဖြစ်သည်ဟု စွပ်စွဲသည်။

မိုင်ကယ်က ညင်သာစွာ ပြန်ပြောသည်။

'သူတို့ပြောနေတဲ့ စကားတွေထဲမှာ သာသနာကို စော်ကားတာ မပါဘူး။ လော်ရင်ဇိုကလည်း သာသနာကို သန့်စင်အောင် ပြုပြင်လိုတဲ့ လူတစ်ယောက်ပါ'

'အံမာ သူကများ သာသနာကို သန့်စင်ချင်သတဲ့လား။ ဒီလို လူယုတ်မာ အာဏာရှင်က များလား'

မိုင်ကယ် ဘာမှ ပြန်မပြောမီ သူတို့အဘွားက ဝင်ပြောလိုက်သည်။

'ဘာလဲ၊ တို့ ဖလော်ရင့်မြို့တော်ကို ပြည်တွင်းစစ် မဖြစ်ရအောင် ကယ်တင်တာ လော်ရင်ဇို မီဒီချီပဲ မဟုတ်လား။ နှစ်ပေါင်းများစွာ ငါတို့တစ်တွေဟာ သူတစ်လူ ငါတစ်မင်း ကိုယ့်နေရာ ကွက်ကွက်ကလေးကနေပြီး တစ်ဖက်နဲ့တစ်ဖက် နေ့ကြ၊ လူသွားလမ်းပေါ်မှာတောင် သွေးချောင်းစီးအောင် တိုက်ခိုက်ကြ၊ အချင်းချင်း သတ်ဖြတ်ဖျက်ဆီး လာလိုက်ကြတာ ဘယ်လောက်ကြာပြီလဲ။ အခု မီဒီချီကြောင့် တို့တစ်တွေ တစုတစည်းတည်း အေးအေးချမ်းချမ်း နေကြရတာ မဟုတ်လား'

လိုင်ယွန်နာဒိုသည် အဘွားကို တစ်ခွန်းမှ ပြန်မပြောချေ။ မိုင်ကယ်ဘက်သို့ လှည့်၍ ပြောလိုက်သည်။

'ကဲ မိုင်ကယ်၊ အခု မင်းကို ငါ နှုတ်ဆက်ခဲ့မယ်။ ငါ ဒီညပဲ သွားတော့မယ်၊ ဆာဗိုနာရိုလားဆီ သွားပြီး တပည့်ခံတော့မယ်'

'ဟင် ဆာဗိုနာရိုလား ရောက်လာပြီလား။ မီဒီချီက သူ့ကို ပင့်ခေါ်လိုက်တာပဲ'

'အံမာ လာပြန်ပြီ၊ ဒါဟာ မီဒီချီရဲ့ လိမ်လည်ချက်ပဲ။ မီဒီချီက ဘာပြုလို့ သူ့ကို ဖျက်ဆီးမယ့် ဆာဗိုနာရိုလားကို ပင့်ခေါ်ရမှာလဲ။ ကဲ ငါ အခု အိမ်က သွားမယ်၊ ငါ့ဆရာ ဆာဗိုနာရိုလား သူ့အိမ်က ထွက်တုန်းကလိုပဲ ဟောဒီ အဝတ်အစားထည် ကိုယ်တစ်ခုနဲ့ပဲ သွားတော့မယ်။ မင့်အတွက်လည်း လမ်းမှန် ရောက်

အောင် ငါ ဆုတောင်းပါ့မယ်။ ဟောဒီ ဒူးထောက်ပြီး ဆုတောင်းမယ်။ အသားတွေ ကြွေကျလို့ အရိုးချည်း ကျန်တဲ့အထိ ဆုတောင်းမယ်'

*

နောက်ရက်များ မကြာမီပင် မိုင်ကယ်၏ အခန်းတံခါးကို အစေအပါးတစ်ယောက် လာ၍ ခေါက်သည်။

'ပိုင်ရိုမီဒီချီ သခင်ကြီးက အမိန့်ပေးလိုက်တယ်။ မိုင်ကယ်အိန်ဂျယ်လို သူ့ရှေ့တော် ဝင်ခဲ့စေတဲ့'

မိုင်ကယ် တွေးမိသည်။ သူ့ဖခမည်းတော်နှင့် ကွာခြားပါဘိသည်။ သူ့ခမည်းတော်သည် ခေါ်သောအခါမှာ အမိန့်အာဏာနှင့် ဘယ်တော့မှ မခေါ်ဘဲ "မင်း စိတ်သဘောကျမယ်ဆိုရင် ငါ့ဆီ လာခဲ့ပါဦးလား" ဆိုသော စကားမျိုး သုံးသည်။

မိုင်ကယ်သည် အစေအပါးနောက်က လိုက်ကာ ပိုင်ရိုမီဒီချီ၏ အဆောင်တွင်းသို့ ဝင်ခဲ့သည်။ ပိုင်ရို၏ဇနီး အယ်လ်ဖွန်စီနာသည် ပိုးဖဲ စိန်ရွှေတွေ အကျဆင်လျက် သဋ္ဌာလီပေါ်မှာ ထိုင်နေသည်။ ပိုင်ရိုသည် မိုင်ကယ် ဝင်လာသည်ကို မသိသကဲ့သို့ ကျောပေးလျက် လက်ထဲက ပစ္စည်းတစ်ခုကို ကြည့်နေသည်။ အတော်ကြာမှ လှည့်၍ 'မိုင်ကယ်အိန်ဂျယ်လို၊ ငါ့ဇနီးရဲ့ ပုံတူကို ကျောက်သား ထုပေးဖို့ ငါ အလိုရှိတယ်' ဟု ပြောသည်။

'သည်လိုစေခိုင်းတာ ကျေးဇူးတင်ပါတယ်။ သို့ပေမဲ့ ကျွန်တော် ပုံတူ မထုတတ်ပါဘူး။ ပုံတူ ထုပေးရင်လည်း သခင်ကြိုက်မှာ မဟုတ်ပါဘူး'

'မိုင်ကယ်အိန်ဂျယ်လို၊ ငါ မင်းကို အမိန့်ပေးတယ်။ ငါ့ဇနီး ပုံတူ ကျောက်ရုပ် ထုပေးရမယ်'

ထိုအခါ အယ်လ်ဖွန်စီနာက 'ကိုယ့်နေရာ ကိုယ်သွားပြီး ဒီစကား ပြောကြရင် ကောင်းမယ်' ဟု ဆိုလိုက်သည်။

ပိုင်ရိုသည် စိတ်ဆိုးမာန်ဆိုးနှင့် ထွက်လာခဲ့ရာ မိုက်ကယ် နောက်က လိုက်လာသည်။ ပိုင်ရို၏ ရုံးခန်းထဲရှိ ပန်းပုပန်းချီ ပစ္စည်းတွေကို မိုက်ကယ် ကြည့်ကာ အားရသွားသည်။

'ဟင် စုံလိုက်တာပါလား၊ သခင် စိတ်ကြိုက် ရွေးထားလိုက်ပုံကဖြင့် အနုပညာ မြောက်လှပါပေတယ်'

'မင်းက ရာရာစစ မင်း ထင်မြင်ချက်ကို ဘယ်သူက တောင်းလို့များ ပေးနေတာလဲ။ ကဲ ကဲ ပြောစမ်းပါဦး၊ မင်းကိုယ်မင်း ဘာထင်နေသလဲ။ ဒီအိမ်တော် ငါတို့ရဲ့ အခစား အကောင်တွေချင်းတူတူ မင်းက ဘာများ ထူးလို့လဲ'

မိုင်ကယ်သည် စိတ်ကို ချုပ်တည်း၍ ကြိုးစားပြီး ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။

'ကျွန်တော်ဟာ သခင်ရဲ့ ခမည်းတော် ခေါ်ယူထားတဲ့ ပန်းပု ပညာသင် တစ်ဦး ဖြစ်ပါတယ်'

'ငါတို့ကို မှီခိုနေရတဲ့လူတွေ ရာနဲ့ချီပြီး ရှိတယ်။ ငါတို့ ခိုင်းတာကို သူတို့ လုပ်ရတယ်။ ဒီတော့ ငါခိုင်းတဲ့ အလုပ်ကို နက်ဖြန်ကစပြီး လုပ်။ ပြီးတော့ သခင်မရဲ့ ရုပ်တုဟာ လှလှပပလည်း ဖြစ်ပေစေ'

'ဒါတော့ ပန်းပု ပညာကျော်ကြီးများတောင် မလုပ်နိုင်မဲ့ ကိစ္စပဲ'

ပိုင်ရိုသည် ဒေါသမီး ဟုန်းဟုန်းတောက်လေတော့သည်။

'တောသား သွား၊ အထုပ်ပြင်ပြီး ခု ထွက်သွား'

မိုင်ကယ်သည် သူ့အခန်းပြန်ပြီး သူ့ပစ္စည်းများကို သိမ်းသည်။ တံခါး ခေါက်သံ ကြားရပြီး ကွန်တက်စီနာသည် သူ့အထိန်းတော်ကြီးနှင့် အတူ ဝင်လာ သည်။

'အယ်လ်ဖွန်စီနာရဲ့ ပုံတူ ထုမပေးဘူးလို့ ငြင်းတယ်ဆိုတာ ဟုတ်သလား' ဟု မေးသည်။

'ဟုတ်တယ်၊ ငြင်းတယ်'

'ဖေဖေက သူ့ရုပ်ပုံ ထုခိုင်းရင်ကော ငြင်းမှာပဲလား' ဟု မေးရာ မိုင်ကယ် ဘာမှ ပြန်မဖြေဘဲ နှုတ်ဆိတ်နေသည်။ သူ ချစ်ခင်လေးစားသော လော်ရင်ဇိုကို ငြင်းရမည်လား။

'ကျွန်မက ပြောရင်ကော ငြင်းမှာလား' ဟု ဆက်မေးရာ မိုင်ကယ်မှာ အကျပ်အတည်း တွေ့သွားသည်။

'အို ဒါတော့ ပိုင်ရိုက ပြောတာမှ မဟုတ်ဘဲ၊ အမိန့်ပေးပြီး ခိုင်းတာပဲ'

ထိုအခိုက် လော်ရင်ဇို အခန်းတွင်း ဝင်လာသည်။ သူ့မျက်လုံးများ တဖျတ် ဘဲ မိတ်ချည် ဖွင့်ချည် ဖြစ်နေသည်။

'ဒီလိုဟာမျိုး ငါ့အိမ်တော်ထဲမှာ အဖြစ်မခံနိုင်ဘူး။ မင်းအဖေဆီက ငါ မင်းကို တောင်းယူထားတာ၊ မင်းအတွက် ငါ့မှာ တာဝန်ရှိတယ်'

မိုင်ကယ်၏ မျက်လုံးများ ဒေါသမီး ပွင့်သွားသည်။

'ကျွန်တော် တောင်းပန်စကား မဆက်သနိုင်ဘူး'

'မင်းဆီက တောင်းပန်စကား ဆက်ရမယ်လို့ ငါ တောင်းနေတာ မဟုတ် ဘူး၊ မင်း ဒီအိမ်တော် ရောက်လာကတည်းက ငါ့ရဲ့မိသားစု အပါအဝင် တစ်ဦး ဖြစ်နေပြီ။ ဒီအိမ်တော်ဟာ မင်းရဲ့ နေရာအိမ် ဖြစ်တယ်။ ဒီတော့ မင်းကို ဘယ်သူမှ နှင်မထုတ်နိုင်ဘူး'

မိုင်ကယ်၏ဒူးများ ချောင်ကျသွားသကဲ့သို့ ထင်မိသည်။

လော်ရင်ဇိုက ညင်သာစွာ ဆက်ပြောသည်။

'မင်းမှာ သင်စရာ သိစရာတွေ အများကြီး ရှိသေးတယ်။ စိတ်ဆိုးတာနဲ့ အခန်းထဲလာပြီး အထုပ်ပြင်တာ ဘာကောင်းသလဲ၊ ငါ့မျက်နှာကို မထောက်ဘူး'

မိုင်ကယ် မျက်ရည် မကျအောင် မနည်း ထိန်းထားရသည်။

'ပိုင်ရို သခင်ကို ကျွန်တော် တောင်းပန်ရမှာပါ။ သူ့ဇနီးအကြောင်း ရိုင်းရိုင်း ပြောမိပါတယ်'

'အေး သူကလည်း မင်းကို တောင်းပန်ရမှာပါပဲ'

လော်ရင်ဇို အပြင်ထွက်သွားလျှင် ကွန်တက်စီနာ နောက်ချန်နေခဲ့ပြီး မိုင်ကယ်ကို တိုးတိုးပြောသည်။

'ပိုင်ရိုကို ပြေလည်အောင် ပြောပါ၊ သူက ဒုက္ခအများကြီး ပေးနိုင်တယ်နော်'

*

မိုင်ကယ် အလေ့အကျင့် အတော်ပင် ရလာပြီဖြစ်၍ အဓိပ္ပာယ်ရှိသည့် ရုပ်တုထုရန် စိတ်ကူးသည်။ ဆင်တာမာရီယာနိုဗယ်လာ ဘုရားရှိခိုးကျောင်း ဆုတောင်းခန်းတွင်းက မယ်တော်မာရီ၏ ပုံများကို သွားသတိရသည်။ ထိုသို့ သတိရသည်နှင့် တစ်ချိန်တည်းမှာပင် သူ့အမေအပေါ် ထားခဲ့သည့် မေတ္တာကို တောင့်တ ဆာလောင်သည့် ဝေဒနာကို ခံစားရပြန်သည်။

တစ်နေ့တွင် လော်ရင်ဇိုနှင့်အတူ အိမ်တော် အဆောင်ခန်းများရှိ ပန်းချီ၊ ပန်းပုများကို လျှောက်ကြည့်သည်။ လော်ရင်ဇို၏ အိပ်ခန်းဆောင်တွင် ဗိုတယ်ချီလီ၏ မယ်တော်မာရီ ပန်းချီကားကို တွေ့ရသည်။

မိုင်ကယ်သည် စကားမပြောဘဲ ပန်းချီကားကို ရပ်ကြည့်နေသည်။ သူသည် သူ့အမေကို သတိရသည့်အခါ အာရုံတွင် ထင်လာသောပုံသည် အသက်ငယ်ငယ် ချောမောလှပသော မိန်းမတစ်ဦး ဖြစ်သည်။ ပန်းချီကားထဲက မယ်တော်မာရီကဲ့သို့ လှပသည်။ သို့သော် မိုင်ကယ်၏ အာရုံထဲက အလှသည် ဗိုတယ်ချီလီ၏ လက်ရာပန်းချီကားမှ မယ်တော်မာရီ၏ အလှမျိုး မဟုတ်ချေ။ အတွင်းသဏ္ဍာန်မှ လာသော အလှမျိုး ဖြစ်သည်။ မိုင်ကယ် ဖန်တီးလိုသည့် မယ်တော်မာရီ၏ အလှကားမှာ သည်လို အလှမျိုး မဟုတ်၊ သားကို ချစ်သော မိခင်၊ သားက ချစ်သော မိခင်၏အလှ ဖြစ်သည်။

'ကျွန်တော် မယ်တော်မာရီနဲ့ စိတ်ချင်း နီးစပ်နေသလိုပဲ အောက်မေ့တယ်။ ကျွန်တော့်အမေ ရုပ်ပုံဆိုရင် မယ်တော်မာရီရဲ့ပုံပဲ ရှိတာပဲ။ ဒီတော့

အမေ့အကြောင်း ဘယ်လို သရုပ်ဖော်ထုတ်ရမလဲဆိုတာ ရှာကြဦးမှပဲ' ဟု မိုင်ကယ်က ဆိုသည်။

မိုင်ကယ်သည် ဖလော်ရင့်မြို့တော် လူဆင်းရဲ ရပ်ကွက်များကို လျှောက်ကြည့်သည်။ မိန်းမများသည် အိမ်ရှေ့ လူသွားလမ်း ရင်ပြင်ပေါ်ထိုင်ကာ ကုလားဆိုင် ကြိမ်ထိုးသည့်အလုပ်မျိုး လုပ်ကြသည်။ သူတို့ ပေါင်ပေါ်မှာ ကလေးကို ဘင်ထားကြသည်။ ကလေးများကို နို့တိုက်ကြသည်။ မိုင်ကယ်သည် သူတို့ကို ကြည့်၍ ပုံဆွဲသည်။ သို့သော် သူတို့ ဂရုမစိုက်ဘဲ သူတို့ဘာသာ လုပ်မြဲ လုပ်နေကြသည်။ မိုင်ကယ်သည် လူပုံတူဆွဲဖို့ ကြိုးစားခြင်း မဟုတ်ချေ။ မိခင်၏ မေတ္တာသဘာဝကို ရှာဖွေခြင်းသာ ဖြစ်၏။

ပုံအကြမ်းများ ရေးဆွဲရင်း မယ်တော်မာရီ၏ ဘဝကံကြမ္မာအကြောင်းကို ပြန်လှန်ဆင်ခြင်မိသည်။ မာရီသည် ဘုရားသခင်၏ အလိုတော်အတိုင်း ယေရှုအား သူ၏ ဝမ်းကြာတိုက်မှာ ခိုလှုံစေ၍ မွေးဖွားခဲ့ရသည်။ သူ၏သား ယေရှုသည် လူ့လောကတွင် ဘုရားသခင် ပေးသည့်တာဝန်ကို ထမ်းဆောင်၍ နောက်ဆုံး၌ လက်ဝါးကပ်တိုင်ထက်တွင် အသက်စွန့်ရမည်။

ထိုသို့ ရှေ့ဖြစ်ရမည့် အကြောင်းကို ဘုရားသခင်က မာရီကို ကြိုတင်ပြောထားပြီး ဖြစ်ရမည်။ ဘုရားသခင် ပေးသည့်တာဝန်ကို မာရီ ငြင်းဆိုနိုင်ခွင့်ရှိရမည်။ သူ့သား၏ ရှေ့ရေးကို သူ ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။ ဤသို့ မိုင်ကယ်ယုံကြည်သည်။

သို့ဖြစ်၍ မိုင်ကယ်သည် မာရီ၏ရုပ်တုကို ထုလုပ် ဖန်တီးရာတွင် ဘုရားသခင်၏အမိန့်ကို ခံယူရန် ဆုံးဖြတ်သည့်အချိန် မာရီနှင့် သား ယေရှုတို့၏ ပုံကို သရုပ်ဖော်တော့မည်။

မာရီသည် သတ္တိအင်အား ပြည့်ဝသော မိခင်တစ်ဦး ဖြစ်ရမည်ဟု မိုင်ကယ်ယူဆသည်။ မာရီသည် သားငယ်ကို နို့ချိုတိုက်ကျွေးနေရင်းပင် ဘုရားသခင်အလိုတော်အတိုင်း ဖြစ်ပါရစေမည်ဟူသော ဆုံးဖြတ်ချက် ချခဲ့ပုံကို သရုပ်ဖော်မည်။

မိုင်ကယ်သည် သူဆွဲထားသည့် အကြမ်းပုံများကို ပြန်လေ့လာသည်။ မာရီ၏ အသွင်ပုံပန်းမှာ ချောမွတ်တောင့်တင်းသော တပ်စကင်နယ်သူ သားသည်အမေ၏ ကိုယ်ဟန်ကို ယူသည်။ မျက်နှာပြင် ပုံပန်းကို မည်သို့ ထားရမည်နည်း။ မိုင်ကယ်သည် သူ့အမေကို အိပ်မက်ထဲမှာကဲ့သို့ ဝိုးတိုးဝါးတားသာ မှတ်မိ၏။

မိုင်ကယ်သည် ပုံကြမ်းများကို တစ်ဖန် ချထားလိုက်ပြန်သည်။ ကျောက်သားတွင် ထွင်းယူရမည်ဆိုလျှင် ရှေးဦးစွာ ကျောက်တုံးကို ရပြီး လေ့လာဦးမှဖြစ်မည်။ ယရာဏာချိန့်အတူ မြို့တွင်းက ကျောက်တုံးဆိုင်များကို လိုက်ကြည့်

သည်။ သို့သော် စိတ်ကြိုက်မတွေ့သဖြင့် ကျောက်တုံးများ လာချသည့် နေရာဝင်းများသို့ သွားကြည့်ကြသည်။ မိုင်ကယ်၏ မိတ်ဆွေကြီးများ ဖြစ်ကြသော တိုပိုလီနို မိသားစုတို့ နေရာအနီး၌ သူ့စိတ်ကြိုက် ကျောက်တုံးတစ်တုံး သွားတွေ့သည်။ အရွယ်မှာ အနေတော် ဖြစ်၍ ဖြူဖွေးပြောင်လက်နေသည်။

မိုင်ကယ်မှာ ပျော်မြူးနေသည်။ အတွင်းသား ကောင်း မကောင်း ခေါက်ကြည့်သည်။

'ကျွန်တော့်ရဲ့ မယ်တော်မာရီ သားအမိကို ဆောင်မဲ့ ကျောက်တုံးပဲ၊ ဒါပေမဲ့ မနက် ရောင်နီလာချိန်မှာ ဘယ်လို နေမလဲဆိုတာ ကြည့်ဦးမှ ဖြစ်မယ်'

ထိုအခါ ဃရာဏာချီက ဆိုသည်။

'ဘာလဲကွ၊ ဒီနေရာမှာ ငါပါ မိုးအလင်း စောင့်ရမယ် ဆိုရင်တော့'

'ဒီလို မဟုတ်ပါဘူး၊ ခင်ဗျား အိမ်ပြန်ဖို့ မြင်းငှားပေးလိုက်ပါမယ်။ ဒီကျောက်တုံး ဈေးသာမေးပြီး ဝယ်ပေးခဲ့ပါ။ ကဲ ခင်ဗျား ပြန်နိုင်ပါပြီ'

မိုင်ကယ်သည် တိုပိုလီနိုတို့အိမ်၌ တစ်ညအိပ်၍ ရောင်နီလာသည့် အချိန်တွင် သူ့ကျောက်တုံးအနား ရောက်နှင့်နေသည်။ အရှေ့ဘက် တောင်တန်းများပေါ်တွင် ရောင်နီ သမ်းနေသည်။ မိုင်ကယ်သည် ကျောက်တုံးကို သေသေချာချာ ကြည့်သည်။ ကျောက်တုံးမှာ ဘာမှ အပြစ် အနာအဆာ မရှိ ပြောင်လက်နေသည်။

*

မိုင်ကယ် အလုပ် စ လေတော့သည်။ သူ့အလုပ်ရုံထဲတွင် ကျောက်တုံးကို စ၍ ဆစ်သည်။ သူ ရေးဆွဲထားခဲ့သည့် ပုံကြမ်းများ၊ အစမ်းလုပ်သည့် ရွှံ့ပုံစံများကို လုံးဝ မသုံးတော့ချေ။ သူ့ စိတ်အာရုံထဲမှာ ရှိသည့် ရုပ်အတိုင်းပင် ထုသည်။

ဤသို့ အလုပ်ကုန်းလုပ်နေစဉ် လော်ရင်ဇို၏ သားအငယ် ၁၅ နှစ် အရွယ် ဃိုင်အိုဗန်နီ သူ့ထံ ရောက်လာသည်။ ထိုသူငယ်မှာ မကြာမီ သာသနာဝန်ထမ်း ကာဒီနယ်ရာထူး ရမည့်သူ ဖြစ်သည်။ သူသည် လူပုံပန်း အရုပ်ဆိုးသော်လည်း ဉာဏ်လျင်သည်၊ ထက်သည်။ သူနှင့်အတူ ဃိုင်အူလီယို ပါလာသည်။ သူကား မီဒီချီ သွေးတော်စပ်သော်လည်း တရားဝင်ရသည့် သား မဟုတ်ချေ။ လော်ရင်ဇိုက သူ့ တူသားအဖြစ်သာ အသိအမှတ်ပြုသည်။ သားကြီး ပိုင်ရိုက သူ့ကိုမုန်းသည်။ ဃိုင်အူလီယိုသည် လူချော ဖြစ်သည်။

အသည်းနှလုံး မာကျောသည်မှာ လူသေနှင့်မခြား ဖြစ်သည်။ ဝပုပ်ပုပ် အရုပ်ဆိုး သဘောကောင်း ဃိုင်အိုဗန်နီနှင့် အမြဲတွဲပြီး အပျော်အပါး အမြဲ လိုက်စားသည်။

'ငါ အခု အမဲလိုက်သွားမယ်၊ မင်းကို ခေါ်ဖို့ လာတာ' ဟု ဃိုင်အိုဗန်နီက ပြောသည်။

မိုင်ကယ်သည် အမဲလိုက်ပွဲများအကြောင်း ကြားဖူးသည်။ မြင်းသည်ကျော် တွေ၊ မုဆိုးတွေနှင့် တခမ်းတနား သပြေလား ရေလား တောကစားထွက်ပွဲကြီး ဖြစ်သည်။

'ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော် ကျောက်ဆစ်နေတုန်း ခွာလို့ မဖြစ်ပါဘူး'

ယိုင်အိုဗန်နီ မျက်နှာပျက်သွားသည်။

'အတော်ဆန်းသားပဲ၊ မင်း အလုပ်ချည်း လုပ်နေတာပါပဲလား။ အပျော် အပါး မရှိတော့ဘူးလား'

'ကျွန်တော့်အဖို့မှာတော့ တောကစားလို့ ပျော်ရတဲ့ အရသာတွေ ဟောဒီ ကျောက်တုံးမှာပဲ ရှိပါတယ်'

'ဒီလိုဆိုတော့ ငါတို့ရဲ့ တောကစားပွဲကြီးထက် မင်းအလုပ်ကို ပို နှစ်သက် တယ် ဆိုပါတော့'

'ခင်ဗျားက ယှဉ်ရွေးခိုင်းတော့လည်း ဒီလိုပဲ ဖြစ်ရတော့မှာပေါ့'

ယိုင်အိုဗန်နီနှင့် သူ့အဖော်၊ နှစ်ယောက်သား နောက်ထပ် စကား မပြော တော့ဘဲ ထွက်သွားကြသည်။

မိုင်ကယ်သည် ကျောက်သားကို ဆက်ထုနေသည်။ ထိုကိစ္စကို မေ့ပျောက် နေသည်။ ညနေဘက်တွင် ကွန်တက်စီနာ ရောက်လာပြီး ပြောသည်။

'တောကစားပွဲဟာ တစ်နှစ်မှ တစ်ခါ ယိုင်အိုဗန်နီရဲ့ ပွဲကြီးပွဲကောင်းပဲ၊ ဒီအချိန်အခါမှာ သူ ခေါင်းဆောင်ပဲ။ လူတိုင်း သူ့ဩဇာ နာခံရတယ်။ သူ့ရဲ့ တော ကစားပွဲကို မလိုက်ဘူး ငြင်းလိုက်တာဟာ သူနဲ့ ဆေးဖော် ကြောဖက် မလုပ်ဘူး ဆိုတာနဲ့ အတူတူပဲ။ သူက သဘောကောင်းရှာပါတယ်။ ဒါနဲ့တောင် သူ့ကို စိတ်မကောင်းအောင် လုပ်ရသလား'

'သူ့ကို စိတ်မကောင်းအောင် လုပ်တာ မဟုတ်ပါဘူး။ ဒီ ကျောက်ထု တဲ့ အလုပ်ကို တစ်နေ့လုံး နေ့စဉ်ရက်ဆက် လုပ်ရမယ်။ ပြီးတဲ့အထိ လုပ်ရမယ်'

'မိုင်ကယ် မင်း သိပ်ခက်တယ်၊ ပိုင်ရိုနဲ့လည်း ရန်သူဖြစ်အောင် လုပ်ပြီးပြီ။ အခု ယိုင်အိုဗန်နီနဲ့လည်း ဒီအတိုင်းပဲ လာဦးမှာလား'

မိုင်ကယ် ဘာမှ ပြန်မပြောတတ်တော့ချေ။

*

မိုင်ကယ် ထုနေသည့်ပုံ လက်ဝဲဘက်မှာကား ကျောက်လှေကားထစ်များ ပုံဖော် ထားသည်။ လက်ယာဘက် ခုံပေါ်တွင် မယ်တော်မာရီ ဘေးစောင်း ထိုင်နေသည်။ လှေကားလက်ရန်း၏ အဆုံးမှာ မာရီ၏ ပေါင်အနားဆီနှင့် ကလေး၏ ဒူးအောက် နားမှာ ရှိနေစေသည်။ မာရီ၏ သန်မာသော လက်မောင်းများသည် ကလေးကို

ပွေ့ထားသောအခါ ကလေးကိုသာမက လှေကားလက်ရန်း အဆုံးကိုပါ ကိုင်တွယ်ထားနိုင်သည်။ ထိုလှေကားလက်ရန်းသည် အပေါ်ထောင်တက်နေသော သစ်သားတိုင်ကြီးသဖွယ် ဖြစ်နေသည်။

ဤသို့ ဖန်တီးလိုက်သောအခါ မာရီသည် သူ့သားငယ်သာမက တစ်နေ့သော အခါတွင် ထိုသားကို တင်စတေးခံရမည့် လက်ဝါးကပ်တိုင်ကိုပါ ပွေ့ထားသကဲ့သို့ ဖြစ်နေတော့သည်။ တိုင်ကြီးတော့ ရပေပြီ။ ထိပ်က ရိုက်ထားသည့် တန်းပုံက မပါသေးချေ။ ပုံထဲတွင် သူငယ်ယေရှုနှင့် ညီအစ်ကို ဝမ်းကွဲ ဂျွန်သူငယ်လေး လှေကားထစ်ပေါ်တွင် ကစားနေပုံ ပါရဦးမည်။ သို့ဖြစ်ရာ ဂျွန်ကို လှေကားလက်ရန်း အထက်နားဆီတွင် လက်နှင့်ဖက်ကာ ခွနေပုံ ဖော်လိုက်သည်။ ထိုအခါ တိုင်ကြီးထိပ်တွင် ဂျွန်၏ ကိုယ်ခန္ဓာသည် တန်းရိုက်ထားသည့်နှယ် ကြက်ခြေပုံ ပေါ်နေသည်။

ဤသို့ စိတ်ကူး၍ ပုံတွေပေါ်လာအောင် ထုရသည်မှာ နေ့စဉ်ရက်ဆက် ကြာမြင့်လှသည်။ စိတ်ကူးမှ အကောင်အထည် ပေါက်ဖွားလာဖို့ကို အလျင်စလို ပြုလို့ရသည့်ကိစ္စ မဟုတ်ချေ။ နောက်ဆုံးတွင် လှေကားထစ်များ ထိပ်ဆီက ကလေးနှစ်ယောက် ကစားနေကြပုံ ထပ်ထည့်လိုက်သည်။

မယ်တော်မာရီနှင့် သားတော်လေးပုံကား ပြီးစီးလေတော့သည်။ အချောထပ်ကိုင်သည်။ မယ်တော်မာရီ၏ မျက်နှာပုံပန်း၊ ဆံပင်၊ ပါးပြင်၊ ကလေး၏ ပခုံးများက တဖြည်းဖြည်း ပေါ်လွင်လာသည်။ မာရီ၏ခြေထောက်ကို ဖုံးထားသည့် ဝတ်ရုံ အလွှာအထပ်များ ပါသည်။ မာရီ၏မျက်နှာတွင် ခံစားရသော ဒုက္ခဝေဒနာ ပေါ်လွင်နေသည်။ သူ့ရင်ဘတ်ကို အားယူ ဆွဲစို့ နို့ချိုသောက်နေရှာသော ရင်သွေး၏ဆွဲငင်မှု အင်အားကိုလည်း သူ ခံစားရသည်။ လက်တစ်ဖက်က ကိုင်မ၍ထားရသကဲ့သို့နေသော လက်ဝါးကပ်တိုင် ပုံသဏ္ဍာန်ကြီးကလည်း နောင် ခံစားရမည့် ပရိဒေဝ ဒုက္ခကို သရုပ်ဖော်နေသည်။

လော်ရင်ဇိုသည် ပလေတို အကယ်ဒမီမှ ပညာရှင်များကို ခေါ်၍ မိုင်ကယ်၏ ပန်းပုကို ကြည့်ရှုစေသည်။ ပညာရှင်များသည် မိုင်ကယ်၏ ပန်းပုကို အကြိမ်ကြိမ် အဖန်ဖန် ကြည့်ရှုလေ့လာကြသည်။ ပြီးလျှင် တစ်ယောက်ပြီးတစ်ယောက် ချီးကျူးဂုဏ်ယူသော မျက်နှာနှင့် မိုင်ကယ်ရှိရာသို့ လှည့်လာကြသည်။ လော်ရင်ဇိုသည် သူ့အား ရွှေဒင်္ဂါးပြားများကို အိတ်နှင့် ထည့်၍ ဆုအဖြစ် ချီးမြှင့်လိုက်သည်။ မြို့ကြီး ပြကြီးများသို့ သွားရောက်၍ အနုပညာ ပစ္စည်းများကို ကြည့်ရှုလေ့လာနိုင်ဖို့ ဖြစ်သည်။

ညဉ့်နက်လှပြီ ဖြစ်သော်လည်း မိုင်ကယ် အိမ်သို့ ပြန်ပြေးသည်။ အားလုံး အိပ်ပျော်နေပြီ ဖြစ်သော်လည်း သူတို့ လူးလဲထကာ မိုင်ကယ်ဆီ ပြေးလာကြသည်။ မိုင်ကယ်သည် သူ့အဖေ၏ စားပွဲပေါ်သို့ ရွှေဒင်္ဂါးများ သွန်ချပြလိုက်သည်။

သူ့အဖေ လိုဒိုဗီကိုသည် တစ်ပြား၊ နှစ်ပြား ရေတွက်ပြီး 'ဒီငွေနဲ့ တို့ တစ်အိမ်သားလုံး ခြောက်လလောက် အေးအေးဆေးဆေး ထိုင်စားနေနိုင်တာပဲ၊ မိုင်ကယ် နောက်တစ်ခု မြန်မြန်လုပ်ကွာ'

မိုင်ကယ်ကို ကျေးဇူးတင်စကား တစ်ခွန်းမှ မပြောချေ။ လယ်မြေ ဝယ်မည် သည်ဖြင့် ဆက်ပြောနေသည်။ မိုင်ကယ်က ထိုရွှေစများကို သူ အနုပညာ လေ့လာရေးခရီး ထွက်ရန် လော်ရင်ဇိုက ပေးလိုက်ကြောင်း ပြောပြသည်။

သူ့အဖေက–

'ဘာကွ၊ အနုပညာလေ့လာဖို့ ခရီးထွက်ရမယ် ဟုတ်လား။ ဒီရွှေစတွေ ကုန်ရောပေါ့။ မြေယာ ဝယ်ထားလိုက်လို့ရှိရင်'

မိုင်ကယ်၏အစ်ကိုက ဝင်ပြောသည်။

'ဘယ့်နှယ်လဲ မိုင်ကယ်၊ မင်း ခရီးထွက်ဦးမှာလား'

'မထွက်တော့ပါဘူးဗျာ၊ အလုပ် ဆက်လုပ်နေရရင် ပြီးတာပါပဲ။ ကဲ အဖေ၊ ဒီရွှေစတွေ ယူသာထားလိုက်ပါတော့'

*

ဆရာကြီး ဗာလ်တိုဒိုသည် သူ့တပည့်များအား ဘုရားရှိခိုးကျောင်း အတွင်းရှိ ပန်းချီများ၊ ရုပ်တုများကို ကူးဆွဲရမည်ဟု ဆိုသည်။ တစ်ပတ်လျှင် အခေါက်ပေါင်း နားရွာ ဘုရားရှိခိုးကျောင်းများသို့ သွား၍ ပုံတူများ ကူးဆွဲကြရသည်။

တစ်နေ့သော် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်းအတွင်း ပုံဆွဲ နေကြရာ တော်ရီဂီယန်နီသည် သူ့ထိုင်ခုံကို မိုင်ကယ်၏အနား ကပ်ထားသည်။ သူ့ပခုံးနှင့် မိုင်ကယ်၏လက်မောင်း တိုက်မိနေ၏။ မိုင်ကယ်က သူ့ထိုင်ခုံကို ဘင်ဖက် တိုးရွှေ့လိုက်သည်။ တော်ရီဂီယန်နီက စိတ်ဆိုးသွားသည်။

'လက်မလှုပ်သာတော့ ပုံဆွဲလို့ မဖြစ်လို့ပါ' ဟု မိုင်ကယ်က ရှင်းပြ သည်။

'အံမာကွာ၊ မင်း ပူမနေပါနဲ့။ ဒီ နံရံပန်းချီတွေ တို့ ကူးဆွဲလာခဲ့ကြရတာ အခါ ငါးဆယ်လောက် ရှိရော့မယ်။ ဘာများ နောက်ထပ် သိစရာ ယူစရာ ရှိသေးလို့လဲ'

'အို ရှိတာပေါ့၊ ရှေးပန်းချီကျော်ကြီးတွေ လက်ရာတွေ မီအောင် ဆွဲဖို့ပေါ့'

'အို ငါတော့ ငါ့လက်ရာနဲ့ငါပဲ ကောင်းတယ်၊ တော်ပြီ'

'မင်း တော်လောက်ရင်တော့လည်း ပြီးရောပေါ့။ ငါတော့ ဒါလောက်နဲ့ မကျေနပ်နိုင်သေးဘူး' ဟု မိုင်ကယ်က ဒေါသနှင့် အော်ပြောသည်။

တော်ရီဂီယန်နီက မဲ့ပြုံး ပြုံးလိုက်သည်။

'ငါတော့ အံ့သြတာပါပဲ။ မင်း မျက်နှာသာအရဆုံး ကျောင်းသားတစ်ယောက် ဖြစ်နေပြီးတော့ ဟောဒီ ကလေးကလား လေ့ကျင့်ခန်းတွေ လုပ်နေရသေးသလား'

'ဒါတော့ကွာ ဘယ်အလုပ်မျိုးဖြစ်ဖြစ် စိတ်ကိုက မရင့်ကျက်၊ မပြည့်ဝရင် လုပ်တဲ့အလုပ်လည်း ကလေးကလား ဖြစ်သွားမှာပေါ့'

တော်ရီဂီယန်နီမှာ ဒေါသမီး ပွင့်သွားသည်။

'ဩော် ... ဒီလိုလား၊ မင်းစိတ်က ငါ့စိတ်ထက် ရင့်ကျက်ပြည့်ဝတယ်လို့ ဆိုချင်တာပေါ့။ မင်းဖြင့် ပုံဆွဲဖို့ကလွဲပြီး ဒီ့ပြင် ဘာနားလည်လို့လဲ၊ လူသာဆိုရတယ်၊ လူ့ဘဝ အပြည့်အဝ မရတဲ့ လူမျိုးပဲ။ စကားပုံတစ်ခု ရှိတယ်၊ မကြားဖူးဘူးလား၊ လူသေး လူနုပ် ဘဝစုတ်ချာတဲ့'

'အေး လူကြီးပေါ်သော ဝါယောလေတွေ များသတဲ့'

တော်ရီဂီယန်နီသည် 'ဒါ ငါ့ကို ဆဲတာပဲကွ' ဟု ပြောပြောဆိုဆိုနှင့် ထပြီး မိုင်ကယ်၏ မျက်နှာကို လက်သီးနှင့် ထိုးတော့သည်။ နှာတံအရိုးပေါ် တည့်တည့်ထိုးမိသည်။

မိုင်ကယ်သည် နှာရိုး ကျွတ်ခနဲ ကျိုးသွားသံနှင့်အတူ ပါးစပ်ထဲမှ ငန်ပျပျသွေးတွေ ကျဆင်းလာသည်။ ခပ်ဝေးဝေးက ဆရာကြီးအော်သံ ကြားလိုက်ရသည်။ မျက်စိထဲတွင် မှောင်မည်းပြီး မီးတွေပွင့်သွားကာ ခုန်ပေါ်မှလည်း ကျသွားတော့သည်။

သူ သတိရလာသောအခါ အိမ်တော်တွင်း သူ့အခန်းထဲက အိပ်ရာပေါ် ပြန်ရောက်နေသည်။ လော်ရင်ဇိုနှင့် ဆရာကြီး ဗာလ်တိုဒီတို့အပြင် ဆေးသမားကြီး တစ်ဦးပါ သူ့ကို ငုံ့ကြည့်နေကြသည်။

သမားတော်ကြီးသည် မိုင်ကယ်၏ မျက်နှာကို လက်နှင့် စမ်းသပ်ကြည့်သည်။ 'နှာရိုးကျိုးသွားတယ်၊ အခု နှာသီးဝ ပိတ်နေတယ်။ အချိန် အတော်ကြာမှ ကံကောင်းရင် ပြန်ပြီး နှာခေါင်းနဲ့ အသက်ရှူနိုင်လိမ့်မယ်'

ထို့နောက် သူ့ကို အိပ်ပျော်အောင် ဆေးတိုက်သဖြင့် အိပ်ပျော်သွားသည်။ နိုးလာသောအခါ အခန်းထဲတွင် ဘယ်သူမှ မရှိတော့ချေ။ မျက်လုံးနှင့် နှာခေါင်းများ နေရာက တစစ်စစ် ကိုက်ခဲနေသည်။ မိုင်ကယ်သည် အိပ်ရာမှထ၍ အရဲစွန့်ကာ မှန်ထဲ သူ့မျက်နှာကို ကြည့်သည်။ အမယ်လေး၊ ကိုယ့်မျက်နှာကိုတောင်

ပြန်မမှတ်မိတော့ပါကလား။ တော်ရီဂီယန်နီ၏ လက်သီးချက်မှာ မျက်နှာတစ်ခုလုံး ရုပ်ရာမရှိအောင် တွယ်ထားသည်။ မိုင်ကယ်သည် အိပ်ရာထဲသို့ လေးဖက်ထောက် ကာ ပြန်ဝင်လာခဲ့သည်။ ရင်ထဲမှာတော့ မချိတော့ချေ။

ထိုအခိုက် တံခါး အသာအယာ ပွင့်လာသည်။ မိုင်ကယ်သည် သည်အဖြစ် မျိုးနှင့် ဘယ်သူ့အမြင်မှ မခံချင်သဖြင့် ခေါင်းမြီးခြုံနေသည်။ သူ ခေါင်းမြီး ခြုံထားသည်ကို တစ်ခုသော လက်ကလေးက အသာအယာ ဆွဲဖွင့်လိုက်သည်။

ကွန်တက်စီနာ၏ မျက်နှာလေးကို မော့ကြည့်လိုက်သည်။

'မိုင်ကယ်'

'ကွန်တက်စီနာ'

'ဒီလိုဖြစ်ရတာ ဝမ်းနည်းပါတယ်'

'ဒါတော့ ကျွန်တော့်အပြစ်ပါ၊ သူ့ကို သွားပြီး ဆိုမိတာကိုး'

မိုင်ကယ်၏ မျက်ရည်များသည် မျက်လုံးတွင်းမှာ ပူစပ်ပူလောင် ဖြစ်နေ သော့သည်။ သူ့ကိုယ်သူ အတင်းတိုက်တွန်းကာ စကားလုံးများကို နှုတ်မှ ထွက်စေ သည်။

'ကျွန်တော် အရုပ်ဆိုးတယ်နော်'

ကွန်တက်စီနာ၏ မျက်နှာလေးသည် သူ့မျက်နှာနား ကပ်လာသည်။ နှုတ်ခမ်းလေးများသည် ဒဏ်ရာ ရထားသော နှာရိုးထက်မှ ဝဲ၍ ပူနွေးသော အတွေ့ ကလေး ထိစေသည်။ ဖယောင်းဆီဆေးပမာ နွေးထွေး သက်သာသွားသည်ဟု မိုင်ကယ် ထင်မိသည်။ နောက်တစ်ခဏတွင်ကား သူငယ်မမှာ အခန်းတွင်းက ထွက်သွားလေတော့သည်။

*

မိုင်ကယ်၏ အနာ အရောင်လျော့သွားသည်။ သို့သော် မျက်နှာမွဲကြီးနှင့် လူ့ သဘာကကို ရင်မဆိုင်ရဲဘဲ ရှိနေသေးသည်။ ညမှောင်မှောင် မြို့ထဲထွက် လမ်း လျှောက်သည်။ တော်ရီဂီယန်နီသည် ဖလော်ရင့်မြို့မှ ထွက်ပြေးသည်။ သူ့ကို လိုက်ဖမ်းကြသော်လည်း မမိသေးချေ။ နောင်လည်း မိပုံ မပေါ်။

တစ်နေ့သော် ပလေတို အကယ်ဒမီမှ ပိုလီဇီယန်နိုဆိုသူ ပညာရှင်ကြီး တစ်ဦးသည် မိုင်ကယ်၏ အခန်းထဲသို့ ဝင်လာသည်။ ထိုပညာရှင်ကြီးမှာ လူအရုပ် ဆိုး အကျည်းတန်ကြီး ဖြစ်သည်။ သို့သော် မျက်နှာမှာ ဝင်းလက်နေသည်။

'မိုင်ကယ်၊ ဒီမှာ အိုဗစ်ရေးတဲ့ မက်ကမိုဖိုးဇက် စာအုပ်ကို လက်တင် ဘာသာကနေပြီး ဘာသာပြန်လို့ အခုပဲ ပြီးတယ်။ မင်း ဖတ်ကြည့်စမ်း၊ အဲဒီ စာအုပ်ထဲမှာ မြင်းတစ်ပိုင်း လူတစ်ပိုင်း ဆင်တော်ဆိုတဲ့ သတ္တဝါတွေနဲ့ သက်ဆာ

လီယန် ပြည်သားတွေနဲ့ တိုက်ကြတဲ့ စစ်ပွဲအခန်းကို မင်းသာ ကျောက်သားနဲ့ ထုလိုက်ရရင် သိပ်ဟန်ကျမှာပဲ ထင်တယ်။ ဖတ်ကြည့်စမ်း၊ ငါဖြင့် ဘာသာပြန် နေရင်း မင်းကို အဲဒီအခန်းတွေ ပန်းပုထုခိုင်းဖို့ သတိရနေတာပဲ'

မိုင်ကယ်သည် အိုဗစ် ဘာသာပြန်ကို ဖတ်ကြည့်သည်။ ဖတ်ရင်း သူ့စိတ် အာရုံတွင်းတွင် ရှေးဟောင်း ဂရိပုံပြင်တွင် ပါရှိသည့် လူတစ်ပိုင်း မြင်းတစ်ပိုင်း ဆင်တော် သတ္တဝါများနှင့် လူသားတို့၏ စစ်ပွဲဖြစ်ရာ၌ အမျိုးသမီးများ ကယ်ထုတ် သွားပုံ၊ လူနာများ၊ ဒဏ်ရာရသူများကို သယ်ယူပုံများ ထင်မြင်ယောင်နေသည်။ ထိုအခန်းကို ကျောက်သားထုရမည် ဆိုပါက တောင်လောက်ကြီးမှ ဖြစ်တော့မည်။ ထို့ပြင် အခက်အခဲတစ်ခု ရှိသေးသည်။ ရှေးဟောင်းပုံပြင်ထဲတွင် ပါသည့်အတိုင်း ဆိုလျှင် ထိုစစ်ပွဲတွင် မီးတုတ်များ၊ လှံတို လှံရှည်များ သုံးကြသည်။ ယင်းတို့ကို ပန်းပုဆရာက စုံအောင် ထည့်ပေးနိုင်မည် မဟုတ်ချေ။ စာအုပ် အစနားတွင် ဖတ်မိသည့် စာတစ်ကြောင်းကို ပြန်သတိရသည်။

"သူရဲကောင်း အာဖာရီယသည် တောင်ကမ်းပါးမှ ကျောက်ပြားကြီးကို ခွာချလိုက်ပြီးသော် ...."

ဟုတ်ပြီ၊ ဟုတ်ပြီ။ သူ ထုရမှာကလည်း ကျောက်သားပေါ်မှာ ဖြစ်သည်။ ကမ္ဘာဦးအစက လူတို့အသုံးပြုသည့် လက်နက်ဖြစ်သော ကျောက်တုံးကိုသာ အသုံးချ၍ ထိုတိုက်ပွဲကို သရုပ်ဖော်ရတော့မည်။

ထိုည မိုင်ကယ် အိပ်ရာဝင်သော အခါ၌ တစ်စုံတစ်ခုကို တွေးမိသည်။ ထိုတစ်ညနေလုံး သူ နှာခေါင်းကျိုးကို တစ်ခါမှ သတိမရခဲ့ချေ။ သူသည် ဆင်တော် များ၏ စစ်ပွဲအကြောင်းကိုသာ စိတ်ကူးရင်း အချိန်ကုန်ခဲ့သည်။

'ဘုရားသခင် ကျေးဇူးတော်ပဲ၊ ငါ့ရောဂါ ပျောက်ပေပြီ' ဟု အောက်မေ့ လိုက်သည်။

နောက်တစ်နေ့ ဆက်တီညန်နိ ရွာသို့ ထွက်လာခဲ့သည်။ သူ့မိတ်ဆွေ တိုပိုလီနို မိသားစုက အားရဝမ်းသာ ဆီးကြိုနှုတ်ဆက်ပြီး ညအိပ်မည် ဆိုသဖြင့် အထူးသဘောကျသည်။ သူ့မျက်နှာ ပုံပျက်ကြီးကို ဘယ်သူမှ သတိပြု အမှတ် ထားကြဟန် မတူချေ။

နောက်တစ်နေ့နံနက်တွင် လှည်းလမ်းကြောင်းအတိုင်း လျှောက်ခဲ့ရာ ကျောက်တွင်းများတူးသော နေရာသို့ ရောက်လာခဲ့သည်။ နေထွက်ပြီး တစ်နာရီ တွင် ကျောက်ပန်းရန်သမားများ အလုပ်စ၍ လုပ်ကြသည်။ ယမန်နေ့ ညနေက ဖြတ်ထားသော ထိုအရပ်က နာမည်ကြီး "ငြိမ်းချမ်းသာကြည်" ကျောက်တုံးများ သည် မနေ့က ပြာလဲ့လဲ့အရောင် ဖြစ်သည်။ ယနေ့မူ မီးခိုးရောင် ဝါကြန့်ကြန့် အသွေး တက်နေသည်။

မိုင်ကယ် ရောက်သွားသည့်အချိန်တွင် ကျောက်တွင်းတူးသမားများနှင့် ကျောက်ပန်းရန်သမားများတို့သည် သူတို့၏ ကိရိယာ တန်ဆာပလာများကို အသင့်ပြင်နေကြသည်။ မိုင်ကယ်ကို ဝမ်းပန်းတသာ နှုတ်ဆက်ကြသည်။

'ဘာလဲဟေ့၊ တို့ဆီမှာ လုပ်အား လာပေးမလို့လား' ဟု ရယ်မော မေးကြသည်။

'ဒီလို ပူအိုက်တဲ့ ရာသီမျိုးမှာများတော့ သစ်ပင်ရိပ်ထဲ ထိုင်ပြီး အလေး အပင် ဆိုလို့ မီးသွေး ခဲတံချောင်းလောက်ပဲ မ တော့မယ်' ဟု မိုင်ကယ်က ပြက်လုံးထုတ်လိုက်သည်။

မိုင်ကယ်သည် သူတို့ အလုပ်လုပ်သည်ကို ထိုင်ကြည့်သည်။ သူတို့သည် ကောက်ရိုးဦးထုပ် ဆောင်း၍ သားရေလွှာ ဖိနပ်များစီး၍ ခေါင်းတွင် နံငယ်ပိတ်ပိုင်း၊ ဘောင်းဘီ ဝတ်ထားသည်။ သူတို့သည် ကျောက်များကို ပိုင်းဖြတ်ကြ၊ မ ယူကြနှင့် တစ်ကိုယ်လုံး ချွေးသီးများ ဖိတ်ဖိတ်တောက်နေသည်။

မိုင်ကယ်သည် သူတို့ပုံကို ရေးဆွဲရင်း သူတို့၏ ခန္ဓာကိုယ်များသည် ကျောက်ဖြူသားနှင့် တူလှသည်ဟု အောက်မေ့သည်။ သူတို့ပုံကို မိုင်ကယ် ရေးဆွဲ နေသော်လည်း ဘယ်လို့မှ စိတ်ထဲမှာ မရှိဘဲ သူတို့အလုပ်ကို သူတို့ လုပ်နေကြ သည်။ မိုင်ကယ်သည် ပုံများရေးဆွဲရင်း သူတို့၏ ကိုယ်အတွင်းသားထဲက အင်အား တွေ ဘယ်လိုလုပ် ပေါ်ထွက်လာပါလိမ့်ဟု စိတ်က ရှာဖွေနေသည်။

နေမွန်းတည့်သောအခါ သူငယ်လေးတစ်စု ထမ်းပိုးကြီးတွေ ထမ်းရောက် လာသည်။ ထမ်းပိုးများထက်တွင် အလုပ်သမားများအတွက် နေ့လယ်စာ သက်ဆွဲခြင်းများ ပါလာသည်။ အလုပ်သမားများသည် "စားသောက် ခန်းမကြီး" ထဲသို့ လာခဲ့သည်။ "ထိုခန်းမကြီး" မှာ တောင်ခြေရှိ ကျောက်ဂူကြီး ဖြစ်သည်။ ထိုဂူကြီးမှာ နေ ဘယ်လောက်ပူပူ အေးနေသည်။ အေးသည့် ရာသီမှာ နွေးသည်။

အလုပ်သမားများသည် သူတို့အိမ်က ပို့လိုက်သော နေ့လယ်စာကို မိုင်ကယ်နှင့် မျှတ စားကြသည်။ ဟင်းသီးဟင်းရွက်၊ ဟင်းချို၊ အမဲသားပြုတ်၊ ပေါင်မုန့်၊ ဒိန်ခဲနှင့် ယမကာရည်များ ပါသည်။ ထို့နောက် တစ်နာရီမျှ အိပ်နားကြ သည်။ သူတို့တစ်တွေ မျက်နှာပေါ်မှာ ဦးထုပ်တွေအုပ်ပြီး မြေကြီးပေါ်တွင် ခြေပစ် လက်ပစ် အိပ်မောကျနေပုံကို မိုင်ကယ် ရေးဆွဲသည်။

မိုင်ကယ်သည် ဖလော်ရင့်မြို့သို့ ပြန်ရောက်သောအခါ သူ့စိတ်ကြိုက် ကျောက်တုံး ရှာ၍ရပြီ ဖြစ်သဖြင့် အလုပ် စ၍ လုပ်တော့သည်။ တစ်နေ့သော နံနက် အိမ်တော်ကြီးမှ ထွက်လာစဉ် လမ်းပေါ်တွင် ခင်ကြီးတစ်ပါးနှင့် တွေ့သည်။ ခင်ကြီးသည် ဘာမှမပြောဘဲ မိုင်ကယ်၏လက်ထဲ စာတစ်စောင်ထည့်ပြီး ဘယ်ဆီ

စွတ်ထွက်သွားသည် မသိ၊ မျက်ခြည်ပြတ်သွားသည်။ မိုင်ကယ်သည် စာကို ဖွင့်ဖတ်ကြည့်ရာ သူ့အစ်ကို လိုင်ယွန်နာဒိုဆီက စာ ဖြစ်နေသည်။ ယခု သူ ထုလုပ်မည့် "ဆင်တော်များ၏ စစ်ပွဲ" ပုံမှာ မိစ္ဆာပုံပြင်ဖြစ်၍ တမလွန်မှာ အပြစ်လေးတော့မည်။ အရုပ်ထုသည်ပင် လွန်လှပြီ။ ထုမည့်ထုလျှင် သာသနာတွင်း အခွင့်ပြုမည့် ပုံများကိုသာ ထုလျှင် တော်သေးသည်။

"ဆင်တော်များစစ်ပွဲ ဆိုတဲ့ပုံပြင်မှာ လူယုတ်မာ တဏှာရူးတစ်ယောက်က ပြောတဲ့ ညစ်ညမ်းတဲ့ ပုံပြင်တစ်ခု ဖြစ်တယ်။ ဒါကြောင့် သင် ဒီအလုပ်ကိုစွန့်ပြီး ယေရှုသခင်ဆီ ပြန်ဝင်ခဲ့ပါ။" ဟု စာကို အဆုံးသတ်ထားသည်။

မိုင်ကယ် ခေါင်းဆတ်မိသည်။

"နေပါဦး၊ လိုင်ယွန်နာဒိုဟာ ခင်ကြီး ကျောင်းသင်္ခမ်းထဲမှာနေပြီး ငါတို့လုပ်ကိုင်နေသမျှတွေကို သိလေသလား" ဟု တွေးမိ၍ စိတ်ချောက်ချားသွားသည်။ ဆန်မာကို ခရစ်ယာန်ကျောင်းတော်ထဲက ခင်ကြီးတွေ လူတိုင်း ဘာလုပ်နေသည်ကို သိနေကြသည်ဆိုလျှင် ခက်ရချေရဲ့။

မိုင်ကယ်သည် ထိုစာကို လော်ရင်ဇိုအား ပြသည်။

'ကျွန်တော်က ဒီဥစ္စာကို ပန်းပုထုလို့ မဟာမင်းကြီးကို ထိခိုက်မယ်ဆိုရင်တော့ တစ်ခုခု ပြောင်းလုပ်မှ ဖြစ်မယ်ထင်တယ်၊ ဘယ်လိုလုပ်ရမလဲ'

လော်ရင်ဇိုသည် စိတ်ရောလူပါ ပန်းကျနေပုံ ရသည်။ ခရစ်ယာန်သာသနာကို သန့်စင်ဖို့အရေးအတွက် ဆာဗိုနာရိုလာကို ဖလော်ရင့်သို့ သူပင် ပင့်ဖိတ်ခဲ့သည်။ ဤသည်ပင် သူ့အမှား ဖြစ်တော့သည်။

'ယခုတော့ သည်ခင်ကြီးက ငါတို့ကို သူ့ခြေဖဝါးအောက်မှာ ထားဖို့ကြိုးစားနေပြီလေ။ တို့အပေါ်မှာ ဥပဒေအမျိုးမျိုးနဲ့ စည်းကြပ် ချုပ်ချယ်ချင်နေတယ်။ အခု ဒီကိစ္စမှာ တို့က လျှော့ပေးရင်တော့ နောင် ဒါ့ထက် ရောင့်တက်ပြီး အနိုင်ယူဖို့ လွယ်တော့မှာပေါ့။ ဘာပဲဖြစ်ဖြစ် ဆက်သာလုပ်'

*

စနေနေ့ ညများတွင် မီဒီချီ မိသားစုမှာ အိမ်တော်ကြီး၌ မရှိဘဲ အားလုံး အပြင်ထွက်ကြသည်။ လူတွေပြောကြသည့် ကောလာဟလအတိုင်း ဆိုပါက လော်ရင်ဇိုသည် သူ့အပေါင်းအဖော်များနှင့် သေသောက်ကြူး၊ မိန်းမများနှင့် အရမ်းပတမ်းပျော်ပါးနေသည်ဟု ဆိုသည်။ ထိုနေ့ ညနေမျိုးတွင် ထမင်းစားပွဲတွင် ကွန်တက်စီနာ၊ သူ့မောင်လေးနှင့် မိုင်ကယ်တို့သာ ရှိကြသည်။

သူတို့သည် သစ္စားသီးတွေ စားရင်း စကားပြောကြသည်။ မိုင်ကယ်က "ဆင်တော်များစစ်ပွဲ" ပုံအတွက် အားလုံး ရုပ်တုနှစ်ဆယ် ထုရမည်။ ရုပ်တု

ဘစ်ခုတွင် လူ၏ သဘာဝအတွက် တစ်မျိုးစီ သရုပ်ဖော်ရမည်။ လူ၏ သဘာဝ အဘွင်းတွင် လူစိတ်နှင့် တိရစ္ဆာန်အရိုင်းစိတ်တို့ စစ်ခင်းကာ တစ်ခုကိုတစ်ခု သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

ကွန်တက်စီနာက မေးသည်။

'တစ်ခါက မိုင်ကယ် ပြောဖူးတယ်၊ ပန်းပုရုပ်တုတိုင်းမှာ လူတို့ ကြည်ညို လော တစ်ခုတစ်ခု ပါရမယ်တဲ့။ ဒီစစ်ပွဲရုပ်တုမှာ ဘာများ ကြည်ညိုရမှာလဲ'

'အနုပညာရဲ့ အထွတ်အထိပ်ဖြစ်တဲ့ လူယောက်ျားရဲ့ ကိုယ်ခန္ဓာပေါ့'

'ဒီလိုဆိုရင် လူရဲ့ခန္ဓာကိုယ်ကို ကြည်ညိုကိုးကွယ်တာ ဖြစ်မနေပေဘူး ဘား။ ဆာဗိုနာရိုလာများ သိရင်တော့ မိစ္ဆာဆိုပြီး မီးရှို့သတ်လိမ့်မယ်။ မိုင်ကယ်ကို နဘ်ပိတ်ခ ငွေညစ်ဦးမှပဲ'

'ကျွန်တော်ဟာ လူရဲ့ ကိုယ်ခန္ဓာကို ကြည်ညိုကိုးကွယ်တာ မဟုတ် ဘူး။ အဲဒီလို ကိုယ်ခန္ဓာမျိုး ဖန်ဆင်းတဲ့ ဘုရားသခင်ကို ကြည်ညိုကိုးကွယ် တာပါ'

သူတို့နှစ်ယောက်သား ခေါင်းချင်းဆိုင် ရယ်မောကြသည်။ ထိုနောက် ကွန်တက်စီနာသည် ရုတ်တရက် တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ခေါင်းကိုငုံ့ကာ ပြန်ထောင်လိုက်သည်။ မိုင်ကယ် လှည့်ကြည့်လိုက်သောအခါ နဘ်ခမ်းစေ့စေ့နှင့် ရပ်နေသော လော်ရင်ဇိုကို တွေ့ရသည်။ မိုင်ကယ်က ပြောပြ သည်။

'ကျွန်တော်တို့ ဆွေးနွေးနေကြတာပါ'

လော်ရင်ဇိုသည် ရှေ့နားတိုး၍ ဆွဲထားသည့် ပုံများကို ကြည့်သည်။

'မင်းတို့နှစ်ယောက် ဒီလိုပဲ တွေ့တွေ့နေကြတယ်လို့ ငါ့ကို ပြောလာ ဘယ်။ မိုင်ကယ်ဟာ အဆွေခင်ပွန်းကောင်း ပီသပါတယ်။ အနုပညာသည်ဆိုတာ မိတ်ဆွေ လိုတယ်။ အေး မိဒီချီ အမျိုးထဲက အမျိုးသမီးမှာလည်း မိတ်ဆွေကောင်း ရှိဦးမှ ဖြစ်မှာပေါ့'

ထိုနောက် များမကြာမီ တစ်ညတွင် လပြည့်နေ့ဖြစ်၍ လမင်းထိန်ထိန် သာနေသည်။ လေပြည်ညင်းထဲတွင် တောပန်းနံ့တွေ သင်းနေသည်။ မိုင်ကယ် နှင့် ကွန်တက်စီနာတို့သည် စာကြည့်ခန်း ပြတင်းဝတွင် ထိုင်စကားပြောနေကြ သည်။ ကွန်တက်စီနာက ဆိုသည်။

'ဖလော်ရင့် မြို့တော်ကြီး လရောင်အောက်မှာ သိပ်လှမှာပဲ။ ခပ်မြင့်မြင့် ဘင်နေရာကနေပြီး ကြည့်ချင်လိုက်တာ။ အားလုံးကို စီးပြီး မြင်ရမှာပဲ'

ထိုအခါ မိုင်ကယ်က 'ဒီလိုဆိုရင် မြစ်ဆိပ်တစ်ဖက်နားမှာ တစ်နေရာ ရှိတယ်' ဟု ပြောသည်။

ကွန်တက်စီနာက 'ထိုနေရာကို သွားကြရအောင်' ဟု ဆို၍ သူတို့ အိမ်တော်မှ ဥယျာဉ်နောက်ဖေးပေါက်မှ ထွက်လာခဲ့ကြသည်။ အထွက်တွင် တခြားစီထွက်ပြီး လမ်းမှာဆုံကြသည်။ ပြီးလျှင် အာနိုမြစ်ဆိပ်ဘက်ဆီ ထွက်လာခဲ့ကြသည်။ ခံတပ်ဟောင်းကြီးတစ်ခုပေါ် တက်၍ ကြည့်ကြရာ ဖလော်ရင့် မြို့တော်ကြီး တစ်ခုလုံး လူနေအိမ်ခြေ၊ နန်းတော် အိမ်တော်များ၊ ဘုရားရှိခိုးကျောင်းများ၊ အားလုံးကို လရောင်အောက်တွင် ဖွေးလက်ကာ မြင်တွေ့ရသည်။

သူတို့နှစ်ယောက်သည် မြို့တော်ကြီး၏ အလှကျက်သရေကို ကြည့်၍ အားမရနိုင်ဘဲ ရှိကြသည်။ လက်ချင်း ချိတ်တွဲထားကြသည်။

ထိုသို့ဖြစ်ပျက်ပြီး မကြာမီ မိုင်ကယ်ကို လော်ရင်ဇိုက ခေါ်တွေ့သည်။ ဘာကိစ္စကြောင့် ခေါ်သည်ကို မိုင်ကယ်ကို ပြောဖို့မလိုချေ။ သူသိပြီး ဖြစ်သည်။

'ကွန်တက်စီနာအတွက် စိတ်ပူစရာ မလိုပါဘူး။ ကျွန်တော်နဲ့ တစ်ချိန်လုံး အတူတူ ရှိနေတာပါ'

'မင်းတို့ကို လူတွေ မမြင်လိုက်ပေဘူးလား' ဟု လော်ရင်ဇိုက မေးရာ မိုင်ကယ် စိတ်ညစ်သွားသည်။

'ကျွန်တော်တို့ ဒီလိုသွားမိတာ မသင့်လျော်ဘူးပေါ့၊ ဟုတ်လား။ သို့ပေမဲ့ အဲဒီအမြင့်ကြီးပေါ်ကနေ ကြည့်ရတာ သိမ်လှလွန်းလို့ပါ'

'မိုင်ကယ်၊ မင်းရဲ့ အပြုအမူကို ငါ ဘယ်လိုမှ မဆိုချင်ပါဘူး။ သို့ပေမဲ့ စဉ်းစားဉာဏ်လေးတော့ လိုတယ် ထင်တယ်။ ဖလော်ရင့်မြို့တော်ကြီးက လူတွေရဲ့ နှုတ်ပါးစပ်က အင်မတန် သရမ်းတယ်ကွယ့်'

'အို... ကလေးလေး အရွယ်လေးကို ဘာများ မကောင်းပြောလို့ ဖြစ်မှာလဲ'

လော်ရင်ဇိုသည် မိုင်ကယ်၏မျက်နှာကို တစ်ခဏမျှ စေ့စေ့ကြည့်လိုက်သည်။

'ကွန်တက်စီနာဟာ ကလေးလေး မဟုတ်တော့ဘူးကွယ့်၊ အရွယ်ရောက်နေပြီ။ ဒါပါပဲကွာ၊ မိုင်ကယ်... မင်း အလုပ်ခွင် ပြန်နိုင်ပါပြီ'

'ကျွန်တော် မှားမိတယ်ဆိုရင် ဘယ်လို ပြန်ပြုပြင်ရမလဲ၊ ပြောပါ'

လော်ရင်ဇိုသည် သူ့လက်နှစ်ဖက်ကို မိုင်ကယ်၏ ပခုံးထက်မှာ တင်လိုက်သည်။ မိုင်ကယ်မှာ တုန်နေသည်။

'မင်း ဘာမှ မမှားပါဘူးကွယ်၊ ဒီည ထမင်းစားပွဲမှာ မင်းနဲ့ တွေ့စေချင်တဲ့ လူတစ်ယောက် ပါတယ်'

ထိုညတွင် မိုင်ကယ်သည် ဗိုလိုညားမြို့မှ ဃိုင်ယန်ဖရန်ကို အယ်ဒိုဗရန်ဒီနှင့် တွေ့ဆုံရသည်။ ဗိုလိုညားမြို့တော်သို့လာပြီး ရှေးပန်းပုဆရာကြီးများ၏ လက်ရာများကို လေ့လာဖို့ မိုင်ကယ်ကို ခေါ်သည်။

ထိုနောက် နေ့စဉ်ရက်ဆက် မိုင်ကယ် ကြားရသော သတင်းမှာ မီဒီချီ၏ သားကြီး ပိုင်ရိုတို့ ဇနီးမောင်နှံက 'မီဒီချီ အမျိုးအနွယ်ထဲက သားသမီးနှင့် မိုင်ကယ်ကဲ့သို့ ဆင်းရဲသား အနုညာတနှင့် အကျွမ်းတဝင် နေသည်မှာ နည်းနည်းမှ မသင့်လျော်' ဟု ဆိုကြသည်။

'ကွန်တက်စီနာကို မြန်မြန် နေရာမချလျှင် ခက်ကုန်လိမ့်မည်' ဟုလည်း ဆိုလိုက်သေးသည်။

မကြာမီပင် ကွန်တက်စီနာအား ရီဒိုလ်ဖီအမျိုး မိသားစုတို့ အိမ်တော်သို့ အလည်အပတ် ပို့ထားသည်ဟု မိုင်ကယ် ကြားသိရသည်။

*

မိုင်ကယ်၏အဖေမှာ သောက များနေသည်။ သူ့သားကြီး လိုင်ယွန်နာဒိုသည် ဆန်မာကို ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဖျားနာနေသည်ဟု သတင်းကြားရသည်။ 'မီဒီချီတို့ရဲ့ သြဇာကိုသုံးပြီး ဝင်ကြည့်လို့ရအောင် ကြိုးစားမပေးနိုင်ဘူးလား' ဟု မိုင်ကယ်ကို ပြောသည်။ မဖြစ်နိုင်ချေ။ ဆန်မာကို ခရစ်ယာန်ကျောင်းခင်ကြီးများနေသည့် အဆောင်တွင်းသို့ အပြင်လူဆိုလျှင် တစ်ယောက်မှ အဝင်မခံကြောင်း သိရသည်။

ဆာဗိုနာရိုလာသည် နောက်တနင်္ဂနွေနေ့တွင် ဆန်မာကို ခရစ်ယာန်ကျောင်း အတွင်း၌ တရားဟောမည်ဟု မိုင်ကယ် ကြားသိရသည်။ မိုင်ကယ်သည် ခင်ကြီးများ၏ ဂူခန်းအဝနားမှာ နေရာယူသည်။ သူ့အစ်ကို လိုင်ယွန်နာဒိုနှင့် အခြားခင်ကြီးများ ထွက်လာမည့်လမ်း ဖြစ်၍ တွေ့လိုတွေ့ငြား မျှော်လင့်မိသည်။ သို့သော် ခင်ကြီး များသည် ခေါင်းစွပ်ကြီးများဖြင့် မျက်နှာကိုပါ ဖုံးအုပ်ထားသဖြင့် မတွေ့လိုက်ရချေ။

ဆာဗိုနာရိုလာသည် ဝတ်ပြုစင်ထက်သို့ တက်လာသည်။ သူ၏ သေးသွယ်သော ကိုယ်ကို ဝတ်ရုံကြီးများ ရစ်ပတ်ထားသည်။ မျက်နှာမှာလည်း ခေါင်းစွပ်ကြီးနှင့် သိမ်းရုံး ပတ်ထားသဖြင့် မည်းမှောင်သော မျက်လုံးအစုံကိုသာ မိုင်ကယ် မြင်ရသည်။ သူ့အသံမှာ သြဇာပြည့်ဝသည်။ သာသနာ့ဝန်ထမ်း ခင်ကြီးများ အကျင့်ပျက်ကြပုံကို ပြတ်သားစွာ ဟောပြောသည်။ အချို့သော ဆွေမျိုးစုတို့သည် မိမိတို့၏ သားကို လောကီ အကျိုးစီးပွားကို မျှော်ကိုး၍ သာသနာတော်တွင်းသို့ သွတ်သွင်းကြသည်။ ထိုသူတို့သည် ဥစ္စာခနေ ပစ္စည်းများသာမက နိုင်ငံရေး သြဇာ

အာဏာကိုပါ ရရှိအောင် ကြိုးစားကြသည်။ လာဘ်ပေးလာဘ်ယူ လုပ်ခြင်း၊ ကတိလိုက်စားကာ ရာထူးများ ပေးခြင်း၊ ငွေကြေးများ မတရားလက်ခံခြင်း အစရှိသော အမှုများကို လုပ်ကြသည်။ ယုတ်စွအဆုံး သူတော်စင်များ၏ ဓာတ်တော် မွေတော်များကိုပင် ရောင်းစားကြသည်။

'လောကကြီး တစ်ခုလုံးထဲမှာ သာသနာ့ အညစ်အကြေးတွေ ပြည့်နေပြီ' ဟု ဆိုသည်။

ဤသို့ ဟောပြောရင်း ဆာဗိုနာရိုလာသည် သူ့ခေါင်းစွပ်ကို နောက်ဘက် အသာဆွဲချလိုက်သဖြင့် မျက်နှာကို ထင်ထင်ရှားရှား မြင်တွေ့ရသည်။ အပေါ်နှုတ်ခမ်း ပါးလွှာသည် ခြိုးခြံသော အကျင့်ရှိသည့် လက္ခဏာ ဖြစ်သည်။ အောက်နှုတ်ခမ်းမှာ ရမ္မက်ကြီးသော အသွင်ကို ဆောင်သည်။ မျက်လုံးများ မည်းမှောင်၍ စူးရှသော အရောင်တောက်သည်။ မေးရိုးကြီး ငေါထွက်၍ ပါးချိုင့်ကြီး ဟောက်ပက်နှင့် ချွန်ထက်သော နှာခေါင်းတို့သည် သူ၏ ထက်မြက်သော ဥပဓိရုပ်ကို ဆောင်သည်။ သူ၏အသံမှာ ပြတ်သားစူးရှလျက် ပေါ်လာသည်။

'အို ငါတို့ဌာနီ အီတလီပြည်ကြီး၌ လည်းကောင်း၊ ရောမ ဖလော်ရင့်မြို့တော်ကြီးများ၌ လည်းကောင်း မှီတင်းကြသော လူသူအပေါင်းတို့၊ သင်တို့၏ ယုတ်မာ မိုက်မဲမှုများကြောင့် ငါတို့အားလုံး ကပ်ကြီး ဆိုက်ရချေတော့မည်။ သင်တို့၏ ပကာသန မော်ကြွားမှုများကို စွန့်ကြကုန်လော့။ အို သာသနာ့ဝန်ထမ်းခင်ကြီးအပေါင်းတို့၊ သင်တို့သည် ညအခါ ပြည့်တန်ဆာများနှင့် ပျော်ပါး၍ နေ့အခါ၌ ခရစ်ယာန် ဘုရားကျောင်းများထဲတွင် အတင်းအဖျင်းများ ပြော၍သာ အချိန်ကုန်လွန်ကြသည်။ ဤအလုပ်များဖြင့် သင်တို့သည် ဘုရားသခင်ကို ကန်တော့နေကြသည်တကား။ အီတလီ တစ်ပြည်လုံးပင် ဘုရားသခင်၏ အမျက်သင့် ခံကြရတော့မည်။ လမ်းများပေါ်တွင် သွေးချောင်းစီးတော့မည်။ အချိန်မီနောင်တရ၍ ပြုပြင်ကြကုန်လော့'

ဆာဗိုနာရိုလာ ဝတ်ပြုစင်ပေါ်မှ ဆင်း၍ အပြင်သို့ ထွက်သွားသောအခါ 'နောင်တဖြင့် ဝန်ချကြလော့' ဟူသော ကြွေးကြော်သံကြီးသည် တစ်ခဲနက် ပေါ်ထွက်လာလေတော့၏။

မိုင်ကယ်သည် စိတ်ချောက်ချားသွားသည်။ ဖျားချင်သလို၊ နာချင်သလို ဖြစ်လာသည်။

နောက်များမကြာမီ လိုင်ယွန်နာဒိုထံမှ မိုင်ကယ်ဆီသို့ စာတစ်စောင် ပို့လိုက်သည်။ ဆန်မာကို ကျောင်းအတွင်း လာတွေ့ဖို့ ခေါ်သည်။ ကျောင်းအတွင်း

ကား ငြိမ်သက်အေးချမ်းလှသည်။ မြက်ခင်းပြင်များမှာ ညီညာပြန့်ပြူး၍ ခြံစည်းရိုးများမှာလည်း သပ်သပ်ရပ်ရပ် ဖြတ်ထားသည်။

လိုင်ယွန်နာဒိုကို မြင်ရသည်မှာ သူ့ဆရာ ဆာဗိုနာရိုလာကဲ့သို့ လူသေရုပ်ပေါက်နေသည်။

'မင်း ကျန်းမာရေးအတွက် တို့မိသားစု စိတ်ပူနေကြတယ်' ဟု မိုင်ကယ်က ပြောလိုက်သည်။

လိုင်ယွန်နာဒိုသည် သူ့ခေါင်းစွပ်ကြီးထဲ ခေါင်းပုဝင်သွားလိုက်ပြီး–

'ငါ့မှာ ဘုရားသခင်က လွဲပြီး ဆွေမျိုး မရှိဘူး' ဟု ပြောသည်။ နောက်မှ တစ်ဖန် မိုင်ကယ်အပေါ်တွင် တွယ်တာသောလေသံဖြင့် ဆက်ပြောပြန်သည်။

'မင်းကို တမင်ခေါ်ပြီး တွေ့တာက တခြားကိစ္စကြောင့် မဟုတ်ဘူး။ မင်းက အိမ်တော်ကြီးမှာ နေပေမဲ့ မပျက်စီးသေးဘူးဆိုတာ ငါ သိတယ်။ ကာမ ...က်တွေ တင်းကျမ်းပြည့်နေတဲ့ နေရာမှာ မင်းက ဓမ္မဆရာကလေးလို နေနေ ...ာပဲ'

ထိုအခါ မိုင်ကယ်မှာ ရယ်ချင်သွားသည်။

'မင်း သိလှပါကလား၊ ဒါတွေ ဘယ်လိုလုပ် သိတာလဲ' ဟု မေးသည်။

'ဖလော်ရင့်မြို့တော်မှာ အပ်ကျတာတောင် တို့ သိတယ်။ ဖာသာ ဆာဗို ...ရိုလာဟာ အကြားအမြင် ရတယ်။ မီဒီချီ မိသားစုနဲ့တကွ ဖြစ်တဲ့ ဘုရားသခင် ...ကြိုက်တဲ့ ညစ်တီးညစ်ပတ် အနုပညာတွေဟာ အားလုံး ပျက်စီးရမယ်။ ဒီတော့ ...ချိန်ရှိတုန်း မင်းလည်း သူတို့နဲ့ လမ်းခွဲပေတော့။ ဖာသာ အားလုံး ၁၉ ကြိမ် ...ဟာပြောမယ်။ အဲဒီ ဟောပြောပွဲတွေဆုံးရင် ဖလော်ရင့် မြို့တော်ကြီးနဲ့ မီဒီချီတို့ အားလုံး မီးလောင်တိုက် သွင်းပြီးသား ဖြစ်မှာပဲ'

မိုင်ကယ်သည် ဘာမှ ပြန်မပြောနိုင်တော့ချေ။ ထိတ်လန့်ချောက်ချား ...သည်။ လိုင်ယွန်နာဒိုက မေးလိုက်သည်။

'ဘယ့်နှယ်လဲ မိုင်ကယ်၊ တမလွန်အတွက် မင်းကိုယ်မင်း ပြန်အဖတ် ...ဆယ်တော့ဘူးလား'

'တမလွန်အတွက် ငါ့ကိုယ်ငါ ပြန်အဖတ်ဆယ်ဖို့ ဆိုတာတော့ ပန်းပု ...နုပညာနဲ့ပဲ ပြန်ရင်းနှီးရမှာပဲ။ ငါ့အဖို့ အနုပညာသည်ပင် သဒ္ဓါတရား ဖြစ်တယ်။ ...နုပညာသည်ပင် ငါ့အဖို့ စည်းကမ်းကလနားသတ်မှု ဖြစ်တယ်။ ငါဟာ ဓမ္မ ...ရာလို နေနေတယ်လို့ မင်း ပြောတယ်။ အဲသလို နေနိုင်တာဟာ ငါ့ရဲ့ အနုပညာ ...ပင်န်းက ဆုံးမပေးတာပဲ။ ဒီတော့ မင်းရော ငါရော ဘုရားသခင်ရဲ့ အမှုတော်ကို ...နေကြသူတွေချည်းပါပဲကွာ'

လိုင်ယွန်နာဒို၏ စူးရှသော မျက်လုံးများသည် မိုင်ကယ်၏ မျက်လုံးထဲသို့ အပူရှိန် ဟပ်လိုက်သကဲ့သို့ ထင်လိုက်ရသည်။ သူသည် တစ်ခွန်းမှ စကားမပြောဘဲ လှည့်ထွက်သွားသည်။

*

ကွန်တက်စီနာသည် အိမ်သို့ ပြန်ရောက်လာသည်။ မိုင်ကယ် ပုံဆွဲနေသည့်နေရာ စာကြည့်ခန်းတွင်း ဝင်လာသည်။ ကလေးမ၏ မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူရော်နေသည်။ မိုင်ကယ်သည် အလန့်တကြား နေရာက ထ လိုက်သည်။

'ဘာဖြစ်သလဲ ကွန်တက်စီနာ၊ နေမကောင်းဘူးလား' ဟု မေးသည်။

ကွန်တက်စီနာသည် ကုလားထိုင်ပေါ် ပစ်ထိုင်လိုက်သည်။

'တစ်ခု ပြောစရာရှိတယ်၊ အခုလေ ရီဒိုလ်ဖီရဲ့သားနဲ့ ကျွန်မ လက်ထပ်ဖို့ စာချုပ်တွေ ချုပ်ပြီးကုန်ကြပြီ'

တစ်ခဏမျှ မိုင်ကယ် ဘာမှပြန်မပြောဘဲ နေသည်။ ပြီးမှ ခက်မာသော အသံနှင့် ပြန်ပြောလိုက်သည်။

'အဲဒါ ဘာဖြစ်သလဲ၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ။ လူတိုင်း သိတာပဲ၊ မိဒီချီရဲ့ သမီးတွေဆိုရင် နိုင်ငံရေးဖွဲ့စည်းဖို့အတွက် ဆွေမျိုးဆက် ပေးစားတာချည့်ပဲ မဟုတ်လား'

ထိုသို့ ပြောလိုက်ပြီးမှ မိုင်ကယ်သည် ကွန်တက်စီနာကို မျက်လုံးချင်းဆိုင် စေ့စေ့ကြည့်ပြီး ထပ်၍ ပြောပြန်သည်။

'ခွင့်လွှတ်ပါ ကွန်တက်စီနာ၊ စိတ်မကောင်းဖြစ်သွားလို့ပါ။ ဒါနဲ့ လက်ထပ်မှာက ဘယ်တော့လဲ'

'တစ်နှစ် စောင့်ပါဦးလို့ ပြောထားတယ်၊ ကျွန်မ ငယ်လွန်းပါသေးတယ်'

'ရီဒိုလ်ဖီက ကွန်တက်စီနာကို ပျော်အောင် ထားမယ်တဲ့လား၊ သူက ခင်မင်ရဲ့လား'

'အို... ဒီဥစ္စာတွေ စကားထဲ ထည့်မပြောကြပါဘူး၊ လုပ်ရမယ့်တာဝန်ကို ကျွန်မ လုပ်ရမှာပဲ။ ဒါပေမဲ့ ကျွန်မ ရင်ထဲမှာ ခံစားရတာတော့ ကျွန်မ ကိုယ်ပိုင် ပစ္စည်းပေါ့'

ကွန်တက်စီနာသည် နေရာမှထ၍ မိုင်ကယ်၏အနားသို့ တိုးလာသည်။ သူ့မျက်လုံးထဲတွင် မျက်ရည်တွေ ရွဲနေသည်။ မိုင်ကယ်က သူ့လက်ကို အသာ ဆွဲယူလိုက်သည်။ သူတို့ လက်ချောင်းလေးများ တအားချိတ်မိ နေကြသည်။ ကွန်တက်စီနာသည် ဖျတ်ခနဲ နောက်ပြန်ဆုတ်ပြီး ထွက်သွားသည်။ မိုင်ကယ်၏ အနားတွင်ကား ပန်းရနံ့ကလေး သင်းကျန်ခဲ့သည်။

*

ဆာဗိုနာရိုလာသည် ခေတ်အခါ၏ ဆိုးဝါးယုတ်မာမှုများ အကြောင်းကို ပြင်းပြင်း ထန်ထန် ရှုတ်ချဟောပြောဆဲပင် ရှိသည်။ မီဒီချီ အစိုးရနှင့်တကွ ရဟန်းမင်းကြီး တို့ပါ ပျက်စီးရမည်ဟု ဆိုသည်။ မိန်းမများသည် သူ့တရား နာရင်း ငိုကြွေးကြ သည်။ တစ်မြို့တော်လုံးပင် ချောက်ချားနေကြသည်။ ဆာဗိုနာရိုလာဘက်သို့ နောက်လိုက်တွေ နေ့စဉ်နှင့်အမျှ တိုးလာကြသည်။

ပန်းပုဥယျာဉ်တော် ပညာတော်သင်သားများထဲမှ ဗာစီယိုဆိုသူ သူငယ် သည် မီဒီချီကို ဝေဖန်ပြီး ဆာဗိုနာရိုလာဆီ သွား၍ ခင်ကြီး လုပ်တော့သည်။

ဆာဗိုနာရိုလာ၏ တရားပွဲများမှာ လူတွေ ကြိတ်ကြိတ်တိုး စည်ကား သည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးများထဲတွင် တရားပွဲများ လုပ်သည်။ ခြိုးခြံသော အကျင့်များကို အလွန်အမင်း ကျင့်သဖြင့် ဖာသာမှာ ဝတ်ပြုစင်ပေါ်သို့ လူတွဲ၍ ပို့ရသည်။ သူသည် သူ့ကိုယ်သူ ယေရှုနှင့် တစ်ဂိုဏ်းတည်း ထား၍ စကားပြောသည်။

'ငါ၏နှုတ်မှ ထွက်သော စကားများသည် ငါ၏ စကားမဟုတ်၊ ထာဝရ ဘုရားသခင်၏ စကားများ ဖြစ်သည်။ ငါ၏အသံသည် ဤကမ္ဘာ မြေပြင်ပေါ်၌ ထာဝရဘုရားရှင်၏ အသံပင် ဖြစ်သည်'

ထိုအခါ ကြားရသူတိုင်း ကြက်သီးမွေးညင်း ထ သွားသည်။ မိုင်ကယ် သည် သူ့အနားရှိ ရှေးပန်းပုဆရာကြီးများ၏ လက်ရာကို စိုက်ကြည့်မိသည်။ ကလေးတွေ ပျော်ပျော်ပါးပါး သီချင်းဆို၍ ကခုန်မြူးထူးနေပုံ ဖြစ်သည်။ လူ့ဘဝ ဟူသည် ပျော်စရာ၊ ချစ်မြတ်နိုးစရာပါကလား။ မိုင်ကယ်အဖို့ လူဟူသည် ကောင်း မြတ်သော အမျိုးပင် ဖြစ်သည်။ ဆာဗိုနာရိုလာကတော့ လူဆိုတာ ယုတ်မာ ညစ်ဆိုးသည်ဟု ဆိုပါကလား။

မြို့တော် အုပ်ချုပ်ရေးအဖွဲ့က ဆာဗိုနာရိုလာကို ဖိတ်ခေါ်၍ မြို့တော်ခန်းမ တွင် တရားဟောစေသည်။ မီဒီချီတို့ တစ်အိမ်တော်သားလုံး တစ်ယောက်မကျန် သွား၍ နားထောင်ကြသည်။

ဆာဗိုနာရိုလာသည် မီဒီချီကို ရက်စက်သော အာဏာရှင်ဟု ခေါ်ဆိုသည်။ လော်ရင်ဇိုသည် ပြုံးပြုံးကလေးနှင့် နားထောင်နေသည်။ သို့ရာတွင် ကြာရှည် မပြုံးနိုင်ချေ။ ဆာဗိုနာရိုလာသည် မီဒီချီအား အမျိုးမျိုး စွပ်စွဲသည်။ မြို့တော် လူအများနှင့်ဆိုင်သော ငွေများကို အလွဲသုံးစားပြု၍ မိစ္ဆာနတ်ရုပ်များ ဝယ်သည်ဟု ဆိုသည်။ သောက်စားမူးယစ်ပွဲများလုပ်၍ အကျင့်စာရိတ္တ ပျက်စီးသည်။ သို့ဖြစ်၍ မီဒီချီ အစိုးရကို ဖြုတ်ချရမည်။ အစိုးရအသစ် ဖွဲ့ရသည်။ ဖလော်ရင့်မြို့တော်ကို ထာဝရ ဘုရားသခင်၏မြို့တော် ဖြစ်စေရမည်။ ဘုရားသခင်၏ကိုယ်စား ဆာဗို

နာရီလာသာလျှင် မြို့တော်ကို အုပ်စိုးရမည်။ ဤသည်ပင် ဘုရားသခင်၏အမိန့် ဖြစ်သည်။

ဖလော်ရင့်မြို့တော်ကြီး တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ မီဒီချီ တည်ထောင်ထားသော ပလေတိုအကယ်ဒမီ ဟောပြောပွဲများသို့ လူအများ မလာရဲကြတော့ချေ။ စာပုံနှိပ်စက် ပိုင်ရှင်များသည် ဖာသာ ဆာဗိုနာရိုလာ သဘော မကျသည့် စာပေမျိုး ပုံမနှိပ်ရဲဘဲ ရှိကြသည်။

ထိုခေတ်အခါက အကျော်အမော် တစ်ဦးဖြစ်သော ပန်းချီဆရာကြီး ဗိုတယ်ချီလီပင်လျှင် အဝတ်ဗလာကျင်းသည့် မိန်းမ ယောကျ်ား ပုံများပါသည့် ပန်းချီကားများကို ရေးဆွဲခဲ့မိပါသည်။ ထိုကားများသည် ကာမဂုဏ်ကို အားပေး လှုံ့ဆော်သည့် ကားများ ဖြစ်ပါသည်ဟုဆိုကာ ဆာဗိုနာရိုလာ ဘက်သို့ လိုက်ပါ သွားခဲ့သည်။

နိုင်ငံရေး၊ သာသနာရေး အဖွဲ့အစည်းများကို သန့်စင်အောင် လှုံ့ဆော်မှု များကို မိုင်ကယ်က သဘောတူသည်။ သို့သော် လော်ရင်ဇိုမီဒီချီအား ပုဂ္ဂိုလ်ရေး အရ တိုက်ခိုက်သည်ကိုမူ သဘောမကျချေ။ အထူးသဖြင့် အနုပညာကို ရှုတ်ချ သည်ကိုလည်း လုံးဝ သဘောမတူနိုင်ဘဲ ရှိသည်။ မကြာပါချေ၊ သူ့နောင်တော် လိုင်ယွန်နာဒို သူ့ဆီ လာပြီး–

'မင်း အခုလုပ်နေတဲ့ ဆင်တော်များစစ်ပွဲ ပန်းပုရုပ်ကြီးကို ဖျက်ဆီး ပစ်လိုက်' ဟု ပြောတော့သည်။

မိုင်ကယ်သည် တစ်ချက်မှ အလျှော့မပေးဘဲ သူ့နောင်တော်အား ပြန်ကြွ ပါတော့ဟု ညင်းပျောင်းသာယာစွာဆိုပြီး လမ်းမအထိ လိုက်ပို့လိုက်သည်။

ဆရာကြီး ဗာလ်တိုဒိုက မိုင်ကယ်၏ "ဆင်တော်များစစ်ပွဲ" ပန်းပုကို ကြည့်ကာ အားမလိုအားမရ ဖြစ်နေသည်။ ဆာဗိုနာရိုလာ၏ စကားတွေက ဩဇာ ညောင်းနေပုံ ပြနေသည်ဟု ဆိုသည်။ ပြောင်ပြောင်တင်းကြီး ဖြစ်၍ ပြည့်ဖြိုးကြွယ်ဝ မှု မရှိဟု ဆိုသည်။

မိုင်ကယ်သည် သူ့ပန်းပုရုပ်ကို အချိန်ယူ၍ အချောကိုင်ဖို့ ကြံစည်ထား သည်။ သို့သော် အခြေအနေအရ မဖြစ်သေးဟု အောက်မေ့၍ သူ့ သူငယ်ချင်း ဃရာဏာချီ၏ အကူအညီဖြင့် ကျောက်တုံးကို အိမ်တော်တွင်း လော်ရင်ဇို၏ ရုံးခန်းထဲအထိ ရွှေ့ယူခဲ့သည်။ လော်ရင်ဇိုမှာ နေမကောင်း နေသဖြင့် တောင်ဝှေး ထောက်ကာ ကျိုးနင်းကျိုးနင်းနှင့် အားယူလာသည်။ ကုလားထိုင်ပေါ်မှာ ထိုင်၍ ပန်းပုရုပ်များကို သေသေချာချာ တစ်ခုပြီးတစ်ခု ကြည့်ရှုလေ့လာသည်။ ဘာမှ မပြောဘဲ အတော်ကြာနေပြီးမှ ဤသို့ဆိုသည်။

'ငါ အရင်က မြင်ဖူးတာတွေနဲ့ လုံးလုံးမတူဘူး။ ဒီအရုပ်တွေ ကိုယ်ထဲမှာ ခံစားရတာတွေ ငါ့ကိုယ်ထဲမှာ လာပြီး ထိတယ်။ အရိုးကျိုး အသားကြေ ဒဏ်ရာတွေရဲ့ ဝေဒနာတွေ ခံစားမိတယ်' ဟု ပြောသည်။

'ဒီကျောက်ရုပ်တုကို လာဝယ်နေပါတယ်။ ဖာသာ ဆာဗိုနာရိုလာ က မီးရှို့ပြီး ဘုရားသခင်ကို ပူဇော်ဖို့တဲ့။ ကျွန်တော်က ဒါဟာ မဟာလော်ရင်ဇိုမီဒီချီရဲ့ ပစ္စည်းပါ၊ ကျွန်တော် မပိုင်ပါဘူးလို့ ပြန်ပြောလိုက်ပါတယ်'

'ဒီကျောက်တုံးကို မင်း ပိုင်ပါတယ်' ဟု လော်ရင်ဇိုက ပြောသည်။

'သခင်၊ ဒီကျောက်ရုပ်ကို ကျွန်တော် ဘုရားလှူပြီးသားပါ။ လူသားသတ္တဝါကို သူ၏ ရုပ်သဏ္ဌာန်အတိုင်း ဖန်ဆင်းတဲ့ ထာဝရဘုရား၊ ကောင်းဆိုးမျှ လှ ဆိုးမျှ အရည်အသွေး အင်အားတွေကို ထည့်ဖန်ဆင်းခဲ့တဲ့ ထာဝရဘုရားကို လှူလိုက်ပါပြီ'

လော်ရင်ဇိုသည် ရုတ်နေ့ ထိုင်ရာကထပြီး အခန်းထဲမှာ စကြံသွားသည်။

'မိုင်ကယ်၊ ခေတ်တိုင်း ခေတ်တိုင်းမှာ အရင်ခေတ်က လုပ်လာခဲ့တဲ့ အနုပညာတွေကို နောက်ခေတ်က မီးရှို့ကြ၊ ဖျက်ဆီးကြ လုပ်ကုန်ကြတာပဲ။ ဖလော်ရင့် မြို့သားတွေဟာ ခုတစ်မျိုး ခုတစ်မျိုး စိတ်ပြောင်းလွယ်ကြတယ်။ သူတို့တွေသာ ဆာဗိုနာရိုလာရဲ့နောက်က လမ်းဆုံးအထိ လိုက်ကြရင်တော့ မြို့တော်ကြီးရဲ့ အနုပညာတွေအားလုံး ဆိတ်သုဉ်း ဆုံးရှုံးကုန်တော့မှာပဲ။ တို့တစ်တွေဟာ ပညာရောင်မရှိဘဲ အမှောင်ထုထဲ ပြန်ရောက်ကြရတော့မှာပဲ။ လာ၊ ငါနဲ့ လိုက်ခဲ့၊ မင်းကို ပြစရာ ရှိတယ်'

မိုင်ကယ်နှင့် လော်ရင်ဇိုတို့သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတစ်ခုသို့ သွားကြသည်။ ထိုကျောင်းမြေသည် မီဒီချီ အမျိုးအစဉ်အဆက် မြှုပ်နှံသင်္ဂြိုဟ်သည့် နေရာ ဖြစ်သည်။ လော်ရင်ဇိုက ပြောသည်။

'ငါ့ရဲ့ မျိုးရိုးမိသားစုအတွက် နောက်ဆုံးလုပ်ဖို့ အလုပ် ကျန်နေသေးတယ်။ ဟောဒီနေရာမှာ ကျောက်ဖြူသား မျက်နှာစာတစ်ခု ထုရမယ်၊ ရုပ်တုပေါင်း ၂၀ ပါရမယ်'

မိုင်ကယ်မှာ ငိုရတော့မလို၊ ရယ်ရတော့မလို၊ ဘယ်လိုဖြစ်သွားသည် မသိတော့ချေ။

'ဟင် ရုပ်တုပေါင်း ၂၀ ထုရမယ်လား၊ အချိန်ကတော့ အတော် ကြာလိမ့်မယ်။ ကျွန်တော် လုပ်ပါမယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ပညာဆည်းပူးစရာတွေ အများကြီး ကျန်သေးတယ်။ ဘယ့်နှယ်လုပ်ရမလဲ'

မိုင်ကယ် သူ့အခန်းသို့ ပြန်ရောက်သောအခါ သူ့ဆရာကြီး ဗာလ်တိုဒို

စောင်ခြုံလျက် မီးသွေးမီးဖိုနား ကွေးနေသည်ကို တွေ့ရသည်။ မိုင်ကယ်သည် ပျာပျာသလဲ သူ့အနားသွားပြီး–

'ဆရာကြီး၊ နေကောင်းရဲ့လား' ဟု မေးသည်။

'နေမကောင်းဘူးကွာ၊ ငါဟာလေ အလကား အသုံးမကျတဲ့ အဘိုးကြီးပဲ၊ ခေတ်နောက်ကျ ကျန်ခဲ့ပြီကွ။ ဒီည မင်းရဲ့ "ဆင်တော်များတိုက်ပွဲ" ပန်းပုရုပ်တွေကို ကြည့်တယ်။ ငါ အရင်က မင်းကို ပြောတာတွေ မှားပြီ၊ ငါ့ကို ခွင့်လွှတ်ပါကွာ'

မိုင်ကယ်သည် ဆရာကြီးကို ဂွမ်းကပ်စောင်နှင့် ထွေးပြီး အိပ်ရာထဲ သိပ်သည်။ ယမကာ နွေးနွေးလေး တိုက်သည်။ ငွေခွက်ကို ဆရာကြီး၏ နှုတ်ခမ်းနှင့် တေ့ပေးထားရင်း ပြောသည်။

'ဆင်တော်အရုပ်တွေ လက်ရာကောင်းတယ် ဆိုရင်တော့ ဆရာကြီး သင်ပေးထားလို့ ကျွန်တော် လုပ်နိုင်တာပေါ့။ နက်ဖြန်ခါကျရင် နောက် အသစ်တစ်ခု ထပ်ထုဦးမယ်၊ ဆရာကြီး ထပ်သင်ပေးဦးနော်'

'အေး နက်ဖြန်ဟုတ်လား၊ မိုင်ကယ် မင်း သေချာမှပြောနော်၊ နက်ဖြန်ဆိုတာ ရှိရဲ့လား' ဟု ပြောရင်း အိပ်ပျော်သွားသည်။

မကြာမီ ဆရာကြီး အသက်ရှူပြင်းပြီး ကျပ်မောလာသည်။ မိုင်ကယ်သည် သမားတော်ကြီး အခေါ်လွှတ်လိုက်သည်။ သမားတော်ကြီး ရောက်လာသော်လည်း ဘာမှ မတတ်နိုင်ချေ။ မိုင်ကယ်သည် တစ်ညလုံး ဆရာကြီးကို ပွေ့ပိုက်ပြုစုသည်။ အသက်ရှူနိုင်အောင် ပွေ့ထူပေးသည်။

ခင်ကြီး ကြွလာ၍ နောက်ဆုံး ဆုတောင်းပေးသည်။ ဆရာကြီးသည် ပြုံးလျက် ပြောသည်။

'မိုင်ကယ်၊ ငါ့ပညာကို မင်းပဲ အမွေခံပေတော့'

'ဟုတ်ကဲ့၊ ကျွန်တော် ဂုဏ်ယူပါတယ် ဆရာကြီး'

'ပြီးတော့ ငါပိုင်တာ တစ်ခုပေးရဦးမယ်၊ အဲဒါလေ မင်း သူဌေး ဖြစ်မယ်၊ နာမည်လည်း ကြီးလိမ့်မယ် သိလား၊ ငါရေးခဲ့တဲ့ ချက်ပြုတ်နည်း ကျမ်းစာအုပ်'

'ဟုတ်ကဲ့၊ ကျွန်တော် သိမ်းပိုက်စောင့်ရှောက်ပါမယ်'

ဆရာကြီး ထပ်၍ ပြုံးလိုက်ပြန်သည်။ ထို "ချက်ပြုတ်နည်းကျမ်း" စာအုပ်မှာ သူတို့ ဆရာတပည့် အချင်းချင်း သိသော ပြက်လုံးတစ်ခု ဖြစ်သည်။ ဆရာကြီး မျက်စိမှိတ်သွားသည်။

မိုင်ကယ်အဖို့ ဆရာကောင်းတစ်ဦး ဆုံးရှုံးရလေတော့သည်။ နောင်ကိုလည်း သူ့အတွက် ဆရာ မရှိတော့သည်သာတည်း။

*

ပန်းပုဥယျာဉ်တော်ကြီး ကစဉ့်ကလျား ဖြစ်နေသည်။ လုပ်ငန်းတွေ ရပ်ထား ရသည်။ ပလေတိုအဖွဲ့ ပညာရှင်များ အစည်းအဝေးတွေလည်း မဖြစ်တော့ချေ။ လော်ရင်ဇို မကျန်းမာသဖြင့် ကာရက်ချီရှိ အိမ်တော်သို့ ပြောင်းကာ ဆေးကုဖို့ စိစဉ်နေသည်။ ထိုနေရာမှနေ၍ ဆာဗိုနာရိုလာကို ပြိုင်ချရဦးမည်။

လော်ရင်ဇိုသည် ဥစ္စာစည်းစိမ်အင်အား၊ ဆွေအားမျိုးအား၊ နောက်လိုက် အခြွေအရံအင်အား၊ တန်ခိုးအာဏာ အင်အား လိုလေသေးမရှိ ပြည့်စုံသည်။ လက်နက်တွေ ရှိသည်။ ပြိုင်ရမည်။ ဆာဗိုနာရိုလာမှာ သူ့ကျောပေါ်က လျှော်တေ ဝတ်ရုံ တစ်ထည်ကလွဲ၍ ဘာမှမရှိချေ။ သို့ရာတွင် သူ့မှာ ခိုင်မြဲသော သီလ သမာဓိ ရှိသည်။ သူ၏ မမိုတ်မသုန်သော ယုံကြည်မှုအတွက် သူ့ဘဝတစ်ခုလုံးကို ပုံထားသည်။ သူ၏သြဇာမှာ ဖလော်ရင့် မြို့တော်ပေါ်ရှိ လူကုံထံများနှင့် သာသနာ့ ဝန်ထမ်း ခင်ကြီးများအပေါ်တွင် လွှမ်းမိုးလာခဲ့သည်။ သူက အနိုင်ရနေသည်။

မိုင်ကယ်သည် လော်ရင်ဇို ခရီးထွက်မည့်အတွက် ရင်လေးနေသည်။ အိမ်တော်ကြီးကို သားကြီး ပိုင်ရို အုပ်ချုပ်လိမ့်မည်။ ထိုအတောအတွင်း သူ့ညီ ယိုင်အိုဗန်နီအား ကာဒီနယ်ရာထူး ခန့်အပ်သည်။ ထိုပွဲကို မိုင်ကယ် တက်ရောက် ခဲ့သည်။ ဖလော်ရင့် တစ်မြို့တော်လုံး ပွဲလမ်းတွေ ခြိမ့်ခြိမ့်ညံနေသည်။ နောင် နှစ်ရက်ကြသော် လော်ရင်ဇိုသည် ကာဗိုဂျီသို့ ဆေးကုရန် ထွက်ခွာသွားသည်။ ကာဒီနယ် ယိုင်အိုဗန်နီနှင့် သူ့ညီဝမ်းကွဲ ယိုင်အူလီယို တို့လည်း ရောမမြို့တော်သို့ သွားကြသည်။

*

ဆယ့်ငါးရက်ခန့်ကြာလျှင် လော်ရင်ဇို ရောဂါမသက်သာဟု သတင်းကြားရသည်။ သားသမီးများ လာရောက်ဖို့ မှာလိုက်သည်။

မိုင်ကယ်သည် နေမထိ ထိုင်မထိ ဖြစ်နေသည်။ နောက်ဆုံးတွင် မြင်း ဘစ်စီးဆွဲကာ လေးမိုင်မျှဝေးသော လော်ရင်ဇို ဆေးကုနေသော အိမ်သို့ လိုက်လာ ခဲ့သည်။ သူ ရောက်လာသောအခါ စားဖိုချောင်ထဲတွင် လူများ ငိုကြွေးနေကြ သည်။

မိုင်ကယ်သည် ခဏမျှ တွေရပ်နေပြီးနောက် လော်ရင်ဇို၏ အိပ်ခန်း ဆီသို့ တက်လာသည်။ အခန်းဆီး နောက်နားရပ်ကာ အသာချောင်းကြည့်သည်။ လော်ရင်ဇိုသည် ထူထဲသော မွေ့ရာကြီး ခင်းထားသည့် ညောင်စောင်းပေါ်တွင် ခေါင်းအုံး မှီအုံးများဆင့်ကာ ကိုယ်ကို ခပ်ထောင်ထောင်ထားလျက် နေသည်။ သူ့အနားတွင် သူ့ချစ်မိတ်ဆွေများ ဖြစ်ကြသော ပညာရှင်ကြီးများ မျက်ရည်စက် လက်နှင့် ရှိနေကြသည်။ ထိုနောက် ဖာသာ ဝင်လာသဖြင့် အနားရှိ လူများအား

အပြင်ထွက်ခိုင်းသည်။ နောက်ဆုံး ဝန်ချစရာ ရှိသမျှ ဝန်ချ၍ တရားပေးသည်။ ပြီးမှ အခြားသူတွေ ပြန်ဝင်လာကြသည်။ လော်ရင်ဇိုကို ဟင်းရည်ပူပူ တိုက်ကြသည်။ ပိုလီဇီယန်နိုက မေးသည်။

'စားလို့ ကောင်းရဲ့လား'

လော်ရင်ဇို၏ နွမ်းလျသော မျက်နှာပေါ်တွင် အပြုံးရိပ်ကလေး ပေါ်လာသည်ကို မိုင်ကယ် မြင်လိုက်သည်။

'သေခါနီး စားရတော့ အရသာ အရှိဆုံးပေါ့ဗျာ'ဟု ရယ်သွမ်းသွေးလိုက်သည်။ သားကြီး ပိုင်ရို ဝင်လာ၍ အိပ်ရာညောင်စောင်း နံဘေးမှာ ရပ်ကာ ဦးညွတ်ကန်တော့သည်။ လော်ရင်ဇိုက ပြောသည်။

'ငါ့သား ပိုင်ရို၊ ငါ့မှာရှိတဲ့ ဩဇာအာဏာတွေ မင်းပဲ အမွေခံရလိမ့်မယ်။ ဖလော်ရင့်မြို့တော်ဟာ သမ္မတနိုင်ငံတစ်ခု ဖြစ်တယ်။ ဒီတော့ လူတိုင်း လူတိုင်း သဘောကျဖြစ်အောင် အုပ်ချုပ်လို့ မဖြစ်နိုင်ဘူး။ မင်းရဲ့ ရိုးသား ဖြောင့်မတ်တဲ့ စိတ်က ဦးဆောင်တဲ့အတိုင်း လုပ်ရမယ်။ လူစုတစ်စုလုံးရဲ့ အကျိုး သက်ရောက်မှု

မိုင်ကယ်၏ ပုံကြမ်းလက်ရာ (အဘိုးအိုတစ်ဦး၏ ဦးခေါင်း)



ကို ကြည့်ရမယ်။ ဒီလိုလုပ်သွားရင် ဖလော်ရင့်မြို့တော်ကြီးကို ဘေးမသီ ရန်မခ အောင် မင်း ကာကွယ်နိုင်မှာပဲ။ ဒီတော့မှလည်း တို့ရဲ့ မီဒီချီ မျိုးရိုးဟာ အစွန့်ရှည် တည်တံ့နိုင်လိမ့်မယ်'

ပိုင်ရိုသည် သူ့ဖခင် နဖူးကို နမ်းလိုက်သည်။ ထို့နောက် မိုင်ကယ် အံ့သြလို့ မကုန်နိုင်အောင် ဖြစ်သွားတော့သည်။ ဖာသာ ဆာဗိုနာရိုလာ အခန်းထဲသို့ ကမန်း ကတန်း ဝင်လာသည်။

'လော်ရင်ဇိုမီဒီချီက အခေါ်ခိုင်းတယ်ဆို'

'ဟုတ်ပါတယ် ဖာသာ၊ မသေခင် အားလုံးအပေါ်မှာ မေတ္တာ ထားချင် ပါတယ်'

'ဒီလိုဆိုရင် ယုံကြည်မှုသဒ္ဓါစိတ် သန်ပါစေ'

'ဒါတော့ အစဉ်ပဲ ရှိခဲ့ပါတယ်'

'နောက်ဆုံး ပြောချင်တာတော့ သေခြင်းတရားကို ရဲရဲရင်ဆိုင်ဖို့ပဲ'

'တပည့်တော်ကို မေတ္တာကောင်းချီး ဆုတောင်းပေးပါ ဖာသာ' ဟု လော် ရင်ဇိုက အသံတိမ်နှင့် ပြောသည်။

ဖာသာ ဆာဗိုနာရိုလာသည် ခေါင်းငုံ့၍ ရွတ်ဖတ်သည်။ လော်ရင်ဇိုကို ဆုမွန်ကောင်းပေးပြီး အခန်းတွင်းက ထွက်သွားသည်။

ထို့နောက် လော်ရင်ဇိုသည် သူ့အိမ်တော် အစေအပါးများကို အခေါ်ခိုင်း သည်။ သူတို့ကို နှုတ်ဆက်သည်။ သူတို့အပေါ် ကျူးလွန်မိသည့် အပြစ်ရှိလျှင် ခွင့်လွှတ်ကြပါဟု ဆိုသည်။ မိုင်ကယ်သည် လော်ရင်ဇို၏ အိပ်ရာနံဘေးကို ပြေး ကပ်လိုက်ချင်သည်။ ဒူးထောက်ကန်တော့ကာ "ကျွန်တော်လည်း သခင့်ကို ချစ်ခဲ့ ဘဲ့ သူပါ၊ ကျွန်တော့်ကိုလည်း နှုတ်ဆက်ပါဦး"ဟု ပြောလိုက်ချင်သည်။ သို့ရာတွင် သူ့ကို မခေါ်သဖြင့် မဝင်ရဲဘဲ အခန်းဆီး ကတ္တီပါစကြီးနှင့် သူ့မျက်နှာကို အုပ်ထား သည်။ မကြာမီပင် လော်ရင်ဇိုသည် မှီအုံးပေါ်သို့ ခေါင်းငိုက်ကျသွားသည်။ ဆရာဝန်က သူ့မျက်နှာကို ဖုံးအုပ်ထားလိုက်သည်။

မိုင်ကယ်သည် တိတ်တဆိတ် ပြေးထွက်လာသည်။ လှေကားပေါ်မှ ဆင်း၍ ဥယျာဉ်တွင်း ပြေးလာခဲ့သည်။ လော်ရင်ဇိုမီဒီချီခေါ် မဟာလော်ရင်ဇို သခင် ကွယ်လွန်ခဲ့ပြီ။ မသေခင်လေးမှာ သူ့ကို ဖျက်ဆီးမည်ဟု သစ္စာဆိုထားသော ဘာသာ ဆာဗိုနာရိုလာကို ပင့်ဖိတ်လိုက်သေးသည်။

အဘယ်ကြောင့်နည်း။ ဒါတွေကို မိုင်ကယ် မသိချေ။ သူ သိသည်ကား သူ့မှာ မိတ်ဆွေကြီးတစ်ဦး ဆုံးရှုံးခဲ့ပြီ။ အားကိုးရာမဲ့လေပြီတည်း။

## အခန်း ၄
## ထွက်ပြေး တိမ်းရှောင်ရခြင်း

လော်ရင်ဇို ကွယ်လွန်ပြီးနောက် သူ့သားကြီး ပိုင်ရို အိမ်တော်ကြီးတွင် ဦးစီးပြီဖြစ်ရာ သူ့ကို မနေစေချင်တော့ကြောင်း မိုင်ကယ် သိသည်။ သို့ဖြစ်၍ သူ့အဖေအိမ်ပြန်ပြီး ပြန်အိပ်ရသည်။ ဃရာဏာချီက သူ့ကို ဆရာကြီး ဃာလန်ဒါအီယိုထံ ပြန်သွားပါလားဟု ဆိုသည်။ သို့သော် မိုင်ကယ်သည် ပန်းချီကို ပြန်မကိုင်ချင်တော့ချေ။ သုံးနှစ်ပတ်လုံး သင်လာခဲ့သည့် ပန်းပုပညာတွေ ပြန်မေ့ကုန်မည် စိုးသည်။

မိုင်ကယ်၏ညီ ဗြူယိုကာရီတိုသည် အိမ်၌ စာရင်းကိုင် ဖြစ်သည်။ မိုင်ကယ် အိမ်တော်မှာနေစဉ်က ရသည့်ငွေများကို စုပေးသည်။ သို့ဖြစ်၍ မိုင်ကယ် အကြံရသည်။

'ဒီမှာ ညီလေး၊ ငါ့ကို လူတစ်ယောက်က ပန်းပုထုဖို့ အပ်ထားတယ်လို့ အဖေ့ကို ငါ ညာပြောထားမယ်။ မင်းက အသာဖုံးဖိပေးပါ' ဟု ပြောထားသည်။ စုထားသည့်ငွေနှင့် ကျောက်တုံးတစ်တုံး ဝယ်မည်။ အလုပ်အပ်သူက လုပ်နေစဉ်လည်း ပိုက်ဆံပေးသည်ဟု သူ့အဖေကို ပြောထားရမည်။ ထို ပိုက်ဆံကို သူ စုထားသည့် အထဲကနေ၍ အဖေကို ပေးရမည်။

ဤသို့ ညီအစ်ကိုနှစ်ယောက် စည်းဝါးရိုက်ထားကြသည်။

မိုင်ကယ်၏ စိတ်ကူးဆန္ဒသည် အချစ်မေတ္တာနှင့် ပူဆွေးခြင်း ပေါင်းစပ်လျက် မွေးဖွားလာခြင်း ဖြစ်သည်။ သူသည် သူ၏ ချစ်လှစွာသော သခင် မဟာလော်ရင်ဇိုအတွက် အမှတ်တရ ကျောက်ရုပ်ကြီးတစ်ခု ထုလုပ်ရမည်။ ထိုကျောက်ရုပ်ကြီးတွင် လော်ရင်ဇို၏ သတ္တိ၊ ပညာနှင့် ခေါင်းဆောင် ပီသသော အရည်အသွေးများကို သရုပ်ဖော်မည်။ မည်သို့ ဖော်မည်နည်း။ မိုင်ကယ်သည် ရှေးဟောင်း ဂရိ သူရဲကောင်း ဟာကျူလီ၏ ရုပ်ပုံကိုထုကာ မဟာလော်ရင်ဇိုကို ဂုဏ်ပြုမည်။

လော်ရင်ဇို အသက်ထင်ရှားရှိစဉ်က မိုင်ကယ်နှင့် ဟာကျူလီ၏ ပုံပြင်ဒဏ္ဍာရီကို ဆွေးနွေးကြဖူးသည်။ ပုံပြင်အတိုင်း ဟာကျူလီသည် မဖြစ်နိုင်သော

လုပ်ငန်း ၁၂ ခုကို ဆောင်ရွက်ရသည်။ (ဥပမာ နှစ်ပေါင်းများစွာ မဆေးကြောဘဲ ထားသည့် မြင်းဇောင်းများမှ အညစ်အကြေးများကို မြစ်ကြီး နှစ်သွယ်နှင့် သွန်ချ ဆေးပစ်ရသည်။)

လော်ရင်ဇို ပြောဖူးသည်။ သူရဲကောင်း ဟာကျူလီ လုပ်ခဲ့ရသည့် လုပ်ငန်းများကို ဒဏ္ဍာရီအဖြစ် စာတွင် ပါသည့်အတိုင်း ယူဆရမည်ဟု မဆိုလိုချေ။ သူ၏ လုပ်ငန်းများသည် ခေတ်တိုင်း ခေတ်တိုင်းတွင် လူတို့ ရင်ဆိုင်ရသည့် လုပ်၍ မဖြစ်တော့ပါဘူး ဆိုလောက်သော ပြဿနာကြီးများပင် ဖြစ်သည်။

မှန်ပေလိမ့်မည်။ လော်ရင်ဇိုသည် ဟာကျူလီ ကဲ့သို့ပင် မနိုင်ဝန်ကြီးတွေကို ထမ်းခဲ့ရှာသည်။ ပညာရောင်ကို ကာကွယ်ပိတ်ဖုံးနေသော မသိမလိမ္မာမှုကို ထွန်းလင်းစေရန် ကြိုးစားခဲ့သည်။ ငါ့အတွေး ငါ့အထင်အမြင်သာ ဟုတ်သည်၊ အခြား အတွေးအခေါ် မရှိစေရဟု ဖိနှိပ်ချုပ်ချယ်မှုကိုလည်း ဖြိုခွင်းဖို့ ကြိုးစားခဲ့သည်။

သို့ဖြစ်၍ မဟာလော်ရင်ဇိုကို ဂုဏ်ပြုသရုပ်ဖော်ရာတွင် ကြီးကျယ် ခမ်းနားရမည်။ သာမန် လူသားထက် သာလွန်သောပုံပန်း ရှိရမည်။ သို့ဖြစ်လျှင် ထိုရုပ်တုအတွက် ကျောက်တုံး ဘယ်က ရမည်နည်း။

သင့်လျော်မည့် ကျောက်တုံး မိုင်ကယ် လိုက်ရှာရာတွင် အဆင်သင့် ဈေးပေါပေါနှင့် ရသည်။ မြို့တော် ဆောက်လုပ်ရေးအဖွဲ့မှ ဘာမှမသုံးဘဲ ပစ်ထားသည့် ကိုးပေရှိ ကျောက်တုံးကြီးကို ငါးဖလော်ရင်ပြား ပေး၍ ဝယ်ခဲ့သည်။ ထိုနေရာမှာပင် ၁၇ ပေရှိသည့် ကျောက်တုံးကြီးတစ်ခု ရှိသည်။ သို့သော် ထိုကျောက်တုံးကို ဝယ်၍ မရချေ။

ကျောက်တုံးရလျှင် အလုပ်လုပ်စရာ နေရာ ရှာရပြန်သည်။ သူ နေခဲ့ဖူးသည့် မီဒီချီ ဥယျာဉ်တော်ဆီသို့ အလွမ်းပြေ လျှောက်လာခဲ့သည်။ လော်ရင်ဇို ကွယ်လွန်ပြီး အသုံးမပြုဘဲ ပစ်ထားသဖြင့် မြက်ရိုင်းကြီးတွေ ပေါက်နေသည်။ သူတို့ အလုပ်လုပ်သည့် အဆောင်ထဲမှာလည်း ဘာမှမရှိ၊ ဟင်းလင်းဖြစ်နေသည်။

"ပီရိုကို ပြောရင်တော့ ဒီနေရာမှာ လာလုပ်ဖို့ အခွင့်ပေးမလား မသိဘူး" ဟု မိုင်ကယ်၏ စိတ်တွင် တွေးမိသည်။ သို့သော် မိုင်ကယ်သည် ပီရိုထံ သွားပြောဖို့ရန် ဝန်လေးနေသည်။

မိုင်ကယ်သည် သွားတော့မည်ဟု တစ်ဖက်သို့ လှည့်လိုက်ရာ ကွန်တက်ဒီနာနှင့် သူ့မောင် ဃိုင်အူလီယိုတို့ကို တွေ့ရသည်။ ကွန်တက်စီနာ၏ မျက်နှာ၊ အသားအရေများ ဖျော့တော့နေသည်။ ညိုမှောင်သော မျက်လုံးများမှာ အရောင်ဘဖိတ်ဖိတ် လက်နေသည်။ ဃိုင်အူလီယိုက ပြောသည်။

'မင်းနယ် နေနိုင်လိုက်တာ၊ တို့ဆီ တစ်ခါမှတောင် မလာဘူး။ ဘာပြုလို့လဲ'

ကွန်တက်စီနာက အပြစ်တင်သည့် လေသံနှင့် ဆိုလိုက်ပြန်သည်။

'လာရင်လည်း ဖြစ်သားနဲ့'

'ဒါပေမဲ့၊ ပိုင်ရို ....'ဟု မိုင်ကယ်၏ စကားမဆုံးမီ ကွန်တက်စီနာက ဖြတ်ပြောသည်။

'ကျွန်မလည်း မီဒီချီရဲ့ သမီးပဲ၊ ဃိုင်အူလီယိုလည်း သွေးသားပဲ။ အိမ်တော်ကြီးဟာ ကျွန်မတို့ ဆိုင်တယ်။ ဒီတော့ ကျွန်မတို့ရဲ့ မိတ်ဆွေတွေလာရင် ခရီးဦးကြို လက်ခံမှာချည်းပဲ'

'ဒါတော့၊ ကျွန်တော့်ကို မခေါ်ဘဲနဲ့ လာလို့ ဘယ်ဖြစ်မလဲ'

'အခု ကျွန်မ ခေါ်နေပြီလေ။ ပြီးတော့ ဃိုင်အိုဗန်နီလည်း ရောက်နေတယ်။ ဒါပေမဲ့ ရောမမြို့တော်ကို ပြန်ရတော့မယ်။ ပုပ်ရဟန်းမင်းကြီး မပါဘူး၊ ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူတော့မယ်။ ဒီတော့ ဖော်ဂျီးယား အမျိုးအနွယ်ထဲက လူ ပုပ် မဖြစ်အောင် သွားလုပ်ဦးမှ ဖြစ်မယ်'

ကွန်တက်စီနာသည် ဥယျာဉ်တော်ကြီးကို ကြည့်ပြီး ပြောသည်။

'ကျွန်မတို့ မောင်နှမ ဒီဥယျာဉ်ထဲ နေ့တိုင်းလိုပဲ လမ်းလျှောက်တယ်။ မိုင်ကယ် ဒီအထဲမှာ အလုပ်လုပ်နေတာ တွေ့များ တွေ့မလားလို့'

'ဒီဥယျာဉ်ထဲ လာပြီး အလုပ်လုပ်ခွင့်မှ ပေးထားတာ မဟုတ်ဘဲနဲ့'

'ဩော် ဒီလိုလား၊ ကျွန်မ အခွင့်တောင်းပေးမယ်'

မိုင်ကယ်သည် လေးရက်မျှဆက်၍ ဥယျာဉ်တော်သို့ သွားစောင့်သည်။ ကွန်တက်စီနာ ပေါ်မလာချေ။ ငါးရက်မြောက်သောနေ့မှ အထိန်းတော်ကြီးနှင့် အတူ လာသည်။ သူ့မျက်လုံးတွေ နီရဲနေသည်။

'ပိုင်ရိုကို ပြောတာပဲ၊ အခါတစ်ရာလောက် ပြောတယ်၊ ဘာမှ ပြန်မပြောဘူး။ သူက ဒီလိုပဲလေ၊ အခွင့်မပေးဘူးလို့ သူက ဘယ်တုန်းက ပြောလို့လဲ ဆိုတဲ့ အနေမျိုးပေါ့'

'ဒီလိုဖြစ်မှာပဲလို့ အစကတည်းက ထင်ထားပြီးသားပါ'

ကွန်တက်စီနာသည် မိုင်ကယ်၏အနားသို့ ကပ်လာသည်။ အထိန်းတော်ကြီးက တစ်ဖက်လှည့်နေသည်။

'ပိုင်ရိုက ပြောတယ်၊ ရီဒိုလ်ဖီ အမျိုးတွေက ကျွန်မနဲ့ မိုင်ကယ်နဲ့ ထပ်ပြီး တွေ့တာကို မကြိုက်ဘူးတဲ့။ အဲလေ .... ကျွန်မ လက်မထပ်ရသေးခင်ပေါ့'

သူတို့နှစ်ယောက် ရှေ့သို့မတိုးဘဲ ရပ်နေသည်။ လူချင်း မထိသော်လည်း

မိုင်ကယ်၏ စိတ်ထဲတွင် ကွန်တက်စီနာ၏ ရင်ခွင်ထဲ ပွေ့ထားသလို ခံစားလိုက်ရသည်။

ကွန်တက်စီနာနှင့် သူ့အထိန်းတော်ကြီး ပြန်ဝင်သွားကြသည်။ မိုင်ကယ်ကို ကျောက်တုံးရှာပေးသည့် ဗက်ပီက လာကူညီသည်။ ဗက်ပီမှာ မြို့တော် ဆောက်လုပ်ရေးပစ္စည်းများ ထားသည့်ဝင်းကို ကြည့်ရှုရသော ဖိုမင် ဖြစ်သည်။

'ဒီလိုကွ၊ ဆောက်လုပ်ရေးအဖွဲ့ကို ငါ ပြောထားတယ်။ ငါ အလုပ်သမား တစ်ယောက် လိုချင်တယ်လို့၊ အဖိုးအခတော့ မပေးရဘူး၊ နေရာပေးရုံပဲလို့။ သူတို့ကလည်း အခ မပေးရရင် ပြီးတာပဲကွ။ ဒီတော့ ဟောဒီဝင်းထဲက ခြစည်းရိုးနားမှာ မင်း အလုပ်ရုံ ဆောက်ပေတော့'

မိုင်ကယ်သည် သူပြောသည့်နေရာမှာ ဖားဖို တည်ဆောက်ပြီး ဆောက်၊ ရှုး၊ တူ၊ တန်ဆာပလာများ ရှေးဦးစွာ လုပ်သည်။ ကျောက်တုံးလည်း ရပြီဖြစ်၍ အလုပ်စဖို့သာ လိုတော့သည်။ သို့သော် သူ့သခင် မဟာလော်ရင်ဇို၏ ကြီးကျယ်ခမ်းနားလှသော ဟာကျူလီပမာ ဆောင်ရွက်ခဲ့ပုံများကို မည်သို့မည်ပုံ သရုပ်ဖော်ရပါအံ့နည်း။

ခွန်အားကြီးမားလှသော ယောကျ်ားအာဇာနည်၏ ပုံပန်းကို ဘယ်မှာ ရှာရပါမည်နည်း။ တပ်စကင်နီ နယ်သားများမှာ ခပ်ညှက်ညှက် ပိန်သေးသေးတွေ များသည်။

မိုင်ကယ်သည် ဖလော်ရင့် မြို့တော်ကို လှည့်ပတ်ကာ ပန်းပဲသမားများ၊ ကျောက်ဖြတ်သမားများ၊ အထမ်းသမားများ၊ စည်ပိုင်းလုပ်သူများကို ကြည့်ရှုလေ့လာသည်။ ပုံဆွဲသည်။ ရွှံ့ဖြင့် ပုံအစမ်းလုပ်ကြည့်သည်။ သူ စိတ်မကျေနပ်ချေ။

"ဒီလိုသာ လုပ်နေရရင်တော့ အပေါ်ယံပုံသဏ္ဌာန်ကို ပန်းပုထုလို့ ရမှာပေါ့။ လူရဲ့ အတွင်းသား တည်ဆောက်ထားပုံကို မသိဘဲနဲ့ ငါ ဘာလုပ်တတ်မှာလဲ" ဟု မိုင်ကယ် တွေးမိသည်။

မိုင်ကယ်သည် သူ ဘာလုပ်ဖို့ လိုသည်ကို သိသည်။ ခန္ဓာဗေဒကို ခွဲစိတ်ကြည့်မှ လူ၏ ကိုယ်ခန္ဓာအတွင်းက ကြွက်သားတွေ၊ အကြော အရွတ်တွေ ဘယ်လို တည်ဆောက်ထားသည်ကို လေ့လာရမည်။ သို့ဖြစ်လျှင် လူကိုယ်ခန္ဓာကို ခွဲစိတ်ကြည့်နိုင်အောင် ဆေးသမားပညာ သင်ရဦးမည် ဆိုပါက နှစ်ပေါင်းများစွာ ကြာပေလိမ့်မည်။

သည်လိုမဟုတ်လျှင် ခွဲစရာ လူသေကောင်တွေ ဘယ်သွားရှာရပါမည်နည်း။ ဖလော်ရင့် မြို့တော်တွင် သေဆုံးကြသော လူသူများ ရှိကြပါ၏။ အလောင်းကို မသိမ်းမဆည်းနိုင် စွန့်ပစ်ခံရသူတွေ ရှိကြသည်။ သူတောင်းစား သူဆင်းရဲများ

မကျန်းမမာလျှင် ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၊ ကုသိုလ်ဖြစ်ဆေးရုံသို့ ပို့ကြသည်။ သူတို့ အလောင်းတွေကို မည်သူကမှ စောင့်ရှောက်ထားခြင်း မရှိချေ။

မိုင်ကယ် သတိရသည်။ ဖလော်ရင့်မြို့တော် ကုသိုလ်ဖြစ်ဆေးရုံ တည်ထားသည့် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို အုပ်ချုပ်သော ဖာသာနစ်ကိုလာမှာ သူတို့အရပ်သား ဖြစ်သည်။ ဖာသာနှင့် မိုင်ကယ် ခင်မင်သည်။ စာကြည့်ခန်းသော့ ပေးထားသဖြင့် စာအုပ်များကို မိုင်ကယ် ဝင်ရောက် လေ့လာခွင့်ရခဲ့သည်။

ဖာသာ နစ်ကိုလာကို မိုင်ကယ်ပြောလျှင် ရမှုရလေမလား။ ဘယ်သူမှ မလိုချင်၍ စွန့်ပစ်သည့် လူသေများကို သူ့ဆီက တောင်းယူလျှင် ရလေမည်လား။ သို့သော် ဤကိစ္စမှာ မလွယ်လှချေ။ အထက်လူကြီး အာဏာပိုင်များ သိသွားလျှင် ဖာသာကို ပကာသနိယကံ ပြုကြလိမ့်မည်။ သို့သော် ဖာသာသည် သူမှန်သည် ထင်သည့် အမှုပြုရာတွင် အကြောက်အရွံ့ လုံးဝ မရှိသူ ဖြစ်သည်။

မိုင်ကယ်သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်း ဆေးရုံးဝင်း တစ်ဝင်းလုံးကို မယောင်မလည် လှည့်ကြည့်သည်။ လူသေများကို နောက်တစ်နေ့ မမြှုပ်နှံမီ ညသိပ်ထားသည့် အခန်းနေရာကို သွားသည့်လမ်းအပေါက် အဝင်အထွက်များကို မှတ်သားသည်။

ထိုနောက် မိုင်ကယ်သည် ဖာသာ နစ်ကိုလာထံ သွားသည်။ ဖာသာသည် အသက် ၅၀ ခန့်ရှိ၍ ဆံပင်ဖြူများ ကျိုးကျဲပေါက်နေသော်လည်း ငယ်စဉ်က အားကစား လေ့ကျင့်ခဲ့သဖြင့် ကိုယ်ခန္ဓာ တောင့်တင်း သန်စွမ်းသည်။ မျက်မှန်အထူကြီး နောက်ကွယ်က မျက်လုံးများသည် ပြာလဲ့လဲ့အရောင် ထွက်နေသည်။ သူသည် မိုင်ကယ်ကို အားပါးတရ နှုတ်ဆက် ကြိုဆိုသည်။

မိုင်ကယ်သည် သူ့အကြံအစည်ကို စ၍ ပြောတော့သည်။ ဖာသာသည် စကားဆုံးအောင်ပင် နားမထောင်ဘဲ ဖြတ်ပြောလိုက်သည်။

'ဟော့ တော်တန်တိတ်၊ ဒီစကား ဒီနေရာမှာပဲ မီးခိုးလို ပျောက်ပေစေ'

မိုင်ကယ်မှာ ပစ်ပစ်ခါခါ အပယ်ခံရသဖြင့် စိတ်ပျက်လက်ပျက်နှင့် သွားတော့မည့်ဟန် ပြင်လိုက်သည်။ ဖာသာက 'နေဦး၊ ဟောဒီမှာ ဟိုးရှေး လေးရာစု သက္ကရာဇ်က ရေးဆွဲတဲ့ လူရုပ်စုံ စာအုပ်တစ်အုပ်ရလို့ မင်းကို သတိရနေတာ၊ ကြည့်မလား'

မိုင်ကယ်သည် ဖာသာနောက်က လိုက်သွားသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်း စာကြည့်ခန်းတွင်းသို့ ရောက်လာခဲ့သည်။ ဖာသာသည် သူ့စားပွဲ အံတွင်းက ကြေးဝါသော့ကြီးတစ်ချောင်း ထုတ်ယူ၍ စာအုပ်ပေါ် ဖိထားသည်။ 'ကဲ ငါ အလုပ်ရှိသေးတယ်၊ မင်း နောက်မကြာခင် ပြန်လာခဲ့ဦး' ဟု ပြောသည်။

မိုင်ကယ် ဝမ်းသာသွားသည်။ လူသေကိစ္စကို ပြောမိသည့်အတွက် ဖာသာ သူ့ကို စိတ်မဆိုးတော့ဘဲ မေ့မေ့ပျောက်ပျောက် ထားလိုက်ပြီဟု သူ နားလည် လိုက်သည်။။

မိုင်ကယ်သည် ဖာသာ၏ စာကြည့်ခန်းသို့ မကြာမကြာ သွားသည်။ ဖာသာသည် ကြေးဝါသော့ကြီးကို စာအုပ်ပေါ်မှာ ချထားသည်။ အခြားသူတွေ ရှိနေသည့် အခါများတွင် ထိုသော့ကြီးကို မထုတ်ချေ။ ဘာကြောင့်ပါလိမ့်၊ အဓိပ္ပာယ် ရှိမည်ဟု မိုင်ကယ် တွေးမိသည်။ အတော်ကြာမှ သဘောပေါက်သည်။ "ငါ အဝင် ခွင့်ဆုံး ဖြစ်တဲ့ အခန်းတစ်ခန်းပဲ ရှိတယ်၊ လူသေတွေထားတဲ့ အခန်းပဲ။ အဲဒီအခန်း ဖွင့်တဲ့ သော့များ ဖြစ်နေလေမလား"

*

မိုင်ကယ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ရောက်သောအခါ သန်းခေါင်အချိန် ရှိနေပေပြီ။ အိမ်က ထွက်လာပြီး လမ်းစောင့် စစ်သားများနှင့် မတွေ့အောင် ကွေ့ ရှောင်လာခဲ့ရသည်။

လူဝင်ပေါက် တံခါးငယ်လေးမှနေ၍ ဝင်လာခဲ့ရာ မီးဖိုဆောင်နံရံနားတွင် မှောင်ရိပ်ခို၍ စင်္ကြံဆီသို့ လျှောက်လာခဲ့သည်။

လူသေများထားသည့် အခန်းနား နီးကပ်လာလေလေ မိုင်ကယ် ရင်ခုန် လေ ဖြစ်သည်။ နံရံကပ် စင်လေးပေါ်တွင် ဆီမီးတိုင်တစ်တိုင် ထွန်းထားသည်။ မိုင်ကယ်သည် သူ့လက်စွဲ ရွက်ဖျင်အိတ်အစိမ်းထဲက ဖယောင်းတိုင်ကို ထုတ် ထွန်းညှိလိုက်သည်။ မီးတောက်ကို သူ့ဝတ်ရုံအောက်မှာ ကာ၍ လာခဲ့သည်။ တံခါးပေါက်ကြီးနား ရောက်လျှင် သော့ဖွင့်ပြီး တံခါးကို ပြန်ပိတ်ခဲ့၍ လူသေ ခန်းတွင်းသို့ ဝင်လာခဲ့သည်။

"လုပ်ရမည့်ကိစ္စ လုပ်မှ လုပ်ရဲပါ့မလား" ဟု သူ တွေးမိသည်။ အခန်းမှာ ကျဉ်း၍ ပြတင်းပေါက် မရှိ။ နံရံများ ဆေးဖြူသုတ်ထားသည့် သစ်သား ခုံတန်း ပေါ်တွင် ဦးခေါင်းမှ ခြေဖျားအထိ အဝတ်နှင့် ထုပ်ထားသော လူသေ အလောင်း တစ်လောင်း တွေ့ရသည်။

မိုင်ကယ်သည် လူသေနှင့် သူ တစ်ယောက်ချင်း တွေ့ဖူးသည်မှာ ပထမ အကြိမ် ဖြစ်သည်။ သော့ခတ်ထားသည့် အခန်းတွင်းမှာ လူသေနှင့် သူတစ်ယောက် သာ ရှိသည်။ ထို့မျှမကသေး၊ မလုပ်စကောင်း လုပ်စကောင်း လူသေကြီး ခွဲစိတ် ကြည့်ရဦးမည်။

"ဤအဝတ်ကြီးပတ်လျက် လဲလျောင်းနေသူကား မည်သူနည်း။ သူ့မှာ ဘယ်ဝင့်ပါလို့ သေတာတောင် အေးအေးမသေရဘဲ အခွဲစိတ် ခံရဦးမည်တဲ့"

မိုင်ကယ်သည် သူ့ကိုယ်သူ အားတင်းလိုက်သည်။ "အလကား မဆိုင်တာတွေ တွေးမနေနဲ့၊ သေပြီးပြီဟာ ဘာကိစ္စရှိဦးမှာလဲ၊ သေတော့ သည်ကိုယ်ကြီးကို ထားခဲ့ရတာပဲ။ ဝိညာဉ်သာ ဘုရားသခင်ဆီကို ရောက်တာပါ"

မိုင်ကယ်သည် လက်ဆွဲအိတ်ကိုချပြီး ဖယောင်းတိုင်ကို စိုက်လိုက်သည်။ ဖယောင်းတိုင်ကို အချိန်ကိုက်ထားသည် ဖြစ်ရာ သုံးနာရီကြာ ခံမည်။ ဖယောင်းတိုင် မီးလေး မှိတ်တုတ်ဖြစ်၍ ကုန်ခါနီးလျှင် သူ့အချိန်စေ့ပြီဟု နားလည်ရမည်။ သို့မှသာ ခင်ကြီးတွေ နံနက်စောစော မထကြမီ သူ လွတ်လွတ်ကျွတ်ကျွတ် ထွက်လာနိုင်မည်။

မိုင်ကယ် အိတ်တွင်းက ကတ်ကြေး၊ ဓားများကို ထုတ်လိုက်သည်။ အလွန်ချမ်းနေသည့်အထဲမှာ သူ ချွေးဒီးဒီးကျနေသဖြင့် အပေါ်ဝတ်ရုံကို ချွတ်လိုက်သည်။ ဘုရားသခင် တ သ ပြီး လူသေအနားသို့ ကပ်လိုက်သည်။

လူသေ တင်ထားသည့်ခုံမှာ အလွန်ကျဉ်းသည်။ အေးစက်တောင့်တင်းနေသော လူသေကောင်မှာ အဝတ်နှင့် ရစ်ပတ်ထားသဖြင့် မိုင်ကယ်သည် ထိုအဝတ်ကို ဖြေဖို့ လူသေနှင့် နပန်းလုံးရပြန်သည်။ ရှေးဦးစွာ ခြေထောက်များကို မ ၍ အောက်ကအဝတ်ကို ဆွဲထုတ်သည်။ ပြီးလျှင် ခါးကနေ၍ထူကာ လူသေကို သူ့ရင်ဘတ်နှင့် မှီထားပြီး အပေါ်ပိုင်းမှ အဝတ်ကို ခွာရသည်။ အဝတ်စကြီးမှာ အရှည်ကြီးဖြစ်၍ ခြေရင်းဘက်သွား ခြေထောက်တွေ မ လိုက်၊ ခေါင်းရင်းလာပြီး မ ထူ၊ ကိုယ့်ရင်ဘတ်နှင့် လူသေကြီးမှီထား၊ အဝတ်တွေ ဆက်ဖြေလိုက်၊ ငါးခေါက်ရောက်တော့မှ လူသေကောင် ပေါ်လာလေသည်။

မိုင်ကယ်သည် ဖယောင်းတိုင်ကို ကောက်ယူပြီး လူသေကို စေ့စေ့စပ်စပ် ကြည့်သည်။ ရှေးဦးစွာ သူ့စိတ်ထဲတွင် သေသူကို ကရုဏာ ဖြစ်မိသည်။ နောက်က ထက်ကြပ်လိုက်လာသော စိတ်မှာ ကြောက်စိတ် ဖြစ်သည်။

"အင်း ငါလည်း တစ်နေ့ ဒီလိုပဲ သေရမှာပါလား"

လူသေ၏မျက်နှာမှာ ဘာအမူအရာမှ မရှိ၊ မျက်နှာသေကြီးပင် ဖြစ်သည်။ ပါးစပ်က အနည်းငယ် ဟ နေသည်။ သေသူသည် အရွယ်ကောင်း၍ ကြံ့ခိုင်သော ကိုယ် ရှိသည်။ ရင်ဘတ် ဓားထိုးခံရ၍ သေဆုံးခဲ့သည်။ သူ့တစ်ကိုယ်လုံး ရေခဲတုံးလို အေးစက်နေသည်။ ပန်းဟောင်းတွေ ရေစိမ်၍ နွမ်းရိနေသည့် အနံ့မျိုး ရသည်။ ထိုအနံ့မှာ မပြင်းလှသော်လည်း မိုင်ကယ်၏ နှာခေါင်းမှာ ထိုအနံ့ စွဲနေသည်။

မိုင်ကယ်သည် ဖယောင်းတိုင်ကို ပြန်စိုက်ထားလိုက်သည်။ ဓားကို ကောက်မကိုင်မီ လူ၏ခန္ဓာကိုယ်အကြောင်း ဖတ်ဖူးသမျှနှင့် မြင်ဖူးသည့် ရုပ်ပုံများကို ပြန်၍ဆင်ခြင်သည်။ လည်ချောင်းတွင် နင်နေသော တံတွေးကို အားယူ၍ မျိုချလိုက်ပြီး ဓားကိုယူကာ ကောက်ခွဲလိုက်သည်။

အပေါ်ယံ အဆီပြားကို လှေလာ၍ အတွင်းထဲ ထိုးခွဲကြည့်ရာ ကြွက်သား အစိုင်အခဲတွင်းရှိ နီရဲသော အကြောမျှင်များကို မြင်တွေ့ရသည်။ အနံ့က ပိုပြင်း လာသည်။ မိုင်ကယ် ပျို့လာသည်။ သို့သော် ဆက်ကာ ဆက်ကာ တွေ့မြင်ရသော ရှုခင်းများက သူ့စိတ်ကို ယူကျုံးဆွဲဆောင်သွားသည်။ ရွံရှာဖို့ကို မေ့သွားသည်။ ဆက်ခွဲလိုက်ရာ ဝမ်းဗိုက်အတွင်းကို မြင်ရသည်။

အူအခွေကြီး ကိုင်ကြည့်လိုက်သောအခါ အေးစက်ချွဲကျိ၍ လှုပ်ရှား နေသည်။ မိုင်ကယ်သည် ဝမ်းဗိုက်ထဲက လှိုက်တက်နာလာသည်။ မိုင်ကယ်သည် အူအခွေကို လက်နှစ်ဖက်နှင့် မ ယူပြီး သေသေချာချာ ကြည့်သည်။ မီးခိုးရောင် မြူညစ်ညစ်ဖြစ်၍ အသားအရေကြည်ဖြစ်သည့် အတွင်းကို ထိုးဖောက် မြင်ရသည်။ မြွေကြီးကဲ့သို့ အရစ်အရစ် ခွေလျက်သားနေသည်။

မိုင်ကယ်သည် အထက်ဘက်သို့ ဆက်ခွဲသည်။ နံရိုး အောက်နားကို ခွဲရ သည်မှာ ကြေးနန်းကြိုး ဖြတ်ရသည်နှင့် တူသည်။ ဓားနှင့် မရတော့သဖြင့် ကတ် ကြေးနှင့် နံရိုးအကြားကို တစ်ကြောင်းစီ ဖြတ်ရသည်။

ဖယောင်းတိုင် ကုန်ခါနီး၍ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာသည်။ "ဟင် သုံးနာရီတောင် ကြာသွားပါပြီကော" မိုင်ကယ်သည် လူသေကို သူ့ အဝတ်နှင့်သူ ပြန်ပတ်ရသည်။ ပြန်ပတ်ရသည်မှာ ဖြတ်ရသည်ထက် ခက်သည်။ လူသေကို ဆင်သလို ထူလိုက် စောင်းလိုက် လုပ်၍ မဖြစ်တော့ချေ။ ခွဲထားသည့် ဗိုက်ထဲက အူတွေ ကျကုန်ပေလိမ့်မည်။

မိုင်ကယ်မှာ ချွေးဒီးဒီးကျ၍ ရင်တဒိန်းဒိန်း ခုန်လိုက်သည်မှာလည်း ခရစ် ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်းလုံး ကြားမည် ထင်သည်။ လူသေကို မူလ အတိုင်း ကျကျနန သူ့အဝတ်နှင့်သူ ထုပ်ပတ်ထားပြီးသည်နှင့် ဖယောင်းတိုင် ငြိမ်းသွားတော့သည်။

မိုင်ကယ် အိမ်အပြန်လမ်းတွင် တဝေါ့ဝေါ့နှင့် ဘာမှ အရည်အဖတ် မပါဘဲ ဆလတွေချည်း အန်သည်။ အိမ်ရောက်လျှင် လက်ကို ဆပ်ပြာနှင့် ဆေး၍ အိပ်ရာ ဝင်သည်။ သူ့တစ်ကိုယ်လုံး အေးစက်၍ သူ့အစ်ကိုအနား ကပ်၍ ကွေးအိပ်သည်။ သူ့အစ်ကို၏ ကိုယ်ငွေ့ပင် သူ့ကို နွေးအောင် မလုပ်နိုင်ချေ။ နောက်တစ်နေ့ အအေးမိ၍ ဖျားတော့သည်။ သူ့မိထွေး လူကရီဇီယာက ကြက်သားပြုတ်ရည်ပူပူ တိုက်သည်။ သို့သော် သူ့နှာခေါင်းထဲ၌ လူသေနံ့ကြီးသာ စွဲနေ၍ လက်မခံဘဲ အန်ပစ်သည်။

ည ဆယ့်တစ်နာရီခန့်တွင် အိပ်ရာမှထပြီး ခရစ်ယာန် ဘုရားရှိခိုးကျောင်း

သို့ သွားသည်။ ထိုညတွင် အခန်းထဲ၌ လူသေ မရှိချေ။ နောက် တစ်ညလည်း ထို့အတူ ဖြစ်သည်။

တတိယညကျမှ ခုံပေါ်တွင် အလောင်းတစ်လောင်း တွေ့ရသည်။ လူမှာ အသက်ကြီးပြီဖြစ်၍ မုတ်ဆိတ်မွေးဖြူကြီးနှင့် ဖြစ်သည်။ မိုင်ကယ်မှာ ဓားအကိုင် ကျင်လည်နေပြီဖြစ်၍ လွယ်လွယ်နှင့်ပင် ခွဲနိုင်သည်။ အဆုတ်ကြီးကိုတွေ့၍ လက်နှင့် ဖိကြည့်လိုက်ရာ လူသေပါးစပ်မှ စီခနဲ အသံထွက်သွားသဖြင့် မိုင်ကယ် လန့်သွားသည်။ လက်ထဲက ဖယောင်းတိုင် လွတ်ကျသွားသည်။

ဘာကြောက်စရာ ရှိသလဲ။ အဆုတ်ထဲမှာ လေကျန်နေသေးသဖြင့် ဖိလိုက်သည့်အခါ ပါးစပ်က ထွက်သွားခြင်း ဖြစ်သည်။ မိုင်ကယ်သည် အဆုတ်နှင့် ပါးစပ်ပေါက် ဆက်စပ်နေပုံကို ယခုမှ နားလည်သည်။

အဆုတ်ကို ဖယ်ပစ်လိုက်သောအခါ နီညိုညို အသားတစ်ကြီးလို အခဲကြီးကို တွေ့ရသည်။ အသည်း ဖြစ်ပေလိမ့်မည်။ သစ်တော်သီး ပုံသဏ္ဍာန်ဖြစ်၍ ရင်ဘတ်ထဲတွင် သူ့ဘာသာ ဘာနှင့်မှ မဆက်စပ်သကဲ့သို့ ဖြစ်နေသည်။ မိုင်ကယ်သည် အသည်းကို လက်နှင့် မ ကိုင်ကြည့်သည်။ သူ့စိတ်ထဲ ခံစားလိုက်ရသည့် စိတ်ဝေဒနာမှာ တင်းပုတ်ကြီးနှင့်ချသည့် အရှိန်အင်အားကဲ့သို့ ကြီးမားလှသည်။ လူတစ်ကိုယ်လုံး လှုပ်ရှားပေးနေသည့် ကိုယ်အင်္ဂါကြီး တစ်ခုပါကလား။

ဖယောင်းတိုင်မီး ကုန်ခါနီးသဖြင့် မိုင်ကယ်သည် အသည်းကို သူ့နေရာသူ ပြန်သွင်းထားလိုက်သည်။ အလောင်းကို ခဲခဲယဉ်းယဉ်း အဝတ်နှင့် ပြန်ရစ်ပတ် ထုပ်ပိုးပြီး အိမ်သို့ ပြန်ပြေးလာခဲ့သည်။ စိတ်ရောကိုယ်ပါ ဟိုက်ကျနေသည်။

မိုင်ကယ်သည် အိမ်ပေါ်သို့ အသာဖြည်းဖြည်း ပြန်တက်လာခဲ့သည်။ သူ့အဖေ စောင့်နေသည်နှင့် သွားတိုးသည်။

'မင်း ဘယ်သွားနေတာလဲ၊ နံစော်လိုက်တာ၊ ဘာအနံ့ကြီးလဲ မသိဘူး၊ လူသေနံ့ကြီး ကျနေတာပဲ'

မိုင်ကယ်သည် မကြားတကြား စကား တစ်လုံးတလေ ဝတ်ကျေဝတ်ကုန် ပြောပြီး အိပ်ရာထဲ ဝင်တော့သည်။ သူ အိပ်လို့ မပျော်ပါချေ။

*

မိုင်ကယ်မှာ သူ့အဖေက လူသေနံ့ရသည် ဆိုသဖြင့် အဖြေမှန်ကို ရိပ်မိမှာ စိုးရိမ်သည်။ နောက်တစ်ကြိမ် သည်အနံ့ကြီးနှင့် အိမ်သို့ မပြန်ရဲတော့သဖြင့် အကြံထုတ်ရသည်။ အလုပ်သမားများ ရပ်ကွက်တွင် ဖွင့်ထားသည့် အရက်ဆိုင် ဝင်သည်။ အရက်တစ်ခွက်မှာပြီး ဆိုင်ရှင် တစ်ဖက်လှည့်နေစဉ် သူ့ကိုယ်ပေါ်က အဝတ်တွေ စွဲအောင် ဖျန်းလိုက်သည်။

မိုင်ကယ်၏အဖေ လိုဒိုဗီကိုသည် အရက်နံ့ရသည်နှင့် ဒေါပွလေတော့သည်။

'ညလည်း အချိန်ကုန်အောင် လမ်းတကာလျှောက်၊ ပြည့်တန်ဆာတွေနဲ့ ပျော်ပါး၊ ပြီးတော့ အိမ်ပြန်လာတော့လည်း အရက်နံ့ တထောင်းထောင်းနဲ့။ မင်း ဘယ့်နှယ်ကြောင့်များ ဒီလို ပျက်စီးနေရတာလဲ'

မိုင်ကယ်အဖို့မှာ သူ့အဖေက သူ့ကို အပျော်ကြူးနေသည့်ဟု ထင်နေသည်က သက်သာသေးသည်။ ဤသို့ နေ့စဉ်ရက်ဆက် အိမ်ကို မိုးလင်းမှချည်း ပြန်ရောက်နေသည်။ တစ်နေ့သော် တစ်အိမ်လုံး ဆူပွက်ကြတော့သည်။ လူတိုင်း လူတိုင်း သူ့အပေါ်မှာ ပြောစရာတစ်မျိုးစီ ရှိကြသည်။ သူ့မိထွေး လူကရီဇီယာကတော့ အစားအသောက် ကောင်းကောင်း မစားလို့တဲ့၊ သူ့ဦးလေး ဖရန်ဆက်ကိုကမူ မိုင်ကယ် ကြွေးတင်မှာ စိုးသည်၊ သူ့အဒေါ်ကမူ အကျင့်စာရိတ္တ ပျက်သည်ကို မကြိုက်ဟု ဆိုသည်။

မိုင်ကယ်သည် ထိုသို့ ဆူပူနေကြသည့် အထဲကပင် သူ့အလုပ်ကို ညစဉ်သွားလုပ်နေသည်။ သူ လေ့လာရသည်မှာ အချိန်နှေးကွေးရုံမက စိတ်ရောလူပါ ပန်းလှသည်။ တစ်စတစ်စနှင့်ပင် မိုင်ကယ်သည် လူ၏ မျက်နှာထား ပြုံးလာသည့်အခါ၊ မဲ့သည့်အခါ စသဖြင့် မျက်နှာရိပ် မျက်နှာကဲများ ပြောင်းလဲသွားအောင် အတွင်းသားများ၊ အကြောများက မည်သို့ လှုပ်ရှားပေးပုံကို နားလည်လာသည်။

ထို့နောက် မိုင်ကယ်သည် ဦးနှောက်ကို လေ့လာသည်။ (နှစ်ပေါင်) အချိန် ငါးဆယ်သားမျှ မရှိသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းကလေး တစ်ခုတည်းမှ လူသားတို့၏ ကြီးကျယ်ခမ်းနားလှသော အတွေးအခေါ်၊ အနုပညာ၊ သိပ္ပံပညာတွေ ထွက်လာတာပါကလားဟု အံ့သြမိသည်။ ဤနေရာမှနေ၍ တိုင်းပြည်ကို အုပ်စိုးသည်။ ဤနေရာမှနေ၍ လူဆိုး လူကောင်း ဖြစ်ဖို့ကို ဖန်တီးသည်။ အံ့သြဖွယ်ကောင်းလေစွ။

ဤသို့နှင့် နွေရာသီသို့ ရောက်လာခဲ့သည်။ မိုင်ကယ်သည် ဖာသာ နစ်ကို လာထံ သွား၍ သူဖတ်နေသော စာအုပ်ပေါ်သို့ ကြေးဝါသော့ကြီးကို အသာ တင် လိုက်သည်။ ပြီးလျှင်–

'ဖာသာခင်ဗျား၊ ဒီ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွက် တစ်ခုခု ပန်းပု ထုပြီး လှူချင်ပါတယ်' ဟု လျှောက်ထားလိုက်သည်။

ဖာသာသည် မိုင်ကယ် လုပ်ပုံပြောပုံတွေကို နည်းနည်းမှ မအံ့သြသော မျက်နှာနှင့် ကြည့်နေသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွက် လှူမည်ဆို၍ သဘောကျသွားပုံ ရသည်။

'အေးကွယ်၊ ဒီလိုဆိုရင် ဗဟိုအလယ်ကောင်က ကျမ်းစာဝတ်ပြုစင်အတွက် သစ်သား လက်ဝါးကပ်တိုင်တစ်ခု လိုနေတာနဲ့ အတော်ပဲ'

မိုင်ကယ်သည် သစ်သားကို မကိုင်ဖူးချေ။ သို့သော် ဖာသာက သစ်သားမှ လိုချင်သည်ဟု ဆိုသဖြင့် သစ်သားနှင့်ပင် လုပ်ပေးရမည်။ မိုင်ကယ်သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းဝင်းရှိ လက်သမား အလုပ်ရုံတွင် ဝင်အလုပ်လုပ်တော့သည်။ အလုပ်ရုံတွင် လုပ်နေကြသော လူဝတ်ကြောင်၊ ခင်ကြီး၊ ကျောင်းသားများသည် မိုင်ကယ်ကို လက်သမား တစ်ယောက်ကဲ့သို့ပင် ဆက်ဆံကြသည်။ မိုင်ကယ် သဘောကျသည်။ ထိုနေရာ ဌာနသည် စိတ်ချမ်းမြေ့ဖွယ်ရာ ငြိမ်သက်တိတ်ဆိတ်နေသည်။ လွတိုက်သံ၊ ရွှေပေါ်ထိုးသံ၊ တူထုသံများဖြင့် ထိုငြိမ်သက်ခြင်းကို ရစ်ပတ်လွှမ်းခြုံ ထားသည်။

မိုင်ကယ်သည် "ယေရှုကို လက်ဝါးကပ်တိုင် တင်၍ အသတ်ခံရပုံ"ကို ဖော်ပြသည့် အခန်းများကို သမ္မာကျမ်းစာတွင် ထပ်ကာထပ်ကာ ပြန်ဖတ်သည်။ ဤသို့ ဖတ်သောအခါ ဖလော်ရင့်မြို့တော် ခရစ်ယာန် ဘုရားရှိခိုးကျောင်းများတွင် တွေ့မြင်ရသည့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အဖြစ်ကို သရုပ်ဖော်သော လက်ဝါးကပ်တိုင် တင်ခန်းများသည် မိုင်ကယ်၏ စိတ်အာရုံထဲက ခွာထွက်ကုန်လေတော့သည်။ သူ့မျက်စိထဲတွင် ပျော့ပျော့ပါးပါးနှင့် အားပါးတရ ရှိလှသော ဖာသာနစ်ကိုလာ၏ ရုပ်ပုံကိုသာ ပေါ်မြင် မိနေသည်။ ဖာသာသည် ဘုရားသခင် အလိုတော် အတိုင်း လူသားအားလုံး၏ အကျိုးကိုဆောင်သော ပုံပန်းအသွင် ရှိသည်။ မြင့်မြတ်ကြီးကျယ်သော စိတ်စွမ်းအားနှင့် ဖြူစင်ဖြောင့်စင်းသော ဓာတ်ခံတို့နှင့် ပြည့်စုံသည်။ မသေဘဲ အသက်ရှင်နေရသရွေ့ အချိန်ကို အထွတ်အမြတ် ထားသည်။

မိုင်ကယ်သည် ယခင်ခေတ်က ထုလုပ်ထားခဲ့ကြသော "လက်ဝါးကပ်တိုင် တင်ခန်း ပန်းပုများ" ၏ ပုံကို အကြမ်း ရေးဆွဲကြည့်သည်။ ယေရှု၏ ဦးခေါင်းနှင့် ဒူးတို့သည် တစ်ဖက်တည်း စောင်းငဲ့နေသည်။ သူ့အဖြစ်ကြမ္မာကို မမိုတ်မသုန် ခံယူပုံကို သရုပ်ဖော်သည်။ မိုင်ကယ် တွေးမိသည်။ ရောမ စစ်သား လက်မရွံ့က ယေရှု၏ အသားစိုင်တွင်းသို့ သံချောင်းရိုက်သွင်းလိုက်သည့် အချိန်တွင် ယေရှုသည် ဖြစ်သမျှ ခံယူမည်ဟူသော စိတ်ချည်းသက်သက်သာ ရှိနိုင်ပါမည်လော။ ယေရှု သေဆုံးသည့်အချိန်တွင် သူ့စိတ်တွင်း မည်သို့ရှိမည်နည်း။

မိုင်ကယ်သည် ပုံကြမ်းများ ရေးဆွဲရင်း သူ ထုလုပ်မည့် ယေရှု၏ ပုံမှာ အတွင်းစိတ် သဏ္ဍာန်ထဲ၌ သို့လော သို့လော မေးမြန်းချင်သည့်စိတ် ပြင်းပြရမည်။ ထို့ကြောင့် ကိုယ်ခန္ဓာ တွန့်လိမ်နေရမည်။ သို့သော် ဘုရားပေးသည့် စိတ်ဓာတ်

အင်အားကလည်း ရင့်သန်သဖြင့် ထို သို့လော သို့လော စိတ်ကို ကြံကြံခံ တွန်းလှန်နိုင်ခဲ့သည်။ သို့ဖြစ်၍ မိုင်ကယ်၏ ယေရှုရုပ်တုသည် လက်ဝါးကပ်တိုင်ထက်တွင် ခေါင်းက တစ်ဖက်လှည့်၍ ဒူးက အခြား တစ်ဖက်သို့ ယိုင်နေသည်။ ကိုယ်ခန္ဓာနှင့် အတွင်းစိတ်သဏ္ဍာန် နှစ်ခုစလုံးထဲဝယ် သို့လော သို့လော စိတ်နှင့် သဒ္ဓါစိတ် အင်အားသို့ စစ်ခင်းနေပုံကို သရုပ်ဖော်သည်။

မိုင်ကယ်သည် ရုပ်တုကို ဝေါလ်နက် သစ်သားနှင့် ထုသည်။ ကော်ဖတ်ဘားပြီး ဆီနှင့် ဖယောင်းနှင့် အရောင်တင်သည်။ သူ့အဖော် လက်သမားများက မည်သို့မျှ မဝေဖန်၊ မပြောကြချေ။ သူ့အနားလာ၍ ကြည့်ရုံသာ ကြည့်သည်။ အရုပ်ကို ဖာသာထံ ယူလာသောအခါက ဖာသာက ကြည့်ပြီး–

'အေး ကောင်းတယ်၊ ငါ့စိတ်ကူးထဲမှာရှိတဲ့ ပုံစံအတိုင်းပဲ' ဟူ၍သာ ပြောသည်။

*

ဆောင်းရာသီ နှင်းခဲမုန်တိုင်းကျသဖြင့် ဖလော်ရင့်မြို့တော်ကြီး တစ်ခုလုံး နှင်းခဲတွေ ဖွေးဖွေး ဖုံးအုပ်နေသည်။ မိုင်ကယ်သည် အလုပ်ရုံထဲ မီးဖိုနားမှာ ပုံကွေးနေသည်။ ထိုအခိုက် ပိုင်ရိုမီဒီချီထံမှ အဆောင်ကိုင်တစ်ဦး လာ၍ အိမ်တော်သို့ လိုက်ခဲ့ရမည်ဟု ခေါ်သည်။

မိုင်ကယ်သည် ကွယ်လွန်သူ လော်ရင်ဇိုမီဒီချီ၏ စာကြည့်ခန်းတွင်းသို့ ဝင်လာခဲ့သည်။ သူ့သား မြေးတွေ စုဝေးနေကြသည်။ ထိုနေ့မှာ ဃိုင်အူလီယို၏ မွေးနေ့ ဖြစ်သည်။ ကာဒီနယ် ဃိုင်အိုဗန်နီမှာလည်း ရောမမြို့မှ ပြန်ရောက်နေသည်။ သူတို့နှင့် ဖက်ပြိုင်ရန်သူဖြစ်သော ဗောဂျီးယား အမျိုးထဲက ပုပ်ရဟန်းမင်း အရွေးခံရသဖြင့် ရောမတွင် မနေဘဲ ပြန်လာခဲ့ရခြင်း ဖြစ်သည်။ သူသည် ခါတိုင်း ထက်ပင် ဝ နေသေးသည်။ သူသည် လော်ရင်ဇို ထိုင်နေကျ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။

ကွန်တက်စီနာလည်း သူတို့ လူစုထဲမှာ ပါရှိသည်။ အရပ် ပိုထွက်လာပြီး ချောမောင်း၊ ပခုံးတွေ ပြည့်ဖြိုးလာသည်ကို တွေ့ရသည်။ ငွေချည် ထိုးထားသော ပြာရောင် အဝတ်အစား ဝတ်ဆင်ထားသည်။ မိုင်ကယ်နှင့် မျက်လုံးချင်းဆိုင်မိသောအခါ သူ့မျက်လုံးများသည် ငွေချည်မျှင်များပမာ တောက်ပနေသည်။

ပိုင်ရိုက ပြုံးလျက် နှုတ်ဆက်သည်။

'မိုင်ကယ်၊ မင်း အိမ်တော်ကို ပြန်လာတာ တို့အားလုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ဒီနေ့ ဃိုင်အူလီယိုကို အလိုလိုက်၊ သူ့သဘောအတိုင်း လုပ်ကြရမယ်။ ဒီနေ့မနက်ပဲ သူက ပြောတယ်။ "နှင်းခဲရုပ်" အကြီးဆုံး တစ်ရုပ်

ရချင်တယ်တဲ့။ ဒီတော့ မင်းကလည်း တို့ခမည်းတော်ရဲ့ လက်စွဲ၊ သဘောအကျဆုံး ပန်းပုဆရာ ဆိုတော့'

မိုင်ကယ်၏ စိတ်နှလုံးမှာ ပုံကျသွားသည်။ သူ မျှော်လင့်ထားခဲ့သမျှတွေ ကြေမွကုန်သည်။ ဃိုင်အူလီယိုက 'မိုင်ကယ်၊ ငါ့အတွက် လုပ်ပေးပါနော်ကွာ၊ ဟုတ်လား၊ လုပ်ပေးနော်' ဟု ပြောလိုက်သောအခါ အနာအကျင် သက်သာသွားသည်။ ကွန်တက်စီနာ ကလည်း ထပ်ပြောသေးသည်။

'ငါတို့ကို ကူညီပါ မိုင်ကယ်။ တို့တစ်တွေအားလုံး မင်းရဲ့ လက်ထောက် အကူအလုပ်သမားတွေပေါ့၊ ဝိုင်းလုပ်ကြတာပေါ့'

ထိုညနေစောင်းလျှင် ဉယျာဉ်တော်ထဲတွင် နှင်းခဲရုပ်ကြီးကို လူတွေ ကြိတ်ကြိတ်တိုး ဝိုင်းကြည့်နေကြသည်။ ပိုင်ရိုသည် သူ့ခမည်းတော် လော်ရင်ဇို ထိုင်နေကျ စားပွဲမှာ ထိုင်နေသည်။ မိုင်ကယ်ကို ပြောသည်။ 'အိမ်တော်မှာ ပြန်လာနေပါလား မိုင်ကယ်၊ ငါ့ခမည်းတော် ရှိစဉ်ကအတိုင်း မင်းကို ထားပါ့မယ်'

မိုင်ကယ် တံတွေးနင်သွားသည်။

သူ့အသက် ၁၈ နှစ် ရှိတော့မည်။ အိမ်တော်က ထောက်ပံ့ကြေးနှင့် နေရမည့်အရွယ် မဟုတ်တော့ချေ။ သို့သော် သူ့အဖေအိမ်မှာလည်း မပျော်သဖြင့် ထွက်ချင်လှသည်။

မိုင်ကယ်သည် အိမ်တော်သို့ ပြန်ရောက်လာခဲ့သည်။ သို့သော် အစစ ရှေးကနှင့်မတူ ပြောင်းလဲနေသည်။ ပလေတို အကယ်ဒမီအဖွဲ့လည်း မရှိတော့ချေ။ ပညာရှင်များ အခြားနေရာမှာ သွား၍ စုဝေးကြသည်။ ညစာ စားပွဲမှာလည်း ရှေးကကဲ့သို့ ပညာရှင်၊ သူဌေး သူကြွယ်၊ မင်းစိုး လူကြီးများကို မတွေ့ရတော့ချေ။ ပိုင်ရို၏ လူငယ်မိတ်ဆွေ သောက်စား ကစား လူမင်းသားများနှင့် သဘင်သည်များ သာ တွေ့ရသည်။

မိုင်ကယ်သည် သူ အလုပ်လုပ်ဖို့ နေရာတော့ ရသည်။ သူ့ကျောက်တုံး နှင့် သူ အလုပ်ဖြစ်နေသည်။ သူရဲကောင်း ဟာကြူလီ၏ပုံကို ကာယ ဉာဏ ခွန်အား ပြည့်ဝသော ရုပ်ကို ဖော်ထုတ်ရမည်။

ကျောက်တုံးမှာ တောင်မြင့်ကြီးမှ ခွဲယူရသည့်ကျောက် ဖြစ်သည်။ နေလောင် မိုးထိထားသော အပြင်ဘက်သားကို ခွာလိုက်သောအခါ ငွေချည်မျှင် သမ်းနေသည့် နွားနို့ပမာ ဖြူဖွေးသောအသား ပေါ်လာသည်။ မိုင်ကယ်၏ ဆောက်ချက်အောက်တွင် ထိုကျောက်သားသည် သကြားခဲပမာ လိုရာဆွဲသလို ရနေသည်။ မကြာမီပင် မိုင်ကယ် အစမ်းလုပ်ထားသော ရွှံ့ရုပ်၏ သဏ္ဌာန်သည် ကျောက်သားပေါ်သို့ တဖြည်းဖြည်း ရောက်လာသည်။ အင်အားပြည့်ဝသော

ရင်အုပ်ကြီးနှင့်တကွ ပြည့်ဖြိုးလှပသော လက်မောင်းသားကြီးများ ပုံပေါ်လာသည်။ ဦးခေါင်း၏ အနေအထားမှာလည်း ကြီးမားသော ဂုဏ်သတ္တိတို့၏ စုဝေးရပ်တည်ရာ သဏ္ဌာန်ကို ဆောင်နေသည်။

မိုင်ကယ်သည် လက်ထဲက တူနှင့် ဆောက်ကို မချသေးဘဲ ခြေလှမ်းနောက်ဆုတ်ကာ အင်အားကြီးမားသော ယောကျ်ားအာဇာနည်၏ ရုပ်ပုံကို ရပ်ကြည့်လိုက်သည်။ မျက်နှာပုံတော့ မထုရသေး။ သို့ရာတွင် ကျောက်ဖြူတုံးကြီးသည် မိုင်ကယ်၏ ချစ်မေတ္တာ ရင်ငွေ့လှုံကာ ပွင့်လန်းလာခဲ့လေပြီ။ မိုင်ကယ်၏ ချစ်မေတ္တာနှင့် ကျောက်ဖြူသားတို့ အချင်းချင်းနီးနှောခြင်းဖြင့် အနုပညာသားကို မွေးဖွား အသက်သွင်းခဲ့ခြင်း ဖြစ်သည်။ အသက် သွေးခဲနှင့်တကွ ဖြစ်သောဘဝဟူသည် အချစ်မေတ္တာက ပေါက်ဖွားခဲ့သည်ချည်းပင် ဖြစ်သည်။

တစ်ခုသော ညအခါတွင် မိုင်ကယ်၏အဘွား မွန်နာအလက်စန္ဒြာသည် မောသည်ဆိုပြီး အိပ်ရာဝင်သည်။ ထိုနောက် ပြန်ထမလာတော့ချေ။ သူ့သား လိုဒိုဗီကိုမှာ ဖြေမဆည်နိုင်အောင် ရှိသည်။ မြေး မိုင်ကယ်အဖို့မှာကား နစ်နာလှသော ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်သည်။ အမေ ဆုံးပြီးသည်က စ၍ အဘွားကိုသာ အမေစား ကပ်ခဲ့ရသည်။ အားကိုး မြတ်နိုးခဲ့ရသည်။ သူ့ကို နားလည်ခဲ့သည့်အဘွား မရှိသည့်နောက် မိုင်ကယ်အဖို့ အိမ်မှာ နေချင်စရာ မကောင်းတော့ချေ။

မိုင်ကယ်တို့အိမ်မှာ စိတ်ပျက်စရာ ကောင်းသလောက် အိမ်တော်ကြီးမှာကား အုတ်အုတ်သဲသဲ ပျော်နေကြသည်။ ကွန်တက်စီနာ၏ မင်္ဂလာ လက်ထပ်ပွဲအတွက် စီစဉ်နေကြသည်။ အစ်ကိုလုပ်သူ ပိုင်ရိုက သူ့နှမ မင်္ဂလာဆောင်ကို ဖလော်ရင့်မြို့တော်တွင် မကြုံဖူးအောင် ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးရန် ဇိမ်နေသည်။

အိမ်တော်ကြီးတစ်ခုလုံးမှာ ကခုန်မြူးထူးသံ၊ သီချင်း တူရိယာသံ၊ ဘားသောက်မှုးယစ် ပျော်ပါးသံတွေ ဆူညံနေသည်။ မိုင်ကယ်ကား သည်ဟာတွေ ဆဲ မပါဘဲ ထီးတည်းကျန်နေသည်။ သူ့ဘာသာ ဥယျာဉ်တော်ထဲမှာပင် နေသည်။ ပိုင်ရိုကလည်း မိုင်ကယ်ကို ခပ်တန်းတန်းနေသည်။ မိုင်ကယ်အတွက် ဂုဏ်တော့ ယူပါသည်။ တစ်ခါက သူ့အိမ်တော်မှာ လူတော်နှစ်ဦး ရှိသည်ဟု မိတ်ဆွေတွေကို ကြွားနေသံ မိုင်ကယ် ကြားရသည်။

"နှင်းခဲရုပ်ကြီးလုပ်တဲ့ မိုင်ကယ်ရယ်၊ အကောင်းဆုံးမြင်းနဲ့ နိုင်အောင် ပြေးနိုင်တဲ့ စပိန်လူမျိုး အဆောင်ကိုင်ရယ်" ဟူသတည်း။

ပိုင်ရိုသည် မိုင်ကယ် ထုလုပ်နေသည့် အရုပ်ကိုလည်း စိတ်မဝင်စားချေ။ ဘကြူလီ ကျောက်ရုပ်ကြီး ပြီးစီးသွားသောအခါ ဃရာဏာချီက လာကြည့်ပြီး

စကြိုဇီ မိသားစုတို့ အသစ်ဝယ်ယူသည့် အိမ်တော်ကြီး ဝင်းခြံထဲထားရန် ဝယ်ခိုင်းလိုက်သည် ဆိုသည်။ ရွှေဒင်္ဂါး ဖလော်ရင်ပြားတစ်ရာ ပေးသည်။

မိုင်ကယ်၏ မျက်လုံးများသည် ချုပ်ထိန်းထားသည့် မျက်ရည်ပူများကြောင့် ကျိန်းစပ်နေသည်။

'အေးလေ ဟုတ်ပါတယ်၊ ပိုင်ရိုနဲ့ ငါ့အဖေတို့ ပြောတာပဲ။ အနုပညာသည်ဆိုတာ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား နောက်ဆုံးကျတော့ သူများ ပိုက်ဆံပေးခိုင်းခံရတဲ့ အကောင်မျိုး၊ ရောင်းကုန်ပစ္စည်း လုပ်ရတဲ့ လူမျိုးပဲ ဖြစ်တယ်'

မိုင်ကယ်သည် ရသည့် ရွှေစများကို သူ့အဖေအား ပေးလိုက်သည်။

မေလ ၂၄ ရက်နေ့၌ကား မင်္ဂလာဆောင်သို့ ဖိတ်ကြားထားသော ဧည့်သည် ၃၀၀၀ တို့သည် သတို့သမီး၊ သတို့သားနှင့်အတူ မြို့တော် လမ်းမကြီးပေါ်တွင် စီတန်းလှည့်လည်ကြသည်။ ရှေ့ဆုံးက အလံများ၊ ခရာမှုတ်သူများက ဦးဆောင်သွားသည်။ ထိုပရိသတ်တွင် မိုင်ကယ်နှင့် ဃရာဏာချီတို့လည်း ပါဝင်သည်။ အိမ်တော် ရှေ့မျက်နှာစာတွင်ကား သစ်သီးများ ချိတ်ဆွဲထားသော ပြွန်ကြီးမှ ယမကာ အဖြူ အနီတို့သည် ရေပန်းကဲ့သို့ ဒလဟော ပန်းထွက်သဖြင့် လမ်းမပေါ်တွင် စီးဆင်းနေသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး လှေကားရင်းတွင် ရှေ့နေကြီးက မင်္ဂလာဆောင် စာချုပ်ကို ဖတ်ကြားသည်။ ကွန်တက်စီနာဘက်မှ ရတနာပစ္စည်းတွေ မည်မျှ ပါကြောင်းကိုလည်း အများသိစေသည်။

မိုင်ကယ်သည် မင်္ဂလာအခမ်းအနား မပြီးမီ ခရစ်ယာန် ဘုရားရှိခိုးကျောင်းထဲက အသာထွက်လာသည်။ သို့မှသာ မင်္ဂလာစုံတွဲ ထွက်လာသည်ကို တွေ့မြင်ရမည်။ သတို့သား ရီဒိုလ်ဖီမှာ အရပ်မြင့်မြင့်နှင့် ဖဲဝတ်ရုံအဖြူ ဝတ်ဆင်ထားသည်။ သူ၏ သေးသွယ်သော မျက်နှာကို မည်းမှောင်သော ဆံပင်များဖြင့် ဘယ်ညာ ချထားသည်။ သတို့သမီး ကွန်တက်စီနာမှာ စွန်တောင်အရှည်ကြီး နောက်က ပါသော ကြက်မွေးရောင်ဝတ်ရုံ ဝတ်ဆင်ထားသည်။ လည်ပင်းတွင် သိုးမွေးအဖြူ ကော်လာ တပ်ဆင်ထားသည်။ သတို့သမီးနှင့် သတို့သား နေရာတွင် ထိုင်မိလျှင် ပျော်ရွှင်ပွဲများ စ တော့သည်။ ပျော်ရွှင်ပွဲအမျိုးမျိုးတွင် လူကြိုက်အများဆုံးမှာ "ကြောင်မနိုင် သူရဲကောင်း" အခန်း ဖြစ်သည်။ အထက်ပိုင်း ဗလာကျင်းထားသော ယောကျ်ားတစ်ယောက်ကို လှောင်အိမ်ထဲမှာ သွင်း၍ ကြောင်နှင့် ကိုက်စေသည်။ လက်ကိုမသုံးဘဲ သွားကိုသုံး၍ ကြောင်ကို သေအောင် ကိုက်ပြရသည်။

မင်္ဂလာပွဲမှာ သုံးရက် သုံးည ဆက်၍ အောင်သေအောင်သား ကျင်းပသည်။ ပြီးမှ ကွန်တက်စီနာကို သူ့ခင်ပွန်းလင် အိမ်သို့ လိုက်ပို့ကြသည်။

မိုင်ကယ်သည် ပွဲပြီးသည်အထိ အိမ်တော်မှာ မနေဘဲ ဆက်တီညန်နီသို့ သွားပြီး ကျောက်ဆစ်သမား တိုပိုလီနီ မိသားစုအိမ်မှာ သွားနေသည်။

*

ကွန်တက်စီနာ လက်ထပ်ပြီးသောအခါ အစစ ပြောင်းလဲသွားသည်ဟု မိုင်ကယ်ထင်သည်။ မိုင်ကယ်အဖို့မှာလည်း နေထိုင်ရသည်မှာ ရေးကနှင့် မတူတော့ချေ။ သူ့ဆရာဖြစ်ခဲ့သူ ပန်းချီဆရာကြီး ဃာလန်ဒါအီယို ကွယ်လွန်သွားပြန်သည်။ ဖာသာ ဆာဗိုနာရီလာသည် ပိုင်ရိုမီဒီချီအား မြို့တော်၏ ဥပဒေထုံးတမ်းများကို ဖျက်ဆီးသည်ဟုဆိုကာ ပြည်သူ့ခုံရုံး တင်ရမည်ဟု တောင်းဆိုနေသည်။ မီဒီချီအမျိုးထဲက အချို့သူများကလည်း ပိုင်ရိုကို အတိုက်အခံ ပြုနေကြသည်။ ပိုင်ရို၏ ညီအစ်ကို ဝမ်းကွဲများသည် ပိုင်ရိုကို ဖြုတ်ချရန် ကြံစည်နေကြသည်။ သူတို့လူစုက မိုင်ကယ်ထံသို့လာ၍ သူတော်စင် စိန့်ဂျွန်ရုပ်တု ကျောက်ဖြူသားနှင့် ထုပေးပါဟု အပ်လာသည်။ မိုင်ကယ်သည် ယခုလို အလုပ်အပ်သူရှိမှ ရပ်တည်နိုင်မည့် ဘဝပင်ဖြစ်သော်လည်း ထိုအလုပ်ကို လက်ခံဖို့ ဝန်လေးနေသည်။ ဖာသာ နစ်ကိုလာကလည်း ထိုသူများ၏အကြံမှာ ပိုင်ရိုကို မြို့တော်မှာ မနေနိုင်အောင် နှင်ထုတ်မည့်အကြံ ဖြစ်သည်ဟု ဆိုသည်။ မိုင်ကယ်သည် သွားလေသူ သူ၏ကျေးဇူးရှင်မဟာ လော်ရင်ဇို၏ သွေးသားများအပေါ်တွင် သစ္စာစောင့်ရမည်ဟု ယူဆသည်။ အမျိုးမျိုးတွေး၍ ထိုလူများက အပ်သည့်အလုပ်ကို မယူဘဲ ငြင်းလိုက်သည်။

ပိုင်ရိုသည် မြို့တော်ကောင်စီကိုလည်း ဂရုမစိုက်၊ ပြည်အရေး ပြည်အရာများကိုလည်း ပစ်ထားသည်။ ဖာသာ နစ်ကိုလာက ဒေါသတကြီးနှင့် မိုင်ကယ်ကို ပြောသည်။

'ရှေးက သူတို့ ဘိုးဘေးတွေဟာ ဖလော်ရင့် မြို့တော်ရဲ့ ကောင်းကျိုးကို ဦးထိပ်တင်ထားကြတယ်။ သူတို့အကျိုးကို နောက်မှ လုပ်ကြတယ်။ အခု ကြည့်ပါဦး၊ ပိုင်ရိုဟာ မြို့တော်ကောင်စီက ပြောတာလည်း နားမထောင်ဘူး။ ကောင်းကြောင်းပေါ့ကွာ၊ အသုံးမကျတဲ့လူက အစိုးရကို ပဲ့ကိုင်လို့။ တစ်ဖက်က ဆာဗိုနာရီလာဆိုတဲ့ ဖာသာကလည်း နိုင်ငံရေးအာဏာ ဆာလိုက် ငတ်လိုက်ပုံကဖြင့် မပြောနဲ့တော့။ ပိုင်ရိုကို ဖြုတ်ချဖို့ ကြံနေပြီလေ။ ငါ့သား မိုင်ကယ်ရေ၊ တို့ ဖလော်ရင့်မြို့တော်ကြီးတော့ဖြင့် ရှေ့လျှောက် ခံရဦးမှာကွ၊ ခံရဦးမှာ'

မိုင်ကယ်က ပြန်ပြောသည်။

'ဖာသာ ဆာဗိုနာရီလာက ဟောနေတာ ကြားခဲ့တယ်။ ကမ္ဘာကြီးကို ဖျက်မယ်တဲ့။ မြို့တော်သားတွေကလည်း ယုံကြတယ်။ လူတွေကို ဒီလို ကြောက်လန့်အောင် ခြိမ်းခြောက်တာ ဘာသဘောလဲ'

'ဘာသဘောရမလဲ၊ သူက ပုပ်ရဟန်းမင်း ဖြစ်ချင်တယ်လေ။ အရှေ့တိုင်း အထိ သူ့အာဏာ လွှမ်းမိုးချင်တာပေါ့'

တစ်နေ့သောအခါ မိုင်ကယ်၏အဖေ လိုဒိုဗီကိုက မိုင်ကယ်ကို အိမ် ခဏ ပြန်ခဲ့ဖို့ ခေါ်သည်နှင့် သွားရသည်။ ရောက်လျှင် အဖေက မိုင်ကယ်၏ညီ ဃီယို ဗန်စီမိုနီ၏ အ၀တ်သေတ္တာကို ဖွင့်ပြသည်။ အတွင်းက ရွှေ ငွေ လက်ဝတ်လက်စား တွေ တစ်ပုံကြီး ဆွဲထုတ်ပြသည်။

'အဲဒါတွေက ဘယ်လို ဒီကောင် ရတာလဲ။ သူများအိမ်က ခိုးလာတာ တွေလား' ဟု အဖေက မေးသည်။ မိုင်ကယ်က ပြန်ဖြေသည်။

'ခိုးတာ မဟုတ်ဘူး အဖေ၊ အခု သူက ဖာသာ ဆာဗိုနာရိုလာရဲ့ လူငယ် စစ်တပ်ထဲ ဝင်ထားတယ်။ သူက ဗိုလ်ပဲ။ သူတို့က ဖာသာရဲ့အမိန့်ကို မနာယူတဲ့ စိန်ရွှေ လက်ဝတ်လက်စား ဝတ်ဆင်တဲ့ မိန်းမတွေကို ဖမ်း၊ အတင်း ဆွဲချွတ်ကြတယ်။ အိမ်တွေထဲတောင် ဝင်ပြီး အပို ပကာသနပစ္စည်းတွေ ထားတယ် ဆိုပြီး ပစ္စည်းတွေ ဆွဲထုတ်ကြတယ်။ အဲဒါ သူတို့ကို ပြန်ခုခံရင် သူတို့က လူအင်အားနဲ့ ပြန် ခဲနဲ့ပေါက်တာနဲ့ လူတွေ သေတော့မလောက် ခံရတယ်'

'ဒါဖြင့် ဒီပစ္စည်းတွေကို ဒီလိုပဲ ယူထားလို့ ရသလား'

'မယူရဘူးလေ၊ ဒါတွေကို ဖာသာရဲ့ "ဆန်မာကို" ခရစ်ယာန် ဘုရားကျောင်းကို ယူလာခဲ့ရမှာပေါ့။ အခု ဒီကောင်က သူ့ရဲ့ အရင်က အပေါင်းအဖော် လမ်းသူရဲတွေကို ဖာသာရဲ့ အောက်မှာ သိမ်းသွင်းစည်းရုံးပြီး "ရုပ်ဖြူဆင်တဲ့ ကောင်းကင်တမန်များ"အဖွဲ့ ဆိုပြီး ဖွဲ့ထားတယ်။ အခု ထိန်းသိမ်းလို့ မရတော့ဘူး'

*

ဆောင်းဦးပေါက်ချိန်တွင် ဖလော်ရင့်မြို့တော်ကြီးမှာ နိုင်ငံခြား အရေးကိစ္စကြီး တစ်ခုနှင့် ပတ်သက်၍ အတိုက်အခံမှုများ ဖြစ်ပေါ်လာခဲ့သည်။

ပြင်သစ်ဘုရင် အဋ္ဌမမြောက် ချာလီဘုရင်သည် အီတလီပြည်တွင်းသို့ စစ်တပ်များဖြင့် ဝင်ရောက်ကာ "နေပယ်" မြို့တော်ကို သိမ်းယူရန် ပြင်နေသည်။ ထိုအချိန်တွင် ပိုင်ရို၏ ညီအစ်ကို ဝမ်းကွဲများသည် ချာလီဘုရင်ကို စောင့်ကြိုကာ ပိုင်ရိုမီဒီချီကို ဖြုတ်ချရန် အသင့်ပြင်ဆင်နေကြသည်။ ပိုင်ရိုမှာ ငွေပေးငှားထားသည့် စစ်သား တစ်ရာလောက်သာ ရှိသည်။ ချာလီဘုရင်၏ စစ်တပ်အင်အားမှာ သုံးသောင်းမျှ ရှိသည်။

မိုင်ကယ်သည် အိမ်တော်မှ ခွာမှ ဖြစ်မည်၊ မြို့တော်မှ ထွက်ပြေးမှ ဖြစ်မည် ဟု အဖန်ဖန် အခါခါ တွေးမိသည်။ သို့သော် သူ့သခင် သွားလေသူ မဟာလော်ရင်ဇို၏ သားသမီးများကို မျက်နှာလွှဲ စွန့်ပစ်ခဲ့ရမည်ကို ဝန်လေးနေသည်။

စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဖာသာ ဆာဗိုနာရိုလာသည် တရားထူး ဟောပြန်သည်။ သူ့အသံသည် မိုးကြိုးထစ်သံကဲ့သို့ မြည်ဟည်းသည်။ ဖလော် ရင့်မြို့ တစ်မြို့လုံးရှိ သက်ရှိသတ္တဝါတွေ မုန်သမျှ သေကြေ ပျက်စီးရမည့်အချိန် မဝေးတော့ပြီ ဖြစ်ကြောင်းကို ဟောရာ ကြားနာရသူတွေ ကြက်သီးမွေးသီး ထပြီး ခေါင်းနပမ်း ကြီးကုန်ကြသည်။ တရားပွဲပြီးလျှင် လူတွေ စကားတောင် ဟဟ မပြောနိုင်ကြဘဲ ကြောက်လွန်း၍ တစ်ပိုင်းသေကာ ထွက်လာကြသည်။

ထိုအတောအတွင်း ရန်သူ၏ စနက်ကွင်းမှာလည်း နီးကပ်သည်ထက် နီးကပ်လာခဲ့သည်။ ပြင်သစ်စစ်တပ်များ မြို့တော်တွင်းသို့ ဝင်လာတော့မည်မှာ ရက်ပိုင်းလောက်သာ လိုတော့သည်။ တစ်နေ့သော နံနက်တွင် မိုင်ကယ် အိပ်ရာက ထ သောအခါ အိမ်တော်ကြီးတွင် အစေအပါး လူအိုကြီးတွေကလွဲ၍ ဘယ်သူမှ မရှိတော့ဘဲ ကျီးနင့်ဖုတ်ဖုတ် ဖြစ်နေသည်ကို တွေ့ရသည်။

ပိုင်ရိုသည် ချာလီဘုရင်နှင့် တွေ့ဆုံရန် အဆောတလျင် ထွက်သွားသည်။ သူ့ သားမယားများမှာ တောင်ခြေရှိ အိမ်တော်သို့ပြေး၍ မှီခိုနေကြသည်။ မိုင်ကယ်သည် တစပြင်ကဲ့သို့ တိတ်ဆိတ်နေသော အိမ်တော်ကြီးတွင် စကြံများ တစ်လျှောက် လာခဲ့သည်။ သူ့ခြေသံကို တိတ်ဆိတ်သော အခန်းကြီးများထဲတွင် ပဲ့တင်ပြန်သည်ကလွဲ၍ ဘာသံမှ မကြားရချေ။ မိုင်ကယ် စိတ်ချောက်ချားနေသည်။

ပိုင်ရိုသည် ချာလီဘုရင်အား ဖလော်ရင့်မြို့တော်၏ လက်အောက်ခံ မြို့ နှစ်မြို့နှင့် ရွှေဒင်္ဂါးပြား နှစ်သိန်းပေး၍ ဖလော်ရင့်မြို့ထဲ မဝင်ဘဲ ပင်လယ် ကမ်းခြေ လမ်းက ချီတက်ရန် စကားကမ်းလှမ်းသည်။

ဤသို့ အရက်မရှိ၊ မြို့တော်၏ သိက္ခာ ကျရသည့်အတွက် မြို့တော်သား များမှာ မခံမရပ်နိုင်အောင် ရှိကြသည်။ မြို့တော် အုပ်ချုပ်ရေးအဖွဲ့သည် ခေါင်း လောင်း တီးကာ လူများကို ဆင့်ခေါ်ပြီး ပိုင်ရိုကို သူရဲဘောနည်းသည်၊ ညံ့ဖျင်း သည်ဟု ရှုတ်ချသည်။ ပိုင်ရို လာသောအခါ လူထုကြီးမှာ ဒေါသအမျက် ထွက်၍ 'အလိုမရှိ၊ အခု ထွက်သွား' စသည်ဖြင့် အော်ဟစ်ကာ ခဲနှင့် ပေါက်ကြလေသည်။

ပိုင်ရိုသည် သူ့အိမ်တော်တွင်းသို့ ပြေးဝင်လာခဲ့ပြီး လူတွေ အာရုံ ပြောင်း သွားစေရန် ကျန်နေသေးသည့် အစေခံများအား ယမကာမုန့်ချိုများ ယူခဲ့ခိုင်းပြီး လူတွေကို ဧည့်ခံသည်။

ထိုအခိုက် သတင်းပို့ ဆက်သားများ ရောက်လာပြီး 'မြို့တော် အုပ်ချုပ် ရေး အဖွဲ့က မိဒီချီကို ဖြုတ်ချလိုက်ပြီ။ သူ့ဦးခေါင်းကိုရလျှင် ဆုငွေ ရွှေဒင်္ဂါး ထောင် ပေးမည်တဲ့' ဟု ဟစ်အော် ကြွေးကြော်၍ ဝင်လာကြသည်။

ပိုင်ရိုသည် နောက်ဖေးတံခါးမှနေ၍ သူ့ညီ ကာဒီနယ် ဃိုင်အိုဗန်နီနှင့်

အတူ ထွက်ပြေးလွတ်မြောက်သွားသည်။ သူသည် သီသီ လက်မတင်ကလေးသာ လွတ်မြောက်သွားသည်။ ဖလော်ရင့် မြို့တော်သားများသည် အိမ်တော်တွင်းသို့ လိမ့်ဝင်လာကြသည်။ မြေတိုက်တွင်းရှိ ယမကာများ သိုလှောင်သည့် တိုက်ခန်းတွင်းမှ ပုလင်းများကို သယ်ယူလာကြကာ အောင်သေအောင်သား စားသောက်ကြသည်။ ပြီးလျှင် အိမ်တော်အထက်ထပ်သို့ တက်ကာ ဖျက်ဆီးကြတော့သည်။

မိုင်ကယ်သည် မဟာလော်ရင်ဇိုဗိ မြတ်နိုးခဲ့သည့် အနုပညာပစ္စည်း တစ်ခုဖြစ်သော ကျောက်ရုပ်ကြီးရှေ့တွင် မတ်မတ်ရပ်နေမိသည်။ လူတွေ ဝင်းတံခါးဝက စုပြုံဝင်လာကြတုန်းပင် ရှိသေးသည်။

သည်လူတွေ၏ မျက်နှာတွေကို မိုင်ကယ် သိခဲ့ဖူးသည်။ သူ တစ်သက်လုံး တွေ့မြင်နေသည့် မျက်နှာတွေ ဖြစ်သည်။ သဘောကောင်း အေးအေးဆေးဆေး နေတတ်သူတွေ ဖြစ်ကြပါလျက် ယခု အဘယ်ကြောင့် ထိန်းသိမ်းမရသည့် လူအုပ်ကြီး ဖြစ်သွားကာ မျက်နှာတွေကို မမှတ်မိလောက်အောင် ဖြစ်သွားရပါသနည်း။ အားလုံး ဒေါသူပုန် ထ နေကြသည်။ ရှေးဟောင်း အနုပညာရုပ်တုတွေကို ပေါက်ခွဲဖျက်ဆီးပစ်နေကြသည်။

မိုင်ကယ်သည် အိမ်တော်ပေါ်သို့ ပြေးတက်ပြီး မဟာလော်ရင်ဇို၏ စာကြည့်ခန်းတွင်းသို့ ဝင်လာခဲ့သည်။ အဖိုးမဖြတ်နိုင်သော အနုပညာပစ္စည်းများကို သူက ဘယ်လိုလုပ်ပြီး ထိန်းသိမ်းရပါမည်နည်း။ အောက်ထပ် မီးဖိုမှ နေ၍ အစားအသောက်များ တင်ပေးရန် ယခုခေတ် ဓာတ်လှေကားကဲ့သို့ အသုံးပြုသော စက်သီးဆွဲ အခန်းကလေးကို မြင်မိသည်။

မိုင်ကယ်သည် စက်သီးကြိုးကို ဆွဲတင်လိုက်ရာ အခန်းကလေးမှာ အပေါ်ထပ် ကြမ်းပြင်နှင့် တညီတည်း တက်လာသည်။ ထိုအခါမှ မိုင်ကယ်သည် အနုပညာပစ္စည်းများကို စုပုံ၍ ထိုအခန်းထဲသို့ ထည့်သွင်းလိုက်သည်။ သူ ထုလုပ်သည့် "ဖွန်း" နတ်ရုပ်ကလေးကိုကား သူ့အင်္ကျီရင်ဘတ်ထဲ ထည့်ထားလိုက်သည်။ ထို့နောက် မိုင်ကယ်သည် စက်သီးနှင့် အခန်းလေးကို အောက်ထပ်သို့ မရောက်တရောက် အလယ်နားမှာပင် အသာတင်ထားလိုက်သည်။ ထို့နောက် တံခါးပေါက်ကို ပိတ်လိုက်သည်။

ထိုအချိန်မှာပင် လူအုပ်ကြီး အခန်းတွင်းသို့ ရောက်လာ၍ ပစ္စည်းများကို သယ်ကြ ဖျက်ဆီးကြ လုပ်ကုန်ကြတော့သည်။ မိုင်ကယ်သည် သူ့အခန်းသို့ ရောက်အောင် တိုးဝှေ့သွားသည်။ ရောက်လျှင် ဆရာကြီး ဗာလ်တိုဒို၏ လက်ရာများကို သူ့အိပ်ရာအောက်တွင် ထိုးထားလိုက်သည်။

လူအုပ်ကြီးသည် အိမ်တော်တစ်ခုလုံး အနှံ့အပြား ရောက်နေကြသည်။

ပန်းချီကားကြီးများကို နံရံမှ ဖြုတ်ချကြသည်။ ပန်းပုရုပ်တုများကို ဆွဲပစ်ကြသည်။ အင်အားကောင်းသူများသည် ရွှေငွေသေတ္တာကြီးများကို ရိုက်ချိုးဖွင့်ကြသည်။ ရွှေငွေဒင်္ဂါးများ သွန်ကျလာသောအခါ လူတွေ အငမ်းမရ တပျော်တပါးကြီး အတင်းလုယက်ကြသည်။

မိုင်ကယ်သည် နောက်ဖေးလှေကားမှ ထွက်လာပြီး ရီဒိုလ်ဖီတို့နေရာ အိမ်တော်သို့သွား၍ ကွန်တက်စီနာအတွက် စာတိုလေးတစ်စောင် ထားခဲ့သည်။

"ဘေးအန္တရာယ်တွေ မရှိတော့သည့် အခါကျတော့ သင့်ခမည်းတော်၏ စာကြည့်ခန်းထဲက အစားအသောက်တွေ တင်တဲ့ စက်သီးဆွဲ အခန်းကလေးသို့ လူလွှတ်ကြည့်ခိုင်းပါ။ အမ်တီ"

ဟု အတိုကောက် လက်မှတ်ထိုးထားခဲ့သည်။

ညဉ့်အချိန် အားလုံး တိတ်ဆိတ်နေသောအခါ မိုင်ကယ်သည် မီဒီချီ အိမ်တော် မြင်းဇောင်းတွင်းသို့ လာခဲ့သည်။ မြင်းထိန်းများက သူ့အတွက် မြင်းကောင်း တစ်စီးကို ကုန်းတင်ပေးသည်။ မြို့တံခါးတွင် အစောင့်မရှိချေ။ မိုင်ကယ်သည် မြင်းကို အပြင်းနှင်၍ မြို့တံခါးမှ ထွက်ခဲ့လေသည်။

*

ဒုတိယနေ့ ညနေစောင်းအချိန်တွင် အက်ပင်နိုင်း တောင်တန်းကို ဖြတ်သန်းခဲ့သည်။ မျှော်စင်မြင့်ကြီးများဖြင့် တင့်တယ်သော အဝါရင့်ရောင် မြို့ရိုးကြီးများ ဝန်းရံထားသည့် ဗိုလော့တနား မြို့တော်ကြီးသို့ ချဉ်းကပ်မိသည်။ မိုင်ကယ်သည် ကုန်စိမ်းဈေးတွင်းမှနေ၍ ကျဉ်းမြောင်းသော လမ်းမတစ်လျှောက် ဝင်လာခဲ့သည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး တစ်ကျောင်း၏ ရှေ့ လေဟာပြင် ကွင်းကြီး တစ်ခုသို့ ရောက်သည်နှင့် စစ်သားများက သူ့ကို ဝိုင်းထားကြတော့သည်။

'မင်း တစ်ရပ်သား မဟုတ်လား'

'ဖလော်ရင့် မြို့တော်ကပါ'

'ဒါဖြင့် မင်းလက်မ ပြစမ်း၊ ချိတ်နီ အမှတ်အသား ပါရဲ့လား'

'ဘယ်က ချိတ်နီပါလိမ့်မလဲ'

'ဒါဖြင့် လိုက်ခဲ့၊ မင်းကို ဖမ်းတယ်'

မိုင်ကယ်ကို စစ်သားများက အကောက်ရုံးသို့ ခေါ်သွားသည်။ အဝေးက ဝင်လာသည့် ဧည့်သည်တိုင်း ထိုနေရာမှာ လာ၍ မှတ်ပုံတင်ပြီး အနီဆေးနှင့် လက်ပုံစံနှိပ်ရသည်ဟု အရာရှိတစ်ဦးက ပြောပြသည်။

'ဥပဒေကို မသိလို့ပါ ဆိုတာနဲ့ မလွတ်နိုင်ဘူး၊ ဒဏ်ငွေ ၅၀ ပေးရမယ်'

'အဲသလောက် ငွေမပါဘူး'

'ဒက္ခပဲ၊ ထောင်ဒဏ် ရက်ပေါင်း ၅၀ ခံရလိမ့်မယ်'

မိုင်ကယ်မှာ ဘာမှ ပြန်မပြောနိုင်ဘဲ ကြက်သေ သေနေသည်။ ထိုအခိုက် လူတစ်ယောက် ရှေ့သို့ တက်လာပြီး မေးလိုက်သည်။

'မင်းနာမည် ဖြူရိုနာရိုတီ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ဗိုလ်လော့တနား မြို့သားသည် အရာရှိဘက်သို့ လှည့်ပြောလိုက်သည်။

'ဒီသူငယ်လေးရဲ့ အဖေဟာ ခင်ဗျားလို အကောက်ရုံး အရာရှိတစ်ဦးပါ။ ကျုပ်တို့ အိမ်နားနီးချင်း မြို့တော်က ဆွေကြီး မျိုးကြီး အချင်းချင်းတွေပါ။ လာတဲ့ အခါမှာ ဧည့်ဝတ်ပြုဖို့ မကောင်းဘူးလားဗျာ'

အရာရှိမှာ ထိုစကားကြောင့် အတော်လေး ဘဝင်မြင့်သွားပြီး 'မှန်ပါတယ် သခင်ကြီး' ဟု ပြန်ပြောလိုက်သည်။

သူတို့နှစ်ဦး အကောက်ရုံးက ထွက်လာကြသောအခါမှ မိုင်ကယ်သည် သူ့ကယ်တင်ရှင်ကို သေသေချာချာ ကြည့်မိသည်။ အသက် ၄၀ ကျော် အရွယ် ကောင်း လူကြီးဖြစ်၍၊ အင်အားပြည့်ဝ၍ နှစ်သက်ဖွယ်မျက်နှာ ရှိသည်။

'မင်း မမှတ်မိဖူးလား'

'ဃိုင်ယန်ဖရန်စစ်စကို အယ်ဒိုဗရန်ဒီ လေ'

'တစ်ခါက မဟာလော်ရင်ဇိုရဲ့ အိမ်တော် ညစာစားပွဲမှာ တွေ့ဖူးတယ် လေ'

မိုင်ကယ်သည် ထိုအခါမှ အားရဝမ်းသာ စကားတုံ့ပြန်နိုင်တော့သည်။

'ဟာ ဟုတ်သားပဲ၊ အဲဒီတုန်းက ခင်ဗျား ပြောတယ်။ ဗိုလ်လော့တနားမှာ ပန်းပုပညာကျော်တွေ ရှိတယ်တဲ့'

'ကဲ အခု သူတို့လက်ရာတွေ မင်းကို ငါပြမယ်။ ဒီညအဖို့ မင်းကို ငါ ညစာကျွေးမယ်နော်'

'ကျွန်တော် ဝမ်းသာပါတယ်၊ ထွက်လာကတည်းက ဟောဒီ ဝမ်းဗိုက် ခမျာမှာ ကောင်းကောင်းဖြည့်ရတယ် မရှိရှာပါဘူး'

'ဟာ ဒီလိုဆိုရင် မင်း ဒီမြို့တော် ရောက်လာတာ အတော်ပဲ။ ဥရောပ တိုက် တစ်ခုလုံးမှာ အစားအကောင်းဆုံး နေရာဟာ တို့မြို့တော်ပဲကွ'

အယ်ဒိုဗရန်ဒီ၏ အိမ်တော်မှာ လှပသော သုံးထပ်တိုက်ကြီး ဖြစ်သည်။ မြင်းထိန်းတစ်ယောက်က မိုင်ကယ်၏မြင်းကို ယူသွားပြီး နေရာချထားသည်။ မိုင်ကယ်သည် အယ်ဒိုဗရန်ဒီနှင့်အတူ အိမ်ထဲ ဝင်လိုက်သွားသည်။ မဟာလော်ရင်ဇို ၏ အကူဖြင့် စုဆောင်းခဲ့သော စာကြည့်တိုက်ခန်းတွင်းရှိ စာအုပ်စာတမ်းများကို တွေ့မြင်ရသည်။

ပိုင်ရိုမီဒီချီတို့ မိသားစုနှင့် အပေါင်းပါများ ထွက်ပြေးရင်း ဗိုလော့တနား မြို့တော်ကို ဖြတ်ဝင်သွားသေးကြောင်း မိုင်ကယ် သိရသည်။

'မင်းကော ဒီမှာပဲ နေပါလား၊ ပန်းပုရုပ်ထုတဲ့ အလုပ်တွေ လာအပ်ကြမှာပေါ့။ ငါ အလုပ်တွေ ရှာပေးနိုင်ပါတယ်'

မိုင်ကယ်၏ မျက်လုံးများ ဝင်းထိန်သွားသည်။ မြို့တော်တွင်း နေစရာအခန်း ရှာဦးမည်ဟု ဆိုသည်။

'ဟာ မတော်တာကြီးပဲ၊ မဟာလော်ရင်ဇိုရဲ့ မိတ်ဆွေတစ်ဦးကို မြို့တော်ထဲ အခန်းငှားနေဖို့ ငါ ဘယ်ခွင့်ပေးနိုင်မလဲ။ ငါ့အိမ်တော်မှာ နေရမယ်'

*

မိုင်ကယ် ယခုနေထိုင်ဖို့ ဖိတ်ခေါ်သည့်အိမ်မှာ အမြဲလိုပင် ရယ်သံတွေ ညံနေသည့် အိမ်တော်ကြီး ဖြစ်သည်။ အယ်ဒိုဗရန်ဒီမှာ သားခြောက်ယောက် ရှိသည်။ သူ့ဇနီးက မိုင်ကယ်ကို ခုနစ်ယောက်မြောက်သား အငယ်ဆုံးနေရာမှာ ထား၍ ပြုစုသည်။ အယ်ဒိုဗရန်ဒီမှာ ငွေကြေးကြွယ်ဝသော ဘဏ်သူဌေးကြီးဖြစ်၍ ယခုအခါ အလုပ်မှ အနားယူနေသူ ဖြစ်သည်။ အချိန်ကိုလည်း သူ ထင်သလို အသုံးချနိုင်သည်။

သူတို့သည် လမ်းဘေးဈေးဆိုင် အမိုးများအောက်က လမ်းလျှောက်ကြသည်။ ဆိုင်များတွင်ကား အီတလီပြည်တွင် အကောင်းဆုံး၊ အညွန့်ဆုံး အစားအစာများ ခင်းကျင်းထားသည်။ ဒိန်ခဲတွေကလည်း ရွှ၍ လှ၍ နေသည်။ ပေါင်မုန့်ဆွကလည်း မွေးနလှသည်။ ယမကာတွေကလည်း အမျိုးစုံသည်။ လမ်းတိုင်းမှာ လိုပင် နာမည်ကြီးလှသော ဝက်အူချောင်းများ တွေ့ရသည်။ အဝါရင့်ရောင် အမိုးများအောက်တွင် ခင်းထားသော စားသောက်ဆိုင်များတွင် တက္ကသိုလ် ကျောင်းသားများ လာ၍ စာကျက်နေကြသည်။ အချို့ကလည်း ကြွေအန်ကစားနေကြသည်။

'ဒီမြို့တော်မှာ ကျောက်ပန်းပု မတွေ့ရဘူး' ဟု မိုင်ကယ်က ဆိုသည်။

'တို့ဆီမှာ ကျောက်မရှိတော့ ရွှံ့အုတ်ခွက်တွေနဲ့ပဲ ပန်းပု လုပ်ကြတယ်'

သူတို့ လမ်းလျှောက်သွားကြရင်း အုတ်ခွက်ပုံများ ထုနေသော ပန်းပုဆရာ လူငယ်တစ်ဦးနှင့်တွေ့၍ မိုင်ကယ်နှင့် မိတ်ဆက်ပေးသည်။ သူ့အမည်မှာ ဗင်စင်ဇို ဖြစ်သည်။

မိုင်ကယ်တို့ ရှေ့ဆက်သွား၍ ဆန်ဒိုမင်နီကို ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ရောက်သွားရာ ကွယ်လွန်သူ ပန်းပုဆရာကြီး ဒယ်လ်အာကာ အပြီးမသတ်ဘဲ ကျန်ခဲ့သော ကျောက်ပန်းပုရုပ်များကို ပြသည်။ အရုပ်သုံးရုပ် ကျန်သေးသည်။ ထိုအရုပ်များအတွက် ဘယ်သူ့ကိုမှ မခိုင်းရသေးချေ။ ဗင်စင်ဇိုကတော့

သည်အလုပ်ကို သူ ရဖို့ သေချာသလောက် ထင်ထားသည်။ အယ်ဒိုဗရန်ဒီကမူ ထိုသူငယ်သည် အုတ်ခွက်များ လုပ်ရာ၌သာ ကျွမ်းကျင်သည်။ ကျောက်ကိုမူ ကိုင်နိုင်မည်ဟု မယူဆချေ။

*

မိုင်ကယ်အဖို့ ဗိုလော့တနား မြို့တော်တွင် စိတ်ဝင်စားဖွယ် အသစ်အဆန်းတစ်ခု လာတွေ့ရပြန်သည်။ အယ်ဒိုဗရန်ဒီ၏တူ မာကိုက ဖိတ်ခေါ်၍ ညစာကျွေးရာ ကလယ်ရစ်ဆာ ဆိုသူ အမျိုးသမီးနှင့် တွေ့ရသည်။

ကလယ်ရစ်ဆာသည် မာကို ကျင်းပသော ညစာစားပွဲတွင် အိမ်ရှင်မ နေရာကနေ၍ ဧည့်ခံသည်။ သူ့အသွင်အပြင်မှာ မက်မောစရာကောင်းသည်။ ကိုယ်လုံးကိုယ်ထည် သွယ်လျညွတ်ပျောင်းသည်။ သူ၏အပြုံးမှာ ယောကျ်ား တို့၏ နှလုံးသားကို ယူကျုံးဆွဲ ယူနိုင်သော သတ္တိရှိသည်။ ကလယ်ရစ်ဆာသည် မာကို၏ တရားမဝင်သော အပျော်မယားအဖြစ် နေခဲ့သည်မှာ သုံးနှစ်တိုင်ရှိပြီ ဖြစ်သည်။ ဖိနပ်ချုပ်သည်၏သမီး ဖြစ်သည်။ မာကိုက ကောက်ယူ သိမ်းပိုက်ပြီး စာရေးစာဖတ် သင်ပေးသည်။ ဂုဏ်သရေရှိ အမျိုးသမီးများနှင့် ယှဉ်နိုင်အောင် အနေအထိုင်၊ ဝတ်ပုံ စားပုံမှစ၍ ကတော်ရုပ် ဝင်လာအောင် လေ့ကျင့်ပေးခဲ့သည်။ အဖိုးတန် ပိုးဖဲကတ္တီပါ ဝတ်စုံများ၊ စိန်ရွှေ လက်ဝတ် လက်စားများ ဆင်ပေးသည်။

ညစာ စားသောက်ပြီးလျှင် အခြားသူများ နိုင်ငံရေး ဆွေးနွေးနေကြသည်။ မိုင်ကယ်သည် ကလယ်ရစ်ဆာနှင့် ဂီတ တူရိယာများ အခန်းထဲတွင် နှစ်ယောက်ထဲ ကျန်နေကြသည်။ မိုင်ကယ်သည် ကလယ်ရစ်ဆာကို စိုက်ကြည့်နေလိုက်သည်မှာ မျက်စိနှင့် ခွာ၍မရအောင် ရှိနေသည်။ ရွှေရောင် ဇာနကလေးသည် သူ၏ ပြည့်ဖြိုး သော ရင်သားများကို ဖုံးထားသလိုလိုနှင့် ပေါ်လွင်နေစေသည်။ ကလယ်ရစ်ဆာ သည် မိုင်ကယ် ငေးကြည့်နေပုံကို အတော်ရယ်ချင်သွားသည်။

'ရှင် အနုပညာသည်ဆို'

'ကျွန်တော် ပန်းပုသမားပါ'

'ဒါဖြင့် ကျွန်မကို ကျောက်သားပန်းပု ထုပေးနိုင်မလား'

'ကျောက်သားပန်းပုပုံ ထုစရာ မလိုပါဘူး၊ အခု ထုထားတဲ့အတိုင်းကို စင်းလုံးချော လှနေပါပြီ'

မိုင်ကယ်သည် ပါးစပ်က လွှတ်ခနဲ ထွက်သွားသည်။

ကလယ်ရစ်ဆာ၏ ဖြူဖွေးသော ပါးပြင်တွင် သွေးနီရောင် လွှမ်းသွား သည်။ သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်၍ ရယ်လိုက်ကြရာ တစ်ဦးကို တစ်ဦး မှီသွားတော့မလို ကပ်သွားသည်။

မိုင်ကယ်က မေးသည်။

'ဘယ်တော့ ပြန်တွေ့ရဦးမှာလဲ'

'အယ်ဒိုဗရန်ဒီ ခေါ်လာရင်တော့ တွေ့ရမှာပေါ့'

'ခေါ်မလာရင် မတွေ့ရဘူးလား'

ကလယ်ရစ်ဆာ ပြုံးနေသည်။

'ကျွန်မပုံကို ပန်းပုထုချင်လို့လား'

'မဟုတ်ပါဘူး၊ အဲလေ ဟုတ်ပါတယ်။ မသိဘူး၊ ဘာပြောရမှန်းကို မသိတော့ပါဘူး ခင်ဗျာ'

ကလယ်ရစ်ဆာသည် သူ့ကိုယ်လေး လှုပ်ကာ ရယ်သည်။ သူ့ရင်သားပေါ်က ဇာနုကလေး တင်း တင်းသွားသည်။ မိုင်ကယ်သည် သူ့ကိုယ်သူ ဘာဖြစ်ပါလိမ့်၊ အရူးစိတ် ဝင်နေသလား၊ စိတ်ရှုပ်သွားသည်။

အိမ်အပြန်တွင် သူ့မိတ်ဆွေ အယ်ဒိုဗရန်ဒီသည် မိုင်ကယ်၏ မျက်လုံးထဲတွင် ဖုံးကွယ်၍မရအောင် အထင်းသား ပေါ်နေသော လိုအင် ရမ္မက်ကို မြင်လိုက်သည်။ သူ့ကို သတိပေးလိုက်သည်။

'ငါ့တူ မာကိုဟာ ဒေါသကြီးသလောက် ဓားက ထက်တယ်'

သို့သော် တနင်္ဂနွေ တစ်ပတ် နှစ်ပတ်ခန့် ကြာသောအခါ အယ်ဒိုဗရန်ဒီသည် မိုင်ကယ်ကို မာကိုတို့အိမ်သို့ ခေါ်သွားပြန်သည်။ အိမ်တွင် ရင်းနှီးသော မိတ်ဆွေအချို့ ဖဲကစားနေသည်ကို တွေ့ရသည်။ မိုင်ကယ်မှာ ဖဲမရိုက်တတ်သဖြင့် အခြားအခန်းတစ်ခန်းတွင် ကလယ်ရစ်ဆာနှင့် မီးလင်းဖိုနားမှာ ထိုင်စကားပြောနေကြရပြန်သည်။ ကလယ်ရစ်ဆာ၏ သိမ်မွေ့ပျော့ပျောင်းသော မျက်နှာလေးသည် မီးလင်းဖို မီးရောင်အောက်တွင် ချစ်သွေး ဆူကြွနေသည်ဟု မိုင်ကယ်က မြင်သည်။

ကလယ်ရစ်ဆာက မိုင်ကယ်အား ရင်းနှီးသော လေသံဖြင့် ပြောသည်။

'ရွယ်တူ တန်းတူ လူငယ်ချင်း စကားပြောရတာ ကျွန်မ ပျော်မိတယ်။ မာကိုရဲ့ မိတ်ဆွေတွေက လူကြီးပိုင်းတွေ များတယ်'

'ဩော် ...ကိုယ်နဲ့ ရွယ်တူမိတ်ဆွေ မရှိဘူးလား'

'အရင်က ရှိပေမဲ့ အခု မရှိတော့ဘူး။ ဒါပေမဲ့ ကျွန်မ စိတ်ပျော်ပါတယ်လေ'

ကလယ်ရစ်ဆာသည် သူ့လက်ကို မိုင်ကယ်၏လက်တွင်း ထည့်လိုက်ပြီး မျက်နှာ စေ့စေ့ကြည့်၍ ပြောသည်။

'မိုင်ကယ်၊ ရှင် ကျွန်မနဲ့တွေ့ရင် ဘာပြုလို့ ရှက်ကိုးရှက်ကန်း ဖြစ်ဖြစ်

နေရတာလဲ။ ကိုယ့်ကို တစ်ဦးက လိုချင်စုံမက်တယ်ဆိုတာ ကောင်းတာပေါ့။ ရှင် တစ်ခါမှ အချစ်နဲ့ မကြုံဖူးဘူးလား'

'အနည်းအကျဉ်းလောက်တော့ ကြုံဖူးပါရဲ့'

'ဒါတော့ အချစ်ဆိုတာမျိုးကို ဘယ်သူများ အပြည့်ရလိမ့်မလဲ၊ အနည်းအကျဉ်းလောက် ရမှာပါချည်းပါ'

'ဒါဖြင့် အချစ်ဆိုတာမျိုးကို ဘယ်တော့မှ အပြည့်အဝ မရ ရတော့ဘူးတဲ့လား'

'အချစ်ဆိုတာမျိုးကို ဘယ်သူမှ အပြည့်အဝ မရကြပါဘူး။ ကျွန်မ သိသရွေ့တော့ နိုင်ငံရေးအတွက်၊ တချို့က သားစဉ်မျိုးဆက် မွေးဖို့အတွက်၊ ဆင်းရဲသားတွေ အဖို့တော့ အိမ်မှာ ကြမ်းတိုက်ခိုင်းဖို့ အတွက်ပေါ့။ ပြီးတော့ အိမ်တော်ကြီးနဲ့နေ၊ စိန်ရွှေ လက်ဝတ်လက်စား ပိုးဖဲတွေနဲ့ နေနိုင်ဖို့အတွက် ကျွန်မလိုပေါ့လေ'

'တစ်ဦးနဲ့တစ်ဦး ချစ်ခင်လို့ကော မဖြစ်နိုင်ဘူးလား'

ကလယ်ရစ်ဆာက ကိုယ်ကလေး လှုပ်ရှားလာသည်။ မိုင်ကယ် တုန်လှုပ်သွားသည်။ 'ဒါတော့ ကျွန်မတို့ လူငယ်တွေ လူရွယ်လေးတွေပဲ၊ ဘာပြုလို့ တစ်ဦးနဲ့ တစ်ဦး မစုံမက်မိဘဲ နေရမှာလဲ'

ထိုညဥ့်အဖို့ မိုင်ကယ်သည် ကလယ်ရစ်ဆာ၏ စကားကို အဖန်ဖန် နားထဲမှာ ကြားပြီး နေတော့သည်။

*

ခရစ်စမတ်ပွဲ ကျင်းပကြသည်။ အယ်ဒိုဗရန်ဒီ၏ အိမ်အတွင်းခန်းတွင် မီးလင်းဖိုကြီးထဲမှ ထင်းတုံးကြီးမှာ နီရဲနေသည်။ အပြင်ဘက်၌ကား ကလေးတွေ သီချင်းလျှောက်ဆိုသံများ ညံနေသည်။ အယ်ဒိုဗရန်ဒီက မိုင်ကယ်ကို သတင်းကောင်းတစ်ခု ပေးသည်။ ဆန်ဒိုမင်နီကို ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် မြင်ခဲ့သည့် မပြီးသေးသော ပန်းပုရုပ်များကို ဆက်၍ ထုသည့် အလုပ်ကို မိုင်ကယ်အတွက် ရခဲ့ပြီဟု ပြောသည်။ ကွယ်လွန်သူ ပန်းပုဆရာကြီး၏ အလုပ်ခန်းမှာပင် ဆက်လုပ်ဖို့ အခွင့်လည်း ရသည်။

တစ်နေ့သော် မိုင်ကယ်သည် စာရေးစားပွဲမှာ ထိုင်၍ ပုံဆွဲနေစဉ် ဗင်စင်ဇိုရောက်လာသည်။ အုတ်အလုပ်သမားပီပီ အရပ်အမောင်း ဗလကလည်း ကောင်းကောင်းနှင့်။ မိုင်ကယ် ထိုင်နေသည့်အပေါ်က မိုးနေသည်။

'မင်း ငါ ရရမယ့် အလုပ်ကို လုယူတဲ့ အကောင်ပဲ။ မင်းဟာ တစ်ရပ်ပါစ်ရွာက လာပြီး တို့မြို့ခံ ပန်းပုသမားတွေရဲ့ ထမင်းလုတ်ကို လုတာပေါ့'

မိုင်ကယ်သည် အေးအေးပင် ပြန်ပြောသည်။

'ခင်ဗျားစိတ်ထဲ ဘယ်လိုဖြစ်မယ်ဆိုတာ သိပါတယ်။ ကျွန်တော်လည်း ဒါမျိုး မနှစ်က ကြုံဖူးတယ်'

'အေး၊ ဒီလို ကိုယ်ချင်းစာရင် ကောင်းတာပေါ့။ ဒါဖြင့် အယ်ဒိုဇရန်ဒီ သခင်ကို သွားပြောချေ။ ဒီအလုပ်ကို မင်း လက်မခံတော့ပါဘူးလို့။ အဲဒါ ပြောရင်ပြော၊ မပြောရင်တော့ မင်း ဒီမြို့ကို လာမိတာ မှားပြီသာ မှတ်ပေတော့'

မိုင်ကယ်သည် ဗင်စင်ဇိုကို မော့ကြည့်သည်။ သူနှင့်ရွယ်တူ ၁၉ နှစ်အရွယ် လုလင်ပျိုတစ်ဦး ဖြစ်သည်။ သူ့ထက် ဦးခေါင်းတစ်လုံးစာ ပိုမြင့်သည်။ အလုံးအထည်မှာလည်း သူ့ထက် နှစ်ဆမျှ ထွားကျိုင်းသည်။ တော်ရီဂီယန်နီကို ပြေးသတိရမိသည်။ သူ့လက်သီးချက်နှင့် တစ်ခါက နှာခေါင်းကျိုး သွေးတွေ စီးခဲ့ရပုံကို ယနေ့ပင် ဖြစ်သကဲ့သို့ ထင်လိုက်မိသည်။ မိုင်ကယ် မျက်စိတွေ ပြာဝေ မှုးနောက်သွားသည်။

'ဟော့ကောင် ဘာဖြစ်သွားတာလဲ၊ မင်းကြည့်ရတာ လူမမာရုပ် ပေါက်လို့ပါလား။ ဘာလဲ၊ ရှေ့အဖို့ မင်းကို ငါက ဒုက္ခပေးတော့မှာပဲလို့ ထင်တယ်ပေါ့လေ'

'အခုပဲ မင်း ငါ့ကို ဒုက္ခပေးနေပြီကွာ' ဟု မိုက်ကယ် ပြန်ပြောလိုက်သည်။

သို့ရာတွင် ယခု သူ ခံစားရသည့် ဒုက္ခက ဤပန်းပုရုပ် သုံးရုပ် ထုရမည့် အလုပ်ကို စွန့်လွှတ်ရသည့် ဒုက္ခလောက် ကြီးသည် မဟုတ်ချေ။ ကဲလေ၊ နောင်ခါမှ ဖြစ်ချင်ရာဖြစ်၊ ဆက်လုပ်ရဦးတော့မည်။

*

အယ်ဒိုဇရန်ဒီနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများသည် ဖလော်ရင့်မြို့တော်သို့ တစ်ပတ်တစ်ခါ သွားကြ၍ နောက်ဆုံးသတင်းများ သယ်ယူလာကြသည်။ အဋ္ဌမမြောက် ချာလီဘုရင်သည် ဖလော်ရင့်မြို့တော်သို့ဝင်ပြီး ဖလော်ရင့် ဒင်္ဂါး တစ်သိန်းနှစ်သောင်းကို ရယူသည်။ ထိုမျှမကသေး နေပယ်မြို့တော်နှင့် ဖြစ်သည့် စစ်မက် မပြီးမချင်း ဖလော်ရင့် မြို့တော်တွင် ခံတပ်စစ်သားများနှင့် အခိုင်အမာ တပ်စွဲနေဦးမည်။ ယခုအခါ သူ့စစ်တပ်များနှင့် တောင်ဘက်ဆီသို့ ချီတက်နေသည်။ ဖလောရင့်မြို့တော် အစိုးရအဖွဲ့မှာ အလုပ်လုပ်၍ မဖြစ်တော့ဘဲ ရှိနေသည်။ အတွင်းတွင် အချင်းချင်း အုပ်စုများ ကွဲနေသည်။ ဒီဇင်ဘာ လလယ် လောက်တွင် ကြားသိရသော သတင်းအရမူ ဖာသာ ဆာဗိုနာရိုလာသည် ဒီမိုကရေစီ နည်းအရ ရွေးကောက်သည့် ကောင်စီအဖွဲ့များ စီမံပေးသည်။ အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့်လည်း ရှိစေသည်။

နှစ်သစ်ကူးသည်နှင့် ပိုင်ရိုမီဒီချီတို့ ရောက်လာ၍ ဗိုလော့တနားမြို့တွင် ဌာနချုပ်ဖွင့်သည်။ တစ်ညတွင် အယ်ဒိုဗရန်ဒီ၏ အိမ်တော်တွင် ညစာ လာစားသည်။ မိုက်ကယ်က ခရီးဦးကြို စကားဆိုသည်။ သူက–

'အရှင့်သားကို ယခုလို သူတစ်ပါး၏ ဂေဟာမှာ တွေ့ဆုံရသည် မဟုတ်ဘဲ မီဒီချီ အိမ်တော်ကြီးမှာ ရှေးကလို တွေ့ရတာ ဖြစ်ပါစေတော့' ဟု ဆိုလိုက်သည်။

ပိုင်ရိုမီဒီချီက မျက်မှောင်ကုတ်ကာ မာန်ဖီသော အသံနှင့် ပြန်ပြောသည်။

'ငါတို့ မကြာခင်ပဲ ကိုယ့်အိမ်တော်ကြီး ပြန်ရောက်မှာပေါ့။ အခု ငါ စစ်သားတွေ စုနေတယ်'

ထို့နောက် သူ့အစီအစဉ်ကို ပြောပြသည်။ ဖလော်ရင့်မြို့တော်ကို စစ်အင်အားနှင့် ပြန်လည်သိမ်းပိုက်မည်။ သို့ဖြစ်၍ စရိတ်စကအတွက် အယ်ဒိုဗရန်ဒီထံမှ ဖလော်ရင့်ဒင်္ဂါး နှစ်ထောင်ထည့်ဖို့ ပြောသည်။

အယ်ဒိုဗရန်ဒီက ပြောပြန်သည်။

'စဉ်းစားပါဦးလေ၊ ဒီလိုလုပ်တာ အကောင်းဆုံး ဖြစ်ပါ့မလား။ အသင့်ဘေးလောင်းတော် ကိုစီမိုလည်း ဒီလိုပဲ မြို့တော်က ပြေးခဲ့ရဖူးပါတယ်။ အဲဒီတုန်းက မြို့တော်က သူ့ကို ပြန်အလိုရှိလို့ ပြန်ခေါ်တဲ့အထိ စောင့်ဆိုင်းခဲ့ဖူးတယ်'

ပိုင်ရိုမီဒီချီက ပြန်ပြောသည်။

'အို ဖလော်ရင့်မြို့တော် အခုပဲ ကျုပ်ကို လိုလားနေတာပဲ။ ဟို ဆာဗိုနာရိုလာနဲ့ ကြံရာပါ ကျုပ်ရဲ့ ဆွေမျိုးသားချင်းတစ်သိုက်က ကြံစည်လို့ ခုလို ဖြစ်ရတာ' ဟု ပြောပြီး မိုင်ကယ်ဘက်သို့ လှည့်၍မေးသည်။

'ကဲ မင်းက ငါ့စစ်တပ်မှာ စက်ဆရာအဖြစ် ပါဝင် အမှုထမ်းရမယ်'

မိုင်ကယ်သည် ခေါင်းငိုက်စိုက်ကျ ထိုင်ချလိုက်သည်။

'မြို့တော်ကို အမြောက်နဲ့ ပစ်ကြရင်တော့ အနုပညာပစ္စည်းတွေ ရစရာမရှိပျက်စီးတော့မှာပါပဲ' ဟု ညည်းလိုက်သည်။

အယ်ဒိုဗရန်ဒီက ဝင်ပြောသည်။

'အရှင့်သား၊ ကျွန်တော် ဒီအကြံထဲမှာ မပါနိုင်ပါဘူး။ ခမည်းတော် မဟာလော်ရင်ဇိုသာ အသက်ထင်ရှား ရှိနေခဲ့ရင်လည်းပဲ သူကိုယ်တိုင် ရှေ့ဆောင်ပြီး ဒီအကြံကို ရပ်တန်းက ရပ်ခိုင်းမှာ အမှန်ပါပဲ'

ပိုင်ရိုသည် မိုင်ကယ်ဘက် လှည့်၍–

'မင်းကကော ဘယ်လိုလဲ' ဟု မေးသည်။

'အရှင့်သား၊ ကျွန်တော် ဘယ်နည်းနဲ့မှ ဖလော်ရင့်မြို့တော်ကို တိုက်ဖို့ မဖြစ်နိုင်ပါဘူး'

ပိုင်ရိုမီဒီချီသည် သူ့ကုလားထိုင်ကို နောက်သို့ တွန်းပစ်လိုက်ပြီး အခန်းတွင်းမှ ဒေါကြီးမောကြီးနှင့် ထွက်သွားလေသည်။

*

မိုင်ကယ်သည် ဆန်ဒိုမီနီကို ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ပန်းပုရုပ်များ ဆက်ထုနေစဉ် သူ့အလုပ်ခန်းနှင့် မျက်နှာချင်းဆိုင် အခန်းထဲသို့ ဗင်စင်ဇို ရောက်လာသည်။ သူနှင့် သူ့အဖေတို့သည် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ပျက်စီးနေသည့် နေရာများကို ပြင်ရန် အုတ်များ၊ ကျောက်ပြားများ လာပို့ပေးကြရသည်။

နေ့စဉ်နှင့်အမျှ ဗင်စင်ဇိုသည် မိုင်ကယ်ကို မခံချင်အောင် ပြောင်လှောင်သည်။ သူ့တပည့် အလုပ်သမားတွေက ဝိုင်းရယ်ကြသည်။

'မင်း ထုတဲ့ အရုပ်တွေကကွာ၊ တစ်ယောက်ယောက်က အသာလေး တွန်းလိုက်ရင် ကြေမွသွားမှာပါ။ ငါ့အုတ်တွေကို ကြည့်၊ ဘယ်တော့မှ မပျက်ဘူး' ဟု ဆိုသည်။

ဤသို့ ဗင်စင်ဇိုနှင့် တပည့်များက မိုင်ကယ်ကို နေ့စဉ် စိတ်ဆင်းရဲအောင် လုပ်နေသည်။ အဖျက်အင်အားစုများသည် ဖန်တီးမှုပညာနှင့် အလှမ်းမဝေး အနီးကလေးပင် ကပ်လျက်သား ရှိနေပါကလား။ မိုင်ကယ်သည် သူတို့ ပြောင်လှောင်နေသည်ကို ဂရုမစိုက်ဘဲ ဗိုလော့တနား မြို့တော်၏ အရှင်သခင် စိန့်ပီထရိုနီယ၏ ရုပ်တုကို ထုလုပ်ပြီးစီးခဲ့သည်။

အယ်ဒိုဗရန်ဒီက အချောကိုင်ပြီးသော အရုပ်ကို ကြည့်ပြီး 'သွားလေသူ ပန်းပုအကျော် ဆရာကြီး ဒယ်အာကာလည်း ဒါထက်ကောင်းအောင် ထုနိုင်မှာ မဟုတ်ပါဘူး' ဟု ဆိုသည်။

*

မေလ တစ်ရက်၊ မေဒေးနေ့ ပွဲတော်မှာ ဗိုလော့တနားမြို့တွင် ပျော်စရာ အကောင်းဆုံး ဖြစ်သည်။ ထိုအခါမှာ အပျို လူပျိုများအတွက် နေ့ထူး နေ့မြတ်ပင် ဖြစ်သည်။ တောပန်းများ အခူးထွက်ကြသည်။ လုလင်ပျိုများသည် သစ်ရွက်စုံသော အပင်ငယ်လေးများကို ပိုးကြိုး ဖဲကြိုးများ တပ်ဆင်ကာ ချစ်သူ၏ အခန်း ပြတင်းပေါက်ဆါမှာ တင်ထားကြသည်။ အဖော် ကာလသားများက ချစ်မေတ္တာ သီချင်းတွေ သီကျူးပေးကြသည်။

မြို့လယ်တွင် စင်မြင့်ကြီးဆောက်၍ အချစ်ဘုရင်မကို သရဖူဆောင်း ဘိသိက်သွန်းကြသည်။ မြို့သူမြို့သားများအားလုံး ပန်းများဖြင့် ဆက်သ ပူဇော်ကြသည်။

မိုင်ကယ်သည် ရွှေပွဲလာများထဲတွင် လိုက်ကြည့်သည်။ ကလယ်ရစ်ဆာကို မတွေ့ရချေ။

မာကို ကိုကား သူ့မိဘဆွေမျိုးများ ခြံရံလျက် တွေ့ရသည်။ မာကို၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် အမျိုးကောင်းသမီးလေး တစ်ယောက်စီ တွဲလျက် သား မြင်ရသည်။ သူ့မိဘများ လိုလားသဘောတူသည့် သတို့သမီးများ ဖြစ်ပေ လိမ့်မည်။ ကလယ်ရစ်ဆာ၏ အိမ်က အစေအပါး မိန်းမတွေကို တွေ့ရသော်လည်း ကလယ်ရစ်ဆာကို အစအနမှ မတွေ့ရချေ။ မိုင်ကယ်၏ ခြေထောက်များသည် အလိုလို လမ်းမပေါ်သို့ လျှောက်ကာ ကလယ်ရစ်ဆာ၏ အိမ်တော်ဆီသို့ ပြေးနေ တော့သည်။

ဝင်းတံခါးလည်း ပိတ်မထားသဖြင့် တန်းဝင်သွားသည်။ အိမ်တံခါးကို မိုင်ကယ် ခေါက်သည်။ ဘယ်သူမှမရှိဟု စိတ်က ထင်နေစဉ်မှာပင် တံခါးလေး ဟ လာသည်။ ကလယ်ရစ်ဆာ မတ်တတ်ရပ်လျက်သား တွေ့ရသည်။ ညဥ့်ဝတ်ရုံ ပါးလေး ဝတ်လျက်၊ ရွှေရောင်ဆံပင် ဖားလျားချထားသည်။

မိုင်ကယ် အတွင်းသို့ ဝင်လာသည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ကလယ်ရစ်ဆာက တံခါးကို ပြန်ပိတ်၍ ကန့်လန့်ထိုးလိုက်သည်။ သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး သိမ်းကျုံးပွေ့ဖက်လိုက်ကြသည်။

*

မေဒေးပွဲတော်ပြီးလျှင် မိုင်ကယ်သည် စိန့်ပရိကြူလစ်၏ ရုပ်ပုံကို ထုသည်။ ထိုသူတော်စင်သည် အင်အားပြည့်ဖြိုးသော လုလင်အရွယ်တွင် သက္ကရာဇ် ၃၀၃ ခုနှစ်က ဗိုလော့တနား မြို့တံခါးတွင် ရက်စက်စွာ အသတ်ခံခဲ့ရသည်။ မိုင်ကယ် သည် ထိုအရုပ်ကို ထုရာတွင် မရှက်မကြောက် သူ့ရုပ်ပုံ ပုံတူထုသည်။ နှာခေါင်း ကျိုးနှင့် မျက်လုံးကလည်း တန်းမတ်စူးစိုက်သည်။ ရန်သူအပေါင်းတို့ အပေါ်တွင် အနိုင်ယူမည်ဟူသော သတ္တိအပြည့် ပါသည်။ ရန်သူဟူသည်ကား လူ့ဘဝ၏ ရန်သူတွေ၊ အနုပညာ၏ ရန်သူတွေ။

နွေရာသီ ပူပူလောင်လောင်အချိန်တွင် မိုင်ကယ်မှာ အလုပ်လုပ်၍ ကောင်း တုန်း ဖြစ်သည်။ ဗင်စင်ဇိုကိုလည်း မတွေ့ရတော့ချေ။ သူ့ကို မတွေ့ရသည်က အရေးမကြီး။ ကလယ်ရစ်ဆာကော ဘယ်ပျောက်နေပါလိမ့်။ နောက်မှ သိရသည်။ မာကိုက ခေါ်သဖြင့် တောင်တန်းဒေသ အိမ်တော်မှာ အပူရှိန်မှ အရိပ်ခိုဖို့ လိုက် သွားသည် ဆိုသည်။

အယ်ဒိုဗရန်ဒီ မိသားစုလည်း နွေရာသီတွင် မြို့တွင်းမှာ မနေဘဲ တောင်ခြေ ဆီသို့ သွားနေကြသည်။ အလုပ်ကိစ္စတွေ ကြည့်ရှုရန် အယ်ဒိုဗရန်ဒီ ပြန်လာ သောအခါ ဖလော်ရင့်မြို့တော်မှ သတင်းထူး အံ့သြစရာတစ်ခု ကြားရပြန်သည်။ ဖာသာ ဆာဗိုနာရိုလာသည် ရောမမြို့တော်မှ ပုပ်ရဟန်း မင်းကြီးကိုပင် စစ်

ကြေညာသည် ဆိုပါကလား။ ပုပ်က ဆာဗိုနာရိုလာကို ရောမမြို့သို့ လာရမည်ဟု အမိန့်ပေးသော်လည်း အာဏာဖီဆန်၍ မလာဘဲ နေသည်။ ဘုရားသခင်က သူ့ကို ဖလော်ရင့်မြို့တော်မှာပဲ နေခိုင်းသည်ဟု ဆိုသည်။

*

ဆောင်းဦးရာသီသို့ ရောက်လာခဲ့ပြန်သည်။ မိုင်ကယ်သည် အလုပ် ပြီးစီးသွားပြီ ဖြစ်၍ ဖလော်ရင့်မြို့တော်ကြီးကို လွမ်းဆွတ်လာသည်။ စိန့်ပရိုကြူလစ်၏ ရုပ်ပုံလည်း ပြီးပြီဖြစ်ရာ အယ်ဒိုဗရန်ဒီကလည်း အလွန် သဘောကျသည်။

မိုင်ကယ်သည် ကလယ်ရစ်ဆာကို နှုတ်ဆက်ချင်သေးသည်။ သူ့ အလို အတိုင်းပင် တွေ့ဆုံနှုတ်ဆက်ရပါသည်။ အိမ်တော်ကြီးတစ်ခု၏ ပါတီပွဲတစ်ခုမှာ ဖြစ်၍ လူအများရှေ့တွင် သာမန်အသိအကျွမ်းလို ပြုံးပြီး နေကြရသည်။ ကလယ်ရစ်ဆာက အပြုံးမပျက်ဘဲ–

'သြော် ပြန်တော့မယ် ဟုတ်လား၊ ဘယ်တော့ ဒီကိုပြန်လာဦးမှာလဲ' ဟု ဝတ်ကျေတမ်းကျေ ပြောလိုက်သည်။

'မသိဘူး ခင်ဗျာ၊ ဘယ်တော့မှ ပြန်လာရမယ် မထင်ပါဘူး'

'အံမယ် ဒီမြို့တော်ကြီး တစ်ခါရောက်ဖူးရင် ပြန်လာတာချည်းပဲ ရှင့်'

မိုင်ကယ် အိမ်ပြန်ရောက်သောအခါ အမေနှင့် ညီအစ်ကိုများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။ သူ့အဖေက သူ ယူလာခဲ့သော ဒက်ကက် ငွေစ ၂၅ ပြားကို အားရဝမ်းသာ လက်ခံသည်။ သူ့ညီအစ်ကိုတွေ ကြီးထွားလာကြသည်။ ဗြူယိုကာရိုတို့မှာ အရပ်ကြီး ထိုးမြောက်သလို ရှည်လာသည်။ ဆာဂျီမိုတိုသည် ယမကာရောင်းဝယ်ရေး အသင်းတွင် အလုပ်သင် ဝင်လုပ်နေသည်။ ဃီယိုဗန်စီမိုနီသည် ဖာသာ ဆာဗိုနာရိုလာ၏ လူငယ်စစ်တပ် ခေါင်းဆောင်တစ်ဦး အဖြစ်ဖြင့် အာနိုမြစ်ကမ်းတစ်ဖက် အိမ်တော်ကြီးတွင် အကျနေထိုင်သည်။

သူ၏ သူငယ်ချင်းကောင်း ဃရာဏာချီသည် ကွယ်လွန်သူ ပန်းချီဆရာကြီး ဃာလန်ဒါအီယို၏ စတူဒီယိုကို ဆက်၍ စီမံနေသည်။ တစ်နေ့သော် သူ့ထံလာ၍ ပိုမိုလန်နီ မိသားစုအမျိုးတွေက မိုင်ကယ်ကို ပန်းပုအလုပ် အပ်လိုသည်ဟု ပြောသည်။

'ပိုမိုလန်နီ ဟုတ်လား၊ ဒီနာမည် တစ်ခါမှ မကြားဖူးပါလား။ သူတို့ကို ငါ မသိပါဘူး'

'မင်းသိတဲ့ လူတွေပါပဲကွာ။ ဟို မီဒီချီ အမျိုးတွေပေါ့၊ လော်ရင်ဇိုနဲ့ ဃိုင်အိုဗန်နီတို့ တစ်တွေပေါ့။ သူတို့က မီဒီချီနာမည်ကို ပြောင်းပစ်တယ်လေ။ အခု သူတို့က အတော် အာဏာရှိနေကြတယ်'

ဃရာဏာချီ၏ လေသံမှာ မခံချင်သည့် အစွန်းအစတွေ ထွက်နေသည်။

မိုင်ကယ်သည် သူတို့ဆီ လိုက်သွားတွေ့သည်။ ပိုမိုလန်နီ ညီအစ်ကို နှစ်ယောက်တွင် တစ်ယောက်၏အမည်မှာ လော်ရင်ဇိုပင် ဖြစ်သည်။ သူတို့၏ ဧည့်ခန်းမကြီးထဲတွင် သွားလေသူ မဟာလော်ရင်ဇို စုဆောင်းထားသော အနုပညာ ရတနာတွေ မြင်တွေ့ရသည်။ ထိုပစ္စည်းများကို မိုင်ကယ် မှတ်မိသည်။

ဃိုင်အိုဗန်နီက ခပ်ပေါ့ပေါ့ပင် ပြောသည်။

'ဒီဉစ္စာတွေ တို့ မတရား ခိုးယူတာ မဟုတ်ပါဘူး။ မြို့တော်အစိုးရက လေလံတင် ရောင်းတာနဲ့ ဝယ်ယူလိုက်တာပါပဲ'

ထိုနောက် ယခင်တစ်ခါက မိုင်ကယ်ကို ပြောဖူးသည့်အတိုင်း သူတော်စင် စိန့်ဂျွန်၏ ရုပ်တုတစ်ရုပ် ထုပေးစေချင်သည်ဟု ဆိုသည်။ မိုင်ကယ်ကို အိမ်တော် ကြီးသို့ ပြန်လာနေဖို့ ဖိတ်ခေါ်သည်။

မိုင်ကယ်သည် ရိဒိုလ်ဖိတို့ အိမ်တော်သို့ သွားသည်။ ကွန်တက်စီနာ သည် ဧည့်ခန်းတွင်းမှာ ထိုင်နေသည်။ သူ့အနားတွင် ငယ်စဉ်ကအတိုင်း အထိန်း တော်ကြီး ရှိသည်။ ကွန်တက်စီနာသည် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေသည်။

'ကွန်တက်စီနာ အခု ဘယ်လိုနေလဲ'

'တစ်ခါက မိုင်ကယ် ပြောဖူးတယ်လေ။ ကျွန်မ သားတွေ အများကြီး မွေးမယ်တဲ့'

မိုင်ကယ်သည် ကွန်တက်စီနာ၏ ဖြူရော်သောမျက်နှာနှင့် တောက်ပ သော မျက်လုံးများကို စိုက်ကြည့်ပြီး ကလယ်ရစ်ဆာ ပြောသည့်စကားကို ပြန် သတိရသည်။

"အချစ်ဆိုတာမျိုးကို ဘယ်တော့မှ ပြည့်ပြည့်ဝဝ ရကြတာ မဟုတ်ပါဘူး"

မိုင်ကယ်သည် ကွန်တက်စီနာတို့ အမျိုးတွေက ပန်းပုအလုပ်အပ်သည့် အကြောင်းကို ပြောပြသည်။

'ပိုင်ရိုက စစ်တပ်ထဲဝင်ဖို့ ခေါ်တုန်းကလည်း မလိုက်ခဲ့ဘူး။ အခု တစ်ခါ လည်း ကျေးဇူးရှင် အမျိုးသမီးတွေကို သစ္စာမဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ် အပြစ် တင်မိမယ့် အလုပ်မျိုး မလုပ်ချင်ဘူး'

'ဒါတော့၊ မိုင်ကယ် အရင်တစ်ခါတုန်းက သူတို့ ခိုင်းသေးတယ်။ ဒီတော့ မိုင်ကယ်က ငြင်းလိုက်ပြီးပြီ။ အဲဒါနဲ့ပဲ မိုင်ကယ် သစ္စာရှိကြောင်း ထင်ရှားနေပါပြီ။ အခုတစ်ခါ ထပ်ပေးတာတော့ မိုင်ကယ် လုပ်ချင်ရင်လည်း လက်ခံရုံ ရှိတာပဲ'

မိုင်ကယ်သည် ပိုမိုလန်နီ ညီအစ်ကိုထံ သွား၍ အလုပ်လက်ခံမည်ဟု စကားပြန်လိုက်သည်။ မိုင်ကယ်သည် ဖလော်ရင့် မြို့တော်သို့ ပြန်ရောက်သည့်

အချိန်ကစ၍ သွားလေရာတွင် စိတ်မချမ်းသာဖွယ်ချည်း ဖြစ်နေသည်။ လမ်းလျှောက်သွားလျှင် လူတွေအချင်းချင်း တစ်ဦးနှင့်တစ်ဦး မသင်္ကာနေကြပုံ၊ မုန်းတီးနေကြပုံ လက္ခဏာများ တွေ့နေရသည်။ ရှေးယခင် မဟာလော်ရင်ဇို၏ အဘိုးကက်စီမိုဒီ မီဒီချီ၏ လက်ထက်မှစ၍ မြို့တော်သားများ အချင်းချင်း ချစ်ခင်ညီညွတ်၍ သင့်မြတ်စွာ နေထိုင်ခဲ့ကြသည်။ ယခုအခါ၌မူ သုံးစုကွဲ၍ အချင်းချင်းအော်ဟစ်ဆဲဆို နေကြတော့သည်။ "အရူး အမူး လူစုများ" ဟူသည် ဥစ္စာဓနပြည့်စုံခဲ့ကြသူများနှင့် နိုင်ငံရေး၊ စီးပွားရေးတို့တွင် အလုပ်အကိုင် အတွေ့အကြုံရှိခဲ့သူများ ဖြစ်သည်။ သူတို့သည် ဖာသာ ဆာဗိုနာရိုလာနှင့် ပိုင်ရိုမီဒီချီ နှစ်ဦးစလုံးကို မနှစ်သက်ကြသူများ ဖြစ်ကြသည်။ "အဖြူများအုပ်စု" သည် ဆာဗိုနာရိုလာကို မနှစ်သက်ကြသော်လည်း လူအများကြိုက် အစိုးရဘက်က ရပ်တည်သဖြင့်သူ့ကိုပင် အားပေးကြသည်။ "မီးခိုးရောင်များ အုပ်စု" မှာ ပိုင်ရိုမီဒီချီ၏ ဘက်သားများ ဖြစ်၍ အာဏာပြန်ရအောင် ကြိုးစားနေကြသည်။

၁၄၉၆ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့၌ကား ဆာဗိုနာရိုလာကို ဆန့်ကျင်သော လူတစ်စုတို့သည် ကျိန်ဆဲသော စကားများကို အော်ဟစ်ကြွေးကြော်ကာ ဖာသာ၏ ဆန်မာကို ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်းသို့ ဝင်ရန် ချီတက်လာကြသည်။ သူတို့ လက်ထဲတွင် မီးတုတ်များ ပါသည်။ ဖာသာ၏ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို မီးရှို့ရမည်ဟု အော်လာကြသည်။

ဆန်မာကို ခရစ်ယာန်ကျောင်းတော်က ခင်ကြီးများသည် ပခုံးချင်းဆက်ကာ ကျောင်းရှေ့တွင် လက်ချင်းတွဲ၍ စီတန်းနေကြသည်။ လူစုလူဝေးကြီးသည် အော်ဟစ် ဆဲဆိုကြသည်။ ခင်ကြီးများက အလျှော့မပေးဘဲ ဆက်ရပ်နေကြသဖြင့် လူစုလူဝေးမှာ တကွဲတပြားစီ ပြန်ဆုတ်သွားကြသည်။

*

မိုင်ကယ်သည် ပိုမိုလန်နိုအိမ်တော်ဟု အမည်ပြောင်းထားသည့် အိမ်တော်ကြီးသို့ သွားနေဖို့ သူ့စိတ် ဘဝင်မကျဘဲ ရှိသည်။ သို့သော် ဥယျာဉ်ထဲတွင် အလုပ်လုပ်ဖို့ နေရာယူကာ ထိုင်ခုံချထားသည်။ သူ့မိတ်ဆွေဟောင်းကြီး ဗက်ပီထံမှ ဈေးသက်သက်သာသာနှင့် ကျောက်တုံး ကောင်းကောင်းရသည်။ ပိုမိုလန်နိုတို့က ပေးသော ငွေထဲက ကျောက်တုံးဝယ်ပြီး ကျန်ငွေကို သူ့အဖေကို ပေးလိုက်သည်။

ပိုမိုလန်နိုတို့က မိုင်ကယ်ကို မိတ်ဆွေရင်းချာကဲ့သို့ ဆက်ဆံသည်။ အဆန်းအပြား အနုပညာပစ္စည်း တစ်ခုခု ရောက်လာလျှင် သူ့ကို အိမ်တွင်းသို့ ခေါ်ပြသည်။ သူ့အဖေ လိုဒိုဗီကိုကပင် ကျေနပ်နေသည်။ သို့သော် မိုင်ကယ်သည် အလုပ်ထုဖို့ စိတ်မပါ၊ လုပ်ချင်စိတ် မရှိဘဲ ဖြစ်နေသည်။ အမှန်မှာ ယေရှုထက်

အလျင် ရှေးဦးစွာ ထာဝရဘုရားသခင်၏ တရားကို ဆောင်ယူသော သူတော်စင် စိန့်ဂျွန်၏ ရုပ်တုမှာ ထုချင်စဖွယ်၊ သဒ္ဓါတရား ရှိစဖွယ်တော့ ကောင်းလှသည်။ သို့သော် မိုင်ကယ် စိတ်ကုန်နေသည်။ အနုပညာကို ဖျက်ဆီးလိုကြသည်မှာ ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။ အနုပညာသည်များသည် ဒုက္ခဖြင့်ပြည့်သော လောကတွင်းဝယ် အလုပ်ဖြစ်အောင် လုပ်ကြရသည်။ အမှန်ဆိုပြန်တော့ လောက ဟူသည် ဒုက္ခတင်းကျမ်းနှင့် ချည်းပါတကား။

မိုင်ကယ်သည် စိန့်ဂျွန်၏အကြောင်းကို သမ္မာကျမ်းစာတွင် ဖတ်ကြည့် သည်။

ထိုအချိန်အခါတွင် ဘက်ပတစ် ဖြစ်သော ဂျွန် ပေါ်ထွက်လာလေသည်။ သူသည် ဂျူဒီယာနယ် တောကြီးမျက်မည်းထဲ၌ တရားစကားများကို မြွက်ဆို နေသည်။ သူက ပြောသည်။

'နောင်တ ရကြကုန်လော့၊ ထာဝရဘုရားသခင်၏ ဘုံရွှေနန်းကြီးသည် မကြာမဝေး အနီးကလေးမှာပင် ကပ်လျက် ရှိနေပေပြီ။ တောကြီးခေါင်ခေါင် အရပ်၌ တစ်ခုသောအသံ ပေါ်ထွက်လာချေပြီ။ ဘုရားသခင် ညွှန်သော လမ်းကို လိုက်ရန် ပြင်ကြလေလော့'

မိုင်ကယ် တွေးမိသည်။ စိန့်ဂျွန်သည် ထိုအခါက လူငယ်ကလေးသာ ဖြစ်ရမည်။ သို့ဖြစ်၍ အင်အားပြည့်ဖြိုးသော ၁၅ နှစ်အရွယ် လုလင်ပျို၏ပုံကို ထုသည်။ မိဒီချီ အမျိုးတွေက သဘောကျကြသည်။ သို့သော် မိုင်ကယ် စိတ်ပျက် အားလျော့သော ဒုက္ခကို လှိမ့်ခံနေရပြန်သည်။ သူ၏ သူငယ်ချင်း ဃရာဏာချီကို ပြောသည်။

'ငါ ဒီလေးနှစ်အတွင်းမှာ အရုပ်ခြောက်ထောင် ထုလို့ပြီးတယ်။ ဒါပေမဲ့ စိန့်ပရိုကြူလစ် အရုပ်တစ်ခုပဲ ပင်ကိုပညာ ပါတယ်'

သူ၏မွေးနေ့တွင် မိုင်ကယ်သည် စိတ်ပျက်အားငယ်စွာနှင့်ပင် သူ့အလုပ် ခန်း အတွင်းသို့ ရောက်လာခဲ့သည်။ အလုပ်ခုံပေါ်တွင် ကျောက်တုံးတစ်တုံး တွေ့ရသည်။ ကျောက်တုံးပေါ်တွင် မီးသွေးနှင့် ခြစ်ထားသော ဃရာဏာချီ၏ လက်ရေးစာလုံးများကို တွေ့ရသည်။

"ထပ်ကြိုးစားပါဦး"

မိုင်ကယ်သည် မဆိုင်းမတွပင် ထပ်ကြိုးစားတော့သည်။ ကလေးငယ် ပုံကလေးတစ်ပုံ ထုသည်။ ပြည့်ဖြိုးသည်။ ခွန်အားဗလနှင့် ပြည့်စုံသည်။ လက်ကို ခေါင်းအုံးလျက်သား အိပ်ပျော်နေပုံကို ရှေးခေတ် ရောမပညာသည်များ၏ အစဉ်အလာ လက်ရာနည်းတူ ဖန်တီးလိုက်သည်။ မိုက်ကယ်အဖို့ ဘာမျှ ရည်ရွယ် ချက် မရှိ၊ အပျင်းပြေ အပျော်သက်သက် လုပ်ခြင်းပင် ဖြစ်သည်။

လော်ရင်ဇို ပိုမိုလန်နိုက ထိုအရုပ်ကိုမြင်လျှင် အလွန်သဘောကျသွားသည်။

'အဲဒီ အရုပ်ကလေးကိုလေ မြေကြီးထဲမှာ နှစ်ပေါင်းများစွာ မြုပ်နေခဲ့ရတဲ့ ပုံများ လုပ်ပေးလိုက်စမ်းပါလား။ တစ်ခါတည်း ရှေးဟောင်းလက်ရာ ကျူးပစ်နတ်ရုပ်ကလေးလို့ ပြောရင် ယုံမှာပဲ။ အဲဒါကို ရောမမြို့တော်ကြီးမှာ ရောင်းရင် တန်ဖိုးသိပ်ကောင်းပေါ့။ အဲဒီက ဒါမျိုးတွေရောင်းတဲ့ လူတစ်ယောက်ရှိတယ်၊ လော်လ်ဒါဆာရီတဲ့'

မိုင်ကယ်သည် အရုပ်ကို ချေးတွေ တင်အောင်လုပ်၊ ရွံ့တွေ သံချေးနှင့် အထပ်ထပ်သုတ်သည်။ အရောင် ပျက်သွားအောင် ပွတ်တိုက်သည်။ မိုင်ကယ်မှာ ရှေးဟောင်း အရုပ်အတု တစ်ခုကို ပျော်စေပျက်စေ သဘောထားသည်။

လော်လ်ဒါဆာရီမှ တစ်ဆင့်ရောင်းရာ ကာဒီနယ် ရိုင်အာရီယိုက ဝယ်လိုက်သည်။ မိုင်ကယ် ရွှေစ ဒင်္ဂါးသုံးဆယ် ရသည်။

ဝါတွင်းအချိန် မရောက်မီ မိုင်ကယ်သည် သူ့ညီ ဃီယိုဗန်စီမိုနီကို လမ်းမှာ သွားတွေ့သည်။ မောင်မင်းကြီးသားလေးက အဝတ်ဖြူ ဝတ်ဆင်ထားသည့် လူငယ်ကလေးများကို ခေါင်းဆောင်လျက် လာသည်။ သူတို့ လက်ထဲတွင် ပန်းချီကား၊ ပန်းပုရုပ်များအပြင် အလှပြင်ပစ္စည်းများ၊ ရွှေငွေ လက်ဝတ်လက်စားများ ဆည့်သည့် သေတ္တာများ ပါလာသည်။ မိုင်ကယ်က လှမ်း၍ခေါ်သော်လည်း သူတို့က ရပ်စကားမပြောနိုင်ဘဲ 'နက်ဖြန်ညနေ မြို့တော်၏ လွတ်ရုံးရှေ့ လေဟာပြင်ကို လာခဲ့' ဟုသာ မှာသွားသည်။

အမှန်မှာ သူတို့ မိုင်ကယ်ကို မှာမသွားသည့်တိုင်အောင် ဖလော်ရင့် မြို့တော်တွင်း နေသူမှန်သမျှ နောက်တစ်နေ့ ညနေတွင် တွေ့မြင်ရသည့် ပွဲကြီးပွဲကောင်းမျိုးကို လွတ်နိုင်မည် မဟုတ်ပါချေ။ မြို့တော် ရပ်ကွက်ကြီး လေးခုမှ အဖြူဝတ် လူငယ်တပ်များ၊ စစ်တပ်များမှာကဲ့သို့ ဘင်ခရာ လူငယ်တပ်များ စီတန်းချီတက်လာကြသည်။ သူတို့သည် ကြွေးကြော်သံများ အော်လာကြသည်။ လွတ်ရုံးတော်ရှေ့ လေဟာပြင်တွင် စေတီကြီးသဖွယ် စုပုံထားသည့် ပစ္စည်းအပုံကြီး ရှိသည်။ မြို့သူမြို့သားများနှင့် ရွာနီးချုပ်စပ်ကလူများ ကွင်းပြင်ထဲတွင် အပြည့် ဝင်လာမစဲ ရှိနေကြသည်။ မီးရှို့မည့် နေရာကို ဖာသာ ဆာဗိုနာရိုလာနှင့် ခင်ကြီးများက ကြိုးနှင့်တားလျက် ကာပေးထားသည်။ ထိုပစ္စည်းပုံထဲတွင် မိန်းမများ အသုံးအဆောင် အလှပစ္စည်းများအပြင် ပန်းချီ ပန်းပု ပစ္စည်းတွေလည်း ပါသည်။ ထိုနောက်က ပန်းချီကျော် ဗိုတယ်ချီလီသည် သူ၏ ပန်းချီကားအချို့ကို သူကိုယ်တိုင် မီးထဲ ပစ်ချသည်ကို မိုင်ကယ် မြင်လိုက်ရသည်။

ဆာဗိုနာရိုလာနှင့် နောက်ပါ ခင်ကြီးများ၏ ကြွေးကြော်သံများနှင့် မီးတောက်မီးလျှံများ တက်လာတော့သည်။ မိုင်ကယ်မှာ မျက်ရည်သွယ်သွယ် ကျဆင်းလျက် ဤနေရာ အရပ်က ထွက်ပြေးချင်စိတ် ပေါက်လာသည်။

သူ့စိတ်ဆန္ဒ ဆုတောင်းပြည့်ဖို့ ဖြစ်လာသည်။ မကြာမီပင် ပိုမိုလန်နို အိမ်တော်မှ သူ့ကို အခေါ်လွှတ်လိုက်သဖြင့် သွားရာ၊ ရောမမြို့တော်မှ မင်းဆွေ မင်းမျိုး လူကြီးတစ်ယောက် ရောက်နေသည်ကို တွေ့ရသည်။ ထိုသူမှာ အင်္ဂလီယွန်နီ ဖြစ်၍ ရောမမြို့ ကာဒီနယ် ရိုင်အာရီယိုက စေလွှတ်လိုက်ခြင်း ဖြစ်သည်။ ရှေးဟောင်းရုပ်တုဆိုပြီး ရောင်းလိုက်တဲ့ ကျူးပစ်ပုံကို ထုတဲ့ ပန်းပုဆရာကို ရှာခဲ့ရမယ် ဆိုပါကလား။

မိုင်ကယ်သည် ထိုပုံကို သူပင် ထုပါသည်ဟု ဝန်ခံသည်။ ထိုအရုပ်အတွက် ရွှေစ အပြားသုံးဆယ် ရပါသည်ဟု ပြောသည်။

'ဟင် ၃၀ ထဲလား၊ ကာဒီနယ်က ၂၀၀ ပေးလိုက်တာပဲ'

'ဒီလိုဆိုရင် ဟိုသူခိုး လော်လ်ဒါဆာရီ ကြားထဲက ခိုးတာပဲ' ဟု မိုင်ကယ်က ဆိုသည်။

ထိုအခါ အင်္ဂလီယွန်နီက ပြောသည်။

'အေး ဒီလိုပဲ ကာဒီနယ်က ပြောတာပဲ၊ သူကလည်း ဒီအရုပ်ဟာ ရှေးဟောင်းအစစ် မဟုတ်ဘဲ အတုပဲ ဖြစ်ရမယ်လို့ ထင်ထားတယ်။ ဒီတော့ ငါနဲ့ ရောမမြို့ကို လိုက်ခဲ့ပါလား။ လော်လ်ဒါဆာရီနဲ့ မင်း စာရင်းရှင်းကြပေါ့။ ပြီးတော့ ကာဒီနယ်ကလည်း မင်းကို သူ့ဆီမှာ ခေါ်ထားချင်တယ်။ အတုတောင် ဒီလောက်တူအောင် လုပ်နိုင်တဲ့ ပန်းပုဆရာရဲ့ လက်ရာဟာ ကောင်းရမယ်တဲ့'

အင်္ဂလီယွန်နီ၏ မျက်လုံးထဲတွင် သူ ဆင်သည့်အကွက် မိလောက်ပြီဟု ကျေနပ်သော အမူအရာ ဖြစ်နေသည်။

မိုင်ကယ်ကလည်း 'အိမ်ပြန်၍ ယူစရာပစ္စည်းများ ယူပြီး တစ်ပါတည်း လိုက်ခဲ့ပါမည်' ဟု ဆိုလိုက်သည်။

---

ခေတ်ပြိုင်သူငယ်ချင်းများ(ဝဲမှယာ–မိုင်ကယ်၊ ရာဖယ်နှင့် လီယိုနာဒို ဒါဗင်ချီ)





## အခန်း ၅
## ရောမမြို့တော်

မိုင်ကယ်သည် ရောမမြို့တော်အနီး မြောက်ဘက်ရှိ တောင်ကုန်းပေါ်၌ ခဏ ရပ်လိုက်သည်။ ရောမမြို့တော်ကြီးကို အောက်ဘက် တောင်များ ကြားထဲတွင် တွေ့မြင်ရသည်။ မြင်လိုက်ရပုံမှာ လူရမ်းကားတစ်စုက တမင် ဖျက်ဆီးထားလေသလားဟု ထင်ရသည်။

ရောမမြို့တော်သားများသည် မြို့တော်၏ ဂုဏ်ကျက်သရေကို မထိန်းသိမ်းကြချေ။ လမ်းတွင် ဖြတ်သွားရသည့် လေဟာပြင်ကွင်းတစ်ခုမှာ အမှိုက်ပုံတွေ ပုပ်ပွနံစော်နေသည်။ လမ်းများ ကျဉ်းမြောင်း၍ ခင်းထားသည့် ကျောက်များမှာ ကျိုးပဲ့နေသည်။

အခုပင် ပြိုကျတော့မည်ကဲ့သို့ ဟောင်းနွမ်း စုတ်ပြတ်နေသော ရှေးဟောင်း အိမ်တော်ကြီးများကြားတွင် ဈေးဆိုင်များ ညပ်နေသည်။ ခရစ်ယာန်တို့၏ အချက်အချာ ဗဟို မိခင်မြို့တော်ကြီးမှာ သွားလေရာ ခြေထောက်အောက်တွင် အမှိုက်သရိုက်၊ ခွေးသေကောင်ပုပ်များ ပြည့်နေသည့် တံမြက်ချေးပုံကြီး ဖြစ်နေသည်။ မြို့သူမြို့သားများကလည်း ရှေးဟောင်း ကျောက်သားတိုင်ကြီးများကို မီးတိုက်၍ ထုံးထုတ်ယူနေကြသည်။

အင်္ဂလိယွန်နီသည် မိုင်ကယ်ကို ဦးဆောင်၍ ခေါ်သွားရာ လေဟာပြင် ဈေးတွင်းသို့ ရောက်လာခဲ့သည်။ ထိုနေရာမှာ ဈေးဆိုင်ကနားများ သန့်ရှင်းသပ်ရပ်သည်။ ဈေးဆိုင်များ ခင်းကျင်းထားသည်မှာ လုပတင့်တယ်သည်။ အမျိုးသမီးများ ဈေးခြင်း ကြီးငယ်တို့နှင့် ဈေးဝယ်နေကြသည်။ ထိုအခါကျမှ မိုင်ကယ် ပြုံးနိုင်တော့သည်။

'အင်း၊ ကျွန်တော်ဖြင့် မြင်းကို ပြန်လှည့်ပြီး ဖလော်ရင့်မြို့ကို ပြန်ပြေးတော့မလို့ နည်းနည်းလိုတော့တယ်' ဟု ပြောသည်။

'အေး၊ ရောမ မြို့တော်ကြီးရဲ့ အဖြစ်ကတော့ သနားစရာပဲ။ အရင် ဆောင်းကင်ဘုံမှာ အိပ်ပျော်သွားတဲ့ ပုပ်ရဟန်းမင်းကြီးက ကြိုးစားပြုပြင်ခဲ့ရှာသေးတယ်။ အခု ဗိုးဂျီးယား အမျိုးတွေ လက်ထက်ကျတော့ ပြန်ပျက်စီးနေပြီ'

မိုင်ကယ်သည် အင်္ဂလီယွန်နီအိမ်မှာ ခေတ္တ တည်းခိုနေသည်။ ကာဒီနယ် ရိုင်အာရီယို၏ ကျောင်းတော်သို့သွား၍ ဖူးမျှော်ကြသည်။ ကာဒီနယ်က အင်္ဂလီယွန်နီအား ရောမမြို့တော်ရှိ ပန်းပုများကို မိုင်ကယ်ကို လိုက်ပြခိုင်းသည်။ မိုင်ကယ်သည် ရောမမြို့တော်ကြီး အခြေစုတ်ပဲ့သလောက် ပန်းပုလက်ရာများ စုပုံကြွယ်ဝသည်ကို မြင်ရသည်။

ကာဒီနယ်က မိုင်ကယ်ကို သူ့ခရစ်ယာန်ကျောင်းတော်ကြီးမှာ ခေါ်ထားသည်။ မိုင်ကယ် လိုချင် သဘောကျသည့် ကျောက်တုံးကြီး ဝယ်ရန် ငွေစ ထုတ်ပေးသည်။ ဘာရုပ် ထုပေးရမည်ဟူ၍လည်း မပြော၊ ငွေကြေး နောက်ထပ် ဘယ်ရွေ့ဘယ်မျှ ပေးမည်ဟုလည်း မဆိုချေ။ မိုင်ကယ်မှာ ကာဒီနယ်၏ စာရေးစာချီ၊ စာရင်းကိုင် အလုပ်သမားများနှင့်အတူ အောက်ဆုံးထပ် အခန်းတန်းလျားရှိ အခန်းငယ်လေးမှာ အိပ်ရသည်။ စားတော့လည်း တတိယတန်းစား စားပွဲမှာ အခြားအလုပ်သမားများနှင့်အတူ စားသောက်ရသည်။

နောက်တစ်နေ့ နံနက်တွင် မိုင်ကယ်သည် အနုပညာပစ္စည်း ကုန်သည် လော်လ်ဒါဆာရီထံ သွားသည်။ ကာဒီနယ်ထံက ရသည့် ရွှေစ နှစ်ရာကို ကာဒီနယ်အား ပြန်ပေးလိုက်သည်။ သို့ဖြစ်၍ မိုင်ကယ်က သူ ရသည့် ရွှေစ သုံးဆယ်ကို လောလ်ဒါဆာရီအား ပြန်ပေးပါမည်၊ အရုပ်ကိုသာ သူ့အား ပြန်ပေးပါဟု တောင်းသည်။ လော်လ်ဒါဆာရီက ငွေလည်း ပြန်မယူ၊ အရုပ်ကိုလည်း မပေးဟု ဆိုသည်။

မိုင်ကယ် ဒေါပွ၍ 'ဘာလဲ၊ ခင်ဗျား ကာဒီနယ်ဆီက ရတဲ့ ရွှေစ နှစ်ရာ ပေးလျက်သားနဲ့ ကျွန်တော့်ကို သုံးဆယ်ထဲ ပေးတာ ဘာကောင်းသလဲ' ဟု ပြောသည်။

'ဟ ကောင်ရ၊ မင်း အရုပ်ကလည်း ရှေးဟောင်းပစ္စည်းလည်း မဟုတ်၊ အတုကြီးပဲ။ မင်းကော ဘာကောင်းလဲ' ဟု ပြန်ပြောသည်။

မိုင်ကယ်သည် စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ထွက်လာခဲ့ပြီး လမ်းပေါ်ရောက်မှ အော်၍ ရယ်လိုက်သည်။

'အင်း သူပြောတာလည်း ဟုတ်ပေသားပဲ။ ငါ့ကိုက အရုပ်တုကြီး လိမ်ပေးလိုက်တာပဲ'

ထိုအခါ သူ့နောက်က လူတစ်ယောက် ပြောသံကြားရသည်။

'မိုင်ကယ်အိန်ဂျယ်လိုဗြူအိုနာရိုတီ၊ မင်းဟာ တစ်ယောက်တည်း ဒီလိုပဲ စကားပြောပြောနေတတ်သလား'

မိုင်ကယ် လှည့်ကြည့်လိုက်ရာ သူ့ဦးလေး၏ မိတ်ဆွေ ဖလော်ရင့် မြို့သားတစ်ဦးကို တွေ့ရသည်။ ဖလော်ရင့်မြို့တော်မှာ နေစဉ်က မြင်ဖူးရုံသာ ရှိသော်လည်း

တစ်မြို့တစ်ရွာမှာ လာတွေ့သောအခါ ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ ထိုသူမှာ ဗော်လ်ဒူချီဖြစ်၍ ရောမမြို့တော်သား ဘဏ်သူဌေး တစ်ဦးထံတွင် စာရင်းစစ်အလုပ် ရနေသည်။ ထိုညနေ မိုင်ကယ်ကို ညစာ ကျွေးသည်။ ထို့နောက် မိုင်ကယ်နှင့် ဆွေမျိုးနီးစပ်တော်သော ဘဏ်သူဌေး ရှုချယ်လေ၏ အိမ်တော်ကြီးသို့ ခေါ်သွားသည်။ ထိုအိမ်တော်ကြီးမှာ ရောမမြို့တော် ပွန်တီရပ်ကွက်မှာ ဖြစ်သည်။

ပွန်တီရပ်ကွက်မှာ ဖလော်ရင့်မြို့တော်သားများ စုဝေးနေထိုင်ရာ ဖြစ်သည်။ သူတို့သည် သီးသန့်ဈေးတန်းများထား၍ စားသောက်ကုန်များကို တပ်စကင်နီနယ်မှ တင်ပို့ပေးသည်။ ရောမမြို့ကြီး၏ အခြားနေရာကွက်များ ညစ်ပတ်သလောက် ပွန်တီရပ်ကွက်မှာ သန့်ရှင်းသည်။ အိမ်များကို အပျက်အစီး မရှိရအောင် အမြဲပြုပြင်သည်။ လမ်းပေါ်မှာ အမှိုက်ပစ်လျှင် ဒဏ်ငွေ တပ်သည်။ ညအခါ ရဲအစောင့်များ ထားရှိသည်။ ထိုအရပ်ကို ရောမမြို့သားများ ပြောင်းရွှေ့နေခွင့် မရကြချေ။ ရောမမြို့သားများကလည်း ဖလော်ရင့် မြို့သားဆိုလျှင် သူတို့အိမ်ရိပ် အနင်းမခံချင်ကြချေ။

"သင်းတို့လူမျိုး လက်ခံမယ့်အစား မသာလောင်း လက်ခံချင်သေး" ဟု ဆိုကြသည်။

ဖလော်ရင့်မြို့သားများကလည်း ရောမမြို့သားဆိုလျှင် ခွေး၊ ဝက်နှင့် တစ်တန်းစားတည်းပဲဟု ဆိုသည်။

မိုင်ကယ်ကို ပွန်တီရပ်ကွက်နေ ဖလော်ရင့်မြို့တော်မှ ရပ်ဆွေရပ်မျိုးစုများနှင့် မိတ်ဖွဲ့ပေးသည်။ သူ့ကို ကောင်းစွာ လက်ခံကြသည်။

ထိုအတောအတွင်း ကာဒီနယ်ကလည်း မိုင်ကယ်ကို အလုပ် တိတိကျကျ မပေးသေးချေ။ သူ့ကို ရှိလေသည်ဟုမှ သဘောမထားဘဲ နေသည်။ မိုင်ကယ်သည် အားအားရှိလျှင် သူ နေ့စဉ်မြင်တွေ့ရသော လူများကို ပုံတူ ရေးဆွဲသည်။ ပုပ်ရဟန်းမင်းကြီး ကိုယ်ရံတော်တပ်သားများ ဖြစ်ကြသော ကော်စီကား ကျွန်းသားများ၊ ပုံနှိပ်စက် အလုပ်သမား ဂျာမန်လူမျိုးများ၊ ပြင်သစ်လူမျိုး အပ်ချုပ်သည်များ၊ စပိန်လူမျိုး စာအုပ်သည်များ၊ ပေါ်တူဂီ လူမျိုးများ ဖြစ်ကြသည်။

မိုင်ကယ်သည် လ ပေါင်းများစွာ လူသေများကို ခွဲကြည့်လာခဲ့သဖြင့် လူပုံပန်း ရေးဆွဲရာတွင် လက်ရာပြောင်မြောက်လာသည်။ သို့သော် ပန်းပုကို မကိုင်ရသေးချေ။ အင်္ဂလီယွန်နီက သတိပေးသည်။

'ကာဒီနယ်ဆီက အမိန့်မရဘဲနဲ့ ကျောက်တုံးကြီးကို ဘာမှ သွားမထိသေနဲ့နော်၊ ကာဒီနယ်က သူ့ပစ္စည်းကို သိပ်စည်းကမ်းရှိတယ်'

သူ့ကို သာမန် လက်လုပ်သမား တစ်ယောက်ပမာ ပစ္စည်း အကိုင်အတွယ်ကိစ္စကို လိုက်သတိပေးခံရသဖြင့် မိုင်ကယ် အတော်ပင် ရှက်သွားသည်။

တစ်နေ့သော် ရှုချယ်လေထံမှ ပိုင်ရိုမီဒီချီအား ဂုဏ်ပြုဧည့်ခံပွဲသို့ တက်ရန် မိုင်ကယ်ဆီ ဖိတ်စာရောက်လာသည်။ ပိုင်ရိုမှာ ထုံးစံအတိုင်း ဖလော်ရင့်မြို့တော်ကို ပြန်တိုက်ယူဖို့ စစ်သားစုနေသည်။ ကာဒီနယ် ဃိုင်အိုဗန်နီမှာ ရောမမြို့တော်တွင် အိမ်နှင့် အတည်တကျ နေထိုင်လျက် ရှိသည်။

ထိုနေ့နံနက် မိုင်ကယ်သည် ဆံပင် ကျကျနနဖြီး၊ မုတ်ဆိတ်ကျင်စွယ်များ ရိတ်ပြီးသည့် အချိန်တွင် ဘင်ခရာသံများ ကြားသဖြင့် အပြင်ထွက်ကြည့်သည်။ ဗောဂျီးယား ပုပ်ရဟန်းမင်းကြီး အဆောင်အယောင် အခမ်းအနားနှင့် လှည့်လာသည်ကို မြင်သည်။

ဆဋ္ဌမမြောက် အလက်ဇန်ဒါး အမည်ခံ ပုပ်ရဟန်းမင်းမှာ အမည်ရင်း ရိုဒီဃိုဗောဂျီးယား ဖြစ်သည်။ စပိန်ပြည်သား ဖြစ်၍ အသားညိုပြီး သန်မာထွားကျိုင်းသည်။ ဝတ်ရုံဖြူ ဝတ်ဆင်၍ မြင်းဖြူကြီး စီးလာသည်။ သူ့ရှေ့က အနီရောင် ဝတ်ရုံများဆင်သည့် ကာဒီနယ်များက ချီတက်ရသည်။ သူ့ နောက်က မရမ်းစေ့ရောင် ဝတ်ရုံများဆင်သည့် မင်းညီမင်းသားများ လိုက်ပါသည်။

ပုပ်ရဟန်းမင်းသည် ကာဒီနယ် ဘဝမှစ၍ ရှေးက ပုဂ္ဂိုလ်များထက် အစွမ်းထက်သော အချက်တစ်ခုမှာ ချော့ပေ့လှပေ့ဆိုသည့် မိန်းမတွေ သိမ်းယူနိုင်ခြင်းနှင့် ဥစ္စာဓနတွေ စုဆောင်းနိုင်ခြင်း ဖြစ်သည်။ ကာဒီနယ်အဖြစ် နေစဉ်က သူ့အထက်က ဖြစ်သော ပုပ်ရဟန်းမင်း ပိုင်းယက သူ့ကို ‘မာတုဂါမတွေနှင့် အကျွမ်းဝင်လွန်းလှသည်’ ဟု ဆုံးမခဲ့ဖူးသည်။ ထိုဆုံးမစကား ပြောခြင်းမှာ အထင်အရှားသားသမီးခြောက်ယောက်မျှကို အမေတစ်ယောက်စီမှ မွေးဖွားပေးစေနိုင်သော ပုဂ္ဂိုလ်တစ်ဦးအဖို့ ပြက်လုံးတစ်ခုကဲ့သို့ ဖြစ်နေသည်။ ယခု သူ ပုပ်ရဟန်းမင်းရာထူးတော် ရရှိခဲ့သည်။

မိုင်ကယ်သည် ဗောဂျီးယား ပုပ်ရဟန်းမင်းကို ကြည့်ကာ–

“အင်း ဒီလူကြီးကို ပိုင်ရိုမီဒီချီတို့တစ်တွေ သိပ်ကြောက်တာပဲ၊ ပြီးတော့ ဖာသာ ဆာဗိုနာရိုလာကလည်း သူ့ကို ဦးတည်ပြီး အခု တိုက်နေတာပဲ” ဟု အောက်မေ့သည်။

မိုင်ကယ်သည် ပိုင်ရိုမီဒီချီ၏ ဧည့်ခံပွဲသို့ လာခဲ့သည်။ ပိုင်ရိုကို ရိုသေစွာ ဦးညွှတ်နှုတ်ဆက်သည်။ သို့သော် ပိုင်ရိုက ခပ်အေးအေးပင် နေသည်။ ကာဒီနယ် ဃိုင်အိုဗန်နီကမူ မိုင်ကယ်ကို ဝမ်းပန်းတသာ နှုတ်ဆက်သည်။ သူ့မှာ ကာဒီနယ်ရာထူးနှင့်သာ ဆိုရသော်လည်း ဗောဂျီးယား ပုပ်ရဟန်းမင်း၏ လက်အောက်တွင် ဘာမှ ဩဇာအာဏာမရှိ ဖြစ်နေသည်။

ထိုညက ဖလော်ရင့် မြို့တော်သားများသည် ညစာ စားကြသည်။ အမဲသား

စဉ်းကောနှင့် မှိုများ၊ အဆာသွတ်သည့် ဂျုံဖက်ထုပ်များ၊ နွားနို့ စိမ်၍ ချက်ထားသော နွားပျို့သားနှင့် ယမကာများကို မြိန်ရှက်စွာ စားသောက်ရင်း စကားကလည်း လှိုင်လှိုင်ပြောကြသည်။

သူတို့သည် သူတို့၏ အတိုက်အခံဖြစ်သော ပုပ်ရဟန်းမင်းကို ဖောဂျီးယား အမျိုးဟူ၍ စကားပြောရာတွင် အမည်တပ်ခေါ်သည်။ ပုပ်ရဟန်းမင်း၏ အဖြစ်ကိုကား တတ်နိုင်သရွေ့ ရိုသေလေးစားကြသည်။ သို့သော် စပိန်ပြည်မှ ရေမျောကမ်းတင် ရောက်လာသည့် ဖောဂျီးယား အမျိုးအနွယ်က ပုပ်ရဟန်းမင်း ရာထူးကို တက်ရသည်ကိုလည်း မခံမရပ်နိုင် ဖြစ်ကြသည်။ ပုပ်ရဟန်းမင်း ဆိုသည်မှာ တန်ခိုးအာဏာနှင့်တကွ ဥစ္စာစည်းစိမ်တွေကလည်း ပေါများလှသည်။ ရောမမြို့တော်ရှိ ဖလော်ရင့်မြို့သား အုပ်စုက ဖော်ဂျီးယား ပုပ်ရဟန်းမင်းကို အတိုက်အခံပြုသည့် ဟာသာ ဆာဗိုနာရိုလာ၏ဘက် လိုက်လိုကြသည်။ သို့ဖြစ်၍ ပိုင်ရိုက စစ်သားစုဆောင်းပြီး ဆာဗိုနာရိုလာ၏လက်မှ ဖလော်ရင့်မြို့ကို ပြန်ယူချင်သည့် ကိစ္စကို သူတို့အဖို့ ဘဝင်မကျ ဖြစ်နေကြသည်။

နိုဝင်ဘာလတွင် ပိုင်ရိုသည် ဖလော်ရင့်မြို့ကို ချီတက်သည်။ သို့သော် မကြာမီပင် စစ်သားတွေ ဖရိုဖရဲနှင့် သူ့မှာလည်း ပါသမျှ ငွေ၊ ရွှေတွေ ကုန်ပြီး ရောမမြို့တော်သို့ ပြန်လာရသည်။ ပိုင်ရိုသည် ရောမမြို့တော်တွင် ရနိုင်သမျှ အသောက်အစား၊ အလောင်း အကစားတွေကို လိုက်စားကာ ဖလော်ရင့် မြို့သားများ၏ အရှက်ကို ကောင်းကောင်းခွဲလေတော့သည်။

ကာဒီနယ် ယိုင်အိုဗန်နီ ပိုင်သည့် ရုပ်တု၊ ပန်းချီကား အဖိုးတန်ပစ္စည်းမှန်သမျှကို အတိုးကြီး တစ်ရာ နှစ်ဆယ်တိုးနှင့် ပေါင်နှံကာ ကြွေးဆပ်သည်။ ပိုင်ရိုမှာလည်း မျက်နှာကြီး နီရဲပွရောင်ပြီး ကြည့်ရှုမကောင်းသည့်ရုပ် ပေါ်နေသည်ကို မိုင်ကယ် တွေ့ရသည်။

*

ကာဒီနယ် ရိုင်အာရီယိုကလည်း မိုင်ကယ်ကို အလုပ်မပေးသေးဘဲနှင့် အချိန်တွေကုန်လာသည်။ တစ်နေ့သော် မိုင်ကယ်သည် ဖလော်ရင့်မြို့သား ဗိသုကာတစ်ဦးဖြစ်သော ဆန်ဂါလိုနှင့်တွေ့ရာ မိုင်ကယ်က သူ့ဒုက္ခကို ပြောပြသည်။

ထိုအခါ 'ဒီလိုဆိုရင် ပန်းပုကို အသာမေ့ထားပြီး ဗိသုကာပညာဘက်လိုက်ကွ' ဟု ဆိုသည်။

မိုင်ကယ်နှင့် ဆန်ဂါလိုတို့သည် ရောမမြို့တော် ရှေးဟောင်း အဆောက်အအုံကြီးများကို လေ့လာ၍ ပုံဆွဲကြသည်။ ပျက်စီးပြိုကျနေသော အခြေအနေကိုကြည့်၍ ရှေး ရောမစာရေးဆရာကြီးများ ရေးခဲ့သည့် စာများကို ဖတ်ကြသည်။

ထိုခေတ်က ဘယ်လိုပုံပန်းရှိမည်ကို စိတ်ကူးနှင့် ဖမ်းယူလိုက်ပြီး ပြန်၍ ဖန်တီးကြည့်ကြသည်။ တစ်နေ့တစ်နေ့ မိုင်ကယ်မှာ သည်အလုပ်ထဲမှာပင် စိတ်ရောလူပါ ပုံအပ်ထားလိုက်သည်။ ဆန်ဂါလိုသည် မိုင်ကယ်အား ဗိသုကာပညာ သင်ပေးသော လက်ဦးဆရာပင် ဖြစ်တော့သည်။

တစ်နေ့သောအခါ ကာဒီနယ် ရိုင်အာရီယိုက မိုင်ကယ်ကို စိတ်လိုလက်ရ ခေါ်ပြီး စကားပြောသည်။

'ကဲ ငါ့အတွက် ဘာရုပ် ထုပေးမယ်ဆိုတာ မင်း စဉ်းစားလို့ ရပြီလား'

သူနှင့်အပြိုင် အခြား ကာဒီနယ်တစ်ဦး၏ ဥယျာဉ်ထဲမှာ ရှေးဟောင်း ရုပ်တုများနှင့် ပြိုင်နိုင်မည့် အရုပ်မျိုး လိုချင်သည်။ ခရစ်ယာန်ဘာသာ မပေါ်မီ ခေတ်က အရုပ်မျိုး ရလိုသည်။

မိုင်ကယ်သည် ချက်ချင်း စဉ်းစားလိုက်သည်။ ရှေး ဂရိနတ်တွေထဲက အပျော်ရွှင်ဆုံး မည်သူနည်း။ အရက် ယမကာကိုစောင့်သော ဗာခူးနတ်သည် လူတို့၏ ပျော်ပါးမှုနှင့် ကောက်သီးနှံ မျိုးပြန့်ပွားမှုကို စောင့်ရှောက်သောနတ် ဖြစ်သည်။

'ဟုတ်ကဲ့၊ အရှင့်အတွက် ဗာခူး နတ်ရုပ် ထုပေးချင်ပါတယ်'

မိုင်ကယ်သည် အရုပ်ထုရန်အတွက် ပုံများ ရေးဆွဲနေသည်။ ရောမ မြို့တော်တွင် သွေးထွက်သံယိုမှုများ ဖြစ်ပြန်သည်။ ပုပ်ရဟန်းမင်းက ဖာသာ ဆာဗိုနာရိုလာကို သာသနာပ နှင်ထုတ်ကြေညာသည်မှ အစပြုခဲ့သည်။

ပုပ်ရဟန်းမင်း၏သား ဂျယန်ဗောဂျီးယားမှာ ရက်စက်စွာ အသတ်ခံရသည်။ သူ့အလောင်းကို ဓားဒဏ်ရာများနှင့် တိုင်ဗာမြစ်ထဲ၌ တွေ့ရသည်။

ရောမမြို့သားများမှာ အားရဝမ်းသာ ဖြစ်ကြသည်ကို ဖုံးကွယ်၍ပင် မထားနိုင်ကြချေ။ ကာဒီနယ် ရိုင်အာရီယိုမှာကား ပုပ်ရဟန်းမင်းနှင့်ထပ်တူ ဝမ်းနည်းလှသည်ဆိုပြီး အိမ်တော်ကြီးကို ပိတ်ထားသည်။ ဘာအလုပ်မှ မဖြစ်တော့ချေ။ ပန်းပုကိစ္စလောက်တော့ မေ့ထားလိုက်ပြန်သည်။

ထိုအတောအတွင်း မိုင်ကယ်၏ မိသားစုမှာ ဒုက္ခတွေ ပိုလာပြန်သည်။ သူ့မိထွေး ဆုံးသည်။ မိုင်ကယ်သည် သူ့မိထွေးကို ချစ်သည်။ မိထွေးကလည်း သူ့အပေါ် ကောင်းခဲ့ရှာသည်။ ယခု သူဆုံးသွားတော့ မိုင်ကယ် မျက်ရည်ကျရသည်။

မိုင်ကယ်၏အဖေ လိုဒိုဗီကိုမှာလည်း ဇနီးသည်ကို နှမြောတသ ဝမ်းနည်းနေသည်။ သူ့ဒုက္ခများမှာ ထိုမျှမက ကြီးလှသည်။ ကြွေးတွေ မပေးနိုင်သဖြင့် ထောင်ကျရတော့မည့် အခြေသို့ ရောက်နေသည်။ အခြား သားတွေကလည်း အားမကိုးရသဖြင့် မိုင်ကယ်မှာ သူ့အတွက် ပူရပြန်သည်။

မိုင်ကယ်သည် ရှုချယ်လေထံ သွား၍ အကူအညီ တောင်းသည်။ အခြားမှာ ငွေချေးလျှင် တစ်ရာ နှစ်ဆယ်တိုး ဖြစ်သည်။ သို့ဖြစ်၍ သူ့အိတ်ထဲမှ ၂၅ ဖလော်ရင် ထုတ်ပေးမည်။ ရှိတော့မှပေး၊ အတိုးလည်း မပေးနှင့်ဟု ဆိုသည်။ မိုင်ကယ်သည် ထိုငွေနှင့် သူ့အဖေကို ကူညီလိုက်ရသည်။

ထို့နောက် မိုင်ကယ်သည် သူ့ရှိစုမဲ့စု ငွေစလေးနှင့် ကျောက်တုံးသေးသေး တစ်တုံးဝယ်ပြီး ကျူးပစ် နတ်ရုပ်ပုံကလေး တစ်ပုံ ထုပြန်သည်။ အိပ်ရာက နိုးလာသည့် ကလေးငယ်လေး မိခင်ဆီ လက်ကမ်းနေပုံ ထုသည်။ အရုပ်ကလေးမှာ ချစ်ခင်နှစ်လိုဖွယ်ရာ ကောင်းလှသည်။

မိုင်ကယ်၏မိတ်ဆွေ ဖော်လ်ဒူချီသည် ထိုအရုပ်ကလေးကို မြင်သော အခါ သဘောကျသည်။ သူ့အလုပ်ရှင် ဘဏ်သူဌေးကြီး ဂေါ်လီကို ပြကြည့် ခမ်းရအောင်ဟု ဆိုသည်။

သူတို့နှစ်ယောက် သွားကြရာ ဂေါ်လီကို ဥယျာဉ်ထဲတွင် စာဖတ်နေသည် ကို တွေ့ရသည်။ သူ ဖတ်နေသည့် စာအုပ်မှာ ရှေးဟောင်း ဂရိပြဇာတ် ဖြစ်သည်။ သူကြီးမှာ အရပ်မြင့်မား ထွားကျိုင်းလှသည်။ ခြောက်ပေကျော် မြင့်သည်။ မိုင်ကယ် ၏ စိတ်ထဲတွင် ခုနစ်ပေတောင် ရှိမည်ထင်သည်။ သည်လို အရပ်မြင့်သည့်လူမျိုး သည်တစ်ခါပဲ မြင်ဖူးသည်။ လက်ပြင် ကုန်းနေသည်။ အရပ် ပုကွကွ။ ရောမ ဒွဲ့သားတွေကို ငုံ့ငုံ့ကြည့်နေရလို့ ထင်ပါရဲ့။

ဂေါ်လီသည် မိုင်ကယ်၏အရုပ်ကို ခုံပေါ်၌ တင်၍ သေသေချာချာ ကြည့်သည်။

'ဒီအရုပ်ကလေးဟာ ဒီနေရာမှာ ငါမွေးကတည်းက ရှိနေတယ်လို့ ထင်မိ ဘယ်။ ကဲ အဖိုးစားနား ပြောကြရအောင်၊ ဦးဆုံး မင်းရဲ့ အခြေအနေကို ပြောစမ်း'

မိုင်ကယ်သည် ကာဒီနယ်က ခေါ်ထားပြီး အလုပ် ဘာမှ မလုပ်ရသေး ကြောင်း ပြောပြသည်။

'အင်း ဒါဖြင့် မင်းမှာ အခကြေးငွေလည်း မရ၊ ခုနစ်ပေ ကျောက်တုံး ကြီးနဲ့ ဘာမှ အလုပ်မဖြစ်ဘူးပေါ့။ ဒီတော့ အခု မင်းရဲ့ ကျူးပစ် အရုပ်ကလေးဟာ ဒက်ကက် ၅၀ တန်တယ် ထားပါတော့။ မင်းမှာ ပိုက်ဆံ လိုနေမှန်းသိတော့ င ာလည်း လောဘသားဆိုတော့ ၂၅ ဒက်ကက်အထိ ချပြီး ဆစ်မယ်ကွာ။ ငါ့တော့ အနုပညာသည်နဲ့ ဆက်ဆံရာမှာ ခုလို အပါးအနပ် လုပ်တာမျိုး ငါ ကြိုက်ဘူးကွ။ ဒီတော့ နဂိုက တန်ဖိုး ၅၀ ကို ထပ်ပြီး အဲဒီ ၂၅ ဒက်ကက်ကို ပေးမယ်။ အဲဒါ ဘယ်လိုလဲ သဘောကျရဲ့လား'

မိုင်ကယ်၏ မျက်လုံးများ ဝင်းပသွားသည်။

'ဆိညော်ဂေါ်လီ လူကြီးမင်း ခင်ဗျား၊ ကျွန်တော် ဒီရောက်ကတည်းက တစ်နှစ်လုံးလုံး ရောမမြို့သားဆိုရင် အသုံးမကျ အလကားလူတွေလို့ ထင်ခဲ့ပါတယ်။ အခု လူကြီးမင်းကို အကြောင်းပြုပြီး လူကြီးမင်းရဲ့ ဂုဏ်သိက္ခာကို လေးစားစွာနဲ့ ရောမ မြို့သားအားလုံးကို ကျွန်တော် ဝန်ချတောင်းပန်ပါတယ် ခင်ဗျား'

ထိုနောက် ဂေါ်လီက–

'ခုနစ်ပေ ကျောက်တုံးကြီးကို ဘာရုပ်ထုမည် ကြံထားသလဲ' ဟု မေးသည်။

မိုင်ကယ်က ဗားခူးနတ်ရုပ် ထုမည် ပြောသည်။

'ဒီလိုဆို ငါ့အိမ်မှာ လာနေ၊ ဥယျာဉ်ထဲမှာပဲ ငါ့အတွက် ဗားခူးအရုပ် ထုပေးပေတော့။ ဒက်ကက် ၃၀၀ ဆိုရင် တော်ပြီလား'

*

မိုင်ကယ်သည် ဗားခူးနတ်ရုပ် ထုနေသည်။ သောက်သောက်စားစား လူမင်းသား လုလင်ပျိုတစ်ဦးကို ပုံစံယူ၍ ထုသည်။ တစ်နေ့သော် ဂေါ်လီက ပြင်သစ်ကာဒီနယ် ဃရော့စလေးကို ခေါ်လာပြီး ပြသည်။ ကာဒီနယ်သည် သီလ သိက္ခာနှင့် ပြည့်စုံသည်။ အသက်အရွယ်မှာလည်း ကြီးရှာလှပြီ။ မိုင်ကယ်၏ အရုပ်ကို မြင်သောအခါ သူ၏ မှေးမှိန်သော မျက်လုံးများ အရောင်လက်လာသည်။

'အို ချစ်သား၊ မင်းအရုပ်က မပြီးသေးခင်ကကို အတွင်းသား သွေးသားတွေ လှုပ်နေသလိုပဲ။ တယ်ပြီး ခွန်အားပြည့်လိုက်ပါလား။ အခု ငါ့လက်နဲ့ ကိုင်ထိလိုက်တာနဲ့ ကျောက်သားထဲမှာ အသွေးအသားတွေ ရှိနေသလိုပဲ' ဟု ပြောသည်။ ထို့နောက် တစ်ဖန် ဆက်၍ပြောသည်။

'ချစ်သား၊ ငါလည်း အသက်ကြီးပြီ။ မသေခင် ရောမမြို့တော်ကြီးအတွက် တစ်ခုခု လုပ်ပေးခဲ့ချင်တယ်။ ဒီတော့ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အတွက် အရုပ်တစ်ခု ထုပေးဖို့ ပုပ်ရဟန်းမင်းဆီက အခွင့်ရခဲ့ပြီ။ အခုတော့ မင်း တွေ့တာနဲ့ အတော်ပဲ။ ရောမ မြို့တော်မှာ မင်း အတော်ဆုံး ပန်းပုဆရာပဲ'

မိုင်ကယ်မှာ ဝမ်းမြောက်၍မဆုံး ဖြစ်သည်။ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာ ရှေးအကျဆုံးဖြစ်၍ ခရစ်ယာန်နယ်မြေတွင် အထွတ်အထိပ်ဖြစ်သည်။ မိုင်ကယ် သွားကြည့်ရာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးမှာ ပျက်စီး ယိုယွင်းနေသည်ကို တွေ့ရသဖြင့် စိတ်ပျက်ဝမ်းနည်းမိသည်။ သူ့အရုပ် ထားရမည့် နေရာကို သွားကြည့်သောအခါ အလွန်ပင် ကျဉ်းသဖြင့် အရုပ်ကို ဘေးပတ်ပတ်လည်က ရှုမြင်မရနိုင်ဘဲ ရှေ့ဘက်ကသာ မြင်ရမည်ကို တွေ့ရသည်။

မိုင်ကယ်သည် ဘာအရုပ် ထုရမည်ကို ဆုံးဖြတ်ပြီး ဖြစ်သည်။ ("ပီးတား" "ပရိဒေဝ ဝမ်းနည်းခြင်း" လက်ဝါးကပ်တိုင်မှ) ချယူလာသော ယေရှု၏အလောင်းကို မယ်တော်မာရီ ပွေ့ထားပုံကို သူ ထုလုပ်မည်။

ယခင်က မိုင်ကယ်သည် မယ်တော်မာရီ၊ ယေရှု နို့စို့အရွယ်ကို ပွေ့လျက်ပုံ ထုခဲ့ပြီးဖြစ်ရာ ယခုအခါ ယေရှု နှစ်ပေါင်း သုံးဆယ့်သုံးနှစ် အရွယ် လက်ဝါးကပ်တိုင်တွင် အသက်ပေးပြီးနောက် မယ်တော်မာရီ ပွေ့ယူထားပုံကို ထုရဦးမည်။

တစ်နေ့သော် ဂေါ်လီနှင့်အတူ ကာဒီနယ် ဃရော့စလေး၏ ခရစ်ယာန်ကျောင်းတော်သို့ သွားကြသည်။ ကာဒီနယ်မှာ တစ်နေ့လျှင် ငါးနာရီကြာမျှ ကျမ်းစာဖတ်သဖြင့် စောင့်နေရသည်။ ကာဒီနယ်သည် မိုင်ကယ် ထုလုပ်မည့် ယေရှုနှင့် မယ်တော်မာရီ ရုပ်တု အစီအစဉ်ကို ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။ သင့်လျော်မည့် ကျောက်တုံးကိုရှာရန် ပြောလိုက်သည်။

မိုင်ကယ်က ဗားရှူးနတ်ရုပ်တုကို အရင်ပြီးအောင် ထုရဦးမည်ဟု ပြောရာ ဂေါ်လီက 'ထားဦး၊ ကာဒီနယ် အသက်ကြီးလှပြီ။ အမှည့်ကြွေ ကြွေတော့မည်ဖြစ်၍ ကာဒီနယ်အတွက် အလျင်ဦးစွာ ထုရမည်' ဆိုသည်။

မိုင်ကယ်က ခေါင်းမာသည်။

'မဖြစ်ဘူး၊ ဗားရှူးအရုပ်က ကျွန်တော့်စိတ်ထဲမှာ သူ့အလိုလို ပြီးပြီးသား ဖြစ်နေပြီ'

နောက် တနင်္ဂနွေနေ့တွင် မိုင်ကယ်သည် ရှုချယ်လေထံသွား၍ ဖလော်ရင့်မြို့တော်မှ သတင်းများ နားထောင်သည်။ ဖာသာ ဆာဗိုနာရိုလာသည် ပုပ်ရဟန်းမင်းကို ထပ်၍ အာဏာဖီဆန်ပြန်သည်။ သူ့ကို သာသနာမှ ပခြင်း ပြုထားလျက်နှင့်ပင် ခင်ကြီးကိစ္စများကို ဆက်၍ ဆောင်ရွက်နေပြန်သည်။ လူပရိသတ်ရှေ့တွင် ဖာသာသည် ခရစ်စမတ်နေ့ ဆုတောင်းပွဲတွင် ထိုအခမ်းအနားတွင် သုံးသော ဆပါင်မုန့်ကို ကောင်းကင်သို့ မြှောက်ကာ ထာဝရဘုရားထံသို့ တိုင်တည်သည်။

'သူ့ကို သာသနာမှ ပ ခြင်းသည် မှန်ခဲ့လျှင် (ဝါ) သူသည် သာသနာမှ ပ ထိုက်သော ခင်ကြီး ဖြစ်ခဲ့ပါလျှင် ဘုရားသခင်က ချက်ချင်းပင် အသက်ဝိညာဉ်ကို နုတ်ယူ အသေသတ်ပါစေသတည်း'

ထိုအချိန် ထိုနေရာတွင် ထာဝရ ဘုရားသခင်က သူ့ကို အသေ မသတ်သဖြင့် သူ့ဘက်က မှန်ရမည်ဟု ဆာဗိုနာရိုလာ ယူဆသည်။ ထိုကိစ္စကို အောင်ပွဲခံသောအားဖြင့် မြို့တော်သူ မြို့တော်သားများ၏ ဓိမ်ခံပစ္စည်းများကို မီးရှို့ပစ်ပြန်သည်။

ထိုအချိန်အခါတွင် ဖလော်ရင့် မြို့တော်သူ မြို့တော်သားများသည် ခုနစ်

နှစ်တိုင် ဆူပူလှုပ်ရှားခဲ့ရသည်ကို ငြီးငွေ့ပင်ပန်းလာကြသည်။ အကယ်၍ ရောမ မြို့တော်မှ ပုပ်ရဟန်းမင်းက ဖလော်ရင့် မြို့တော်ကြီးပါ ဝိုင်းပယ်လျှင် စီးပွားရေး အဆက်အသွယ်များ အကြောသေ ရပ်တန့်သွားကာ အားလုံး ဒုက္ခ ဖြစ်ကုန်တော့ မည်ကိုလည်း စိုးရိမ်လာကြသည်။

ဖလော်ရင့် မြို့သားများသည် အုပ်ချုပ်ရေးကောင်စီ အသစ်ထပ်၍ ရွေး ကောက် တင်မြှောက်ကြသည်။ ထိုကောင်စီ၏ အာဏာဖြင့် ဖာသာ ဆာဗိုနာရို လာနှင့် အရံများကို ဖမ်းဆီးထောင်ချသည်။ ထို့နောက် ၁၇ ဦး ကော်မရှင် ဖွဲ့စည်း ၍ စစ်ဆေးကာ သူ့စကားများသည် ကောင်းကင်ဘုံရှိ ထာဝရ ဘုရားသခင်ထံက လာသော စကားများ ဆိုခဲ့သည်မှာ မမှန်ပါ ဟူသော ဖြောင့်ချက်ကို အရယူကြ သည်။

အစတွင် ဖာသာ ဆာဗိုနာရိုလာသည် ထိုဖြောင့်ချက်ကို ပေးရန် ငြင်းဆို သည်။ ထိုအခါ ကော်မရှင်က သူ့ကို အမျိုးမျိုးညှဉ်းဆဲသည်။ လက်ကောက် ဝတ်နှင့် ခြေထောက်များကို ကြိုးချည်ပြီး ကြမ်းစင်ပေါ်မှာတင်၍ ဘီးနှင့် တစ်ဖက်စီ ဆွဲသည်။ လူကိုယ်ခန္ဓာကို ဝက်အူလှည့်သလို လိမ်လှည့်သည်။ စက်သီးကြိုးများ ချည်ပြီး အမြင့်ကြီး ဆွဲတင်ကာ အောက်သို့ ဖြုတ်ချသည်။ ဖာသာမှာ မသေမရှင် ဖြစ်၍ သတိကင်းလွတ်ချိန်တွင် သူတို့ ပြောစေချင်သည့် ဖြောင့်ချက်ကို ရေးပေးပါ မည်ဟု ကတိပေးသည်။ သို့သော် ဖာသာ ရေးပေးသည့်မှုလောက်နှင့် မလုံလောက် သေးဟုဆိုကာ ထပ်၍ ညှဉ်းဆဲပြန်သည်။ ထိုအခါ ဖြောင့်ချက်အသစ် တစ်ခု ထပ်၍ လက်မှတ်ထိုးရပြန်သည်။ သို့သော် ကော်မရှင်က လက်မခံသေးဘဲ တတိယအကြိမ် ထပ်၍ ညှဉ်းဆဲပြန်သည်။ နောက်ဆုံးတွင် ဖာသာအား မိစ္ဆာအယူ ယူသည့်အပြစ် ထင်ရှားသဖြင့် သေဒဏ် ပေးလိုက်သည်။

ကောင်စီရုံးရှေ့ လေဟာပြင်တွင် ဖာသာနှင့် တပည့်နှစ်ဦးကို ခေါ်လာပြီး သူတို့ဝတ်ရုံများကို ဆွဲချွတ်ပစ်ကြသည်။။ သူတို့သည် ငြိမ်သက်စွာ ဆုတောင်း ရင်းပင် ကြိုးစင်ပေါ်သို့ တက်ကြသည်။ သူတို့လည်ပင်းကို သံကြိုးများ ချည်ကြ သည်။ နောက်တစ်ခဏတွင်ကား သူတို့သည် လည်ပင်း ကုတ်ဆက်က ကျိုးလျက် သားနှင့် ကြိုးတန်းလန်း လေထဲမှာ လွဲနေသည်ကို တွေ့မြင်ကြရတော့သည်။ ထို့နောက် ကြိုးစင်အောက်တွင် ထင်းမီးများ ပုံကာ မီးမြှိုက်ကြသည်။ လူတွေက ဝိုင်း၍ ခဲနှင့်ပေါက်ကြပြီး အရိုးပြာများကို မြစ်တွင်းသို့ ပစ်ချကြသည်။

ဖာသာ ဆာဗိုနာရိုလာ၏ ဆိုးဝါးသော ကံကြမ္မာကို ကြားရသော မိုင်ကယ် သည် စိတ်နှလုံး ချောက်ချားသွားသည်။ ဖာသာကို အလွန်ပင် ကရုဏာသက်မိ သည်။ မိုင်ကယ်သည် စိတ်ပြေပျောက်ရန် ဗားရူး အရုပ်ထုသည့် အလုပ်ထဲသို့

စိတ်သွင်းထားလိုက်သည်။ ကျောက်သားနှင့် သူ့လက် တွေ့နေရလျှင် ကမ္ဘာကြီးမှာ သူ့အဖို့ သာယာနေသည်။ သူသည် အလုပ်ကိုသာ ကုန်း၍လုပ်နေရာ နွေရာသီ ကုန်လောက်တွင် အရုပ် ပြီးစီးသွားသည်။

ဂေါလီသည် အရုပ်ကိုကြည့်ပြီး အူမြူးနေသည်။

'ငါဖြင့်ကွာ ဗားခူးဟာ တကယ် အသက်ရှင်နေသလိုပါပဲ။ အမူးလွန်ပြီး အရက်ခွက်ကလေး ဘယ်တော့ လွတ်ကျမလဲ ထင်မိတယ်။ ငါ့ကို အီတလီ တစ်ပြည်လုံးမှာ အကောင်းဆုံး အရုပ်တစ်ခု မင်း ထုပေးပေတာပဲ'

နောက်တစ်နေ့ ညနေတွင် ဂေါလီသည် မိုင်ကယ်အတွက် ကာဒီနယ် ဃရော့စလေးထံမှ အလုပ်ယူလာပေးသည်။ ထိုအလုပ် စာချုပ်တွင် မိုင်ကယ် ကို "ဆရာကြီး" ဟု ခေါ်တွင်ထားသည်ကို တွေ့ရသည်။ ဤသို့ "ဆရာကြီး"ဟု အခေါ်ခံရသည်မှာ လက်ဦး ပထမအကြိမ် ဖြစ်ပေသည်။

စာချုပ်အရ မိုင်ကယ်သည် ကာဒီနယ်အတွင်း မီးတား ခေါ် မယ်တော် မာရီနှင့် သားယေရှုတို့ ရုပ်ပုံကို ထုလုပ်ပေးရမည်။ တစ်နှစ်အတွင်း ပြီးရမည်။ အခကြေးငွေအဖြစ် ရွှေစ ဒက်ကက် ၄၅၀ ရမည်။ ထိုစာချုပ် အောက်နားတွင် ဂေါလီက ထပ်ရေးထားလိုက်သေးသည်။ မိုင်ကယ် ထုသည့်အရုပ် ရောမမြို့တော် ဘွင် ရှိသမျှ အရုပ်တွေထက် လှရမည်။ ထို့ပြင် သူတို့ မျက်မှောက်ခေတ်တွင် ဘယ်ပန်းပုမှ မီအောင် မထုနိုင်စေရဟု ကတိပြုပါသည်။

မိုင်ကယ်သည် ဂေါလီကို အတော်ချစ်သွားသည်။

'တကယ်လို့များ ကာဒီနယ်က ဒါထက်သာတာတွေ ငါ မြင်ဖူးတယ် လို့ ဆိုရင် ဘယ့်နှယ်လုပ်မလဲ' ဟု မေးလိုက်သည်။

'ဟ၊ ဒီလိုဆို ဘာခက်လို့လဲ။ ကာဒီနယ်ရဲ့ ရွှေစ ငါက ပြန်လျော် လိုက်မှာပေါ့'

'ဒါဖြင့် ဒီအရုပ်ကြီး ခင်ဗျားအနေနဲ့ အဖတ်တင်ကျန်ခဲ့ရော ဟုတ်လား'

ဂေါလီ၏ မျက်လုံးများ မှိတ်တုတ် မှိတ်တုတ် ကစားနေသည်။

'အေးပေါ့ကွာ၊ ကိစ္စမရှိပါဘူး။ ဒီအရုပ်တုကြီးကို ငါ သည်းခံပြီး ကြည့်နေ နေတော့မှာပေါ့' ဟု ရယ်သွမ်းသွေးလိုက်သည်။

*

မိုင်ကယ်သည် ဂေါလီကို မည်မျှလောက်ပင် ချစ်ခင်စေကာမူ ကိုယ်နေရာနှင့် ကိုယ် သီးသန့်နေမှ ဖြစ်မည့်အချိန်သို့ ရောက်လာခဲ့သည်။ သူ့ အလုပ်ခန်းနှင့်သူ အေးအေးဆေးဆေး အလုပ်လုပ်ချင်သည်။ တိုင်ဗာ မြစ်ကမ်းအနီး အခန်းတစ်ခန်း ကို ဈေးပေါပေါနှင့် ရသည်။

ထိုနေရာသို့ မပြောင်းရွှေ့မီ မိုင်ကယ်၏ညီ ဗြူယိုကာရီတို လိုက်လာသည်နှင့် သူတို့ညီအစ်ကို ခုတင်၊ စားပွဲ၊ ကုလားထိုင် အစရှိသော ပရိဘောဂ ဝယ်ပြီး အခန်းကို ပြင်ဆင်ကြသည်။ အိုးခွက်ပန်းကန်များပါ ဝယ်သည်။

ဗြူယိုကာရီတိုက ဈေးဝယ်ချက်ပြုတ်သည်။ အခန်း သန့်ရှင်းအောင် လှည်းကျင်းသည်။ သို့သော် သူ ပြန်သွားသည်နှင့် မိုင်ကယ်၏အခန်းမှာ ဖရိုဖရဲ ဖြစ်ကုန်သည်။ သူ့အလုပ်ထဲမှာပင် စိတ်ကို ပုံချထားပြီး လူရုပ်မပီ ပိန်ချုံးနေသည်။ သူ့အဖို့ အခန်းအလယ်ကောင်တွင်ရှိသော ကျောက်ဖြူတုံးကြီးကလွဲ၍ ဘာမှ မမြင်တော့ချေ။ အိပ်ရာလည်း မသိမ်း၊ စားပြီးသည့် ပန်းကန်များကိုလည်း မဆေးကြောဘဲ ပစ်ထားသည်။

များမကြာမီ တစ်ညနေတွင် မိုင်ကယ်၏ အခန်းတံခါးခေါက်သံ ကြားရသဖြင့် တံခါး ထ ဖွင့်ပေးသည်။ တံခါးဝတွင် အသားညိုညို ၁၃ နှစ်အရွယ် သူငယ်ကလေး တစ်ယောက် ရပ်နေသည်။ ဗြူယိုကာရီတိုထံမှ စာတစ်စောင် ယူလာသည်။ သူငယ်၏အမည်မှာ အာဂျင်တိုဖြစ်၍ မိုင်ကယ်ထံတွင် အလုပ်သင်လိုသည်ဟု ဆိုသည်။ စာရေး စာဖတ်လောက်တော့ တတ်သည်။ ဖလော်ရင့်မြို့မှ ရောမမြို့သို့ ခြေကျင်လာခဲ့ရသည်ဟု ဆိုသည်။ လယ်သမားသား ဖြစ်၍ ဘယ်လို စားရ၊ နေရ နေနိုင်ပါသည် ဆိုသဖြင့် မိုင်ကယ် လက်ခံထားလိုက်သည်။

နံနက် အရုဏ်တက်လျှင် အာဂျင်တိုသည် ဈေးသွားသည်။ ဝယ်လာသမျှ ဟင်းသီးဟင်းရွက် သားငါးတို့ကို တစ်ပြားတစ်ချပ်ဖိုးမကျန် စာရင်းပြသည်ကို မိုင်ကယ် သနားမိသည်။ ဈေးပေါပေါ ရဖို့ကိုလည်း အစွမ်းကုန် ကြိုးစားရှာသည်။ သူတို့ ဆရာတပည့်သည် နေ့လယ်တွင် ဟင်းတစ်ခွက်နှင့် စားသောက်ကြသည်။ တပည့်ကျော်က အိုးခွက်တွေဆေး၊ အဝတ်လျှော်သည်။ မိုင်ကယ်က တိုင်ဗား မြစ်ကမ်း လမ်းလျှောက်သည်။ ပြန်လာသောအခါ အာဂျင်တို တရေးတမော အိပ်နေသည်ကို တွေ့ရသည်။ မိုင်ကယ်သည် နှစ်နာရီမျှ အလုပ် အေးအေး ဆေးဆေး လုပ်သည်။ အာဂျင်တို နိုးလာ၍ သူ့ထံ နည်းနိသျရည်းများ သင်ယူသည်။ ညနေစောင်းလျှင် မီးဖိုတွင်း ပြန်ဝင်သည်။ မှောင်သည်နှင့် သူ့အိပ်ရာပေါ် ပြန်အိပ်လေသည်။ မိုင်ကယ်သည် မီးထွန်း၍ အရုပ်ဆက်ထုသည်။

မိုင်ကယ်သည် သမ္မာကျမ်းစာကို အခေါက်ခေါက် ပြန်ဖတ်သော်လည်း ယေရှုကို လက်ဝါးကပ်တိုင်ပေါ်မှ ချသည့်အချိန်တွင် မည်သူမည်ဝါများ ရှိကြသည်ကို မတွေ့ရှိရချေ။ သူ့စိတ်ထဲတွင် ထင်မြင်ယူဆသည့် အတိုင်းဆိုလျှင် မယ်တော် မာရီနှင့် သူ့သား၊ နှစ်ဦးတည်းသာ ရှိရမည်။ ကောင်းကင်တမန်တွေ၊ ရောင်ခြည်တော်တွေလည်း မပါ၊ လူသားစင်စစ် သားအမိနှစ်ဦးသာ ရှိရမည်။

သို့ဖြစ်လျှင် မယ်တော်မာရီသည် သူ့သားယေရှုကို မည်ကဲ့သို့ ပွေ့ထားမည်နည်း။ သွယ်လျပျော့ပျောင်းသော မိန်းမသားတစ်ဦးက သူ့သား ယောကျ်ားရင့်မကြီးကို ပွေ့ထားရမည့်ပုံမှာ ကိုးရိုးကားရား ဖြစ်မနေဖို့ လိုသည်။

မိုင်ကယ်သည် ပုံများ အကြမ်းဆွဲကြည့်သည်။ ကျောက်ရုပ်မှာ မယ်တော်မာရီနှင့် အရွယ်ရောက်သော သားယောကျ်ားကြီး၏ပုံ ဖြစ်ရမည်။ သို့သော် မိုင်ကယ်၏ စိတ်အာရုံတွင် မယ်တော်မာရီကို ချွတ်ခြုံကျ အမယ်အိုကြီး အရွယ်ဟု ထင်မြင်၍ မရဘဲ ရှိသည်။ မယ်တော်မာရီ၏ ပုံပန်းရုပ်သွင်မှာ သူ မှတ်မိသည့် သူ့အမေ၏ ပုံအတိုင်း နုပျိုသော မိန်းမငယ်အဖြစ်နှင့်သာ မိုင်ကယ် အမြဲမြင်နေသည်။

မိုင်ကယ်သည် ရွှံ့ဖြင့် ပုံအကြမ်းလုပ်သည်။ လူလောက်ပင် အရွယ်ရှိသည်။ ထို့နောက် အဝတ်ပါးပါးအစ ဝယ်ပြီး ရေဆွတ်ကာ ရွှံ့များဖြင့် မံသည်။ ထို့နောက် မယ်တော်မာရီ၏ပုံကို ရစ်ပတ်ရာ ခြေထောက်များပေါ်တွင် အဝတ်အထပ်လိုက် ခေါက်လျက်သား ကျလျက်ပုံ ပေါ်လာသည်။ သို့မှသာ သေးသွယ်သော မယ်တော်မာရီ၏ ခြေထောက်များသည် ယေရှု အလောင်းကို မ ထားနိုင်မည်။

မိုင်ကယ်သည် ယေရှု၏ပုံ ထုလုပ်ရန်အတွက် ပုံစံယူရန် ရေဝတီ လူမျိုးများ နေသော ရပ်ကွက်သို့သွား၍ ရှာသည်။ ရေဝတီ ခင်ကြီးတစ်ပါး၏ အကူအညီဖြင့် ရေဝတီ လူငယ်တစ်ဦး ရရှိသည်။ သူ့ကို ခုံပေါ်မှာ လဲလျောင်းခိုင်းပြီး ပုံတူကူးယူသည်။

ထို့နောက် မိုင်ကယ်သည် မာရီ၏ပုံနှင့် ယေရှုပုံကို ပူးပေါင်းကြည့်သည်။ ရက်သတ္တ အပတ်ပေါင်းများစွာ ကြာသည်။ မယ်တော်မာရီ၏ပုံမှာ ငယ်ရွယ်ရမည်၊ နုနယ်ရမည်။ သို့သော် ယေရှုကို သူ့ပေါင်ပေါ်မှာ တင်ထားနိုင်လောက်အောင် အင်အားရှိရဦးမည်။ ယေရှုသည် အသက်မဲ့ကင်းသည့် အခါပင် ခွန်အားမဆုတ်ယုတ်ဘဲ သန်မာသောအသွင်ကို ဆောင်ရမည်။

*

မိုင်ကယ်နှင့် သူ့တပည့်ကျော် အာဂျင်တိုတို့ နေလာခဲ့ကြရာတွင် မိုင်ကယ်မှာ ဘယ်သူက ဆရာ၊ ဘယ်သူက တပည့်နည်းဟု မေးချင်လာသည်။ အာဂျင်တိုသည် လယ်သမားသား ဖြစ်ရုံသာမက ဂျေဇွီဆရာ ခင်ကြီးများက လက်ကျသင်ကြားပေးထားသဖြင့် သူ့အကျင့်များကို မိုင်ကယ်က ပြုပြင်၍မရဘဲ ရှိနေသည်။ အရက်မတက်မီ ဈေးသို့ ထ သွားသည်။ ကြမ်းတွေ နေ့တိုင်း တိုက်သည်။ ရေနွေးအိုးကြီးတည်၍ အဝတ်တွေ လျှော်သည်။ အိုးတွေကို မြစ်ဆိပ်က သဲနှင့် တိုက်ချွတ်ဆေးသည်။ နေ့စဉ် ဤသို့ အမြဲ လုပ်သည်။

မိုင်ကယ်မှာ ကြမ်းရေစိုကြီးပေါ်တွင် အလုပ်လုပ်ရသည်ကို မကြိုက်ချေ။ တစ်ပတ်မှ တစ်ကြိမ်လောက် ကြမ်းဆေးပါဟု ပြောသော်လည်း မရ။ မိုးမလင်းမီ ကြမ်းတွေ ရေဆေးတိုက်သည်။

အာဂျင်တိုသည် ရောမမြို့ ဈေးထဲသို့ ဈေးလာရောင်းသည့် တောဘက်က ဈေးသည်တွေနှင့် အသိမိတ်ဆွေ ဖြစ်သည်။ တနင်္ဂနွေနေ့ဆိုလျှင် သူတို့ဆီ သွားပြီး သူတို့၏ မြင်းတွေကို ကြည့်ရှုသည်။ တောက လယ်သမား ဖြစ်၍ မြို့တော်ကြီး နေရသည့်အခါ သူ့မြင်းတွေကို လွမ်းရှာသည်။

မိုင်ကယ် ဒုက္ခနှင့်ကြုံတော့မှ သူ့တပည့်က သူ့ကို ဘယ်လောက် ချစ်မှန်း သိသည်။ တစ်နေ့သောအခါ သူ့ဆောက်များကို ချွန်နေစဉ် သံအစတစ်ခု ပဲ့ပြီး သူ့မျက်လုံးထဲ ဝင်သွားသည်။ အာဂျင်တိုသည် မိုင်ကယ်ကို အိပ်ရာထဲ သိပ်ပြီး အဝတ်ဖြူသန့်သန့်နှင့် ရေနွေးဆွတ်ပြီး ကြပ်ပူတိုက်ပေးသည်။ အနာမှာ အတော် ပြင်းသည်။ သံစ သူ့ဘာသာသူ ထွက်သွားမည်ဟု မိုင်ကယ် ထင်သည်။ သို့သော် ထွက်မလာချေ။ အာဂျင်တိုသည် တစ်ညလုံး သူ့အနားက မခွာဘဲ ရေနွေးအဝတ် အုပ်ပေးသည်။

နောက်တစ်နေ့နံနက်တွင် မိုင်ကယ်မှာ ထိတ်လန့်သွားသည်။ သူ့ မျက်လုံး နှင့် ဘာမှ မမြင်ရတော့ချေ။ အာဂျင်တိုသည် နံနက်မလင်းမီကပင် ဂေါ်လီထံသို့ ပြေးခေါ်သည်။ အပြန်တွင် ဂေါ်လီ၏ သမားတော် ပါလာသည်။ လှောင်အိမ်နှင့် ခိုငှက်များ ယူလာသည်။ ခိုတစ်ကောင်ကို ထုတ်၍ အတောင်အောက်က သွေး ကြောဖြတ်ပြီး သွေးကိုမျက်လုံးတွင်းသို့ ခတ်သည်။ ညနေတွင်လည်း သမားတော် တစ်ခေါက်ပြန်လာပြီး နောက်ထပ် ခိုတစ်ကောင်၏ သွေးကြောကို လှီးကာ မျက်စဉ်း ခတ်ပေးပြန်သည်။ နောက်တစ်နေ့တွင် မိုင်ကယ်သည် မျက်လုံးထဲတွင် သံစ ထိုးထွက်နေသလို ခုလု ခုလု ဖြစ်နေသည်။ ညအချိန်တွင် သံစ ထွက်သွား တော့သည်။

အာဂျင်တိုမှာ နာရီပေါင်း ၇၀ မျှ တစ်မှေးမှ မအိပ်ရရှာချေ။ မိုင်ကယ် က အနားယူချေဦးဟု အခွင့်ပေးလိုက်သည်။ တပည့်ကျော်မှာ အားရဝမ်းသာ နှင့် 'မြင်းတွေ သွားကြည့်ဦးမယ်' ဟု ဆိုကာ ထွက်သွားသည်။

နောက်တစ်နေ့တွင် မိုင်ကယ်သည် ဆောက်နှင့် တူကို ကိုင်လေတော့ သည်။ ကျောက်တုံးထိပ်ပိုင်း မယ်တော်မာရီ၏ ဦးခေါင်းနေရာမှစ၍ ဆောက် ရိုက်သွင်းလိုက်သည်။ ကျောက်တုံးကို အလင်းအမှောင် အကျမှန်သည့်ဘက် သို့ လှည့်ထားသည်။ မယ်တော်မာရီ၏ ဦးခေါင်းတွင် သိုင်းခြုံထားသော အဝတ် များက ဖိထားသော အင်အားသည် ယေရှု၏ အတွင်းဘက်က လက်ဆီသို့ မာရီ၏

ဦးခေါင်းကို ငုံ့စောင်းနေစေသည်။ ယေရှု၏ အလောင်းကို မာရီ၏ပေါင်ပေါ်တွင် လျောင်းနေစေသည်။ မာရီ၏မျက်နှာသည် သူ့သားကို ငုံ့ကြည့်နေသည်။ ရုပ်တုကို ရှုစားသူတို့၏ မျက်လုံးများသည် မာရီ၏ မျက်နှာဆီသို့ မရောက်ဘဲ မနေနိုင်အောင် ဖန်တီးထားသည်။ သူ၏ ချစ်သား ယေရှုမှစ၍ အားလုံးသော လူသားများအတွက် ခံစားအပ်သော ဝမ်းနည်းကြေကွဲခြင်း၊ သနားခြင်း အရိပ်အယောင်များကို ထိုမျက်နှာတွင် တွေ့မြင်ကြရပေမည်။ ရုပ်တုကို ရှုစားသူတို့၏စိတ်တွင် မာရီ၏ ရင်ခွင်၌ ပွေ့ထားသော သားတော် ယေရှု၏ အလောင်းသည် လေးရှာမည်၊ သို့သော် မာရီ၏ ရင်၌ ခံစားရသော ပရိဒေဝသည် ပို၍ပင် လေးရှာတော့မည်ဟု သိကြရမည်။ သို့သော် မိုင်ကယ်သည် အသက်ကင်းမဲ့သော ယေရှု၏ အလောင်းနှင့် ပူဆွေးသော မယ်တော်မာရီတို့၏ပုံကို တည်ငြိမ်အေးချမ်းသော အသွေးအရောင်ဖြင့် လွှမ်းခြုံထားသည်။

ဆောင်းတွင်းသို့ ရောက်လာခဲ့သည်။ စွတ်စို၍ ချမ်းအေးလှသည်။ ခေါင်မိုးကလည်း မလုံ၊ တစ်အိမ်လုံး ခြောက်သွေ့သည့် နေရာကို မနည်း ရှာနေရသည်။ သံမီးလင်းဖို ထည့်ထားရသည်။ မိုင်ကယ်၏လက်များ အေးလှသဖြင့် ပြာနှမ်းပြီး တုန်နေသည်။ လက်အိတ်စွပ်၍ အလုပ်လုပ်ရသည်။ နားရွက်ဖုံးအောင် ဦးထုပ်ဆောင်းထားရသည်။ တပည့် အာဂျင်တို နေမကောင်းပြန်သဖြင့် မိုင်ကယ်က ရက်ပေါင်းအတော်ကြာ ပြုစုရပြန်သည်။ သည်လိုဆိုလျှင် ရုပ်တုကို ပေးထားသည့် အချိန်အတွင်းမှာ ပြီးနိုင်ပါမည်လားဟု စိတ်ပူရပြန်သည်။

မတ်လရောက်လျှင် နေခြည်ဖြာလာသည်။ ရာသီဥတု ပူနွေးလာသည်နှင့် ကာဒီနယ် ဃရော့စလေးက မိုင်ကယ်ထံ လာကြည့်သည်။

'ပြောစမ်းပါဦး သားရယ်၊ မယ်တော်မာရီရဲ့ မျက်နှာက သူ့သားထက် တောင် ငယ်နေပါကလား၊ ဘယ်လိုလဲ'

'မှန်ပါ အရှင်ဘုရား၊ မယ်တော်မာရီဟာ အလွန်သန့်ရှင်းစင်ကြယ်တဲ့ အမျိုးသမီးပါ။ ဒီတော့ ငယ်မူငယ်သွေး အမြဲ လန်းဆန်းနေပါတယ်'

ကာဒီနယ် ကျေနပ်သွားသည်။ ကာဒီနယ်သည် ထိုရုပ်တုပြီးလျှင် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ကျကျနန အခမ်းအနားနှင့် သိဒ္ဓိတင်ကာ ရွှေ့ပြောင်းထားချင်သည်ဟု ဆိုသည်။ မိုင်ကယ်သည် တစ်နေကုန် မှောင်သည်အထိ ထုလုပ်သည်။ အိပ်ရာဝင်ပြီး သန်းခေါင်ချိန်တွင် ထ၊ ပေါင်မုန့် အနားသားလေး ဝါးပြီး မီးထွန်းကာ ဆက်လုပ်ပြန်သည်။ အလင်းရောင် မကောင်းလှချေ။

မိုင်ကယ်သည် စက္ကူထူထူ ရှာဝယ်ပြီး ထိပ်ချွန်းနှင့် ဦးထုပ် လုပ်သည်။ အပြင်က ဝိုင်ယာကြိုးနှင့်ခတ်ပြီး ထိပ်နားတွင် ဖယောင်းတိုင်စွပ်၍ ရအောင်

ကွင်းလုပ်ထားသည်။ ဖယောင်းတိုင် ထွန်းထားသောအခါ ကျောက်တုံးနား ကပ်၍ စိတ်တိုင်းကျ ထုနိုင်သည်။ မီးရောင်ကောင်းသည်။ သို့သော် ဖယောင်းတိုင်က ကုန်လွယ်သည်။ ဖယောင်းအရည်တွေ ဦးထုပ်ပေါ်မှနေ၍ သူ့နဖူးပေါ်သို့ စီးကျသည်။ မိုင်ကယ်ကမူ ဘယ်လိုပင်ရှိရှိ သူ့ဟာသူ သဘောကျနေသည်။

တစ်ညသော် သူ့သူငယ်ချင်းတစ်စု ဝင်လာကြသည်။ ညကြီးသန်းခေါင် ဘာလုပ်နေသလဲဟု ဝင်ကြည့်ကြသည်။ မိုင်ကယ်၏ မျက်ခုံးမွေးများပေါ်တွင် ဖယောင်းတွေ ခဲနေသည်ကိုမြင်၍ ဝိုင်းရယ်ကြသည်။ နောက်တစ်နေ့တွင် ကြာရှည်ပိုခံသည့် ဖယောင်းတိုင်များ သူ့ထံ ပို့ပေးလိုက်ကြသည်။

မိုင်ကယ်သည် မည်သည့် အသိမိတ်ဆွေထံသို့မျှ မသွားရောက်ဘဲ အလုပ်ကိုသာ မဲ၍လုပ်နေသည်။ တစ်နေ့သော် ရှုချယ်လေက သူ့ကို ခေါ်ပြောသည်။ ဖလော်ရင့် မြို့တော်တွင် ကျောက်တုံးကြီး တစ်တုံးမှ အရုပ်ထုဖို့ ပန်းပုဆရာများ ပြိုင်ပွဲကျင်းပမည်ဟု သတင်းပေးသည်။ ထိုကျောက်တုံးကြီးမှာ တစ်ခါက မိုင်ကယ် မြင်ဖူး၍ ဟာကြူလီအရုပ် ထုရန် ဝယ်ဖို့ကြိုးစားဖူးသည်။ မိုင်ကယ်မှာ သူ့လက်ရှိ အလုပ်ကလည်း မပြီးသေးသဖြင့် စိတ်ပျက်သွားသည်။ သို့သော် ၁၅၀၀ ပြည့်နှစ်မှ ပြိုင်ပွဲလုပ်မည် ဆိုသည်။ ခြောက်လမျှ လိုသေးသည်။ ရှုချယ်လေက မိုင်ကယ်ကို အားပေးသည်။ နောက် သတင်းရလျှင် သူ့ကို ပြောမည်ဟု ဆိုသည်။

*

ကာဒီနယ် ဃရော့စလေးသည် သူ ထုခိုင်းသည့် ကျောက်ရုပ် မပြီးမီပင် ကောင်းကင် ဘုံမှာ အိပ်ပျော်တော်မူရှာသည်။ သူ၏ အသုဘကို မိုင်ကယ်နှင့် ဂေါ်လီတို့ သွားရောက်ကာ နောက်ဆုံး နှုတ်ဆက်ကြသည်။

မိုင်ကယ်က သူ ရသမျှကို ဖလော်ရင့်ရှိ သူ့အဖေနှင့် ညီအစ်ကိုများထံ ပို့နေသည်။

ဂေါ်လီက 'သည်လိုဆိုရင် မဖြစ်ဘူး၊ တွင်းထဲ ရေသွန်သလို အဆုံးမရှိဘူး' ဟု ဆိုသည်။

မိုင်ကယ်က သူ့ညီအစ်ကိုများ လုပ်စားဖို့ ဆိုင်ဖွင့်ပေးမည်ဟု ဆိုသည်။

ဂေါ်လီက တားသည်။ 'ဖြစ်မှာ မဟုတ်ဘူး' ဟု ဆိုသည်။

သို့သော် မိုင်ကယ်မှာ မနေသာဘဲ သူ့ရှိစုမဲ့စုကို ဖလော်ရင့်သို့ ပို့ရသည်။ သူ့အတွက် အစားအသောက် မသေရုံ ခြိုးခြံစားရသည်။ အဝတ်မှာလည်း စုတ်ပြတ်နေသည်။ သူ့အဖေဆီက စာရေးလိုက်သည်။

'မင်း ဒုက္ခ သိပ်ခံတယ် ကြားတယ်။ ဒါဟာ မကောင်းဘူး' ဟု ဆိုသည်။

မိုင်ကယ်သည် သတိရကာ ရှုချယ်လေထံ ငွေစ ချေးယူပြီး သူ့တပည့်

နှင့် သူ့အတွက် အဝတ်သစ်များ ဝယ်ပြီး အစားအသောက်ကောင်းများ ဝယ်စား ကြသည်။

*

မိုင်ကယ်သည် မယ်တော်မာရီ၏ ဦးခေါင်း၏ အောက်နားမှာ သူ့ခေါင်းလျှိုပြီး ဆက်ထုသည်။ ရှေးရှေးက ဆရာကြီးများ ထုခဲ့သည့် မယ်တော် မာရီနှင့် ယေရှု ရုပ်တုများမှာ စိတ်ငြိုငြင် နွမ်းနယ်သောအသွင်ကို ဆောင်သည်။ ခွင့်လွှတ်သောစိတ် ခေါင်းပါးသည့် မေတ္တာတရား၊ ကရုဏာတရား ဖြစ်ရမည်ကို သွေးသန်ယိုစီးသော မရှုမလှအဖြစ်က လွှမ်းမိုးနေသည်။ မိုင်ကယ် ထုလုပ်သည့်ရုပ်ပုံမှာ ပြင်းထန်သော သွေးထွက်သံယိုမှုသရုပ် လုံးဝ မပါချေ။ ယေရှုသည် သူ့မယ်တော်မာရီ၏ ရင်ခွင် တွင် ငြိမ်းချမ်းစွာ အိပ်စက်နေပုံ ပေါ်နေသည်။ ယေရှုနှင့် မယ်တော်မာရီ၏ ပုံ သဏ္ဌာန်တွင် ဘုရားသခင်၌ အကြွင်းမဲ့ ယုံကြည်သော သဒ္ဓါစိတ် အရောင်အဆင်း ပေါ်လွင်စေသည်။ သူတို့သားအမိ၏ တည်ငြိမ်မှုသည်ပင် ဘုရားသခင် ဖန်ဆင်း သော လောကကြီး၏ သာယာမှုကို သရုပ်ဖော်သည်။

ရုပ်တုပြီးလျှင် ဂေါလီ ရောက်လာ၍ ကြည့်သည်။ သူ့စာချုပ်ထဲမှာ အာမခံသည့်အတိုင်း ရောမမြို့တွင် အလှဆုံးကျောက်ရုပ် ဖြစ်သည်ဟု ကြည်နူး နှစ်သက်စွာ ပြောသည်။ ကာဒီနယ် ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူသွားသော် လည်း နဂိုက ရည်ရွယ်ထားသည့်အတိုင်းပင် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုး ကျောင်းတွင်းသို့ သွင်းထားမည်ဟု စီစဉ်ကြသည်။

---

**ယေရှုနှင့် မယ်တော်မာရီ ရုပ်တု (၁၄၉၈–၁၅၀၀)**



မိုင်ကယ်သည် ကျောက်တူးသမား မိတ်ဆွေများကိုခေါ်၍ ရုပ်တုကြီးကို စောင်စုတ်များဖြင့်ထုပ်ကာ လှည်းပေါ်တင်ယူကြသည်။ ထို့နောက် ဗလကောင်း ယောကျ်ားကြီး ရှစ်ယောက်တို့သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်းသို့ မ ယူခဲ့ကြသည်။ သူတို့ သယ်ယူလာသည့် ရုပ်တုမှာ ရှိသေလေးစားရမည့် ပစ္စည်း ပါလားဟု သူတို့ကိုယ်သူတို့ သတိပေးကာ ပါးစပ်က မဆဲမိအောင် နေရှာကြ ရသည်။ လေးလိုက်သည်မှာ လွန်ပါရော။ သယ်ရသည့် ခရီးကလည်း ရှည်လိုက် ပါဘိ။

ရုပ်တုကို ဝတ်ပြုဆုတောင်းခန်းတွင် ကျကျနန ထားပြီးသောအခါ သယ် ယူလာသူများသည် ရိုသေစွာ ယူလာသည့် ဖယောင်းတိုင်များ ထွန်းညှိပူဇော် ကြသည်။ သူတို့သည် ဤသို့ ခါးကျိုးမတတ် လုပ်ကြရသည့်အတွက် ပိုက်ဆံပေး သည်ကို မယူရှာကြချေ။

‘ရှိပါစေ ခင်ဗျာ၊ ကျွန်တော်တို့ ကောင်းကင်ဘုံရောက်တော့ ဘုရား သခင်က ပေးမှာပါ’ ဟု ဆိုကြသည်။

မိုင်ကယ်အဖို့ ထိုစကားများသည် အကောင်းဆုံးသော ဆုလာဘ်ကြီးပင် ဖြစ်သည်။

မိုင်ကယ်သည် နေ့စဉ်လိုပင် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း သို့ လာ၍ သူ့ရုပ်တုကို ကြည့်သည်။ ထိုနေရာမှာ လူအရောက်အပေါက် နည်း သည်။ တစ်နေ့သော် တောဘုရားဖူးများ လာ၍ ရုပ်တုကို ကြည့်နေကြသည်။ သည်အရုပ် ဘယ်သူ ထုတာလဲဟု ငြင်းနေကြသည်။

‘သန်းချိုင်းမှတ်တိုင်တွေ လုပ်တဲ့ ဟို ဩစတင်တို ဆိုတဲ့ လူပေါ့’ ဟု တစ်ယောက်က ဆိုသည်။ အခြားတစ်ယောက်ကလည်း မီလန်မြို့တော်က လူတစ်ယောက်၏ အမည်ကို ပြောသည်။

ထိုညတွင် မိုင်ကယ်သည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်းသို့ ဝင်သည်။ သူ့စက္ကူ ဦးထုပ်ပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး မယ်တော်မာရီ၏ ရင်ဘတ် အဝတ်အနားပေါ်တွင် စာတန်းထိုးလိုက်သည်။

“ဤရုပ်တုကို ဖလော်ရင့်မြို့တော်မှ မိုင်ကယ်အိန်ဂျယ်လို ဗြူနာရိုတီ ထုလုပ်သည်။”

မိုင်ကယ်သည် စိတ်ပျက်လက်ပျက်နှင့် အိမ်ပြန်လာပြီး သူတို့ ဆရာတပည့် ရှိသမျှပစ္စည်းလေး ထုပ်ပိုးကာ လားများ ငှားလျက် ဖလော်ရင့် မြို့တော်ဘက်သို့ ထွက်ခဲ့လေသည်။

## အခန်း ၆
## ယောက်ျားအာဏနည်၏ အရုပ်

ဖလော်ရင့်မြို့သို့ ပြန်ရောက်လျှင် မိုင်ကယ်မှာ လက်ထဲ၌ ငွေစ တစ်ပြားမှ မရှိသဖြင့် တပည့် အာဂျင်တိုကို ရှာပြန်လွှတ်လိုက်ရသည်။ သူ့အဖို့မှာ အဖေ လိုဒိုဗီကိုနှင့် ပြန်နေသည်။ အဖေမှာ သူ့ဇနီးဆုံးပြီး စိတ်ရောလူပါ ကျသွားသည်။

ဂေါ်လီ ပြောသည်မှာ မှန်သည်။ မိုင်ကယ် ပို့သမျှ ငွေစများမှာ ဘာမှ အဖတ်မတင်။ အဖေမှာ ဘယ်သားကိုမှ အားမကိုးရဘဲ ဆင်းရဲနေရသည်။

မိုင်ကယ်သည် စိတ်ပြေလက်ပျောက် တိုပိုလီနို မိသားစုနေရာ ကျောက်တူး ဖော်သည့် အရပ်သို့ အလည်သွားသည်။ သားမြေးတွေ တိုးနေသည်။ သူတို့ဇနီး မောင်နှံကို ဖလော်ရင့်မြို့တော်မှ ပ ထုတ်လိုက်ကြသည်။ ယခုအခါ တောဘက်တွင် လယ်သမားများ နေသည့်အိမ်မှာ နေထိုင်ကြသည် ဆိုသည်။

မိုင်ကယ် တစ်ရပ်တစ်ကျေး၌နေသည့် ငါးနှစ်အချိန်အတွင်း ဖလော်ရင့်မြို့တော်ကြီးမှာ များစွာ ပြောင်းလဲနေသည်ကို မြင်တွေ့ရသည်။ ဖာသာ ဆာဗိုနာရိုလာကို ရက်ရက်စက်စက် သတ်လိုက်သည့် နေရာအနား ရောက်သွားလျှင် မြို့တော်သားများမှာ သူတို့ပြုမိသမျှကို နောင်တအရက်ကြီးစွာနှင့် ခေါင်းမဖော်ရဲဘဲ ဖြစ်ရသည်။ သို့သော် ဆာဗိုနာရိုလာ ဖျက်ဆီးခဲ့သမျှကို ပြန်လည်ထူထောင်ရန် ကြိုးစားနေကြသည်။ ထွက်ပြေး တိမ်းရှောင်နေကြသော အနုပညာသည်များ ပြန်ရောက်လာကြသည်။ အသင်းအဖွဲ့များ ပြန်၍ တည်ထောင်ကြသည်။ ကူလ်ဒရွန်းအဖွဲ့မှာ အသင်းသား ၁၂ ယောက်သာ ကန့်သတ်ထားသည်။ လစဉ် ရပ်စတီချီ၏ စတူဒီယိုတွင် ညစာစားကြသည်။ အသင်းသားတိုင်း ဧည့်သည် ဖိတ်ခေါ်ခွင့်ရှိသည်။ ထိုအသင်းတွင် မိုင်ကယ်၏ ငယ်သူချင်း ဃရာဏာချီ ပါဝင်သည်။ မိုင်ကယ်အား လာဖို့ ဖိတ်သည်။ သို့သော် မိုင်ကယ်သည် သူ့မှာ အလုပ်ပြစရာရှိမှ သွားမည်ဟု စောင့်နေသည်။

မိုင်ကယ်သည် သူ့မိတ်ဆွေဟောင်း မြို့တော်ဆောက်လုပ်ရေး အလုပ်ရုံနေ ဗက်ပီနှင့် သွားတွေ့သည်။ တစ်ခါက သူလိုချင်ခဲ့သည့် ၁၇ ပေ ကျောက်တုံးကြီးကို ကြည့်သည်။ မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ထိုကျောက်တုံးကြီးကို အရုပ်ထုဖို့ စဉ်းစားနေသည်။ မြို့တော်၏ ဂုဏ်ကျက်သရေ ဆောင်ရမည်။ မြို့တော်သားများ အင်အားတက်အောင် နှိုးဆွနိုင်ရမည်။ သမ္မာကျမ်းစာထွက် အာဇာနည်တစ်ဦး၏ပုံ ထုရလျှင် ကောင်းမည်ဟု အကြံပေးကြသည် ဆိုသည်။

မိုင်ကယ်သည် ဗက်ပီထံမှ သတင်းစုံ ကြားရသည်။ ထိုကျောက်တုံးကြီးကို ဘယ်သူ့အပ်မည် မသိရသေးချေ။ အချို့သော လူကြီးများက လီယိုနာဒိုဗင်ချီကို ပေးချင်ကြသည်။ သို့သော် ဗင်ချီက ကျောက်ရုပ်ထုသည့် အလုပ်မှာ အလုပ်ကြမ်း အောက်တန်းစားအလုပ် ဖြစ်သည်ဟုဆို၍ ငြင်းလိုက်သည်။ မိုင်ကယ်သည် ဗင်ချီ၏ပညာကို ချီးမွမ်းလေးစားခဲ့သူ ဖြစ်သည်။ ထိုအလုပ်ကို သူမယူတော့လျှင် မိုင်ကယ်အဖို့ ရဖို့လမ်း ရှိသည်။ သို့သော် ဗင်ချီက ပန်းပုပညာကို ချိုးဖဲ့ ပြောသည်ကို ဒေါသဖြစ်မိသည်။

တစ်နေ့သော် မိုင်ကယ်သည် နံနက်အရုဏ်တက်တွင် မြို့တော် ဆောက်လုပ်ရေး အလုပ်ရုံသို့သွား၍ ကျောက်တုံးကြီးကို လေ့လာသည်။ အရှေ့ဘက်က သမ်းလာသည့် ရောင်နီသည် ကျောက်တုံးကြီးပေါ်မှာ ဖြာကျနေသည်။ မိုင်ကယ်၏ အရိပ်မှာလည်း ၁၇ ပေ ကျောက်တုံးကြီးနှင့်အညီ ရှည်ထွက်လာသည်။ အံမယ် ...သူ့ကိုယ်သူ ဂုမ္ဘာန်ယက္ခကြီးပမာ ကြီးထွားလာသလိုပါပဲလား။

မိုင်ကယ် အတွေးပေါက်လာသည်။ သမ္မာကျမ်းစာတွင် ပါသည့် သူရဲကောင်း အာဇာနည် ဒေးဗစ်သည် သူ့နိုင်ငံကို ရန်မူလာသည့် ဘီလူးကြီး ဂေါ်လိုင်ယက်ကို တိုက်မည်ဟု ထွက်လာသည့်အချိန်တွင် သည်လိုပဲ သူ့ကိုယ်သူအား တက်ကြွလာပေလိမ့်မည်။

ဟုတ်ပြီ။ ဖလော်ရင့်မြို့တော် ဂုဏ်ကျက်သရေ ဆောင်ဖို့၊ ဖလော်ရင့်မြို့သားတွေ စိတ်အားတက်ကြွဖို့ အရုပ်မျိုးကား ဒေးဗစ်၏အရုပ် ဖြစ်ရမည်။ မိုင်ကယ်သည် ရုပ်ပုံအကြမ်းတွေ အမျိုးမျိုးရေးဆွဲကာ ဖလော်ရင့်မြို့တော် ဘုရင်ခံ ဆိုဒါရီနီထံ တင်သွင်းသည်။ သို့သော် ဘာမှ စကားပြန်မရချေ။ မိုင်ကယ်၏ လက်များမှာ ကျောက်သားဆာလှပြီ။ ပန်းပုထုချင်သည့်ရောဂါ အပြင်းထနေသည်။

ထိုအတောအတွင်း ဂေါ်လီသည် ရောမမြို့တော်တွင် မိုင်ကယ်အတွက် စိုင်းပြင်းပေးနေသည်။ တစ်နေ့သော် သူ့ထံမှ မိုင်ကယ် စာတစ်စောင် ရသည်။ ကာဒီနယ် ပစ်ကိုလိုမိနီက ဆီယားနား ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် အရုပ်များ ထုဖို့ အလုပ်တစ်ခု ပေးမည်။ သို့သော် ထိုအလုပ်မျိုးမှာ မိုင်ကယ် လုပ်ချင်

သည့် အလုပ်မျိုး မဟုတ်ချေ။ ထို့ပြင် မိုင်ကယ်၏ပညာနှင့် တန်သည့်အလုပ်လည်း မဟုတ်ဟု ဆိုသည်။

မှန်သည်။ နေရာကျဉ်းကျဉ်းကလေးထဲဝင်အောင် အရုပ် ၁၅ ရုပ် ထုရမည် ဖြစ်သည်။ အရုပ်များမှာ အဝတ်တွေ ရစ်ပတ်ထွေးလုံးလျက်ပုံတွေ ဖြစ်သည်။ အခကြေးငွေမှာ ဒက်ကက် ၅၀၀ ဖြစ်၍ ကြိုတင်ထုတ်ပေးငွေလည်း ရမည် မဟုတ်ချေ။ သုံးနှစ်မျှ အခြားအလုပ်ကိုလည်း လက်မခံနိုင်ဘဲ ရှိဦးမည်။

မိုင်ကယ်သည် ဖလော်ရင့်မြို့တော် ဘုရင်ခံ ဆိုဒါရီနီထံသို့ ပြေး၍ အကျိုးအကြောင်း ပြောသည်။ ၁၇ ပေ ကျောက်တုံးကြီးကို ဒေးဗစ်၏ပုံ ထုလုပ်ပေးလိုသည်။ ကာဒီနယ် ပစ်ကိုလိုမိနီ ပေးသည့် အလုပ်ကို နည်းနည်းမှ မလုပ်ချင်ကြောင်း ပြောပြသည်။ ထိုအခါ ဆိုဒါရီနီက စဉ်းစား၍ ပြန်ပြောသည်။

'ခက်တာပဲကွာ၊ အခါက မကောင်းဖြစ်နေတယ်။ ခြေဆာရေ ဗောဂျီးယားက ဖလော်ရင့်ကို လာတိုက်မလို့ လုပ်နေတယ်။ ဒီတော့ ရွှေစ သုံးသောင်း ခြောက်ထောင် လာဘ်ထိုးရတယ်'

'ဟာ ဒါ သက်သက် ညှဉ်းတာပဲ'

'အေး ဘယ့်နှယ်လုပ်မလဲ၊ ကိုယ်ဖြတ်ပစ်ချင်တဲ့ လက်ကို နမ်းရှုပ်ရတယ်။ ကုန်သည်များအသင်းတွေက စုပြီး ရွှေစတွေ ပေးရတယ်။ ဒီလို အချိန်မျိုးမှာ ပန်းပုရုပ်တွေ ဘာတွေအတွက် ငွေကုန်ဖို့ ဘယ်သူမှ စကားပြောချင်မှာ မဟုတ်ဘူး။ ဒီတော့ ဟို ကာဒီနယ်ပေးတဲ့ အလုပ်ကို လက်ခံရင် ကောင်းမယ်။ ဖလော်ရင့်မြို့တော်ကြီးလည်း မီးစဉ်ကြည့် အလုပ်လုပ်ရတယ်။ မင်းလည်း အနုပညာသည် တစ်ယောက်အနေနဲ့ ဒီလမ်းပဲ လိုက်ဖို့ရှိတာပဲ'

မိုင်ကယ်သည် သူ့မိတ်ဆွေကြီး ဖာသာ နစ်ကိုလာထံ သွား၍ အကျိုးအကြောင်း ပြောပြသည်။ ဖာသာမှာ မခံမရပ်နိုင် ဖြစ်သည်။

'ဘာပြောတယ်၊ မီးစဉ် ကြည့်လုပ်ရမယ်တဲ့၊ ဟုတ်လား၊ ဘယ်အထိ လိုက်လုပ်ရမှာတဲ့လဲ။ တိရစ္ဆာန်တွေလို ဗိုက်ဝရင် ပြီးရော သဘောလား။ ရှက်စရာကောင်းလိုက်ပါပေ့ကွာ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ငါသိတဲ့ မိုင်ကယ်ဟာ ဆိုရင် အလုပ်မရှိတာစာရင်တော့ ဘာအလုပ်ဖြစ်ဖြစ် ဆိုတာမျိုး စိတ်ကူးထဲ ထည့်မှာ မဟုတ်ဘူး။ ဟေ့ မိုင်ကယ်၊ အဲဒီ ကာဒီနယ်ပေးတဲ့ အလုပ်ကို လက်မခံနဲ့ကွာ။ မင်းကို ဘုရားသခင်က ဒီပညာပေးထားတာ ဒီလို အသုံးမကျတဲ့ အလုပ်တွေ လုပ်ဖို့ မဟုတ်ဘူးကွ'

မိုင်ကယ်သည် ရှက်လှ၍ ခေါင်းငိုက်ကျသည်။ ထိုအခါ ဖာသာက ညင်သာ စွာ ပြောပြန်သည်။

'ငါ ဆုံးမစကား ပြောရတာက မိုင်ကယ် မင်းရဲ့ ကိုယ်ကျင့်တရားကို နမြောလို့။ ငါ့မှာလည်း ပြောဖို့ တာဝန်ရှိလို့ ပြောရတာပါကွာ'

မိုင်ကယ်၏ သူငယ်ချင်း ဃရာဏာချီကမူ တစ်မျိုးပြောပြန်သည်။

'မိုင်ကယ်၊ မင်းက လက်နဲ့ အလုပ်နဲ့ ပြတ်နေရင် သေတော့မလောက် စိတ်ဆင်းရဲတဲ့ အကောင်မျိုး။ ဒီတော့ ဘာရုပ်တွေပဲ ဖြစ်နေနေ၊ အချိန်ရှိသလောက် ထုလုပ်နေပေါ့။ နောက်တော့ ကိုယ့်စိတ်ကြိုက် အလုပ်မျိုးလည်း ပေါ်လာမှာပဲ'

*

မိုင်ကယ်သည် သူ့စားပွဲမှာ ပြန်ထိုင်ပြီး ကာဒီနယ် ပစ်ကိုလိုမိနီ လိုချင်သည့် ရုပ်တုများအတွက် ပုံတွေဆွဲသည်။ သူတော်စင် စိန့်ပီတာနှင့် စိန့်ပေါတို့၏ ပုံများကို ထုလုပ်ပြီးသည်။ သူ့မိတ်ဆွေ ဗက်ချီက အရုပ်နှစ်ခု ထုပေးသည်။ မိုင်ကယ်သည် ဒေးဗစ် အရုပ်ကြီး ထုဖို့ဆီသာ စိတ်ရောက်သည်။ ဒေးဗစ်၏ သူရသတ္တိကို မည်သို့မည်ပုံ သရုပ်ဖော်ရမည်ကိုသာ စဉ်းစားနေသည်။ ရှေးက ပညာသည်များသည် ဒေးဗစ်ကို လူချောလှလှကလေးလို ထုလုပ်ခဲ့ကြသည်။ ချောလှလွန်း၍ မိန်းမရှာကလေးနှင့်တောင် တူနေသေးသည်။

နံနက် အရုဏ်တက်ချိန်တွင် မိုင်ကယ်သည် ၁၇ ပေ ကျောက်တုံးကြီး ရှိရာသို့ သွား၍ တိုင်းထွာကြည့်သည်။ ထိုကျောက်တုံးမှာ အခြား ပန်းပုဆရာတွေ လက်တည့် စမ်းကြည့်ကြဖူးသည်။ လက်လျှော့သွားကြသည်။ အလယ်ကောင်နားတွင် အတွင်းသားအထိ ဆောက်ရာများ ပေးထားကြသည်။ ထက်ခြမ်းကွဲသွားလိမ့်မည်ဟု ဆိုကြသည်။ မိုင်ကယ်သည် သည်ကျန်နေသည့် ကျောက်သား အတွင်းတွင် ဒေးဗစ် ပေါင်တံနှစ်ချောင်း ထွင်းထုနိုင်မှ ဖြစ်မည်။

ဗက်ပီက ပြောသည်။

'အနှစ် ၅၀ ရှိပါပြီ မောင်ရာ၊ ဒီကျောက်တုံးကြီးကို ပန်းပုဆရာတွေ လာ လာ တိုင်းကြည့်ကြတာ။ ပြီးတော့ လုပ်မရပါဘူးဆိုပြီး ထားပစ်ခဲ့ကြတာပဲ' မိုင်ကယ်က ကျောက်တုံးကို လေ့လာပြီး ပြောပြန်သည်။

'ဒီမှာကြည့်စမ်း ဗက်ပီ၊ ဒီကျဉ်းကျဉ်းလေး နေရာကနေပြီး တင်ပါးကို လှည့်လိုက်မယ်။ ပြီးတော့ သန်မာတဲ့ လက်တစ်ဖက် ထည့်လိုက်ရင် ဘယ့်နှယ်လဲ'

သို့နှင့် ရက်ပေါင်း အတော်ကြာသွားသည်။ ရောမမြို့တော်မှ တမန်ရောက်လာသည်။ ကာဒီနယ် ပစ်ကိုလိုမိနီ၏ အလုပ်စာချုပ် ပါလာသည်။ ဂေါ်လီက ဝင်ပြောဆိုပေးသဖြင့် စရန် ဒက်ကက် ရွှေစတစ်ရာ ရသည်။ သို့သော် မိုင်ကယ်အဖို့ အခံရအခက်ဆုံး စာပိုဒ်တစ်ခု စာချုပ်မှာ ပါလာသည်။

"သူတော်စင် စိန့်ဖရန်စစ်ပုံကို တော်ရီဂီယန်နီ ထုသွားသည်။ အပြီး မသတ်ခဲ့သည်ကို မိုင်ကယ်အိန်ဂျယ်လို ဆက်ထုပေးရမည်။"

ကျောင်းတော်က ရန်စရှိခဲ့သူ တော်ရီဂီယန်နီ၏ လက်ငုတ်လက်စကို ကောက်လုပ်ရမည်ကို မိုင်ကယ် မခံနိုင် ဖြစ်မိသည်။ သို့သော် ဃရာဏာချီက နှစ်သိမ့်သည်။

'ဒီကောင် အရုပ်ကလေးတစ်ခုတောင် ဖြစ်အောင် မထုနိုင်လို့ ကာဒီနယ်က မင်းကို ခေါ်ခိုင်းရတယ်လို့ သဘောထားလိုက်ပါကွာ'

မိုင်ကယ် နောက်တစ်နေ့ပင် ထွက်လာခဲ့သည်။

*

မိုင်ကယ်သည် တော်ရီဂီယန်နီ ဖြစ်ကတတ်ဆန်း လုပ်သွားသည့် စိန့်ဖရန်စစ် ရုပ်တုကို ပြန်၍ထုရသည်။ ထိုနောက် ဖလော်ရင့်မြို့တော် ဘုရင်ခံ ဆိုဒါရီနီထံမှ သူ့ကို ပြန်ခေါ်သည်။ သူ ထုလိုသည့် ဒေးဗစ်ပုံကို ထုဖို့ အလုပ်အပ်သည်။ ဆိုဒါရီနီက ပြောသည်။

'ငါတို့ ဖလော်ရင့်မြို့သား ပန်းပုဆရာကို ဆီယာနာမြို့က ကာဒီနယ်က စာချုပ်နဲ့ ခေါ်ခိုင်းထားတယ်ဆိုတော့ တို့ကပဲ ကိုယ့်ပညာသည်ကို ကိုယ် မချီး မြှောက်ဘူးလို့ ထင်စရာ ဖြစ်နေမှာပေါ့။ ဒီတော့ မင်း ကာဒီနယ် ခိုင်းထားတဲ့ အလုပ်ကို ဆိုင်းထားဦးပေါ့။ တကယ်ဆိုတော့ ကိုယ့်မြို့တော်က အလုပ်ကို ဦးစား ပေးဖို့ တာဝန် မင်းမှာ ရှိတယ်'

မိုင်ကယ်သည် သူ့ကို ကာဒီနယ်က စာချုပ်ကတိ ဖျက်ရမလားဟု ဆိုမည်ကို စဉ်းစားမိသော်လည်း သူ လုပ်ချင်လှသည့် ဒေးဗစ်အရုပ် ထုရမည်ကို အူမြူးနေသည်။ မိုင်ကယ်သည် တိုပိုလီနီ မိသားစုထံ ပြေးပြီး သတင်းကောင်း ပြောသည်။ သူတို့အား ကွန်တက်စီနာ၏ သတင်းကို မေးသည်။

'ကလေးမ မမာရှာဘူး၊ လူတွေကလည်း သူတို့နဲ့ ဆေးဖော်ကြောဖက် မလုပ်ကြဘူး။ လုပ်ချင်တဲ့ လူကိုတောင် တားမြစ်ထားတယ်။ ပိုင်ရို လုပ်သွားတဲ့ အမုန်းဆိပ်တွေပေါ့'

မိုင်ကယ်သည် ဖားဖိုထဲတွင် ထင်းမီးတွေ ထည့်ကာ တူ ဆောက် အသေး စားလေးများ တစ်စုံလုပ်သည်။ ထို့နောက် ကျောက်ဖြူတုံးငယ်ငယ် တစ်ခုယူ၍ ကွန်တက်စီနာတို့နေရာ အရပ်သို့ မြင်းနှင့်သွားသည်။ မြင်းကို သံလွင်သီးပင်မှာ ချည်ထားခဲ့ပြီး အိမ်ငယ်လေးရှေ့ ကျောက်အုတ်ခင်းသည့် ရင်ပြင်ပေါ်တွင် ထိုင်နေကြသော မိသားစုကို တောင်စောင်းမှနေ၍ လှမ်းကြည့်သည်။

ကွန်တက်စီနာသည် ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်၍ ကလေးကို နို့တိုက် နေသည်။ အသက် ခြောက်နှစ်အရွယ် သားလေးက အနီးမှာ ကစားနေသည်။ မိုင်ကယ်က ခပ်လှမ်းလှမ်းမှ အသံပြုလိုက်၍ ကွန်တက်စီနာသည် ရင်သားကို ကတိုက်ကရိုက် ဖုံးလိုက်ပြီး-

'မိုင်ကယ်လား၊ လာခဲ့လေ၊ လမ်းက ညာဘက်မှာ ရှိတယ်။ ဆင်းလာခဲ့' ဟု ခေါ်သည်။

ကွန်တက်စီနာ၏ ခင်ပွန်း ရီဒိုလ်ဖီကမူ မာန်မာန မချသည့် မျက်နှာကြီး တင်းနေသည်။ မိုင်ကယ်သည် မြို့တော်အတွက် ၁၇ ပေ ကျောက်တုံးကြီးကို အရုပ်ထုဖို့ အလုပ်ရသည့် သတင်းကို ပြောသည်။ သူ့ပါလာသည့် ကလေး ကစားစရာ စူး ဆောက်နှင့် ကျောက်တုံးကလေးကို ပြသည်။

'ကွန်တက်စီနာရဲ့သားလေး ခုဆိုရင် ခြောက်နှစ်သား ရှိရောပေါ့။ ပန်းပု ပညာ စ သင်ချိန်တန်ပြီ၊ ကျွန်တော် သင်ပေးပါ့မယ်'

ရီဒိုလ်ဖီ၏ တင်းမာသောမျက်နှာသည် မထိတရိ ပြုံးတော့မလို ပြုသည်။

'မင်း တော်ပါပေတယ်၊ တို့ အခုလို ဝိုင်းပယ်ခံနေရတဲ့အချိန် လာတွေ့ တာ' ဟု ပြောသည်။

ရီဒိုလ်ဖီမှာ အသက် ၃၀ မျှသာ ရှိဦးမည်။ သို့သော် သူ့မျက်နှာမှာ အိုမင်း ရင့်ရော်နေသည်။ သူသည် ယောက်ဖ ပိုင်ရိုမီဒီချီကို ပြန်ခေါ်သွင်းရန် ကြံစည်သည့် အထဲ မပါချေ။ သို့သော် ယခုလက်ရှိ ဖလော်ရင့်မြို့ သမ္မတ အစိုးရကို ရွံရှာမုန်းတီး သည်ဟု သိကြသည်။

မိုင်ကယ်အဖို့မှာကား ကွန်တက်စီနာနှင့် ပြန်တွေ့ရသည်ကို ပျော်နေ သည်။ သူတို့ချင်းချင်း ကလေးဘဝက ကလေးချစ် ချစ်ခဲ့ကြသည်။ သူ့သား ကလေးကို စူး ဆောက်များနှင့် ပန်းပုထုပညာ လက်ဦးသင်ခန်းစာများ ပေးတမ်း ကစားကြသည်။

'မင်းကို သင်ပေးမယ်ကွယ့်၊ မင်းအဘိုးရဲ့ ပန်းပုဥယျာဉ်တော်မှာ ဆရာ ကြီး ဗာလ်တိုဒို ငါ့ကို သင်ပေးခဲ့သလိုပဲ မင်းကို သင်ပေးရမှာပေါ့' ဟု မိုင်ကယ်က ကွန်တက်စီနာ၏ သားလေး လူဂျီကို ပြောပြသည်။

မိုင်ကယ် ညဉ့်သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်သည်။ မိုင်ကယ်၏ အဖေ လိုဒိုဗီကိုက မိုင်ကယ် အလုပ်အတွက် ရွှေစ ဘယ်ရွေ့ဘယ်မျှ ရမည်ကို အလောတကြီး မေးသည်။ ဒေးဗစ်အလုပ်ကို ထုရမည်မှာ လက်ရှိဖြစ်သော ကာဒီ နယ်၏ အလုပ်လောက် ရွှေစရမည် မဟုတ်သဖြင့် မကျေမချမ်း ဖြစ်နေသည်။ မိုင်ကယ်မှာ အဖေအတွက် တစ်လ ငါးဖလော်ရင် ပေးရန် စီစဉ်ထားသည်။

*

ယရာဏာချီသည် မိုင်ကယ်ကို ဂုဏ်ပြုရန် ကူလ်ဒရွန်းအသင်း အစည်းအဝေးကို ရပ်စတီချီ၏ စတူဒီယိုတွင် ဖိတ်ထားသည်။ စားဖွယ်တွေ စုံလှသည်။ ဝက်အူ ချောင်းတွေမှာ ကြိုးတွေခွေထားသည့်နှယ် ပေါများလှသည်။ အမဲသား၊ နို့စို့အရွယ် ဝက်ကောင်လုံးကင်၊ ယမကာစုံ၊ ဝက်ခြေထောက်ရိုး၊ သနပ်လက်သုပ် ဟင်းလျာ

များ တည်ခင်းထားသည်။ ဃာလန်ဒါအိုယို တပည့်ဟောင်းများနှင့် မီဒီချီ ဥယျာဉ် တော် ပညာသင်သားများ အားလုံးပင် လာစုမိကြသည်။ ထို့နောက် ရပ်စတီချီ၏ စတူဒီယိုမှ ပွဲများ ရှိရာ လေဟာပြင်သို့ လာခဲ့ကြပြန်သည်။ လူတိုင်းပင် မိုင်ကယ်ကို လက်ဆွဲ နှုတ်ဆက်၍ ဂုဏ်ပြုချီးကျူးကြသည်။ ပါတီပွဲမှာ နံနက် အရုဏ်ကျင်းမှ လူစုကွဲကြသည်။ ထိုပွဲတွင် မိုင်ကယ်၏ဘဝတွင် မှတ်လောက်သားလောက်သော အဖြစ်အပျက်နှစ်ခု တွေ့ကြုံရသည်။

ပထမ အဖြစ်အပျက်မှာ အရွယ်အိုမင်းပြီဖြစ်သော ပန်းချီဆရာကြီး ကောစီ မိုရှိဇယ်လ်သည် ကူလ်ဒရွန်းအဖွဲ့မှ အနားယူ နုတ်ထွက်ပြီး သူ့နေရာကို မိုင်ကယ် အား ယူမည့်သူအဖြစ် ကြေညာပေးသည်။ မိုင်ကယ်က လက်ခံ သည်။ သူသည် မီဒီချီ၏ ပန်းပုဥယျာဉ်တော် အဖွဲ့ဝင်သာ ပါဝင်ခဲ့ဖူးသည်။ အခြား မည်သည့် အနုပညာ အသင်းအဖွဲ့များတွင်မှ မပါဝင်ခဲ့ဖူးချေ။ ငယ်စဉ်တောင်ကျေးက အထီး ကျန်ဘဝနှင့် နေခဲ့ရသည်။ သူငယ်ချင်း မိတ်ဆွေတွေ ဟူ၍လည်း များများ မရှိခဲ့ ချေ။ ယခုအခါ ဖလော်ရင့်မြို့တော် ရှိရှိသမျှ အနုပညာသည်များသည် သူ့ကို ချီးကျူးဂုဏ်ပြုနေကြသည်။

ဒုတိယ အဖြစ်အပျက်မှာ မရည်ရွယ်ဘဲနှင့် ဖြစ်ရသည့်ကိစ္စ ဖြစ်သည်။ မိုင်ကယ်သည် ထိုခေတ်က အကျော်အမော် ဖြစ်သော ပန်းချီဆရာကြီး ဗင်ချီကို ဖလော်ရင့် မြို့တော်တွင် မြင်ဖူးသည်။ ဆံပင်နီနီကြီးကို ပခုံးထိ အရှည်ထားသည်။ နဖူးကလည်း မြင့်ကျယ် တင့်တယ်လျက်။ ကျောက်သားကို ထုထားသကဲ့သို့ ခိုင်မာသော မေးစေ့ရှိသည်။ နှာတံကြီးမှာလည်း ဖြောင့်စင်း ထင်းထင်းသားနှင့်။ ပြာလဲ့သော မျက်လုံးများမှာလည်း လျှင်မြန် ထက်မြက်သော ဉာဏ်ပညာရောင်ဖြင့် ဆာက်ပလျက် ရှိသည်။ ဗင်ချီသည် အဝတ်အစားကိုလည်း ကျကျနန ဝတ်သည်။ နှင်းဆီပန်းရောင် ဝတ်ရုံကြီးနှင့် အင်္ကျီလက်မှာ ဇာနားသတ်ထားသည်။ မင်းသား ကြီးပမာ ချောမောခံ့ညားသည်။

ပန်းချီဆရာကြီး ရပ်စတီချီက မိုင်ကယ်ကို ဤသို့ ပြောသည်။

'ဗင်ချီရဲ့ အပြင်ပုံပန်းကြည့်ပြီး ပေါ့ပေါ့တန်တန် လူမျိုးလို့များ မထင်လိုက် နဲ့။ သူ့ဦးနှောက်ကဖြင့် အံ့သြလောက်အောင် ကောင်းတယ်။ သင်္ချာဘာသာလည်း နားလည်တယ်။ ခန္ဓာသိပ္ပံဗေဒ ပညာမှာလည်း တစ်ဖက်ကမ်းခတ်ပဲ။ ပြီးတော့ ဘူမိသိပ္ပံပညာလည်း တတ်တယ်။ စက်ဆရာ တစ်ယောက်လည်းဖြစ်ပြီး အမျိုးမျိုး တီထွင်တတ်တဲ့ လူတစ်ယောက်ပဲ။ အခု ဆိုရင် လေထဲမှာ ပျံနိုင်မယ့် စက်တစ်ခု ကြံစည်တီထွင်နေတယ်။ အေးကွယ်၊ ဖလော်ရင့်မြို့တော်မှာ မင်းလိုပဲ အနုပညာ သက် ဝါရင့်တဲ့ လူတစ်ယောက်ပဲ'

ထိုပွဲတွင် ဗင်ချီ၏ ခံညား အောင်မြင်သော အသံကြီးကို ကြားရသည်။

'ကျောက်တုံးကြီးကို ပန်းပုထုဖို့ ကျူပ် ဝင်ပြီး မပြိုင်ဆိုင်ပါဘူး။ ပန်းပု ဆိုတာ အလကားပါ၊ အနုပညာ မဟုတ်ပါဘူး။ လက်လုပ်သမားတွေရဲ့ အလုပ်၊ ပန်းချီလို ဉာဏ်ပညာနဲ့ လုပ်ရတာမျိုး မဟုတ်ဘူး။ ပန်းပုသမားတွေဟာ ပန်းရန် သမားနဲ့ ဘာမှ မထူးပါဘူး။ သူတို့နဲ့ တစ်တန်းစားတည်းပဲ ဖြစ်ကြရမှာပါပဲ'

မိုင်ကယ် ဒေါသဖြစ်မိသည်။ သူ့အတွက်သာချည်း မဟုတ်၊ ပန်းပုဆရာ အများ၏ ကိုယ်စား ဗင်ချီ၏ စော်ကားသော စကားများကို နာကြည်းမိသည်။ တစ်နေ့ သူ့စကားကို သူ ပြန်မျိုချစေရမည်ဟုပင် မိုင်ကယ် သစ္စာဆိုလိုက်သည်။

*

နောက်တစ်နေ့တွင် ဗက်ပီသည် မိုင်ကယ်ကို အငမ်းမရ ကြိုဆိုသည်။

'ကဲ၊ မင်းလိုချင်တဲ့ ကျောက်တုံးကြီး ရပါပြီဗျား။ မြို့တော် ဆောက်လုပ် ရေးဌာနက အားလုံး ပေးပါလိမ့်မည်။ စူး၊ ဆောက်၊ တူ၊ တန်ဆာပလာတွေရော၊ ပြီးတော့ မဒီချောကလေးတွေရော'

မိုင်ကယ် အားရပါးရ ရယ်သည်။ သူ့ရယ်သံကြား၍ အလုပ်တွင်းရှိ အလုပ်သမားများ ပြေးလာပြီး သူ့ကို ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ သူတို့ သည် ကုတ်တွန်းလှည်း ကိရိယာများဖြင့် ပေါင် ၂၀၀၀ ကျော် လေးသည့် ကျောက်တုံးကြီးကို သယ်ယူကာ မိုင်ကယ် အလုပ်လုပ်ရမည့် သီးသန့်နေရာသို့ ပို့ပေးကြသည်။

မိုင်ကယ်သည် ယခုမှ သူ့ရဲကောင်း ဒေးဗစ်ပုံကို ဘယ်လို သရုပ်ဖော်မည် ကို စဉ်းစားနိုင်တော့သည်။ သူ၏ ကျေးဇူးရှင် မဟာလော်ရင်ဇို မီဒီချီ ကြိုးစား ဆောင်ရွက်မှုများကို ဒေးဗစ်အရုပ်တွင် ပြန်လည်သစ်ဆန်း ပေါ်လွင်စေရမည်။ ဒေးဗစ်သည် တမလွန် အခါကျမှ သူ့အပြစ်တွေကို ဆေးကြောမည် ဟူသော အတွေးနှင့် အချိန်ကုန်နေသော လူဆိုးလူညစ်တစ်ဦး မဟုတ်ဟု မိုင်ကယ် ယူဆ သည်။ အသိဉာဏ်နှင့်၊ လုပ်ရဲကိုင်ရဲသော သတ္တိနှင့် ပြည့်စုံသူတစ်ဦး ဖြစ်ရမည်။ မိုင်ကယ် ထုလုပ်သော ဒေးဗစ်၏ ရုပ်တုသည် ပညာ၊ အသိဉာဏ်၊ ဆင်ခြင်တုံ တရားများနှင့် ယှဉ်တွဲသော အမှုကိစ္စများကို ကြိုးစားဆောင်ရွက်ခဲ့သော ယောကျ်ား အာဇာနည်၏ ပုံသဏ္ဌာန် ဖြစ်ရမည်။

သမ္မာကျမ်းစာ အဆိုအရ ဒေးဗစ်သည် သူ့တိုင်းပြည်ကို နှိပ်စက်ကလူ ပြုသည့် ဘီလူးကြီးကို သတ်ခဲ့သည်။ ထိုအချိန်အခါကပင် ဒေးဗစ်သည် ယောကျ်ား အာဇာနည်တစ်ဦး အဖြစ်သို့ ရောက်သည့်အချိန် ဖြစ်ရမည်လော။ သို့တည်းမဟုတ် ထိုဘီလူးကြီးကိုတော့ဖြင့် သတ်မှ ဖြစ်တော့မည်။ ငါပင် သတ်ဖို့ ကြိုးစားရမည်ဟု

စိတ်ဆုံးဖြတ်သည့် အချိန်ပင် ဖြစ်မည်လော။ မိုင်ကယ်၏ အယူအဆ အတိုင်း ဆိုလျှင် ဒေးဗစ်သည် ဘီလူးကြီးကို သတ်ဖို့ ကြိုးစားတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည့် အချိန်တွင် ယောကျ်ား အာဇာနည်အဖြစ်သို့ ရောက်သည်။ တိုင်းပြည်၏ ရန်သူ ဘီလူးကြီးကို နိုင်အောင်သတ်မှ ဖြစ်တော့မည်ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည့် အချိန်တွင် တွေ့မြင်ရသည့် ဒေးဗစ်၏ ပုံပန်းကို ဖမ်းယူ ထုလုပ်ရမည်မှာ မိုင်ကယ်၏ စိတ်ကူးပင် ဖြစ်သည်။

မိုင်ကယ်သည် ၁၈ လက်မခန့်မြင့်သည့် ရွှံ့ပုံတူ လုပ်ကြည့်သည်။ ၁၇ ပေ ကျောက်တုံးကြီး၏ အတွင်းသားထဲတွင် ဘယ်နေရာဆီမှာ သူ ထုလိုသည့် ဒေးဗစ်၏ပုံ ရှိမည်ကို သူ့ပညာနှင့် မိုင်ကယ် အတပ်သိသည်။ ကျောက်တုံး၏

ဒေးဗစ်ကျောက်ရုပ်တု ကိုယ်တစ်ပိုင်းပုံ (၁၅၀၄)



အခြေအနေ၊ အနှစ်သာရနှင့်တကွ သူ၏ ဆောက်ချက်ကို အလိုမလိုက်သည့် သဘောတရားများလည်း ရှိနေသေးသည်ကို ကောင်းစွာ သိမြင်သည်။

မိုင်ကယ်သည် အားလပ်သည့်အချိန်တွင် ကွန်တက်စီနာတို့ မိသားစု နေထိုင်ရာ တောရွာလေးသို့သွားပြီး သားကလေး လူဂျီကို ပန်းပုသင်ပေးသည်။ တစ်ခါတွင် ကွန်တက်စီနာက ပြောသည်။

'မိုင်ကယ် တစ်ချိန်တစ်ခါကျရင် သားတွေ ရရဦးမှာပေါ့'

မိုင်ကယ်က ခေါင်းခါသည်။

'အနုပညာသည်တွေဟာ ခြေသလုံးအိမ်တိုင်ပဲ နေတတ်ကြတယ်။ ရောမ မြို့၊ ဆိယန်းနားမြို့၊ ဗိုလော့တနားမြို့တွေဆီ လျှောက်သွားနေမှာပဲ။ ဒီတော့ သားမယား ယူလို့ ဘယ်ဖြစ်မလဲ'

ကွန်တက်စီနာက တိကျ ပြတ်သားစွာပင် ပြန်ပြောလိုက်သည်။

'ဒီလိုကြောင့်ချည်း မဟုတ်သေးပါဘူး။ တကယ်တော့ ဒါထက် နက်နဲတဲ့ အကြောင်းလည်း ရှိပါသေးတယ်။ ကျောက်ဖြူတုံးဟာ မိုင်ကယ်ရဲ့ အိမ်ရာ ထောင်မှုပဲ။ ဗားရူးတို့၊ ဒေးဗစ်တို့ ကျောက်ရုပ်တွေဟာ မိုင်ကယ်ရဲ့ သားသမီးတွေပဲ။ အခု မိုင်ကယ် ဒီမှာလာနေတဲ့ အချိန်မှာတောင် လူဂျီလေးဟာ မိုင်ကယ်ရဲ့ သားပေါ့၊ ဟုတ်လား'

*

ထိုအတောအတွင်း ဆန်ဂါလိုသည် ဖလော်ရင့်မြို့သို့ ပြန်ရောက်လာသည်။ 'ဗိသုကာ အလုပ်ကလေးများ မရှိဘူးလား' ဟု မေးသည်။

မိုင်ကယ်က ချက်ချင်းပင် အလုပ်ပေးလိုက်သည်။

'လှည့်လို့ရတဲ့ စားပွဲတစ်လုံး ပုံစံဆွဲပေးစမ်းပါ။ အဲဒီ စားပွဲပေါ်မှာ ပေါင် ၂၀၀၀ လေးတဲ့ ကျောက်တုံးကြီး တင်လို့ ရရမယ်။ ဒါမှ ကျွန်တော် အရုပ်ထုတဲ့ အခါမှာ ကိုယ်ကြိုက်သလို အလင်းရောင်ရအောင် လှည့်ပြီး ထုနိုင်မယ်။ ပြီးတော့ ၁၅ ပေမြင့်တဲ့ ငြမ်းတစ်ခုလည်း လိုချင်တယ်။ အဲဒီ ငြမ်းမှာ အဆင့်တွေ ပါရမယ်။ ဒါမှ အနိမ့်အမြင့်ကို လိုချင်သလို တက်လိုက် ဆင်းလိုက် လုပ်နိုင်မယ်'

ဆန်ဂါလိုက ရယ်မောပြီး–

'ဒါဖြင့် ခဲတံ၊ စက္ကူ ပေးစမ်း' ဆိုပြီး မိုင်ကယ် လိုချင်သည့် စားပွဲနှင့် ငြမ်းပုံကို ရေးဆွဲလေသည်။

*

ဗက်ပီနှင့် တပည့်လက်သားများသည် ကျောက်တုံးကြီးကို ကြိုးတွေနှင့် သိုင်းချည် နှောင်ပြီး ဆန်ဂါလို လုပ်ပေးသည့် ဆုံလည်စားပွဲပေါ်သို့ မ တင်ကြသည်။ မိုင်ကယ် နှင့် အာဂျင်တိုတို့သည် ပတ်ပတ်လည် ငြမ်းများ ဆင်ကြသည်။

ဤသို့ စီမံပြီးသည်နှင့် ကျောက်တုံးကြီးက မိုင်ကယ်ကို လာပါ ထုပါဟု ပင့်ခေါ် ကြွေးကြော်နေသကဲ့သို့ ဖြစ်နေသည်။ မိုင်ကယ်၏ စူး ဆောက်များသည် ကျောက်တုံးကြီးကို ထိုးဆွကာ ဒေးဗစ်၏ တံတောင်ဆစ်၊ ပေါင်တံ၊ ရင်အုပ် သားများကို ရှာဖွေ ထုတ်ဖော်နေတော့သည်။ နှစ်ပေါင်းများစွာ နားခိုအိပ်စက် နေသော ဖြူဖြူဖွေးဖွေး သလင်းရောင် ကျောက်သားသည် မိုင်ကယ်၏ ဆောက် ချက် အလိုကို ပျော့ပျောင်းစွာ လိုက်ပါလာသည်။ မိုင်ကယ်၏ ဆောက်ချက်များ သည် အင်အားနှင့် လာလေရဲ့ဟု တအား ထိုးချလိုက်သည့် အခါမှာ စရွေးကိုက် အကျ သူအလိုရှိသလောက် ထွင်းနိုင်သည်။ အနိမ့် အမြင့် အတိမ် အနက် မသိမသာလေးများကို အချက်စိပ်စိပ် ထုရာမှာလည်း မိုင်ကယ် စိတ်ကူးအတိုင်း တစ်သွေမတိမ်း လိုက်လာသည်။ မိုင်ကယ်သည် ခြေမျက်စိမှ စ၍ ဒူး၊ ပေါင်တံ အထိ မရပ်မနားဘဲ ထုလေသည်။

မိုင်ကယ်အဖို့ ကျောက်သားကို ထုနေရသည်မှာ သူ့ဘဝ အထွတ်အထိပ် ပျော်ရွှင်မှု ဖြစ်သည်။ အစာ စားဖို့၊ အဝတ်လဲဖို့လောက်တောင်မှ မရပ်နားနိုင်ဘဲ တူနှင့် ဆောက်နှင့် တစ်ချက်ချက် ထု၍သာ နေသည်။ ကျောက်ဖြူသားကိုသာ သူ ဆာနေသည်။ တစ်နေ့လျှင် နာရီ ၂၀ မျှ ထို ဆာလောင်မှုကို ဖြေသိမ့်နေရသည်။ သူ့မျက်နှာ၊ ဆံပင်များတွင် ကျောက်ဖြူမှုန့်တွေ ဖွေးနေသည်။ လက်ပန်းကျ၍ မတတ်နိုင်သည့်အဆုံးတွင် အိပ်ရာပေါ် ပစ်လှဲလိုက်ရသည်။ သို့တိုင်ပင် တူနှင့် ဆောက် ထုရိုက်သည့် ပုံတင်သံများသည် သူ့တစ်ကိုယ်လုံးကို တဖိန်းဖိန်း ပျံ့နှံ့ နေတုန်းပင် ရှိသည်။

ခရစ်စမတ်နေ့တွင် သူ့အဖေ၊ ညီအစ်ကိုများနှင့်အတူ ခရစ်ယာန် ဘုရား ရှိခိုးကျောင်း တက်သည်။ နှစ်သစ်ကူးနေ့တွင်ကား ဘယ်ကိုမှ မသွားဘဲ အလုပ် ဆက်လုပ်သည်။ အာဂျင်တိုက ဆုံလည်စားပွဲကို အလင်းရောင် ရအောင် အောက် က နေပြီး လှည့်ပေးရသည်။ ငြမ်းကိုလည်း အပေါ်နှင့်အောက် နိမ့်ချည် မြင့်ချည် ရွှေ့ပေးရသည်။ မိုင်ကယ်သည် ဤနည်းဖြင့် အရုပ်ကို လေးဖက်စလုံး တစ်ပြိုင်နက် ဘည်း ထုလုပ်နိုင်ခဲ့သည်။

မြို့တော်ဘုရင်ခံ ဆိုဒါရီနီ လာ၍ အရုပ်ကိုကြည့်သည်။ မိုင်ကယ်၏ အိမ်က အဖေနှင့် ညီအစ်ကိုများသည် ထိုအရုပ်အတွက် အခကြေးငွေ ဘယ်ရွေ့ ဘယ်မျှ ရမည်ဟု မသိရသေးသရွေ့ မိုင်ကယ်ကို နားပူနေကြမည်။ ထို အကြောင်း ကို ဆိုဒါရီနီ သိသည်။ သို့ဖြစ်၍ ဖေဖော်ဝါရီ လလယ်လောက်တွင် မြို့တော် အဖွဲ့များက ထိုအရုပ်ကို လာကြည့်ကြဖို့ စီစဉ်ပေးသည်။ အဖွဲ့များသည် လာကြည့် ပြီး သဘောကျသွားသည်။ မိုင်ကယ်အား ထိုအရုပ်ကို နှစ်နှစ်အတွင်း ပြီးအောင်

လုပ်ရမည်။ ရွှေစ ၄၀၀ ပေးခဲ့သည်။ မိုင်ကယ်မှာ 'ခုမှပဲ နားအေးတော့တယ်၊ ဒါမှ လောကနိဗ္ဗာန်' ဟု ပြောသည်။

အရုပ်သည် ကျောက်တုံးကြီးထဲမှ အားယူကာ အပြင်သို့ အတင်း တိုးထွက်နေသည်။ အတွင်းက တွန်းအားကိုလိုက်၍ မိုင်ကယ်ကလည်း အပြင်ကနေပြီး အင်တိုက်အားကိုက် ထုလုပ်နေသည်။ ဆိုဒါရီနီသည် မိုင်ကယ် အလုပ်လုပ်နေသည်ကို တစ်နေ့ လာကြည့်ပြီး ပြောသည်။ 'ငါဖြင့် ကွာ၊ ကြည့်နေရင်း ကျောက်တုံး အစတွေ ပလူပျံသလို လွင့်လွင့်ထွက်လာလိုက်တာ၊ ကြာတော့ ကျောက်တုံးကြီး တစ်တုံးလုံးကို အစိတ်စိတ်အမြွှာမြွှာ ကွဲကျတော့မလား ထင်မိတယ်'

မိုင်ကယ် စိတ်ထဲတွင် ဆူးစူးသလို အမြဲ အောင့်နေသည့်အချက်ကား ဗင်ချီက ပန်းပုပညာကို ချိုးနှိမ်ပြောနေခြင်း ဖြစ်သည်။

တစ်နေ့သော် ဗင်ချီသည် မိုင်ကယ်၏ ငယ်ရန်သူတော် တော်ရီဂီယန်နီနှင့်အတူ ပိုင်ရိုမီဒီချီတို့နှင့် ပူးပေါင်းပြီး ခြေဆာရိဗောဂျီးယား၏ စစ်တပ်သို့ ဝင်လိုက်ကြပြီဟု မိုင်ကယ် ကြားသိရသည်။ ဗောဂျီးယားသည် တပ်စကင်နီနယ်သားများအား ဖလော်ရင့်မြို့တော် အစိုးရအား ပုန်ကန်ရန် လှုံ့ဆော်ပေးနေသူ ဖြစ်သည်။

မိုင်ကယ် စိတ်ဆိုးမာန်ဆိုးနှင့် ရေရွတ်တော့သည်။ 'သစ္စာဖောက်တွေပဲ'

ထိုအခါ ပန်းချီဆရာကြီး ရပ်စတီနီက ခပ်အေးအေး ခေါင်းခါသည်။

'မင်းနဲ့ ဗင်ချီဟာ တို့ခေတ်မှာဖြင့် တို့တစ်တွေအားလုံး အပေါ်မှာ တောင်ကြီးလို မိုးနေတဲ့ ပညာသည်နှစ်ဦးပဲ။ မင်းတို့ချင်း ဒါလောက် မုန်းနေကြတာ အဓိပ္ပာယ် မရှိရန်ကောကွာ။ အဲလေ၊ ဘာအဓိပ္ပာယ်များ ရှိသလဲ မသိဘူး'

*

ပြေလကုန်လောက်တွင် ဆိုဒါရီနီသည် မိုင်ကယ်ထံလာ၍ အလုပ်တစ်ခု ထပ်ပေးပြန်သည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးအတွက် ယေရှု၏ တပည့်သား ၁၂ ဦး၏ ရုပ်ပုံထုပေးရန် ဖြစ်သည်။ 'တစ်သက်လုံး အချိန်ယူ လုပ်ရမယ့် အလုပ်ပဲ' ဟု မိုင်ကယ်က ပြောသည်။ ဆိုဒါရီနီက ထိုအလုပ်ကို မိုင်ကယ် လက်ခံလျှင် ဖလော်ရင့်မြို့တော် အစိုးရ၏ ပန်းပုပညာသည် ဆရာကြီး ရာထူးရမည်၊ အိမ်နှင့် အလုပ်လုပ်စရာ နေရာ စတူဒီယို ရမည်ဟု ဆိုသည်။ မိုင်ကယ်သည် သူပိုင်အိမ်နှင့် အေးအေးဆေးဆေး နေ၍ အလုပ်လုပ်နိုင်မည်ကို သဘောကျသည်။ တစ်နှစ်လျှင် အရုပ်တစ်ရုပ်ကျ ထုပေးရမည်။ ၁၂ ရုပ်ပြည့်လျှင် အိမ်နှင့် စတူဒီယိုကို အပိုင်ရမည်။

မိုင်ကယ်သည် ဆန်ဂါလိုနှင့် သွားတိုင်ပင်ရာ ဆန်ဂါလိုက ပြောသည်။ 'ဖလော်ရင့်မြို့တော် အစိုးရကပေးတဲ့ အလုပ်တော့ ဘယ်ငြင်းလို့ ဖြစ်မှာလဲ။

ဒီတော့ ယူလိုက်၊ အိမ်ပြီးအောင်ဆောက်၊ အရုပ်တွေတော့ ပြီးသလောက် ထုပေးပေါ့။ ပြီးတော့ ကျန်တဲ့ အိမ်အဖိုးကို ငွေနဲ့ချေပြီး ယူလိုက်ပေါ့'

မိုင်ကယ်သည် စာချုပ်လက်မှတ်ထိုးသည်။ ယခု သူရမည့် အိမ်အသစ်ကို သူ့အဖေနှင့် ညီအစ်ကို၊ ဦးလေး၊ အဒေါ်များ လိုက်မနေရဟု တင်းတင်းပင် ပြောလိုက်ရသည်။ သူ ရသမျှကို ပေးကမ်းနေရသည်က အရေးမကြီးချေ။ သူ့အလုပ်ကို သူ နားအေးပါးအေး တစ်ယောက်တည်း လုပ်ချင်သည်။

*

မိုင်ကယ်သည် ဖလော်ရင့်မြို့တော်၏ အစိုးရသုံး ပန်းပုဆရာအဖြစ်သို့ ရောက်သောအခါ သူ ငယ်စဉ်ကသိခဲ့သော သူငယ်ချင်း ဒိုနီ သူ့ဆီ ရောက်လာသည်။ ဒိုနီသည် သိုးမွေးလုပ်ငန်းနှင့် ချမ်းသာလာခဲ့ရာ ယခုအခါ လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းပြီး ဖြစ်သည်။ သူ၏ သတို့သမီးအတွက် လက်ဆောင်အဖြစ် ယေရှု ကလေးဘဝ မယ်တော်မာရီနှင့် ဆွေမျိုးတစ်စုတို့ပုံ လိုချင်သည်ဟု ဆိုသည်။ မိုင်ကယ်က ကျောက်သားနှင့် ထုရမည်ဟု အစက ထင်သည်။ ဒိုနီက ကျောက်ရုပ်မဟုတ်၊ ပန်းချီကားချပ် လိုချင်သည်ဟု ဆိုသည်။

'ဟ ငါ ပန်းချီမဆွဲတာ နှစ်ပေါင်းကြာလှပြီ' ဟု မိုင်ကယ်က ပြောသည်။

'အေးပါကွာ၊ သူငယ်ချင်းချင်းမို့ ခိုင်းတာပါ။ တို့ တစ်ရပ်တည်းသားချင်းပဲ။ ဒီတော့ ပုံထဲမှာ ယေရှုရယ်၊ မယ်တော်မာရီရယ်၊ ဘိုးအေးကြီးရယ် အရုပ်သုံးခုပဲပါမှာပဲ။ တစ်ရုပ်ကို ရွှေစ တစ်ဆယ်၊ အာလုံး သုံးဆယ်။ ဒီလောက်ဆို တော်ရောပေါ့၊ ဟုတ်လား'

'ဒါတော့ကွာ ပန်းချီဆရာဆိုရင် ဘယ်ဈေးပြောမယ်ဆိုတာ ငါမှ မသိဘာဘဲ'

'ငါက မင်းကို ဆွဲစေချင်လို့ပါ။ ကျောက်သားတွေချည်း ထုနေရတာဘကယ်တော့ အနုပညာရဲ့ အစိတ်အပိုင်းလေးပဲဆိုတာ လူတိုင်း သိကြတာပဲ'

မိုင်ကယ်မှာ ဒေါသဖြစ်သွား၏။ လာပြန်ချေသေးသည်။ ဗင်ချီ၏ လေသံမျိုး။ ခပ်ထန်ထန်ပင် ပြောလိုက်သည်။

'တော်ကွာ ဆက်မပြောနဲ့၊ ငါ ဆွဲပေးမယ်။ ရွှေစ တစ်ရာ ပေးရမယ်'

ဒိုနီက ဈေးဆစ်ရာ တစ်ယောက်တစ်ခွန်း ပြောကြပြီး ရွှေစ ခုနစ်ဆယ်နှင့် ဆုံးတည့်သွားသည်။ ဒိုနီက သဘောကျ ကျေနပ်ပြီး ပြုံးလိုက်သည်ကို မြင်လိုက်မှ မိုင်ကယ်သည် တစ်ရာတောင်းလျှင် ရနိုင်သည်ဟု ရိပ်မိသည်။ ဒိုနီသည် ကုန်သည်ပီပီ ပါးနပ်လှသည်။

မိုင်ကယ်သည် တပ်စကင်နီနယ် နွေရာသီ ပူပူလောင်လောင်ထဲတွင်

လမ်းတကာလျှောက်ပြီး လယ်ထဲ အလုပ်လုပ်နေသည့် လယ်သမားများ ပုံများကို ဆွဲသည်။ တောသူ အမျိုးသမီးတွေ ကလေးနို့တိုက်နေပုံ ရေးဆွဲသည်။ ယေရှု မိသားစု ပန်းချီကားကို သန်မာတောင့်တင်းသော မိန်းမငယ်လေးနှင့် ပါးနီရဲရဲနှင့် ကလေးလေး၊ မုတ်ဆိတ်ဖားဖားနှင့် အဘိုးအကြီးတို့တစ်စု မြက်ခင်းပေါ်တွင် ချစ်ခင်ပျော်ရွှင်စွာ နေကြပုံ သရုပ်ဖော်လိုက်သည်။ ထိုနောက် မိုင်ကယ်သည် အပျင်းပြေသဘောနှင့် ထိုမိသားစု၏ တစ်ဖက်က ပင်လယ်၊ အခြားတစ်ဖက်က တောတောင်များ ထည့်ဆွဲလိုက်သည်။ သူတို့နောက်က အဝတ်မပါသည့် လူငယ်လေးငါးယောက်ပုံ ထည့်ပေးလိုက်သည်။ ရှေးဟောင်း ဂရိလူမျိုးတို့ လူနေအိမ်၊ ခရစ်ယာန် ဘုရားကျောင်းများ၏ ပေါင်ရက်မများတွင် စီတန်းလျက် ထုလုပ်ရေးဆွဲသည့် ပုံမျိုး ဖြစ်သည်။

ဒိုနီသည် ပန်းချီကားကို မြင်သောအခါ မျက်နှာကြီးနီရဲ၍ ရေရွတ်တော့သည်။ 'ဒါဟာ ယေရှုမိသားစု ပန်းချီကားတဲ့လား။ ဘယ်နေရာမှာ ကြည်ညိုစရာ တစ်ကွက်ကလေး ရှိသလဲ၊ ပြစမ်းပါကွာ။ သဒ္ဓါတရား ပွားစရာကော ဘယ်မှာ ရှိသလဲ။ မင်း ငါ့ကို သက်သက်စော်ကားတာပဲ။ မြက်ခင်းပေါ်မှာ ပျော်ပွဲစားကစားနေတဲ့ပုံမျိုးကို ငါလက်ထပ်မဲ့ အမျိုးသမီးကို ပေးလို့ ဘယ်ကောင်းမလဲ'

'မင်း ဒီပန်းချီကားကို မယူနိုင်ဘူးလို့ ပြောခွင့် မရှိဘူးနော်၊ ဒါပဲ'

ဒိုနီ၏ မျက်လုံးများ မှေး၍ ပန်းချီကားကို ပြန်ကြည့်လိုက်ပြီး အလန့်တကြား အော်သည်။ 'ဟို ကိုယ်တုံးလုံးနဲ့ ကောင်လေးငါးယောက်က ဘုရားကားထဲမှာ ဘာလုပ်နေကြတာလဲ'

မိုင်ကယ်က ခပ်အေးအေးပင် ပြန်ပြောသည်။

'သူတို့လား၊ ပင်လယ်ထဲမှာ ရေကူးပြီး တက်လာကြတာပေါ့။ အဲဒါ မောင်ရာ၊ တစ်ရုပ်ကို ရွှေစ တစ်ဆယ်ဆီ ထပ်တောင်းရင် ဖြစ်ပါတယ်။ ပေါင်း ရွှေစ ၅၀ ပေါ့။ အဲဒါ ငါ မတောင်းပါဘူးဗျာ၊ တစ်ရုပ်တည်းသားချင်းပဲ'

ဒိုနီသည် ဒေါကြီးမောကြီးနှင့် ပြန်ထွက်သွားသည်။ နောက်တစ်နေ့တွင် ဒိုနီထံမှ သူငယ်လေးလာ၍ ရွှေစ ၃၅ ပြား ပေးသည်။ နဂိုက သဘောတူခဲ့သည့် အဖိုးတစ်ဝက်သာ ပေးလိုက်သည်။ ထိုအခါ မိုင်ကယ်က ရွှေစများကို ပြန်ပေးလိုက်ပြီး စာရေးလိုက်သည်။

"ယေရှု မိသားစု ပန်းချီကားရဲ့ အဖိုးဟာ အခု ရွှေစ တစ်ရာ့ လေးဆယ် ဖြစ်နေပြီ။"

ထိုကိစ္စကို ဖလော်ရင့်မြို့ တစ်မြို့လုံး သိကြသဖြင့် ဘယ်သူ အသာရမည်ကို လောင်းကြသည်။ မိုင်ကယ်ဘက်က လောင်းမည့်သူ နည်းသည်။ အဘယ်

ကြောင့် ဆိုသော် ဒိုနီလို ကုန်သည် အပါးအနပ် တစ်ဦးကို ဘယ်သူက ဘယ်နံ့ရောခါကမှ အနိုင်မရခဲ့စဖူးချေ။

သို့သော် ဒိုနီက လျှောက်ကြွားထားမိသည်။ ဖလော်ရင့်မြို့တော် မင်းစိုးသုံးပန်းပုဆရာ အကျော်အမော် မိုင်ကယ် ရေးဆွဲသည့် ပန်းချီကားကို သူ၏ သတို့သမီးအား လက်ဆောင်မွန်အဖြစ် ပေးမည်။ သို့ဖြစ်၍ တစ်မြို့လုံး သိနေကြသည်။ ဒိုနီသည် အလျှော့ပေးကာ ရွှေစ ခုနစ်ဆယ် ယူလာခဲ့သည်။ မိုင်ကယ်ဆီက ပန်းချီကားကို တောင်းသည်။ မိုင်ကယ်က မပေးချေ။ အေးအေး ပြန်ပြောသည်။

'ဒီပန်းချီကားကို မင်းမှ မကြိုက်ဘဲ ဥစ္စာ၊ မယူပါနဲ့တော့။ မင်း စာချုပ်ကတိခံဝန်ချက်ကို ငါ ခွင့်လွှတ်လိုက်ပါ့မယ်'

ဒိုနီက မကျေနပ်သေးချေ။

'မင်း ငါ့ကို ဒီလိုမပိုင်းနဲ့၊ မင်းဘက်က ကတိခံဝန်ချုပ် ရှိသေးတာပဲ။ ရွှေခုနစ်ဆယ် တန်ဖိုးနဲ့ ပန်းချီကား ဆွဲပေးဖို့ မင်း သဘောတူထားတာပဲ'

'အဲဒီခံဝန်ချက်က မရှိတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ဒီပန်းချီကားကို ရွှေစ ၃၅ ပြားပဲ ပေးမယ်လို့ ဈေးဆစ်တယ်။ ဒီတော့ အခု ပန်းချီကားဈေးက ရွှေစ တစ်ရာ့လေးဆယ် ဖြစ်သွားပြီ'

ဒိုနီသည် စိတ်ဆိုးဆိုးနှင့် ကျိန်ဆဲလေတော့သည်။

မိုင်ကယ်သည် ဒိုနီကို ကျီစယ်လိုက်ရသဖြင့် အတော် စိတ်ကျေနပ်သွားသည်။ သို့ဖြစ်၍ ပန်းချီကားကို ဒိုနီထံ ပို့လိုက်မည် ပြုနေစဉ် သူငယ်ကလေးတစ်ယောက် စာတစ်စောင် လာပေးသည်။ ထိုစာမှာ ကွန်တက်စီနာထံမှ ဖြစ်သည်။ ဒိုနီ၏ သတို့သမီးက မိုင်ကယ်ရေးဆွဲသည့် ပန်းချီကားကိုမှ မရအရ လိုချင်သည်ဟု ဆိုသည်။

မိုင်ကယ်သည် သဘောကျ၍ တခစ်ခစ် ရယ်မောရင်း ဒိုနီထံ စာတစ်စောင် ရေးလိုက်သည်။

"မိတ်ဆွေ သူငယ်ချင်းဟောင်း အချင်းချင်းမို့ မင်းအပေါ်မှာ ငွေရယ်ကြေးရယ် သဘောတွေ မထားပါဘူး။ ဒီပန်းချီကားကိုလည်း တခြား မိတ်ဆွေတစ်ယောက်ကို လက်ဆောင်ပေးလိုက်မယ်။ ဒီတော့ ကျေနပ်ကြရောပေါ့ဟုတ်လား။"

ဒိုနီသည် မိုင်ကယ်ထံသို့ အပြေးအလွှား ရောက်လာသည်။ ရွှေစ တစ်ရာ့လေးဆယ် ခုံပေါ်မှာ ပုံပေးပြီး ပန်းချီကားကို ယူသွားသည်။ ပါးစပ်ကလည်း ရေရွတ်သွားသည်။

'အနုပညာသည်တွေဟာ ငွေကြေးနဲ့ကျရင် အ တယ်၊ န တယ်လို့ ပြောကြတယ်။ ဟီး ဟီး ရယ်စရာကြီး'

မိုင်ကယ်သည် ရွှေစများကို သိမ်းယူလိုက်သည်။ သည်တစ်ခါကိစ္စမှာ သူ့အဖို့ အပျင်းပြေ ပျော်စရာတစ်ခု ဖြစ်သည်။

*

ဩဂုတ်လတွင် လူတွေ ပျော်မြူးကြသည်။ ရောမတွင် ဗောဂျီးယား ပုပ်ရဟန်းမင်းကြီး ကောင်းကင်ဘုံမှာ အိပ်ပျော်သွားတော်မူသည်။ ကာဒီနယ် ပစ်ကိုလိုမီနီအား ပုပ်အဖြစ်-တင်မြှောက်သော အခါမူကား မိုင်ကယ် ခေါင်းနပန်း ကြီးသွားသည်။ သူနှင့် ကတိစာချုပ် ချုပ်ထားသည့် ရုပ်တုတွေ မလုပ်ရသေးဘဲ ယခု ဒေးဗစ်ရုပ်တု ထုနေသည်။ ရဟန်းမင်းကြီး အမိန့်နှင့် သူ့ကို ဆင့်ခေါ်လိုက်လျှင် မိုင်ကယ်မှာ ဒေးဗစ်ကို ပစ်ထားခဲ့ရတော့မည်။

တစ်လလုံးလုံး မိုင်ကယ် အပူတပြင်း အလုပ်လုပ်သည်။ ဒေးဗစ် ရုပ်တုမှာ ဦးခေါင်းသာထုဖို့ ကျန်တော့သည်။ သူ့ ကံကောင်းချင်လို့ပင် ဆိုရမည်။ ရဟန်းမင်း ပစ်ကိုလိုမီနီသည် ပုပ်အဖြစ်နှင့် တစ်လသာနေ၍ ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူသည်။ ကာဒီနယ် ရိုဗီးယားသည် ပုပ်အဖြစ် အရွေးခံရလေသည်။ သူ့ဘွဲ့ကို တတိယမြောက် ဂျူးလီးယဟု ခေါ်တွင်သည်။

ဗင်ချီသည် ဗောဂျီးယား၏ စစ်တပ်မှ ထွက်လာခဲ့ပြီး ပြန်လာသည်။ သူ ရောက်လာသည်နှင့် ဖလော်ရင့်မြို့တော် အစိုးရက ဆီး၍ အလုပ်ပေးသည်။ လွှတ်တော် ခန်းမကြီးတွင် နံရံပန်းချီတစ်ပုံ ဆွဲခိုင်းသည်။ အခကြေးငွေမှာ ရွှေစ တစ်သောင်း ဖြစ်သည်။

မိုင်ကယ်မှာ မခံမရပ်နိုင်ဖြစ်ပြီး စိတ်ဆိုးလိုက်သည်မှာ ပြောဖွယ် မရှိတော့ချေ။ ဖလော်ရင့်မြို့တော် သမိုင်းတစ်လျှောက်တွင် သည်လောက် ကြီးကျယ်သည့် အလုပ်မျိုး တစ်ခါမှ မကြုံခဲ့ဖူးချေ။ ဗင်ချီကို နံရံပန်းချီ ဆွဲခ ရွှေစ တစ်သောင်း ပေးပြီး၊ သူ ထုလုပ်သည့် ပန်းပုရုပ် ဒေးဗစ်၏ ကျောက်ရုပ်အတွက် ရွှေစ လေးရာသာ ပေးသည်။ ဗင်ချီသည် ဖလော်ရင့် မြို့တော်၏ ရန်သူ ဗောဂျီးယားဘက်က ကူညီခဲ့သူ ဖြစ်သည်။

မိုင်ကယ်သည် ဒေါသတကြီးနှင့် ဆိုဒါရီနီ၏ ရုံးသို့ ပြေးပြီး သူ့စိတ်ထဲရှိသမျှတွေ ပြောချသည်။ ဆိုဒါရီနီသည် သူ့စကားကို အစအဆုံး နားထောင်သည်။ ခဏတစ်ဖြုတ်လောက် မိုင်ကယ်၏ ဒေါသတွေ၊ မိုးမွှန်သည့်အသံတွေ ပဲ့တင်ထပ်နေသည်ကို သူ့ဘာသာသူ ပြန်နားထောင်ခိုင်းထားပြီး ဘာမှ မပြောဘဲ နေသည်။ ပြီးမှ တိုတိုပြန်ဖြေလိုက်သည်။

'ဗင်ချီဟာ အီတလီမှာ အတော်ဆုံး ပန်းချီဆရာပဲ၊ မိလန်မြို့တော်မှာ သူ ဆွဲထားတဲ့ ယေရှု၏ "နောက်ဆုံး ညစာစားပွဲ" ပန်းချီကားကို မြင်ခဲ့ရတယ်။

ရှင်းရှင်းပြောရရင် ဒီလိုကားမျိုးကို သိပ်လိုချင်တာပဲ။ ဒီတော့ ဖလော်ရင့် မြို့တော်အတွက် နံရံပန်းချီ သူ့လက်ရာတစ်ခု ရှိကိုရှိမှ တို့မှာ အနုပညာ ကြွယ်ဝပြည့်စုံမှာပဲ'

မိုင်ကယ်မှာ ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းငုံ့၍ ထွက်လာခဲ့ရသည်။ သူ၏ ဒေးဗစ်ရုပ်တုကို ဆက်ထုသည်။ ဆောင်းရာသီ ရောက်လာခဲ့သည်။ ပိုင်ရိုမိဒီချီသည် ဖလော်ရင့်မြို့တော်ကို ပြန်တိုက်ခိုက်ရန် ပြင်သစ်၏ အကူအညီ ရလိုရငြား စပိန်နှင့် ပြင်သစ်တို့ ဖြစ်သည့် စစ်တွင် ပြင်သစ်ဘက်က ကူတိုက်ပေးသည်။ ၁၅၀၄ ခုနှစ် ဇန်နဝါရီလထဲတွင် တိုက်ခိုက်ရင်း ရေနစ်၍ သေဆုံးသည်။ ပိုင်ရို၏ ခမည်းတော် မဟာလော်ရင်ဇို မသေမီက ဖလော်ရင့် မြို့တော်ကို ဘယ်လို အုပ်ချုပ်ရမည်ဟု မှာခဲ့ပုံကို မိုင်ကယ် သွားသတိရသည်။ ပိုင်ရိုကို သနားမိသည်။ ပိုင်ရိုမရှိတော့လျှင် သူ့နှမ ကွန်တက်စီနာအဖို့ အနေမကျုံ့တော့ဘဲ ဖလော်ရင့်မြို့တော်သို့ ပြန်ဝင်နိုင်ဖို့ နီးမည်ဟု မိုင်ကယ် တွေးမိသည်။

မိုင်ကယ်သည် ဒေးဗစ် ရုပ်တုကိုသာ ပြီးအောင် ဆက်ထုသည်။ မြို့တော်အုပ်ချုပ်ရေးအဖွဲ့ လူကြီးများက လွှတ်တော်ရှေ့မှာထားဖို့ ဆုံးဖြတ်ကြသည်။ အရုပ်ကြီးကို မတ်တတ်ရပ်လျက်သား သစ်သားပေါင်များ ဘေးပတ်လည်ဝိုင်း၍ ကြိုးများဖြင့် ချည်တုပ်ထားသည်။ အရုပ်ကြီးကို လှောင်အိမ်တွင်းမှာ ထည့်ထားသကဲ့သို့ ရှိသည်။ ထိုနောက် သံချိတ်များဖြင့် ချိတ် မ ယူရသည်။

ပြီးမှ အရုပ်ကြီးထည့်ထားသည့် လှောင်အိမ်ကြီးကို လမ်းမပေါ်ရှိ သစ်တုံးများပေါ်မှာ တင်၍ လူ ၄၀ လောက် ဆွဲရသည်။ တစ်နာရီမှ တစ်မိုင်လောက်သာ ရောက်သည်။ လူတွေကလည်း လမ်းတစ်ဖက်တစ်ချက်တွင် ညွတ်နေအောင် ထွက်ကြည့်ကြသည်။ လမ်းတစ်ဝက်မှာပင် မိုးချုပ်သွားသည်နှင့် ထားခဲ့ရပြန်သည်။ ဤနည်းအတိုင်း လေးရက်တိုင်တိုင် သယ်ယူရသည်။ နောက်ဆုံးတွင် လွှတ်တော်ရှေ့တွင် မားမားမတ်မတ် ရပ်တည်ထားပြီး ဖြစ်သည်။ ရုပ်တု၏ ကြည်လင်ဖြူဖွေးသော အရောင်များသည် လွှတ်တော်ကြီးကို လင်းနေစေသည်။ လှပခံ့ညား ပါပေသည်။ မိုင်ကယ်သည် ကျောက်ရုပ်၏ ခြေရင်းမှာရပ်၍ အားကုန်ပန်းလျှသလို စိတ်တွင် ခံစားနေရသည်။ သူ ဖန်တီးသည့် ရုပ်တုကြီး သူ့လက်က လွှတ်လိုက်ရသဖြင့် စိတ်တွင် ဟာကျန်ခဲ့သည်။

နောက်တစ်နေ့တွင် မိုင်ကယ်သည် ကြည်ကြည်လင်လင် အိပ်ရာမှ နိုးလာသည်။ အင်အားလည်း ပြန်ပြည့်လာသည်။ လွှတ်တော်ရုံးဘက်ဆီသို့ လမ်းလျှောက်လာခဲ့သည်။ ဒေးဗစ် ကျောက်ရုပ်အောက်တွင် လူတွေ စုဝေးနေသည်ကို တွေ့ရသည်။ ကျောက်ရုပ်ပေါ်တွင် ဘယ်သူတွေ ဘယ်အချိန်က လာကပ်ထားသည် မသိ။ စက္ကူတွေ တလွင့်လွင့် ဖြစ်နေသည်။ မိုင်ကယ် သည်လိုဟာမျိုး ရောမ

မြို့တော်မှာ မြင်ဖူးသည်။ ဗောဂျီးယား အမျိုးတွေက မလိုလားသဖြင့် ဆဲရေးသော စာများ ကပ်ကြသည်။

မိုင်ကယ်သည် လူစုကြီးထဲက ဖြတ်၍ အရုပ်၏ခြေရင်း ရောက်အောင် သွားပြီး စက္ကူတွေကို ဖြုတ်ကြည့်သည်။ ရေးထားသော စာများကို ဖတ်ရသော အခါ မျက်ရည်လည်လာသည်။

"သင်သည် ငါတို့ ဖလော်ရင့် မြို့သားများ၏ ဂုဏ်သိက္ခာကို ပြန်ဆယ် ပေးပေသည်။ ငါတို့သည် ဖလော်ရင့်မြို့သား ဖြစ်ရသည်မှာ ဂုဏ်ရှိလေစွ။ လူသား ဟူသည် ကြီးကျယ်မြင့်မြတ်လှပေစွ။"

ထိုစာများထဲတွင် သူသိသော လက်ရေးနှင့် တစ်စောင် ပါလာသည်။

"ခမည်းတော် ရှိစဉ်က ဖလော်ရင့် မြို့တော်ကြီးအတွက် ကြိုးစားခဲ့သမျှ တွေ သင့်အရုပ်မှာ သရုပ်ပေါ်ပါပေတယ်။ **စီ**"

ကွန်တက်စီနာသည် မြို့တွင်းသို့ တိတ်တဆိတ်ဝင်ပြီး ဖလော်ရင့် မြို့တော် တစ်ခုလုံး၏ စိတ်ဆန္ဒ အသံများတွင် ပါဝင်ခဲ့ရှာလေသည်။

မိုင်ကယ်သည် သူ့ကို မော်ကြည့်နေကြသည့် လူပရိသတ်ကြီးဘက်သို့ လှည့်လိုက်သည်။ သူတို့ ဆိတ်ဆိတ်ပင် နေကြသည်။ သို့သော် မိုင်ကယ်နှင့် သူတို့ စိတ်ချင်း နီးနှောမိကြသည်။ ဖလော်ရင့်မြို့သား လူထုကြီးသည်ပင် မိုင်ကယ် ဖြစ်၍ မိုင်ကယ်သည်လည်း ဖလော်ရင့်မြို့သား လူထုကြီးပင် ဖြစ်တော့သည်။

*

ထိုအတောအတွင်း မိုင်ကယ်နေဖို့ အိမ်ဆောက်ရန် အစီအစဉ်များ လုပ်နေသည်။ တိုပိုလီနို မိသားစုတို့သည် မိုင်ကယ် မှာသည့်အတိုင်း ကျောက်တုံးများ ဖြတ်ပေး သည်။ ပြီးလျှင် သူတို့ သားမြေးတစ်စု အားလုံးလာ၍ အိမ်ဆောက်ပေးသည်။ မိုင်ကယ်သည် အိမ်အတွင်း နံရံများကို အပြာရောင်၊ ပန်းနုရောင်၊ လိမ္မော်ရောင်များ ဆေးသုတ်သည်။ ငယ်နစဉ်က ရေးဆွဲခဲ့သော မယ်တော်မာရီနှင့် ယေရှု ပန်းချီ ကားချပ်ကို သူ့အိပ်ခန်းတွင်းမှာ ချိတ်သည်။ အခြားအခန်းတွင် ဆင်တော်များ ထုထားသည်။

မိုင်ကယ်သည် ရုပ်တုများကို ပျော်ပျော်ရွှင်ရွှင် ဆက်ထုလုပ်သည်။ ဒေးဗစ် အရုပ်ကြီး ထုပြီးသည့်နောက်တွင် ထုရသည့် အရုပ်များမှာ အသေးစားတွေချည်း ပင် ဖြစ်၍ သူ့အဖို့ လွယ်ကူနေသည်။

ဖာသာ နစ်ကိုလာသည် မိုင်ကယ်၏ အိမ်သစ်သို့ ကြွရောက်ပြီး တောင်းဆု ပတ္ထနာများ ပေးသနားသည်။ မယ်တော်မာရီ၏ ပုံရှေ့တွင် ဒူးထောက် ဆုတောင်း သည်။ ထိုနောက် မိုင်ကယ် ပခုံးပေါ်တွင် လက်တင်ကာ ပြောသည်။

'ခုလို ကြည်လင်သန့်စင်တဲ့ မယ်တော်မာရီရဲ့ ပုံမျိုးကို ဖန်တီးနိုင်ဖို့ဟာ မင်းစိတ်ကိုက သန့်စင်နေလို့သာ ဖြစ်နိုင်တာပဲ။ မင်း ချမ်းသာပါစေ၊ မင်း အလုပ်ရဲ့ လည်း ကြီးပွားပါစေ'

ထိုအချိန်မှစ၍ မိုင်ကယ်အဖို့ စိတ်ချမ်းသာ ပျော်ရွှင်စရာ ဖြစ်သည်။ ဖောဂျီးယား မမာမကျန်း ဖြစ်နေသဖြင့် ဖလော်ရင့် မြို့တော်ကို ရန်မမူနိုင်ဘဲ ရှိသည်။ အရောင်းအဝယ်များ ကောင်းလာသည်။ အစိုးရ အင်အားတောင့်သည်။ မိုင်ကယ် ထုလုပ်သည့် ဒေးဗစ် ကျောက်ရုပ်ကြီးမှာလည်း မြို့တော်သားများအဖို့ အားတက်ဖွယ်ရာ ဖြစ်သည်။ မိုင်ကယ်သည် အသက်သုံးဆယ် မပြည့်မီ အရွယ် မှာပင် သူ လိုချင်တောင့်တခဲ့သည့်အတိုင်း ပြောင်မြောက်သော အနုပညာသည် တစ်ဦးအဖြစ် လူအများက လက်ခံချီးမြှောက်ခြင်းကို ရရှိခဲ့လေသည်။

မေလအချိန်တွင် ဗင်ချီသည် သူ့အား တာဝန်ပေးထားသည့် နံရံ ပန်းချီ ကားကို စိတ်ပါလက်ပါနှင့် ဆက်လုပ်သည်။ စောစောပိုင်းက သူ မလုပ်ဘဲ နေ့ရက်ရွှေ့သဖြင့် ယခုမှ အပြောဆို ခံရသဖြင့် ကောက်လုပ်ခြင်း ဖြစ်သည်။ ထိုပန်းချီကားမှာ ဖလော်ရင့် တစ်မြို့လုံး၏ ပါးစပ်ဖျားတွင် ဖြစ်နေသည်။ ပညာ သည်များ သွားကြည့်ကြ၊ ချီးမွမ်းအံ့သြကြသည်။ မြို့တော်တွင်းမှာ ဤသတင်း ပျံ့နှံ့နေသည်။ ဗင်ချီကို "ထိပ်တန်းပညာသည်" ဟု ခေါ်တွင် အမည်ပေးကြသည်။ မိုင်ကယ်သည် ထိုသတင်းများကို ကြားရသောအခါ သူ့ခေါင်းပေါ်က ဗင်ချီ ကျော် တက်ပြန်ပြီဟု စိတ်မသက်မသာ ဖြစ်မိသည်။

မိုင်ကယ်သည် ဗင်ချီ၏ ပန်းချီကားကို သွားကြည့်သည်။ အန်ဟီရာရီ စစ်ပွဲကို သရုပ်ဖော် ရေးဆွဲထားပုံကို မြင်ရသောအခါ မိုင်ကယ်မှာ ဆေးခါးကြီး ကို အတင်းမျိုချရသကဲ့သို့ ရှိတော့သည်။ အံ့သြလောက်ပါပေသည်။ ဗင်ချီသည် မြင်းများကို အလွန်နှစ်သက်သူ ဖြစ်သည်။ သံချပ်ဝတ်စုံများ ဆင်သည့် ရှေးခေတ် ရောမစစ်သည်တော်များ စီးသည့် မြင်းများ၏ ပုံများ တိုက်ပွဲဝင်ကြပုံကို သရုပ်ဖော် ထားသည်။ လူတွေရော မြင်းတွေပါ ရန်သူ၏ သွေးကို ဆာလောင်နေကြသကဲ့သို့ သဲသဲမဲမဲ တိုက်နေကြပုံကို မြင်ရသည်။

ဗင်ချီသည် တကယ် တော်ပါပေသည်။ ပန်းချီကျော်ကြီး ခေါ်လောက် ပေသည်ဟု မိုင်ကယ် ဝန်ခံရတော့သည်။ ဤသို့ ဝန်ခံလျက်နှင့်ပင် စိတ်ကတော့ဖြင့် အလျှော့မပေး၊ မကျေချမ်းနိုင်သေးဘဲ ပြိုင်လိုက်ချင်သေးသည်။

မိုင်ကယ်သည် အီတလီပြည်တွင် သူသည် အကွက်ချသည့် နေရာတွင် အခြားသူ ဘယ်သူမှ မမီအောင် ကျွမ်းကျင်သည်ဟု သိထားသည်။ သည်ပညာကို ပြိုင်မှ ဖြစ်တော့မည်။ ဗင်ချီ၏ နံရံပန်းချီကားမှာ ခန်းမကြီး၏ အရှေ့ဘက်နံရံ

လက်ယာဘက်တစ်ဝက်မှာ ရေးဆွဲထားသည် ဖြစ်ရာ မိုင်ကယ်က လက်ဝဲဘက် တစ်ဝက်မှာ ရေးဆွဲမည်။ သည်တော့မှ ဖလော်ရင့်မြို့တော်မှာ ဘယ်သူ ထိပ်ဆုံး ဆိုတာ သိကြရောပေါ့။

မိုင်ကယ်သည် ဆိုဒါရီနီ၏ ရုံးသို့သွား၍ သူ လုပ်ချင်သည့်ကိစ္စကို ပြော သည်။

'အခု ဘာဖြစ်လာရပြန်တာလဲ၊ နံရံပန်းချီများ မဆွဲချင်ဘူးဆို' ဟု မေး လိုက်သည်။

'ကျွန်တော် နံရံပန်းချီကို ဗင်ချီထက်သာအောင် ဆွဲနိုင်ပါတယ်။ ဒီပွဲမှာ တော့ သူနဲ့ကျွန်တော် အပြိုင်ချရမှာပဲ'

မိုင်ကယ်သည် စက္ကူချပ်ကြီးတွေ ပြေးဝယ်ပြီး သုံးရက်မျှ ပုံတွေ ဆွဲသည်။ သူဆွဲမည့် ပန်းချီကားသည် ဖလော်ရင့်မြို့တော်၏ ဂုဏ်သရေကို ဆောင်ရမည်။ သမိုင်းအစဉ်တွင် မှတ်သားလောက်သည့် အဖြစ်အပျက် တစ်ရပ်ကို ယူ၍ သရုပ် ဖော်မည်။ ပီစာ မြို့တော်ကို ဖလော်ရင့်မြို့က တိုက်ခိုက် အောင်မြင်သည့်အခါက အဖြစ်အပျက် တစ်ခုကို မိုင်ကယ် သတိရသည်။

ထိုအဖြစ်အပျက်ကား ဤသို့တည်း ....။

ဖလော်ရင့် မြို့တော်သား စစ်သည်တော်တို့သည် နွေခေါင်ခေါင် ပူအိုက် သော နေ့တစ်နေ့တွင် စစ်သံချပ် မိန်ညိုများကို ချွတ်ပြီး မြစ်ထဲဆင်း ရေစိမ် နေကြသည်။ အချို့မှာ မြက်ခင်းပေါ်မှာ ရေချိုးပြီး၍ နေစာလှုံနေကြသည်။ များ မကြာမီပင် အစောင့်ချထားသော စစ်သားရဲဘော်က အလန့်တကြား အော်လိုက် သည်။

'တို့တော့ ကိုယ်ကျိုးနည်းကုန်ပြီဟေ့။ ပီစာမြို့သား စစ်တပ်တွေ တိုက်ဖို့ လာနေကြပြီ'

ဖလော်ရင့် စစ်သားတို့သည် မြစ်ထဲမှ ကပျာကယာ ထ ပြေးတက်ပြီး သူတို့ စစ်ဝတ်တန်ဆာတွေ ဆွဲဝတ်၊ လက်နက် ဓား လှံ များကို အရ ဆွဲကိုင် ကြသည်။ ပီစာမြို့ စစ်တပ်များကို ရှုပ်ရှုပ်ချုံချုံ ပြန်တိုက်ကြရာ အောင်မြင်ခဲ့သည်။

မိုင်ကယ်သည် ပုံအကြမ်းများကို ဆိုဒါရီနီထံ သွားပြသည်။ ထိုအခါ ဆိုဒါရီနီက ပြောသည်။

'အေး .... မင်းကို နံရံပန်းချီ မဆွဲချင်နဲ့လို့ ပြောမိတာ ငါ မှားပါတယ်။ ဒီပန်းချီကားဟာလည်း ဒေးဗစ် အရုပ်လိုပဲ အနုပညာလောကကို ပြောင်းလဲ တော်လှန်ပစ်ဦးမှာပဲ'

ဆိုဒါရီနီသည် မြို့တော်ကောင်စီ အဖွဲ့သို့ တင်ပြ၍ မိုင်ကယ်အား အခ

ကြေးငွေ ရွှေစ ၃၀၀၀ နှင့် ထိုပန်းချီကားကို ရေးဆွဲစေရန် သဘောတူကြသည်။ ဗင်ချီကို ပေးသည့် အခကြေးငွေများ၏ သုံးပုံတစ်ပုံ မရှိသော်လည်း မိုင်ကယ် အလုပ်လုပ်ရန် သဘောတူလိုက်သည်။

မိုင်ကယ်သည် သူ့ပန်းချီကားကို "ရေချိုးနေသူများ" ဟု အမည်ပေး သည်။ သုံးလနှင့် ပုံအကြမ်းများ အပြီးသတ်သည်။ ထိုပုံများကို နံရံမှာ ကပ်ပြီး ဆေးတင်ဖို့သာ ကျန်တော့သည်။ ယောက်ျားရင့်မကြီး စစ်သည်တော်တွေ အငိုက်မိ ခံရသဖြင့် ထိတ်လန့်တုန်လှုပ်ကာ မျက်စိပြာဝေ ကြောက်စိတ်တွေ မွှန်နေလိုက် ကြပုံကို သရုပ်ဖော်ထားသည်။ သို့သော် ထိုကြောက်ရွံ့ ထိတ်လန့်သည့် ကြားထဲ ကပင် သွက်လက်ဖျတ်လတ်စွာ ရဲစိတ်ရဲမာန် အားတင်းလျက် ရန်သူကို အပြတ် အသတ် ပြန်ချနိုင်မည့် အရည်အသွေး ပေါ်လွင်စေသည်။

ပန်းချီဆရာများသည် မိုင်ကယ်၏ လက်ရာကို တအံ့တသြ လာ၍ ကြည့်ရှု ကြသည်။ လူငယ် ပန်းချီဆရာလေးများက သူ့ကို လာချဉ်းကပ်ကြသည်။ သူ့ပန်းချီကားကို ကူးဆွဲပါရစေဟု အခွင့်တောင်းကြသည်။ တစ်နေ့သော် လူငယ် ပန်းချီဆရာလေး ရေဖယ် သူ့ဆီ ရောက်လာသည်။ ရေဖယ်မှာ လူချောလူလှ မင်းသားရုပ်ကလေးဖြစ်၍ ယောက်ျားကောင်းတို့၏ ရုပ်ရည်နှင့် ပြည့်စုံသည်။ မိုင်ကယ်သည် သူ့ကို မြင်လျှင်မြင်ချင်းပင် ခင်မင်သွားသည်။ ရေဖယ်က ပြော သည်။

'ဆရာ့ပန်းချီကားကြောင့် ပန်းချီပညာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား တာပဲ။ ကျွန်တော် အစကနေပြီး ပြန်သင်မှ ဖြစ်တော့မယ်။ ဗင်ချီဆီမှာ ကျွန်တော် သင်ယူလာခဲ့တာနဲ့တင် မလုံလောက်တော့ဘူး'

မိုင်ကယ်မှာ မရည်ရွယ်ဘဲနှင့် တက်သစ်စ လူငယ် ပန်းချီဆရာလေး တစ်စုကို ခေါင်းဆောင်မိလျက်သား ဖြစ်နေသည်။

ထိုအတောအတွင်းတွင် ရောမမြို့တော်မှ ပုပ်ရဟန်းမင်း ဂျူးလီးယထံက မိုင်ကယ်ကို လာခဲ့ရမည်ဟု ဆင့်ခေါ်သည့် စေတမန် ရောက်လာသည်။ မိုင်ကယ် အခက်တွေ့နေသည်။ သူ့ ဆွဲပြီးပုံများကို လွှတ်တော်နံရံသို့ ကူးပြောင်းဆွဲရမည်။ ထို့ပြင် သူ့အိမ်အတွက် အရစ်ကျသဘောနှင့် ရုပ်တုတစ်ခု ဖလော်ရင့် အစိုးရကို လုပ်ပေးရဦးမည်။

မိုင်ကယ်သည် ဆိုဒါရီနီကို ရောမမြို့မှလာသည့် ပုပ်ရဟန်းမင်းကြီး၏ ဆင့်ခေါ်စာအကြောင်း ပြောပြသည်။ ထိုအခါ ဆိုဒါရီနီက ဤသို့ ဆိုသည်။ 'ပုပ်ရဟန်းမင်းရဲ့ အမိန့်ဆိုတော့ မသွားဘူးလို့ မင်း ဘယ့်နှယ်မှ မငြင်းနိုင်ဘူး။ သူနဲ့ ငါတို့ ဖလော်ရင့်မြို့တော် အစိုးရနဲ့ သင့်မြတ်မှ ဖြစ်မယ်။ ဒီတော့ မင်းလုပ်ရ

မယ့် အလုပ်တွေ မပြီးသေးပေမဲ့ ထားခဲ့။ ဒီအတိုင်းပဲ ထားမယ်၊ တခြား ဘယ်သူ့ကို မှ မပေးဘူး။ ပြန်လာပြီး အရုပ်တွေ ထုပေးရင် မင်းအိမ်ကိုလည်း ပြန်ရရမှာပေါ့'

*

မိုင်ကယ်သည် ရောမမြို့တော် မြို့တံခါး ဝင်လိုက်သည်နှင့်ပင် ရှေးကနှင့်မတူဘဲ အားလုံးပင် အံ့ဩလောက်အောင် ပြောင်းလဲနေသည်ကို သိလိုက်သည်။ မျက်စိဖြင့် မြင်ရသရွေ့မှာလည်း အိမ်အပြိုအပျက်တွေ ဖျက်ပြီး လမ်းတွေ ချဲ့ဖောက်ထား သည်မှာ ရှင်းရှင်းလင်းလင်း ရှိလှသည်။ ဈေးပြင်များ သန့်ရှင်းစွာ ထားသဖြင့် နှာခေါင်းဝတွင် အပုပ်အသိုးနံ့တွေမှ ချမ်းသာရာ ရသည်။ အဆောက်အအုံအသစ် တွေ ဆောက်လုပ်နေဆဲ တွေ့ရသည်။

ရောမမြို့တွင် သူ့အလျင် ရောက်နှင့်နေသော ဆန်ဂါလိုနှင့် တွေ့သည်။ ဆန်ဂါလိုသည် ပုပ်ရဟန်းမင်းပိုင်သော အိမ်တော်တွေ အများထဲမှ အိမ်တော်ကြီး တစ်လုံး နေစရာရသည်။ အခန်းကျယ်ကြီးတစ်ခုကို အလုပ်ခန်းကြီးအဖြစ် ပြင်ဆင် ထားသည်။ ထိုအခန်းထဲတွင် အလုပ်သင်တပည့်များ ပုံဆွဲနေကြသည်ကို မိုင်ကယ် တွေ့ရသည်။

ဆန်ဂါလိုမှာ ရောမမြို့တော်ကြီး၏ အစိုးရခန့်ထားသည့် ဗိသုကာချုပ် အဖြစ် ရရှိခဲ့သည်။ သူ့အလုပ်နှင့်သူ ပျော်ရွှင်နေသဖြင့် စိတ်ပျိုကိုယ်နုကာ ယခင် ကထက် အနှစ် ၂၀ ခန့် ငယ်နေပုံ ရသည်။ သူ တတ်သိသည့် ပညာကို စွမ်းစွမ်း တမံ ပြည့်ပြည့်ဝဝ အလုပ်လုပ်ပေးနိုင်သော အဖြစ်မျိုးကို ရရှိသော ပုဂ္ဂိုလ်တစ်ဦး၏ အသွင်ကို ဆောင်သည်။

'မင်း ငါ မျှော်လိုက်ရတာ ကြာလှပြီ။ ပုပ်ရဟန်းမင်းကြီးကလည်း မင်းကို တွေ့ချင်လိုက်တာ လွန်ရော'

'ပုပ်ရဟန်းမင်းကြီးက ကျွန်တော့်ကို ဘာပန်းပု ထုခိုင်းမယ် ဆိုတာလည်း ခုအထိ မသိရသေးဘူး'

'သင်္ချိုင်းဂူလေ၊ သူ ကောင်းကင်ဘုံမှာ အိပ်ပျော်တော့ သွင်းဖို့ဂူ'

'ဟင် သင်္ချိုင်းဂူ၊ ဟုတ်လား' မိုင်ကယ် စိတ်ပျက်စွာ ညည်းညူမိသည်။

'ဟုတ်တယ်၊ ဂူပတ်လည်မှာ အရုပ် ရုပ်တု ၃၀ ထုရမယ်။ ရှေးဂရိတ် ပန်းပုဆရာကြီး ဖီးဒီးယလည်း ဒီလို ကျောက်တုံးကြီးတစ်တုံးမှာ အရုပ်တွေ အများကြီး စီတန်းပြီး ထုခဲ့ဖူးတယ်။ အဲဒီနောက် ဘယ်သူမှ မလုပ်နိုင်ခဲ့ဘူး။ အခု မင်း ပထမဦးဆုံး ဒီလက်ရာမျိုး ပြန်ဆန်းသစ်စေရလိမ့်မယ်'

ဆန်ဂါလိုသည် မိုင်ကယ်နှင့်အတူ ပုပ်ရဟန်းမင်း ဂျူးလီးယထံသို့ သွား ကြသည်။ ရဟန်းမင်း ဂျူးလီးယသည် ခရမ်းရောင် သဉ္ဇာလီကြီးပေါ်၌ ထိုင်လျက်

နေသည်။ သူ့အနားတွင် ကာဒီနယ်များ၊ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များနှင့် အရပ်ရပ်မှ လာကြသော သံတမန်များ ရှိသေစွာ ခစားလျက် ရှိကြသည်။ ရဟန်းမင်းသည် အသက် ၆၂ နှစ်မျှ ရှိ၍ ရိုဗီးယား အဆက်အနွယ် ဆွေကြီး မျိုးကြီးထဲက ဖြစ်သည်။ စိတ်ဖြောင့်စင်း၍ စကားကို ပြတ်ပြတ် ပြောတတ်သည်။ စိတ်မြန်စိတ်တိုသည်။ သန်မာ တောင့်တင်းသော အင်အားနှင့် ပြည့်စုံသည်။ မိုင်ကယ်တို့အား လက်ယပ်ခေါ်လိုက်သည်နှင့် နှစ်ယောက်သား သူ့ရှေ့ဝယ် ဒူးထောက်ကာ သူ့လက်စွပ်ကို နမ်းကြရသည်။

ပုပ်ရဟန်းမင်းက စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် မိုင်ကယ်၏ ပန်းပုလက်ရာများကို မြင်ပြီးပြီဖြစ်၍ ထိုနေရာမှာပင် သူ ကောင်းကင်ဘုံမှာ အိပ်ပျော်သည့်အခါ မြှုပ်နှံဖို့အတွက် သချိုင်းဂူကို ဆောက်လုပ်ရန် အလိုရှိကြောင်း ပြောသည်။ သူ၏ ဂူပတ်ပတ်လည်တွင် လေးဖက်နံရံများ၏ ကလနားသတ်သော နေရာတွင် ကြေးဖြင့် သွန်းသည့်အရုပ်များ အလိုရှိသည်။ ထိုအရုပ်များမှာ သူ၏ ဘဝခရီးတွင် အရေးကြီးသော အဖြစ်အပျက်များကို သရုပ်ဖော်ရမည်။

နောက်တစ်နေ့တွင် မိုင်ကယ်သည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားပြီး သူ ထုခဲ့သည့် ပီးတား ရုပ်တု၊ မယ်တော်မာရီနှင့် လက်ဝါးကပ်တိုင်မှ ချလာသော ယေရှုကို ပွေ့ထားသောပုံကို သွားကြည့်သည်။ ထိုအရုပ်ကို အခိုင်အခံ့ထားသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်သည်။ ရုပ်တုကျောက်သားကို မိုင်ကယ်က သူ့လက်ချောင်းလေးများနှင့် ယုယစွာ ပွတ်ကြည့်သည်။ ကျောက်သားသည် သူ့လက်နှင့် ထိလိုက်လျှင်ပင် အသက်ဝင်လာသကဲ့သို့ ပူနွေးလာသည်။ အလယ်ခန်းမကြီးအတွင်းသို့ ဝင်လာခဲ့ပြီး အလယ်ကောင်က ပလ္လင်ကို စိုက်ကြည့်သည်။ ထိုပလ္လင်၏ အောက်တွင် သူတော်စင် စိန့်ပီတာ၏ အလောင်းကို မြှုပ်နှံထားသည့် သချိုင်းဂူ ရှိသည်။ လူအများ ဝတ်ပြုသည့် ခန်းမကြီး အလယ်ကောင်တွင် ယခင်က ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူပြီး ဖြစ်သော ပုပ်ရဟန်းမင်းများ၏ အလောင်းများ မြှုပ်နှံသည့် ဂူပေါင်း ၉၂ ခု ရှိပြီး ဖြစ်သည်။ ထိုနေရာတွင် မိုင်ကယ်သည် ပုပ်ဂျူးလီးယအတွက် ဂူတစ်လုံး ထပ်၍ တည်ဆောက်ရမည်။

မိုင်ကယ်သည် တည်းခိုအိမ်တစ်ခုတွင် အခန်းတစ်ခန်း ယူကာ သချိုင်းဂူပုံ ရေးဆွဲသည်။ အထပ်သုံးထပ် ရှိသည်။ အမြင့် ပေ ၃၀၊ အလျား ၃၆ ပေ၊ အနံ ၃၂ ပေ ရှိသည်။

ခရစ်ယာန် ဘာသာဝင်တို့အား ဥပဒေစည်းကမ်း ချမှတ်ပေးခဲ့သော မောရှေ၏ ကျောက်ရုပ်ကို အပေါ်ဆုံးထပ် ထောင့်တစ်ခုတွင် ထုလုပ်ထားရှိမည်။ ထိုရုပ်တုနှင့် မျက်နှာချင်းဆိုင် ထောင့်တွင် သူတော်စင် စိန့်ပေါလ်၏ ရုပ်တု

သားမည်။ ထိုအရုပ်ကြီး နှစ်ရုပ်သည် သချိုင်းဂူတွင် အကြီးဆုံး၊ အထင်ရှားဆုံး ဖြစ်စေမည်။

ရဟန်းမင်း၏ ဘဝဖြစ်စဉ်ကို သရုပ်ဖော်ရမည့် အပိုင်းမှာ ကလနားသတ် သကဲ့သို့ ပတ်ပတ်လည် လှည့်ထားသည့် ခပ်ကျဉ်းကျဉ်း အနားသတ်ကြောင်းတွင် ကြေးဖြင့် ထုလုပ်ရမည်။

ဂေါ်လီသည် မိုင်ကယ်၏ အစီအစဉ်ကို ကြားသိသောအခါ မခံမရပ်နိုင် ဒေါသဖြစ်သည်။ သူ စီစဉ်ထားသည့် အတိုင်းဆိုလျှင် အရုပ်တွေ အားလုံး ၄၀ မျှ ရှိမည်။ ပီးတား ကျောက်ရုပ်ကို နှစ်နှစ် ထုရသည်။ ဒေးဗစ်အရုပ်ကို သုံးနှစ် ထုရသည်။ ဤအတိုင်းဆိုလျှင် ထိုအရုပ်တွေထုဖို့ နှစ်ပေါင်း ၈၀ မှ ၁၀၀ အထိ ကြာတော့မည်ဟု ဆိုသည်။

ထိုအခါ မိုင်ကယ်က 'အခုတော့ အလုပ် ကျွမ်းကျင်လာပြီမို့ မြန်မြန် လုပ်နိုင်လာပါပြီ၊ ဖြစ်မှာပါပဲ' ဟု ပြန်ပြောသည်။

ဂေါ်လီက ကုန်သည်ပီပီ အစစ သေချာစေချင်သည်။ အလုပ်စာချုပ် ရေးဆွဲရာတွင် မိုင်ကယ်ကို မနစ်နာစေရအောင် ဂရုစိုက်၍ ရေးဆွဲစေချင်သည်။

'ဟော့ မိုင်ကယ်၊ ပုပ်ရဟန်းမင်းက ဒီဂူကို ချက်ချင်း ပြီးစေချင်လိမ့်မယ်။ ဒါပေမဲ့ အနည်းဆုံး ဆယ်နှစ်လောက် ဆွဲလုပ်၊ ဒီထက် ကြာချင် ကြာပစေဦး။ အဖိုးအခကြေးလည်း ဒက်ကက် ၂၀,၀၀၀ ထက် တစ်ပြားမှ လျှော့မယူနဲ့' ဟု ပြောသည်။

မိုင်ကယ် နောက်တစ်ကြိမ် ပုပ်ရဟန်းမင်းရှေ့သို့ ဝင်ရောက်သောအခါ ဗိသုကာ ဗရာမန်တေကို တွေ့ရသဖြင့် အံ့သြသွားသည်။ ဗရာမန်တေသည် မိုင်ကယ်၏ မိတ်ဆွေ ဆန်ဂါလိုနှင့် ပြိုင်ဘက်ဖြစ်ခဲ့သည်။ ဗရာမန်တေကို မိုင်ကယ် မြင်လျှင်မြင်ချင်းပင် သဘောမကျ၊ နှလုံးနာမိသည်။ မျက်လုံး စိမ်းလဲ့လဲ့အရောင် နှင့် နှာခေါင်းတို ပိပြားပြား၊ ပါးစပ်ပေါက် ကျဉ်းသည်။ လည်ပင်း တုတ်ခိုင်၍ ပခုံးသား ထူအမ်းကြီးထွားသည်။ မိုင်ကယ် စိတ်မသိုးမသန့် ရှိသည်။ သည်လူက သူဆွဲထားသည့် ဂူပုံစံတွေကို အဘယ်ကြောင့် ကြည့်ရှုစစ်ဆေး နေရပါသနည်း။

ပုပ် ဂျူးလီးယသည် မိုင်ကယ် ရေးဆွဲသောပုံများကို ဖြန့်ကြည့်၍ အလွန် သဘောကျသည်။ ကရာရားနယ်မှ ကျောက်ဖြူသားများကို သွားရောက် ဝယ်ရန် ဒက်ကက်ရွှေစ တစ်ထောင်ပေးမည် ဆိုသည်။ မိုင်ကယ်က ပန်းပု ထုလုပ်ခအတွက် စကားစ၍ ဆိုသည်။ ပုပ်က ဂူပြီးစီးသောအခါ ရွှေစ ဒက်ကက် တစ်သောင်း ပေးမည်ဟု ပြောသည်။

မိုင်ကယ်သည် သူ့မိတ်ဆွေ ဂေါ်လီ အကြံပေးသည့်အတိုင်း ရွှေစ နှစ်

သောင်း တောင်းဖို့ ခက်နေသည်။ ထိုပြင် ယခုပေးသည့် ဒက်ကက် တစ်ထောင်မှာ ကျောက်ဖြူတုံးများ ဝယ်ဖို့ပင် မလုံမလောက် ရှိသည်။ သို့သော် မိုင်ကယ်မှာ ကာရာရားနယ်ထွက် ကျောက်ဖြူသားကို ထုရမည်ဆိုလျှင် လက်ရော စိတ်ပါ ဆာလောင်မွတ်သိပ်လျက် ရှိနေသည်။

မိုင်ကယ်က ပုပ်အား ထိုပန်းပုများထုဖို့ ၁၀ နှစ်မျှ အချိန်ကြာမည်ဟု လျှောက်ထားရာ ပုပ်က ငါးနှစ်နှင့် ပြီးအောင်လုပ်ရမည် ဆိုသည်။ မိုင်ကယ်သည် ပုပ်၏အမိန့်ကို လွန်ဆန်၍ မဖြစ်ချေ။ သို့သော် သူ့အဖို့ အရေးမကြီး၊ သာမန် ပန်းပုဆရာ ဆယ်ဦး၏ အင်အားနိုင်စွမ်းမျိုး သူ တစ်ဦးတည်းမှာ ရှိသည်။ သို့ဖြစ်၍ အလုပ်စာချုပ် ရေးဆွဲဖို့ လျှောက်ထားသည်။

ပုပ်ရဟန်းမင်းက စာချုပ်စာတမ်း အရေးကို ထည့်ပြောဆိုဖို့ သူ စိတ်ကူးဟန် မတူချေ။ မိုင်ကယ်အား စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွား၍ နေရာကြည့်ရှုခိုင်းသည်။ မိုင်ကယ်နှင့်အတူ ဗိသုကာ ဗရာမန်တေ လိုက်ပါ၍ အကြံဉာဏ်ပေးရမည်ဟု ဆိုသည်။

သို့ဖြစ်၍ ဆန်ဂါလိုနှင့် ဗရာမန်တေ ဗိသုကာနှစ်ဦးနှင့်တကွ မိုင်ကယ်တို့သည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့သွားကာ ကြည့်ရှုကြသည်။ မိုင်ကယ် တည်ဆောက်မည့်ဂူအတွက် သင့်လျော်သည့် နေရာ ရှာမတွေ့ကြချေ။ အပြင်ဘက်မှာ လျှောက်ကြည့်ကြပြန်သည်။ သို့သော် ဆန်ဂါလိုက ပြောသည်။

'မိုင်ကယ်၊ မင်း စိတ်ကူး ဖန်တီးထားတဲ့ ဂူမျိုးကတော့ အဆောက်အအုံအသစ်ကို ဆောက်ပေးဖို့ ထိုက်တန်တာပဲ'

မိုင်ကယ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ဆန်ဂါလိုက အဆောက်အအုံသစ် သူ ပုံစံရေးဆွဲမည်။ ယခု သူတို့ရပ်နေသော နေရာမှာ ကုန်းမြင့်ဖြစ်သည်။ ပျက်စီးပြိုကျနေသော သစ်သား အဆောက်အအုံတွေ ရှင်းပစ်လိုက်လျှင် နေရာရမည်။ ထိုနေရာမှ တည်ဆောက်မည့် အဆောက်အအုံကို တစ်မြို့လုံး ဘယ်နေရာကနေ ကြည့်ကြည့် မြင်နိုင်လိမ့်မည်။

ဗရာမန်တေသည် ထိုအကြံကို သဘောကျ ထောက်ခံသည်။ မိုင်ကယ် အံ့သြသွားသည်။ သူ့ကို နည်းနည်းမှ မယုံချေ။ ဘာအကြံများ ရှိနေလေသနည်း။

## အခန်း ၇
## ပုပ်ရဟန်းမင်းကြီး

မိုင်ကယ်သည် ကာရာရားနယ်သို့ သွား၍ ကျောက်ဖြူတုံးများ ရရှိရေးအတွက် လုပ်နေရသည်။ ၁၅၀၅ ခုနှစ်လောက်မှ ရောမ မြို့တော်သို့ ပြန်ရောက်လာသော အခါ အစစ ပြောင်းလဲနေသည်ကို တွေ့ရပြန်သည်။ သူ့မိတ်ဆွေကြီး ဂေါ်လီ ကွယ်လွန်ခဲ့သည်။ မိုင်ကယ်အဖို့ အားငယ်စရာတစ်ရပ် ဖြစ်သည်။

မိုင်ကယ်အဖို့ ပုပ်နှင့် အကြိတ်အနယ် ပြောဆိုနေရသည့် အချိန်တွင် တိုင်ပင်စရာ သူ့မိတ်ဆွေ ဂေါ်လီ မရှိတော့သဖြင့် ပို၍ တ သ အောက်မေ့ရပြန် သည်။ ဗိသုကာ ဗရာမန်တေက ပုပ်ကို ကြားဝင် လျှောက်ထားချက်အရ မိုင်ကယ် နှင့်အတူ ကြည့်ရှုလာခဲ့ကြသည့်နေရာ ကုန်းမြင့်ပေါ်တွင် သင်္ချိုင်းဂူ ထားရှိရန် အဆောက်အအုံတစ်ခု ဆောက်မည့်အစား စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုး ကျောင်းသစ်တစ်ခု ထပ်၍တည်ဆောက်ဖို့ အစီအစဉ် လုပ်နေကြသည်။ မိုင်ကယ် မှာ ပုပ်ပေးသည့် ရွှေစတစ်ထောင်နှင့် ကာရာရား ကျောက်ဖြူတုံးများ တူးဖော်ပြီး ရောမမြို့တော်သို့အရောက် သင်္ဘောနှင့် တင်ပို့သည့် စရိတ်စကများနှင့်ပင် အကုန် သုံးလိုက်ရသည်။ ပုပ် ဂျူလီယာကလည်း နောက်ထပ် ရွှေစ မပေးဟု ဆိုသည်။ အနည်းဆုံး ရုပ်တုတစ်ရုပ် ထုပြီးမှ ပေးမည်။ မိုင်ကယ်ကို နေစရာအိမ် ပေးထား သည်။ အိမ်လခ လစဉ် ပေးရမည်ဟု ဆိုရာ မိုင်ကယ်က သူ ပန်းပုထုခ ရမှ ပေးနိုင်မည်ဟု ပြန်ပြောလိုက်သည်။

ကျောက်ဖြူတုံးများ ရောက်လာသောအခါ မိုင်ကယ်မှာ သယ်ပိုးခ ပိုက်ဆံ ပေးစရာ မရှိသဖြင့် သူ့မိတ်ဆွေ ဗော်လ်ဒူချီထံမှ ချေးပေးလိုက်ရသည်။ ဆန်ဂါလို ၏ အကူအညီဖြင့် လယ်သမားတစ်ယောက် မိုင်ကယ်ကို ကူညီဖို့ အိမ်မှာ လာနေ သည်။ သူ့ကို ချက်ပြုတ်ကျွေးသည်။ သူချက်သည့် ဟင်းလျာများမှာ သစ်ရွှေပေါ်စ နှင့် ပွဲ့လျက်စော်အနံ့ ရနေသည်။ သို့သော် ဆောက်လုပ်မည့်ဂူ သစ်သားပုံစံ တည်ဆောက်ပေးရှာသည်။

မကြာမီ နံရံပန်းချီဆရာပေါက်စ လူငယ်လေး ရိဖယ်လီ ရောက်လာ၍ မိုင်ကယ်နှင့် အတူလာနေသည်။ သူက တစ်ပတ်တစ်ခါ ဈေးသွားပြီး ပင်လယ်သားငါး ခရု ပုစွန်တွေဝယ်ပြီး ကောင်းကောင်း ချက်ပြုတ်ကျွေးမွေးသည်။

မိုင်ကယ်သည် စူး ဆောက် ကိရိယာများ လုပ်ဖို့အတွက် ငွေလိုပြန်ရာ ဖော်လ်ဒူချီထံမှ ငွေချေးရပြန်သည်။

'မင်းကို ငါ ပိုက်ဆံချေးရတာ မနေမြောပါဘူး။ ဒါပေမဲ့ ဒီငွေကြေးကိစ္စကို ပုပ်နဲ့ ထပ်ပြောဆိုကြရင် ကောင်းမယ်ထင်တယ်' ဟု ပြောသည်။

မိုင်ကယ်သည် ပုပ် ထံသို့ ဘက်လီယွန်နီနှင့် အတူသွားသည်။ ပုပ် အနားတွင် လူတွေ အတော်များများ စုဝေးနေသည်။ သူတို့အလယ်တွင် ဗိသုကာ ဗရာမန်တေမှာ တင့်တယ်စွာ စံပယ်နေသည်။ သူ၏ စိမ်းလဲ့သော မျက်လုံးများ ထဲတွင် အောင်သေ အောင်ပွဲရသော အလင်းရောင်တွေ ထိန်တောက်နေသည်။

အသစ်တည်ဆောက်မည့် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ်ကြီးအတွက် ပုံစံများအနက် ဗရာမန်တေ၏ ပုံစံများကို ပုပ်က ရွေးချယ်လိုက်သည်။ မိုင်ကယ်၏ မိတ်ဆွေ ဆန်ဂါလို၏ ပုံစံများ ပယ်ချခံရသည်။

ဘက်လီယွန်နီနှင့် မိုင်ကယ်တို့သည် ဗရာမန်တေ၏ အလုပ်ခန်းသို့ သွား၍ ပုံစံများကို ကြည့်ရှုကြသည်။ ဗရာမန်တေသည် ပုပ်၏ ကျောင်းတော်ကြီးအနီး အိမ်တော်ကြီးတစ်လုံး ဝယ်ကာ ပြင်ဆင်ဆောက်လုပ်၍ အကျ နေထိုင်သည်။

မိုင်ကယ်သည် ဗရာမန်တေ၏ ပုံစံများကို ကြည့်လိုက်သောအခါ အံ့သြသွားသည်။ လှပ တင့်တယ်ပါပေသည်။ ခံ့ညားပါပေသည်။ နူးညွတ် ပျော့ပျောင်း၍ ကဗျာဆန်သော ကျက်သရေနှင့် ပြည့်စုံလှသည်။ သူ့ပုံစံနှင့် ယှဉ်လိုက်သောအခါ ဆန်ဂါလို၏ပုံမှာ ကြီးကျယ်ပြီး အ နေသည်။

ဆန်ဂါလိုက စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအနီး တောင်ကုန်းမြင့်နေရာကို တွေ့၍ မိုင်ကယ် ဆောက်လုပ်မည့်ဂူ ထားဖို့ အဆောက်အအုံတစ်ခုဆောက်ရန် စိတ်ကူးရခဲ့သည်။ မိုင်ကယ်ကလည်း ထိုနေရာမှာ တစ်မြို့လုံးက ထင်းနေအောင် မြင်ရသည့် နေရာဖြစ်၍ အလှဆုံး အခံ့ဆုံး ခရစ်ယာန် ဘုရားရှိခိုးကျောင်း ဆောက်ဖို့ စဉ်းစားခဲ့သည်။ ဤသို့ ဆန်ဂါလိုနှင့် မိုင်ကယ်တို့၏ စိတ်ကူးကို ပေါင်းစပ်အသုံးချကာ ဗရာမန်တေထံ ထိုနေရာတွင် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ်ကြီးတစ်ခု တည်ဆောက်ရန် ပုံစံများ ဖန်တီးလိုက်ခြင်းပင် ဖြစ်လေသည်။

ထိုခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ်ကြီး အတွင်းတွင် မိုင်ကယ် တည်ဆောက်ပြီး ကျောက်ဂူကြီး ထည့်ထားလိုက်ရင် အကောင်းဆုံး ဖြစ်ပေမည်။ သို့ရာတွင် ဗရာမန်တေက ခွင့်ပြုပါမည်လော။

ဧပြီလ ၈ ရက်နေ့တွင် ပုပ် ဂျူးလီးယနှင့် ဗိသုကာ ဗရာမန်တေတို့သည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ်ကြီး အုတ်မြစ်ချရန် စီစဉ်ထားကြသည်။ မိုင်ကယ်သည် ကျောက်တုံးကြီးများကို ထောင်ပြီး မောရှေ၏ အရုပ်ကို စ၍ ထုသည်။

စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ်ကြီးအတွက် အလုပ်သမားများမှာ တူးကြ ဆွကြနှင့် အလုပ်စနေကြသည်။ မိုင်ကယ် သွား၍ ကြည့်သောအခါ ခရစ်ယာန် ဘုရားရှိခိုးကျောင်းဟောင်းကို ဖျက်၍ အသစ် ဆောက်မည့် အစီအစဉ်များကို တွေ့မြင်ရသည်။ ရှေးက ဆောက်ထားသည့် အဟောင်းကို အသစ်အတွင်းမှာ သိမ်းယူငုံလျက် ဆောက်မည်ဟု မိုင်ကယ် အစက ထင်ခဲ့သည်။ ရှေးအကျဆုံးဖြစ်သော ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးကို ဖျက်ပစ်သည်မှာ မသင့်လျော်ဟု မိုင်ကယ်က လူကြီး သူကြား ဝေဖန်ပြောဆိုသည်။ ထိုအခါ သူ့မိတ်ဆွေ ဘက်လီယွန်နီက–

'မင်း ဒီလို ကြပ်ကြပ်ပြော၊ အခု မင်း ဆောက်နေတဲ့ သင်္ချိုင်းဂူဟာ ပုပ်အတွက် မဟုတ်ဘဲ မင်းအတွက် ဖြစ်နေလိမ့်မယ်' ဟု ဆိုသည်။

ထိုအတောအတွင်း အကြွေးစာရင်းတွေက တောင်လိုပုံလာသည်။ သို့ဖြစ်၍ ပုပ်ထံသို့သွား၍ ခယရပြန်သည်။ သို့သော် ပုပ်က သူ့ကို ခေါင်းရှုက်ဗျေးသည်နှင့် မခြား လက်ခံ စကားမပြောဘဲ ဘယ်နေ့မှလာခဲ့ဟု အမိန့်ပေးသည်။ ဘက်လီယွန်နီကမူ ဘယ်လိုပဲဖြစ်ဖြစ် ပုပ် ချိန်းသည့်နေ့ကို သွားဖို့ ပြောသည်။ မိုင်ကယ်သည် ချိန်းသည့်နေ့ သွားသည်။ ပုပ်ကို တွေ့ခွင့်မရ။ နောက်တစ်နေ့ ...နောက်တစ်နေ့ ... နောက်တစ်နေ့ ဆက်သွားသည်။ ပုပ် အပါးသို့ပင် မဝင်ရဘဲ ပြန်ခဲ့ရသည်။

ဘက်လီယွန်နီထံမှ ကြားသိရသည်မှာ ပုပ်ကို ဗရာမန်တေက သွားပြောသည်။

'မသေခင်ကတည်းက သင်္ချိုင်းဂူကြီး လုပ်ခိုင်းတာ နိမိတ်မရှိဘူး' တဲ့။

မိုင်ကယ်သည် အိမ်ပြန်၍ စာတစ်စောင် ရေးသည်။

"ပုပ်ရဟန်းမင်း အရှင်ဘုရား၊ ယနေ့ အရှင်ဘုရား၏ ခရစ်ယာန် ကျောင်းတော်စောင့်များက အရှင်ဘုရား၏ အမိန့်နှင့် တပည့်တော်ကို မောင်းထုတ်ခဲ့ပါသည်။ သို့ပါ၍ အရှင်ဘုရား တပည့်တော်ကို အလိုရှိခဲ့ပါလျှင် ရောမမြို့တော်မှ တစ်ပါး အခြား နေရာ၌သာ ရှာကြည့်တော်မူပါတော့။"

မိုင်ကယ်သည် စာကို ပုပ်ထံသို့ ပို့လိုက်ပြီး မြင်းတစ်စီးငှား၍ ဖလော်ရင့်မြို့သို့ ထွက်လာခဲ့သည်။ ရောမမြို့တော်၏ မြောက်ဘက် တောင်ကုန်းပေါ် ရောက်

သောအခါ အကာလ ညဥ့်အခါတွင် တိတ်ဆိတ်အိပ်ပျော်နေသော ရောမ မြို့တော်ကြီးကို တစ်ဖန် လှည့်ကြည့်လိုက်သည်။ ထိုအခါ စကားပုံတစ်ခုကို ပြေး၍ သတိရမိသည်။

"ရောမ မြို့သွား
ငမိုက်သားနှင့်
အိမ်နားမခွာ
နေရှာသသူ
ငထူ ငအ
လူဗာလချင်း
အဖျင်းတူတူချည်းသာတည်း။"

ဒုတိယနေ့တွင် မိုင်ကယ်သည် လမ်းပေါ်ရှိ တည်းခိုအိမ်တွင် ဝင်နားနေသည်။ ထိုအခိုက် မိုးကြိုးထစ်သလို မြင်းခွာသံတွေ ကြားရသည်။ သူ့ မိတ်ဆွေ ဘက်လီယွန်နီနှင့် စစ်သားငါးယောက်ကို တွေ့ရသည်။ မိုင်ကယ်ကို ပုပ်ကအခေါ် လွှတ်လိုက်ခြင်း ဖြစ်သည်။ ဘက်လီယွန်နီမှာ မိုင်ကယ်၏ မိတ်ဆွေရင်းချာဖြစ်သဖြင့် ဖျောင်းဖျခေါ်ရန် ဖြစ်သည်။ မိုင်ကယ်က ပြတ်ပြတ်ပင် ပြန်ပြောသည်။

'ကျွန်တော် အခု ဖလော်ရင့်ကို ပြန်တော့မလို့'

'ဟေ့ မပြန်ရဘူးကွ၊ အခု ငါ့လက်ထဲမှာ ပုပ် ဂျူးလီးယဆီက အမိန့်စာပါတယ်။ ပြန်လာရင် အစစ အားလုံး အဆင်ပြေစေ့မယ်၊ မပြန်ရင် မင်း အရှက်ဘကွဲ အပြစ်ခံရလိမ့်မယ်။ ဒီမှာ ပုပ်ရဲ့ အမိန့်အာဏာစကား ပါတယ်'

'ခင်ဗျားတို့ ပုပ်က စကားမတည်ဘူး၊ ပြောပြီး မေ့တာပဲ'

ထိုအခါ သန်မာတောင့်တင်းသော စစ်သားကြီးက ဘက်လီယွန်နီကို သုမ်းမေးသည်။

'ဘယ့်နှယ်လဲ၊ ကြိုးနဲ့ တုပ်နှောင်ရတော့မလား' ထိုအခါ ဘက်လီယွန်နီက ပြန်ပြောသည်။

'နေပါဦး၊ အတင်းအဓမ္မ ခေါ်ရမယ်လို့ အမိန့်ထဲမှာ မပါဘူး။ ကဲ မိုင်ကယ်၊ ပုပ် ဂျူးလီးယက စောင့်ဦးဆိုရင် ဘယ်သူမဆို စောင့်ရတာပဲ။ မင်း တစ်ယောက်တည်းမှ စောင့်ရတာ မဟုတ်ဘူး။ ဒီတော့ မင်း စောင့်ပေတော့၊ တစ်နှစ်ပဲကြာကြာ မင်း စောင့်ရမှာပဲ'

'ကျွန်တော် ဖလော်ရင့်ကို အပြီးပြန်တော့မယ်။ ဘယ်လူမျိုးကမှ ကျွန်တော့်ကို ဒီလိုလုပ်တာ မခံနိုင်ဘူး'

ဘက်လီယွန်နီသည် မိုင်ကယ်၏အနားသို့ တိုးလာပြီး စစ်သားတွေ မကြားအောင် ကပ်၍ပြောသည်။

**'တော်ပါပေ၊ ဖလော်ရင့်မြို့သား ပီသပါပေရဲ့၊ ကေသရာဇာရဲ့ သတ္တိ သွေးပါပဲ။** ကဲ အခု မင်းရဲ့ ပြောချင်တာတွေ လွတ်လွတ်လပ်လပ် ပြောပြီးပြီ။ လွတ်လွတ်လပ်လပ် လုပ်ပြီးပြီ။ တော်ရောပေါ့၊ ကဲ ငါနဲ့ ပြန်လိုက်ခဲ့ပါ။ ငါ့ကို ကြားထဲက အနေခက်အောင် မလုပ်ပါနဲ့ကွာ'

ဘက်လီယွန်နီသည် မိုင်ကယ်၏ အဆွေခင်ပွန်းကောင်းတစ်ဦး ဖြစ်သည်။

သို့သော် ယောကျ်ားချင်းချင်း တစ်ဦး၏ ဂုဏ်သိက္ခာကို စွန့်လိုက်ရန် ပြောဖို့မသင့်ဟု မိုင်ကယ်က ဆိုသည်။

ဘက်လီယွန်နီ၏ မျက်နှာမှာ တင်းမာလာသည်။ 'ပုပ်ရဟန်းမင်းကို အာခံလို့ မဖြစ်ဘူးကွ၊ မင်း နောက်တော့ သိလိမ့်မယ်။ ကြာလေ ဆိုးလေ ဖြစ်မှာပဲ။ ဒီတော့ မင်း စိတ်မာန်ကို သူနဲ့ သွားမဖက်ပြိုင်ပါနဲ့လို့ ငါ ပြောချင်တယ်'

ထိုအခါ မိုင်ကယ်က အပြတ် ပြန်ပြောလိုက်သည်။

'ကျွန်တော် အခု ပြန်လိုက်ရင် ခွေးဖြစ်မှာပဲ။ ဒီတော့ ပုပ်ရဟန်းမင်း အလိုရှိရင် သူခိုင်းတဲ့ ရုပ်တုတွေကို ဖလော်ရင့်မြို့တော်မှာပဲ ထုပေးပါ့မယ်'

*

မိုင်ကယ်သည် သူ့အဖေအိမ်၊ သူ အိပ်နေကျ အခန်းတွင် ပြန်နေရသည်။ သူ ရောမသို့ မသွားမီ လုပ်လက်စနှင့် ရုပ်တု ရှိနေသေးသည်။ လွှတ်တော်နံရံအတွက် ပန်းချီကား ပုံတွေလည်း ရှိသည်။ ထိုအလုပ်များကို သူ ဆက်လုပ်မည်။

မိုင်ကယ် လမ်းတွင် ပုပ်၏ တမန်များနှင့် အချေအတင်ပြောသည့် စကားများမှာ ဖလော်ရင့်မြို့တော်သို့ သတင်းရောက်ရှိနှင့်ပြီး ဖြစ်သည်။ မိုင်ကယ်နှင့် သူငယ်ချင်း ဃရာဏာချီတို့သည် ပန်းချီဆရာကြီး ရပ်စတီချီ၏ စတူဒီယိုသို့ သူတို့ ကူလ်ဒရွန်းအဖွဲ့နှင့် ညစာစားရန် သွားကြသောအခါ မိုင်ကယ်ကို ပုပ်ကို အာခံရဲသူ သူရဲကောင်းတစ်ဦးအဖြစ် ဂုဏ်ပြုချီးကျူးကြသည်။ သို့သော် နောက်တစ်နေ့ နံနက်တွင်ကား ဖလော်ရင့်မြို့တော် အစိုးရက မိုင်ကယ် လုပ်ပုံကို သဘောမတူဟု သိရသည်။ ဆိုဒါရီနီ၏ မျက်နှာမှာ ပြိုတော့မည့်မိုးကဲ့သို့ မှုန်နေသည်။ မိုင်ကယ်ကို ဤသို့ ဆိုသည်။

'အေး ပုပ်ရဟန်းမင်းကို အာခံတာ ဖာသာ ဆာဗိုနာရိုလာ ပြီးရင် မင်းပဲ ရှိတာပဲ။ ဒီတော့ မင်းလည်း သူ့လို အပြစ်ခံရမယ်လို့ ငါ ထင်တယ်'

'ဆာဗိုနာရိုလာကို လုပ်ကြသလို မြို့လယ်မှာ ကြိုးပေးသတ်၊ အလောင်းကို မီးပုံတိုက်၊ အဲဒီလိုလား'

ဆိုဒါရီနီမှာ ယခုမှ ပြုံးသွားသည်။

'အေး၊ မင်းအပြစ်က ဆာဗိုနာရိုလာရဲ့ အပြစ်မျိုး မဟုတ်ဘူး၊ အမိန့်မနာယူမှုဘဲ ရှိတယ်။ ဒါပေမဲ့ နောက်ဆုံး ပုပ်ပဲ အနိုင်ယူမှာ သေချာပါတယ်'

မိုင်ကယ်က ပြန်ပြောသည်။

'ကျွန်တော် အခု လုပ်ချင်တာကတော့ အရင်လက်စ ပန်းပုထုဖို့တွေ ပြန်လုပ်ချင်တာပဲ။ ပြီးတော့ ကျွန်တော့်အိမ်လည်း ပြန်လိုချင်တယ်'

ဆိုဒါရိနီက အဖြေပေးလိုက်သည်။

'ဖလော်ရင့် အစိုးရက မင်းကို ထပ်ခိုင်းလို့ မဖြစ်တော့ဘူး။ ပုပ် ရဟန်းမင်းက ကြိုက်မှာ မဟုတ်တော့ တို့ မလုပ်ရဲဘူး'

'ဒါဖြင့် ဟို နံရံပန်းချီကော'

ထိုအခါ ဆိုဒါရိနီသည် မိုင်ကယ်ကို စေ့စေ့ကြည့်လိုက်သည်။ 'မင်း ခန်းမကြီးကို သွားမကြည့်ရသေးဘူး ထင်တယ်။ လာ သွားကြမယ်'

ခန်းမကြီးသို့ ရောက်သောအခါ မိုင်ကယ်မှာ လန့်ဖျပ်ပြီး သူ့ပါးစပ်ကို လက်နှင့် အုပ်ထားလိုက်မိသည်။

'ဘုရားရေ၊ အမလေး ...ဖြစ်မှ ဖြစ်ရပလေ'

ဗင်ချီ ရေးဆွဲခဲ့သည့် ပန်းချီကားကြီးမှာ ဆေးအရည်တွေ ပျော်ကျ၍ ရစရာ မရှိအောင် ပျက်စီးနေသည်ကို မြင်ရတော့သည်။ ခံ့ညားလှပသည့် စစ်ပွဲပန်းချီကားကြီး၊ မြင်းအာဇာနည်၊ လူအာဇာနည်တွေ သတ္တိပြပုံ သရုပ်ဖော်ထားသည့် ပန်းချီကားကြီး။ ယခုတော့ သွားရှာပါပကော။

မိုင်ကယ်သည် ဗင်ချီအပေါ်တွင် ငြူစူမုန်းတီးခဲ့သည့် စိတ်များ အရည်ပျော်ဆင်းသွားသည်။ အနုပညာသည် အချင်းချင်း ကရုဏာသက်မိသည်။ ဗင်ချီ တစ်နှစ်လုံး ရေးဆွဲသည့်ကားကြီးမှာ အဖတ်ဆယ်မရအောင် ပျက်စီးနေသည်ကို နှမြောဝမ်းနည်းစိတ်သာ ရှိတော့သည်။

ဆိုဒါရိနီက ပြောပြသည်။

'ဗင်ချီကကွာ ရှေးခေတ်က သုံးခဲ့တဲ့ နည်းတစ်ခုကို ပြန်လည်ဆန်းစစ်ဖို့ ကြိုးစားတာ၊ ဆေးရောင်တွေကို ဖယောင်းနဲ့ ရောစပ်ပြီး မီးနဲ့ အပူငွေ့ပေး လုပ်တာမျိုးပေါ့။ အဲဒါ ဆင်တာမာရီယာ နိုဗယ်လာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာ သူ စမ်းကြည့်လို့ ဟန်ကျဖူးတယ်။ ဒါပေမဲ့ အဲဒီတုန်းက ပုံက သေးသေးရယ်၊ အခု နံရံပန်းချီက ၂၂ ပေ မြင့်တယ်။ အပေါ်ဆုံးကို အပူရှိန် ရောက်အောင် မီးတွေ ပိုထည့်ရတော့ အောက်က အရုပ်တွေ မြင်တဲ့အတိုင်းပဲ ပျက်ကုန်တော့တာပေါ့'

မိုင်ကယ်သည် ဗင်ချီထံသွား၍ ဝမ်းနည်းစကား ပြောကြားသည်။ ရှေးက ပြောဆိုခဲ့မိသည်ကိုလည်း တောင်းပန်သည်။ ဗင်ချီ၏ တင်းမာသော မာန်မာနများ အရည်ပျော်ကျသွားသည်။

'အေးကွာ၊ ဒါတော့ ငါကလည်း ကျောက်သားထုတဲ့ လူတွေကို နှိမ်ပြီး ပြောမိတာကိုး။ မင်းရဲ့ "ရေချိုးနေသူများ" ကားချပ်တွေ မြင်ရပါတယ်။ အဲဒီ ပန်းချီဟာ ဖလော်ရင့်မြို့တော်ရဲ့ ဂုဏ်ကျက်သရေ ဖြစ်မှာ အမှန်ပါပဲ'

'အဲဒီ ပန်းချီကားလည်း ကျွန်တော် မဆွဲချင်တော့ပါဘူး။ အစတုန်းက ခင်ဗျားရဲ့ အင်ဂီယာနိစစ်ပွဲ ပန်းချီကားနဲ့ ယှဉ်ပြီး ရှိစေချင်ခဲ့တာ။ အခုတော့'

မိုင်ကယ်သည် ဗင်ချီနှင့် သင်ပုန်းချေ၍ ပြီးခဲ့သော်လည်း မိတ်ဆွေချင်းချင်း မုန်းရမည့်ကိစ္စနှင့် တစ်ဖန် လာကြုံရပြန်သည်။ သူ၏ ခင်ပွန်းကောင်း ဖလော်ရင့် မြို့တော် ဘုရင်ခံ ဆိုဒါရီနီက မိုင်ကယ်ကိုခေါ်၍ ပုပ်ထံမှ စာတစ်စောင် ပြသည်။ ဖလော်ရင့် အစိုးရက တာဝန်ယူ၍ မိုင်ကယ်ကို ရောမမြို့သို့ ပြန်ပို့ရမည်၊ မပို့လျှင် ပုပ်၏ အမျက် သင့်မည်။

မိုင်ကယ်က ရောမမြို့သို့ မပြန်၊ အခြားနိုင်ငံသို့ သွားမည်။ ပြင်သစ်သို့ သွားမည်ဟု ဆိုသည်။ ဆိုဒါရီနီက ပြောပြန်သည်။

'မဖြစ်ဘူး မိုင်ကယ်၊ ပုပ်ရဲ့ အာဏာစက်က ဥရောပတစ်ခုလုံး ပျံ့နေတာ'

'နေစမ်းပါဦး၊ ဒီလောက် တန်ခိုးကြီးတဲ့ ပုပ်က ကျွန်တော့်လို အကောင်ကို ဘာကြောင့် အငမ်းမရ လိုချင်နေရတာတဲ့လဲ'

'အေး၊ ဒါတော့ မင်းဟာ သူပေးတဲ့ အလုပ်ကို မလုပ်ဘဲ ထွက်သွားတဲ့ အနုပညာသည် မဟုတ်လား။ ဒီတော့ ကမ္ဘာပေါ်မှာ သူ အလိုချင်ဆုံးဟာ မင်းကိုပဲ ဖြစ်သွားတာပေါ့။ ဒါပေမဲ့ မင်း ဒါလောက် အာခံရရင် တော်ရောပေါ့။ ရပ်တန်းက ရပ်ရင် ကောင်းမယ် ထင်တယ်'

တစ်လခန့်ကြာလျှင် ဆိုဒါရီနီသည် မိုင်ကယ်ကို ခေါ်တွေ့ပြန်သည်။ ပုပ်ထံမှ အမိန့်စာကို ပြသည်။ "ပန်းပုသမား မိုင်ကယ်အိန်ဂျယ်လိုသည် အကြောင်း တစ်စုံတစ်ရာ မပြဘဲ ငါတို့ထံမှ ထွက်ခွာသွားခဲ့သည်။ ဤသို့ မဆင်ခြင်၊ မစဉ်းစား ဘဲ စိတ်နောက် ကိုယ်ပါ လုပ်ပြီးမှ ငါတို့ထံ ပြန်လာရမည်ကို ကြောက်နေသည်ဟု ငါတို့ ကြားသိရသည်။ ငါတို့သည် အနုပညာ ရင့်သန်သော ပါရမီထူး ပုဂ္ဂိုလ်တို့၏ စိတ်နေစိတ်ထားကို နားလည်ကြသည် ဖြစ်၍ သူ့အား အပြစ်မယူလိုကြပေ။ သင်း ငါတို့ထံ ပြန်လာလျှင် သူ၏ အသက်စည်းစိမ်ကို ချမ်းသာပေးမည်။ သူ့ကိုယ် ကိုလည်း ရေကြည်တစ်ပေါက်မျှ အနာတရ မဖြစ်စေရ။ ငါတို့ ကတိပေးသည်။ ထို့ပြင် သင်းအား ရှေးကအတိုင်း ပြန်လည်ချီးမြှောက်မည်။"

ဆိုဒါရီနီက စာကို ဖတ်ပြပြီး မိုင်ကယ်ကိုပဲ 'ဘယ့်နှယ်လဲ၊ ကျေနပ် ပြီလား' ဟု မေးသည်။

'မကျေနပ်နိုင်ပါဘူး။ မနေ့ညကပဲ ဖလော်ရင့်မြို့သား ကုန်သည် တစ်

ယောက်နဲ့ တွေ့တယ်။ သူက တူရကီပြည်မှာ နေတယ်။ အဲဒီက ဆူလတန်ဘုရင် ဆီမှာ ကျွန်တော် အလုပ်တွေ ရနိုင်ပါသတဲ့'

*

မိုင်ကယ်ထံသို့ သူ့အစ်ကို လိုင်ယွန်နာဒို လာ၍တွေ့သည်။ လိုင်ယွန်နာဒိုသည် ဖာသာ ဆာဗိုနာရိုလာ၏ နောက်လိုက်အနေဖြင့် မိုင်ကယ်၏ အနုပညာကို ဘုရားသခင် မကြိုက်သည့် အလုပ်ဟု ဆိုခဲ့ဖူးသည်။

'ငါမှားတာ ဝန်ခံချင်ပါတယ် မိုင်ကယ်၊ မင်းကို ငါ ကူညီချင်ပါတယ်။ ဦးဆုံး ရောမမြို့က အရှင်ခင်ကြီးတွေက မင်းရဲ့ ပီးတားကျောက်ရုပ်ကို ချီးမွမ်းကြပါတယ်။ မင်းရဲ့ အနုပညာနောက်ကို မင်းလိုက်ခဲ့တာ မင်း မှန်ပါတယ်။ မင်းထုတဲ့ ပီးတား ကျောက်ရုပ်ကို ငါ မြင်ခဲ့ပြီးပါပြီ။ မင်းလည်း ဘုရားသခင်ရဲ့ အမှုတော်ကို မင်း အနုပညာနဲ့ ပူဇော်နေတာပါပဲ။ ဒီတော့ ငါ ပြောဆိုခဲ့မိတာကို ခွင့်လွှတ်ပါကွာ'

'ခွင့်လွှတ်ပါတယ်'

'ပြီးတော့ မင်းကို သတိပေးချင်တယ်။ ပုပ်ရဟန်းမင်းဟာ ဒီမြေပြင်ပေါ်မှာ ဘုရားသခင်ရဲ့ ကိုယ်စားလှယ်ပဲ။ ဒီတော့ သူ့ကို မင်း ဘယ်လိုပဲ ထင်ထင်၊ ပုပ်ဟာ စိန့်ပီတာရဲ့ အဆက်အနွယ်ပဲ'

'လိုင်ယွန်နာဒို၊ ပုပ်ကော ဘာမို့လဲ၊ သူလည်း လူပဲ။ ကျွန်တော် မှန်တယ်ထင်တာတော့ လုပ်ရမှ ဖြစ်မယ်။ လွတ်လပ်စွာ တွေးခေါ်လုပ်ကိုင်ခြင်းအမှုကို ဘုရားသခင် ချစ်ပါတယ်။ နိမ့်ကျတဲ့ ကျွန်စိတ်ကို ဘုရားသခင် မလိုလားပါဘူး'

လိုင်ယွန်နာဒိုက ပြန်ပြောသည်။

'မင်းပြောတာ မှန်လိမ့်မယ်၊ မင်းရဲ့ အတွေးအခေါ်သာ မမှန်ရင် ဘုရားသခင်ဟာ လူသားတို့လက်နဲ့ မစွမ်းနိုင်တဲ့ ရုပ်တုတွေ ထုနိုင်အောင် မင်းကို ကူမ ပေးမှာ မဟုတ်ပေဘူး'

သူတို့ညီအစ်ကို ခွဲခဲ့ကြသည်။ ဤသည်ပင် နောက်ဆုံးတွေ့ကြခြင်း ဖြစ်သည်။

*

ပုပ်ရဟန်းမင်းကို အာခံရဲသော မိုင်ကယ်အတွက် လူတိုင်းပင် စိုးရိမ်ကြောင့်ကြနေကြသည်။ သို့သော် မကြောက်သူတစ်ဦးတော့ ရှိသေးသည်။ မဟာလော်ရင်ဇို မီဒီချီ၏သမီး ကွန်တက်စီနာ ဖြစ်သည်။ သူ၏ခမည်းတော်သည် ဉာဏ်ပညာလုံ့လဖြင့် ဖလော်ရင့် မြို့တော်ကြီးကို ဥရောပတစ်တိုက်လုံးက မော့ကြည့်ရအောင် စီးပွားရေး၊ အနုပညာ အဘက်ဘက်က ကြွယ်ဝစေခဲ့သည်။ သို့နှင့်ပင် မီဒီချီ

အမျိုးအနွယ်များမှာ ထိုမြို့တော်ကြီးမှ မောင်းထုတ်ခံခဲ့ရသည်။ ဤသို့ နိုင်ငံရေး အတက်အကျ တွေ့ကြုံရဖန်များလာသောအခါ ကွန်တက်စီနာသည် ဘယ်အစိုးရ ပင် တက်တက် အထင်မကြီး၊ လေးစားသောစိတ် မရှိ၊ စိတ်ကုန်ခန်းနေသည်။ သူ့ခင်ပွန်းကမူ ရောမမြို့သို့ သွားနေချင်သဖြင့် ပုပ် ပြင်ပြင်မှာ စိုးရိမ်နေသည်။

တစ်နေ့သောအခါ မိုင်ကယ် သူတို့ထံ အလည်ရောက်လာသဖြင့် ဤသို့ သူက ပြောသည်။

'ပြောရမှာတော့ မပြောချင်ဘူး၊ ဒါပေမဲ့ တို့ဆီကို မင်း နောက်မလာ ပါနဲ့လို့ ပြောရမှာပဲ၊ အခုအခါမှာ မင်းနဲ့ တွေ့နေရင် ဘေးအန္တရာယ် များလိမ့်မယ်'

ထိုအခါ ကွန်တက်စီနာက ဝင်ပြောသည်။ 'လောကကြီးမှာ လူရယ်လို့ မွေးလာကြရရင် ဘေးအန္တရာယ် များတာချည်းပဲ၊ ကြွေတစ်လှည့် ကြက်တစ်ခုန် တွေ့ရမှာချည်းပေါ့'

မိုင်ကယ်က ရီဒိုလ်ဖီအား ညင်သာစွာ ပြန်ပြောသည်။

'ကျွန်တော် နောက်ကို မလာတော့ပါဘူး။ ရီဒိုလ်ဖီ၊ ခင်ဗျားမှာ ခင်ဗျားရဲ့ သားမယားကို ဘေးလွတ်အောင် ကာကွယ်ဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်ကိုက အလိုက်မသိတတ်တာပါ'

*

ဩဂုတ်လတွင် ရဟန်းမင်း ပုပ်ဂျူးလီးယသည် စစ်မက်အင်္ဂါနှင့် သူ့ဩဇာမခံသော မြို့များကို တိုက်ခိုက်သိမ်းပိုက်ရန် ရောမမြို့တော်မှ ထွက်ခွာခဲ့သည်။ အများအားဖြင့် ဓားလှံ မကျိုး၊ သွေးမြေမကျဘဲ ငွေကြေးရာထူးများနှင့် လာဘ်ထိုးသော အမှုများ ဖြင့်သာ အောင်မြင်ခဲ့သည်။

ပုပ်သည် ဗိုလော့တနားမြို့တော်တွင် ရောက်ရှိလာခဲ့သည်။ ထိုအခါ ဆိုဒါရီနီက မိုင်ကယ်ကိုခေါ်ပြီး ငေါက်ငမ်းပြောဆိုတော့သည်။ 'ဟေ့ မိုင်ကယ်၊ မင်းအတွက် ငါတို့ စစ်တော့ မတိုက်နိုင်ဘူးကွ။ အခု ပုပ်က ဗိုလော့တနားမြို့က နေပြီး မင်းကို အလိုရှိနေပြီ။ သွား သွား'

မိုင်ကယ် အရှုံးပေးရတော့မည်။ ဖလော်ရင့် မြို့တော်သည် ပုပ်၏ ကြီးမား သော စစ်အင်အားကို အန်မတုနိုင်ချေ။ တစ်မြို့တော်လုံးကပင် မိုင်ကယ်ကို ပုပ် ထံသို့ ပို့ရမည်ဟု သဘောတူကြသည်။ သူတို့ မှန်သည်။ မိုင်ကယ်သည် ဗိုလော့ တနားသို့ သွား၍ ပုပ်ထံ ဝင်ပါတော့မည်။ ဆိုဒါရီနီကလည်း သူ့ညီဖြစ်သူ ပုပ် အပါးတွင် နေသော ကာဒီနယ်တစ်ဦးထံ စာရေးပေးလိုက်သည်။

"မိုင်ကယ်အိန်ဂျယ်လိုသည် လူကောင်းကလေးတစ်ဦး ဖြစ်ပါ သည်။ ပညာအရာတွင် သူမတူအောင် အစွမ်းထက်လှပါသည်။ သူ့

အပေါ်မှာ သာယာညင်းပျောင်း ပြောဆိုဆက်ဆံပါက သူက အစွမ်းကုန် လုပ်ပါလိမ့်မည်။ သူ့အပေါ်မှာသာ ချစ်ခင်ကြင်နာမှု ရှေ့ထား၍ ဆက်ဆံလျှင် မြင်သူတိုင်း အံ့ဩလောက်အောင် လက်စွမ်းပြပါလိမ့်မည်။”

*

နိဝင်ဘာလတွင် မိုင်ကယ်သည် ပုပ်ထံ ဝင်လာသည်။ ဗိုလော့တနား မြို့တော်ကြီး လမ်းများပေါ်တွင် ပုပ်ထံသို့ ကန်တော့ပန်းဆက်ရန် ဝင်ကြသူတွေ ပြည့်နေသည်။ မိုင်ကယ်သည် ပုပ်၏ ရှေ့မှောက်သို့ ရောက်ခဲ့ရသည်။ အလံတွေ တလူလူနှင့် ပြင်ဆင်ထားသော ခန်းမကြီးတွင် ပုပ် အကျထိုင်နေသည်။ သူ့အနားမှာ မင်းပေါင်း ခြံရံလျက် ရှိသည်။ မိုင်ကယ် ဝင်သွားသောအခါ ခန်းမကြီးတစ်ခုလုံး ငြိမ်ကျသွားသည်။ ပုပ် ဂျူးလီးယနှင့် မိုင်ကယ်တို့သည် တစ်ဦးကိုတစ်ဦး စားတော့မလို ဝါးတော့မလို စိုက်ကြည့်နေကြသည်။ မိုင်ကယ်သည် ပခုံးကို ဆန့်တန်းကာ ကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ ထုံးစံရှိသည့်အတိုင်း ပုပ်ရှေ့တွင် ဒူးထောက် အရိုအသေ မပြုဘဲ နေသည်။

ပုပ်က စ၍ စကားဆိုလိုက်သည်။

‘မင်း မလာဘဲနေတာ ကြာလွန်းလို့ ငါတို့ လိုက်လာခဲ့ရတာပဲ’

မိုင်ကယ်က အလျှော့မပေးဘဲ ပြန်ပြောလိုက်သည်။

‘မှန်ပါ အရှင်ဘုရား၊ ရောမ မြို့တော်ကြီးမှာတုန်းက တပည့်တော်ကို လုပ်တာမျိုးဟာ မတရားပါဘူး’

ထိုအခါ ဂိုဏ်းချုပ်ခင်ကြီးက မိုင်ကယ်ဘက်မှနေ၍ တောင်းပန်သော အားဖြင့် ဝင်ပြောသည်။

‘မှန်လှပါ ပုပ်ရဟန်းမင်းကြီး ဘုရား၊ အနုပညာသည်များကို သည်းခံကြရပါတယ်။ သင်းတို့ လူမျိုးများဟာ သူတို့အလုပ်က လွဲပြီး အခြား မင်းရေးစိုးခွင့်များ နားမလည်၍ ရိုင်းစိုင်းတာပါ ဘုရား’

ထိုအခါက ပုပ်ရဟန်းမင်းသည် နေရာမှထကာ မိုးကြိုးပစ်သလို အသံကြီးနှင့် ငေါက်လိုက်သည်။

‘အံမာ၊ မင်းကများ မိုင်ကယ်ကို ရိုင်းတယ်လို့ ပြောရသလား။ ငါတောင် သူ့ကို ဒီလို ရိုင်းသလေး ဘာလေးနဲ့ မပြောဘူးကွ၊ သိရဲ့လား’

ဤစကားသည်ပင် ပုပ်သည် မိုင်ကယ်ကို လူသိနတ်ကြား သူ့အမှားကို တောင်းပန်သည်နှင့် ထပ်တူပင် ဖြစ်သည်၊ ပုပ်ရဟန်းမင်းကြီး လုပ်နေပြီး ဒါလောက် မျက်နှာသာပေး တော်လောက်ရောပေါ့။

မိုင်ကယ်သည် ထိုအခါကျမှ ပုပ် ရှေ့တွင် ဒူးထောက်ကာ လက်စွပ်ကို နမ်းသည်။ ပုပ်က သူ့ကို နက်ဖြန် တပ်စခန်းသို့ လာဖို့ မှာလိုက်သည်။

မိုင်ကယ်သည် ပုပ်ထံမှ ခွာခဲ့ပြီး သူ၏မိတ်ဆွေ အယ်ဒိုဗရန်ဒီထံသို့ သွားသည်။ ဖြစ်သမျှတွေ ပြောဆိုရယ်မောကျေနပ်နေကြသည်။

'မိုင်ကယ်၊ မင်းနဲ့ ပုပ်ရဟန်းမင်းဟာ အတူတူပဲ၊ တကယ် ကြောက်စရာ လူတွေပါပဲကွာ။ ပုပ်ကလည်း ဒါကြောင့် မင်းကိုတော့ လေးစားတာပဲ'

ထိုနောက် အယ်ဒိုဗရန်ဒီက မိုင်ကယ်ကို သူ့အိမ်မှာ လာနေဖို့ ခေါ်သည်။ မိုင်ကယ်ကလည်း အားရဝမ်းသာ လက်ခံသည်။

'ဒါထက် ခင်ဗျား တူတော်မောင် မာကို တစ်ယောက်ကော'

'ရှိပါ့ မောင်ရာ၊ မာမာချာချာပါပဲ။ အခု မြာ အသစ်ကလေး တစ်ယောက် ရနေပြီ'

'ဟင် ဒါဖြင့် ကလယ်ရစ်ဆာကော'

'ရှိတယ်လေ၊ ဆန်မာတီနိုနားမှာပဲ နေတယ်'

'ဟုတ်လား၊ ဒါဖြင့် ခဏနော်၊ ကျွန်တော် သွားစရာလေး ရှိတယ်'

'အေးပါကွာ၊ ကြိုက်မရှက် ငိုက်မရှက် ဖက်လို့ရတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး'

*

နာရီဝက်ခန့်ကြာလျှင် မိုင်ကယ်သည် ကလယ်ရစ်ဆာ၏ အိမ်တံခါးဝမှာ ရပ်မိသည်။ ကလယ်ရစ်ဆာသည် ဆီမီးအိမ်များ၏ ဝင်းဝါသော အရောင်ရှေ့တွင် အရိပ်ပြ ရုပ်ပုံလေးသဖွယ် ရပ်နေသည်။ မိုင်ကယ် ပထမ ဦးစွာ သူတို့တွေ့ခဲ့သည့် အချိန်ကို ပြန်သတိရမိသည်။ ထိုအခါက ကလယ်ရစ်ဆာသည် အသက် ၁၉ နှစ်သာ ရှိသေးသည်။ သွယ်လျပျော့ပျောင်းသော ရွှေရောင်ဆံပင် ဝေဝေဆာဆာနှင့် နုနယ်ပျိုမျစ်သည်။

ယခုအခါ သူ့အသက် ၃၁ နှစ် ရှိပြီဖြစ်၍ ဝင်းမှည့်ပြည့်ဖြိုး လှပသည်။ မိုင်ကယ်သည် ကလယ်ရစ်ဆာ၏ ခံ့ညားလှပသော ကိုယ်လုံးကိုယ်ထည်အား အာရုံစိုက်လိုက်မိသည်။ အခန်းတွင်းသို့ ရောက်လျှင် မိုင်ကယ်သည် ကလယ်ရစ်ဆာ ဝတ်ထားသည့် ဝတ်ရုံတွင်းသို့ သူ့လက်လျှိုကာ ဖက်လိုက်သည်။ အသားမှာ နွေးလှသည်။ မိုင်ကယ်သည် ခဏ စေ့စေ့စိုက်ကြည့်ပြီး အလိုလိုက်ရန် အသင့်ရှိနေသော နှုတ်ခမ်းလေးကို ငုံ့နမ်းလိုက်သည်။

ကလယ်ရစ်ဆာက တိုးတိုးကလေး ပြောသည်။

'ဟို ပထမ တွေ့တုန်းကလေ၊ ကျွန်မက တစ်ဦးကိုတစ်ဦး စုံမက်လိုချင်တယ် ဆိုတာ သဘာဝပဲလို့ ပြောလိုက်တော့ မိုင်ကယ် ရှက်သွားလိုက်တာ၊ ကလေးသူငယ်လေး ကျနေတာပဲ'

'အနုပညာသည်တွေဟာ အချစ်အကြောင်း နားမလည်ကြပါဘူး။ ကျွန်တော့်သူငယ်ချင်း ဃရာဏာချီကတော့ဖြင့် အပျင်းပြေ ပျော်စရာတစ်ခုလို့ ပြောတယ်'

'နို့ မိုင်ကယ်ကကော ဘယ်လိုပြောမလဲ'

'ကလယ်ရစ်ဆာရဲ့ အပေါ်မှာ ဘယ်လို ကျွန်တော့်စိတ်ထဲ ရှိတယ် ဆိုတာလား။ တောင်ချောက်ကြားမှာ တအားစီးဆင်းနေတဲ့ ရေအဟုန်ဟာ လူ့ကိုယ်ကို သိမ်းကျုံးပြီး ကျောက်ဆောင်တွေပေါ်ကနေပြီး ခေါ်သွားသလိုပါပဲ'

ကလယ်ရစ်ဆာ၏ ဝတ်ရုံသည် သူ့ကိုယ်ပေါ်မှ လျှောကျသွားသည်။ သူ့လက်ကိုမြှောက်၍ ဆံပင်ထဲက ဆံညှပ်တွေကို ဖြုတ်လိုက်ရာ ဖွတ်မြီးကျစ်ထားသော ရွှေရောင် ဆံပင်တို့သည် ခါးအထိ ဆင်းကျလာသည်။ သူ့လှုပ်ရှားပုံမှာ မြူဆွယ်လိုသည့် သဘောမျိုးမပါ၊ လုံးဝ မရိုင်းဘဲ ချိုသာသည့် သဘောမျိုး အမူအရာ ရှိသည်။ သူ၏ ပင်ကိုပညာမှာ အချစ်မေတ္တာကို ဖန်တီးပေးဖို့ပင် ဖြစ်သကဲ့သို့ ရှိသည်။

ထို့နောက် သူတို့နှစ်ဦး ရွှေလည်ချင်းယှက်ကာ တစ်ဦး၏ရင်ခွင်ထဲမှာ တစ်ဦး လဲလျောင်းနေကြသည်။ ကလယ်ရစ်ဆာက မေးသည်။

'အချစ်ရေးတွေများ ကြုံခဲ့ရသေးလား'

'ကလယ်ရစ်ဆာနဲ့ တွေ့ပြီးတဲ့နောက် တစ်ခါမှ မကြုံရဖူးဘူး'

'ရောမ မြို့တော်ကြီးမှာ မိန်းမတွေ ပေါလွန်းလို့'

'ဟုတ်တယ်၊ အနည်းဆုံး ၇၀,၀၀၀ လောက် ရှိမှာပေါ့။ ကျွန်တော့်သူငယ်ချင်း ဗော်လ်ဒူချီဆိုရင် တနင်္ဂနွေနေ့တိုင်း ထိုင် ရေတွက်နေတာပဲ။ ဒါမျိုးတော့ ကျွန်တော်က အချစ်လို့ မခေါ်ပါဘူး'

*

မိုင်ကယ်သည် ပုပ် ဂျူလီယာ စစ်စခန်းချသော နေရာသို့ သွားသည်။ နှင်းခဲတွေကျ၍ အေးလှသည်။ ပုပ်သည် မိုင်ကယ်ကို သူ့တဲနန်းထဲခေါ်ပြီး စကားပြောသည်။

'ကဲ မိုင်ကယ်အိန်ဂျယ်လို ဗြူရိုနာရိုတီ၊ ငါ့ကို ပုပ်ရဟန်းမင်း အဆောင်အယောင် တန်ဆာပလာ အပြည့်အစုံနဲ့ ကြေးရုပ်တစ်ရုပ် ထုရမယ်'

'ဟင်၊ ကြေးကို တပည့်တော် မကိုင်တတ်ဘူး'

ပုပ်၏ မျက်နှာမှာ ဒေါသရောင် နီမြန်းသွားသည်။

'မင်းကို ပုပ်ရဟန်းမင်းက ခိုင်းနေတာ၊ လုပ်ရမယ်'

'အရှင်ဘုရား၊ တပည့်တော် ကြေးသွန်းတဲ့ အလုပ်ကို လုံးလုံး နားမလည်ပါဘူး ဘုရား၊ ကျောက်သားကိုပဲ ပြန်ကိုင်ပါရစေ ဘုရား'

ပုပ်၏ မျက်နှာမှာ နီသည်ထက် နီလာသည်။

'ဟော့၊ တော် တန် တိတ်။ မင်းကများ ငါ့ကို ပြန်အရေးဆိုနေရသေး သလား။ ငါ့ရဲ့ပုံတူ ကြေးရုပ်ကြီးတစ်ခု လုပ်ရမယ်၊ ဒါပဲ'

'ဒါဖြင့် အရှင်ဘုရား အဲဒီ ကြေးရုပ်ကြီးပြီးလို့ အရှင်ဘုရား သဘော ကျခဲ့ရင် ကျောက်တုံးတွေကို ပြန်ကိုင်ပါရစေ ဘုရား'

'ဟော့၊ ပုပ်ရဟန်းမင်းကို ဒီလို ဈေးဆစ်တဲ့ အလုပ်မျိုး မလုပ်ရဘူးကွ။ ပုံအကြမ်းတွေ ဆွဲ၊ နောက်တစ်ပတ် ယူလာခဲ့။ ဒါပဲ'

*

မိုင်ကယ်သည် စိတ်ပျက်အားငယ်စွာနှင့် ကလယ်ရစ်ဆာထံသို့ ပြန်လာခဲ့သည်။ ကလယ်ရစ်ဆာမှာ ပန်းရင့် ပိုးအင်္ကျီလက်ပွကြီးကို ဝတ်ဆင်ထားသည်။ ရှေ့က ရင်သားအပေါ်ပိုင်း ဖော်ထားသည်။ သူ့ဆံပင်များကို ကျောက်မျက်စီခြယ်သော ကြိုးများဖြင့် ခတ်ထားသော ပန်းကုံးနှင့် ဖွဲ့ထားသည်။ မိုင်ကယ်ကို ယုယစွာ ဆီးကြိုနှုတ်ဆက်သည်။

'မီးဖိုပေါ်မှာ ရေနွေးတွေ ရှိတယ်။ ရေချိုးပါလား၊ ဒါမှ အညောင်းအညာ ပြေသွားမယ်'

မိုင်ကယ်သည် မီးဖိုဆောင်တွင်းသို့ လိုက်သွားပြီး သူ့အဝတ်များကို ချွတ်ချ ၍ ကလယ်ရစ်ဆာ စီမံထားသည့် ဘဲဥပုံ စည်ပိုင်းထဲသို့ ဆင်းထိုင်လိုက်သည်။ စည်ပိုင်းတွင်းမှာကား ရေနွေးအပြည့် ထည့်ထားသည်။ ခြေထောက်များ ဆန့်တန်း လိုက်ရသည်မှာ သက်သောင့်သက်သာ ရှိလှသည်။ ကလယ်ရစ်ဆာက သူ့နောက် ကျောကို ချေးတွန်းပေးသည်။

'တစ်ခါမှ ကျွန်တော့်ကျောကို ချေးတွန်း မခံဖူးဘူး'

'အေးပေါ့၊ မိုင်ကယ် မလုပ်ဖူးတာတွေ အများကြီး ရှိတာပဲ။ မိုင်ကယ် ဒီမှာပဲ တစ်သက်လုံး နေပါလား၊ ဘယ်သူမှ ဒီရောက်နေမှန်း သိမှာ မဟုတ်ဘူး။ ဒီတော့ အေးအေးနေရတာပေါ့'

'ဟင်း၊ တစ်သက်လုံး အချစ်ပဲ စဉ်းစားပြီး နေရမယ်လား။ ဖြစ်နိုင်ပါ့ မလား။ ရွှံ့ရုပ်လုပ်ဖို့၊ ကြေးသွန်းဖို့တို့ တစ်ခါတည်း မစဉ်းစားရတော့ဘူး ဟုတ်လား'

'ကျွန်မဟာ ရွှံ့တို့၊ ကြေးတို့နဲ့ လုပ်ထားတာ မဟုတ်ပါဘူးတဲ့ ရှင်'

ကလယ်ရစ်ဆာ ရယ်မောလိုက်သော ဂီတသံကလေးကို ကြားလိုက် ရသောအခါ မိုင်ကယ်မှာ တစ်နေ့လုံး စိတ်တိုင်းမကျခဲ့သမျှတွေ ဆေးကြော ပစ်လိုက်သလို ရှင်းသွားသည်။

'ကဲ မီးလင်းဖိုနားမှာ ထိုင်ပြီး ရေတွေ သုတ်တော့'

မိုင်ကယ်သည် မျက်နှာသုတ်ပဝါနှင့် သူ့ကိုယ်ကို နာနာပွတ်တိုက်သည်။ အခြား မျက်နှာသုတ်ပဝါ အခြောက်တစ်ထည်နှင့် ကလယ်ရစ်ဆာက သူ့ကို ထွေးပတ်ပေးသည်။ ပြီးလျှင် စားပွဲရှေ့မှာ ထိုင်ခိုင်းပြီး ပန်းကန်ပြားကြီးနှင့် အငွေ့တထောင်းထောင်း ဟင်းလျာ လာချသည်။ နွားပျို့သားကို ပါးပါးလွှာ လှီးထားပြီး ပဲသီးစေ့နှင့် ချက်ထားသည်မှာ မွှေးကြိုင်အရသာ ရှိလှသည်။ မိုင်ကယ် မြိန်ရှက်စွာ စားသည်။ စားသောက်ပြီးလျှင် မီးလင်းဖိုကို မျက်နှာမူ၍ ထိုင်သည်။ ကလယ်ရစ်ဆာက သူ့ခြေရင်းမှာ ထိုင်သည်။

'ကျွန်တော်လေ တခြား ဘယ်မိန်းမကိုမှ လိုချင်တဲ့စိတ်ဆန္ဒ မရှိခဲ့ဖူးဘူး၊ အဲဒါ ဘယ်လိုကြောင့်လဲ မသိဘူးနော်'

'အချစ်ဆိုတာ ဘာကြောင့် ဘယ်လိုဆိုတဲ့ အကြောင်းအကျိုးနဲ့ ပြောလို့ ရတာမျိုး မဟုတ်ဘူး။ အချစ်ဆိုတာလေ ပျော်ရွှင်သောက်သုံးဖို့'

'ဟုတ်တယ်၊ ပြီးတော့ အံ့သြချီးကျူး ကြည်နူးဖို့ပဲ'

မိုင်ကယ်က အော်ရယ်လိုက်သည်။

'အင်း ဒီတစ်ခါတော့ ပုပ်ရဲ့ ကျေးဇူးပေပဲ၊ ဒီတစ်ခါပဲ သူ ကောင်းကျိုး ပေးဖူးသေးတယ်'

*

ခုနစ်ရက်တဲစ်ပတ် ပြည့်သည့်နေ့ ညနေစောင်းတွင် မိုင်ကယ်သည် အားအား ယားယား စည်းစိမ်ယူရင်း ပုံဆွဲစက္ကူတစ်ချပ် ကောက်၍ မီးသွေးနှင့် ခြစ်သည်။ ပုပ် ဂျူးလီးယပုံကို ထုံးစံအတိုင်း လက်ဝဲဘက်ခြေထောက် ရှေ့လှမ်းကာ လက်ကို ဆန့်တန်းထားသည်။ ကောင်းချီးဆုပေးနေသကဲ့သို့ ပုံမျိုး ဖြစ်သည်။

ချိန်းထားသည့်နေ့တွင် မိုင်ကယ်သည် ပုပ်၏ ရှေ့တော်မှောက်သို့ ရောက်ခဲ့သည်။ မိုင်ကယ် ရေးဆွဲသောပုံကို သဘောကျသည်။ သူ့ဘေးရှိ ဘဏ္ဍာရေးမှူး ကာလီနိဘက်သို့လှည့်၍ မိုင်ကယ် လိုအပ်သည့်ငွေကြေး ထုတ်ပေးဖို့ ပြောလိုက် သည်။ ထိုနေ့က မိုင်ကယ် ရွှေစ ဒက်ကက် တစ်ရာ ရခဲ့သည်။ ဖလော်ရင့်မြို့တော် အစိုးရထံသို့ ကြေးသွန်း အလုပ်သမား လာပို့နှင့် လော့တီတို့ကို လွှတ်လိုက်ရန် စာရေးသည်။ သူ့တပည့်ကျော် အာဂျင်တိုကိုလည်း လိုက်လာဖို့ စာရေးမှာ လိုက်သည်။

မိုင်ကယ်သည် တပ်စကင်နယ်သားများ နေသည့်လမ်းတွင် အိမ်တစ်လုံး ငှားသည်။ အမိုးမြင့်မြင့်နှင့် ကျောက်နံရံကာ၊ ကျောက်တုံးအခင်းနှင့် ဖြစ်၍ နောက် ဘက်တွင် ဥယျာဉ် ရှိသည်။ ချက်ပြုတ်စရာ နေရာ မီးဖိုလည်း ရှိသည်။

အာဂျင်တို ရောက်လာသည်။ နှစ်ရက်မျှကြာလျှင် လာပိုနှင့် လော့တီတို့ ရောက်လာကြသည်။ မိုင်ကယ်၏အိမ်တွင် တပည့် လက်စုံတက်စုံ ဖြစ်သွားသည်။ ဖယောင်း၊ ရွှံ့၊ အဝတ်နှင့် ဗို ဆောက်လုပ်ရန် အုတ်ခဲများကို လာပိုအားဝယ်ခိုင်းသည်။

ပုပ်ထံမှ ထုတ်ယူခဲ့သည့် ရွှေစ ဒင်္ကာက် တစ်ရာမှာ ခဏလေးနှင့်ပင် ကုန်သွားသဖြင့် ဘဏ္ဍာစိုး ကာလီနိုထံ ထပ်၍ တောင်းရသည်။

'အဲဒီ ရွှေစ တစ်ရာကို ဘာလုပ်ပစ်လဲ' ဟု ကာလီနိုက မေးသည်။

'အဲဒါ ခင်ဗျား မေးစရာ မဟုတ်ဘူး'

'ပထမ ပေးလိုက်တဲ့ ဒင်္ကာက် တစ်ရာအတွက် သုံးတဲ့စာရင်းတွေ ယူခဲ့။ ပြီးတော့လည်း နောက် ဘာတွေသုံးမယ်၊ ဘယ်လောက် ကုန်မယ် ဆိုတဲ့ ခန့်မှန်းခြေ စာရင်း ယူခဲ့'

'ခင်ဗျားကြီးဟာ ဥယျာဉ်မှူး မွေးထားတဲ့ ခွေးလိုပဲ။ စိုက်ပျိုးထားတဲ့ အသီးအပွင့်ကို ကိုယ်လည်း မစားရဘဲနဲ့ သူများလည်း မစားရအောင် ဟန့်နေတာပဲ'

ကာလီနို၏ မျက်နှာမှာ ပြုံးရောင်သမ်းနေသည်။ 'ငါ့အလုပ်က သူများတွေ အမုန်းခံရအောင်လုပ်မှ တော်ခါကျမယ်။ လူတွေက ငါ့ အမြင်ကပ်တာနဲ့ ပိုက်ဆံလာမတောင်းချင်ကြတော့ဘူး'

'ကျွန်တော်ကတော့ ပြန်လာပြီး တောင်းကို တောင်းဦးမှာဗျ၊ စိတ်သာချ'

အိမ်ရောက်လျှင် လာပိုက မိုင်ကယ်ကို စိတ်မပျက်ရန် နှစ်သိမ့်သည်။ 'ကိစ္စမရှိပါဘူး ဆရာ၊ ကျွန်တော် သုံးတာတွေ မှတ်မိပါတယ်။ စာရင်း ရေးပေးပါ့မယ်'

မိုင်ကယ်သည် ဆန်ဒိုမင်နီကို ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားပြီး သူ ယခင်တစ်ခေါက်က ထုခဲ့သည့် ကောင်းကင်တမန် နတ်သား ရုပ်တုနှင့် အခြား သူတော်စင်များ၏ ရုပ်တုများကို ကြည့်ရှုသည်။ သူသည် ရုပ်တုတွေကို ကြည့်ရင်း ဆတ်ခနဲ ကိုယ်ကို မတ်လိုက်မိသည်။ 'အလို သူတော်စင် စိန့်ပတ်ထရိုကျူလစ်ရဲ့ အရုပ် ကျိုးပဲ့ထားလိုက်တာ နှစ်နေရာတောင်မှ ပါကလား။ ပြန်ဆက်ထားလိုက်ပုံကလည်း နေရာမကျ ရှိလိုက်လေ' ထိုအခိုက် မိုင်ကယ်သည် သူ့နောက်က လူတစ်ယောက် လာ မတ်တတ်ရပ်နေသည်ကို သိသည်။ လှည့်ကြည့်လိုက်သည်။ သူ၏ ရန်သူတော်မောင် ဗင်စင်ဇို ဖြစ်သည်။

'ဗိုလော့တနား မြို့တော်ကြီးကို ပြန်လာတာ ကြိုဆိုပါတယ်' ဟု သူက ပြောသည်။

'ငါ့အရုပ်ကို ချိုးတာ မင်းပဲ'

'အံမယ်၊ အဲဒီအရုပ် ကျိုးတဲ့နေ့က ငါ ဒီမှာတောင် မရှိပါဘူး။ တော ရောက်နေတယ်။ ဒါမျိုးကတော့ နောက်လည်း ဖြစ်ဦးမှာပဲ။ အခုပဲ လူမိုက်တွေက ပြောနေတယ်။ ပုပ်ရဲ့ စစ်သားတွေ ထွက်သွားတာနဲ့ သူ့ရုပ်တုကြီးကို အရည်ဖျော်ချလိုက်မှာပဲတဲ့။ ငါကတော့ ဘုရားသခင် ကြည်ညိုတဲ့ လူပါ၊ ပုပ် အရုပ်ကြီးပြီးရင် ဝတ်ပြုမလို့'

မိုင်ကယ်သည် အလုပ်ကို အပူတပြင်း လုပ်သည်။ သူသည် ကြေးသွန်းအလုပ်ကို ဘယ်လိုပင် မနှစ်သက်စေကာမူ အလုပ်နှင့် ပတ်သက်လာလျှင် ဖြောင့်မတ်သောစိတ် ရှိနေသဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစား ပမ်းစား လုပ်သည်။

အယ်ဒိုဗရန်ဒီသည် ပုပ်နှင့် ကိုယ်နေကိုယ်ဟန် တူသူများကို အထူးကြေးပေးမည်ဟု သတင်းလွှင့်ကာ မိုင်ကယ်အတွက် စံပြများ ရှာပေးသည်။ မိုင်ကယ်သည် နေထွက်မှ နေဝင်အထိ အရုပ်များ ရေးဆွဲနေသည်။ အာဂျင်တိုက ချက်ပြုတ်လှည်းကျင်းသည်။ လာပိုက ပစ္စည်းဝယ်ခြမ်းပေးသည်။

မိုင်ကယ်အဖို့ ပျော်စရာမှာကား ကလယ်ရစ်ဆာပင် ဖြစ်သည်။ တစ်ပတ်လျှင် နှစ်ညလောက် သူ့ဆီ သွားသည်။ သူ ဘယ်အချိန်ပင် ရောက်သွားသွား၊ စားစရာ မီးဖိုပေါ်တွင် နွေးပြီး ကျွေးရန် အဆင်သင့်ရှိမြဲ ဖြစ်သည်။

ထိုအတောအတွင်း ဖလော်ရင့်မြို့တော်ရှိ အဖေနှင့် ညီအစ်ကိုများထံမှ စာတွေ မပြတ်လာသည်။ ပိုက်ဆံတောင်းသည့် စာတွေ ဖြစ်သည်။ သူတို့ ဈေးဆိုင်တည်ဖို့၊ လယ်ယာမြေ ဝယ်လုပ်ဖို့တွေအတွက် တစာစာ တောင်းနေကြသည်။ မိုင်ကယ်သည် ဖလော်ရင့်မြို့သို့ သူ ပြန်ရောက်မှ လုပ်ပေးမည်ဟု စာပြန်ရေးလိုက်သည်။

မိုင်ကယ်သည် ပုပ် ဂျူးလီးယနောက်က တကောက်ကောက်လိုက်ကာ ပုံတူတွေ လိုက်ရေးဆွဲသည်။ ဘုရားသခင် ဝတ်ပြုနေစဉ်ပုံ၊ စိတ်ဆိုး၍ အော်ငေါက်နေပုံ၊ ရယ်မောကြည်လင်နေပုံ အနေအထား အမျိုးမျိုးပုံတွေ ရေးဆွဲသည်။ ပုပ်၏ ကိုယ်ခန္ဓာပုံပန်း၊ အသွေးအသား၊ အကြောအရိုးများအထိ မိုင်ကယ် သိနားလည်လာအောင် လေ့လာမှတ်သားသည်။ ထို့နောက် ၁၃ ပေ မြင့်သော သစ်သားအောက်ခံပေါ်သို့ ရွှံ့သားများ ထပ်ကာထပ်ကာ ဖို့သွင်းသည်။ အလုပ်ကို နေ့ညမအား ဆက်လုပ်ရသည်။ ထိုသို့ ဖန်တီးထားသည့် ရွှံ့ရုပ်တုပုံစံကို အခြေပြု၍ ကြေးသွန်းလုပ်ရမည်။ ဇန်နဝါရီ လကုန်ခါနီး ရက်ပိုင်းတွင် ထိုရွှံ့ပုံ အဆင်သင့်ဖြစ်သောအခါ ပုပ် လာ၍ကြည့်သည်။

ပုပ်နှင့်အတူ ကာလီနို ပါလာသည်။ ပုပ်သည် အရုပ်ကိုကြည့်ပြီး သဘော

ကျသွားသည်။ ထိုအခါ မိုင်ကယ်က ပုံသွင်းဖို့ ဖယောင်း ပေါင် ၈၀၀ လောက် ဝယ်ရလိမ့်မည်ဟု ကာလီနိုဘက်သို့ လှမ်းကြည့်ကာ ပြောလိုက်သည်။

ပုပ်သည် ကုန်ကျမည့်ပိုက်ဆံကို ထုတ်ပေးဖို့ အမိန့်ပေးလိုက်သည်။ ပုပ်ပြန်သွားသည်နှင့် လာပိုကို ဖယောင်းဝယ်ခိုင်းသည်။ သူ ပြောဆိုပုံကို မသကာ်သည်နှင့် အာဂျင်တိုကို လွတ်ဈေးမေးခိုင်းရာ လာပိုသည် ဈေးပိုပြောပြီး ကြားဖြတ်စားနေသည်ကို သိရသည်။ မိုင်ကယ်ပေးသည့် အခကြေးနှင့် မလုံလောက်ဟု ဆိုသည်။ မိုင်ကယ်၏တပည့် အာဂျင်တိုကဲ့သို့ မိုင်ကယ် စားသလို နေသလို မနေနိုင်ကြသဖြင့် လာပိုနှင့် လော်တီတို့ အထုပ်အပိုး ပြင်ပြီး ဖလော်ရင့်သို့ ပြန်ကြသည်။ မိုင်ကယ်မှာ သူ့တပည့်ကျော် အာဂျင်တိုနှင့်ပင် ကျန်ရစ်ခဲ့သည်။

မိုင်ကယ်ကို လာပိုနှင့် လော်တီတို့ကသာ စွန့်ခွာသွားသည် မဟုတ်ချေ။ သူ့အချစ် ကလယ်ရစ်ဆာကလည်း စွန့်သွားပြန်သည်။ ဖြစ်ရပုံမှာ ဤသို့တည်း။

ပုပ်က ဝါတွင်းအချိန်တွင် ရောမမြို့သို့ ပြန်နေမည်ဟု ဆိုသည်။ သို့ဖြစ်၍ မိုင်ကယ်မှာ ဖယောင်းပုံကို ပြီးစီးအောင် အပူတပြင်း လုပ်ရသည်။ ကူညီမည့်သူ မရှိသဖြင့် အိပ်ချိန်စားချိန်ပင် မရှိတော့ဘဲ အလုပ်ကိုသာ မဲ၍လုပ်ရသည်။ တစ်ခါတစ်ရံမှ မနည်းကြီး အလုပ်ခွင်က ခွာ၍ ကလယ်ရစ်ဆာထံ သွားရသောအခါ၌လည်း ခါတိုင်းလို အေးအေးဆေးဆေး စကားစမြည် ပြောဖို့မှ အချိန်မရချေ။ ဖြစ်ရပုံမှာ သူသည် ကလယ်ရစ်ဆာ၏ အချစ်ကို တောင့်တဆာလောင်၍ မနေနိုင်သည့်အခါ ပြေးလာပြီး ကြာကြာမနေနိုင်ဘဲ အလုပ်ခွင်သို့ ပြန်ပြေးခဲ့ရပြန်သည်။ ကလယ်ရစ်ဆာမှာ ဝမ်းနည်းမိသည်။ မိုင်ကယ် လာသည့်အခါများတွင် တစ်ကြိမ်နှင့်တစ်ကြိမ် တဖြည်းဖြည်း စိတ်မပါ လျော့ပါးလာသည်။ မိုင်ကယ်ကလည်း သိသည်။

တစ်ခါတွင် မိုင်ကယ်က 'ကလယ်ရစ်ဆာ၊ ခုလိုဖြစ်ရတာ ဝမ်းနည်းပါတယ်' ဟု တောင်းပန်သည်။ ကလယ်ရစ်ဆာက မျက်လွှာချလျက် ပြောသည်။

'မီလန်မြို့တော်က မိတ်ဆွေတစ်ဦးဆီက ကျွန်မကို လူလွှတ်ခေါ်ခိုင်းလိုက်တယ်။ မြင်းရထားလည်း အသင့်ပါလာတယ်။ ဒီတော့ ....'

*

ပုပ်သည် ရောမမြို့သို့ မပြန်မီ ဖယောင်းရုပ်ကို ကြည့်ရှုသည်။ သဘောကျ၍ လိုသမျှ ငွေကြေးများ ထုတ်ပေးရန် ဘဏ်တစ်ခုနှင့် လွှဲမှာကြားခဲ့သည်။

မိုင်ကယ်မှာ ကြေးသွန်းပေးမည့်သူ မရှိလျှင်မဖြစ် လိုအပ်နေပြန်သည်နှင့် ဖလော်ရင့် မြို့တော်သို့ စာရေးမှာသည်။ တပ်စကင်နီနယ်တွင် အတော်ဆုံး

ဖြစ်သော ဘာနာဒီနိုကို ပို့ပေးဖို့မှာသည်။ သို့သော် သူ တော်တော်နှင့် ရောက်မလာ၊ မေလကျမှ ရောက်လာသည်။ သည်တော့မှ အုတ်ဖိုကြီးတစ်ခု တည်ဆောက်သည်။ ထိုနောက် မီးထည့်၍ သတ္တုများ လောင်းကျွမ်းပုံကို လေ့လာစမ်းသပ်ရသည်မှာ နေ့ရက်ဆက် လုပ်ရသဖြင့် အချိန်အတော်ကုန်သည်။ မိုင်ကယ်မှာ စိတ်မရှည်နိုင်ချေ။ ပြီးချင်လှပြီ။ ပြီးလျှင် သူ့အိမ်သူ ပြန်မည်။ သို့သော် ဘာနာဒီနိုက 'အလျင်လိုလို့ မဖြစ်ဘူး၊ တစ်ချက်ကလေး မှားသွားရင် တို့ လုပ်ထားသမျှ အလကားဖြစ်ကုန်လိမ့်မယ်' ဟု ပြောသည်။

အယ်ဒိုဗရန်ဒီကလည်း မကြာမကြာ လာ၍ကြည့်သည်။ ဖိုကြီးတွင် မီးရဲရဲနှင့် ဝင်းတစ်ဝင်းလုံး ငရဲခန်းနှင့် တူနေသည်။ သူလည်း ချွေးတွေ ဒီးဒီးကျနေသည်။ 'ဟော့ မိုင်ကယ်၊ ငါတော့ မင်းအရုပ်ကြီး အကြောင်းပြုပြီး သူဌေးဖြစ်ဦးမှာကွ သိရဲ့လား။ တစ်မြို့လုံး လောင်းနေကြတယ်။ မင်း အရုပ်ကြီး လုပ်လို့ ဖြစ်မှာ မဟုတ်ဘူးတဲ့။ ငါက ဖြစ်မယ့်ဘက်ကနေပြီး အားလုံးနဲ့ လောင်းထားတယ်'

မိုင်ကယ်ကလည်း 'စိတ်ချ၊ ဒီအရုပ်ကြီး ဖြစ်ကိုဖြစ်ရမယ်' ဟု ပြောသည်။ ဇွန်လထဲတွင် အရုပ်ကြီးကို သွန်းကြသည်။ ဘယ်နေရာက ဘယ်လို မှားသွားသည် မသိ၊ အရုပ်ကြီး ခါးအထိသာ ကောင်းသည်။ ကျန်အပိုင်းမှာ ဖိုထဲတွင် ကြေးတွေ မကျွမ်းဘဲ ဖြစ်နေသည်။ အပြင် ပြန်ထုတ်ရမှာကလည်း ဖိုကြီးတစ်ခုလုံး ဖျက်ပစ်ရမည်။ ဘာနာဒီနိုကလည်း စိတ်ပျက်သည်။ မိုင်ကယ်က သူ့ကို 'အဆင်မသင့်တဲ့အခါ ဒီလိုပေါ့' ဟု အားပေးရသည်။ လျှပ်တစ်ပြက် အတွင်းမှာပင် တစ်မြို့လုံး သတင်း ပျံ့နှံ့သွားသည်။ ပုပ်၏ ကြေးရုပ်ကြီးကို မိုင်ကယ် သွန်းလို့ မဖြစ်ဘူးတဲ့။ လူတွေ တစုတဝေးကြီး လာကြည့်ကြသည်။ အယ်ဒိုဗရန်ဒီ ရောက်လာ၍ လူတွေကို မောင်းထုတ်သည်။ ဘာနာဒီနိုမှာ မျက်နှာကြီးပုပ်ပြီး ရှက်စိတ်နာနေသည်။

'မြို့တော်ကြီးက တယ်ပြီး ရိုင်းစိုင်းပါလား၊ ရက်စက်လှပါကလား။ တို့တစ်တွေ လုပ်တာ မအောင်မြင်တာနဲ့ သူတို့က အောင်ပွဲကြီး ခံကြရောတဲ့လား' ဟု မြည်တွန်နေသည်။

သို့သော် ယောကျ်ားပီပီ အလျှော့မပေး၊ နေ့ရော ညပါ မီးဖိုကြီး ပြင်ဆောက်၊ သတ္တုတွေကို အမျိုးမျိုးစမ်းပြီး သွန်းကြည့်သည်။ တဖြည်းဖြည်းနှင့် အရည် ကျိုထားသော သတ္တုများသည် သွန်းရမည့် ပုံထဲသို့ စီးကျတော့သည်။ ဘာနာဒီနိုသည် ထိုအခါမှ သက်ပြင်းချပြီး မိုင်ကယ်ကို ပြောသည်။

'ကဲ မိုင်ကယ်၊ ငါတော့ ဒါပဲ တတ်နိုင်တယ်။ နက်ဖြန် အရုဏ်တက် ဖလော်ရင့် ပြန်တော့မယ်'

မိုင်ကယ်သည် ကြေးသွန်းပြီး ပေါ်လာသည့်ရုပ်တု ဘယ်လိုဘယ်ပုံ နေ

သည်ကို သူ့ချည်း တစ်ယောက်တည်း စောင့်ကြည့်ရန် ကျန်ရစ်သည်။ သုံးပတ်ကြာမှ ဖိုအေးသွားအောင် စောင့်ရသည်။ ထိုအခါကျမှ ဖိုကို ဖျက်ချလိုက်သည်။ အရုပ်ကြီးမှာ အပြစ် အနာအဆာ မရှိ၊ အပေါ်ပိုင်း အောက်ပိုင်း ကောင်းစွာ ဆက်လျက်သား တွေ့ရသည်။

"ကဲ အရုပ်ကြီး အချောကိုင် ပွတ်တိုက်ပြီးရင် ငါလည်း ပြန်ရုံပဲ" ဟု မိုင်ကယ် တွေးမိသည်။

အရုပ်ကြီးကို အချောကိုင် ပွတ်တိုက်ရသည်မှာလည်း ထင်သလောက် မလွယ်လှချေ။ မိုင်ကယ်နှင့် တပည့်ကျော် အာဂျင်တိုတို့မှာ ဘဝသံသရာဆုံးအောင် လုပ်ရတော့မလား ထင်မိသည်။ နောက်ဆုံးတွင် အရုပ်ကြီးသည် ကြေးညိုရောင် အသားပေါ်ပြီး ပြောင်လက်လာသည်။

အလုပ်သမားများ လာရောက်၍ အရုပ်ကြီးကို သယ်ပြီး ဆန်ပီထရိုနီယို ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ပို့ကြသည်။ တစ်မြို့လုံးရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံများ ညံနေသည်။ အရုပ်၏ အပေါ်က ဖုံးထားသော အဝတ်ကို လှစ်လိုက်သောအခါ လူအပေါင်းတို့ ဒူးထောက်ဝတ်ပြုကြသည်။ ထိုညတွင် မီးရှူးမီးပန်းများ လွှတ်ကြသည်။ မိုင်ကယ်သည် အလုပ်ကြမ်းသမား ဝတ်စုံကိုပင် မလဲရသေး။ လူစုလူဝေး အစွန်နားကနေ ကြည့်သည်။ သူ့ကို ဘယ်သူမှ မမြင်ကြ၊ ဂရုမစိုက်ကြချေ။ မိုင်ကယ်မှာ တစ်ကိုယ်လုံး စိတ်ရောကိုယ်ပါ ချုံးကျနေသည်။ အိမ်ထဲတွင်က ဖလော်ရင်ပြား လေးပြားခွဲသာ ရှိသည်။ အရက်တကဲလျှင် သူ့မိတ်ဆွေ အယ်ဒိုဗရန်ဒီကို နှုတ်ဆက်ပြီး မြင်းတစ်စီးငှားကာ သူ့မြို့သို့ လှည့်ဖြန်ခဲ့လေသည်။

*

မိုင်ကယ် ဖလော်ရင့်မြို့သို့ ပြန်ရောက်၍ မကြာမီပင် သတင်းကြားရသည်။ မြို့တော်ဘုရင်ခံ ဆိုဒါရီနီသည် သူ လက်ကျ သင်ကြားပေးထားသော သံအမတ်ကြီးနစ်ကိုလိုမိုင်ခီယာဗယ်လီကို စေလွှတ်၍ အိမ်နားနီးချင်း နိုင်ငံများနှင့် စာချုပ်များ ချုပ်ဆိုသည်။ ထိုစာချုပ်များအရ ဖလော်ရင့်မြို့တော် အစိုးရကို မည်သူမှ မထိပါးဘဲ အေးချမ်းစွာ နေနိုင်ဖို့ ရှိသည်။

ဆိုဒါရီနီက ပြောသည်။

'မိုင်ကယ် မင်းထုတဲ့ ကြေးရုပ်ကြီးကို ပုပ်ဂျူးလီးယက သိပ်သဘောကျဆိုပဲ။ ကဲ အခု မင်း အရင်နေတဲ့ အိမ်မှာပဲ ပြန်နေပြီး အရင်လက်စကျန်တဲ့ အရုပ်တွေပဲ ဆက်ထုပေတော့'

မိုင်ကယ်အဖို့မှာ ကျောက်ဖြူတုံးတွေ အရုပ် ထုနေရလျှင် အခြား ဘာမှ

မလိုတော့ချေ။ ဆိုဒါရီနီက မိုင်ကယ်၏ မိသားစုကိစ္စ တစ်ခုတွင် မနေနိုင်၍ ဝင်လုပ်ပေးရသေးသည်။ မိုင်ကယ် ရသရွေ့ ရွှေစ ငွေစများကို သူ့အဖေ လိုဒိုဗီကို ကချည်း သိမ်းယူသည်။ ဖလော်ရင့်မြို့တော် ဥပဒေအရလည်း အိမ်ထောင် မကျသေးသား ရသမျှ ဝင်ငွေကို အဖေက ဆိုင်သည်။ သို့ဖြစ်၍ တရားသူကြီး၏ ရှေ့တွင် မိုင်ကယ်၏အဖေကို ဆိုဒါရီနီက စာချုပ် လက်မှတ်ထိုးခိုင်းသည်။ ထို စာချုပ်အရ မိုင်ကယ်၏ ဝင်ငွေများကို ရပိုင်ခွင့်မရှိ စွန့်လွှတ်လိုက်ရသည်။

'မိုင်ကယ်၊ ဒီကရှေ့ မင်းက အဖေကို မင်း ပေးတာဟာ မင်း စေတနာနဲ့ ပေးတာသာ ဖြစ်ရမယ်။ သူက ရပိုင်ခွင့်ရှိလို့ ပေးတာ မဟုတ်တော့ဘူး' ဟု ဆိုဒါရီနီက ပြောသည်။

မိုင်ကယ်အဖို့မှာကား အကြောင်းမထူးလှချေ။ သူ့အဖေနှင့် ညီအစ်ကို တွေကို ရသမျှ ပေးနေရသည်ချည်းပင် ဖြစ်သည်။ သို့သော် အခွင့်အရေးကြီး တစ်ခုအဖြစ်နှင့် သူ့အပေါ် စီးပိုးမခံရသည်သာပင် ထူးခြားသည်။

မိုင်ကယ်သည် ကူလ်ဒရွန်း အနုပညာသည်များ အဖွဲ့သားများနှင့် ပြန်တွေ့ဆုံသည်။ ကွန်တက်စီနာ၏ သတင်းကိုလည်း ကြားသည်။ ရောမ မြို့တော်တွင် ကာဒီနယ် ဃိုင်အိုဗန်နီမီဒီချီ (ကွန်တက်စီနာ၏ မောင်) သည် အရေးပါ အရာ ဝင်နေသည်။ သို့ဖြစ်၍ ဖလော်ရင့်အစိုးရက ကွန်တက်စီနာ၏ ခင်ပွန်း ရီဒိုလ်ဖီ မိသားစုကို မြို့တော်တွင်းရှိ သူတို့ပိုင်အိမ်တော်၌ ပြန်နေထိုင်ခွင့်ပြုသည်။ ဃိုင်အို ဗန်နီက သူတို့ကို ငွေကြေး ထောက်ပံ့သည်။

ကွန်တက်စီနာလည်း ဖလော်ရင့်မြို့တော်သို့ ပြန်ရောက်နေသည်။ တစ်နေ့သော် မိုင်ကယ်နှင့် တွေ့သည်။ မိုင်ကယ်က ဒေးဗစ် အရုပ်ကြီးကို မော့ကြည့်နေသည်။

'ဒီအရုပ်ကြီး ကြည့်ပြီး ပီတိဖြစ်တုန်းပဲလား'

မိုင်ကယ်သည် ကွန်တက်စီနာ၏အသံကို ကြားလိုက်မှ လှည့်ကြည့်သည်။

'ဟင် ကွန်တက်စီနာပါလား၊ ကြည့်ရတာ ရွှင်လန်းလို့ပါလား၊ တွေ့ရတာ ဝမ်းသာလိုက်တာ'

'ဗိုလော့တနား မြို့တော်ဟာ ပျော်စရာကောင်းရဲ့လား'

'စာဆိုတော် ဒန်တေရဲ့ ကဗျာထဲက ငရဲခန်းလိုပါပဲ'

'တစ်ချိန်လုံး ဒီလိုချည်းပဲလား' ဟု ကွန်တက်စီနာက ရီးရီး မေးလိုက်သော်လည်း မိုင်ကယ်မှာ ရှက်သွေးဖြာသွားသည်။ ကွန်တက်စီနာက ဒက်ခနဲ မေးလိုက်သည်။

'အဲဒီ အမျိုးသမီး နာမည်က ဘယ်သူတဲ့လဲ'

'ကလယ်ရစ်ဆာတဲ့၊ အခု သူက ကျွန်တော့်ကို စွန့်သွားပါပြီ'

'ဒါဖြင့် မိုင်ကယ် အချစ်တွေ့ခဲ့ပြီပေါ့၊ အပြည့်အဝပဲလား'

'ဟုတ်ကဲ့၊ အပြည့်အဝပါပဲ'

'ဒီလိုဆိုတော့ အားကျလိုက်ပါဘိတယ်'

ပြောပြောဆိုဆိုနှင့်ပင် ကွန်တက်စီနာ လှည့်ထွက်သွားသည်။

မိုင်ကယ်သည် ယခင်က လက်စ ကျောက်ရုပ်များကို ထုနေစဉ် ပုပ်ဂျူးလီးယထံမှ ရောမမြို့သို့ လာခဲ့ရမည်ဟူသော ဆင့်စာ ရောက်လာပြန်သည်။

*

မိုင်ကယ် ပုပ်၏ရှေ့မှောက်သို့ ရောက်ခဲ့ရပြန်သည်။ ပုပ်ဂျူးလီးယက အားရပါးရ ပြောသည်။

'ကဲ ဘယ့်နှယ်လဲ မိုင်ကယ်အိန်ဂျယ်လို ဗြူရိုနာရိုတီ၊ မင်းက မင်းကိုယ်မင်း အယုံအကြည် မရှိဘဲကိုး။ ကြေးသွန်းရုပ် လုပ်ခိုင်းတော့ မင်းက ဘာပြောလဲ၊ "ဒါတော့ တပည့်တော် မလုပ်တတ်ပါဘူး" တဲ့။ ကဲ အခု လုပ်တတ်လိုက်တာမှ'

ပုပ်က "ဒါတော့ တပည့်တော် မလုပ်တတ်ဘူး" ဟု မိုင်ကယ်က အသံပြာကြီးနှင့် ပြောသံကို တူအောင် လုပ်ပြောသဖြင့် အပါးရှိ မင်းစိုး ပရိသတ်များ ပွဲကျရယ်မောကြသည်။

ထို့နောက် ပုပ်က ဆက်ပြောသည်။

'ကဲ အခု မင်းကို ဆက်ပြီး ချီးမြှောက်ရမယ်။ စစ်စတိုင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း မျက်နှာကြက်ပေါ်မှာ ပန်းချီဆွဲရမယ်'

ထိုအခါ မိုင်ကယ်က စိတ်နှင့် မာန်နှင့် ပြန်ပြောသည်။

'တပည့်တော် ပန်းပုသမားပါ၊ ပန်းချီဆရာ မဟုတ်ပါဘူး'

ထိုအခါ ပုပ်က သံပြတ်နှင့် ပြောသည်။

'ပီးရူးဂျီးယား မြို့တော်နဲ့ ဗိုလော့တနား မြို့တော်တွေ ငါ တိုက်ခိုက်သိမ်းယူခဲ့ရတာ မင်းကို ပြောရတာလောက် မခက်ဘူး'

မိုင်ကယ်က မလျှော့သေးဘဲ သူ လုပ်လက်စဖြစ်သော ပုပ်၏ သင်္ချိုင်းဂူအတွက် ကျောက်ပန်းပုရုပ်ကြီးများကို ဆက်ထုပါရစေဟု အတင်းပြောသည်။ ပုပ်သည် သက်ပြင်းတစ်ချက် ရှူလိုက်ပြီး ဆိုလိုက်သည်။

'ဖလော်ရင့် မြို့တော်မှာရှိတဲ့ ငါ့အထောက်တော်တွေဆီက သတင်းရတယ်။ မင်းဆွဲတဲ့ "ရေချိုးသူများ" ဆိုတဲ့ ကားချပ်ဟာဖြင့် ကမ္ဘာ့ပန်းချီ ပုံစံသစ်တစ်ခုပဲတဲ့'

မိုင်ကယ်သည် စိတ်ထဲက သူ့ကိုယ်သူ ပြန်ဆဲပစ်လိုက်သည်။ ဗင်ချီကို

ဂုဏ်ပြိုင်ချင်၍ ထိုကားချပ်ကို ဆွဲပြခဲ့သည်။ ယခု သည်ကိစ္စနှင့် သူ့ကို အမှုပတ်နေပြန်ချေပြီ။ သို့သော် မလျှော့သေးဘဲ–

'ပုပ်ရဟန်းမင်း အရှင်ဘုရား၊ အဲဒီဥစ္စာက တပည့်တော် အပျင်းပြေ ဆွဲတာပါ' ဟု ပြန်ပြောသည်။

'ကဲ ဒါဖြင့် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း အတွက်လည်း အပျင်းပြေ ဆွဲဦးပေါ့ကွာ'

ပုပ်သည် ပြုံးတော့မယောင်ယောင်နှင့် မိုင်ကယ်ကို ကြည့်လိုက်သည်။ ဆိုနိုင်ခက်ခဲသော သားကို ချစ်မြတ်နိုးလျက်နှင့် ပြောမရ၍ စိတ်မောသော အသွင်ကို ဆောင်သည်။

'အဲဒီ စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို မျက်နှာကြက်ပေါ်မှာ ပန်းချီဆွဲဖို့ ဒက်ကက် ရွှေစ သုံးထောင် ပေးမယ်။ မင်းကို ကူညီဖို့ ငါးယောက် ပေးမယ်။ သူတို့ အခကြေးလည်း တို့ကပဲ ပေးမယ်။ အဲဒီ ပန်းချီအလုပ်ပြီးရင် မင်း ကျောက်တုံးကို မင်း ပြန်လုပ်။ ဒါပဲ ချစ်သား၊ မင်း သွားတော့'

မိုင်ကယ် ဘာတတ်နိုင်ဦးမည်နည်း။ သူ့မှာ ပြေးစရာလည်း မြေ မရှိ။ ပုပ်၏ အာဏာစက်က ဘယ်နည်းနှင့်မှ မလွတ်နိုင်ချေ။ သည်တော့ သူ ခိုင်းတာကို လုပ်ရဦးတော့မည်။

မိုင်ကယ်သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားကြည့်သည်။ ပြတင်းပေါက် အရှည်ကြီး သုံးပေါက်မှ နေရောင်ခြည်များသည် ဗိုတယ်ချီလီနှင့် ကိုစီမိုတို့ ရေးဆွဲထားခဲ့သော နံရံပန်းချီများကို မီးမောင်းသဖွယ် ထိုးပြနေသည်။ ဘေးက နံရံများသည် ပေ ၁၃၃ ပေ ရှည်လျားသည်။ အပေါ်က လိုဏ်ပေါင်းကူးအမိုးမှာ ပေ ၆၀ မြင့်သည်။ မိုင်ကယ်သည် ခေါင်းမော့ကြည့်သည်။ သူ့စိတ်ထဲက အပြာနုနောက်ခံ အရောင်ခြယ်ပြီး ရွှေကြယ်တွေ ပေါက်နေစေမည်။ နေရာကျယ် တစ်ပြင်တစ်ခွင်ကြီးကို အလှသက်သက် အဆင်အပြင်တွေ ရေးခြယ်ပေးမည်။ ဘာကြောင့် သည်နေရာကို အပြည့် ပန်းချီဆွဲခိုင်းသည်ကို မိုင်ကယ် သဘောပေါက်သည်။ မျက်နှာကြက်ပေါ်တွင် ပန်းချီကား အကောင်းကြီးတွေ ရေးဆွဲရန် မဟုတ်ချေ။ ဘေးနံရံမှနေ၍ ပေါင်းကူးအမိုး တပ်ပုံမှာ အလွန်အရုပ်ဆိုးနေသည်။ ထို အရုပ်ဆိုးမှုကို ဖုံးကွယ်ရန် ဖြစ်သည်။ တခြားသူတွေ လုပ်သွားသည့် လက်ရာ ကမောက်ကမတွေကို လိုက်ဖုံးပေးဖို့ရာ မိုင်ကယ်ကို ခိုင်းလိုက်ခြင်း ဖြစ်သည်။

မိုင်ကယ်သည် ဖလော်ရင့်ရှိ သူ့တပည့်ကျော် အာဂျင်တိုနှင့် သူငယ်ချင်း ဃရာဏာချီတို့ထံ စာရေးမှာသည်။ သူ့ကို ကူညီဖို့ လူပို့ရန် ပြောလိုက်သည်။

ပုပ်၏ အမိန့်အရ သူ ယခင်က နေခဲ့သော အိမ်မှာပင် ပြန်နေခွင့် ရသည်။ အလုပ်စာချုပ် လက်မှတ်ထိုးပြီးသည်နှင့် ဒက်ကက်ရွှေစ ၅၀၀ ရသည်။ ကြွေးများ ပေးဆပ်လိုက်ရသည်။

မိုင်ကယ် နောက်တစ်ခေါက် သွားကြည့်သောအခါ ဗိသုကာ ဗရာမန်တေ ရောက်နှင့်၍ ငြမ်းများ ဆောက်လုပ်နေသည်ကို တွေ့ရသည်။ ပေါင်းကူးလိုဏ် နံရံများကို ဖောက်၍ သစ်သားတိုင်များ သွင်းဆောက်နေသည်။

'ဒီအပေါက်ကြီးတွေ ဘယ့်နှယ်လုပ်မှာလဲ' ဟု မိုင်ကယ်က မေးသည်။

'ပြန်ဖို့ ပိတ်ပစ်ပေါ့'

'ငြမ်းတွေ ဖြုတ်ပြီးတော့မှ ဘယ်လိုလုပ် ဖို့မှာလဲ။ သိန်းငှက်ကျောပေါ် စီးပြီး လုပ်ကြမှာလား'

'အေး၊ အဲဒါ ငါ မတွေးမိဘူး'

မိုင်ကယ်သည် ပုပ်ထံသို့သွားပြီး သူ့ဘာသာ ငြမ်းဆောက်ပါရစေဟု ခွင့်တောင်းရာ ရခဲ့သည်။ သူ့ဘာသာ စိတ်တိုင်းကျ ဆောက်လုပ်ရာ နံရံနှင့် မျက်နှာကြက်များကိုလည်း မနာစေရဘဲ တီထွင်ထားသည်။ မိုင်ကယ်သည် ဗရာမန်တေကို သည်အချက်မှာ အနိုင်ရလိုက်သဖြင့် ပျော်သွားသည်။ သူ မနှစ်သက်သည့် အလုပ်ကို လုပ်ဖို့ရာအတွက်ပင် အားတက်သွားသည်။

မိုင်ကယ်၏တပည့် အာဂျင်တိုမှာ လယ်မြေအလုပ်များနေ၍ ကောက်များ ရိတ်သိမ်းပြီးမှ လာနိုင်မည်။ ဃရာဏာချီမှာလည်း သူ့ဆရာကြီး ဃာလန်ဒါအီယို၏ တပည့်ဟောင်းများ စည်းရုံးအလုပ်လုပ်နေသည်။ သို့နှင့် နွေပေါက်လာသည်။ ရွှံ့နွံ လွင်ပြင်များပေါ်တွင် အငွေ့တွေ တလူလူ ဖြစ်နေသည်။ မိုင်ကယ်သည် ငြမ်းပေါ်တက်ကာ သူ ရေးဆွဲရမည့် နေရာကွက်လပ်များတွင် ဖြစ်ရမည့်ပုံများ အကြမ်းရေးဆွဲသည်။ စက္ကူပုံတွေ ညှပ်သည်။ နေ့လယ်အချိန်တွင် သူ့နေရာမှာ မီးဖိုကြီးထဲ ဝင်နေရသည်နှင့် တူသည်။ အသက်ပင် မနည်းရှူနေရသည်။ ပူလွန်း၍ နေ့လယ်တွင် အိပ်သည်။ ညဘက်မှ ခြံထဲဆင်းပြီး ပုံဆွဲသည်။ သူ ဖြည့်ရမည့် နေရာမှာ စတုရန်းပေ ၆၀၀၀ မျှ ရှိသည်။ ထိုနေရာကို ကောင်းကင်ကြယ်နက္ခတ်တွေ ပုံများ ရေးဆွဲရမည်။

စက်တင်ဘာလတွင် ဃရာဏာချီသည် တပည့်လက်သား လက်စုံ တက်စုံနှင့် ရောက်လာသည်။ တပည့် ခြောက်ယောက် ပါလာသည်။ မိုင်ကယ်၏ ငယ်တပည့်ဟောင်းတွေ ဖြစ်ရာ ယခုအခါ လူကြီးပုံ ဖမ်းနေကြသည်။

သူတို့ အလုပ်စကြသည်။ မိုင်ကယ်သည် သူ့တပည့်များအား အလုပ်ခွဲပေးသည်။ မျက်နှာကြက် လိုဏ်ဂူကြီးကို ကိုယ့်အခန်းနှင့်ကိုယ် ပန်းပွင့်ပုံ၊ စက်ဝိုင်းပုံ၊ လေးထောင့်ပုံများ သစ်ပင် ပန်းပင်ပုံတွေ ရေးဆွဲဖို့ ပေးသည်။

တပည့်တွေ လက်ညီညီနှင့် လုပ်ကြသည်။ အာဂျင်တိုကမူ အားလုံး စားရေး သောက်ရေးနှင့် အိမ်မှုကိစ္စ အားလုံးအတွက် တာဝန်ယူပြီး ပျော်ပျော်ကြီး လုပ်ကိုင်နေသည်။ မျက်နှာကြက် လိုဏ်ကြီး၏ ခုနစ်ပုံတစ်ပုံ ပြီးစီးလျှင် မိုင်ကယ် သည် သူ့တစ်ယောက်တည်းလာ၍ ဘယ်လိုနေသည်ကို ကြည့်သည်။ ပုပ်ရဟန်း မင်းကြီး လိုချင်သည့်အတိုင်းတော့ ဖြစ်နိုင်ပေသည်။ အတွင်းနံရံနှင့် လိုဏ်ပေါင်း ကူးကြီး အရုပ်ဆိုးနေသည်ကို ကောင်းကင် ကြယ် နက္ခတ်တာရာနှင့် တောတောင် ရေမြေ ပုံတွေအတိုင်း မျိုးစုံခြယ်လိုက်ခြင်းဖြင့် ဖုံးကွယ်သွားနိုင်တော့မည်။

ကိုင်း ဟုတ်ပါပြီ။ ဒီပန်းချီကားရဲ့ အရည်အသွေးကကော ဘယ်လို နေ မလဲ။ မိုင်ကယ်သည် သူ့လက်ထဲက ထွက်သွားသည့် အလုပ်မှန်သမျှကို အရည် အသွေး အပြည့်အဝ မရှိလျှင် ဘယ်သောအခါမှ လက်မလွှတ်ခဲ့ချေ။ ဤသည်ပင် သူ၏ ကျောက်တိုင် ကျောက်ခဲပမာ ခိုင်မာသော အနုပညာ ခံယူချက်ပင် ဖြစ်သည်။ ယခု သူလုပ်မည့် နံရံပန်းချီက ဘယ်လိုလာမည်နည်း။ အကောင်းကြီးလည်း မဟုတ်၊ မဆိုးတော့ မဆိုးပေဘူးပေါ့။ ယနေ့မှနေ၍ ဆယ်ရက်ကြာလျှင် မိုင်ကယ် ၏ တပည့်များ နောက်နေရာအကွက်များအတွက် ပုံကြမ်းတွေကို ခြယ်ပြီး နံရံပေါ် ဆေးတင်ကြတော့မည်။ မိုင်ကယ် ထိုနေရာမှာပင် မြန်မြန်ဆုံးဖြတ်ရတော့မည်။

ခရစ်စမတ်ပွဲနေ့တွင် ကာဒီနယ် ဃိုင်အိုဗန်နီက မိုင်ကယ်ကို ညစာ ဖိတ် ကျွေးသည်။ မိုင်ကယ် ဧည့်ခန်းထဲ ဝင်သွားရာ ကွန်တက်စီနာ မီးလင်းဖို ရှေ့မှာ မီးလှုံနေသည်ကို တွေ့ရသည်။ မိုင်ကယ် ဝင်လာလျှင် မော့ကြည့်လိုက်သည်။

'မိုင်ကယ်အိန်ဂျယ်လို နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ကွန်တက်စီနာကိုတော့ မေးဖို့ မလိုဘူး၊ သိပ် ကြည့်လို့ လှနေတာပဲ'

ကွန်တက်စီနာမှာ မျက်နှာလေး နီသွားသည်။

'မိုင်ကယ် ဒီလို တစ်ခါမှ မပြောဖူးဘူး'

'မပြောပေမဲ့ စိတ်ထဲမှာတော့ အမြဲရှိနေတာပါပဲ။ ကွန်တက်စီနာဟာ ကျွန်တော့်ရဲ့ စိတ်ထဲ ကိုယ်ထဲမှာ နက်နက်နဲနဲ အမြစ်တွယ်နေပြီးသားပါ။ ပန်းပု ဉယျာဉ်တော်ထဲမှာ စပြီး တွေ့ကတည်းက ပါပဲ'

မိုင်ကယ်သည် အခန်းထဲမှာ အခြားသူများ ရှိနေသည်ကို သတိပြုမိသဖြင့် လေသံပြောင်းလိုက်ပြီး 'မိသားစုအားလုံး အတူတူ လာကြသလား' ဟု မေးလိုက် သည်။

'ကလေးတွေတော့ ပါလာတယ်။ ကျွန်မ ခင်ပွန်းတော့ မပါဘူး၊ သူက တော့ ဖလော်ရင့်မြို့ အစိုးရကို ဖြုတ်ချဖို့ဘက်က လုံးလုံးလိုက်နေပြီ။ ကဲပါ၊

ဒါတွေ ထားလိုက်ပါ၊ မိုင်ကယ်အကြောင်းကိုပဲ ပြောပါဦး။ အခု ဆွဲနေတဲ့ နံရံပန်းချီကားကြီး တော်တော်ကောင်းလာပြီလား'

'အခုတော့ဖြင့် မဟာန်သေးဘူး'

'ကောင်းမှာပါ'

'အမယ် တယ်သေချာပါလား'

'သေချာတယ်၊ ကောင်းမှာပဲ။ မကောင်းရင် ဟောဒီလက်ကို မီးဆိုက်ပစ်မယ်' ဟု ကွန်တက်စီနာက သူ့လက်ကလေး မီးလင်းဖိုဆီ ဆန့်တန်းလိုက်သည်။ မိုင်ကယ်သည် ထိုလက်ကလေးကို ဆွဲယူလိုက်ချင်သည်။ ကွန်တက်စီနာသည် သူ့စကား သူ သဘောကျပြီး ခေါင်းကလေး နောက်ပစ်ပြီး ရယ်လိုက်ရာ မိုင်ကယ်ကပါ လိုက်ရယ်သည်။ သူတို့ ရယ်သံချင်း နှီးနှောသွားသည်။ ဤသည်ပင် သူတို့နှစ်ဦး၏ ထူးမြတ်သန့်စင်သော မေတ္တာပေါင်းကူးခြင်းပင် ဖြစ်သည်။

*

ရောမမြို့တော် အနီးတစ်ဝိုက် တောနယ်များသည် မိုင်ကယ်တို့ အရပ် တပ်စကင်နီကဲ့သို့ မဟုတ်ချေ။ တပ်စကင်နီနယ် ရှုခင်းသည် မိုင်ကယ်၏စိတ်ကို သာယာညွတ်ပျောင်းစေသည်။ ရောမမြို့တော် ပတ်ဝန်းကျင်ကို မြင်လိုက်ရလျှင် ရှေးခေတ်သမိုင်းစဉ်၏ ကြီးကျယ်ခမ်းနားသော အာဏာစက်၏အောက်သို့ ကျရောက်ရသည်နှင့် တူသည်။ မိုင်ကယ်သည် ရှေးခေတ် ရောမ အင်ပါရာကြီး ကောင်းစားစဉ်က ဆောက်လုပ်ခဲ့သည့် အဆောက်အအုံပျက်ကြီးများ၊ မြို့ရိုးကြီးများကို တွေ့မြင်ရသည်။

မိုင်ကယ်သည် သူ ဆွဲရမည့် ပန်းချီကား ပြဿနာကိုသာ စဉ်းစားနေသည်။ သည်အတိုင်းဆိုလျှင် သာမန် မဆိုးမကောင်း ပန်းချီလက်ရာမျိုးတော့ဖြစ်မည်။ ပုပ်ကလည်း ကျေနပ်မည်။ သို့သော် သူ့စိတ်တိုင်းကျ လက်တွင်းက လွှတ်လိုက်သည့် လက်ရာမျိုးကား မဟုတ်ချေ။ နောက်ဆုံးတွင် သူ ဘာလုပ်ရမည်ကို သိလာသည်။ သူ့ကို ကူညီသူတွေ ပြန်လွှတ်ရမည်။ သူ့ဆရာကြီး ဃာလန်ဒါအီယိုကဲ့သို့ အရေးကြီးသည့်အပိုင်းကို ကိုယ်တိုင်ဆွဲ၊ ပုံအငယ်တွေ တပည့်တွေ ဆွဲခိုင်းသည့်နည်းမျိုး သူလုပ်လို့ မဖြစ်ချေ။ သူ့တစ်ယောက်တည်း လုပ်ရမည်။

၁၅၀၉ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့တွင် မိုင်ကယ်သည် သိုးတွေ ကျောင်းသည့် လမ်းအတိုင်း မြို့ပြင်သို့ ထွက်ခဲ့သည်။ တောင်ထိပ်တစ်ခုပေါ်အထိ တက်ကာ ရပ်လိုက်သည်။ နေက သူ့နောက်က ထွက်လာသည်။ မိုင်ကယ်သည် နေရောင်ခြည် သွန်းဖျန်းထားသည့် ရှုမျှော်ခင်းကို အပေါ်က စီး၍ ကြည့်လိုက်သည်။

တောင်တန်းတွေ အဆင့်ဆင့်နှင့် ဆင်းလာသည့် ခြေရင်းတွေ လယ်မြေတွေ စိမ်းစို နေသည်။ ကျောက်ဖြူသားတွေ စုပုံလျက်သားနှင့် အနီးအပါး လူနေအိမ်ခြေများ၊ ရောမမြို့တော်ကြီးသို့ သွားသော လမ်းမကြီးများကို ဆောင်းလရာသီ ပြာလဲ့သော ကောင်းကင်အောက် အထင်းသား မြင်ရသည်။ တောင်ဘက်ဆီတွင် ပင်လယ်ကြီး ကား တောတောင်ရေမြေ၏ အရိပ်အောက်တွင် စိမ်းလဲ့နေသည်။ မိုင်ကယ်သည် ဤလောကကြီးကို ဖန်ဆင်းသော ဘုရားသခင်၏ ပညာဉာဏ် အနုပညာကို အံ့သြကြည်ညိုမိသည်။ သမ္မာကျမ်းစာထဲက စကားလုံးတွေ သူ့ခေါင်းထဲသို့ ဝင်လာသည်။

"အချိန်၏ လက်ဦးအစတွင် ဘုရားသခင်သည် လောကကြီးကို ဖန်ဆင်းတော်မူသည်။ ဤမြေပြင်သည် ဟာလာဟင်းလင်း အလျှင်း အသုံးမကျသည့် ကန္တာရကြီး ဖြစ်ခဲ့သည်။ နက်ရှိုင်းသော ချောက်ကြီးအထက်၌ကား အမှောင်ထု ကြီး ကြီးစိုးလျက် ရှိသတည်း။ ထိုအခါ ဘုရားသခင်သည် 'အလင်းရောင် ဖြစ်စေ လော့' ဟု မိန့်တော်မူ၏။ ထိုနောက် ဆက်၍ ဆို၏။ 'ရေပြင်ထက်ဝယ် တစ်ခဲနက် သော ပေါင်းကူးအမိုးကြီး ကွဲတက်လာစေလော့။ ထိုပေါင်းကူး အမိုးကြီးသည် ကောင်းကင်ကြီး ဖြစ်သတည်း။ ထို့နောက် ငါ၏ ပုံသဏ္ဌာန်အတိုင်း လူသားကို ဖန်ဆင်းတော့အံ့' ဟု ဆို၍ လူကို ဘုရားသခင်သည် သူ့၏ ရုပ်ရည်အတိုင်း ဖန်ဆင်းတော်မူလေသတည်း။"

မိုင်ကယ်သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း မျက်နှာကြက် အတွက် သမ္မာကျမ်းစာ၌လာသော မှခပတ်များကို သရုပ်ဖော်မှ ဖြစ်တော့မည်ဟု သိလာသည်။ ဘုရားသခင်က နေ လ နက္ခတ်တာရာများ ဖန်ဆင်းပုံ၊ လူယောကျ်ား လူမိန်းမကို ဖန်ဆင်းပုံများနှင့်တကွ ဤကဲ့သို့သော လိုဏ်ကြီးကို ဖန်ဆင်းပုံ၊ သူ့ပညာနှင့် အောင်နိုင်ရတော့မည်။ သို့မှသာ ထာဝရ ဘုရားသခင်၏ ဂုဏ်တော် ကို ပူဇော်ရာ ရောက်ပေမည်။

မိုင်ကယ်သည် ပုပ်ထံသွား၍ သူ့အစီအစဉ်ကို တင်ပြသည်။ ထိုအခါ ပုပ်က ပြောသည်။

'မင်းဟာ ဆန်းလည်းဆန်းတဲ့ အကောင်ပဲ။ နို့ မင်းပဲ နံရံပန်းချီဆွဲတာ မင်းအလုပ် မဟုတ်ပါဘူးဆို။ အဲဒီတုန်းက ဒေါကြီးမောကြီးနဲ့ အော်ပြောလိုက်တာ ဆူလို့၊ အခု လာပြန်ပြီ။ နဂိုက လုပ်မယ့် အစီအစဉ်ထက် ခြောက်ဆလောက် ပိုပင်ပန်းမဲ့ ဥစ္စာကြီး ကိုယ်ဘာသာ ထွင်ယူလာတယ်။ အေး၊ မင်းဟာမင်း ဆွဲချင် တာ ဆွဲတာပေမဲ့ အခကြေးတော့ ငါးဆ ခြောက်ဆ ပိုမပေးနိုင်ဘူး။ ဒါပေမဲ့ နှစ်ဆတော့ ပိုပေးမယ်'

မိုင်ကယ်သည် အိမ်သို့ပြန်၍ ဃရာဏာချီကို တပည့်များ ပြန်လွှတ်ရမည့်အကြောင်း ပြောပြသည်။ တစ်ယောက်ကို ဆေးထောင်းဖို့နှင့် အခြားတစ်ယောက်ကို ပလတ်စတာကပ်ရန် ထားခဲ့ရမည်။

'မင်းတစ်ယောက်တည်း အဲဒီပန်းချီကားကြီး ဆွဲရရင် အနှစ် ၄၀ လောက်ကြာမှာပေါ့' ဟု ဃရာဏာချီက ဆိုသည်။

'ဒီလောက် မကြာပါဘူးကွာ၊ အလွန်ဆုံး လေးနှစ်ပေါ့' ဟု မိုင်ကယ်က ပြန်ပြောသည်။

ဃရာဏာချီသည် မိုင်ကယ်၏ ပခုံးကိုဖက်ကာ 'မင်းဟာ ဒေးဗစ်လိုပဲ၊ သတ္တိက အပြည့်ပါပဲ' ဟု ပြောသည်။

မိုင်ကယ်သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း မျက်နှာကြက်ပေါ်သို့ လူ့လောကကြီး တစ်ခုလုံးကို တင်ပြလိုက်မည်။ ထိုမျှမကသေး၊ ထိုလူ့လောကကို ဖန်ဆင်းသော ထာဝရဘုရားသခင်ကိုပါ ပြဦးမည်။

မိုင်ကယ်သည် လူ့လောကတွင် တွေ့ရ ကြုံရ ခံစားရသမျှကို သရုပ်ဖော်မည်။ လူ၏သဘာဝ နှစ်လို့ဖွယ်ရာ အလှအပနှင့်တကွ ပျော့ညံ့မှု၊ သတ္တိ ကြံ့ခိုင်မှုတွေကိုပါ အကွက်ကျ ပါဝင်စေရမည်။

မျက်နှာကြက်၏ အလယ်ကောင်တွင် ရေးဆွဲမည့် ကားများမှာ မြေထုနှင့် ရေထုကြီး ကွဲ၍ခြားသွားပုံ၊ ဘုရားသခင်က နေနှင့် လကို ဖန်ဆင်းပုံ၊ ဘုရားသခင်က အာဒမ်နှင့် ဧဝတို့ကို ဖန်ဆင်းပုံ စသည်ဖြင့် သမ္မာကျမ်းစာထဲက ဖြစ်စဉ်တွေကို သရုပ်ဖော် ရေးဆွဲဖို့ရာ သူ့စိတ်ကူးထဲတွင် တစ်ခုပြီးတစ်ခု လိုမ့်ဆင်းလာသည်။ သူ အလုပ်မှ မစရသေးမီ တပည့်ကျော် အာဂျင်တိုသည် သူ့ရွာက အစ်ကို ဆုံးသဖြင့် ပြန်ရမည်ဟု မျက်ရည်စက်လက်နှင့် ပြောလာသည်။

သူ့လခကြေးငွေများ ရှင်းပေးလိုက်သောအခါ သူ့အိတ်ထဲတွင် ဘာမျှမကျန်တော့ချေ။

မိုင်ကယ်မှာ ပုပ်ထံမှ အခကြေး ထပ်တောင်းဖို့ကလည်း အလုပ် မပြနိုင်သေးသဖြင့် တစ်ယောက်တည်း ဆက်လုပ်နေရသည်။ ခါတိုင်းဆိုလျှင် သူ့တပည့်တွေ ပုံပြောသူက ပြော၊ သီချင်းတကြော်ကြော်နှင့် ဆိုသူက ဆိုနှင့် အိမ်မှာ စိုပြည်စည်ကားလှသည်။ ယခုတော့ သူ့ချည်းတစ်ယောက်တည်း ခြောက်ကပ်နေသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ဆင်ထားသည့် ငြမ်းပေါ်မှာလည်း သူ့ချည်းတစ်ယောက်တည်းပင် နေရဦးမည်။

မိုင်ကယ်သည် ကမ္ဘာဖျက်မိုးကြီးပုံက စ၍ဆွဲသည်။ မတ်လတွင် စက္ကူပေါ်တွင် အပြည့်ဆွဲပြီး၍ မျက်နှာကြက်ပေါ်မှာ တင်ဖို့အသင့် ဖြစ်နေသည်။

မိုင်ကယ်၏ တပည့်လေး မိချိုက ထုံးအိတ် အစရှိသည်တို့ကို သယ်ယူပြီး ငြမ်းပေါ်သို့ တင်ပေးသည်။

မိုင်ကယ်မှာ ပေ ၆၀ မြင့်သောနေရာသို့ ရောက်နေသည်။ အမြင့်ကြီးရောက်နေလျှင် မူးတတ်သည်။ သို့ဖြစ်၍ ကြမ်းပေါ်သို့ ငုံ့မကြည့်ဘဲနှင့် စုတ်တံများကို ကောက်ပြီး အလုပ်စသည်။ ငြမ်းပေါ်တွင် သူတစ်ယောက်တည်း ရှိသည်။ မိချိုက အောက်ကြမ်းပြင်ပေါ်မှာ ဆေးမှုန့်ကြိတ်နေသည်။

မိုင်ကယ်မှာ ခေါင်းနှင့် ပခုံးကို နောက်လှန်လျက်သား ဆေးခြယ်ရသည်။ မျက်လုံးများကို အပေါ်တည့်တည့် ထားရသည်။ ဆေးတွေ သူ့ မျက်နှာပေါ်ကျသည်။ ပလာစတာ အစိုများ သူ့မျက်လုံးထဲ စီးကျသည်။ သူ၏ လက်မောင်းများနှင့် ဦးခေါင်းမှာ ညောင်းညာနေသည်။ တစ်နေ့လျှင် နေရာ အနည်းအကျဉ်းလောက် အစမ်းသဘောနှင့် စ၍ လုပ်ရသည်။

မိုင်ကယ်အဖို့ ကြာလေ အထီးကျန် ဖြစ်နေသည်။ သူ့မိတ်ဆွေ ဗိသုကာဆန်အာလိုမှာ ရောမမြို့တော်တွင် အလုပ်အကိုင် မရသဖြင့် အရှုံးပေးပြီး ဖလော်ရင့်မြို့တော်သို့ ပြန်ရသည်။ သူ့တပည့်များသည် ဗရာမန်တေထံ ခိုဝင်ကြရသည်။

ကမ္ဘာ့ဖျက်မိုးကြီး အခန်းကို ၂၁ ရက်ကြာမျှ ရေးဆွဲ ဆေးခြယ်ရသည်။ သူ့အိတ်ထဲမှာလည်း အသပြာ တစ်ပြားမှ မရှိတော့ချေ။ ရောမမြို့တော် ရဟန်းမင်းကြီး ပုပ်နှင့် ဆက်မိလျှင် ချမ်းသာကြီးပွားကြသည်ဟု ပြောကြသည်။ မိုင်ကယ်မှာကား ပြတ်ငတ်နေသည်။

ပန်းချီဆရာလေး ရေဖယ်ကို ရောမမြို့တော်သို့ ဗရာမန်တေက ခေါ်လာပြီး ပုပ်၏ရှေ့တော် သွင်းခဲ့သည်။ ပုပ်၏ ကျောင်းတော် အခန်းဆောင်များ နံရံပန်းချီရေးဆွဲဖို့ အလုပ်ရခဲ့သည်။ အသပြာ ရွှေစများ ဖောဖောသီသီ ပေးထားသဖြင့် အိမ်တော်ကြီးမှာ အခြွေအရံ အစေအပါးတွေသာမက မဒီချောလေးပါ တင်ထားနိုင်လိုက်သေးသည်။ မင်းပွဲသဘင်များတွင် ပုပ်နှင့်အတူ အမြဲတွဲနေသည်။ အလိုလိုဂုဏ်ရှိ မျက်နှာရှိနေသည်။ သို့ဖြစ်၍ ရေဖယ်ကို ပန်းချီအလုပ်တွေ အပ်ကြသည်။

မိုင်ကယ်သည် အားကျမှု၊ တောင့်တမှုတွေနှင့် အထီးတည်း ဖြစ်နေသည်။ သို့ဖြစ်၍ အလုပ်ထဲမှာ စိတ်ကို သိမ်းသွင်းထားသည်။ လက်နှင့် စုတ်တံတွေ့လိုက်၍ ပုံသဏ္ဌာန်တွေ အမျိုးမျိုး ဖန်တီးလိုက်သော အခါ၌ကား ငြီးငွေ့မှုတွေ၊ လိုချင်တောင့်တမှုတွေ အရည်ပျော်ဆင်းသွားသည်။ သူ ဖန်တီးသည့် လောကထဲမှာ စိတ်ရောလူပါ ဝင်စားပြီး ဘာမျှ မတောင့်တ မကြောင့်ကြတော့ဘဲ စိတ်လုံးဝအေးချမ်းနေသည်။

ပုပ် ဂျူးလီးယသည် ရှေးဦးစွာ ပြီးစီးသော ပန်းချီကားကို လာကြည့်

သည်။ လေ့ကားနှင့် ငြမ်းပေါ်တက်ကာ မိုင်ကယ် ဆွဲထားသည့်ပုံကို ကြည့်သည်။ 'နောက်ဆွဲမယ့်ပုံတွေ ဒီအတိုင်းပဲ ကောင်းမှာပဲလား' ဟု မေးသည်။ မိုင်ကယ်က 'မှန်လှပါ၊ ပိုတောင် ကောင်းပါလိမ့်မယ် ဘုရား။ ဒီအမြင့်ကြီးမှာ နေပြီး ဆွဲကျင့် အခုမှ ပိုရလာပါပြီ' ဟု ပြန်လျှောက်ထားလိုက်သည်။

ပုပ်သည် သဘောကျ၍ ဘဏ္ဍာစိုးအား ဒက်ကက် ရွှေစ ၅၀၀ ထုတ်ပေးဖို့ အမိန့်ပေးသည်။ ထိုအခါမှ မိုင်ကယ်သည် သူ့အဖေနှင့် ညီအစ်ကိုများထံသို့ ပို့တန်သရွေ့ ပို့ပြီး စားစရာ သောက်စရာ ဝယ်ခြမ်းနိုင်သည်။

မိုင်ကယ်သည် နံရံပန်းချီကို ဆက်၍ ရေးခြယ်နေစဉ် သူ့စိတ်ထဲတွင် မသိုးမသန့်ဖြစ်စရာ အကြောင်းတစ်ခု တွေ့လာသည်။ ညညအချိန်တွင် တစ်စုံတစ်ယောက်သောသူသည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်းသို့ ဝင်၍ ငြမ်းပေါ်တက်ပြီး သူ့ပန်းချီကားများကို ကြည့်သည်ဟု သူ သိသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်း သော့မှာ သူကလွဲလျှင် ပုပ်ရဟန်းမင်း၏ အတွင်းဝန်ဆီမှာသာ ရှိသည်။ သူကလည်း အခြားသူ သော့ မကိုင်စေရဟု မှာထားသည်။ သူ့ပန်းချီကားများကို မပြီးစီးမီ ဘယ်သူမှ ဝင်မကြည့်စေချင်ချေ။

မိုင်ကယ်သည် သူ့တပည့် မီချီအား လိုက်ချောင်းကြည့်စေရာ ဗရာမန်တေနှင့် ရေဖယ်တို့ ညည ဝင်ကြည့်ကြောင်း သိရသည်။ သို့ဖြစ်လျှင် မိုင်ကယ်၏ ရေးဆွဲဟန်များကို ရေဖယ်က သူ ဆွဲနေသည့် ပုပ်ကျောင်းတော် အဆောင်ခန်းအတွက် သုံးလိမ့်မည်။ မိုင်ကယ်သည် ထိုကိစ္စကို ပုပ်အား တိုင်ကြားရာ ဗရာမန်တေ ထံမှ သော့ကို သိမ်းယူထားလိုက်သည်။

ကာဒီနယ် ဃိုင်အိုဗန်နီသည် သူ့အိမ်တော်သို့ မိုင်ကယ်အား ခေါ်၍ ပြောသည်။

'မိုင်ကယ်၊ ဗရာမန်တေက မင်းကို ရန်ရှာလိမ့်မယ်။ ဒီတော့ ငါနဲ့ အိမ်တော်မှာ လာနေပါ။ ငါနဲ့ ပွဲလမ်းသဘင် အတူတူသွား၊ အမဲလိုက်ပွဲမှာလည်းပါ။ ငါနဲ့အတူ မြင်နေကြရင် ရောမမြို့တော်မှာ မင်းကို လူတွေက ဘာမှ ပြောဝံ့ဆိုဝံ့မှာ မဟုတ်ဘူး။ မင်းကို ငါ စောင့်ရှောက်ထားတယ်ဆိုတာ သူတို့ သိစေချင်တယ်'

ခုလိုဆိုလျှင် မိုင်ကယ်သည် တစ်နေ့ ခဏတစ်ဖြုတ် ပန်းချီဆွဲ၍ ဃိုင်အိုဗန်နီ၏ အိမ်တော်သွား၊ မင်းစိုးပရိသတ်တွေထဲ ရယ်သွမ်းသွေး ပြောဆို၊ အရက်ကလေး တမြမြနှင့် ရသာပေါင်း ဘောဇဉ်တွေ လွေးခြင်းဖြင့် အချိန် ကုန်လွန်စေရတော့မည်။ ဒါမျိုး မိုင်ကယ် မလုပ်တတ်ချေ။ ဃိုင်အိုဗန်နီကို မဖြစ်နိုင်ကြောင်း ရှင်းပြသည်။ ဃိုင်အိုဗန်နီက ဆိုပြန်သည်။

'ဒါတော့ကွာ၊ ရေဖယ်တို့များ အနုပညာပီသတဲ့ ပန်းချီတွေလည်း **ဆွဲနိုင်**တယ်။ ပြီးတော့လည်း မင်းပွဲစိုးပွဲ ညစာစားပွဲတွေကိုလည်း အမြဲ **တက်နေနိုင်**တာပဲ။ မင်းကျမှပဲ မဖြစ်နိုင်ရသလား'

မိုင်ကယ်သည် သူ့စိတ်ထဲ ရှိသည့်အတိုင်းပင် ပြန်ပြောလိုက်သည်။ 'ကာဒီနယ် အရှင်မြတ်၊ ရေဖယ်အဖို့ အနုပညာဖန်တီးမှုဟာ တောတောင် အရပ်ဒေသမှာ မြင်ရတဲ့ နွေဦးရာသီ နေသာတဲ့နေ့မျိုးနဲ့ တူပါတယ်။ ကျွန်တော်မျိုး အဖို့မှာတော့ နှင်းခဲ ရေခဲဖုံးတဲ့ တောင်ထိပ်ဖျားက လေရူးမုန်တိုင်းကြီး တောင်ချောက်ကြားထဲမှာ မြည်ဟိန်းတိုက်လာသလိုပါပဲ။ တစ်နေ့တာ အလုပ်ပြီးသွားလို့ ရှိရင် ကျွန်တော်မျိုးမှာ အားကုန်ခန်းပြီး ဘာမှ မပေးနိုင်တော့ပါဘူး'

'မင်းရဲ့ ကောင်းကျိုးအတွက်တောင်မှ မင်း အချိန်မပေးနိုင်တော့ဘူးလား'

'ကျွန်တော်မျိုး လုပ်နေတဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် အားသွန်ပေးခြင်းဟာ ကျွန်တော်မျိုးရဲ့ ကောင်းကျိုးအတွက် အချိန်ပေးခြင်း ပါပဲ'

*

ရက်ပေါင်း ၃၀ မျှ နေထွက်မှနေဝင် ဆက်၍ ရေးဆွဲဆေးခြယ်သည်။ ထိုအခန်း မပြီးစီးမချင်း အဝတ်မလဲ၊ နေ့လည်း သည်အဝတ်၊ ညအိပ်လျှင်လည်း သည်အဝတ်နှင့် နေသည်။ ပြီးစီးသောအခါ မီချီအား သူ့ဖိနပ်ကို ဆွဲချွတ်ခိုင်းလိုက်ရသည်။ သူ့ခြေထောက်က အရေပြားတွေ ကွာပါသွားသည်။

မိုင်ကယ်မှာ မတ်တတ်ရပ်ပြီး လည်ပင်းကို နောက်ပစ်၍ နံရံပေါ်တွင် ဆေးခြယ်ရသဖြင့် မူးဝေလာသည်။ စုတ်တံတစ်ချက် ခတ်လိုက်လျှင် မျက်စိကို မှိတ်လိုက်မှ မျက်စိထဲ ဆေးအဝင် သက်သာသည်။ ထိုင်လျက် လုပ်ပြန်တော့လည်း သူ့ပေါင်နှစ်ဖက်မှာ ဗိုက်နှင့်ကပ်လျက် ထားရသည်။ တင်ပါးသားများ ပွန်းရိကုန်သည်။ ထိုနောက် ပက်လက်လှန်၊ ဒူးထောက်၍ ရင်ဘတ်ပေါ်မှာ ကွေးထားလျက် လုပ်ကြည့်ပြန်သည်။ သူ့မှတ်ဆိတ်ထဲတွင် ဆေးစက်တွေကျ၍ ပျစ်ခဲနေသည်။ သူသည် ဣရိယာပုတ် အမျိုးမျိုးနှင့် မှီကာ၊ ကွေးကာ ပြောင်းလဲ၍ ဘယ်လိုပင် လုပ်သော်လည်း ပင်ပန်းမြဲ ပင်ပန်းနေသည်။

ထိုနောက် သူ့မျက်စိ အလင်းကွယ်သွားတော့မည်လားဟု ကြောက်စရာ ကြုံလာရပြန်သည်။ သူ့အိမ်က စာလာသောအခါ စာလုံးကို မမြင်ရတော့၊ အားလုံး ပြာနေသည်။ မိုင်ကယ်သည် အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ အိပ်လို့လည်း မပျော်၊ တစ်ကိုယ်လုံးလည်း ထုထောင်းထားသလို နာကျင်နေသည်။ ကိုယ့်ရပ်ရွာက အပေါင်းအသင်း ဆွေမျိုးတွေကိုလည်း လွမ်းဆွတ်သည်။ အထီးကျန်ဘဝ၏ ဒုက္ခကို ခံစားနေရသည်။ မှောင်မှောင်မည်းမည်းထဲ ထပြီး ဖယောင်းတိုင် ထွန်း

လိုက်သည်။ ပုံအကြမ်းဆွဲထားသည့် စက္ကူနောက်ကျောတွင် သူ ရင်တွင်းရှိသည့် ဒုက္ခကို သွန်ချလိုက်သည်။

“ကျွန်ုပ်၏ မှတ်ဆိတ်များ ကောင်းကင်ဘုံထက်ဆီသို့ လှည့်နေပါပြီ။ လည်ပင်းဇက်ပိုးမှာလည်း ကျောရိုးပေါ်မှာ တပ်လျက်သား ငိုက်စိုက်ကျိုးကျနေပါပြီ။ ကျွန်ုပ်၏ ညှပ်ရိုးများသည်လည်း စောင်းကောက်ပုံသဏ္ဍာန် ပေါက်နေပါပြီ။ စုတ်တံမှကျသည့် ဆေးစက်ကြီးငယ်တို့သည် ကျွန်ုပ်၏ မျက်နှာပေါ်မှာ ပန်းပွင့်၊ ရွက်စုံ ပုံသဏ္ဍာန်မျိုး လှလှပပကြီး တခမ်းတနား ဖော်ပေးနေကြသည်။ ကျွန်ုပ်၏ဒုက္ခ ဆိုးရွားလေစွ။ ပန်းချီပညာသည် ကျွန်ုပ်ဘဝ၏ ဝေဒနာဆိုးကြီးသာ ဖြစ်တော့သည်။”

မိုင်ကယ်သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်းမှ ပန်းချီဆွဲပြီး ထွက်လာလိုက်လျှင် မျက်စိလည်း ကောင်းကောင်းမမြင်တော့ချေ။ ခေါင်းငိုက်စိုက်နှင့် ဘယ်သူ့မှ မကြည့်မြင်ဘဲ လျှောက်လာခဲ့သည်။ လူတွေက သူ့ကို အရူးဟု ထင်ကြသည်။

မိုင်ကယ်အဖို့ သူ၏လောကကြီးတွင် မျက်နှာကြက်ပေါ်တွင် သူ ရေးဆွဲထားသော လူများသာ ရှိသည်။ ယခု အာဒမ်နှင့် ဧဝတို့၏ ရုပ်ပုံကို ဆွဲနေသည်။ သူတို့ အီဒင်ဥယျာဉ်တော်တွင်း နေထိုင်ပုံ သရုပ်ဖော်သည်။ လူလောကတွင်း၌ ရှေးဦးစွာဖြစ်သော လူသားယောကျ်ားနှင့် မိန်းမတို့၏ပုံကို ဆွဲရာတွင် မိုင်ကယ်သည် နုနယ်ပျော့ပျောင်းသည့် လူမျိုးအဖြစ် သရုပ်မဖော်ထားချေ။ သူ ဆွဲသော အာဒမ်နှင့် ဧဝတို့သည် အင်အားနှင့် ပြည့်စုံသည်။ ရှုချင့်စဖွယ် တင့်တယ်သော အသွင်ရှိသည်။ မြင့်မြတ်သော စိတ်သဘော အသိဉာဏ် ရှိသည်။

၁၅၁၀ ခုနှစ်တွင် မျက်နှာကြက်၏တစ်ဝက် ဆွဲပြီးစီးသွားသည်။ ထို အကြောင်းကို ပုပ်ထံ အကြောင်းမကြားသော်လည်း သိသည်။ လာကြည့်မည်ဟု မိုင်ကယ်ထံ မှာလိုက်သည်။

မိုင်ကယ်သည် ပုပ်ကို ငြမ်းပေါ် တွဲတင်ပေးသည်။ ပုပ်သည် ပန်းချီကားများကို ကြည့်ပြီး လူအများ ကြည့်ရှုနိုင်စေရန် ငြမ်းတွေ ဖျက်ပေးရမည် ဟု ဆိုသည်။ မိုင်ကယ်က ငြမ်းတွေကိုဖျက်ဖို့ အချိန်မဟုတ်သေးကြောင်း၊ မပြီးသေးကြောင်း ပြောသည်။

‘ဒါဖြင့် ဘယ်တော့ပြီးမှာတဲ့လဲ’ ဟု ပုပ်က ခပ်ထန်ထန် မေးသည်။ မိုင်ကယ်ကလည်း စိတ်တိုလာသည်။

‘အို သူပြီးတဲ့ အချိန်ကျတော့ ပြီးမှာပေါ့’ ဟု ပြောချလိုက်သည်။ ပုပ်ဂျူးလီးယသည် မျက်နှာကြီး နီရဲသွားပြီး လက်ထဲကိုင်ထားသည့် တောင်ဝှေးနှင့် မိုင်ကယ်၏ပခုံးကို တစ်ချက်ရိုက်လိုက်သည်။

တစ်ခဏကြာမျှ သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး စားတော့ ဝါးတော့မလို ကြည့်နေကြသည်။ မိုင်ကယ်မှာ သူ့တစ်ကိုယ်လုံး သွေးဆုတ်သွားသလို အေးစက်သွားသည်။ 'ဒီလိုဆိုရင် အရှင်ဘုရား အလိုရှိတဲ့အတိုင်း နက်ဖြန် ငြမ်းတွေဖျက်ချပါမယ်' ဟု ပြောပြီး ပုပ် ဆင်းရန် နေရာဖယ်ပေးသည်။

မိုင်ကယ်သည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှ ထွက်လာခဲ့သည်။ ကောင်းကြရော၊ သည်လိုနှင့် အဆုံးသတ်ရသည်။ ကျေးတောသားလို အရိုက်အနှက် ခံရသည်။ မိုင်ကယ်သည် လမ်းပေါ် လျှောက်သာ လာခဲ့ရသော်လည်း ဘာမျှမမြင်ချေ။ အကန်းလို စမ်းပြီး လာခဲ့သည်။

'သြော်... သည်လိုပဲ ဖြစ်ရမှာပေါ့၊ ငါကိုယ်က ထာဝရဘုရားနဲ့ ဂုဏ်ပြိုင်ပြီး လောကဓာတ်ကြီး ပန်းချီပညာနဲ့ ဖန်ဆင်းပြလိုက်တာကိုး။ အခုတော့ ပုပ်ရဟန်းမင်းက ဆုံးမပြလိုက်ပြီ။ ပန်းချီပညာဟာ ငါရဲ့ ရောဂါဆိုးကြီး တစ်ခုပါပဲလား'

မိုင်ကယ် အိမ်သို့ရောက်လျှင် သူ့တပည့်လေး မီချီအား အထုပ်အပိုး ပြင်ပြီး သွားနှင့်တော့ဟု ဆိုသည်။ ပုပ်၏ စစ်သားတွေ သူ့ လာဖမ်းလျှင် "မီချီ" သက်သက် မပါစေချင်ချေ။

'ငါ့ကိုလည်း သူ သတ်ပစ်နိုင်တာပဲ။ ဒါပေမဲ့ ငါ့ကို ဖမ်းလည်း မိဦးမှကိုး' ဟု ပြောရင်း သူ့ပစ္စည်းတွေကို သိမ်းသည်။

ပစ္စည်းများ ထုပ်ပိုးပြီးခါပင် ရှိသေးသည်။ တံခါးခေါက်သဖြင့် ဖွင့်ပေးရာ ပုပ်၏ အတွင်းဝန်နှင့် တွေ့ရသည်။

'ဒါ ကျွန်တော့်ကို ဖမ်းဖို့လာတာ မဟုတ်လား' ဟု မိုင်ကယ်က မေးသည်။ အတွင်းဝန်မင်းက ညင်သာစွာ ပြောသည်။ သူ့ခါးပတ်မှ ပိုက်ဆံအိတ်ကို ဖြုတ်သည်။

'ပုပ်ရဟန်းမင်းဟာ သူ မချစ်ဘဲနဲ့များ အရေးလုပ်ပြီး ဘယ်သူ့ကို ရိုက်လိမ့်မလဲ။ မင်းလို ပြောဆိုမရတဲ့ သား၊ ပါရမီရှင် ပညာရှိ သားတစ်ယောက်ကို ချစ်တယ်ကွ။ ဟောဒီမှာ မင့်ဖို့ ရွှေစ ဒက်ကက် ၅၀၀ ပေးလိုက်တယ်။ ပြီးတော့ ခုလို ဖြစ်ရတာကိုလည်း တောင်းပန်လိုက်တယ်' ဟု ပြောသည်။

'ပုပ်ရဟန်းမင်းက ခုလို ပြန်တောင်းပန်တယ်ဆိုတာ ဘယ်သူ သိသလဲ' ဟု မိုင်ကယ်က မေးသည်။

'ဒါ ဘာများ အရေးကြီးလို့လဲကွာ'

'ကြီးတာပေါ့၊ ပုပ်ရဟန်းမင်းက ကျွန်တော့်ကို ရိုက်တယ်ဆိုတာ တစ်မြို့လုံး သိမှာပဲ။ ဒီတော့ သူ တောင်းပန်တယ်ဆိုတာ သိကြမှ ကျွန်တော် မျက်နှာပြရဲတော့မှာပေါ့'

ထိုအခါ အတွင်းဝန်က ပြန်ပြောသည်။

'အေးကွာ၊ ဒီမြို့တော်ကြီးမှာ ဘာဖြစ်ဖြစ် လူသိကုန်ကြတာပါပဲ။ မသိဘဲများ ရှိမယ် ထင်သလား'

စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပန်းချီများကို အများလူသူ ကြည့်ရှုနိုင်ရန် ဖွင့်ပေးသည်။ မိုင်ကယ်သည် သွားမကြည့်ဘဲ အိမ်မှာ ကုတ်နေသည်။ သူ့ပန်းချီကားကို လူတွေ လာကြည့်နိုင်ကြကြောင်းကို ရေဖယ် လာပြောမှ သိရသည်။

ရေဖယ်သည် အသက် ၂၇ နှစ်အရွယ် လူငယ်တစ်ဦး ဖြစ်သည်။ သို့သော် သူ့အသွင်အပြင်မှာ အိုမင်းရင့်ရော်လှသည်။ ဆယ်နှစ်လောက် အသက်ပိုကြီးသည်ဟု ထင်ရသည်။ အသားအရေများ လျော့ရဲ တွဲကျနေသည်။

မိုင်ကယ်မှာတော့ အလုပ်ကို စိတ်ရောကိုယ်ပါ သွင်းပြီး အပူတပြင်းလုပ်နေရသဖြင့် လူရုပ်မပီ ဖြစ်နေသည်။ ရေဖယ် လူငယ် လူချော လုလုလေးမှာကား အသောက်အစား၊ မိန်းမ လိုက်စားလွန်းသဖြင့် လျော့ကျကုန်ခဲ့ရသည်။

ရေဖယ်က မိုင်ကယ်၏ နံရံပန်းချီကို မြင်ခဲ့ပြီး၍ တအံ့တသြ ပြောသည်။

'တကယ်ပါပဲ၊ ကျွန်တော်ဖြင့် မြင်လိုက်ရတာနဲ့ စိတ်ထဲ တုန်လှုပ်သွားတယ်။ အရင်က ကျွန်တော် ခင်ဗျားကို ရိုင်းရိုင်းစိုင်းစိုင်း ပြောမိခဲ့တာကို တောင်းပန်ဖို့ အခု လာခဲ့တာပါ'

ရေဖယ်သည် ရောမမြို့သို့ ရောက်လာ၍ ပုပ်၏ ချီးမြှောက်ခံရကာ အခြွေအရံတွေနှင့် ဘုန်းကြီးနေခဲ့သည်။ ဆရာ ဖြစ်ခဲ့ဖူးသူ မိုင်ကယ်ထံ လာ၍ပင် နှုတ်မဆက်ခဲ့ချေ။ ထိုမျှမကသေး၊ ရေဖယ်က အခြွေအရံတွေ တသီတတန်းကြီးနှင့် မြို့တော်လမ်းမပေါ်တွင် တခမ်းတနား လျှောက်နေစဉ် မိုင်ကယ်နှင့် တွေ့သွားသည်။ မိုင်ကယ်မှာကား မျက်နှာမှာ ဆေးချေးတွေ ရှစ်သစ်တက်ပြီး အဝတ်အစားစုတ်ပြတ်နေသည်။ မိုင်ကယ်က ရင်းရင်းနှီးနှီး လှမ်း၍ နှုတ်ဆက်သည်။

'ဟေ့ ဘယ်လဲကွ၊ အခြွေအရံတွေကလည်း များပါဘိနဲ့'

ထိုအခါ ရေဖယ်က ရပ်တောင်ပင် မရပ်ဘဲ–

'ဟုတ်တယ်လေ၊ အခြွေအရံတွေနဲ့ပေါ့။ ခင်ဗျားကြီးသာ လက်မရွံ့လူသတ်သမားလို အထီးတည်း ဖြစ်နေတာ' ဟု ပြောပြီး ဆက်သွားခဲ့သည်။

မိုင်ကယ်ကို ယခု သူ တောင်းပန်နေသည်။ မိုင်ကယ်ကလည်း သူကိုယ်တိုင် တစ်ခါက ဗင်ချီအပေါ် ရိုင်းစိုင်းခဲ့ဖူးပုံ၊ ပြန်တောင်းပန်ခဲ့ပုံများကို သတိရသည်။

'အေးကွာ၊ ငါတို့ ပညာသည်တွေဟာ တစ်ဦးရဲ့အပြစ်ကို တစ်ဦး ခွင့်လွှတ်ကြရမှာပေါ့' ဟု မိုင်ကယ်က ပြန်ပြောလိုက်သည်။

မိုင်ကယ်ထံသို့ ရေဖယ်ကလွဲလျှင် တစ်ကောင်တစ်မြီးမှ လာ၍ ချီးကျူးစကား မပြောကြချေ။ သူ့ကို လူသေကြီးပမာ မေ့ပစ်ထားကြသည်။ စစ်စတိုင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပန်းချီ ကိစ္စမှာ ရောမ မြို့တော်သားများက စိတ်မဝင်စားကြချေ။ ထိုကိစ္စမှာ ပုပ် ဂျူးလီးယ၊ မိုင်ကယ်နှင့် ထာဝရဘုရားသခင်။ ဤကြီးသုံးကြီးတို့ ဆင်နွှဲသည့် တိုက်ပွဲငယ်လေး တစ်ခုသာ ဖြစ်သည်။

ထို့နောက် မကြာမီ ပုပ်ဂျူးလီးယ စစ်တိုက်ရပြန်သည်။ အီတလီ မြောက်ပိုင်းများသို့ ထိပါးလာသော ပြင်သစ်စစ်တပ်များကို စစ်အင်္ဂါ အလုံးအရင်းနှင့် ချီတက်မောင်းထုတ်ရသည်။ မိုင်ကယ်မှာ ကြားထဲမှာ သစ်ကိုင်းလွတ် ဖြစ်နေသည်။ ငြမ်းများကို ပြန်ဆင်ပြီး ကျန်တစ်ဝက် မျက်နှာကြက်ကို ပန်းချီဆွဲရန် အမိန့်ကို ပုပ်ထံက လာအောင် မိုင်ကယ် စောင့်နေသည်။ ပုပ်ကလည်း မိုင်ကယ် သူ့ထံလာရမည်ဟု စောင့်နေသည်။ မိုင်ကယ်ကလည်း ပုပ်က လူလွှတ်မခေါ်ဘဲ မလာဟု ပေနေသည်။ သည်လိုနှင့် ပုပ် စစ်တိုက် ထွက်သွားသဖြင့် မိုင်ကယ်မှာ သည်အချိန်အတွင်း ဘာလုပ်ရမည်မသိ ဖြစ်နေသည်။

*

၁၅၁၁ ခုနှစ် နှစ်သစ်ကူးချိန်ရောက်မှာ ပုပ်ထံမှ အသပြာကြေးများနှင့်အတူ ကျန်မျက်နှာကြက်ကို ဆက် ပန်းချီဆွဲရန် အမိန့်ပို့လိုက်သည်။ ထိုအခါမှ မိုင်ကယ်ဆက်အလုပ်လုပ်ရသည်။

မိုင်ကယ်သည် ထာဝရ ဘုရားသခင် အာဒမ်ကို ဖန်ဆင်းနေပုံ၊ နေ လတို့ ဖန်ဆင်းနေပုံနှင့် ရေထု မြေထုများ ခွဲလိုက်ပုံ၊ အလင်းနှင့် အမှောင် ခွဲပုံများကို စ၍ဆွဲသည်။ ထိုကားများမှာ မျက်နှာကြက်၏ ဗဟိုပင် ဖြစ်သည်။

မိုင်ကယ်သည် ဘုရားသခင်ကို အမြဲပင် ချစ်မြတ်နိုးခဲ့သည်။ ယခု ဘုရားသခင်၏ သဏ္ဌာန်ကို ပေါ်အောင် ပြရတော့မည်။ သူသည် ငယ်စဉ်က စ၍ ဘုရားသခင်သည် အလွန် လှပ တင့်တယ်သည်။ ကြီးမားသော တန်ခိုးအင်အားနှင့် ပြည့်စုံသည်။ ဉာဏ်ပညာရှိသည်။ ထို့ပြင် လောကကြီးတစ်ခုလုံး လှုပ်ရှားလာအောင် မောင်းနှင်နေသည့် အဟုန်ပြင်းသော မေတ္တာစာတ် ရှိသည်။ အာဒမ်ကို ဖန်ဆင်းသောအခါ ဘုရားသခင်သည် ထိုအရည်အသွေးများကို ရောင်ပြန်ဟပ်စေသည်ဟု ယုံကြည်သည်။

မိုင်ကယ်သည် ငြမ်းထက် အာကာလျှံသို့တက်ကာ ပန်းချီဆွဲနေသည့်အချိန်တွင် ပုပ် ဂျူးလီးယမှာ မရှုမလှ စစ်ရှုံးနေသည်။ ပြင်သစ်တို့က ဗိုလော့ဂနားမြို့ကို သိမ်းယူသည်။ ပုပ် ဂျူးလီးယ၏ ကြေးရုပ်ကြီးကို ဆွဲချပြီး မီးတိုက် အရည်

ကျိုပစ်ကာ အမြောက်လုပ်သည်။ မိုင်ကယ် ၁၅ လ တိတိ သေလုမြောပါး စိတ်ရော ကိုယ်ပါ သွန်းလုပ်ခဲ့သော အရုပ်ကြီး အစမှမကျန် ပျက်စီးသွားခဲ့သည်။

မိုင်ကယ်သည် အလင်းရောင်ရသည့် မေလ၊ ဇွန်လများတွင် ငြမ်းပေါ်သို့ တက်ကာ တစ်နေ့လျှင် ၁၇ နာရီမျှ အလုပ်လုပ်သည်။ စားစရာနှင့် နောက်ဖေးအိုးကိုပါ အပေါ်မှာ ယူထားသည်။ မိုင်ကယ်မှာ နတ်ဝင်ပူးနေသည့်နှယ် ပန်းချီကားကို ပြီးအောင် အပူတပြင်း ရေးဆွဲသည်။

ဂျူးလီးယသည် ရောမမြို့တော်သို့ ပြန်လာသည်။ သူသည် အီတလီပြည်တွင် လူမုန်းအများဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ခဲ့သည်။ သူ့ ခေါင်းပေါ်က သရဖူကိုပင် ပေါင်ပြီး အသပြာများ ချေးရသည်။ ရောမ မြို့တော်ရှိ မင်းညီမင်းသားများကလည်း သူ့ကို မလိုလားဘဲ ဖြစ်နေကြသည်။

မိုင်ကယ်သည် ဤကဲ့သို့သော လောကဓံမျိုးကို ခံစားရဖူးသဖြင့် ပုပ်ဘယ်လိုရှိမည်ကို နားလည်သည်။ သို့ဖြစ်၍ ပုပ်ထံသွားပြီး တွေ့သည်။ ပုပ်က ပန်းချီကား တော်တော်ပြီးပြီလား မေး၍ လိုက်ကြည့်သည်။ ပုပ်မှာ မကျန်းမာသဖြင့် ငြမ်းလှေကား အထစ်များပေါ်သို့ မိုင်ကယ်က မ တင်ပေးရသည်။ ငြမ်းထိပ်ရောက်လျှင် ပုပ်မှာ အတော်ပင် မောနေသည်။ မိုင်ကယ်၏ ပန်းချီကားထဲတွင် ထာဝရ ဘုရားသခင်က အာဒမ်ကို အသက်သွင်းပေးမည့် အခန်းကို တွေ့ရသည်။ ထိုအခါမှ ပုပ် ပြုံးလာသည်။

'မိုင်ကယ်၊ ဘုရားသခင်ဟာ မင်း ရေးဆွဲထားသလို သဘောသိပ်ကောင်းတယ်လို့ မင်း တကယ်ပဲ ယုံကြည်သလား'

'မှန်ပါတယ် အရှင်ဘုရား'

'အေး၊ မင်းပြောသလိုပဲ ဟုတ်ပါစေကွယ်။ ဘာလို့လဲဆိုတော့ ငါလည်း မကြာတော့ဘူး၊ ဘုရားသခင်ရှေ့ ရောက်ရတော့မှာ၊ ဒီလိုဆိုရင် ငါတို့ရဲ့ အပြစ်တွေကို သူ ခွင့်လွှတ်မှာ အမှန်ပဲ'

ပုပ်သည် ပန်းချီကားကို ကြည့်နေရာမှ မိုင်ကယ်ဘက်သို့ လှည့်လိုက်သည်။ သူ့မျက်နှာမှာ ပီတိဖြာ ဝင်းလက်နေသည်။

'မိုင်ကယ် ချစ်သား၊ မင်း လုပ်ထားတာ ငါ သိပ်သဘောကျ နှစ်သက်တာပဲ' ဟု ပြောသည်။

မိုင်ကယ်မှာ ပုပ်က ထိုသို့ ချီးကျူးလိုက်သည့်အတွက် ဝမ်းမြောက်နေသည်။ သူ့မျက်စိအောက်၌ ဗရာမန်တေ ဆောက်လုပ်နေသော စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးအတွက် အုတ်နံရံတွေ တက်နေပြီကို မြင်ရသည်။

မိုင်ကယ်သည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ်ကြီး ဆောက်

သည့် နေရာသို့ သွားကြည့်ရာ ကျောက်တုံးနှင့် အင်္ဂတေများကို မသုံးဘဲ ကျောက်ခဲ အတိုအစများကို အင်္ဂတေနှင့် ရောစပ်ပြီး လုပ်နေကြသည်ကို မြင်သည်။ တိုင်ကြီးများမှာ အပြင်ကနေကြည့်လျှင် ခိုင်မာပုံရသော်လည်း အတွင်းသားများ မခိုင်မာချေ။ အပေါ်က အဆောက်အအုံကြီး တင်လိုက်လျှင် ခံနိုင်မည် မဟုတ်ဟု မိုင်ကယ် သိသည်။

ထို့ပြင် အင်္ဂတေ စပ်ရာမှာလည်း သဲတွေ အများကြီးနှင့် ရောစပ်ရာ စံမမီဘဲ နေသည်ကို မိုင်ကယ် တွေ့ရသည်။ မိုင်ကယ်သည် ဗရာမန်တေထံ သွားပြီး ပြောသည်။

'ဗရာမန်တေ၊ အခု လုပ်နေကြတာတွေကို ခင်ဗျား မသိဘူးဘဲ ထားလိုက်ပါတော့။ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးရဲ့ နံရံတွေ အက်ပြီး ပုံကျကုန်ရင် ခင်ဗျား တာဝန်ပဲ'

ထိုအခါ ဗရာမန်တေက စိတ်ဆိုးမာန်ဆိုးနှင့် မိုင်ကယ်ကို သူ့အိမ်ထဲမှ မောင်းထုတ်လိုက်သည်။ မိုင်ကယ်သည် ပုပ်ထံသွား၍ အကျိုးအကြောင်း ပြောသော်လည်း ပုပ်က–

'မင်းက ဗိသုကာမို့လား၊ ဗရာမန်တေက ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို သူ့ဘာသာသူ ဆောက်ပေစေ၊ မင်းလည်း မင်း နံရံပန်းချီကို မင်း ရေးပေါ့' ဟု ပြောလိုက်သည်။

ဗရာမန်တေသည် ဗိသုကာကောင်းတစ်ဦးဖြစ်ရာ သည်လို အဖြစ်မျိုး အဖြစ်ခံနေသည်မှာ အကြောင်းရှိရမည်ဟု မိုင်ကယ် ထင်သည်။ နောက်မှ သိရသည်။ ဗရာမန်တေ အနေအထိုင် အသုံးအစွဲ ဖွာလွန်း၍ ကြွေးတင်သည်။ သို့ဖြစ်၍ စိန့်ပီတာ ဆောက်သည့် ပစ္စည်းများကို လျှော့ဝယ်ကာ အသပြာများ ပိုရအောင် လုပ်သည်။ ပုပ်ကိုလည်း ဘယ်သူမှ သွားမပြောရဲကြချေ။ မိုင်ကယ် သွားပြောသည် ပင် ဘာမှ အရာမရောက်ဘဲ ရှိခဲ့သည်။

ပုပ် ဂျူးလီးယသည် မိုင်ကယ်ကို ထပ်၍ ဒက်ကက်ရွှေစ ၅၀၀ ပေးသည်။ နံရံပန်းချီကားတွေ မြန်မြန်ပြီးအောင်လုပ်ဟု လောနေသည်။ တစ်နေ့သော် ကြိုတင် ပြောမထားဘဲ ငြမ်းပေါ် တက်လာသည်။

'ကဲ ဘယ်တော့ပြီးမှာလဲ'

'တပည့်တော် စိတ်ကျေနပ်မှ လက်လွှတ်မှာပါ ဘုရား'

'အခု လေးနှစ်တောင် ကြာသွားပြီ'

'ပြီးတော့ ပြီးပါလိမ့်မယ် ဘုရား'

'မင်း ဟောဒီငြမ်းပေါ်က ဇောက်ထိုး ကျသွားချင်သလား'

မိုင်ကယ်သည် အောက်က ကျောက်ဖြူသားခင်းသည့် ကြမ်းပြင်ကို ငုံ့ကြည့်လိုက်သည်။

'နိုဝင်ဘာလ ၁ ရက်နေ့ ဒီ ခရစ်ယာန် ဘုရားရှိခိုးကျောင်းထဲမှာ ဆုတောင်းဝတ်ပြုပွဲ လုပ်မယ်' ဟု ပုပ်က ကြေညာလိုက်သည်။

မိုင်ကယ်သည် အရောင်တွေ ထပ်ထည့်ချင်သေးသော်လည်း အချိန်မရှိတော့သဖြင့် ငြမ်းတွေ ဖြုတ်ခိုင်းလိုက်ရသည်။

နိုဝင်ဘာလ ၁ ရက်နေ့ကို သူတော်စင်များ၏နေ့ဟု ခေါ်သည်။ ထိုနေ့တွင် ရောမ မြို့တော်ရှိ မင်းစိုးရာဇာတို့သည် ဝတ်ကောင်းစားလှများ ဆင်ယင်လျက် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို ပုပ်က သိဒ္ဓိ တင်သည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

မိုင်ကယ်သည် ထိုနေ့၌ နံနက်စောစော ထ သည်။ စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ မသွားဘဲ သူ့အိမ် ဆင်ဝင်အောက်သို့ လျှောက်လာခဲ့သည်။ ကတ္တရာစေးသုတ် အဝတ်ဖုံးထားသည့် ကျောက်ဖြူတုံးကြီးတွေ ရှေ့မှာ ရပ်လိုက်သည်။ သည်ကျောက်တုံးကြီးတွေကို အရုပ်ထုဖို့ သူ စောင့်လာခဲ့သည်မှာလည်း ခုနစ်နှစ် ကြာခဲ့လေသည်။ ဖုံးထားသည့် အဝတ်ကို ဆွဲချလိုက်သည်။ တူနှင့် ဆောက်ကို ကိုင်တဲ့ပြီး အလုပ်စတော့သည်။ ကျောက်ဖြူသားမှ ကျောက်မှုန်တွေ အရောင်ထဲမှာ တလက်လက်ပျံနေသည်။ မိုင်ကယ်သည် မောခဲ့ရသမျှ၊ စိတ်မချမ်းသာခဲ့ရသမျှတွေ အားလုံး လျှော့ကျ ကင်းစင်သွားတော့သည်။

ယိုင်လီယာနို ဒီမီချီ၏ ရုပ်တု (ဖလော်ရင့်)



# အခန်း ၈
# မိဒိချီ အမျိုးအနွယ်များ

စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပန်းချီပြီး၍ လ အနည်းငယ် အတွင်းမှာပင် ပုပ်ဂျူးလီးယ ကောင်းကင်ဘုံ၌ အိပ်ပျော်တော်မူသည်။ ထိုအခါ မဟာလော်ရင်ဇို၏သား ဃိုင်အိုဗန်နီမှာ ပုပ်အဖြစ် တင်မြှောက်ခံရသည်။ ဖလော်ရင့်မြို့တော်သားတစ်ဦး ပုပ်အဖြစ် ရသည်မှာ ပထမအကြိမ် ဖြစ်သည်။ ပုပ်လီယိုအမည်ခံယူသည်။

မိုင်ကယ်သည် ပုပ် ဝတ်ပြုခံယူရန် မြို့တော်တွင်း လှည့်သည့် အခမ်းအနားကို လေဟာပြင် နေရာမှနေ၍ ကြည့်သည်။

ပုပ် ဂျူးလီးယ ကောင်းကင်ဘုံ၌ အိပ်ပျော်တော်မမူမီပင် မိုင်ကယ်အားအခကြေး အသပြာများ ပေးခဲ့သဖြင့် နေစရာ အိမ်၊ ဥယျာဉ်ခြံဝင်း ဝယ်ယူထားသည်။ အိမ်ဝင်းထဲမှာပင် အလုပ်လုပ်ခန်း ထား၍ တပည့်များနှင့် အတူ ပန်းပုထုနေနိုင်သည်။ အနေအထိုင်မှာလည်း ရှေးကလောက် မဆင်းရဲဘဲ သက်သောင့်သက်သာ ရှိသည်။ သူ၏ နောင်အရေးအတွက်လည်း ပူပန်စရာ မလိုဟု မိုင်ကယ်အောက်မေ့သည်။ ယခု တင်မြှောက်လိုက်သော ပုပ် အသစ်က သူ့အခြွေအရံမင်းညီမင်းသားတွေကို ဤသို့ အမြဲပြောသည်။

'မိုင်ကယ်နဲ့ ငါဟာ ငါ့ခမည်းတော် ရှိစဉ်က အိမ်တော်မှာ အတူတူနေပြီးပညာသင်ခဲ့ကြရတယ်'

မိုင်ကယ်သည် ပုပ် ဂျူးလီးယ၏ သင်္ချိုင်းဂူအတွက် ကျောက်ရုပ်ကြီးများကို ဆက်ထုနေသည်။ အရုပ်ကြီးသုံးခု ထုရမည်ရှိရာ တစ်ခုမှာ မောရှေ၏အရုပ်ဖြစ်သည်။ ဘုရားသခင်ထံမှ ပညတ်တော် ၁၀ ပါးကို ကျောက်စာဖြင့် ထွင်းထားသည့် ကျောက်ပြားကြီးများကို ပိုက်လျက်သား တွေ့မြင်ရသည်။ အသူတစ်ရာ နက်သည့် ချောက်ကြီးမက နက်ရှိုင်းသော အတွေးအခေါ်များသည် မီးလျှံ တက်ကြွသည့်နှယ် မောရှေ၏ မျက်လုံးများ စိုက်ကြည့်နေဟန် သရုပ်ဖော်သည်။ မောရှေ၏စိတ်၌–

"ငါတို့၏ လူမျိုးများသည် ကိုယ့်ကိုယ်ကိုယ် ပြန်ဖျက်ဆီးခြင်း မပြုကြကုန်အံ့။ ဘုရားသခင်၏ ပညတ်တော်များကို လိုက်နာခြင်းဖြင့် လူမျိုး တည်တံ့စေအံ့" ဟူသော ခံယူချက် သန္နိဋ္ဌာန်ကို ခိုင်မြဲစွာ ဖောက်ချသော အသွင်ကို ဆောင်သည်။

မိုင်ကယ် ရောမမြို့သို့ ရောက်ခါစ လွန်ခဲ့သော ၁၈ နှစ်က စ၍ သိကျွမ်းခဲ့သော ဘဏ်သူဌေး ဖော်လ်ဒူချီက မိုင်ကယ်အား အကြံဉာဏ်ပေးသည်။ ကောင်းကင် ဘုံမှာ အိပ်ပျော်တော်မူသွားသော ပုပ်ဂျူးလီးယနှင့် ချုပ်ဆိုခဲ့သည့် သချိုင်းဂူ ဆောက်လုပ်ရေးစာချုပ်ကို ပုပ်၏ အဆက်အနွယ် ရိုဗီးယား မိသားစုတို့နှင့် ပြန်၍ အသစ်ချုပ်ဆိုရန် အကြံပေးသည်။ သို့မှသာ မိုင်ကယ်အဖို့ အချိန်ယူနိုင်မည်။ အသပြာ အခကြေးလည်း ပိုရမည်။ ယခု တက်လာသည့် ပုပ် လီယိုကလည်း ရိုဗီးယားတို့အား ဝင်၍ သြဇာပေးသည်။ စာချုပ်အသစ်အရ မိုင်ကယ် နောက်ထပ် ခုနစ်နှစ် အချိန်ရသည်။ မိုင်ကယ်သည် ရှစ်ပေမျှရှိသော မောရှေ၏ ရုပ်တုကြီးကို ဆက်ထုသည်။

ထိုအတောအတွင်း စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်း နံရံပန်းချီကားမှာလည်း ယခင်က ဒေးဗစ် ရုပ်တုတုန်းကကဲ့သို့ပင် ဂုဏ်သတင်း ကျော်ကြားသည်။ ပုပ်ရဟန်းမင်း နန်းတက်ပွဲသို့ ဥရောပ အတိုင်းတိုင်း အပြည်ပြည်မှ အနုပညာသည်များ လာရောက်ကြည့်ကြသည်။ ပန်းချီကားကို ကြည့်ကာ အံ့သြကြသည်။ ကမ္ဘာ့ဆရာကြီးဟု အမည်ပေးကြသည်။

ဗရာမန်တေမှာလည်း သူ ဆောက်လုပ်သည့် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးက နံရံများ ကွဲအက်ကုန်သဖြင့် နာမည်လျှော့ကျသည်။ သူ ကွယ်လွန်သွားသဖြင့် ရေဖယ်ကို ဆက်၍ ဆောက်လုပ်စေသည်။

ပုပ်လီယိုသည် ပုပ်ရဟန်းမင်းစည်းစိမ်ကို အပြည့်အဝ ခံစားဖို့ ရည်ရွယ်သည်။ 'ဘုရားသခင်က ဒီရာထူးနဲ့ ဒီစည်းစိမ် ပေးထားတာ အပြည့်အဝ ခံစားဖို့ ရှိတာပဲ' ဟု ဆိုသည်ကို မိုင်ကယ် ကြားလိုက်ရသည်။

ရွှေတိုက် ငွေတိုက်မှ အသပြာတွေ ဒလဟောသွန်၍ သုံးသည်။ ကောင်းကင် ဘုံ၌ အိပ်ပျော်တော်မူသည့် ပုပ်ဂျူးလီးယက စစ်တိုက်၍ ငွေ ဖြုန်းသလို လီယိုကလည်း အပျော်အပါးနှင့် အနုပညာအတွက် သန်းချီ၍ သုံးသည်။ အီတလီပြည်တွင် မီဒီချီ အမျိုးအနွယ် ပုပ်လီယို ဖန်ဆင်းသည့်ခေတ် ဖြစ်တော့သည်။ လီယို၏ညီသည် ဖလော်ရင့်မြို့တော်၌ အုပ်စိုးနေသည်။

စက်တင်ဘာလတွင် ဂီအူလီယန်နိုအား ရောမမြို့စား အဆောင်အယောင် အပ်နှင်းပွဲ ကျင်းပသည်။ ကွန်တက်စီနာနှင့် ခင်ပွန်း ရီဒိုလ်ဖီနှင့် သားများနှင့်တကွ

အခြား ညီအစ်ကို မောင်နှမတွေ စုကြသည်။ ပွဲတွေ လမ်းတွေ တခြိမ့်ခြိမ့် အကြီးအကျယ် ခံကြသည်။

ကွန်တက်စီနာသည် သူ့မောင် ပုပ်လီယိုရဲ့ နန်းတော်ကြီးကို ဦးစီး အုပ်ချုပ်စီမံသည့် နေရာကို အရယူသည်။ သူ့အစ်မကြီးများကိုပင် ဘေးချိတ်ထားပြီး ပုပ်အစိုးရနှင့် ပတ်သက်သမျှ ရာထူးဌာန ဟူသရွေ့ ရစရာရှိသည့် အခွင့်အရေး မှန်သမျှကို သူ့ခင်ပွန်း ရီဒိုလ်ဖီအမျိုးတွေ နေရာရအောင် ကုလားဖန်ထိုးသည်။ ကွန်တက်စီနာသည် နိုင်ငံရေး ဂယက်လှိုင်းများ ကြားတွင် ပြည်နှင်ဒဏ်၊ ဆင်းရဲမွဲတေသည့် ဒဏ်များကို လိုမ့်ခံခဲ့သည်။ ယခုအခါ တန်ခိုးအာဏာ လက်ဝယ်ရနိုင်သည့် အခွင့်အရေးကို လက်မလွှတ်၊ အစွမ်းကုန် အရယူသည်။ မိုင်ကယ်သည် ကွန်တက်စီနာ၏ ဖြစ်ပုံကိုကြည့်ပြီး “ဒီလိုပဲ ဖြစ်ရမှာပဲ” ဟု အောက်မေ့မိသည်။ သို့သော် ပြောင်းလဲသွားလိုက်ပုံကို စိတ်မသက်သာ ဖြစ်မိသည်။

ကွန်တက်စီနာ၏ မင်းပွဲ ညည့်ခံပွဲများကို မိုင်ကယ်သည် တက်သင့်သလောက်သာ တက်ပြီး သူ ထုနေသော အရုပ်များကို ဖော်ပြသည်။ ထို အရုပ်တုများ ပြီးအောင်ထုရမည်ကို အကြောင်းပြပြီး နောက်ထပ်ပွဲများကို မတက်ပါရစေရန် တောင်းပန်လိုက်ရသည်။ မိုင်ကယ်သည် သူ့တပည့်များနှင့် အလုပ်ကိုသာ ဆက်လုပ်နေသည်။ လူသူလေးပါးနှင့် အတွေ့အကြုံ နည်းသည်။

တစ်ခါတော့ဖြင့် ညည့်ခံပွဲတစ်ခုသို့ သွားသည်။ ဗင်ချီကို ဂုဏ်ပြုပွဲ ဖြစ်သည်။ ဗင်ချီကို အိမ်တော်ကြီးတစ်ခု ပေးထားပြီး သူ လုပ်လိုသည့် အလုပ်များ လုပ်နိုင်ရန် အလုပ်ခန်းများ စီမံထားသည်။ မိုင်ကယ်သည် အလုပ်ခန်းများကို လျှောက်ကြည့်သည်။ ပန်းချီဆွဲဖို့ ကိရိယာ တန်ဆာပလာများကို မမြင်ခဲ့ချေ။ ဗင်ချီ တီထွင်ထားသည့် စက်ပစ္စည်းတွေ တွေ့ခဲ့ရသည်။ အတွင်းခုံးဝင်နေသည့် ကြေးမုံမှန်များ၊ သတ္တု ဝက်အူ ဖြတ်စက်များ၊ ငှက်ဖျားတော ဖြစ်နေသော ရောမမြို့အနီး ရွံ့နွံလွင်ပြင်ကြီးကို ရေမြောင်းများ ဖောက်ချမည့်ပုံစံ မြေပုံများ အစရှိသော အဆန်းတကြယ်များအကြောင်း ပြောသံကြားရသည်။ ဗင်ချီသည် သင်္ချာဘာသာ၊ စက္ကုပသာဒနှင့် အလင်းရောင်နှင့် ပတ်သက်သော သိပ္ပံပညာ၊ ရက္ခသိပ္ပံပညာများနှင့် ပတ်သက်၍ လေ့လာစမ်းသပ်လျက် ရှိသည်။

‘သစ်ပင်တွေရဲ့ အသက်ကို သစ်တုံး မျက်နှာပြင်ပေါ်ရှိ အရစ်များကို ကြည့်ပြီး သိနိုင်သတဲ့’

မိုင်ကယ် မြင်ချင်သော ဗင်ချီမှာ လုပသော နံရံပန်းချီများ ရေးဆွဲနေသည့် ဗင်ချီ ဖြစ်သည်။ ဗင်ချီသည် မောပန်း အိုမင်းသောအသွင် ရှိသည်။ ဆံပင်များ

ဖြူနေသည်။ သူတို့နှစ်ဦးကား တစ်ဦးနှင့်တစ်ဦး စိတ်ချင်း အံမကိုက်ကြသော်လည်း တွေ့သောအခါ အားရဝမ်းသာ ဖြစ်ကြသည်။

ဧည့်သည်များ တဖွဲဖွဲ ရောက်လာကြသည်။ မိုင်ကယ်သည် ပြတင်းပေါက်နားမှာ ထိုင်ပြီး တစ်ကိုယ်တည်း နေသည်။ သူ့ကို ဘယ်သူကမှ အရေးမစိုက်ကြချေ။ မိုင်ကယ်သည် ဝမ်းနည်းရမှလား၊ စိတ်ရှုပ်ရမှာလား မသိ ဖြစ်နေသည်။

ဗင်ချီသည် ဧည့်သည်များကို သူ တီထွင်သည့် ပစ္စည်းအဆန်းအပြားတွေနှင့် ဧည့်ခံနေသည်။ လေထိုးထားသည့် တိရစ္ဆာန်ရုပ်များသည် လူတွေ ခေါင်းပေါ် ပျံနေသည်။ အိမ်မြှောင် အရှင်လေးကို ဦးချိုနှင့် မုတ်ဆိတ် ထည့်ပေးထားပြီး ပြဒါးထည့်ထားသည့် အတောင်ပံ တပ်ပေးထားသည်။ 'မီလန်တုန်းက ခြသေ့်စက်ရုပ်တစ်ခု လုပ်တယ်၊ လမ်းလျှောက်တယ်။ ပြီး ခလုတ် နှိပ်လိုက်ရင် ရင်ဘတ် ပွင့်လာပြီး ပန်းတွေထွက်လာတယ်' ဟု ဗင်ချီက ပြောသည်။

မိုင်ကယ်သည် ထိုပွဲတွင် ကြာရှည်မနေနိုင်တော့ဘဲ ပြန်ပြေးလာခဲ့သည်။

*

ကွန်တက်စီနာ၏ ကျန်းမာရေး အခြေအနေမှာ ဆိုးရွားလာသည်။ နွေဦးရာသီတွင် မိုင်ကယ်ထံ အရေးတကြီးခေါ်သည့်စာ ရောက်လာသည်။ မိုင်ကယ် လိုက်သွားရာ သူ့အိပ်ခန်းတွင်းအထိ ဝင်သွားရသည်။ ရာသီဥတု ပူနွေးသည်။ သို့သော် ကွန်တက်စီနာမှာ ဂွမ်းစောင်အထပ်ထပ် ခြုံထားသည်။ မျက်နှာ ဖြူရော်နေသည်။

မိုင်ကယ်ကို လက်ပြ၍ သူ့အိပ်ရာအနား တိုးခိုင်းသည်။ သူ့နံဘေးမှာ ထိုင်ဖို့နေရာ လက်နှင့် ပုတ်ပြသည်။ သူ၏ ညိုမှောင်သော မျက်လုံးများတွင် မျက်ရည်တွေ ရွဲနေသည်။

'မိုင်ကယ်၊ တို့နှစ်ယောက် ဦးဆုံး စပြီး တွေ့ကြတာကို ပြန် သတိရနေတယ်။ ပန်းပုဥယျာဉ်တော်ထဲမှာလေ။ ဒီတုန်းက ကိုယ်က မင်းကို မေးတယ်၊ အလုပ်ကို တပင်တပန်း လုပ်ရတာ အားမကုန်ဘူးလားလို့'

'ဟုတ်တယ်၊ ဒီတော့ ကိုယ်က ဖြေတယ်။ ကျောက်တုံးကို ဖြတ်ရတာ အားမကုန်ဘူး၊ အားပြန်ဖြစ်တယ်လို့'

'အဲဒီတုန်းက အမေနဲ့ အစ်မ ဆုံးသွားပြီးစ မဟုတ်လား။ ကိုယ်လည်း သူတို့လိုပဲ သေလိမ့်မယ်လို့ ထင်ခဲ့တယ်။ မိုင်ကယ်က အားဖြည့်ပေးခဲ့တယ်'

'ဟုတ်တယ်၊ ဒီတုန်းက ပြောတယ်လေ၊ ကိုယ် အနားမှာရှိရင် အားပြည့်လာတယ်တဲ့'

'ဟုတ်တယ်၊ ဒီတော့ မိုင်ကယ်က ပြန်ဖြေတယ်။ ကိုယ် မင်းအနားလာရင် ဘာလုပ်ရမှန်း မသိ၊ စိတ်ရှုပ်တယ်ဆို'

သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။ ကွန်တက်စီနာက တိုးတိုးကလေး ပြောသည်။ 'တို့နှစ်ယောက် စိတ်ထဲရှိတာကို တစ်ခါမှ ဖွင့်မပြောခဲ့ကြဘူးနော်'

မိုင်ကယ်က ကွန်တက်စီနာ၏ ပါးကို အသာကိုင်လိုက်သည်။

'ကွန်တက်စီနာ၊ မင်းကို ငါ ချစ်ခဲ့တယ်'

'ကိုယ်ကလည်း မိုင်ကယ်ကို ချစ်ခဲ့တာပါပဲ။ မိုင်ကယ်ကို တစ်ခါမှ မမေ့ခဲ့ပါဘူး။ အခု ကိုယ့်သားတွေက မိုင်ကယ်ကို စောင့်ရှောက်ပါလိမ့်မယ်'

ဤသို့ ပြောရင်းပင် ချောင်းခြောက်ကြီး ဆိုးရသည်။ ခုတင်ကြီးပါ လှုပ်သွားသည်။ ကွန်တက်စီနာသည် မျက်နှာတစ်ဖက်သို့ လှည့်လိုက်သည်။ နောက် မိုင်ကယ်က သူ့ဘက်သို့ ပြန်လှည့်ဦးမလား စောင့်နေသေးသော်လည်း ပြန်လှည့် မလာတော့ချေ။

မိုင်ကယ်သည် တိုးတိုးလေး နှုတ်ဆက်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

*

ကွန်တက်စီနာ ဆုံးသွားသောအခါ မိုင်ကယ် စိတ်ထိခိုက်ရပြန်သည်။ မောရှေ၏ အပါးတွင် သုံ့ပန်းနှစ်ဦး၏ ပုံကို ထုသောအခါ သူ့စိတ်တွင်း ခံစားရသည့် ဝေဒနာကို ထိုပုံများတွင်းမှာ သွင်းယူသည်။

ပုပ်လီယိုသည် သူ့လက်ထက်တွင် စစ်မတိုက်ရဟု ချမှတ်ထားသည်။ သူက မတိုက်ချင်သော်လည်း အိမ်နားနီးချင်းများက ထိပါးချင်ကြသည်။ သို့ဖြစ်၍ ပြင်သစ်နှင့် စာချုပ်ချုပ်သည်။ ဖလော်ရင့် မြို့တော်သို့ ရောက်လာစဉ် မိုင်ကယ်၏ အမျိုးများကို မြို့စားအဆင့်ပေးပြီး မီဒီချီ အမျိုးအနွယ် တံဆိပ်ဖြစ်သော စက်ဝန်း ခြောက်ခုပါသည့် အလံကို သုံးခွင့်ပေးသည်။ ရောမမြို့တော်သို့ ပြန်ရောက်သော အခါ မိုင်ကယ်ကို ခေါ်ပြောသည်။

ကောင်းကင်ဘုံ၌ အိပ်ပျော်တော်မူသွားသော ပုပ်ဂျူးလီးယ၏ အဆက်အနွယ် ရိုဗီးယား အမျိုးများနှင့် မိုင်ကယ် စာချုပ် ချုပ်ဆိုထားသည့်အတိုင်း ဂျူးလီးယ၏ သင်္ချိုင်းဂူရုပ်တုများ ထုလုပ်နေရသည်။ သို့သော် ယခုတက်လာသည့် မီဒီချီ အမျိုးအနွယ် ပုပ်လီယိုက ထိုအလုပ်ကို ဆက်မလုပ်ဘဲ သူတို့မျိုးရိုးပိုင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း မျက်နှာစာအရုပ်များ ထုရမည်ဟု အမိန့်ပေးသည်။ ရိုဗီးယား အမျိုးတွေက မိုင်ကယ်အပေါ်တွင် စာချုပ်ပျက်မှုနှင့် အရေးမယူရအောင် ပုပ်က တာဝန်ယူသည်။

မိုင်ကယ်သည် လုပ်လက်စဖြစ်သော ဂျူးလီးယ၏ သင်္ချိုင်းဂူအရုပ်များ ပြီးမှ လုပ်ပါရစေဟု တောင်းပန်သော်လည်း မရချေ။ ပုပ်လီယို၏ အာဏာစက်ကို

လွန်ဆန်ရမည်မှာလည်း ရှေးက သူ့ခမည်းတော် မဟာလော်ရင်ဇို၏ ကျေးဇူးက လည်း ရှိခဲ့သေးသည်။ မိုင်ကယ်မှာ သူ့လက်စ အလုပ်များကို စွန့်ဖို့ ဖြစ်ရပြန်သည်။

ပုပ်လီယိုက မိုင်ကယ်ကို ရွှေစတစ်ထောင် ပေးလိုက်သည်။ ကာရာရားသို့ သွား၍ ကျောက်တုံးများ တူးဖော်ဖို့ စီစဉ်ရမည်။

*

ကာရာရားမြို့မှာ ထွက်ကုန်ဆို၍ ကျောက်တုံးတစ်မျိုးသာ ရှိသောမြို့ ဖြစ်သည်။ တောင်ကမ်းပါး တောင်ကြီးများဘေးတွင် ကျောက်ဖြူသားများ ပေါ်နေသည်မှာ နှင်းခဲတွေနှင့် တူသည်။ ကျောက်တွင်းများတွင် လုပ်ကိုင် နေထိုင်သူများသည် ဝိုင်းလုပ်ဝိုင်းစား တစုတဝေး ဆိုးတူကောင်းဖက် နေထိုင်ကြသည်။ တစ်ဦး ချမ်းသာလျှင် အများချမ်းသာသည်။ တစ်ဦး ဆင်းရဲ၍ တေ်လျှင်လည်း အများထို့တူ ဖြစ်သည်။ သူတို့အလုပ်ကား ဘေးအန္တရာယ် များသည်။ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်စကားမှာ "သတိနဲ့ သွားနော်" ဟူသတည်း။

မိုင်ကယ်သည် ကာရာရားမြို့က ကျောက်တွင်းသမားများကို သူ့ ညီအစ်ကိုတွေထက် ခင်မင်သည်။ သူတို့သည် ကျောက်နှင့် အလုပ်လုပ် အသက်မွေးကြရသဖြင့် ကိုယ်နေဟန် သေးကွေးသည်။ သို့သော် အလုပ်ကို မမောမပန်း လုပ်နိုင်သည်။ ခွန်အားရှိသည်။ စကားကို ပြတ်ပြတ် ပြောတတ်သည်။

တစ်နေ့သောနံနက်တွင် မိုင်ကယ်သည် ကျောက်တွင်းသို့ လိုက်ကြည့်သည်။ လွန်ခဲ့သော ဆယ့်တစ်နှစ်ခန့်က ထိုအရပ်မှာပင် ပုပ်ဂျူးလီးယ၏ သင်္ချိုင်းဂူအတွက် ကျောက်တုံးတွေ လာရှာခဲ့ရသည်။ ကျောက်တွင်း ပိုင်ရှင်မှာ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၍ "စီပိုင်း" ဟု ခေါ်ကြသည်။ မိုင်ကယ်ကို အားရဝမ်းသာ ကြိုဆိုသည်။ သူတို့ ကျောက်တုံးများဖော်သည့် နေရာသို့ သွားကြည့်ကြသည်။ တောင်ကမ်းပါးယံ ဆားတွင် ကျောက်သားကြောအတိုင်း လိုက်ကာ သစ်သားသပ်များ ရိုက်သွင်းသည်။ ထိုနေရာတွင် ကျောက်တွင်း အလုပ်သမားများက လီဗာများ၊ တူများဖြင့် သပ်ကို အတွင်းထဲသို့ရောက်အောင် ရိုက်သွင်းနေကြသည်။ ဖိုမင်က 'ကျပြီဟေ့' ဟု အော်လိုက်လျှင် မြေပြန့်ပေါ်တွင် ကျောက်တုံးဖြတ်နေသူများ ဘေးသို့ ပြေးကပ်ကြရသည်။ အပေါ်ဆုံးက ကျောက်တုံးကြီးသည် စွဲကပ်နေသော မြေကြီးထဲမှ ဆွဲနုတ်သလို ထွက်လာပြီး သစ်ပင်ကြီး လဲကျသလို အသံကြီးပြုကာ မြေပြင်ပေါ်သို့ ကျလာလေသည်။ မိုင်ကယ်သည် ထိုကျောက်တုံးကြီးကို ကြည့်ရှုပြီး စိတ်တိုင်းမကျသေးချေ။

'ဒါတော့ ဘုရားသခင် လုပ်ပေးတဲ့ အတိုင်းပါပဲ။ ခင်ဗျား သဘောမကျလည်း ဘုရားသခင်ဆီပဲ သွားပြီး တိုင်ကြားပေတော့' ဟု စိတ်မရှည်နိုင်သော "စီပိုင်း" က ဆိုလိုက်သည်။

မိုင်ကယ်သည် ကျောက်တွင်းတွေကို တစ်တွင်းပြီးတစ်တွင်း လိုက်ကြည့်သည်။ စိတ်တိုင်းကျ မတွေ့သည်နှင့် မြို့တွင်း ပြန်လာပြီး တည်းခိုအိမ်ခန်း တစ်ခုတွင် နားနေသည်။

ထိုအတောအတွင်း ကာရာရား မြို့စားကြီးထံမှ အခေါ်လွှတ်သဖြင့် မိုင်ကယ် လိုက်သွားသည်။ မြို့စားကြီးက မိုင်ကယ်ကို ခေါ်ပြောသည့် ကိစ္စမှာ ကျောက်တွင်းသမားများကိစ္စ ဖြစ်သည်။ ကျောက်များ တူးခိုင်းပြီး မကြိုက်၍ မယူဘဲ နေသည်ကို မကျေနပ် ဖြစ်နေကြသည်။ မိုင်ကယ်ကို "လေအိုးကြီး"ဟု ခေါ်နေကြသည်ဟု ပြောသည်။

မိုင်ကယ်မှာ ပုပ်ထံက ပို့မည်ဆိုသည့် ဒက်ကက်ရွှေစ တစ်ထောင်ကလည်း မရသေးသဖြင့် လောလောဆယ် အဖိုးပေး မဝယ်နိုင်ဘဲ ရှိနေကြောင်း ပြောပြသည်။

ထိုအခါ မြို့စားကြီးက ကျောက်တွင်းပိုင်ရှင်များနှင့် စာချုပ်ထားဖို့ ပြောသည်။ စာချုပ်မှာ နောင်အခါတွင် ရောမမြို့တော်သို့ ကျောက်တုံးများ ပို့ပေးဖို့ ဖြစ်သည်။ ကျောက်တုံး အလုပ်သမားများမှာလည်း မငတ်ရုံ စားနေရသူများ ဖြစ်ရာ သူတို့ဝမ်းဗိုက်ကို ထိလာမည့်သူဆိုလျှင် ဘယ်သူပဲဖြစ်ဖြစ် ရန်သူဟု သဘောထားသည်။

မိုင်ကယ်သည် မြို့စားကြီး အကြံပေးသည့် အတိုင်းပင် ကျောက်တူးသမားများနှင့် စာချုပ်လက်မှတ် ထိုးလိုက်သည်။ ထိုအခါမှ သူ့ကို ထိုအရပ်က လူများက ဖော်ရွေစွာ ဆက်ဆံကြတော့သည်။

သည်ကိစ္စတစ်ခု အေးသွားသော်လည်း မိုင်ကယ် ဘဝင်မကျသည့် ဒုက္ခက ရှိနေသေးသည်။ ကောင်းကင်ဘုံ၌ အိပ်ပျော်သွားသော ပုပ်ဂျူးလီးယ၏ အမျိုးများ ရိုဗီးယားတို့ လူစုက သင်္ချိုင်းဂူကြီးကို မိုင်ကယ် ဆက်မလုပ်နိုင်သော်လည်း ယခု တက်နေသည့် ပုပ်၏ အာဏာစက်ကြောင့် မိုင်ကယ်ကို စာချုပ်ပျက်မှုနှင့် အရေးမယူဘဲ ရှိကြသည်။ သို့သော် သူတို့ စိတ်ထဲကတော့ဖြင့် အတော်ပင် ခံပြင်းနေကြသည်ကို မိုင်ကယ် သိသည်။ ပုပ်လီယိုက မျက်နှာပြောင်ပြောင်နှင့်ပင် ရိုဗီးယားတို့ လူစုကို ပြောလိုက်သေးသည်။

'မိဒီချီ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွက် လုပ်ပေးရင်လည်း ပုပ်ဂျူးလီးယရဲ့ သင်္ချိုင်းဂူကို တစ်ခါတည်း လုပ်ပေးနိုင်ပါတယ်'

ဤကိစ္စမှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်သည်ကို လူတိုင်း သိကြသည်။

ဖလော်ရင့်မြို့တော်မှ ကြားရသည့် သတင်းတွေကလည်း တစ်ခုမှ စိတ်ချမ်းသာဖွယ် မရှိချေ။ ဃီအူလီယန်နို သေသွားသဖြင့် ဖလော်ရင့်မြို့တော်ကို ပိုင်ရိ

မီဒီချီ၏သား လူငယ်လေး လော်ရင်ဇိုက အုပ်စိုးနေသည်။ သူ့ကို နေရာတကာ ကြိုးကိုင် သြဇာပေးနေသူမှာ သူ့အမေ ရောမမြို့သူ အယ်လ်ဖွန်စီနာ ဖြစ်သည်။ ကာဒီနယ် ဃီအူလီယိုကလည်း သြဇာရှိသည်။ မိုင်ကယ်၏ ညီအစ်ကိုများ လုပ်နေသောဆိုင်မှာ အရှုံးထွက်နေသည်။ သူ့ညီ ဗြူအိုနာရိုတိုမှာ ဇနီးမယားနှင့် နေရာကျသွားသည်။ သူ့ဇနီးမှာ သဘောကောင်းပါသည်။ မိုင်ကယ် တွေ့ရင် ခင်မင်မှာပါပဲ ဟု ဗြူအိုနာရိုတိုက စာရေးလိုက်သည်။

ဆောင်းဦးပေါက်တွင် မိုးတွေ ရွာချသဖြင့် ကျောက်တွင်းအလုပ်များ ရပ်နားထားရသည်။ မိုင်ကယ်သည် ရောမမြို့တော်သို့ပြန်၍ ပုပ်လီယိုထံသို့ ခရစ်ယာန် ဘုရားရှိခိုးကျောင်း မျက်နှာစာပုံများကို တင်ပြသည်။ ပုပ်က သဘောကျ၍ ရွှေစ ဒက်ကက် ၂၅,၀၀၀ ပေးရန် သဘောတူသည်။

ကာဒီနယ် ဂီယူလီယိုက ဝင်ပြောသည်။

'ဒါပေမဲ့ တစ်ခုတော့ ပြောရလိမ့်မယ်။ ကျောက်ဖြူတုံးတွေကို ပိုင်တြာစန်ထာက ယူရမယ်။ အဲဒီက ကျောက်သားဟာ အရပ်ထုလို့ အကောင်းဆုံးပဲ'

မိုင်ကယ်က ပြန်ပြောသည်။

'အကောင်းဆုံးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီကိုသွားဖို့ လမ်းမရှိပါဘူး။ ရောမ အင်ဂျင်နီယာတွေ လမ်းဖောက်ဖို့ ကြိုးစားခဲ့တာ မဖြစ်ခဲ့ပါဘူး'

'အို ဒါတော့ သူတို့ဖြစ်အောင် မလုပ်လို့ မဖြစ်တာပဲ'

ဤကိစ္စမှာ ကျောက်တုံးကိစ္စချည်း မဟုတ်၊ တစ်ခုခုတော့ ပါနေပြီဟု မိုင်ကယ် တွေးမိသည်။ ပုပ်က ရှင်းပြသော အခါမှ ဘာကြောင့် ဖြစ်ရသည်ကို မိုင်ကယ် နားလည်သည်။

'ကာရာရား မြို့သားတွေက တို့ကို အာခံချင်တယ်။ ပိုင်တြာစန်ထာက လူတွေက တို့အပေါ်မှာ သစ္စာရှိတယ်။ သူတို့ရဲ့ ကျောက်တုံးတွင်းတွေကို တို့ကို လွှဲပေးထားပြီးပြီ။ ဒီတော့ သယ်ယူပို့ဆောင်ခလောက်နဲ့ အကောင်းဆုံး ကျောက်တွေ ရနိုင်မယ်'

မိုင်ကယ်က ထပ်၍ ကန့်ကွက်ပါသေးသည်။

'အဲဒီနေရာက ကျောက်တွေ တူးလို့တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျောက်တုံးကြီးတွေကို တစ်မိုင်လောက်မြင့်တဲ့ ကမ်းပါးကြီးပေါ်ကနေပြီး ချရမယ်'

'မင်း အခုပဲ အယ်လ်တစ်စီမိုတောင်ကို သွားကြည့်ပြီး ပြန်အစီရင်ခံရမယ်' ဟု နောက်ဆုံး အမိန့်ချလိုက်သည်။

*

မိုင်ကယ်သည် ကာရာရားသို့ ပြန်လာခဲ့သည်။ ပုပ်ထံမှ ကျောက်တုံး ဝယ်ရန် ဒက်ကက် ၁၀၀၀ ရောက်လာသည်။ ထိုအသပြာနှင့် ကျောက်တုံးများကို အရ ဝယ်သည်။ မကြာမီပင် ပုပ်ထံက ကြိမ်းမောင်းစာ လာသည်။ ပိုင်တြာစန်ထာမှ ကျောက်ကိုသာ လိုချင်သည်ဟု ဆိုသည်။

မိုင်ကယ်သည် သူ့ချည်းတစ်ယောက်တည်း မြင်းနှင့် ပင်လယ်ကမ်းခြေ လမ်းမှနေ၍ ပိုင်တြာစန်ထာဘက်သို့ လာခဲ့သည်။ သူ ဘယ်ကို သွားမည်ဟု ဘယ်သူ့ကိုမှ မပြောခဲ့ချေ။ ပိုင်တြာဆန်ထာမှနေ၍ လှည်းလမ်းကျဉ်းကလေးသို့ လိုက်သွားလျှင် ဆီရာဗက်ဇာခေါ် တောင်ပေါ်မြို့လေးသို့ ရောက်သည်။ ထိုနေရာမှာ ကျောက်ဆိုမှ ကျောက်သားချည်း ဖြစ်သည်။ ထိုအရပ်တွင် မိုင်ကယ် တည်းခိုခန်း တစ်ခုမှာ ဝင်အိပ်သည်။

နံနက် အရုဏ်တက်တွင် မိုင်ကယ်သည် ထိုမြို့က လမ်းပြသူငယ်လေး တစ်ဦးကိုခေါ်ပြီး ထွက်လာခဲ့သည်။ လာကြရင်း တဖြည်းဖြည်း လမ်း ဟူ၍ မရှိတော့ဘဲ ချုံပိတ်ပေါင်းတွေကို တိုးဝှေ့ကာ တောင်တန်းများဆီသို့ သွားကြသည်။ တစ်ခါတစ်ရံ ကျောက်တောင်တန်းတွေ အစီအရီ ဖြစ်နေလိုက်ပုံမှာ နတ်သိကြားတွေ ကောင်းကင်က ဆင်းလာဖို့ လှေကားထစ်နှယ် တူနေသည်။

မိုင်ကယ်နှင့် လမ်းပြသူငယ်တို့သည် ထိုသဘာဝ ကျောက်လှေကားထစ်များကို တက်လာခဲ့ကြပြီး မှောင်မည်း စိုထိုင်းသော ချောက်များထဲသို့ တစ်ခါဆင်းကြပြီး နောက်တစ်တောင်ကို ဆက်တက်ရပြန်သည်။ နေ အတော်မြင့်မှ တောင်ထိပ်စွန်း တစ်ခုပေါ်သို့ ရောက်ခဲ့ကြသည်။ အယ်လ်တစ်စီမိုတောင်နှင့် သူတို့ရောက်နေသော နေရာကြားတွင် တောင်ရိုးကုန်းတစ်ခုသာ ခြားတော့သည်။ ထိုမှ အခြားတစ်ဖက်တွင်ကား နက်ရှိုင်းသော ချောက်ကြီးဖြစ်၍ ကြောက်စရာ မြင့်မားသော အယ်လ်ပ် တောင်တန်းများကို မြင်ရသည်။ မိုင်ကယ်သည် ကျောက်တုံး တစ်တုံးပေါ်မှာ ထိုင်ပြီး ကောင်းကင်ထက်ဆီ မော့ကြည့်လိုက်သည်။

'ထာဝရ ဘုရားသခင်နဲ့တကွ ပြင်သစ်စစ်တပ်ကြီးရဲ့ အကူအညီနဲ့ ဒီအထိ လမ်းဖောက်လို့ ရချင်လည်း ရလိမ့်မပေါ့။ ဒါပေမဲ့ ဒါလောက် မတ်စောက်နေတဲ့ ကျောက်နံရံကြီးပေါ် တက်နိုင်အောင် ဘယ်သူများ လမ်းဖောက်နိုင်မှာတဲ့လဲ' ဟု ရေရွတ်လိုက်သည်။

မိုင်ကယ်သည် ကျောက်တုံးများကို သွားကြည့်သည်။ ကျောက်တုံးတွေကဖြင့် အပြစ်အနာမရှိ၊ စင်းလုံးချော အလွန်ကောင်းသည်။ ရှေး ရောမလူမျိုးများ တူးဆွခဲ့သည့် လက်စလက်နများကို တွေ့ရသည်။ မိုင်ကယ်တို့ နှစ်ယောက်သားမှာ ကျောက်တောင်ချောက်ကြား အကွေ့အကောက်တွေထဲ ဖြတ်၍ မနည်းပင်

ခြေမချော်အောင် ကုပ်ဖွဲ့တက်ရသည်။ ထိုနောက် နှင်းခဲများ ပျော်ကျသည့် ရေစီးကြောင်း သဲလမ်းကို ဖြတ်ကျော်လာခဲ့ကြသည်။ "သြော် ရှေးခေတ်က ရောမ အင်ပါယာကြီး တည်ခဲ့တဲ့ လူတွေဟာ ဒါကြောင့်မို့လည်း ဒီကျောက်တုံးတွေနဲ့ မြို့ပြတည်ခဲ့ကြတာပဲ" ဟု မိုင်ကယ် တွေးမိသည်။ သူ့အဖို့မှာကား သူ့လက်တွေက ဆောက်နှင့်တူ ကိုင်ပြီး ထွင်းလိုက်ချင်လှသည်။ သည်လို ကြည်လင်သန့်ပြန့်သည့် ကျောက်မျိုး သည်တစ်ခါပင် တွေ့ဖူးသည်။

ညနေ မမှောင့်တမှောင် အချိန်တွင် မြို့သို့ ပြန်ရောက်လာခဲ့သည်။ သူလျှောက်နေကျလမ်း လျှောက်လာခဲ့ရာ သူနှင့် ခါတိုင်း ခင်မင်နှုတ်ဆက်နေကျလူတွေက သူ့ကို အရေးမလုပ် မမြင်ချင်ယောင် ဆောင်နေသည်။ သို့ဖြစ်၍ ပရဆေးပိုင်ရှင် မိတ်ဆွေထံဝင်၍ 'ဘာဖြစ်ကြတာလဲ' ဟု မိုင်ကယ်က မေးရာ အဖြေကို သိရတော့သည်။

'ဘာဖြစ်ရမလဲ၊ ခင်ဗျား ဟို အယ်လ်တစ်စီမိုတောင်ကို သွားကြည့်တယ် မဟုတ်လား။ ပိုင်တြာစန်ထာမြို့မှာ ကျောက်တွင်းတွေဖွင့်ရင် ဒီမြို့သားတွေ ငတ်ကုန်မှာပေါ့'

ထိုအခါ မိုင်ကယ်က ပြန်ပြောလိုက်သည်။ 'ကိစ္စမရှိပါဘူး၊ ပုပ် ရဟန်းမင်းဆီ တင်ပြပါ့မယ်။ အဲဒီက ကျောက်တုံးတွေ ချလို့ ဘယ်နည်းနဲ့မှ မရနိုင်ပါဘူး လို့'

မိုင်ကယ်သည် ကာရာရား ကျောက်တွင်းများမှ လှည်းအစီး ၅၀ တိုက် ကျောက်တုံးများ ထပ်ဝယ်ယူပြီး ပုပ်ရဟန်းမင်းထံ အစီရင်ခံလိုက်သည်။ သို့သော် အဖြေမှာ ပိုင်တြာစန်ထာမှ ကျောက်တုံးနှင့်မှ လုပ်ရမည်ဟု ပြန်လာသည်။

မိုင်ကယ်သည် ပိုင်တြာစန်ထာမြို့တွင် ငှားနေဖို့ အိမ်သွားရှာသည်။ သူပြန်လာ၍ တစ်နာရီအတွင်းမှာ အိမ်ရှေ့လမ်းမတွင် လူတွေ ညံစီညံစီ လုပ်နေကြသည်။ သူသည် ပြတင်းပေါက် အခန်းဆီးနောက်ကနေ အသာ အကဲခတ်နေသည်။ လူစုထဲက တစ်ယောက်က သူ့ကို မြင်လိုက်သည်နှင့် 'ဟော့ ဟိုမှာ လေအိုးကြီး၊ လေအိုးကြီး' ဟု အော်ကြသည်။

မိုင်ကယ်သည် ပြတင်းပေါက်ဖွင့်ပြီး လက်နှင့်ကာ၍ အော်ပြောသည်။ 'ဒီကိစ္စ ကျွန်တော် ဘယ်လိုမှ မတတ်နိုင်ပါဘူး။ ကျွန်တော်လုပ်တဲ့ ကိစ္စလည်း မဟုတ်ပါဘူး၊ ယုံကြပါ'

'ခွေးသား၊ အားတိုင်းမွေး၊ တို့ကို ရောင်းစားတာ မဟုတ်လား'

'ခင်ဗျားတို့ဆီက ကျောက်တွေလည်း ဝယ်သားပဲ။ ဒီကိစ္စမှာ ကျွန်တော်ကတောင် ပိုပြီး နစ်နာပါသေးတယ်' ဟု မိုင်ကယ်က အော်ပြောသည်။

'ခင်ဗျားက ဘာနစ်နာတာလဲ၊ ငတ်မှ ငတ်သေးတာမှ မဟုတ်ဘဲ'

နောက်တစ်ခဏတွင်ကား လက်ပေါင်းများစွာတို့ အထက်သို့ မြောက်တက်လာကြပြီးလျှင် ကျောက်ခဲတွေ မိုးသီးမိုးပေါက်ပမာ ကျလာတော့သည်။ မိုင်ကယ်၏ နဖူးကို ခဲကြီးတစ်လုံး လာမှန်ရာ သွေးတွေ စီးကျသည်။ မိုင်ကယ်သည် သွေးကို သုတ်တောင် မသုတ်ဘဲ ရပ်နေသည်။ လူများလည်း ခဏနေပြီး လူစုကွဲ ပြန်သွားကြသည်။ ကျောက်ခဲ၊ မှန်ကွဲတွေ စုပုံကျန်ခဲ့သည်။

မိုင်ကယ်သည် ပိုင်တြာစန်ထာမြို့တွင် နေစရာအိမ် ငှားရသည်။ ကာရာရားမြို့မှ ကျောက်တွင်း အလုပ်သမားများ ခေါ်ယူ၍ မရဘဲ ဖြစ်နေသည်။ သူ့ကို ဝိုင်းပယ်ထားကြသည်။

ကာရာရား မြို့သားများသည် မိုင်ကယ် ဝယ်ပြီး၊ ငွေချေပြီး ကျောက်တုံးများကိုပင် ရောမသို့ တင်ပို့မပေးဘဲ နေကြသည်။ မိုင်ကယ်သည် ကြံရာမရသဖြင့် ဆက်တီညင်နိုသို့ သွား၍ မိတ်ဆွေဟောင်း တိုပိုလီနိုတို့ထံ သွား အကူအညီတောင်းရသည်။ သူတို့လူစုမှာလည်း သူတို့အလုပ်နှင့် သူတို့ မအားဘဲ ရှိနေသည်။ သို့သော် သားအငယ်ဆုံး ဂီလ်ဘတ်တိုကို မိုင်ကယ်နှင့် ထည့်လိုက်သည်။

ထိုနောက် နေ့ဆက်ရက်ဆက်ပင် အလုပ်လုပ်ရာ ကျောက်ဖြတ်သမား ၁၂ ဦး ရခဲ့သည်။ သူတို့မှာ ဘာမှ အတွေ့အကြုံ ကျွမ်းကျင်မှု လုံးဝ မရှိချေ။ ဖြိုရမည့် တောင်ကြီးကလည်း မချိမဆံ့ အားကြီးလိုက်ပါဘိသနှင့်။ မိုင်ကယ်မှာ လက်မှိုင်ချရပြန်သည်။ ဖလော်ရင့်မြို့သို့ ပြန်၍ လူရှာရန် ထွက်လာရာ အလုပ်အားနေသော ပန်းပုဆရာ ဘင်တီနှင့်တွေ့၍ ခေါ်လာခဲ့သည်။

မိုင်ကယ် ဖလော်ရင့်မြို့သို့ ရောက်နေစဉ် သတင်းတစ်ခု ရရှိပြန်သည်။ မြို့တော်ကြီး၏ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး ပြင်ဆင်ဖို့ကိစ္စ ရှိနေရာ မိုင်ကယ်ပင် ကြည့်ရှု၍ ကျောက်တုံးများ ရအောင် ဆောင်ကြဉ်းပေးရမည်ဟု ပုပ်က အမိန့်ချမှတ်သည်။ သိုးမွေးကုန်သည်ကြီးများ အသင်းက လမ်းဖောက်သည့်ကိစ္စတွင် အသပြာကြေးများ ကူပံ့မည်။

မိုင်ကယ် ယခုတစ်ခေါက် သူ့မြို့ ပြန်လာရသည်မှာ စိတ်ချမ်းသာစရာများ မြင်တွေ့ရသည်။ သူ့ညီ၏ဇနီးမှာ ပထမ သမီးတစ်ယောက် မွေးပြီး နောက်ထပ် သားလေး ဝဝဖြိုးဖြိုးတစ်ယောက် ရပြန်သည်။ သူတို့ အမျိုးအနွယ် ဆက်ပေးမည့်သူတော့ ပေါ်လာပေပြီဟု မိုင်ကယ် ဝမ်းမြောက်မိသည်။

*

သိုးမွေးကုန်သည်ကြီးများအသင်းမှ လုပ်ငန်းများကို ကူညီအုပ်ချုပ် စီမံပေးရန် ဗိုင်ရီဆိုသူကို လွှတ်လိုက်သည်။ သို့ဖြစ်၍ မိုင်ကယ်၏အိမ်တွင် ဗိုင်ရီ၊ ဂီလ်ဘတ်

တိုနှင့် ဘင်တီတို့ လာနေကြသည်။ မိုင်ကယ်သည် ထိုအရပ်၏ မြေပုံကိုဆွဲပြီး နောက် ကျောက်များ တူးဖော်ရမည့် နေရာသို့ ရောက်အောင် အလွယ်ကူဆုံး သွားနိုင်မည့် လမ်းကြောင်းတစ်ခု ချမှတ်ထားသည်။ ထိုနောက် အလုပ်သမားများ ကို တောင်ကမ်းပါးယံတစ်လျှောက် ပြိုမကျနိုင်အောင် ခိုင်ခံ့သည့် လမ်းကြောင်း တစ်ခု ထွင်းဖောက်စေသည်။ ကျောက်တုံးများကို ပင်လယ်ကမ်းအထိ ရောက် အောင် သံပေါင်များတင်သည့် လှည်းများဖြင့် သယ်ယူရမည်ဖြစ်ရာ ပန်းပဲမီးဖိုများ တည်ဆောက်ရသည်။

တောင်ပေါ်ထိပ်ဆုံး၏ အောက်နားတွင် မိုင်ကယ်သည် ကြည်လင် ချော မွတ်သော ကျောက်ဖြူသား အတုံးကြီးကို တွေ့သည်။ အလုပ်သမားများကို တောင် ထိပ်ပေါ်တွင် မြေညှိခိုင်းသည်။ ထိုအခါကျမှ ကျောက်တုံးကြီးမှာ ကျောက်ဖျာ တပြင်နဲ့ကြီးဖြစ်၍ ထုအားဖြင့် ကမ်းပါးယံကြီးတစ်ခုလုံး ဖြစ်သည်ကို တွေ့ရလေ သည်။ မိုင်ကယ်မှာ ဝမ်းသာ၍ မဆုံးနိုင် ဖြစ်နေသည်။

'တို့ လုပ်ဖို့ကတော့ ကမ္ဘာဦးကတည်းက ရှိနေတဲ့ ဟောဒီကျောက်တုံး ကြီးကို ခွာထုတ် ဖြတ်တောက်ယူဖို့ပဲ' ဟု ပြောသည်။

ဘင်တီက ခြောက်မိုင်မျှ ကွာဝေးသော ပင်လယ်ကမ်းခြေသို့ မျှော်ကြည့် လိုက်သည်။

'ပြီးတော့ ဒီတောင်ပေါ်ကနေပြီး အောက်ချကြပေါ့'

လုပ်ငန်းအစတွင် အချိန်ကုန်သလောက် အရာမရောက်ဘဲ ဖြစ်ရသည်။ ကာရာရား မြို့သားများအား ကျောက်တူးဖော်နည်းကို မိုင်ကယ်က ကြိုးစားသင်ပြ ပေးသည်။ ကျောက်ဖြူတုံးများကလည်း အကဲခတ်ဖို့ မလွယ်လှချေ။ အကိုင် မတော်လျှင် ကြေကျကုန်သည်။ အလုပ်သမားတွေကလည်း မကျွမ်းကျင်ကြ။ အလေ့အကျင့် မရှိကြသဖြင့် တစ်လလုံး လုပ်သော်လည်း သုံးနိုင်သည့် ကျောက်တုံး တစ်တုံးမှ မရဘဲ ရှိသည်။

ဖလော်ရင့် မြို့တော်မှ လမ်းဖောက်မည့်သူ ရောက်လာသည်။ သို့သော် သူ ဖောက်မည်ဟု ရေးဆွဲထားသော်လည်း လမ်းမှာ အယ်လ်တီစီမို တောင်ခြေသို့ ရောက်အောင် ဖောက်မည် ဖြစ်သည်။ ကျောက်များ တူးဖော်နေရာသို့ မရောက်ဘဲ ရှိသည်။ မိုင်ကယ်က ပြောသော်လည်း နားမထောင်ချေ။ လမ်းဖောက်သည့် အလုပ်က သူ့အလုပ် ဖြစ်သည်။ မိုင်ကယ်က ဘာမှ ဝင်ပြောရန်မလိုဟု ဆိုသည်။

မိုင်ကယ်သည် ထိုကိစ္စကို ပုပ်ထံ တိုင်ကြားလျှင် နောက်ထပ် လမ်းဖောက် မည့်သူ အသစ် ပို့ချင်ပို့မည်။ သို့သော် သည်လိုလူမျိုးပဲ ဖြစ်နေလျှင် အကြောင်း မထူးဟု အောက်မေ့သည်။ သို့ဖြစ်၍ သူ့ဘာသာသူပင် လမ်းဖောက်ရတော့မည်။

မိုင်ကယ်သည် မြေပုံဆွဲ၍ လမ်းအတွက် သပ်များ ရိုက်ချမှတ်သည်။ နေရာ နှစ်နေရာတွင် ကျောက်ဆောင်ကြီးကို တက်လိုက် ဆင်းလိုက် လမ်းမ ဖောက်ထွင်းလျက် ဥမင်လမ်း လုပ်သည်။ လမ်းအဆုံး နေရာကို တောင်ချောက်ကြား နှစ်ခု၏ အောက်ခြေကို ရွေးထားသည်။ ထိုနေရာမှနေ၍ ကျောက်တုံးများကို အောက်သို့ ချရမည်။

ထိုအတောအတွင်း ဗိုင်ရီက ငွေကုန်ပြီဖြစ်၍ လမ်း ဆက်ဖောက်ရန် မဖြစ်တော့ဟု ပြောသည်။ ထိုအခါ မိုင်ကယ်က သူ့အတွက် ရဖို့ငွေထဲမှ ထုတ်သုံးဟု ပြောလိုက်သည်။ ပြန်မရချင်လည်း နေပစေ။ သည်ကျောက်တုံးတွေ တူးပြီး ယူပေးမှ သူလုပ်ချင်သည့် ပန်းပုအလုပ်ကို လုပ်ရတော့မည်။

နေထွက်မှ နေဝင် မိုင်ကယ်သည် လားတစ်ကောင်နှင့် တောင်ပေါ် တက်ချည်ဆင်းချည် လုပ်နေရသည်။ စက်တင်ဘာ လလယ်လောက်တွင် လမ်းကို သွားလို့လာလို့ ရသည်။ ထို့ပြင် ကြီးမားသော ကျောက်တုံးကြီး တစ်တုံးလည်း တူးဖော်လို့ရပြီး ဖြစ်နေသည်။

မိုင်ကယ်သည် ထိုကျောက်တုံးကို တောင်ချောက်ကမ်းပါးမှ နေ၍ အောက်သို့ချရန် စီမံသည်။ ကျောက်တုံးကြီးများကို ကြိုးများနှင့် အနံနှင့်အလျား တစ်လျှောက် အထပ်ထပ် ရစ်ပတ်ထားသည်။ ထို့နောက် တုတ်နှင့် ကော်၍ သစ်သားလိမ့်တုံးများပေါ်သို့ တင်ရသည်။ လျှောချမည့်နေရာ တစ်ဖက်တစ်ချက်တွင် သပ်များကို အပြင်ရှည်ထွက်နေအောင် ရိုက်ထားသည်။ ကျောက်တုံးကြီးမှာ ချည်ထားသောကြိုးနှင့် သပ်ကို ချည်ထားသည်။

အလုပ်သမား ၃၀ ခန့်တို့သည် ထိုကျောက်တုံးကြီးကို ဆွဲကြသည်။ နောက်နားက အောက်ခံဆွဲ သစ်သားတုံးကို ဆွဲထုတ်ပြီး တစ်ဖန် ရှေ့ဘက်က ပြန်ခံရသည်။ အလုပ်သမားများက ကျောက်တုံးကို တအားဆွဲထားပြီး အောက်သို့ သပ်များ ရိုက်ထားသည့်နေရာ တစ်ထစ်လျှောကျစေသည်။ ထိုနေရာတွင် တစ်ဖန် ကြိုးတွေနှင့် ခိုင်ခိုင်ချည်ရာ ခုခံစရာ သစ်တုံးတွေနှင့် ခုထားရသည်။ ဤနည်းအတိုင်း တစ်ထစ်မှတစ်ထစ် ချပေးရသည်။ မိုင်ကယ်သည် အလုပ်သမားများကို အနားကနေ၍ ညွှန်ပြပေးသည်။ နေမြင့်လာသောအခါ ချွေးတလုံးလုံးနှင့် တပင်တပန်း လုပ်ကြရသည်။

ညနေစောင်းလျှင် လမ်းပေါ်သို့ ရောက်ဖို့ ကိုက်သုံးဆယ်ကျော်မျှသာ လိုတော့သည်။ လမ်းပေါ်ရောက်လျှင် နွား ၃၂ ကောင်ဆွဲသည့် လှည်းပေါ်တင်ပြီး ဆွဲရုံသာ လိုတော့သည်။ မိုင်ကယ်မှာ ဝမ်းသာအူမြူးနေသည်။

ထိုအချိန်တွင် အထိတ်တလန့် ကြုံရသည်။ ပီစာမြို့သား ဂျိနို အမည်

ရှိသော လူငယ်လေးသည် ကျောက်တုံးကြီးရှေ့နားတွင် လိမ့်သစ်တုံး သွင်းနေစဉ် ကြိုးပြတ်သံ၊ ကျိုးပဲ့သံများ ကြားလိုက်ရပြီး ကျောက်တုံး သူ့ဘာသာ လိမ့်ဆင်း လာသည်။ အလုပ်သမားတွေက 'ဂျိနို ဖယ်ပေး၊ ဖယ်ပေး' ဟု အလန့်တကြား အော်ကြသည်။

သို့သော် ကျောက်တုံးကြီးသည် ဂျိနိုအပေါ်သို့ လိမ့်ဆင်းပြီး မိုင်ကယ်ဘက် သို့ ယိမ်းထိုးဆင်းလာသည်။ မိုင်ကယ်သည် တစ်ဖက်သို့ ခုန်လိုက်ရာ တောင် ကမ်းပါးယံမှ အတော်ဝေးဝေး လိမ့်ဆင်းသွားသည်။ လူတွေ ကြက်သေ သေပြီး ရပ်ကြည့်နေကြစဉ်မှာပင် ကျောက်တုံးကြီးသည် သူ့အရှိန်နှင့်သူ လိမ့်ဆင်းသွားရာ လမ်းပေါ်တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲကျတော့သည်။

ဂျိနိုမှာ ထိုနေရာမှာပင် ပွဲချင်းပြီး ဆုံးရှာတော့သည်။

*

မိုးများ ကျလာသဖြင့် အလုပ် ရပ်ထားရသည်။ အလုပ်သမားများ အိမ်ပြန်ကြ သည်။ မိုင်ကယ်အတွက် ထုတ်ပေးထားသည့် ဒင်္ဂါးကက် ရွှေစ ၈၀၀ ထဲက ဆွဲသုံး လာခဲ့သည်မှာ ကုန်ရုံမက အစွန်းပင် ထွက်နေသည်။ ကျောက်တုံးလည်း တစ်တုံးမှ မရသေးချေ။

ဂျိနို၏ အသုဘတွင် ကာရာရား ကျောက်တွင်းမှ လူတွေ လာရှာကြသဖြင့် မိုင်ကယ် စိတ်သက်သာရသည်။ ကာရာရားမှ ပရဆေးဆရာ ပယ်လစ်ရှာက မိုင်ကယ်၏ လက်မောင်းကိုဆွဲ၍ သုသာန်မှ ထွက်လာခဲ့ရင်း ပြောသည်။

'တို့ ကာရာရား မြို့သားတွေ အခုမှ စိတ်မကောင်း ဖြစ်ကြတယ်ကွာ။ မင်းအပေါ်မှာ တို့ မတရားခဲ့ဘူး။ သို့ပေမဲ့ တို့လည်း ဒီကျောက်တွင်းဖွင့်တော့ တို့ဆီက ကျောက်တွေ မယူကြလို့ နစ်နာပါတယ်ကွာ'

ကာရာရားမှ လေ့သမားများသည် မိုင်ကယ် သူတို့ဆီက ဝယ်ယူပြီး၊ ငွေချေပြီး ကျောက်တုံးများကို ဖလော်ရင့်သို့ အရောက်ပို့ပေးကြတော့မည်။ မိုင်ကယ်သည် အထုပ်အပိုးပြင်ပြီး ဖလော်ရင့် မြို့တော်သို့ ပြန်လှည့်ခဲ့ပြန်သည်။ သူ အလုပ်လုပ်ဖို့ အလုပ်ခန်းတစ်ခု ဆောက်သည်။ စိတ်နှလုံး မချမ်းသာလှသဖြင့် ပန်းပုထုချင်သည့်စိတ်ပင် မရှိသေးဘဲ ဖြစ်နေသည်။

ဖေဖော်ဝါရီလမှ သူ့အလုပ်ခန်း ဆောက်ပြီးစီးသည်နှင့် ပုပ်ဂျူးလီးယ ၏ သင်္ချိုင်းဂူအတွက် ကာရာရားမှ ကိုးပေ ကျောက်တုံးကြီးများကို သယ်ယူ ရသည်။ ယခုအတိုင်းဆိုလျှင် မိဒီချီ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွက် လိုသည့်ကျောက်တုံးများ တူးဖော်ဖို့အတွက်သာ ပိုင်တြာဆန်ထာသို့ ပြန်ရုံ ရှိသည်။ ထို့နောက် သူဆောက်ထားသည့် အလုပ်ခန်းမှာပင် မိဒီချီတို့ အတွက်ရော၊ ပုပ် ဂျူးလီးယအတွက်ပါ တစ်ပြိုင်နက်တည်း အလုပ် လုပ်နိုင်လိမ့်မည်။

မိုင်ကယ်သည် မီဒီချီတို့အတွက် ဆန်လော်ရင်ဇို ခရစ်ယာန် ဘုရားရှိခိုးကျောင်း မျက်နှာစာပုံ အသေးစားလုပ်သည်။ ဖယောင်းဖြင့် သွန်းလုပ်မည့် ရုပ်တုပုံများ လုပ်သည်။ ပုပ်လီယို သဘောကျ၍ ဒက်ကက် ရွှေစ ၄၀,၀၀၀ ပေးမည်၊ ရှစ်နှစ်အတွင်း ပေးမည်ဟု စာချုပ်သည်။


ပိုင်တြာဆန်ထာ ကျောက်တွင်းများအတွက် အလုပ်သမား ရဖို့ကိစ္စမှာ မိုင်ကယ် ထင်သလောက် မခဲယဉ်းသည်ကို တွေ့ရသည်။ မတော်တဆ ဖြစ်၍ ဂျီနို သေသည့်ကိစ္စကြောင့် သူတို့ ကြောက်ပြီး နောက်မဆုတ်ကြချေ။ ဤအရပ် ဤနေရာတွင် ကျောက်တွင်းလုပ်ငန်းဖွင့်ဖို့ ကိစ္စအတွက် အကြမ်းဆုံး အခဆိုးဆုံး အလုပ်မှာ ပြီးစီးသွားပြီဟု ယူဆကြသည်။ မိုင်ကယ်မှာ ဂျီနို သေဆုံးသည့်အတွက် စိတ်မကောင်း ဖြစ်လှသည်။ ကျောက်တုံးသယ်ယူရာတွင် ကိုင်တွယ်ရမြဲအောင် သံကွင်းကြီးများ ကျောက်တုံးထဲ ရိုက်သွင်းသည်။

ပုပ်ကို သွားပြောကြသူတွေ မှန်သည်။ ဤနေရာ အရပ်တွင် ကျောက်ဖြူတုံးတွေ တူးဖော် သုံးချင်တိုင်းသုံး၊ နောက် နှစ်ပေါင်းတစ်ထောင်လောက်တော့ တစ်ကမ္ဘာလုံး သုံးနိုင်သည်။ နောက်ထပ် မတော်တဆ ထိခိုက်ရှနမှုတွေလည်း မဖြစ်တော့ချေ။ မကြာမီပင် လှပချောမွတ်သော ကျောက်ဖြူတုံးကြီးများကို လှည်းများဖြင့် ပင်လယ်ကမ်းသို့ သယ်ယူကာ လှေကြီးများပေါ်သို့ တင်နိုင်ကြသည်။

ဤသို့ အလုပ်ချောမော ပြေပြစ်နေစဉ်မှာပင် မိုင်ကယ်ကို ဖလော်ရင့်မြို့သို့ ပြန်လာခဲ့ရမည်ဟု ဆင့်ခေါ်ပြန်သည်။ မိုင်ကယ်သည် မီဒီချီ အိမ်တော်ကြီး

---

မိုင်ကယ် ရေးခြစ်ထားတဲ့ ကျောက်တုံးတစ်တုံး၏ ပုံကြမ်း



သို့ သွား၍ ကာဒီနယ် ဃိုင်ယူလီယိုထံ သတင်းပို့သည်။ ကျောက်တွင်းမှ ကျောက်များ ကောင်းစွာ တူးဖော် သယ်ယူနိုင်ပြီဖြစ်ကြောင်း ပြောသည်။

ဃိုင်ယူလီယို ပြန်ပြောလိုက်သော စကားမှာ မိုင်ကယ်၏ ဘဝတစ်ခုလုံးကို ပြိုကွဲသွားစေတော့သည်။

'အခု ရတဲ့ ကျောက်တုံးတွေနဲ့တင် တော်လောက်ပြီ'

'ဆန်လော်ရင်ဇို ခရစ်ယာန် ဘုရားရှိခိုးကျောင်း မျက်နှာစာ မလုပ်တော့ဘူး'

သူ့အသံများမှာ မိုင်ကယ်အပေါ် ရန်လိုမုန်းတီးသံ ပါလှသည်။ သူက ဆက်ပြောသည်။

'ခရစ်ယာန် ဘုရားရှိခိုကျောင်း ကြမ်းကို ပြန်ခင်းဖို့ လိုနေတယ်။ ဒီတော့ အဲဒီ ကျောက်တွေကို ကြမ်းခင်းရမယ်'

'အရုပ်ထုဖို့ အကောင်းဆုံး ကျောက်ဖြူတုံးကြီးတွေကို ကြမ်းခင်းပစ်တော့မယ်။ အို မတော်ပါဘူး၊ ကျွန်တော့်ကို ဒီလို သက်သက်မဲ့ အရှက်မခွဲပါနဲ့'

'ခရစ်ယာန် ဘုရားရှိခိုးကျောင်း ကြမ်းပြန်ခင်းဖို့ လိုနေတယ်'

မိုင်ကယ်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

'ပုပ်ရဟန်းမင်းကြီးက ကျွန်တော့်ကို လုပ်လက်စတန်းလန်း ပုပ် ဂျူးလီးယရဲ့ သင်္ချိုင်းဂူအရုပ်တွေ ထုနေရာက ခေါ်ယူထားတာ သုံးနှစ်ရှိသွားပြီ။ ဒီအတောအတွင်း တစ်လက်မမှ အရုပ်ထုတဲ့အလုပ် မလုပ်ရသေးပါဘူး။ ဒက်ကက် ရွှေ ၂၃၀၀ အနက် လမ်းဖောက်ရ၊ ကျောက်တွင်းဖော်ရ၊ ကျောက်တုံးတွေ သယ်ပိုးရနဲ့ ၁၈၀၀ ကုန်သွားပါပြီ။ အဲဒါ ကျွန်တော် သက်သက် ဖြုန်းတီးကုန်ရတဲ့ အချိန်တွေ၊ လုပ်အားတွေ၊ ပြီးတော့ အဆဲ အဆို အကြိမ်း အမောင်း ခံရတာတွေ မပါသေးပါဘူး။ ရောမမြို့မှာ အိမ်ကိုလည်း ပစ်ထားခဲ့ရတယ်၊ လုပ်လက်စ ကျောက်တုံးတွေလည်း ထားခဲ့ရတယ်။ ဒီတော့ ကျွန်တော် တစ်ခုပဲ လိုချင်တယ်။ ကျွန်တော့်ကို လွှတ်ပါတော့၊ လွှတ်လိုက်ရင် တော်ပါပြီ'

ကာဒီနယ်သည် မိုင်ကယ် ပြောသမျှ ဆုံးအောင်နားထောင်ပြီး မျက်နှာကြီး မည်းပုပ်သွားသည်။

'ပုပ်ရဟန်းမင်းကြီးက မင်းကိစ္စကို ပြန်စဉ်းစားလိမ့်မယ်။ မင်း အခု သွားတော့'

မိုင်ကယ်သည် တစ်ချိန်တစ်ခါက သူ့ကျေးဇူးရှင် မဟာလော်ရင်ဇို၏ စာကြည့်ခန်း ဖြစ်ခဲ့သည့် အခန်းဆီသို့ ပြေးဝင်သွားပြီး သွားလေသူ လော်ရင်ဇိုကို တ သ ကာ 'ကျွန်တော်မျိုးတော့ ခွေးဖြစ်ပါပြီ' ဟု အော်ပြောလိုက်မိသည်။

## အခန်း ၉
## စစ်မက်အရေး

လူသားတစ်ယောက် ခွေးလောက်နီးနီး ပျက်စီးပြီဆိုရင် ဘယ်ကိုသွားလို့ ရဦးတော့မည်နည်း။ မိုင်ကယ်အဖို့ ဘယ်ကိုမှ သွားစရာ ပြေးစရာ မရှိချေ။ စတူဒီယို အလုပ်ခန်း တံခါးပိတ်ပြီး သူ့ကျောက်တုံးကြီးတွေရှေ့မှာ ရပ် စိုက်ကြည့်နေသည်။

စတူဒီယိုခန်းမှာ ၃၅ ပေ မြင့်၍ ပြတင်းပေါက်များ မြောက်ဘက်မှာ ဖောက်ထားသည်။ ကျယ်ဝန်းသဖြင့် သူ ထုလိုသည့် ရုပ်တုကြီးတွေ အများကြီး တစ်ကြိမ်တည်းမှာပင် ထုနိုင်သည်။ ဤနေရာသည်ပင် သူ၏ နေရာ နက်သန် နေရာမှန် ဖြစ်တော့သည်။

မိုင်ကယ်သည် သူ၏ အလုပ်ခန်းတံခါး ကန့်လန့်ကို ကြပ်ကြပ်ကြီး ထိုးထားသည်။ သို့မှသာ အပြင်လောကက သူ့အတွင်း ဝင်မနှောင့်ယှက်နိုင်မည် ဖြစ်သည်။ လူ့လောက ဆိုသည်မှာလည်း ဒုက္ခအပြည့်သာ ဖြစ်သည့် နိယာမ တရားကိုလည်း ကြာလေ သဘောပေါက်လေ ဖြစ်သည်။

ဗင်ချီသည် လွန်ခဲ့သော နှစ်များဆီက ပုပ်၏ မျက်ခြင်း ခံရသဖြင့် ပြင်သစ် ပြည်သို့ ထွက်ပြေးခဲ့သည်။ ယခု သူသည် တစ်မြေခြားရပ်မှာ မျက်နှာ မလှ၊ အထီးကျန်၊ ဘယ်သူကမှ အရေးမလုပ်သည့် ဘဝနှင့်ပင် ကွယ်လွန်ခဲ့သည်ဟု သတင်းရသည်။

ရေဖယ်တစ်ယောက်လည်း ကျန်းမာရေး မကောင်းသဖြင့် သူ့အလုပ်တွေကို တပည့်များနှင့် လွှဲထားရသည်ဟု ရောမမြို့မှ စာရသည်။ ပုပ်လီယို၏ နိုင်ငံရေး ဆင်ကွက်များမှာလည်း အမှားချည်း ဖြစ်သည်။ ဂျာမနီပြည်တွင် မာတင်လူသာ ဆိုသူသည် ပုပ်ရဟန်းမင်း၏ အာဏာကို တော်လှန်လျက် ရှိသည်။

မိုင်ကယ်သည် ပုပ်ဂျူလီယာ၏ သင်္ချိုင်းဂူအတွက် အရုပ်ကြီးများသာ နေ့ဆက် ရက်ဆက် လ ပေါင်းများစွာ ထုလုပ်နေသည်။

ရာပြည့်စာအုပ်တိုက်

ထို့နောက် ပုပ်လီယိုနှင့် ကာဒီနယ် ဂီယူလီယိုတို့က တစ်ဖန်လုပ်ကြပြန်သည်။ ဆန်လော်ရင်ဇို ခရစ်ယာန် ဘုရားရှိခိုးကျောင်း မျက်နှာစာကိစ္စ သူတို့ကတိပျက်ကွက်ခဲ့ပြီး မျက်နှာပြောင်ပြောင်နှင့်ပင် အလုပ်အသစ်တစ်ခု မိုင်ကယ်ကို ခေါ်အပ်ပြန်သည်။

ဆန်လော်ရင်ဇို ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် အခန်းတစ်ခု တိုးချဲ့ဆောက်ပြီး မီဒီချီ သင်္ချိုင်းဂူတစ်ခု ထည့်မည်။ ထိုအခန်းနှင့် ဂူအတွက် ဆောက်လုပ်ရေးနှင့် ရုပ်တုများ တပ်ဆင်ရေးအတွက် မိုင်ကယ်ကို တာဝန်ပေးသည်။

မိုင်ကယ် ငြင်းသေးသည်။ ယခု သူ့ကို မီဒီချီအမျိုးတွေက ရွှေစ ပေးငှားထားသော ပန်းပုဆရာ မဟုတ်တော့ဟု ဆိုသည်။ ပုပ်ဂျူလီယာ၏ သင်္ချိုင်းဂူ ပြီးစီးဖို့ နောက်နှစ်နှစ်လောက်သာ လုပ်ဖို့ လိုတော့သည်။ ပြီးလျှင် ပုပ်ဂျူးလီးယ၏ အမျိုး ရိုဗီးယားတို့ထံမှ ဒက်ကက် ရွှေစ ၈၅,၀၀၀ သူ ရစရာ ရှိမည်။

သို့သော် မီဒီချီအမျိုး ပုပ်၏အာဏာကို သူ လွန်ဆန်၍ မဖြစ်နိုင်ချေ။ သူတို့ ခိုင်းသည့်အလုပ်ကို လုပ်ဖို့သာ ရှိသည်။

*

မိုင်ကယ်သည် အသစ်ဆောက်သော ခရစ်ယာန် ဘုရားရှိခိုးကျောင်းခန်း တစ်ဖက်တစ်ချက်တွင် ရှေးခေတ်ကသုံးသည့် ကျောက်ခေါင်းမျိုး တစ်လုံးစီ တည်ထားသည်။ ပုံသဏ္ဌာန်မှာ ခုံညားး၍ ဣန္ဒြေရသည်။ ထိုခေါင်း တစ်ခုစီအပေါ်တွင် လျောင်းနေသော လူရုပ်တုပုံများ တပ်ဆင်မည်။

ကျောက်ခေါင်းတစ်လုံးပေါ်တွင် "နေ့နှင့်ည" ဟု အမည်ပေးထားသည့် ရုပ်တုနှစ်ရုပ် ထား၍၊ အခြားတစ်ဖက်က ကျောက်ခေါင်းပေါ်တွင် "အရုဏ်တက်နှင့် နေဝင်ချိန်" ဟု အမည်ရှိသည့် အရုပ်များ ထားရှိမည်။ ယောကျ်ားပုံ နှစ်ရုပ်၊ မိန်းမပုံ နှစ်ရုပ် ဖြစ်သည်။ ထိုပုံစံကို ပုပ်လီယို သဘောကျသည်။

နိုဝင်ဘာလတွင် ပုပ်လီယို အအေးမိ၍ ဖျားသည်။ ဒီဇင်ဘာလ ၁၇၊ ၁၅၂၁ ခုနှစ်တွင် ကောင်းကင်ဘုံ၌ အိပ်ပျော်တော်မူသည်။ ရဟန်းမင်း ပုပ်လီယို၏ ဈာပနကိစ္စပြီးလျှင် မိုင်ကယ်က သူ့သူငယ်ချင်း ဃရာဏာချီကို တိုးတိုးလေး ပြောလိုက်သည်။

'ဟော့၊ ပုပ်လီယို ကောင်းကင်ဘုံ ရောက်သွားရင် ဘုရားသခင်က သူ့ကို ဒီမြေပေါ်မှာ နေခဲ့တဲ့ စည်းစိမ်အတိုင်း ထားပါ့မလား'

ထိုအခါ ဃရာဏာချီက ပြန်ပြောသည်။

'မထင်ပေါင်ကွာ၊ ဘုရားသခင်က ဒါလောက် အသပြာစရိတ်တွေ တတ်နိုင်မှာ မဟုတ်ပါဘူး'

ပုပ်လီယို ကောင်းကင်ဘုံတွင် အိပ်ပျော်တော်မူသွားပြန်သောအခါ မီဒီချီသချိုင်းဂူကိစ္စမှာ တစ်ဖန် မှောင်ကျသွားပြန်သည်။ နောက်တက်သည့် ပုပ်ရဟန်းမင်းက မီဒီချီ အမျိုးတွေကို သဘောမကျချေ။ ပုပ်ဂျူးလီးယ၏အမျိုး ရိုဗီးယားတို့က မီဒီချီ ပုပ်လီယို လက်ထက်က မိုင်ကယ်ကို အတင်းခေါ်ယူသည်ကို တိုင်ကြားကြသည်။ မိုင်ကယ်မှာ ငွေ လက်ခံပြီး ကတိပျက်ကွက်မှုနှင့် အရေးယူခံရသည်။ ရိုဗီးယားတို့ကလည်း နိုင်တုန်း ဖိသည်။ ပုပ်ဂျူးလီးယ ရှိစဉ်က မိုင်ကယ်ကို ခိုင်းခဲ့သည့် အလုပ်တွေ ထည့်မပြော၊ ပေးရသည့် အသပြာများကိုသာ ထုတ်ဖော်သည်။ နောက်တက်သည့် ပုပ်က သူတို့ကို အားပေးနေသဖြင့် မိုင်ကယ်မှာ ရှုံးဘက်ကသာ ရှိတော့သည်။ သူ့ကံကိုသာ အပြစ်တင်ရတော့သည်။

ကံကောင်းချင်တော့ ပုပ်အသစ်မှာ ကြာကြာ မခံစားလိုက်ရဘဲ ကောင်းကင်ဘုံ၌ အိပ်ပျော်တော်မူပြန်သည်။ မီဒီချီအမျိုး ပုပ်ဃိုင်ယူလီယို တက်ပြန်သည်။ တစ်ဖန် မိုင်ကယ်ကို ယခင်လုပ်လက်စ ဘုရားရှိခိုးကျောင်းနှင့် သချိုင်းဂူများ ဆက်လုပ်စေသည်။ ရိုဗီးယားတို့ အရေးယူသည့် အမှုကိစ္စ တစ်ဖန် အေးသွားပြန်သည်။

ပုပ်က မိုင်ကယ်ကို ရာသက်ပန် ပင်စင်လခ တစ်လလျှင် ရွှေစ ဒက်ကက် ၅၀ ပေး၍ အလုပ်ခန်း စတူဒီယို ပေးသည်။

ထိုအတောအတွင်း တိုင်းပြည်ရေးမှာ မငြိမ်မသက် ဖြစ်နေသည်။ ဖလော်ရင့် မြို့တော်ကို သမ္မတနိုင်ငံအစိုးရ ပြန်တည်ထောင်လိုကြသည်။ အသစ်တက်သည့် မီဒီချီ အမျိုးအနွယ် ပုပ်ကလည်း နိုင်ငံရေး ကစားရာတွင် အမှားမှားဖြစ်သည်။ ဘက်ပြောင်းရာတွင်လည်း မြန်လွန်းလှသည်။ ဘယ်နေ့ ဘယ်သူ့ဘက်က နေမည်ကိုပင် မသိနိုင်အောင် ဖြစ်နေသည်။ ဂျာမနီနှင့် ဟော်လန်တို့တွင် ကက်သလစ် ခရစ်ယာန်တို့သည် နောက်ပြုပြင်ထားသော ပရောတက်စတင့်ဂိုဏ်းသို့ ကူးပြောင်းကုန်ကြသည်။ ထိုဂိုဏ်းကို ပုပ်ရဟန်းမင်းက အသိအမှတ် မပြုချေ။

မကြာမီ ဖလော်ရင့် မြို့တော်အတွင်း "ပြည်တွင်းစစ်" ဖြစ်သည်။ မိုင်ကယ်သည် သမ္မတအစိုးရ လိုလားသော ဘက်သားများနှင့်အတူ ရပ်တည်သည်။ အနုပညာ ပစ္စည်းများကို မပျက်စီးအောင် ကာကွယ်လိုက်ရသည်။ သူ ထုသည့် ဒေးဗစ်ကျောက်ရုပ် လက်တစ်ဖက် ကျိုးသွားသေးသည်။

ရောမမြို့ကိုလည်း ရန်သူများ ဝင်တိုက်ခိုက်ကြသည်။ ပန်းချီပန်းပု ပစ္စည်းများကို ဖျက်ဆီးကြသည်။ ဖလော်ရင့် မြို့တော်တွင် သမ္မတ ပြည်သူ့အစိုးရ ပြန်လည်တည်ထောင်သည်။ လူအများ ကျေနပ်ပျော်ရွှင်နေကြသည်။

၁၅၂၇ ခုနှစ်တွင် နိုင်ငံရေး အသွင်ပြောင်းပြန်သည်။ ပလိပ် ကပ်ရောဂါဆိုး

ကျသဖြင့် ရန်သူစစ်တပ်များ သေကျေကြသည်။ ဖလော်ရင့် မြို့တော်မှာလည်း လူတွေ ပျက်စီးကြသည်။ မိုင်ကယ်၏ညီ ဗြူရိုနာရိုတို့ ပါသွားသည်။ သူ့ဇနီး၊ သမီးနှင့် သားကို မိုင်ကယ် ကြည့်ရှုစောင့်ရှောက်ရပြန်သည်။

တစ်ဖန် မီဒီချီအမျိုး ပုပ် ပြန်တက်ပြီး ဖလော်ရင့်မြို့တော် သမ္မတ ပြည်သူ့ အစိုးရကို ဖြုတ်ချရန် စစ်မက်အင်အား ပြင်ဆင်သည်။ ထိုအခါ မိုင်ကယ်ကို မြို့တော်အစိုးရက ခံတပ်မြို့ရိုးများ ဆောက်လုပ်ရန် တာဝန်ပေးသည်။ ဗိသုကာ အင်ဂျင်နီယာ မဟုတ်ပါဘူးဟု ငြင်းမနေအားဘဲ မြို့တော် ကာကွယ်ရေးအတွက် ဆောင်ရွက်ရပြန်သည်။

ဤသို့ ခံတပ်၊ တူးမြောင်း၊ မြို့ရိုးများ ဆောက်လုပ်ရာ စစ်တပ်ဗိုလ်ချုပ်ကြီး မာလက်တက်စာက ဝင်စွက်ပြောဆို ညွှန်ကြားပေးမှုကြောင့် မိုင်ကယ်နှင့် စကားများရပြန်သည်။ မိုင်ကယ် ကြားသိရသော သတင်းများအရ ဗိုလ်ချုပ် မာလက်တက်စာသည် ဖလော်ရင့်မြို့တော် အစိုးရကို သစ္စာဖောက်မည် ကြံနေသည်။ ပုပ်ထံက စစ်တပ်တွေလာလျှင် မြို့ကို ထိုးအပ်လိမ့်မည်။

ပုပ်၏ စစ်တပ်များက မြို့တော်ကို ဝန်းရံတိုက်ခိုက်သောအခါ မိုင်ကယ်သည် မြို့ရိုးခံတပ်များကို နေ့ညမအား ပြင်ဆင်ပေးရသည်။ ရန်သူတပ်များ မြို့တွင်းသို့ မဝင်နိုင်သော်လည်း မြို့တွင် ငတ်ပြတ်ကုန်ကြပြန်သည်။ ပလိပ်ရောဂါ ထပ်ကျရောက်ပြန်သည်။ ဖလော်ရင့်မြို့တော်အတွက် မျှော်လင့်ချက်တစ်ခုသာ ရှိသည်။

ပီစာမြို့တော် အနီးတွင် တပ်စွဲနေသော စစ်တပ်များက လာတိုက် ကူညီရန် ဖြစ်သည်။ သို့သော် ထိုသို့ မလုပ်နိုင်မီပင် ဗိုလ်ချုပ် မာလက်တက်စာက သစ္စာဖောက်သဖြင့် မြို့တော် ကျလေသည်။

ပုပ်၏စစ်တပ်များ ဝင်လာကြသည်။ သမ္မတ ပြည်သူ့အစိုးရ အဖွဲ့ဝင်များ ထွက်ပြေးကြရသည်။ မပြေးနိုင်သူများ ကြိုးပေး အသတ်ခံကြရသည်။

မိုင်ကယ်ကိုလည်း သတိပေးကြသည်။ သူလည်း ပြေးနိုင်မှ လွတ်မည်။ ပုပ်က သူ့ကို ညှာမည် မဟုတ်ချေ။ မိုင်ကယ် ပုန်းနေသည်။ ထိုအတောအတွင်း မြို့တော်တွင် လုယက်ဖျက်ဆီးလိုက်ကြသည်မှာ ဆာဗိုနာရိုလာ၏ လက်ထက်က ကဲ့သို့ပင် ဖြစ်သည်။

မိုင်ကယ်မှာ မြို့တော်ကြီးအတွက် ကာကွယ်ပေးခဲ့သူဖြစ်ရာ သူ့ကို သူရဲကောင်း သဖွယ် လူအများကပင် သဘောထားသည်။ သူ ပုန်းနေသည့် နေရာကို သိကြသော်လည်း မဖော်ကြချေ။

နိဝင်ဘာလလယ်လောက်တွင် မိုင်ကယ်ကို ပုပ်က လွတ်ငြိမ်း ချမ်းသာခွင့်

ပေးကြောင်း သတင်းရသည်။ သူ ရနေသော ပင်စင်လခ ပြန်ပေး၍ သူ့စတူဒီယို အလုပ်ခန်းတွင် ပြန်ပြီး အလုပ်လုပ်နိုင်ခွင့် ရသည်။

မိုင်ကယ်မှာ စစ်ကြောင့် သုံးနှစ်လုံးလုံး ပြတ်နေသော သူ မြတ်နိုးသည့် ပန်းပုအလုပ်ကို တစ်ဖန် ပြန်လုပ်နိုင်ပြန်သည်။

ပုပ်၏သား အလက်စန်ဒရိုက ဖလော်ရင့်မြို့တော်ကို အုပ်စိုးသည်။ မိုင်ကယ်ကို ခံတပ်အသစ် ဆောက်ပေးရမည် ဆိုသဖြင့် စကားများကြပြန်သည်။ မိုင်ကယ်ကို သတိပေးကြသည်။


'အန္တရာယ်တွေ များတယ်နော်၊ ဒီလို မလုပ်နဲ့'

သို့သော် မိုင်ကယ်က ပြန်ပြောလိုက်သည်။

'ဒီ သင်္ချိုင်းဂူကြီးကို ပြီးအောင်လုပ်ဖို့ ပုပ်က လုပ်ခိုင်းထားတာလို့ ပုပ်က သူ့ရဲ့ သားရှူး သားမိုက်ကိုလည်း ပြောထားတာမို့ သက်သာနေတာ။ သို့မဟုတ်ရင် သေလို့ အရိုးဆွေးပြီ။ ဒီ ဖလော်ရင့်မြို့တော်ကြီး ယခု ကျဆင်းခံရတဲ့ ဂုဏ်သိက္ခာတွေကို ငါရဲ့ ဆောက်၊ တူ တို့နဲ့ ထုတဲ့ ပန်းပုရုပ်တွေနဲ့ ပြန်ဆပ်ရလိမ့်မယ်'

---

**မိုင်ကယ်၏ စိန့်ပီတာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဒီဇိုင်း**



စက်တင်ဘာလတွင် "အရုဏ်တက်ချိန်နှင့် ညဦးအချိန်"၊ "နေ့အချိန်နှင့် နေဝင်ချိန်" ရုပ်တုကြီး လေးရုပ်စလုံး ပြီးသည်။ နောက် အရုပ်တွေ ဆက်ထုဖို့ ပြင်ရာ ချောင်းဆိုး၍ ပိန်ချုံးကျသွားသည်။ သူငယ်ချင်း ဃရာဏာချီက ပြောသည်။

'လွန်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတ်တာပဲ။ အပျော်အပါးပဲ လွန် လွန်၊ အလုပ်ပဲလွန်လွန် အတူတူပဲ'

'တစ်နေ့ နာရီ နှစ်ဆယ် လုပ်မှ၊ သို့မဟုတ်ရင် ပြီးမှာ မဟုတ်ဘူး' မိုင်ကယ်မှာ အပြင်းဖျားသည်။ အဖျားပျောက်သောအခါ ခြေထောက်ပင် မသယ် နိုင်အောင် ချည့်သွားသည်။

ထိုအခါ ပုပ်က ဘာဂီရထား စေလွှတ်၍ မိုင်ကယ်ကို ရောမမြို့သို့ အခေါ် လွှတ်လိုက်သည်။ ရောမမြို့တွင် အေးအေးဆေးဆေး အနားယူခိုင်းသည်။ မိုင်ကယ် ၏ မိတ်ဆွေများကို ဖိတ်ကြားခေါ်ယူပေးပြီး ဖျော်ဖြေသည်။ သည်တစ်ခါ ပုပ်က ပြုစုလိုက်ပုံမှာ ညီချစ်ကလေးသဖွယ် ဖြစ်နေသည်။ များမကြာမီပင် သူ့ လိုအင်ဆန္ဒ ကို ပြောတော့သည်။ စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပေါ်တွင် "ထာဝရ ဘုရားသခင် နောက်ဆုံး စီရင်ချက်ချခန်း" ကို ရေးဆွဲစေချင်သည်။

ထိုညတွင် မိုင်ကယ်သည် တောမတ်စို ခေါ် သူငယ်ကလေးတစ်ဦးနှင့် တွေ့ရသည်။ လူချောလူလှလေး ဖြစ်သည်။ အသက် ၂၂ နှစ်အရွယ် ရှိသေး၍ ဆွေကြီးမျိုးကြီးသား ဖြစ်သည်။ ပညာတတ်၍ ပန်းချီဆရာ ဖြစ်လိုသည်။ မိုင်ကယ်ထံ အလုပ်သင်ချင်သည်။

မိုင်ကယ်က ဖလော်ရင့်မြို့သို့ ပြန်၍ မီဒီချီ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ပြီးစီးအောင် လုပ်ဦးမည်။ ယခု အတောအတွင်း တောမတ်စို လေ့လာရန် ပုံများ ပို့ပေးမည်ဟု ဆိုသည်။

၁၅၃၄ ခုနှစ်တွင် မိုင်ကယ်၏အဖေ လိုဒိုဗီကိုသည် အသက် ၉၀ အရွယ် တွင် ကွယ်လွန်သည်။ မသေမီ သူ့ သား မြေးတွေ စောင့်ရှောက်ဖို့ မိုင်ကယ်ကို မှာသွားသည်။ မိုင်ကယ်သည် မီဒီချီ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွက် အရုပ် များ ပြီးစီး၍ အရုပ်များကို မည်သို့မည်ပုံ တပ်ဆင်ရန် တပည့်များအား ညွှန်ကြားစာ ရေးသည်။ ထိုနောက် မိုင်ကယ်သည် အထုပ်အပိုးပြင်ကာ သူ ချစ်သော ဖလော်ရင့် မြို့တော်ကို နောက်ဆုံးကြည့်ခြင်း ကြည့်သည်။ သူ ရောမမြို့တော်သို့ သွားရတော့ မည်။ အသက် ၆၀ ရှိပြီဖြစ်၍ တစ်ဖန် ကိုယ့်မြို့ကို ပြန်လာနိုင်ဖို့ ဝေးပြီဟု ယူဆသည်။

မိုင်ကယ်သည် စိတ်ကိုတင်း၍ ရောမမြို့တော်ဘက်သို့ မြင်းကို နှင်ခဲ့ လေတော့သည်။

# အခန်း ၁၀
## အချစ်ဟူသည်

မကြာသေးမီက ဖြစ်ပွားခဲ့သော စစ်မက် အရေးအခင်းကြောင့် ရောမမြို့ကြီးမှာ မြင်ရှုမကောင်းအောင် ပျက်စီးနေသည်ကို တွေ့ရသည်။ ၁၄၉၆ ခုနှစ်တွင် မိုင်ကယ် ပထမဦးစွာ ရောက်ဖူးစဉ်က ညစ်ပတ်စုတ်ပဲ့သည်ထက်ပင် ယခု ပိုဆိုးနေသည်။

မိုင်ကယ် အသက် ၂၀ ကျော်အရွယ် အာဗီနို ခေါ် သူငယ်လေး တစ်ယောက်ကို အလုပ်သင် အကူအဖြစ် ငှားထားပြီး သူနေခဲ့သည့် အိမ်နှင့် အလုပ်ခန်း စတူဒီယိုမှာ ပြန်နေသည်။ သူ၏ ပစ္စည်းများနှင့် အချို့သော ကျောက်တုံးများမှာ လူခိုးခံရသည်။ သို့သော် သူ ထုလက်စ မောရှေ၏ ရုပ်တုနှင့် သံ့ပန်းများ၏ ရုပ်တု များမှာ မပျက်မစီး ရှိနေသည်။

မိုင်ကယ် ရောမမြို့သို့ရောက်၍ နှစ်ရက်မျှကြာလျှင် ပုပ်ရဟန်းမင်းကြီး မီဒီချီအနွယ် ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူသည်။ ဖလော်ရင့် မြို့တော်သား များ ပျော်ကြသည်။ မြို့တော် အုပ်စိုးနေသည့် ပုပ်၏သား အလက်ဆန်ဒရိုကို ဖြုတ်ချနိုင်ကြမည်။ မိုင်ကယ် သူ့မိတ်ဆွေဟောင်းတွေနှင့် ပြန်တွေ့ပြီး တိုင်းပြည် အရေးအတွက် ကြံစည်ကြပြန်သည်။

ကွန်တက်စီနာ၏ သားဖြစ်သူ ကာဒီနယ် နစ်ကိုလို ရိုလ်ဒိုဖီက ပြောသည်။

'တို့ရဲ့ကိစ္စမှာ အခက်အခဲ တစ်ခုပဲ ရှိတယ်။ ကေရာဇ်ဘုရင် ပဉ္စမမြောက် ချာလီဘုရင်ကသာ တို့ဘက်ကို ပါမယ်ဆိုရင်တော့ ဖလော်ရင့် မြို့တော်ကို ချီတက် သိမ်းပိုက်ရုံပဲ။ ဒီတော့ ကေရာဇ်မင်းကလည်း မိုင်ကယ်ရဲ့ လက်ရာတွေကို သဘော ကျတယ်လို့ သိရတယ်။ ဒီတော့ မိုင်ကယ်က သူ့အတွက် ပန်းပုတွေ ထုပေးနိုင်မယ် ဆိုရင် ....'

မိုင်ကယ်က သူ့မြို့တော် ဖလော်ရင့်မြို့အတွက်ဆိုလျှင် လုပ်ပေးပါမည်ဟု တာဝန်ခံလိုက်သည်။ သည်လိုဆိုပြန်တော့ "နောက်ဆုံးစီရင်ချက်ချခန်း" ပန်းချီကားကြီး ဆွဲဖို့တာဝန် သူ့ပခုံးပေါ်က လွတ်သွားပြန်သည်။ သက်သာရာရသည်ဟု သူ စိတ်ထဲမှာ ထင်ရဦးတော့မလိုလို ဖြစ်နေမိသည်။ ထိုပန်းချီကားကြီးကို ရေးဆွဲဖို့ ငါးနှစ်ခန့် အချိန်ကြာမည်။ ယခု မိုင်ကယ်မှာ သူ့အိမ်နှင့် အလုပ်ခန်း စတူဒီယိုကို ပြုပြင်ရ၊ ပစ္စည်းဝယ်ရနှင့် ငွေစ အတော်ပင် ကုန်နေသည်။

မိုင်ကယ်၏ မိတ်ဆွေဟောင်း ဘော်လ်ဒူချီနှင့် ပြန်တွေ့သည်။ သူက ငွေရေး ကြေးရေးကို ကြည့်ရှုစီမံပေးမည်ဟု ပြောသည်။

မိုင်ကယ်မှာ အမှုဟောင်း ပြန်ပေါ်ပြီး ဒုက္ခတွေ့ရပြန်သည်။ ပုပ် ဂျူးလီးယ၏ သင်္ချိုင်းဂူကြီးအတွက် အရုပ်များ ထုလုပ်သည့်ကိစ္စကို သူ့ အမျိုးအနွယ်တွေက တစ်စခန်းထပြီး မိုင်ကယ်ကို ပြီးအောင်လုပ်ပေးရမည်ဟု အတင်းအကျပ် လုပ်ကြပြန်သည်။

၁၅၃၄ ခုနှစ် အောက်တိုဘာလတွင် တတိယမြောက် ပေါလ်ကို ပုပ်ရဟန်းမင်းအဖြစ် တင်မြှောက်ကြသည်။ ရဟန်းမင်း ပေါလ်သည် မဟာ လော်ရင်ဇိုမီဒီချီထံ ပညာများ သင်ယူဖူးသည်။ စာပေ အနုပညာကို မြတ်နိုးသည်။ တစ်နေ့သော် မိုင်ကယ်ကို ခေါ်တွေ့သည်။

ပုပ်ရဟန်းမင်း ပေါလ် အလိုမှာ ပုပ်ဂျူးလီးယ အမျိုးများက အကျပ်ကိုင်နေသည့် သင်္ချိုင်းဂူ အရုပ်များကို အသာဖယ်ထားပြီး "နောက်ဆုံးစီရင်ချက် ပန်းချီကား" ကို ရေးဆွဲရန် ဖြစ်သည်။

ပုပ်ရဟန်းမင်းပေါလ် ကိုယ်တိုင်ပင် မိုင်ကယ်၏ စတူဒီယိုသို့ လာကြည့်သည်။ မောရှေ ရုပ်တုကြီးကို မြင်သည်။ ပုပ်ဂျူးလီးယ ဂူအတွက် သည်အရုပ်ကြီးနှင့်ပင် လုံလောက်ပြီဟု ပြောသည်။ ပုပ်ဂျူးလီးယ၏ အမျိုးများ မိုင်ကယ်ကို နောက်ထပ် အကျပ်မကိုင်နိုင်အောင် တာဝန်ယူသည်။

မိုင်ကယ်မှာ အသက် ၆၀ ရှိပြီဖြစ်၍ လွန်ခဲ့သော အသက် သုံးဆယ် အရွယ်တုန်းကကဲ့သို့ တပင်တပန်းကြီး လုပ်မှ လုပ်နိုင်ပါဦးမည်လားဟု တွေးမိသည်။

နောက်တစ်နေ့တွင် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ လမ်းလျှောက်သွားသည်။ ယခုအခါ ဆန်ဂါလို၏တူ အင်ရီနီယိုက ဗိသုကာအဖြစ် ဆောက်လုပ်နေသည်။ လွန်ခဲ့သော ၁၈ နှစ်ခန့်က မိုင်ကယ် မြင်ခဲ့ရသည့် အခြေအနေထက် ဘာမှ ထူးခြားပြီးစီးနေခြင်း မရှိသည်ကို တွေ့ရသည်။ တစ်ကမ္ဘာလုံးရှိ ခရစ်ယာန် ဘာသာဝင်များထံမှ အလှူခံရသမျှ အသပြာ ရွှေစ ငွေစများတို့

သည် ကန်ထရိုက်တာများ၏ အိတ်ထဲသို့ ရောက်သည်ကသာ များသည်။ သူတို့ကလည်း မပြီးနိုင်အောင် အချိန်ဆွဲ လုပ်နေကြသည်။

မိုင်ကယ်သည် သူ ခြေဦးလှည့်ရာ လျှောက်သွားရာ တော်မစိုတို့ အိမ်ရှေ့ရောက်သွား၍ ဝင်သွားရာ တော်မစိုကို တွေ့ရသည်။ လူငယ် လူချောကလေးမှာ ယခုအခါ ရှေးကထက်ပင် ပိုထွားကျိုင်း၍ ကြည့်လို့ ကောင်းနေသည်။ မိုင်ကယ်ကို အားရဝမ်းသာ နှုတ်ဆက်သည်။

တော်မစို၏ ညှော်ခန်းကြီးအတွင်းတွင် ရှေးဟောင်း အနုပညာ လက်ရာပေါင်း များစွာ တွေ့ရသည်။ သူကိုယ်တိုင် ရေးဆွဲထားသည့် ပုံကြမ်းများကို တွေ့ရသည်။ မိုင်ကယ်က ထိုပုံများကို ကြည့်၍–

'မင်းမှာ ပါရမီ ဗီဇရှိတယ်။ ဒီတော့ မင်းကို ငါ သင်ပေးမယ်။ ငါ့ပုံတွေကို နံရံပန်းချီအဖြစ် ကပ်ဖို့ မင်းက ပုံကြီးချဲ့ပေး' ဟု ပြောသည်။

မိုင်ကယ်နှင့် တော်မစိုတို့သည် တတွဲတွဲနေကြသည်။ နံနက်တိုင်း နှစ်ယောက်သား အပြင်ထွက် ပန်းချီဆွဲကြသည်။ နေ့လယ်တွင် တော်မစို ယူလာသည့် ပေါင်မုန့်တစ်လုံး ပူပူနွေးနွေးကို အဆာပြေ စားကြသည်။ ညနေတိုင်းတွင် တစ်ဦးအိမ်တစ်ဦး လိုက် ညစာစား၊ စကားတပြောပြောနှင့် အချိန်ကုန်လွန်စေသည်။

*

မိုင်ကယ်သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွင်း သူ ပန်းချီဆွဲရမည့် နံရံကို ကြည့်ရှုလေ့လာသည်။ နံရံပေ ၅၅ x ၄၀ ပေ ဖြစ်သည်။ ပြုပြင်ဖွယ်ကိစ္စများကို ပြုလုပ်သည်။

ပုပ် ပေါလ်သည် လက်တင်နှင့် ဂရိ စာပေများကို ကောင်းစွာနှံ့စပ်သူ ဖြစ်သည်။ စကားပြောကောင်း၊ စာရေးကောင်း ဖြစ်သည်။ ရယ်စရာ မောစရာလည်း ပြောတတ်သည်။ မိုင်ကယ်သည် သူ့ကို ခင်မင်သည်။

မိုင်ကယ်သည် သူ့ စတူဒီယိုထဲတွင် ပျော်ပျော်ရွှင်ရွှင် အရုပ်များ ရေးဆွဲနေသည်။ သူ ရေးဆွဲရမည့် အခန်းမှာ ထာဝရ ဘုရားသခင် နောက်ဆုံး စီရင်ချက်ချသည့် အခန်း ဖြစ်သည်။ ထိုနေ့ရက်တွင် သေလွန်ပြီးသော လူသားအပေါင်းတို့သည် လဲလျောင်းရာမှ ထကြလျက် ဘုရားသခင်၏ အမိန့်ကို ခံယူကြရလိမ့်မည်။ ထိုအခါ ကောင်းသူတို့သည် ကောင်းကင်ဘုံသို့ သွားကြ၍ မကောင်းသူများငရဲသို့ သွားကြရသည်။ မိုင်ကယ်၏ ပန်းချီကားပေါ်၌ သေလွန်သူများ အားလုံး လဲလျောင်းရာမှ ထိုနေ့ထိုရက်တွင် မတ်မတ်ထကြသည်။ ယောကျ်ား၊ မိန်းမ၊ ကလေးကြီးငယ် အရွယ်အစားစား လူသားတို့သည် လူသားတို့၏ ဂုဏ်သိက္ခာ

အပြည့်အဝ ရှိကြရမည်။ လူသားတိုင်း ကြီးငယ်မဟူ သူတို့မှာ ကိုယ်စီကိုယ်ငှ တန်ဖိုးရှိကြသည်။ လူသားတို့၌ ကိုယ်စီ တန်ဖိုးရှိကြသည်ဟူသော လူသားဝါဒ အတွေးအခေါ်သည် ဖလော်ရင့် မြို့တော်၌ မွေးဖွားခဲ့သည်။ သို့ဖြစ်၍ ဖလော်ရင့်မြို့သား မိုင်ကယ်သည် ကောင်းကင်ဘုံဆီသို့ သော်လည်းကောင်း၊ ငရဲဘုံဆီသို့ သော်လည်းကောင်း သွားအုံ့ဆဲဆဲဖြစ်သော လူလောကကြီးကို တစ်ပြားတည်း မဖြစ်စေချင်ပေ။ လူတိုင်း လူတိုင်း၏ ပုဂ္ဂိုလ်အရ တန်ဖိုးကို ဖော်ထုတ်ချင်သည်။

တစ်နေ့သော် ကေရာဇ်ဘုရင် ပဋ္ဌမမြောက် ချာလီသည် ရောမ မြို့တော်သို့ ကြွချီလာမည့်သတင်း ကြားရသည်ဟု တော်မစိုက မိုင်ကယ်ကို လာပြောသည်။

'ကေရာဇ်မင်းက မြို့စားကတော် ဝိတိုရိယကိုလွန်နာရဲ့ အိမ်တော်ကို ဝင်လိမ့်မယ်။ မြို့စားကတော်ရဲ့ သွားလေသူ ခင်ပွန်းနဲ့ ချာလီဘုရင်နဲ့ ရင်းနှီး ခင်မင်ကြတယ်'

မိုင်ကယ်သည် မြို့စားကတော် ဝိတိုရိယကို လူချင်း မသိသော်လည်း ကေရာဇ်မင်းအား ဂုဏ်ပြုပွဲသို့ တော်မစိုကတစ်ဆင့် ဖိတ်ကြားခဲ့သည်။ မြို့စား ကတော်မှတစ်ဆင့် မိုင်ကယ်ကို ကေရာဇ်မင်းနှင့် မိတ်ဆက်ပေးရန် ဖြစ်သည်။

မြို့စားကတော် ဝိတိုရိယသည် စာပေပရိယတ္တိမှာလည်း လိမ္မာကျွမ်းကျင် သည်။ အကျင့်သီလ ရှိသည်။ ရုပ်ရည် ချောမောလှပသည်ဟု တော်မစိုက ချီးမွမ်း မဆုံး ဖြစ်နေသည်။

'မင်း သူ့ကိုများ ချစ်နေသလား' ဟု မိုင်ကယ်က မေးသည်။

'အမလေးဗျာ မလုပ်ပါနဲ့။ မြို့စားကတော်က အသက် ၄၅ နှစ်၊ မုဆိုးမ ဖြစ်တာ ၁၀ နှစ် ရှိပြီ။ တစ်ချိန်လုံး ခရစ်ယာန် သီလရှင်ကျောင်းမှာ နေတာ များတယ်။ သမ္မာကျမ်းစာနဲ့ပဲ မွေ့လျော်နေတာပဲ' ဟု ပြန်ပြောသည်။

ဝိတိုရိယကိုလွန်နာသည် အီတလီပြည် မင်းဆွေမင်းမျိုးထဲက အမျိုးသမီး ဖြစ်သည်။ အသက် ၁၉ နှစ်အရွယ်တွင် နေပယ်လ်မြို့တော်မှ ပက်စကာရာမြို့စား နှင့် လက်ထပ်ခဲ့ရသည်။ ပက်စကာရာ မြို့စားမှာ ဘုရင် ကေရာဇ်၏ အမှုထမ်း ဖြစ်၍ လက်ထပ်ပြီး ရက်ပိုင်းလောက်မှာပင် စစ်ထွက်ရသည်။ သူတို့ အိမ်ထောင် သက် ၁၆ နှစ်အတွင်းတွင် အတူနေရသည် ဟူ၍ မရှိသလောက် ဖြစ်သည်။ ပက်စကာရာမြို့စား တိုက်ပွဲတွင် ကျဆုံးသောအခါ ဝိတိုရိယသည် သူပြုနေကျ၊ နေနေကျအတိုင်း စာပေ ပရိယတ်များ၌သာ အချိန်ကုန်လွန်ခဲ့သည်။ သူ့၌ ချမ်းသာ သရွေ့ကိုလည်း ဆင်းရဲသူများအား လှူဒါန်းသည်။

တနင်္ဂနွေနေ့ ညနေတွင် တော်မစိုနှင့်အတူ ခရစ်ယာန် သီလရှင်ကျောင်းသို့ မိုင်ကယ် ရောက်လာသည်။ ကျောင်းဝင်း အေးမြသော အရိပ်အာဝါသ အောက်

တွင် ကျောက်ထိုင်ခုံများ ရှိသည်။ ဝိတ်ုရိယသည် ကျောက်ခုံတစ်ခုပေါ်၌ ထိုင်၍ ဧည့်သည်များနှင့် စကားပြောနေသည်ကို တွေ့ရသည်။ မိုင်ကယ်တို့ ဝင်လာသော အခါ နေရာမှ ထ၍ ခရီးဦးကြိုသည်။

မိုင်ကယ်သည် မိန်းမအိုအိုကြီး တွေ့ရမည်ဟု ထင်လာခဲ့သဖြင့် သူ မြင်ရသော ဝိတ်ုရိယ၏ နုနယ်ပျိုမျစ်သော အသွင်ကို အံ့သြ၍ စိုက်ကြည့်နေမိသည်။ မျက်လုံးတွေက အစိမ်းရင့်ရောင်၊ ဆံပင်က ရွှေရောင် ကျစ်ဆံမြီး အရှည်ကြီး ကျစ်ထားသည်။ နှုတ်ခမ်းများ နီရဲပြည့်ဖြိုးသည်။ သူ့၏အလှသည် မိုင်ကယ်၏ မျက်စိထဲတွင် နေရောင်ခြည်ဟပ်သည့်နှယ် ထင်မိသည်။

မိုင်ကယ်ကို နှုတ်ဆက်စကား ပြောဆိုပြီးလျှင် ဝိတ်ုရိယက ဆက်ပြောသည်။

'ခင်ကြီး ဆာဗိုနာရိုလာရဲ့ သမ္မာကျမ်းစာတွေကို မိုင်ကယ် ကြားနာလိုက်ရတယ်လို့ သိရတယ်။ ခင်ကြီးရဲ့ စကားတွေဟာ ဟောဒီ ရောမမြို့တော်မှာ သြဇာမရှိခဲ့တာ ဆိုးတာပဲ။ ခရစ်ယာန်တို့ရဲ့ ဗဟို အချက်အချာ နေရာကစပြီး ပြုပြင်ကြရမယ်။ အတွင်းထဲမှာ ပြုပြင်ဖို့တွေ ရှိတယ်'

ထိုအခါ မိုင်ကယ်က ကောက်မေးလိုက်သည်။

'ဒါဖြင့် မြို့စားကတော်က ဆာဗိုနာရိုလာကို ကြည်ညိုသလား'

'ခင်ကြီးဟာ ကျွန်မတို့ ရည်မှန်းချက်အတွက် အသက်ပေးသွားတာပဲ'

ရော၊ ခက်ကပြီ။ မိုင်ကယ်မှာ နေရင်းထိုင်ရင်း ခရစ်ယာန် သာသနာ ပြုပြင်ပြောင်းလဲရေး၊ သာသနာ ဝန်ထမ်းများ လုပ်ပုံကိုင်ပုံတွေ ဝေဖန်ရေးကိစ္စများကို လိုလားသည့် လူသိုက်ထဲ ရောက်နေရပြန်ပြီကော။ ခရစ်ယာန် သာသနာဘက်ကလည်း ဒါမျိုးကို ဆတ်ဆတ်ထိ မခံချေ။

အင်ကွီဇီရှင်းခေါ် စစ်ဆေးရေးအဖွဲ့ ရှိသည်။ လူတွေက ခရစ်ယာန် သာသနာဝန်ထမ်းများနှင့် သာသနာ့အရေးများ ဝင်စွက် ပြောဆိုဝေဖန်လျှင် အင်ကွီဇီးရှင်းက ဖမ်းဆီး အမှုစစ်၊ ကြောက်ဖွယ်လိလိ အပြစ်ပေး စီရင်ပစ်ကြသည်။ မိုင်ကယ်သည် ဤမျှ ကြောက်စရာခေတ်ထဲတွင် ပြောဆိုရဲသော ဝိတ်ုရိယ၏ သတ္တိကို ချီးကျူးမိသည်။

သူတို့လူစုသည် အနုပညာအကြောင်း ဆွေးနွေးကြသည်။ မိုင်ကယ်သည် ဝိတ်ုရိယကိုသာ စိုက်ကြည့်နေမိသည်။ ဝိတ်ုရိယသည် ရောင်စုံကွက် မှန်ပြတင်းပေါက် အနားမှာ ထိုင်နေသည်။ ချောမွေ့ဖြူဖွေးသော အသားပေါ်တွင် ရောင်စုံကွက်တွေ ဘဲကျားရိုက်နေသည်။

ဝိတ်ုရိယက ပြောသည်။

'မိုင်ကယ်အိန်ဂျယ်လို ဗြူရိုနာရိုတီ၊ အသင့်ကို ကြီးကျယ်တဲ့ လုပ်ငန်းကြီးတွေ လုပ်ကိုင်ဖို့ရာအတွက် ဘုရားသခင်က ရွေးပြီး လွှတ်လိုက်တယ်လို့ ကျွန်မထင်တယ်။ အသင့်မှာ ဘုရားသခင် ပေးတဲ့ ပညာလည်း ရှိတယ်ဆိုတာ ကျွန်မသိတယ်'

မိုင်ကယ်သည် ဘာပြန်ဖြေရမှန်း မသိ။ သူ့နှုတ်က စကားတစ်လုံးမှ ထွက်မလာဘဲ ရှိနေသည်။ ဝိတိုရိယက ဆက်၍ ပြောသည်။

'ယခု ပုပ်ရဟန်းမင်းကြီးဆီက အခွင့်ရလာခဲ့ပြီးပါပြီ။ ကာဗယ်လို တောင်ခြေမှာ ခရစ်ယာန် သီလရှင်ကျောင်း ဆောက်ကြမလို့ပါ။ ဘယ်လို အဆောက်အအုံပုံစံမျိုးဆိုတာ ကျွန်မတို့ စဉ်းစားလို့ မရသေးပါဘူး။ အဲဒီနေရာမှာ ရှေးဟောင်းရောမ နတ်ကျောင်းတစ်ခု ရှိပါတယ်'

မိုင်ကယ်က ပြန်ပြောသည်။

'အဲဒီနေရာကို မြို့စားကတော် ကျွန်တော်နဲ့ လိုက်ကြည့်မယ်ဆိုရင် အခြေအနေကို လေ့လာနိုင်ပါလိမ့်မယ်'

ထိုနေရာသို့ ဝိတိုရိယနှင့် သူနှင့် နှစ်ယောက်တည်း သွားကြည့်မည်ဟု မိုင်ကယ်က မျှော်လင့်ခဲ့သည်။ သို့သော် ဝိတိုရိယက အခြားဧည့်သည်များကိုပါ ခေါ်ခဲ့သဖြင့် သူတို့ တောင်ခြေသို့ ဆင်းလာခဲ့ကြသည်။ မိုင်ကယ်သည် ဝိတိုရိယအပါးက လျှောက်လာခဲ့သည်။ သူ့စိတ်တွင်း လှုပ်ရှားနေသည်။

တောင်ခြေသို့ရောက်လျှင် မိုင်ကယ်က ပြိုကျနေသော ရှေးက နတ်ကျောင်းကို ကြည့်၍ ဝိတိုရိယကို ပြောသည်။

'ဟောဒီ ပြိုကျနေတဲ့ ပေါ်တီကိုကို ပြင်ဆောက်လိုက်ရင် ခေါင်းလောင်းထားတဲ့ မျှော်စင် လုပ်နိုင်ပါလိမ့်မယ်။ ကျွန်တော် ပုံဆွဲယူခဲ့ပါမယ်'

ဝိတိုရိယသည် မိုင်ကယ်ကို ကျေးဇူးတင် ဝမ်းမြောက်သော မျက်လုံးများနှင့် ကြည့်လိုက်သည်။ ထိုနှစ်သက်ဖွယ်သော အမူအရာတို့သည် မိုင်ကယ် အဖို့ ဝိတိုရိယ၏ ပူနွေးသော ရင်ခွင်ကို လှုံရသည့်နှယ်။

'ဒီလိုလုပ်ပေးဖို့ ကျွန်မ ပြောတောင် မပြောရဲဘူး' ဟု ဝိတိုရိယက ပြောသည်။

'ဒါဖြင့် ဘယ်တော့ ပုံတွေ ယူခဲ့ရမလဲ'

'ဆယ့်လေးငါးရက်လောက် နေတော့ပေါ့'

မိုင်ကယ်သည် စိတ်ထဲ ခံပြင်းလှသည်။ စတူဒီယို ပြန်ရောက်သောအခါ မြို့စားကတော် အမျိုးသမီးလုပ်ပုံကို တစိမ့်စိမ့်တွေးပြီး ဒေါသဖြစ်နေသည်။

'ဘာကြောင့်များ ဆယ့်လေးငါးရက်ကြာအောင် အချိန်ဆွဲချင်ရတာတဲ့လဲ'

မိုင်ကယ်ကို ချော့ချည်တစ်ခါ မြှောက်ချည်တစ်လှည့်နှင့် သူ့ခြေရင်းမှာ ဝပ်စင်းလာအောင် ကစားနေတာလေလား။ အခုဆို မိုင်ကယ်ဟာ သူ့ကို စွဲမက်နေပြီဆိုတာ သူ မရိပ်မိဘဲ နေမလား။

တော်မစိုက မိုင်ကယ်ကို ပြောပြသည်။

'မြို့စားကတော်ဟာ သူ့ရဲ့ သွားလေသူ ခင်ပွန်းကို တ သ အောက်မေ့ပြီး အသက်ထက်ဆုံး နေတော့မှာပဲလို့ စိတ်ပိုင်းဖြတ်ပြီးသားပါ။ သူ့ ခင်ပွန်းဆုံးပြီးကတည်းက မြို့စားကတော်ဟာ အရှင် ယေရှုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်တော့ပါဘူး'

'အေးကွာ၊ အရှင်ယေရှုကို ချစ်လို့သာ လူလူချင်း မချစ်ရဘူးဆိုရင်တော့ တို့ အီတလီလူမျိုး မျိုးပြုတ်တာ ကြာလှရောမယ်'

မိုင်ကယ်သည် ဝိတိုရိယ ရေးသော ကဗျာတစ်ပုဒ်ကို ဖတ်ကြည့်သည်။ ထိုကဗျာမှာ သူ့ခင်ပွန်းထံ ရေးသော ကဗျာ ဖြစ်သည်။

"အို ချစ်သူ သခင် သိပါစေ
ကျွန်ုပ်သည် သခင်၏ နှောင်အိမ်တွင်းမှ
ပျံလွတ်ထွက်ပြေးဖို့ ဘယ်သောအခါကမှ
စိတ်မကူးခဲ့ပါ။
သို့ပြင်တစ်ဝ
သခင်၏ ထမ်းပိုးကိုလည်း
ကျွန်ုပ်၏ လည်ကုပ်ထက်မှ
ဖယ်ချခြင်း မပြုလိုခဲ့ပါ။"

မိုင်ကယ်သည် ထိုကဗျာကိုဖတ်၍ သို့လော သို့လော မတွေးတတ်အောင် ရှိနေသည်။ အဘယ်ကြောင့် ဝိတိုရိယသည် အချစ်ကို "နှောင်အိမ်" ဟူ၍ တင်စားရေးခဲ့ပါသနည်း။ ထိုအဓိပ္ပာယ်ကို မိုင်ကယ် မသိရလျှင် မနေနိုင်တော့ချေ။ သူ ဝိတိုရိယကို ချစ်မိနေပြီ။

မိုင်ကယ်သည် ဝိတိုရိယ၏ ကိုယ်ရေးရာဇဝင်ကို စုံစမ်းသည်။ မြို့စားကတော်၏ ခင်ပွန်းနှင့်အတူ စစ်တိုက်ခဲ့သော နေပယ်မြို့သား တစ်ရပ်တည်းသားတွေ ရှိသည်။ မိုင်ကယ်၏မိတ်ဆွေ ဗက်လီယိုနီက သူ့ထံ မေးမြန်းပြီး ပြောသည်။

'အမယ်လေးကွာ၊ မြို့စားနဲ့ ဝိတိုရိယတို့ ဇနီးမောင်နှံရဲ့ အချစ်ဟာ ကဗျာဆန်တဲ့ အချစ်မျိုးလည်း မဟုတ်ပါဘူး။ အဝေးကြီးကွ၊ အဝေးကြီး။ မြို့စားက ဝိတိုရိယကို နည်းနည်းလေးမှ မချစ်ဘူး။ မင်္ဂလာဆောင်ပြီး ရက်ပိုင်းလောက်မှာ အနားက ခွာပစ်ထားခဲ့တာပဲ။ အဲ ပြီးတော့ နေပယ်မြို့က နေပြီး မီလန်မြို့ လမ်း

တစ်လျှောက်လုံး မိန်းမပေါင်းစုံနဲ့ လိုက်စားခဲ့တာပဲ။ အဲဒီနောက်လည်း သူ့ဇနီးနဲ့ တစ်မြို့တည်း မဆုံမိအောင်ကို ကြံဖန်ပြီး ခွာနေတော့တာပဲ။ အဲ နောက်ပြီး ရှိသေးတယ်။ သူရဲကောင်းပီပီ တိုက်ပွဲမှာ ကျတယ်ဆိုတာလည်း အလကားပါ။ သစ္စာဖောက်ပြီး တိုက်ပွဲနဲ့ အဝေးကြီး နေရာမှာ အဆိပ်သောက်ပြီး သေတာ'

ထိုအခါ မိုင်ကယ် တွေးမိပြန်သည်။

"ဩော်၊ ဒါကြောင့် ဝိတိုရိယာဟာ နောက်ထပ် အချစ်ဆိုလို့ လက်မခံတော့တာပဲ။ ပထမ ချစ်ခဲ့ရတဲ့ အချစ်ဟာ မမေ့နိုင်လောက်အောင် နှစ်သက်ဖွယ်ရာ မဟုတ်ဘူး။ သူ့ ပထမတွေ့ခဲ့တဲ့ အချစ်က နှစ်လိုဖွယ်မရှိ၊ မသာမယာတဲ့ အချစ်မျိုးမို့ပဲ"

မိုင်ကယ်သည် သူ ကြားရသော သတင်းတွေကို စပ်ဟပ်၍ တွေးတောနေရင်း တစ်စုံတစ်ခုကို သွား၍ ရိပ်မိလိုက်သည်။

'ဟာ မြို့စားဆိုတဲ့ လူယုတ်မာဟာ ဝိတိုရိယလို မြင့်မြတ်တဲ့ မိန်းမမျိုးကို လင်ခန်း မယားခန်းတောင် မြောက်အောင် မနေထိုင်ခဲ့ဘူး။ ဝိတိုရိယဟာ အခုသူ အုပ်ချုပ်နေတဲ့ ငယ်ဖြူ ခရစ်ယာန်သီလရှင်ကလေးတွေနဲ့ ဘာမှ မခြားဘူး'

မိုင်ကယ်သည် ဝိတိုရိယကို လွန်စွာ ကရုဏာ ဖြစ်မိသည်။ သည်လို နှစ်လိုဖွယ်ကောင်းသည့် အမျိုးသမီး ဘဝကို သူ့မေတ္တာဖြင့် စိုပြည်လှပအောင် သူ တတ်နိုင်ပါသည်ဆိုလျှင် သူက လက်ခံပါ့မလား။

*

ထိုအတောအတွင်း စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း ပန်းချီကားများ အတွက် ပုံများ အကြမ်းဖျင်းအားဖြင့် ခြစ်၍ ရေးဆွဲထားပြီးသည့် "နောက်ဆုံးစီရင်ချက်" ပန်းချီကားပုံတွင် ယေရှု၏ပုံကို ဗဟိုထား၍ လူသားတို့၏ ပုံများက စက်ဝန်းသဏ္ဌာန် ဝိုင်းဝန်းထားသည်။ တစ်ဖက်တွင် လူများ ထောက်လျက်သား အပေါ်သို့ တက်နေသောပုံနှင့် အခြားတစ်ဖက်တွင် အောက်သို့ဆင်းနေပုံ ထားရှိသည်။ လက်ဝဲဘက် အောက်နားတွင် ဘီလူး သရဲ ပါးစပ်ဖြဲထားသည့်နှယ် ဟ ဖြဲထားသော ငရဲချောက်ကြီး ဖြစ်သည်။

သမ္မာကျမ်းစာ အလိုအားဖြင့် "နောက်ဆုံးစီရင်ချက်" နေ့သည် ကမ္ဘာပျက်သည့်နေ့နှင့် တစ်နေ့တည်းကျသည်မှာ ဖြစ်နိုင်ပါ့မလား။ ထာဝရ ဘုရားသခင်သည် လောကကြီးကို ဖန်ဆင်းပြီးသည့်နောက် ကျောခိုင်းစွန့်ခွာ နိုင်ပါမည်လား။ ကမ္ဘာလောကကြီးမှာ မကောင်းမှု၊ ယုတ်မာမှုတွေနှင့် တင်းကျမ်းပြည့်နေသည်ကား မှန်သည်။ သို့နှင့်ပင် ထာဝရ ဘုရားသခင်သည် လောကကို ဆက်လက်တည်တံ့နေရန် ခွင့်မပြုချင်ပေဘူးလား။ လူသားတိုင်းတို့သည် သက်

တမ်း ကုန်၍ မသေလွန်မီကပင် ကိုယ့်ကြမ္မာကိုယ် ဖန်တီးဆုံးဖြတ်ပြီး ဖြစ်သည်။ ထို့ကြောင့် "နောက်ဆုံးစီရင်ချက်" ဟူသည် လူတိုင်းအဖို့ ကွယ်စရာ ထောင့်နေဖို့ မလို။ ကိုယ့်ကိုယ်ကိုယ် ညာဖို့မလို။ ဟန်ဆောင်ဖို့ မလို။ ကိုယ်ပြုသမျှ အမှုများကို ပြန်ကြည့်ရှုရသည့်အချိန် ဖြစ်သည်။ ထိုအချိန်သည်ပင် လူသားအဖို့ အကြီးဆုံးသော ဒုက္ခဝေဒနာကြီးနှင့် ရင်ဆိုင်ရသော အချိန် ဖြစ်သည်။

ဆောင်းဦးပေါက် ရာသီတွင် ပုံများ အဆင်သင့်ဖြစ်၍ အကြီးချဲ့ကာ နံရံမှာ ကပ်ရန်သာ လိုတော့သည်။ ပုပ်ပေါလ်သည် မိုင်ကယ်အား စိတ်ချ လက်ချ အလုပ်လုပ်ကိုင်နိုင်စေရန် ကြေညာချက်တစ်ရပ် ထုတ်သည်။ မိုင်ကယ်အိန်ဂျယ်လို ဗြူရိုနာရိုတီအား ရောမမြို့တော် ပုပ်ရဟန်းမင်း၏ ပန်းပုဆရာ၊ ပန်းချီဆရာ၊ ဗိသုကာ ရာထူးကို ပေးသည်။ တစ်လလျှင် ဒက်ကက် ရွှေစ တစ်ရာ ပင်စင်အဖြစ် တစ်သက်လုံး စားစေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို ဆောက်လုပ်နေသော ဗိသုကာ အင်တိုနီယာ ဆန်ဂါလိုက မကျေမချမ်းနိုင် ဖြစ်သည်။ သူသည် ကွယ်လွန်သူ ဗိသုကာ ဗရာမန်တေ၏ တပည့် ဖြစ်သည်။

ဗရာမန်တေနှင့် ပန်းချီဆရာ ရေဖယ်တို့၏ အုပ်စုသည် မိုင်ကယ်ကို မုန်းခဲ့သည်။ ဗရာမန်တေ မရှိသည့်နောက် ရောမမြို့တွင် အင်တိုနီယာကို ထိပ်တန်းဗိသုကာတစ်ဦးအဖြစ် နေရာထားခဲ့ကြသည်။ ၁၅ နှစ်ပတ်လုံး သူ့ဆရာ ဗရာမန်တေ၏ အရိုက်အရာ ခံယူခဲ့ပြီးမှ ယခု မိုင်ကယ်ကို ထိုနေရာ ပေးလိုက်ရသဖြင့် အခံရခက်နေသည်။ မိုင်ကယ်အဖို့မှာလည်း ဗရာမန်တေ ရှိစဉ်က လူချင်း ဘယ်လိုပင် မသင့်မြတ်ခဲ့စေကာမူ သူ တီထွင်ခဲ့သော ခရစ်ယာန် ဘုရားရှိခိုးကျောင်းပုံမှာ ခံ့ညားကြည်ညိုဖွယ် ကောင်းသည်။ မြင်ရသူ စိတ်နှလုံးကို ကြည်နူးနှစ်သက်စေသည်။ ထိုအရည်အသွေးများကို မိုင်ကယ် လေးစားသည်။ သူ မရှိသည့်နောက်တွင် နောက်လူ အင်တိုနီယာတို့က ဗရာမန်တေ၏ ပုံစံကို သူတို့ စိတ်ကူးမမီတိုင်း ဖျက်၍ ဆောက်လုပ်နေကြသဖြင့် မိုင်ကယ် စိတ်ပျက်ခဲ့သည်။ ယခုတော့ 'စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို ဗရာမန်တေ ရေးဆွဲခဲ့တဲ့အတိုင်း တစ်သဝေမတိမ်း ဆောက်ဖို့လည်း ငါ တာဝန်ရှိတယ်' ဟု ဆိုလိုက်သည်။

*

တစ်နေ့သော် မိုင်ကယ်သည် သူ့တပည့်ငယ် အာဗီနီနှင့်အတူ ငြမ်းမြင့်ကြီးပေါ်မှာ တက်ပြီး တစ်နေ့လုံး သူဆွဲထားသည့် ပုံကြမ်းများကို လေ့လာသည်။ ညကလည်း တစ်ညလုံး သမ္မာကျမ်းစာကို ပြန်ဖတ်သည်။ စာဆိုတော် ဒန်တေရေးသည့် ငရဲခန်း ကဗျာများကိုလည်း လေ့လာသည်။ ဝိတိုရိယထံမှ ပို့လိုက်သော ခင်ကြီး ဆာဗို

နာရီလာ၏ ကျမ်းစာများကို ဖတ်သည်။ အားလုံးပင် သူ့ပန်းချီကားပေါင် အတွင်း သူ့နေရာနှင့်သူ ဝင်လာသည်။

မိုင်ကယ်က တံခါးပိတ်ပြီး သူ့အလုပ်နှင့်သူ လုပ်နေသည့် အချိန်တွင် အပြင်ဘက်မှလည်း ပုပ်ပေါလ်အဖို့ ကမ္ဘာပျက်သည့်နေ့ ကျရောက်နေပြီဟု ဆိုရမလောက် ဖြစ်နေသည်။ ဧကရာဇ်မင်း ပဥ္စမမြောက် ချာလီဘုရင်သည် ဒနေပယ်လ်မြို့တော်မှနေ၍ မြောက်ဘက်ဆီသို့ အလုံးအရင်းနှင့် ချီတက်လာနေသည်။ ထိုစစ်တပ်များသည် မကြာမီကပင် ရောမ မြို့တော်ကြီးကို ဝင်ရောက် ဖျက်ဆီးခဲ့ဖူးသည်။ ပုပ်ပေါလ်မှာ စစ်တပ်အင်အားဆို၍ ဘာမှ မရှိချေ။ သို့ဖြစ်၍ ဧကရာဇ် ချာလီဘုရင်ကို ငြိမ်းချမ်းစွာ ဟန်ရေးပြလျက် ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့ဖြစ်၍ ပုပ်ပေါလ်သည် စိန့်ပီတာ ခရစ်ယာန် ဘုရာရှိခိုးကျောင်းကြီး လှေကားရင်းတွင် ရောင်လျှံပြိုးပြက်သော ဝတ်စုံများ ဆင်ယင်ထားသော ခရစ်ယာန် သာသနာ့ဝန်ထမ်း၊ မင်းညီမင်းသား၊ မှူးမတ် ဗိုလ်ပါများနှင့် ရောမမြို့သားလူငယ် သုံးထောင်တို့ ခြံရံလျက် ဧကရာဇ်မင်း ချာလီကို ကြိုဆို တွေ့ဆုံသည်။ ချာလီဘုရင်သည် ပုပ်ရဟန်းမင်းအား သာသနာရေးတွင် အကြီးအချုပ် နေရာထားလျက် လက်ခံလိုက်သည်။

နောက်တစ်နေ့တွင် ဝိတိုရိယထံမှ မိုင်ကယ်ကို အခေါ်လွှတ်လိုက်သဖြင့် လိုက်သွားရသည်။ ဝိတိုရိယက မိုင်ကယ်ကို ဧကရာဇ်မင်း၏ ရှေ့တော်သွင်းသည်။ ဧကရာဇ်မင်းကလည်း မိုင်ကယ်ကို ခင်မင်စွာ ဆက်ဆံသည်။ မိုင်ကယ်က ဖလော်ရင့် မြို့တော်ကို အုပ်စိုးနေသော အလက်စန်ဒရိုကို ဖယ်ရှားပေးပါရန် ဧကရာဇ်မင်းအား တောင်းပန်သည်။

ဧကရာဇ်မင်းက ပြန်ပြောသည်။ 'ဖလော်ရင့်မြို့တော် ရောက်တော့မှ ခရစ်ယာန် ဘုရားရှိခိုးကျောင်းထဲမှာ မင်း ထုလုပ်ထားတဲ့ အရုပ်တွေ ကြည့်ပြီးမှပဲ မင်းကို အတိအကျ ကတိပေးနိုင်မယ်'

ထိုအခါ မိုင်ကယ်သည် ဧကရာဇ်မင်း၏ အမျက်ကိုပင် မကြောက်နိုင်ဘဲ ပြန်ပြောသည်။ 'ဘုရင်မင်းမြတ်ကြီး ဘုရား၊ အနုပညာ ပန်းပု ပန်းချီတွေ ထွန်းကားဖို့ ဆိုတာလည်း ဖလော်ရင့် မြို့တော်ကို မင်းဆိုးမင်းညစ် လက်အောက်က လွတ်အောင် ကယ်ဆယ်မှ ဖြစ်နိုင်မှာမို့ပါ'

ထိုအခါ ဧကရာဇ်မင်းက ပြန်ပြောသည်။

'မင်း ထုထားတဲ့ ရုပ်တုတွေဟာ ကျော်ကြားသလောက် ဟုတ်မယ် ဆိုရင် ဖြင့် တစ်ခုခု လုပ်ပေးရမှာပေါ့'

ကေရာဇ်မင်းသည် ဖလော်ရင့် မြို့တော်သို့ ရောက်၍ မိုင်ကယ်၏ လက်ရာများကို ရှုမြင်ရသည်။ ထိုလက်ရာ ရုပ်တုများရှိသည့် ဆန်လော်ရင်ဇို ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာပင် သူ့သမီးနှင့် ဖလော်ရင့်မြို့ အုပ်ချုပ်သူ အလက်ဆန်ဒရိုတို့ကို လက်ထပ်မင်္ဂလာ ပြုစေသည်။ မိုင်ကယ်မှာ စိတ်အားလျော့နေသည်။ တော်ပါသေးသည်။ အလက်ဆန်ဒရိုသည် ကေရာဇ်မင်း၏ သမက်အဖြစ် ကြာကြာ မနေလိုက်ရချေ။ ဆွေမျိုး ညီအစ်ကိုတော်တစ်ဦးက သတ်ပစ်လိုက်သည်။ သူ့အလောင်းကို မိုင်ကယ် ထုထားသည့် အရုပ်တုများ အောက်က ကျောက်သားခေါင်းတွင်း ထည့်ထားလိုက်ကြသည်။

မိုင်ကယ်က သူ့တပည့်ကို ပြောသည်။ 'အေး၊ အခု ဖလော်ရင့် မြို့သားတွေတော့ မင်းဆိုးမင်းညစ် အလက်ဆန်ဒရိုရဲ့ လက်အောက်က လွတ်ကုန်ပြီ။ ငါပဲ သူ့ကို သေသည်အထိ ငါ လုပ်ထားတဲ့ လက်ရာတွေက အမှုထမ်းနေရတယ်။ ကဲ ကြည့်စမ်း၊ ငါ ဘာများ အသုံးကျသေးသလဲ။ ငါ့ရဲ့ အနုပညာကို မင်းဆိုးမင်းညစ်တွေ မြှုပ်ဖို့ သင်္ချိုင်းဂူတွေ လုပ်ပေးဖို့ပဲ အသုံးချနေရတာပဲ'

နောက်တက်လာသူမှာ မီဒီချီ အမျိုးထဲကပင် ဖြစ်သည်။ သို့သော် မကြာမီပင် လူအများ မဲနှင့် ရွေးကောက်ထားသော ကောင်စီများကို ဖျက်ပစ်သည်။ ပြည်တွင်းစစ် ဖြစ်ရပြန်သည်။ လူပညာရှိ ခင်ကြီး ပညာရှိများ ဖမ်းဆီးကွပ်မျက်ခံရ၍ ပျက်စီးကြရသည်။ မိုင်ကယ်နှင့် သိကျွမ်းခဲ့သော လူငယ် လူရွယ်တွေအများ ပါသွားသည်။ "ငါတို့နေတဲ့ လောကဟာ လူ့လောကမှ ဟုတ်သေးရဲ့လား။ ဒီလို အကျိုးမဲ့ သတ်ဖြတ် ဖျက်ဆီးမှုတွေကို ပြောင်ပြောင်တင်းတင်းကြီး လုပ်နေကြတာကို ဘယ်သူကမှ အရေးမယူနိုင်ကြတော့ဘူးလား။ တို့တစ်တွေ နေရတာသားရဲတိရစ္ဆာန်ဘုံနဲ့ အတူတူပါပဲလား" ဟု မိုင်ကယ် ညည်းညူမိသည်။

သူ နံရံပေါ် တင်တော့မည့် "နောက်ဆုံးစီရင်ချက်" ပန်းချီကားကို လူလောကကြီးအားလုံး မြင်ရအောင် တင်ပေးခြင်းမှာ မှန်သောအလုပ်၊ လုပ်သင့်သောအမှု ဖြစ်ပေသည်ဟု သည်တော့မှ တွေးမိသည်။

ဝိတိုရိယမှာလည်း ဒုက္ခတွေ ဝိုင်းနေသည်။ ကာဒီနယ် ကာရာဖား ဆိုသူ အယူသီး ခင်ကြီးတစ်ပါးသည် အီတလီပြည်မှာ အင်ကွီဇီးရှင်းခေါ် စစ်ဆေးအဖွဲ့ထားဖို့ ကြိုးစားသည်။ အင်ကွီဇီးရှင်း၏ အလုပ်မှာ ဘာသာရေးနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုသူများအား မိစ္ဆာဒိဋ္ဌိဟူ၍ မီးရှို့သတ်ဖြတ်ခြင်း၊ ကြိုးပေးသတ်ခြင်း၊ မသေမရှင် ညှဉ်းဆဲခြင်း အစရှိသော အပြစ်များ ပေးခြင်း ဖြစ်သည်။ သာသနာနှင့် ပတ်သက်၍ ပြုပြင်ဖွယ်များ ပြောဆိုမိသူများမှာ အင်ကွီဇီးရှင်း၏ စက်ကွင်းတွင်းသို့ ကျကြရသည်။

ကာရာဖား၏ အလိုအတိုင်းဆိုလျှင် ဆာဗိုနာရိုလာကို ချီးကျူး ပြောဆိုသူများကို မနှစ်သက်ချေ။ တစ်နေ့တွင် ထိုအမှုကို မပြုရဟု တားမြစ်သည်။ မိုင်ကယ်သည် ပွင့်လင်းစွာ ပြောဆိုတတ်သော ဝိတိုရိယအတွက် စိတ်ပူမိသည်။ ဝိတိုရိယက မိုင်ကယ်ကို ပြန် သတိပေးနေသည်။ ကာရာဖားသည် မိုင်ကယ် ရေးဆွဲနေသော ပန်းချီကားကို မကြိုက်ဟု ပြောသည်။ အမှန်မှာ မိုင်ကယ်သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း အတွင်းမှာ ပိတ်၍ ရေးဆွဲနေသည်ကို ကာရာဖား သိသည်ကို မိုင်ကယ် အံ့သြနေသည်။

မိုင်ကယ်၏ လုပ်ငန်းကိစ္စများကို သိသူ အခြားတစ်ဦးမှာကား အာတီနိုဆိုသူ ဖြစ်သည်။ အာတီနိုသည် ဥရောပရှိ မင်းစိုးရာဇာများကို သူတို့အကြောင်း သွားပုပ်လေလွင့် သတင်းလွှင့်မည်ဟု ခြိမ်းခြောက်ကာ ငွေညှစ်နေသည်။

မိုင်ကယ်သည် အာတီနိုထံမှ စာများ ရသည်။ ပထမ စာမှာ မိုင်ကယ်ကို ပန်းချီ ဘယ်လိုဆွဲ လျှင် ကောင်းမည်ဟု အကြံပေးသည့်စာ ဖြစ်သည်။ ထိုနောက် မိုင်ကယ် ရေးဆွဲသည့်ပုံများ၊ ထုသည့်ပုံများကို တောင်းသည်။ မိုင်ကယ်သည် ထိုစာများကို ဂရုမစိုက်ဘဲ ပစ်ထားလိုက်သည်။ အာတီနိုသည် နေနှင့်ဦးဟု အငြိုးထားကာ နေလိုက်သည်။ ပန်းချီကားကြီး ပြီးစီးသည့် အခါကျမှ အဆိပ်ပြင်းပြင်းနှင့် နာလန်မထူအောင် မိုင်ကယ်ကို ပေါက်သတ်ပြမည်ဟု တေးထားသည်။

မိုင်ကယ်နှင့် သူ့တပည့် အာဗိနိုတို့သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း နံရံပန်းချီကို စ၍ လုပ်ကြသည်။ သူတို့ ဆရာတပည့် ငြမ်းပေါ်မှာပင် စားကြသည်။ ဆောင်း ဝင်လာသောအခါ ညတာ ရှည်လာသည်။ မိုင်ကယ်သည် ဝိတိုရိယအတွက် ပုံတွေ ဆွဲပေးသည်။ ဝိတိုရိယထံမှ သူ ရေးသားသည့် ကဗျာစာအုပ် ပို့ပေးသည်။ ထိုအချိန်အခါကား မိုင်ကယ်သည် ဝိတိုရိယနှင့် ဆက်ဆံမှုမှာလည်း မပြည့်စုံသော ဘဝဇာတ်ကွက်တစ်ခု ဖြစ်သည်။

မိုင်ကယ် သူ့စိတ်ထဲ ရှိသမျှကို ဝိတိုရိယကို ဖွင့်ပြောချင်သော်လည်း အခွင့် မရခဲ့ပေ။ ဝိတိုရိယ ကိုယ်တိုင်လည်း မိုင်ကယ် ခံစားရသည်နှင့် ထပ်တူပင် ဖြစ်မည်ဟု မိုင်ကယ် ယုံကြည်သည်။ မိုင်ကယ်သည် သူ့ရင်တွင်း ခံစားရသော ချစ်ရမွက် ဝေဒနာ၏ အရှိန်အဟုန်သည်ပင် သူ၏ ဖန်တီးတတ်သော အနုပညာကို ပြည့်ဖြိုးစေသည်။

၁၅၄၀ ခုနှစ် နောက်ပိုင်းတွင် မိုင်ကယ်သည် နံရံပန်းချီ သုံးပုံပုံ နှစ်ပုံမျှ ပြီးစီးသည်။ တစ်နေ့သော် ပုပ်ပေါလ်သည် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ရုတ်တရက် ရောက်လာသည်။ မိုင်ကယ်သည် ငြမ်းပေါ်မှ ဆင်းလာရသည်။ ပုပ်နှင့်အတူ အခမ်းအနားမှူး ဗီအာဂီအို ပါလာသည်။

ပုပ်သည် မိုင်ကယ်၏ နံရံပန်းချီကို လှျောက်ကြည့်ပြီး ဒူးထောက်ဆုတောင်း ရှိခိုးသည်။ ပုပ်သည် ဒူးထောက်ရာမှ ထ လာသောအခါ သူ့မျက်နှာမှ မျက်ရည်များ ကျလျက်ရှိသည်။

'ချစ်သား ဒီခေတ်ထဲမှာ သင် ဖန်တီးပြလိုက်တာဖြင့် အံ့တစ်ပါး ပါပဲကွယ်' ဟု မိုင်ကယ်ကို ပြောသည်။

ဗီအာဂီအိုသည် နံရံပန်းချီများကို ကြည့်ပြီး မျက်နှာကြီး ပုပ်သွားသည်။ အဝတ်မပါသော လူပုံများ ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာ ရေးဆွဲဖို့ မသင့်လျော်ဟု ဝေဖန်သည်။ ဖျက်ဆီးပစ်ဖို့ သင့်သည်ဟု ဆိုသည်။ ထိုအခါ ပုပ်က 'ဒီ ပန်းချီကားကို ထိဝံ့တဲ့လူကို သာသနာ ပ ပစ်မယ်' ဟု ဆိုလိုက်သည်။

ပုပ်ပေါလ်နှင့် ဗီအာဂီအိုတို့ ပြန်သွားကြသည်။ မိုင်ကယ်သည် ကျန်လပ်နေသည့် နေရာကို အပြင်ခိုင်းသည်။ မိုင်ကယ်သည် ဗီအာဂီအို၏ ရုပ်ပုံ ရုပ်ပြောင်ကြီး တစ်ရုပ်ကို ရေးဆွဲလိုက်သည်။ မြည်းနားရွက် တပ်ပေးထားသည်။ ကိုယ်အပေါ်ပိုင်းကို မြွေကြီး ပတ်ပေးထားသည်။ နှာခေါင်းဖျား ချွန်ချွန်၊ သွားခေါကြီးနှင့် မျက်နှာကြီးများ၊ ဗီအာဂီအိုနှင့် တစ်ထေရာတည်း တူလှသည်။

ထိုကိစ္စကို ဗီအာဂီအိုက ပုပ်ပေါလ်ကို သွားတိုင်သည်။ သူ့ရုပ်ပုံ မရှုမလှကြီး ဆွဲထားပြီး အောက်ပိုင်းက မြွေကြီးပတ်လျက် ငရဲကျပုံ ဖြစ်နေသည်။

ပုပ်သည် ထိုပုံကို လာကြည့်ပြီး 'မိုင်ကယ်၊ မင်း အစကပြောတော့ ပုံတူမဆွဲတတ်ဘူးဆို' ဟု မေးလိုက်သည်။ မျက်နှာ တည်ထားသော်လည်း မျက်လုံးများမှာ ရွှင်နေသည်။

ဗီအာဂီအိုမှာ မျောက်မီးခဲ ထိုင်မိသလို နေမထိ ထိုင်မထိဖြစ်ကာ ဆွေ့ဆွေ့ခုန်နေသည်။

'ကြည့်ပါဦး၊ မြွေကြီးနဲ့က ပတ်ထားလိုက်သေးတယ်' ဟု ဆိုသည်။ ထိုအခါ မိုင်ကယ်က–

'ဒါတော့ ခင်ဗျားက အရှက်အကြောက်ကြီးတယ် မဟုတ်လား၊ ဒီတော့ ဖုံးဖိပေးရတာလေ' ဟု ပြန်ပြောသည်။

ဗီအာဂီအိုက ပုပ် ပေါလ်အား သူ့ကို ကယ်ပါဦးဟု ဆိုသည်။ ထိုအခါ ပုပ်က–

'ဟ၊ ငရဲကျတဲ့ လူကို တို့ မကယ်နိုင်ဘူး။ အဲဒါ လမ်းဆုံးပဲ' ဟု အတည်ပေါက်နှင့် ပြောသည်။

*

ဝိတိုရိယထံမှ မိုင်ကယ်ဆီသို့ စာရောက်လာသည်။ ကာရာဖား၏ အမိန့်အရ သူ့မှာ ရောမမှ ထွက်ခွာသွားရမည်။ ယခုပင် လာတွေ့လှည့်ပါဟု ဆိုသည်။ သူ နှုတ်ဆက်ချင်သည်။

ရာသီမှာ ဧပြီလ ဖြစ်သည်။ ပန်းတွေ တအားပွင့်နေသည်။ လေပြည် လေညင်းထဲတွင် ပန်းရနံ့တွေ သင်းနေသည်။ ဝိတိုရိယကို ဥယျာဉ်ထဲမှာ တွေ့ရသည်။ ရွှေရောင်ဆံပင်ကို ဇာပဝါအနက် ခြုံထားသည်။ မိုင်ကယ်ကို ပြုံးလျက်ပင် ကြိုဆိုနှုတ်ဆက်သည်။

---

ဝိတိုရိယ ကိုလွန်နာ



'မိုင်ကယ် အခုလို လာနိုင်တာ ကျေးဇူးပါပဲ'

'ကဲပါ၊ အပိုစကားတွေနဲ့ အချိန်မကုန်ပါစေနဲ့။ ဘယ်ကို သွားမှာလဲ'

'ဗိတာဗိုကို သွားမယ်၊ စိန့်ကက် ခရစ်ယာန်သီလရှင်ကျောင်းမှာ နေမယ်'

သူတို့ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။

'ဒီလိုဆိုတော့ မိုင်ကယ်ရဲ့ ပန်းချီကားကြီး ကြည့်မသွားရတော့ဘူး၊ ဝမ်းနည်းပါတယ်'

'အို ဒါကတော့ နောက်ကျရင် ကြည့်ရမှာပေါ့၊ ဘယ်တော့သွားမှာလဲ'

'နက်ဖြန်မနက် သွားမယ်၊ ကျွန်မဆီကို စာရေးမယ် မဟုတ်လား'

'ရေးပါ့မယ်၊ ဆွဲထားတဲ့ ပုံတွေလည်း ပို့ပေးမယ်'

'ဟုတ်ကဲ့၊ စာပြန်ပါ့မယ်။ ကျွန်မရေးတဲ့ ကဗျာတွေလည်း ပို့လိုက်မယ်'

မိုင်ကယ်သည် လှည့်ထွက်ခဲ့ပြီး စတူဒီယိုထဲ ဝင်ကာ တစ်ကိုယ်တည်း တံခါးပိတ်နေသည်။ သူသည် အချိန် ဘယ်လောက်ကြာမျှ တွေဝေမိန်းမော နေသည် မသိ။ မိုးချုပ်တော့မှ ထလာပြီး တပည့် အာဗီနိုကို ခေါ်ပြီး စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ လာခဲ့ကြသည်။

မီးရောင်မှိတ်တုတ်နှင့် ကျောင်းတွင်းသို့ ဝင်သွားကြသည်နှင့်ပင် "နောက်ဆုံး စီရင်ချက်" ပန်းချီကားကြီးသည် မုန်တိုင်းအဟုန်ဖြင့် ထ ခုန်လိုက်သည့်နှယ် အသက်ဝင်လာသည်။ အရေအတွက်အားဖြင့် ၃၀၀ မျှသော လူယောကျ်ား၊ မိန်းမ၊ ကလေးများ၊ သူတော်စင်များ၊ ကောင်းကင်တမန် နတ်သားများ၊ ဘီလူး သရဲများ တို့သည် နေ့ အလင်းရောင်ထဲမှာ နစ်မြုပ်နေကြသည်။ မှိတ်တုတ်မှိတ်တုတ် မီးရောင်တွင် ထို လူ၊ နတ်၊ ဘီလူး၊ ပုဂ္ဂိုလ်သတ္တဝါတို့သည် ပန်းချီကားအတွင်းမှ တိုးထွက်ကြသကဲ့သို့ ရှိသည်။ သူတို့ကိုယ်စီ ခံစားရသမျှ၊ ကြုံရသမျှ ဇာတ်ဖြစ် သနစ်ကို ကြည့်ပါ၊ ရှုပါ တစာစာ ပြောသည့်နှယ် ရှိနေသည်။

မိုင်ကယ်သည် ခေါင်မိုးအပေါ် မော့ကြည့်လိုက်ပြန်သည်။ သူ ရေးဆွဲထားသည့် "ဘုရားသခင် ကမ္ဘာကြီးကို ဖန်ဆင်းနေပုံ" ပန်းချီကားကြီးကို မြင်ရသည်။ သမ္မာကျမ်းစာမှ စာကြောင်းတစ်ကြောင်းကို ပြေးသတိရသည်။

ထာဝရဘုရားသခင်သည် သူ ဖန်တီးပြုပြင်သော လောကကြီးကို ရှုမြင်တော်မူ၏။ အလွန်ကောင်းလှသည်ဟု သူ တွေ့ရ၏။

မိုင်ကယ်သည် သူ ရေးဆွဲထားသော နံရံပန်းချီကားဘက်သို့ လှည့်ကြည့် လိုက်ပြန်သည်။ သူ ရေးဆွဲခဲ့သည့် လက်ရာကို မြင်၏။ အလွန် ကောင်းလှသည်ဟု သူ တွေ့ရ၏။

## အခန်း ၁၁
# စိန့်ပီတာအတွက် ခေါင်မိုး

နိဝင်ဘာလ သူတော်စင်များနေ့တွင် ရဟန်းမင်း ပုပ်ပေါလ်သည် "နောက်ဆုံး စီရင်ချက်" ပန်းချီကားကြီး ပြီးစီးသည့်ပွဲ လုပ်သည်။

၁၅၄၁ ခုနှစ် ခရစ်စမတ်နေ့တွင် ခရစ်ယာန် ဘုရားကျောင်းကို လူအများ ဝင်ကြည့်နိုင်ရန် ဖွင့်ပေးသည်။ မိုင်ကယ်၏ စတူဒီယိုသို့ ဧည့်သည်၊ အနုပညာ သည်၊ မင်းစိုးရာဇာတွေ၊ တပည့်ခံလိုသူတွေ ဝင်လာမစဲ ဖြစ်နေသည်။

မိုင်ကယ်ထံသို့ မလာကြသော လူအုပ်စု နှစ်စု ရှိသည်။ တစ်စုမှာ ဗိသုကာ အင်တိုနီယို ဆန်ဂါလိုနှင့် အပေါင်းပါ ပညာသည်များ ဖြစ်သည်။ အခြားတစ်စု မှာ ကာဒီနယ် ကာရာဖားနှင့် တပည့်များ ဖြစ်သည်။

မကြာမီပင် မိုင်ကယ်၏ ပန်းချီကားကို ဝေဖန်သံတွေ ထွက်လာကြ သည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်းတွင် အဝတ်မပါ အရုပ်တွေ ရေးဆွဲ သည်မှာ ညစ်ပတ်စုတ်ပဲ့သည်ဟု ဆိုကြသည်။ သို့သော် ပုပ်ပေါလ်က မိုင်ကယ် ဘက်က ရပ်တည်နေသည်။ ခရစ်ယာန် ဘုရားရှိခိုးခန်းအသစ်တွင် နောက်ထပ် နံရံပန်းချီတွေ ထပ်ဆွဲခိုင်းသည်။

မိုင်ကယ်သည် သူနှင့်အတူ တပည့်ချစ်ကလေး တော်မစို အမြဲပင် ရှိနေ သည်။ သို့သော် ဝိတိုရိယကို အမြဲသတိရနေသည်။ စာရှည်ကြီးများ ရေးသည်။ ကဗျာနှင့် ပန်းချီပုံများ ရေးဆွဲပို့သည်။ ဝိတိုရိယသည် သူ့ထံသို့ စာပြန်ဖို့အရေး ကြာလေ နည်းနည်းလာသည်။ မိုင်ကယ်က 'ဘာပြုလို့လဲ' ဟု အငမ်းမရ မေး သည်။ တစ်နေ့သော် ဝိတိုရိယထံမှ စာတစ်စောင် လာသည်။

"အသင်နှင့် ကျွန်ုပ်တို့ အဆက်မပြတ် စာ အသွားအလာလုပ်၊ တရေး တည်း ရေးနေကြမယ်ဆိုရင်တော့ ကျွန်ုပ်လည်း ဒီက စိန့်ကက်သရင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းက ဝတ်တွေ ပျက်မယ်။ အသင်လည်း စိန့်ပေါလ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတော်က ကင်းကွာတော့မှာပေါ့။ ဒီတော့ အသင်နှင့် ကျွန်ုပ်တို့ ကိုယ်စီ တာဝန်တွေ ပျက်ကုန်လိမ့်မယ်။"

ရာပြည့်စာအုပ်တိုက်

မိုင်ကယ်သည် အကြိမ်းခံရသည့် ကျောင်းသားငယ်လေးပမာ ဘာမှ ပြန်မပြောနိုင်ဘဲ ရှိသည်။ စိတ်ပျက် အားလျော့သွားသည်။ ပုပ်ပေါလ် ခိုင်းစေထားသည့် နံရံပန်းချီများ ပြီးစီးသွားသည်။ ပုပ် ဂျူးလီးယ သင်္ချိုင်းဂူအတွက် ရုပ်တုများလည်း ပြီးစီးသွားသည်။

ထိုအတောအတွင်း ကာဒီနယ် ကာရာဖားသည် တဖြည်းဖြည်း ဩဇာကြီးလာသည်။ ဝိတိုရိယသည် ရောမမြို့သို့ ပြန်ရောက်လာသည်။ မိုင်ကယ်သည် ဘေးအန္တရာယ် ဖြစ်မည်ကို စိတ်ပူသည်။ ဝိတိုရိယထံ လာတွေ့ပါရစေဟု အတန်တန်ပြောမှ အတွေ့ခံသည်။

ဝိတိုရိယမှာ စိတ်ရောလူပါ ချုံးကျ၍ အိုမင်းကျဆင်းသောအသွင် ရှိသည်။ ခရစ်ယာန် သီလရှင်ကျောင်း ဥယျာဉ်တွင်း ခုံပေါ်မှာ ထိုင်လျက်သား တွေ့ရသည်။ မိုင်ကယ်သည် သူ့ကို မြင်လိုက်ရသောအခါ ယူကျုံးမရ ဖြစ်သွားရသည်။

'ကဲ မြင်ရပြီလား၊ ဒီအဖြစ်မျိုးကို မမြင်စေချင်လို့ အတွေ့မခံတာ' ဟု ဝိတိုရိယက ပြောသည်။

'ကျွန်ုပ်ရဲ့ အချစ်မေတ္တာကို ဒီလောက်မှ မနက်နဲဘူးလို့ ထင်သလား'

'အသင်က သနားကြင်နာပါတယ် ဆိုတာကိုပဲ ရက်စက်ရာ ရောက်ပါတယ်'

'ဘဝဆိုတာ ရက်စက်တဲ့သဘော ရှိပေမဲ့ အချစ်မေတ္တာ ဆိုတာကတော့ မရက်စက်ပါဘူး'

'အချစ်မေတ္တာဆိုတာ အရက်စက်ဆုံးပါ၊ ကျွန်ုပ် သိပါတယ်'

'အို သင် သိတာက အစိတ်အပိုင်းလောက် သိတာပါ။ ဘာပြုလို့ ကျွန်ုပ်ကို ခွဲခွာသွားရတာလဲ။ ပြီးတော့ ဒီလောက် အန္တရာယ်များတဲ့ဆီ ဘာကြောင့် ပြန်လာရတာလဲ'

'မသေခင်မှာ ကိုယ်ပြုမိတာတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ချင်လို့ပါ။ ကျွန်ုပ်ဟာ သမ္မာကျမ်းစာနဲ့ ပတ်သက်ပြီး ကိုယ်ထင်ရာတွေကို တွေးတော ပြောဆိုခဲ့မိတယ်။ ဒီတော့ သေရရင်လည်း ဒါတွေ တောင်းပန်ပြီး အေးအေးပဲ သေချင်တယ်'

'အို၊ သင့်ကျန်းမာရေး မကောင်းလို့ ခုလို စိတ်ဓာတ်ကျတာပါ။ ပြီးတော့လည်း အင်ကွီဇီးရှင်းက အသင့်ကို သိပ်ညှဉ်းပန်းနှိပ်စက်လို့ ဖြစ်မှာပါ'

'ကျွန်ုပ်ကိုယ် ကျွန်ုပ်ပဲ ညှဉ်းဆဲနေတာပါ။ မိုင်ကယ်၊ အသင့်ကို လူယောက်ျားတွေထဲမှာ ဘုရားသခင်က စေလွှတ်လိုက်တဲ့ ပုဂ္ဂိုလ်လို ကြည်ညို ရှိခိုးလိုက်ပါတယ်။ ဒါပေမဲ့ အသင်လည်း အသင့် ငြိမ်းချမ်းရေး ဆောက်တည်ရေးအတွက် ကိုယ့်ဘာသာ ရှာရမှာပါပဲ'

မိုင်ကယ်သည် ဝိတိုရိယ ပြောစကားများကို ငြိမ်၍ နားထောင်နေသည်။ သူတို့ ပတ်ဝန်းကျင်တွင် ပျားပိတုန်းများသည် ပန်းပွင့်များထဲတွင် တဝီဝီ ပျံသန်းနေကြသည်။ မိုင်ကယ်သည် ဝိတိုရိယအတွက် ရင်နာလှသည်။

'ဒီမှာ မြို့စားကတော်၊ ကျွန်ုပ် ရင်ထဲမှာ ရှိတာကို တစ်ခါမှ ဖွင့်ပြောဖို့ အခွင့်မရခဲ့ဘူး။ ဒါပေမဲ့ အခုထိ မပြောင်းလဲဘဲ ကျွန်ုပ် ရင်ထဲမှာ ရှိနေတုန်းပါပဲ။ ကျွန်တော့်ကိုများ အပျိုချောလေးကို စွဲနေတဲ့ ကျောင်းသားအရွယ် မလောက်လေး မလောက်စားလို့ ထင်နေသလား။ ကျွန်ုပ်ရဲ့ စိတ်ထဲမှာ အသင့်ကို ဘယ်လောက်ထိ စွဲနေတယ်ဆိုတာ သိတယ် မဟုတ်လား'

ထိုအခါ ဝိတိုရိယသည် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ် ရင်ထဲမှာ နင့်နေတဲ့ ဒဏ်ရာတွေ ပျောက်ကင်းချမ်းသာရာ ရသွားပြီ' ဟု ပြောပြောဆိုဆိုနှင့်ပင် အတွင်းသို့ ဝင်သွားသည်။

*

အင်တိုနီယို ဆန်ဂါလိုသည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွက် အုတ်မြစ်များ ချသောအခါတွင် မိုင်ကယ်အပေါ် ထားရှိသည့် မနာလို မုန်းတီးမှုများကို အကောင်အထည် ပေါ်စေတော့သည်။

မိုင်ကယ် ထိုနေရာသို့ သွားရောက် တိုင်းထွာကြည့်သောအခါ သည်အတိုင်းသာ ဆောက်လုပ်လျှင် စစ်စတိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း အချို့အဝက်နှင့် နောက်ထပ်ဆောက်သည့် ပေါလိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းတို့ကို ဖြိုချဖို့ လိုမည်ကို တွေ့ရသည်။ မိုင်ကယ်သည် ထိုအဖြစ်ကို ပြေး၍ ပုပ်ပေါလ်ကို ပြောပြရသည်။ သည်အတိုင်းဆိုလျှင် မိုင်ကယ် ရေးဆွဲထားသည့် နံရံပန်းချီကားတွေ အများပင် ပါသွားတော့မည်။

ထိုအခါ ပုပ် ပေါလ်သည် ငွေကြေးမပြည့်စုံဟု ဆို၍ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ဆောက်လုပ်ရေးကို ရပ်ဆိုင်းထားခိုင်းသည်။ ဆန်ဂါလိုက သိလိုက်သည်။ ဤကိစ္စသည် ပုပ်ပေါလ်ကို မိုင်ကယ် သွားတိုင်၍သာ ဖြစ်ရသည်။

မိုင်ကယ်၏ ပန်းချီကားသည် သာသနာကို ပျက်စီးစေသည်ဟု ဆန်ဂါလိုက သူ့တပည့်တစ်ယောက်ကို လိုက်ပြောခိုင်းသည်။ သို့သော် ရပ်ဝေး ခရစ်ယာန် ဘုရားသခင် ဖူးသူများသည် မိုင်ကယ်၏ ပန်းချီကားရှေ့ ရောက်လာလျှင် ဒူးထောက်ကာ ဆုမတောင်း ဝတ်မပြုဘဲ မနေနိုင်ကြချေ။

ထို့နောက် အာတီနိုထံမှ မိုင်ကယ် စာတစ်စောင် ရသည်။ ထိုစာမှာ မိုင်ကယ်သည် အခကြေး ရွှေစတွေ လက်ခံပြီး ပုပ်ဂျူးလီးယ၏ သင်္ချိုင်းဂူကြီး မပြီးစီးနိုင်ခဲ့ကြောင်း၊ လူလိမ်လူညာကြီးဖြစ်ကြောင်း ရေးထားသည်။ ထိုစာတွင်

အဆိုးဆုံးအချက်မှာ မိုင်ကယ်ကို သူ့တပည့်ချစ် တော်မစိုနှင့် ယောကျ်ားချင်း မသင့်သော ရင်းနှီးမှုများ ရှိသည်ဟူ၍ စွပ်စွဲထားခြင်း ဖြစ်သည်။

မိုင်ကယ်သည် သူ့တစ်ကိုယ်လုံး အေးစက်သွားတော့သည်။ သူသည် အသက် ၇၀ ရှိလာခဲ့ပြီ။ သူ့ကို အမျိုးမျိုး သွားပုပ်လေလွင့် အပြောခံခဲ့ရဖူးပေါင်း များခဲ့ပေပြီ။

ပညာသည်အဖြစ်နှင့် နှစ်ပေါင်း ၅၀ ကျော်အတွင်း လူငယ်လေးတွေ သူနှင့် လာနေထိုင်ခဲ့ကြသည်။ တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့ အပြော တစ်ခါဖူးမျှ မခံခဲ့ရဖူးချေ။

အာတီနို၏ ယုတ်မာသော စကားများသည် ရောမမြို့ တစ်မြို့လုံး နံ့နေတော့သည်။ တစ်နေ့သော် တော်မစိုသည် မိုင်ကယ်ထံသို့ ပြေးလာသည်။ မိုင်ကယ်ကလည်း သူ့တပည့်၏ ဂုဏ်သရေ နွမ်းမည်ကို စိုးရိမ်သည်။ တော်မစိုကလည်း သူ့ဆရာအတွက် ပူပင်သည်။

'ဒီလိုကောင်မျိုး ဂရုစိုက်နေဖို့ မလိုပါဘူးကွာ၊ တို့ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့' ဟု မိုင်ကယ်က ပြောသည်။

မိုင်ကယ်သည် ခရစ်ယာန် ဘုရားဝတ်ပြုဆောင် အသစ်အတွက် နံရံပန်းချီပုံအကြမ်းများကို အချောသတ်နေသည်။ ဗိသုကာ အင်တိုနီယို ဆန်ဂါလိုမှာ ငှက်ဖျားရောဂါနှင့် ကွယ်လွန်သည်။

မကြာမီပင် မိုင်ကယ်ကို ပုပ် ပေါလ်က ခေါ်၍ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို ဆက်ဆောက်လုပ်ရန် အမိန့်ချသည်။

'ဘာလဲ မိုင်ကယ်၊ ဗိသုကာ အလုပ်ဟာ မင်းအလုပ် မဟုတ်လို့ မလုပ်တတ်ပါဘူးလို့ ပြောဦးမလို့လား' ဟု ပုပ်က မိုင်ကယ်ကို ကျီစားသော မျက်လုံးနှင့် ကြည့်၍ ပြောသည်။

'အရှင်ဘုရား၊ အခု တပည့်တော် လုပ်လက်စ ပေါ်လိုင်း ခရစ်ယာန် ဘုရားဝတ်ပြုဆောင်ကိုလည်း ပြီးအောင် လုပ်ရဦးမှာပါ။ ပြီးတော့ အခု တပည့်တော် အသက် ၇၀ ရှိနေပါပြီ။ ဒီလောက်ကြီး ဆောက်ဖို့ အား ဘယ်လိုလုပ် ရှိနိုင်မှာလဲ ဘုရား'

သို့သော် ပုပ်က ထိုစကားကို လက်မခံချေ။

'မင်း အငယ်လေး ရှိပါသေးတယ်။ ငါ့အရွယ် အသက် ၇၈ နှစ်လောက်ရောက်တော့မှပဲ ကြီးပါပြီလို့ ပြောချင်ပြော။ အခုတော့ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးကို ဆက်ဆောက်ရမယ်'

နေဝင်ရီတရော အချိန်တွင် မိုင်ကယ်သည် ဆောက်လုပ်နေဆဲ စိန့်ပီတာ

ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးသို့ သွားကြည့်သည်။ သူ ထုလုပ်ခဲ့သည့် မယ်တော်မာရီ ယေရှု၏အလောင်းကို ပွေ့ချီထားပုံ ကျောက်ရုပ်ရှေ့တွင် ရပ်မိသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး ဆောက်ရမည့် တာဝန်ကြီးကို တတ်နိုင်မည် မထင်ဘဲ ရှိနေသည်။

ထိုအခိုက် အမယ်အိုကြီးတစ်ယောက် ဝင်လာ၍ ထိုရုပ်တုရှေ့မှာ ဖယောင်းတိုင် ထွန်းသည်။ မိုင်ကယ်လည်း တောင်းထဲက ဖယောင်းတိုင် တစ်တိုင်ယူ၍ ထွန်းညှိလိုက်သည်။ ထိုခဏမှာပင် သူ့စိတ်ထဲတွင် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို သူပင် ပြင်ဆင်ဆောက်ရမည်ဟု သိလိုက်သည်။ တကယ်ဆိုတော့ ဘဝဟူသည် အသက်ထက်ဆုံး အလုပ်လုပ်ရင်းပင် ကုန်ဆုံးရမည် ဖြစ်သည်။

မိုင်ကယ်သည် ဗိသုကာ လုပ်သည့်အတွက် အခကြေးငွေ မယူတော့ဟု ဆုံးဖြတ်သည်။ သူ့ရှေ့က လုပ်သွားကြသူများက တိုင်အုတ်မြစ်များ မခိုင်သဖြင့် ပြန်ပြင်လုပ်ကြရာ ကန်ထရိုက်များက မကျေမနပ် ဖြစ်ကြသည်။ မိုင်ကယ်မှာ လုပ်သာ နေရသော်လည်း ဘေးက အနှောင့်အယှက် အမျိုးမျိုးပေးကြသည်။ ပုပ်က မိုင်ကယ်ပင် အစစ ကြီးကြပ်သူ ဖြစ်သည်ဟု ကြေညာပေးရသည်။

ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးသည် ရောမ မြို့သူ မြို့သားများ ရှေ့မှာပင် တဖြည်းဖြည်း တက်လာသည်။ လူအများ အံ့သြကြရ၏။ ထိုအခါ ရောမမြို့တော်ကြီး၏ ရှေးဟောင်း အဆောက်အအုံများကို ပြန်လည်ပြုပြင်ပေးဖို့ ပြောကြသည်။ မိုင်ကယ်သည် တပည့်ချစ် တော်မစို၏ အကူအညီဖြင့် ထိုအလုပ်ကို လက်ခံလိုက်သည်။

မိုင်ကယ်သည် ဗိတိုရိယထံသို့ သွား၍ သူဆွဲသော ပုံကားချပ်များကို ပြသည်။ သူ လက်ရှိ လုပ်နေသည့် အလုပ်များကို ပြောသည်။ ဗိတိုရိယသည် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး၏ ခေါင်မိုး မိုးကုပ်စက်ဝိုင်းကြီး အကြောင်း ပြောသောအခါ စိတ်ဝင်စားလာသည်။

'စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ခေါင်မိုးကို ဘယ်လို လုပ်မှာလဲ။ မိုးလုံရင် တော်ရောပေါ့၊ ဟုတ်လား' ဟု ဗိတိုရိယကို ပြုံး၍ ကျီစားသည့်အသံနှင့် ပြောသည်။ မိုင်ကယ်က ဝမ်းသာသွားသည်။ သူ ရောက်လာကတည်းက သည် တစ်ခါ ပြုံးသေးသည်။

'ဗိတိုရိယ အခုလိုပြုံးပြီး ရယ်သွမ်းသွေး စကားပြောတာ မြင်ရ ကြားရတာ သိပ်ဝမ်းသာပါတယ်' ဟု မိုင်ကယ်က ပြောသည်။

'အသင်က ကျွန်ုပ်ကို စိတ်မချမ်းသာဘူးလို့ မထင်ပါနဲ့၊ ဘုရားသခင်နဲ့ တွေ့ရမယ့်အချိန်ကို ပျော်ပျော်ကြီး စောင့်မျှော်နေတာပါ'

'ဒီဘဝမှာ ဝိတိုရိယကို ချစ်မြတ်နိုးသူတွေ ရှိနေသားနဲ့ ဘဝတစ်ပါး သွားချင်နေတာ တစ်ကိုယ်ကောင်း မဆန်ဘူးလား' ဟု မိုင်ကယ်က မေးသည်။

ဝိတိုရိယသည် အရိုးပေါ် အရေတင်သော သူ့လက်များဖြင့် မိုင်ကယ်၏ လက်ကို ဆွဲယူလိုက်ပြီး တိုးတိုးကလေး ပြောသည်။

'ကျွန်ုပ်ကို ခွင့်လွှတ်ပါနော်၊ တကယ်တော့ အသင်အဖို့ ကျွန်ုပ် ရှိနေဖို့ မလိုပါဘူး။ ကျွန်ုပ်နဲ့ မတွေ့ခင်ကလည်း အနုပညာလက်ရာတွေ အံ့သြလောက်အောင် ပြောင်မြောက်ခဲ့တယ်။ နောင် ကျွန်ုပ် မရှိတဲ့ နောက်လည်း ဒီအတိုင်း သွားမှာပါပဲ'

နောက်တနင်္ဂနွေနေ့ မတိုင်မီပင် ဝိတိုရိယ ကွယ်လွန်သည်။ သူ့ ခင်ပွန်း၏ သင်္ချိုင်းဘေးမှာ မြှုပ်နှံသည်။

*

မိုင်ကယ်ကို တစ်ကမ္ဘာလုံးကပင် "အနုပညာကျော် ဆရာကြီး" ဟု အသိအမှတ် ပြုကြသည်။

ဖလော်ရင့်မြို့တော်အတွက် ပန်းပုတွေ ထုပေးပါဦးဟု ပြန်ခေါ်ကြသည်။ ပြင်သစ်ဘုရင်ကလည်း ရောမမြို့တော်ရှိ ဘဏ်ထဲတွင် အသပြာများ အပ်လျက် မိုင်ကယ်အား သူ့ဖို့ ပန်းချီကားများ၊ အရုပ်များ ထုပေးဖို့ ပြောသည်။ တူရကီပြည် ဘုရင်ကလည်း ကွန်စတင်တီနိုပယ်လ်မြို့သို့ လာရောက်၍ သူ့အတွက် ပန်းချီ ပန်းပုများ ဖန်တီးပေးပါဟု ခေါ်သည်။

မိုင်ကယ်သည် ပေါ်လိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွင်း တစ်နေကုန် ပန်းချီဆွဲသည်။ အိမ်ပြန်ရောက်သောအခါ ပန်းပုထုသည်။ ခဏခဏ နေမကောင်းသဖြင့် စိတ်တိုနေသည်။ တစ်နေ့သော် တပည့် တော်မစိုကို ပြောသည်။

'ငါ အခု ဘယ်လိုများ စိတ်တိုတယ် မသိဘူး။ အသက် ၇၀ ကျော်လာလို့ ထင်ပါရဲ့'

ထိုအခါ သူ့တပည့်က ပြန်ပြောလိုက်သည်။

'ဃရာဏာချီက ပြောတော့ ဆရာကြီးဟာ အသက် ၁၂ နှစ် အရွယ်တုန်းကလည်း ခုလို စိတ်တိုတာပဲတဲ့'

မိုင်ကယ်၏ ငယ်သူငယ်ချင်း ဃရာဏာချီလည်း ယခု ကွယ်လွန်ရှာခဲ့ပြီ။ သူနှင့် အခြား ငယ်ပေါင်းကြီးဖော်တွေလည်း အားလုံးလိုပင် မရှိကြတော့ချေ။ တော်မစိုလည်း အမျိုးသမီးတစ်ဦးနှင့် လက်ထပ်၍ သားတစ်ယောက် ရခဲ့သည်။

မကြာမီပင် ပုပ်ပေါလ် ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူသည်။ ကွန်

တက်စီနာ၏ သားကို ပုပ်တင်မြှောက်ရန် ကြံစည်ကြသည်။ သို့သော် ရန်သူများက အဆိပ်ကျွေး သတ်လိုက်ကြသည်။

တတိယမြောက် ဂျူးလီးယ ပုပ်အဖြစ် ခံယူသည်။ သူသည် အပျော်အပါး၌ ဝါသနာပါ၍ အသပြာများကို သွန်မှောက်သုံးသည်။ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ဆောက်လုပ်ရေးကို ရပ်ထားရပြန်သည်။

မိုင်ကယ်၏တပည့် အာဇီနိုသည် သူ ဆယ်နှစ်ဆယ်မိုးမျှ လူပျိုလှည့် နေသော မိန်းကလေးကို လက်ထပ်ယူသည်။ မိုင်ကယ်က သူတို့ဇနီးမောင်နှံကို သူ့အိမ်မှာ ခေါ်ထားသည်။ ဒက်ကက်ရွှေစ ၂၀၀၀ ရင်းနှီးဖို့ ထုတ်ပေးသည်။ အိမ်ကိုလည်း အိမ်ထောင်စုံ နေလောက်အောင် ချဲ့သည်။ အာဇီနို၏ ဇနီးသည် ရိုးသား၍ ချစ်ခင်တတ်သည်။ မိုင်ကယ်ကို မိဘတစ်ဦးသဖွယ် ပြုစု လုပ်ကျွေးသည်။

မိုင်ကယ်သည် ရောမမြို့တော် ရှေးဟောင်း အဆောက်အအုံများကို ဆက်၍ လုပ်နေသည်။ ၁၅၅၅ ခုနှစ်တွင် တတိယမြောက် ပုပ်ဂျူးလီးယ ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူသည်။ နောက်တက်သည့် ပုပ်သည် တစ်လလောက်သာနေ၍ ကောင်းကင်ဘုံမှာ အိပ်ပျော်တော်မူသည်။ ကာဒီနယ် ကာရာဖားကို စတုတ္ထမြောက် ပေါလ်အမည်နှင့် ပုပ်အဖြစ် တင်မြှောက်ကြသည်။

စတုတ္ထမြောက် ပုပ် ပေါလ်သည် အီတလီပြည်တွင် မိစ္ဆာများကို ရှင်းလင်းမည် ဆို၍ စစ်ဆေးရေး အဖွဲ့တစ်ခု လုပ်ထားသည်။ ထိုအဖွဲ့က လူများကို ဖမ်းဆီး ချုပ်နှောင်ခြင်း၊ မသေမရှင် ညှဉ်းဆဲခြင်း၊ မြေအောက် ထောင်အတွင်း ချထားခြင်း၊ သေဒဏ်ပေးခြင်း စသည့် အလုပ်များကို လုပ်သည်။ မိုင်ကယ်သည် သူ့ကိုယ်သူ တစ်နေ့နေ့ သည်လူတွေလို ခံရမည် မလွဲဟု ထင်သည်။ သို့သော် သူ ထွက်မပြေးဘဲ ပေနေသည်။

တစ်နေ့သော် ပုပ်က သူ့ကို ခေါ်၍ပြောသည်။

'မင်းဆွဲတဲ့ နံရံပန်းချီကားတွေဟာ မိစ္ဆာအယူဆန်တယ်။ ဒါကြောင့် အားလုံး ထုံးသုတ်ပစ်ရမယ်'

ဗင်းနစ်မြို့တော်တွင် အာတီနိုက မိုင်ကယ်၏ ပန်းချီကားများကို ဝေဖန် ရေးသားသည်။ သူသည် မိုင်ကယ်၏ ရန်သူတော်ဟောင်းဖြစ်၍ ယခုအခါ ဘုရင်မင်း၊ မင်းစိုးရာဇာများနှင့် နာမည်ကျော် အနုပညာသည်များနှင့် အကျွမ်း ဝင်နေသည်။ တစ်ခါက မိုင်ကယ်ထံ ပန်းချီပုံများ တောင်းသည်ကို မပေးခဲ့သဖြင့် ရန်ငြိုးထားခဲ့သည်။ မိုင်ကယ် ရေးဆွဲသော ပုံများတွင် လူပုံများမှာ ဗလာချည်းစည်း၊ အဝတ်မပါသည်မှာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှင့် မသင့်ဟု အာတီနိုက ဆိုသည်။

မိုင်ကယ်သည် ပုပ်၏အမိန့်ကို မည်သို့မှ ပြန်မလွန်ဆန်နိုင်တော့ချေ။ တစ်နေ့သော် မိုင်ကယ်၏တပည့် ပန်းချီဆရာတစ်ဦးဖြစ်သော ဖော်တာရာသည် မိုင်ကယ်ထံသို့ ရောက်လာသည်။

'ဆရာကြီး နံရံပန်းချီကားအတွက်တော့ စိတ်မပူပါနဲ့တော့၊ ထုံး မသုတ်တော့ဘူးတဲ့'

မိုင်ကယ်က ဝမ်းမြောက်စွာနှင့်–

'ဒီလိုဆိုလည်း ကျေးဇူးပါပဲ' ဟု ပြောသည်။

ဖော်တာရာက ဆက်၍ ပြောသည်။

'ထုံးတော့ သုတ်မပစ်ဘူး၊ သို့ပေမဲ့ ထုံးမသုတ်စေချင်ရင် တစ်ခုတော့ လုပ်ရလိမ့်မယ်။ အဝတ်မပါတဲ့ လူပုံတွေကို ခါးအောက်ပိုင်းမှာ အဝတ်အစား ထပ်ပြီး ရေးဆွဲပေးရလိမ့်မယ်'

ပုပ်က ပန်းချီဆရာတစ်ဦးကို ခေါ်၍ ထိုကိစ္စကို ခိုင်းမည်အပြုတွင် ဖော်တာရာက သူ လုပ်ပေးပါမည်ဟု ကြားဝင် ပြောခဲ့သည်ဟု မိုင်ကယ်ကို ပြောပြသည်။

'ကျွန်တော် ဆရာကြီးရဲ့ ပန်းချီကားကို တတ်နိုင်သရွေ့ မပျက်စီးအောင် လုပ်ပေးပါမယ်။ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့'

ထိုအခါ မိုင်ကယ်က ပြန်ပြောသည်။

'မင်းပြောတာ မှန်ပါတယ်ကွာ၊ ဒါပေမဲ့ တို့ရဲ့ အနုပညာကို ခေတ်နောက်ပြန်ဆွဲပြီး အမှောင်ခေတ်ထဲ ပြန်ပို့နေကြတော့တာပဲ။

'အေးကွာ၊ ငါ ရေးဆွဲထားတဲ့ ပန်းချီကားထဲက လူတွေရဲ့ အင်္ဂါဇာတ်တွေကို သူတို့ စစ်ဆေးရေးအဖွဲ့ကို ဆက်သလိုက်ကြပေတော့'

ဖော်တာရာက သူ့ပန်းချီကားများကို အပေါ်က ထပ်ဆွဲသည့်အခါ ဆေးပါးပါးကို သုံးမည်။ နောက်တစ်ခါ ပုပ်တစ်ယောက် တက်လာသည့်အခါ ပြန်ဖျက်လို့ ရစေမည်ဟု ပြောသည်။

မိုင်ကယ်၏ ညီအစ်ကိုများမှာ အားလုံးပင် ကွယ်လွန်ကုန်ကြသည်။ သူနှင့် နှစ်ပေါင်း ၂၆ နှစ်မျှ အတူနေခဲ့သော တပည့် အာဗီနိုလည်း သူ့အိမ်ပေါ်မှာပင် သေဆုံးသည်။ မသေမီတွင် 'ဆရာ့ကို ဒီလို ရက်စက် သစ္စာမဲ့တဲ့ လောကကြီးထဲ ထားခဲ့ရတာကို သေရမှာထက် ပိုပြီး ဝမ်းနည်းပါတယ်' ဟု ပြောသွားရှာသည်။

အာဗီနို၏ ဇနီးနှင့် သားများကို မိုင်ကယ်က ကြည့်ရှုထားသည်။

မိုင်ကယ် အသက် ၈၀ တွင်းသို့ ဝင်လာခဲ့သည်။ နှစ် လ အချိန်တွေ ကုန်လွယ်လှသည်။ သူသည် အသက် ၆၀ အရွယ်တွင် မွေးရပ်ဌာနီ ဖလော်ရင့်မြို့တော်မှ ထွက်ခဲ့စဉ်က သူ ရှေ့ ကြာကြာနေရတော့မည် မဟုတ်ဟု ထင်ခဲ့သည်။

သို့သော် ဝိတိုရိယနှင့် တွေ့သဖြင့် အချစ်မေတ္တာ သက်ဝင်ခဲ့သည်။ ထိုအချစ်မေတ္တာကပင် မိုင်ကယ်အား ငယ်မူငယ်သွေး ပြန်သစ်စေခဲ့သဖြင့် နံရံပန်းချီများ ရေးဆွဲနိုင်ခဲ့သည်။ သည်လိုနှင့်ပင် အသက် ၇၀ အရွယ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ ထိုအချိန်မှာ ပေါ်လိုင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင်း နံရံပန်းချီများ ရေးဆွဲခဲ့သည်။ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ဆောက်လုပ်သည့် ဗိသုကာအလုပ်ကို လက်ခံ လုပ်ကိုင်ခဲ့သည်။ ယခုအခါ မိုင်ကယ် အသက် ၈၂ နှစ် ရှိလာပြီဖြစ်၍ နေ့စဉ်နှင့်အမျှ အနာရောဂါတွေ ထွေလာသည်။ အင်အားလျော့လာသဖြင့် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး အမိုးဆောက်လုပ်ရန် ကိစ္စမှာ နှောင့်နှေးနေသည်။

မိုင်ကယ်သည် ဆီး ကျောက်တည် ရောဂါဖြင့် အိပ်ရာတွင် လဲပြန်သည်။ တပည့်ချစ် တော်မစိုက မနေမနား ပြုစုသည်။ လပေါင်းများစွာ အိပ်ရာတွင် နေရသည်။ ထိုအတောအတွင်း သူရေးဆွဲသည့် ပုံစံများကို ကိုယ်တိုင်ကြည့်ရှု မဆောက်နိုင်ဘဲ ရှိသည်။ အမှားမှား အယွင်းယွင်း ဆောက်လုပ်ကြသည်။ မိုင်ကယ်သည် အိပ်ရာက ထ နိုင်သည်နှင့် ပုပ်ထံသို့ ပြေးပြီး ပြောသည်။

မိုင်ကယ်ကို အချက်ရှာ၍ ဖြုတ်ပစ်ချင်သော လူစုက ပုပ်ထံ သူ့အလျင် ရောက်၍ တိုင်ကြားပြီး ဖြစ်နေသည်။ မိုင်ကယ် အသက်ကြီးပြီဖြစ်၍ ထိုတာဝန်ကို သူတို့အား လွှဲပေးဖို့ ပုပ်ထံ လျှောက်ထားကြသည်။ မိုင်ကယ်က ထိုသို့ အဖြစ်မခံချေ။

'ပုပ်ရဟန်းမင်း အရှင်ဘုရား၊ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး အတွက် အရင်ကလူတွေ လုပ်နေလိုက်ကြတာ အုတ်မြစ်က မတက်ခဲ့ပါဘူး။ တပည့်တော် လက်ထက်ကျခါမှ ငှက်ပျံသလို အဆောက်အအုံကြီးဟာ အပေါ်ကို တက်လာခဲ့ပါသည်။ အခု တပည့်တော်ကို ပစ်ပယ်လိုက်ရင် လုပ်ခဲ့သမျှတွေ ပျက်စီးတော့မှာပါပဲ'


ပုပ်က မိုင်ကယ်ကိုပင် ပြန်၍ ဗိသုကာနေရာ ခန့်အပ်ကာ ဆက် ဆောက်လုပ်စေသည်။ မိုင်ကယ်သည် တပည့် တော်မစိုတို့နှင့်အတူ တိုင်ပင်၍ ပုံများ ရေးဆွဲသည်။ ဘယ်နည်းနှင့်မဆို ခေါင်မိုးကြီးပုံတော့ ပြီးစီးရမည်။

မိုင်ကယ်သည် သူ သေသွားသည့်တိုင်အောင် သူရေးဆွဲခဲ့သည့် ပုံစံအတိုင်း ပြောင်းလွဲ၍ ပြင်ဆောက်မဖြစ်မည့် ပုံမျိုးကို စိတ်ကူးရေးဆွဲသည်။ ဘယ်နည်းနှင့် မဆို ခေါင်မိုးကြီးပုံတော့ ပြီးစီးရမည်။

စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း၏ အမိုးသည် အမိုးရိုးရိုး မဖြစ်စေရဘဲ ထူးခြားရမည်။ ဘုရားသခင်က သူ၏ ပုံပန်းအတိုင်း ဖန်ဆင်းထားခဲ့သော

လူသားတို့၏ မှီခိုရာ ကောင်းကင်ဘုံ မိုးကုပ်စက်ဝိုင်းသဏ္ဍာန် ဖြစ်စေရမည်။ ထို အဆောက်အအုံသည် သဘာဝကျရမည်။ နတ်ဘုံနတ်နန်းအသွင် ဆောင်ရမည်။

တချို့လူတွေ ပြောသံကြားဖူးသည်။ ကမ္ဘာကြီးဟာ လုံးသည် ဆိုပဲ။ မိုင်ကယ်သည် အပြင် ဝေးဝေးလံလံ သိပ်မရောက်ဖူးသဖြင့် ထိုအချက်ကို ဘယ်လိုလုပ် ယုံရမှန်းမသိ ဖြစ်နေသည်။ ကျောင်းမှာတော့ ကမ္ဘာကြီး ပြားသည်ဟု သင်ခဲ့



**စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း၏ ခေါင်မိုး**

ရသည်။ ကောင်းကင်ဘုံကြီးက မြေကြီးပေါ်တွင် အခုံးကြီးသဖွယ် အုပ်ထားသည်။ မိုးကုပ်စက်ဝန်းအစွန်းသည် ကမ္ဘာမြေကြီး၏ အဆုံး ဖြစ်သည်။ သို့ပေမယ့် မိုးကုပ်စက်ဝန်းဆီသို့ သွားလေ ဝေးလေ ဖြစ်သည်။ သို့ဖြင့် ယခု ဆောက်လုပ်မည့် စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အမိုးကြီးသည် မိုးကုပ် စက်ဝန်းသဖွယ် အဆုံးအစ မရှိသော အသွင်ကို ဆောင်ရမည်။ ထို အမိုးကြီး အောက်တွင် ရပ်နေသော လူသားသည် မိုးကုပ်စက်ဝန်း၏ အဆုံးသို့ မရောက်နိုင်သကဲ့သို့ ထိုအမိုးကြီး၏ အစွန်ဆုံးသို့ မရောက်နိုင်ဟု စိတ်ထဲ ထင်သွားရမည်။

သူ ဆောက်လုပ်သည့် အမိုးကုပ်ကြီးအောက် ရပ်မိသော လူသားသည် ထာဝရ ဘုရားသခင် ရှိရမည်ဟု ယုံကြည်သော သဒ္ဓါစိတ် ဖြစ်ရမည်။ လူ၏ စိတ်သည် ထာဝရဘုရားသခင်ထံသို့ ပျံကြွ မြူးတက်စေရမည်။ မိုင်ကယ်သည် ဤသို့ စိတ်ကူးဉာဏ် ပွင့်လင်းသလောက် သူ့လက်များ လှုပ်ရှားကာ ဆောက်လုပ်မည့် ပုံစံကို ရေးဆွဲလေတော့သည်။

ထိုနောက် စကေးပုံစံ တည်ဆောက်သည်။ နှစ်ပေါင်းများစွာ စိတ်ကူးလျက် ပုံစံများ တည်ဆောက်ရင်း စိတ်တိုင်းမကျရင်း ပြန်ဖျက်သည်။ နောက်ဆုံးတွင်ကား ၃၃၅ ပေ မြင့်မားသည့် ခေါင်မိုးကုပ်ဝိုင်းကြီးသည် ပိုးချည်မျှင်ဖြင့် ရက်ထားသည့်နှယ် ကောင်းကင်ထက်ဆီသို့ အထစ်အငေါ့ မရှိ အလိုလို ပျံတက်သွားသည့်ပုံမျိုး ရရှိနိုင်သည်။

မိုင်ကယ်သည် လက်သမားတစ်ယောက်ကို ခေါ်၍ ပုံစံတည်ဆောက်ခိုင်းသည်။ ထိုခေါင်မိုးကြီးကို တင်ဖို့ရာ အောက်ဆုံးတွင် တိုင်ကြီးများ ရှိသည်။ ထိုတိုင်များကို တစ်ခုနှင့်တစ်ခု မုခ်ခုံးများဖြင့် ဆက်ထားသည်။ ကျောက်အုတ်များ၊ သံများဖြင့် ဆောက်လုပ်ရန် ဖြစ်သည်။ ပုံဆွဲရသည်ပင် လပေါင်းများစွာ ကြာသည်။

ထိုအတောအတွင်း ပုပ် ကောင်းကင်ဘုံ၌ အိပ်ပျော်တော်မူသည်။ ထိုအခါ သူ့လက်ထက်က ဖမ်းဆီးညှဉ်းဆဲ ခံရသရွေ့ကို ထိုအခါကျမှ လူများက ပွင့်ပွင့်လင်းလင်း ပေါက်ကွဲနိုင်ကြတော့သည်။ သူ ထားခဲ့သည့် စုံစမ်းစစ်ဆေးရေး အဖွဲ့ရုံးကို လူအများ အတင်းဝင်ရောက် ဖျက်ဆီးပစ်ကြသည်။

မကြာမီပင် မီဒီချီ အမျိုးအနွယ်က ဆင်းသက်သော ပုဂ္ဂိုလ်တစ်ဦးကို ပုပ် တင်မြှောက်ကြသည်။ နောက်တက်သည့် ပုပ် စတုတ္ထမြောက် ပိုင်းယသည် တရားဥပဒေ၌ ကျွမ်းကျင်လိမ္မာသည်။ ယခင်ကကဲ့သို့ ဖမ်းဆီး ညှဉ်းဆဲ ချုပ်နှောင်မှုများ လုပ်သည့် စစ်ဆေးရေးအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ နိုင်ငံ အချင်းချင်း ဘာသာဂိုဏ်း အချင်းချင်း သင့်တင့်အေးချမ်းစွာ နေထိုင်နိုင်အောင် ဆောင်ရွက်သည်။

ပုပ်သည် မိုင်ကယ်အား စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို ဆက်လက် ဆောက်လုပ်စေသည်။ မိုင်ကယ်သည် အသက် ၈၉ နှစ် အရွယ်ထိ ဆောက်လုပ်နေသည့် နေရာကို သူကိုယ်တိုင် လိုက်ကြည့်နေသေးသည်။ သူ့စိတ်တွင် သူ ဆောက်လုပ်သည့် ခရစ်ယာန် ဘုရားရှိခိုးကျောင်း ခေါင်မိုးကုပ်ကြီး ပြီးသည်ကို မြင်သွားရဦးမည်ဟု ထင်နေသေးသည်။

မိုင်ကယ်ကို အိပ်ရာထဲမှာပင် နေစေကြသည်။

'ငါ့အဖေတောင် အသက် ၉၀ ကျမှ သေတာ၊ ငါ့ကို သိပ်လောဆော် မနေကြပါနဲ့' ဟု မိုင်ကယ်က ပြောသည်။

သူ့တပည့်ချစ် တော်မစိုက–

'ဆရာကြီး အသက် ၉၀ ပြည့်တဲ့နေ့မှာ စိန့်ပီတာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ခေါင်မိုးကုပ်ကြီးရဲ့ ပထမစက်ဝန်းကို စပြီး တင်ကြတော့မယ်' ဟု ပြောသည်။

ထိုအခါ မိုင်ကယ်က စိတ်ကျေနပ်စွာဖြင့်–


'အေး၊ အခု ဒီပုံစံကို ဘယ်သူမှ ပြောင်းပစ်လို့ မရတော့ဘူး' ဟု ပြောသည်။

ထိုညတွင် မိုင်ကယ် အိပ်လို့ မရချေ။ သူ တွေးမိသည်။

"လူ့ဘဝ နေရတာ ကောင်းပါတယ်။ ဘုရားသခင်ဟာ ငါ့ကို ဖန်ဆင်းပြီး ပစ်မထားပါဘူး။ ငါဟာ ကျောက်ဖြူတုံးသားကို ချစ်မြတ်နိုးခဲ့တယ်။ ပန်းချီဆေးကိုလည်း နှစ်သက်ခဲ့တယ်။ ဗိသုကာ အတတ်ပညာကိုလည်း သဘောကျခဲ့တာပဲ။ ကဗျာနဲ့လည်း ပျော်ပိုက်ခဲ့တယ်။ ငါ့ရဲ့ ဆွေမျိုး မိတ်ဆွေတွေကိုလည်း ချစ်တာပဲ။ ဘုရားသခင်ကိုလည်း ချစ်ကြည်ညိုခဲ့တယ်။ ဘုရားသခင် ဖန်ဆင်းသမျှ လူ့လောကကိုလည်း မေတ္တာပွားခဲ့တယ်။ ငါဟာ လူ့ဘဝကြီးကို အစွမ်းကုန် ချစ်မြတ်နိုးခဲ့တယ်။ သေခြင်းတရား ဆိုတာလည်း လူ့ဘဝဇာတ်သိမ်းခန်း တစ်ခုအနေနဲ့ နှစ်သက်တာပဲ။

"သြော် ငါရဲ့ ကျေးဇူးရှင် မဟာလော်ရင်ဇိုကြီးလည်း ချမ်းသာ ပျော်ရွှင်မှာပဲ။ ငါ့အဖို့မှာတော့ ဖျက်ဆီးတတ်တဲ့ အင်အားစုဟာ ဖန်တီးတတ်တဲ့ အနုပညာကို ဘယ်သောအခါမှ မအောင်မြင်နိုင်ဘူး"

မိုင်ကယ်သည် သူ ဖန်တီးခဲ့သည့် ပန်းပု၊ ပန်းချီ၊ ဗိသုကာ ပညာများကို တရေးရေး စိတ်အာရုံတွင် ထင်မြင်ရင်းပင် ဇီဝိန်ချုပ်လေတော့သည်။



*The Agony and the Ecstasy*

IRVING STONE

ပန်းချီစံတိုး